No. 403, June, 2016

Since 1982

KNOWLEDGE DIGEST MAGAZINE

သုတစွယ်စုံ

မဂ္ဂဇင်း

ကျောက်ဖြစ်ရုပ်ကြွင်း အငွေ့အနှစ်များ ● သွင်ပြင်ဆန်းပြား အားကစားရုံများ ● တောင်သမန် ရှေးဟောင်းနယ်မြေ ● ခြင်သားလောင်းစား ဒေါင်းငါးများ ● စနိုးဝှိုက်နှင့် လူပုလေးခုနစ်ယောက်

မြေလျှင်အကြောင်း သိကောင်းစရာ ● ပြည်သူ့အကျိုးပြု ဆေးရုံရထားကြီး ● ဖန်ကြမ်းပြင် တံတားကြီး ● အံ့ဩဖွယ် သဲကန္တာရကြီးများ ● အရောင်နှင့် တင်စားထားသော စကားလုံးများ

သဘာဝတရား၏ ဖောက်ပြန်မှုများ ● အခက်ခဲကျော်လွှား အလုပ်ဆင်းသူများ ● ချောကလက်၏ ရာဇဝင် ● ဒုတိယကမ္ဘာစစ်က နာဇီတို့၏ စစ်လက်နက်များ ● ဘုရားကျောင်း ဗိမာန်မြ

စိတ်ဝင်စားဖွယ် တောလည်ခရီး ● ဆေးတံသောက်ရှူသောဓလေ့များ ● ထူးချွန်ထက်မြက်စေရန် နည်းလမ်းကောင်း ● ထိတ်လန့်ဖွယ် စစ်ပွဲများ ● သမိုင်းထဲက နာမည်ကျော် အုပ်စိုးသူများ


AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
AYA Credit Card
AYA Bank
AYA Bank
AYA Bank
Platinum
TUN TUN
MPU
Life is a Celebration
+ 959 4200 555 82
www.ayabank.com

သုတစွယ်စုံ

မဂ္ဂဇင်း

No.403, June, 2016

ထူးဆန်းထွေလာ

ကမ္ဘာ့စံချိန်မှတ်တမ်းများ	ဝင်းစိုးနိုင်	၅
ထူးခြားဆန်းပြားဖြစ်ရပ်များ	PMM	၉

သမိုင်းကြောင်းသုတ

ကမ္ဘာ့သမိုင်းထဲက နာမည်ကျော်အုပ်စိုးသူများ	ကောင်းစည်သူ	၃၇
ကမ္ဘာ့သမိုင်းထဲက တုန်လှုပ်ဖွယ်စစ်ပွဲများ	နေထက်	၈၅
သမိုင်းဝင်လုပ်ကြံမှုများ	မောင်သာ	၁၈၃

ကျန်းမာရေးကဏ္ဍ

ရုရှားကျေးလက်ပြည်သူတို့ကို အကျိုးပြုနေသည့် ဆေးရုံရထားကြီး	မောင်ရဲမာန်	၁၂၉

အတ္တဝါဒေသ

ခြင်သားလောင်းစားရောင်စုံဒေါင်းငါးလေးများ	လွင်ကျော်မြတ်	၁၃၅

ရှုကွဒေသ

လှတိုင်းစွဲမက်သော ချောကလက်၏ရာဇဝင်	ပိုင်စိုးဟန်	၁၁၁

စစ်ရေးသုတ

ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့၏စစ်လက်နက်ကြီးများ	နေထက်	၁၄၁

ပညာရေး

ထူးချွန်ထက်မြက်သူဖြစ်လာစေကြောင်း နည်းလမ်းကောင်း	လွင်ကျော်မြတ်	၅၃
အရောင်နှင့်တင်စားစကားလုံးအသုံးအနှုန်းများ	နောင်ထွန်းလူ	၁၄၇

သတ္တလောက

သဘာဝတရား၏အဆန်းပြားဆုံးဖောက်ပြန်မှုများ	နန္ဒမင်းပိုင်	၁၇၁

နိုင်ငံတကာသုတ

ထိုင်းနိုင်ငံတွင် ရေပန်းစားသောနတ်ရုပ်လေးများ	နန္ဒမင်းပိုင်	၄၂
အခက်အခဲကျော်လွှား အလုပ်ဆင်းသူများ	လွင်ကျော်မြတ်	၅၇
လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ခဲ့သော အမျိုးသမီးများ	နေထက်	၁၁၇
ကမ္ဘာ့အံ့ဖွယ်အကောင်းဆုံး သဲကန္တာရများ	နောင်ထွန်းလူ	၁၂၃

တောင်သမန်ရှေးဟောင်းနယ်မြေ

68

No 403, June, 2016
KNOWLEDGE DIGEST MAGAZINE

သုတစွယ်စုံ မဂ္ဂဇင်း

စာတည်း၊ချုပ်
ဒေါက်တာ တင်ထွန်းဦး

ထည်ဝါခဲ့ညားသမ္မတစံအိမ်တော်များ 94

ကမ္ဘာ့အံ့ဖွယ်အကောင်းဆုံးသဲကန္တာရများ 123

ဗိသုကာလက်ရာ

ရေနံတူးစင်ပေါ်တွင်တည်ဆောက်ထားသည့်မြို့ကြီး — အမရာ ၆၁
သွင်ပြင်ဆန်းပြားအားကစားရုံများ — နန္ဒမင်းဝိုင် ၉၁
ထည်ဝါခဲ့ညားသမ္မတစံအိမ်တော်များ — လွင်ကျော်မြတ် ၉၄
ထိုင်းနိုင်ငံဘုရားကျောင်းဗိမာန်မြို့ — ပိုင်စိုးဟန် ၁၀၄

သိပ္ပံနှင့်နည်းပညာ

သိပ္ပံပညာရှင်တစ်ဦး၏ဆန်းသစ်တီထွင်မှုများ — ဝင်းစိုးနိုင် ၁၅၈

ဘူမိဗေဒ

ကျောက်ဖြစ်ရုပ်ကြွင်းအမွေအနှစ်များ — မာန်သစ်ငြိမ်း ၁၀၁

သဘာဝဘေးအန္တရာယ်

မြေငလျင်အကြောင်း သိကောင်းစရာ — ပိုင်စိုးဟန် ၇၉

ခရီးသွားကဏ္ဍ

တောလည်ခရီးများ — နန္ဒမင်းဝိုင် ၆၄
ပန်ကြမ်းမြင်တံတားကြီး — လွင်ကျော်မြတ် ၁၈၃

165
မြန်မာတို့၏ဆေးတံသောက်ရှုသောဓလေ့

104
ထိုင်းနိုင်ငံမှဘုရားကျောင်းဗိမာန်မြို့

No.403, June, 2016
KNOWLEDGE DIGEST MAGAZINE

သုတစွယ်စုံ

စာတည်း၊ ချုပ်
ဒေါက်တာတင်ထွန်းဦး
မဂ္ဂဇင်း

ပုံပြင်ကမ္ဘာ

ဝန်းဝိုက်နှင့်လူပုလေးခုနစ်ယောက် ဇော်မိုးဦး ၁၅၀

မြှည်းတွင်းသုတ

တောင်သမန်ရေးပေါင်းနယ်မြေ ကောင်းစည်သူ ၆၈
မြန်မာတို့၏ဆေးတံသောက်ရှူသောဓလေ့ မာန်သစ်ငြိမ်း ၁၆၅

မျက်နှာစုံးဆောင်းပါး

ကာကွယ်ရေးစရိတ်အများဆုံးနိုင်ငံများ မောင်သာ ၇၂

ဝေဒသုတ

တစ်လတာ သင့်ကံကြမ္မာ ဆရာလင်းမြတ်သူ ၁၇၇

သုတလစဉ်

ထူးထူးခြားခြား သတင်းများ ကလောင်စုံ ၂၆
သုတစုံလင် ကမ္ဘာတစ်ခွင် ကလောင်စုံ ၃၀
လက်တွေ့အသုံးချ သုတကမ္ဘာ ဇာခြည်ဝင်း ၄၆

ရေနံတူးစင်ပေါ်တွင်တည်ဆောက်ထားသည့်မြို့ကြီး 61

မြေငလျင်အကြောင်းသိကောင်းစရာ 79

42 ထိုင်းနိုင်ငံတွင်ရေပန်းစားသော နတ်ရုပ်လေးများ

© Alamy Stock Photo

လမ်းမလုံးဝမရှိသော နယ်သာလန်ရွာလေး

ထူးခြားဆန်းပြားဖြစ်ရပ်များ ၉

စာတည်းချုပ်
ဒေါက်တာတင်ထွန်းဦး

တာဝန်ခံစာတည်း
ခန့်ဇော်လင်း

စာတည်းအဖွဲ့ဝင်
ဇင်ဟိန်း၊ နုမြတ်

စာပြင်
ဦးတင်ထွေး၊ သဲဆုမိုး

ဥပဒေအကြံပေး
ဦးစိန်ဝင်း (B.A.R.L)
(တရားရုံးချုပ်ရှေ့နေ)

မျက်နှာဖုံးဒီဇိုင်း
ရဲဇော်

အတွင်းဒီဇိုင်း
အောင်မျိုးကျော်၊ ရဲဇော်
ဇေယျာလင်း၊ ငွေနောင်နောင်
ဆုနွေးအောင်၊ ဖြူလဲ့၊ ငြိမ်းငြိမ်းသူ

အဖုံးကာလာခွဲ
MCM

ထုတ်ဝေသူ
ဒေါက်တာခင်မိုးမိုး (မြဲ ၀၁၀၆၁)
ဖုန်း - ၂၀၀၅၁၂၊ ၃၇၄၄၀၀

ကြော်ငြာအဖွဲ့
သက်မာဦး၊ ဥမ္မာလွင်၊
ဇင်မာဝင်း၊ နှင်းနှင်းဝေ၊
အိအိငယ်၊ သင်ဇင်အောင်

ရုံးအဖွဲ့
မိုမိုလွင်၊ မနန်းအေး
သင်းမြတ်မြတ်ထွန်း၊ ချောကေဒိုင်

ကွန်ပျူတာစာစီ
သုတစွယ်စုံ

ဖြန့်ချိရေး
ဦးသန်းထွန်း၊ နေမျိုးအောင်

အဖုံးပုံနှိပ်သူ
ဒေါ်ရွှေ (၀၀၇၁၉)
သုခ ပုံနှိပ်တိုက်
အမှတ်(၁၂၈)၊ ၄၆-လမ်း၊
ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၇

အတွင်းပုံနှိပ်သူ
ဦးဝင်းငွေ (၀၄၈၃၉)
ဝင်းထွန်း ပုံနှိပ်တိုက်
အမှတ် (၃၇)၊ ရေကျော်လမ်း၊
ရန်ကုန်မြို့။ ဖုန်း - ၂၉၀၅၀၃
ဦးမြင့်ဦး (၀၀၁၀၆)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၂၁၊ ၃၄ လမ်း၊ ရန်ကုန်။

ပြည်လုံးကျွတ်ဖြန့်ချိရေး
သုတစွယ်စုံစာအုပ်တိုက်   အမှတ် - ၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၀၅၁၂

Swe Sone Media Group
Central Tower (ပ-ထပ်)၊ အမှတ် ၇၉/၈၁၊ အနော်ရထာလမ်း၊ (၃၉ လမ်းနှင့် လမ်း ၄၀ ကြား)၊ ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၈၂၊ ၃၉၂၇၃၉၊ ၃၈၅၂၉၃၊ ၃၇၄၄၀၀၊ ၀၉-၇၃၀၃၉၁၉၄ www.swesonemedia.org

ဂင်းနက်စ် ကမ္ဘာ့စံချိန် မှတ်တမ်းများ

● ဝင်းမိုးနိုင်

လေးဘီးဆိုင်ကယ်ကို တစ်ဖက်စောင်းပြီး ခရီးအဝေးဆုံးရောက်အောင် စီးပြမှုစံချိန်

ပြင်သစ်လူမျိုးစတန့်သမားယန်နစ်ဒူးပွန့်သည် ပြင်သစ်နိုင်ငံတွင် ကျင်းပသော ဆိုင်ကယ်စွမ်းရည်ပြိုင်ပွဲတွင် လေးဘီးဆိုင်ကယ်ကို တစ်ဖက်စောင်းပြီး ဘီးနှစ်ဘီးတည်းဖြင့်မောင်းပြီး ခရီးအကွာအဝေး ၃၄ ဒသမ ၂၉ ကီလိုမီတာ (၂၁ ဒသမ ၃၀ မိုင်)အထိ ရောက်အောင် စီးပြနိုင်ခဲ့မှုကြောင့်ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် လေးဘီးဆိုင်ကယ်ကို ဘီးနှစ်ဘီးတည်းဖြင့်မောင်းပြီး ခရီးအဝေးဆုံးစီးပြမှုအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံးရောမရှူးဘစ်ခ် ကုဗတုံးကြီး

ဗြိတိန်နိုင်ငံမှ ပဟေဠိဝါသနာရှင် တိုနီဖစ်ရှာသည် ၎င်း၏ နေအိမ်တွင်ဝါသနာအလျောက်ရောမရှူးဘစ်ခ်ကုဗတုံးကြီး(Rubik's Cube) ကို ပြုလုပ်ခဲ့ရာ ထိုကုဗတုံးကြီး၏ အရွယ်အစားမှာ အလျား ၅ ပေ ၁ ဒသမ ၇ လက်မ၊ အနံ ၅ ပေ ၁ ဒသမ ၇ လက်မ၊ အမြင့် ၅ ပေ ၁ ဒသမ ၇ လက်မရှိပြီး အလေးချိန်မှာ ပေါင် ၂၂၀ လေးလံသဖြင့် ဂင်းနက်စ်ကမ္ဘာ့စံချိန် မှတ်တမ်းတွင် ကမ္ဘာ့အကြီးဆုံး ရောမရှူးဘစ်ခ်ကုဗတုံးကြီးအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

ခန္ဓာကိုယ် တွန့်လိမ်မယ်လေးက တစ်မိနစ်အတွင်း ပန်းအများဆုံး ကောက်ပြမှုစံချိန်

ဂျာမနီနိုင်ငံမှ ခန္ဓာကိုယ်တွန့်လိမ်မယ်လေး ဂျူလီယာဂလာတာက အီတလီနိုင်ငံမှ Lo ShowDeiစံချိန်တင်ပွဲတွင် ခါးကျိုးမတတ်ခန္ဓာကိုယ်ကိုခေါက်ထားပြီး ပါးစပ်ဖြင့် ၁ပေ ၈လက်မ ရှည်သော နှင်းဆီပန်းခက် ၁၁ ခက်ကို တစ်မိနစ်အတွင်း သူ့ရှေ့ရှိပန်းအိုးအတွင်းသို့ စိုက်ပြနိုင်မှုကြောင့်ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် တစ်မိနစ်အတွင်း နှင်းဆီပန်းအများဆုံးကောက်ယူပြီး ပန်းအိုးအတွင်းစိုက်ပြမှုအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ဂျူလီယာသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ကလည်း ခန္ဓာကိုယ်တွန့်လိမ်ပြီး ကမ္ဘာ့စံချိန်များတင်ထားခဲ့သော ကမ္ဘာ့စံချိန်များရှင်တစ်ဦးဖြစ်သည်။

ပြည်နယ်အရှည်လျားဆုံး ရေပေါ်တံတားသစ်စံချိန်

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနသည် ဝါရှင်တန်ပြည်နယ်ရှိ ဆီအက်တဲလ်မြို့ကြီးနှင့် ဘဲလ်လက်ဗူးမြို့ကြီးနှစ်မြို့ကို ပေါင်းကူးဆက်သွယ်ပေးထားသော ရေပေါ် ပေါလောမျော Ever green point ရေပေါ်တံတားကြီးကို တည်ဆောက်ခဲ့ရာ ထိုတံတားကြီး၏ အရှည်မှာ ၂,၃၄၉ ဒသမ ၅၅ မီတာ (၇,၇၀၈ ဒသမ ၄၉ ပေ) ရှည်လျားသောကြောင့် ဝါရှင်တန်ပြည်နယ်တွင် အရှည်လျားဆုံး ရေပေါ်တံတားသစ်အဖြစ် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် စံချိန်တင်နိုင်ခဲ့သည်။

နင်ဂျာအဖြစ် ဝတ်စားထားသူ အများဆုံးစုဝေးမှုစံချိန်

ဂျပန်နိုင်ငံမှ အသက် ၆၀ အရွယ်အမျိုးသမီး ခူနီကိုတာရာမူရာ၏ စည်းရုံးစီစဉ်မှုကြောင့် ရှေးခေတ်နင်ဂျာများ ဝတ်စားသော ရှီနိုဘီ ဝတ်နှင့် ရိုးရာလက်နက်များကိုင်ဆောင်ထားသော ကျောင်းသားကျောင်းသူလေး ၂၆၈ ယောက်က ဂျပန်နိုင်ငံရှိဂါပြည်နယ် ဟီခိုနဲမြို့ ရှိ ဂျိုဆေးမူလတန်းကျောင်းတွင် စုဝေးနိုင်ခဲ့မှုကြောင့် ဂင်းနက်စ် ကမ္ဘာ့စံချိန်မှတ်တမ်းတွင် နင်ဂျာအဖြစ် ဝတ်စားထားသူ အများဆုံး စုဝေးမှုအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

ဝေဟင်ပျံဝဲယာဉ်ငယ်လေးဖြင့် အဝေးဆုံးပျံသန်းပြမှုစံချိန်

အသက် ၃၇ နှစ်အရွယ်ရှိ ပြင်သစ်လူမျိုး ဂျက်စကီးချန်ပီယံ ဖရန်ကီဇာပါတာသည် ၎င်း၏ ဇာပါတာကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော အနာဂတ်ဝေဟင်ပျံဝဲယာဉ်ငယ်ကလေးဖြင့် ပြင်သစ်နိုင်ငံ တောင်ပိုင်းခေတ် ခေတ်လက်စ်ပင်းစ် ပင်လယ်ကမ်းရိုးတန်းကမ်းလွန် ရေမျက်နှာပြင်အထက် မီတာ ၅၀ (၁၆၄ ပေ)အမြင့်မှ ခရီးအကွာ အဝေး ၂,၂၅၂ မီတာ (၇,၃၈၈ ပေ)အကွာအဝေးအထိ ရောက်အောင် ပျံသန်းပြနိုင်မှုကြောင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် ဝေဟင်ပျံဝဲယာဉ်ငယ်လေးဖြင့် အဝေးဆုံးပျံသန်းပြမှုအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

အကသင်တန်းသား အများဆုံးကို နာရီဝက်အတွင်း သင်ပြမှု ကမ္ဘာ့စံချိန်

အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် လာ့စ်ဗီးဂတ်စ်မြို့ ဖရီးမွန့်လမ်းတွင် စုံတွဲအကချန်ပီယံ ကချေသည်နှင့် ကကွက်ဖန်တီးပညာရှင်အကျော်အမော်မေရီမာဖီက သင်တန်းသား ၂၅၀ ကျော်ကို လက်တင်အကကို အချိန်နာရီဝက်တည်းဖြင့် အကသင်ပြမှုကြောင့် သင်တန်းသားအများဆုံးကို လက်တင်အက နာရီဝက်တည်းဖြင့် သင်ပြမှုစံချိန်အဖြစ် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် စံချိန်တင်နိုင်ခဲ့သည်။

စက်ရုပ်အတတ်ပညာရှင်အဖွဲ့ အများဆုံးပါဝင်ယှဉ်ပြိုင်မှု ကမ္ဘာ့စံချိန်

အမေရိကန်ပြည်ထောင်စု ကင်တတ်ကီပြည်နယ် လူဝစ္စဗီးလ်မြို့တွင် ကျင်းပခဲ့သော VEX စက်ရုပ်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ မှ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူအယောက်ပေါင်း ၁၅,၀၀၀ ပါဝင်သော စက်ရုပ်ပြိုင်ပွဲဝင် ၁,၀၇၅ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် စက်ရုပ်အတတ်ပညာ ရှင်ပြိုင်ပွဲဝင်အဖွဲ့ အများဆုံးပါဝင်ယှဉ်ပြိုင်မှုအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

၁၂ လက်မအရွယ် ပီဇာမုန့်ချပ်ကို အချိန်အမြန်ဆုံးစားပြမှုစံချိန်သစ်

ကနေဒါနိုင်ငံသား အစားကို အမြန်ဆုံးယှဉ်ပြိုင်စားနိုင်သူ(ဝါရင့်)နှင့် ကျန်းမာရေးလိုက်စားသူ ပီတာဇာဝင်စကီးသည် အီတလီနိုင်ငံ၏ Lo Show Dei စံချိန်တင်ယှဉ်ပြိုင်ပွဲတွင် အခြားယှဉ် ပြိုင်သူနှစ်ဦးနှင့် အတူ ၁၂ လက်မအရွယ် ပီဇာမုန့်ချပ်ကို ယှဉ်ပြိုင်စားသောက်ခဲ့ရာ ပီတာသည် ၄င်း၏ ယခင်ကမ္ဘာ့စံချိန်ဟောင်းထက် ၁၀ စက္ကန့်ပိုမြန်ပြီး ၃၂ ဒသမ ၂၈ စက္ကန့်တည်းဖြင့် အကုန်စားပြနိုင်ခဲ့မှုကြောင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် စံချိန်သစ် တင်နိုင်ခဲ့သည်။

စက်ရုပ်အများဆုံး ပါဝင်ကပြသော စက်ရုပ်အကစံချိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းပြည်နယ်ရှိ CCTV နွေဦးပေါက်ရာသီပွဲတော် ပွဲလမ်းသဘင်ကြီးတွင် UBTECH စက်ရုပ် ကော်ပိုရေးရှင်းသည် မယုံကြည်နိုင်လောက်အောင် စက်ရုပ် ၅၄၀ က တစ်ပြိုင်နက်တည်း ညီညီညာညာ အမှားအယွင်းလုံးဝမရှိဘဲ ကပြမှုကြောင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် စက်ရုပ်အများဆုံး တစ်ပြိုင်နက်တည်း ညီညီညာညာကပြမှုအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ရောမမိုဂျစ်တို ကော့တေးလ်အရက်ခွက်ကြီး

ဒိုမီနီကန်သမ္မတနိုင်ငံ ပွန်တာကာနာမြို့ရှိ 4-Jack's Bar and Bistro အရက်ဆိုင်နှင့် ညကလပ်ပိုင်ရှင် ဂျိုအယ်လ်၏ စည်းရုံးစီစဉ်မှုဖြင့် ဖောက်သည်အယောက် ၄၀ က တစ်နာရီနှင့် ၃၅ မိနစ်ကြာ မိုဂျစ်တိုကော့တေးလ်အရက်ကို ရောစပ်ပြီး ၂ ဒသမ ၆ မီတာ (၈ ဒသမ ၅ ပေ)မြင့်ပြီး အရက် ၃,၅၁၉ လီတာဆံ့သော ဇရောမသံမဏိခွက်ကြီးအတွင်း ထည့်ပြနိုင်ခဲ့မှုကြောင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်တွင် ကမ္ဘာ့အကြီးဆုံးဇရောမ မိုဂျစ်တိုကော့တေးလ်အရက်ခွက်ကြီးအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

ကမ္ဘာ့အရှည်ဆုံး ဂေါက်သီးရိုက်တံကြီး

ဝါရင့်ဂေါက်သီးရိုက်အားကစားသမားနှင့် ဂေါက်သီးရိုက်နည်းပြဆရာမိုက်ကယ်သည် ယခင်က ကမ္ဘာ့အရှည်ဆုံးဂေါက်သီးရိုက်တံကြီးကို ဖန်တီးမှုဖြင့် စံချိန်တင်ထားခဲ့သူဖြစ်ပြီး ယခုအခါတွင် ၎င်း၏ စံချိန်ဟောင်းကို ချိုးပြီး ၆ ဒသမ ၈၇ မီတာ (၂၂ ပေ ၆ ဒသမ ၇၅ လက်မ)ရှည်လျားသော ဂေါက်ရိုက်တံကြီးကို ထပ်မံပြုလုပ်ဖန်တီးခဲ့မှုကြောင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် ကမ္ဘာ့အရှည်ဆုံး ဂေါက်သီးရိုက်တံကြီးအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ ၎င်းသည် ဂေါက်ရိုက်စွမ်းရည်သရုပ်ပြပွဲမှ ရရှိခဲ့သော ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၄,၀၀၀ ကို ပရဟိတအကျိုးဆောင်လုပ်ငန်းသို့ လှူဒါန်းခဲ့သည်။

ဝင်းစိုးနိုင်

သက်ကြီးရွယ်အိုများ၊ နာလန်ထစ လူမမာများ ....
အိပ်ရေးပျက်ပြီး အစားအသောက်ပျက်နေသူများအတွက် . . .
PLUS
အားဆေး
DAILY SUPPLEMENT
MEGA We care
PLUS
MULTIVITAMIN & MINERAL CAPSULES
3 x 10 Softgel Capsules
Plus အားဆေး သည် မရှိမဖြစ် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ် (၁၈) မျိုးကို
အရည်အသွေးပြည့် စံချိန်စံညွှန်းပြည့် ဖော်မြူလာဖြင့် ထုတ်လုပ်ထားပါသည်။
Z Z Z
စားကောင်း
အိပ်ကောင်း
အားတွေကောင်း
MEGA We care


MY
WARDROBE
fashion boutique
No.2085(A), LEVEL-1
(Beside Front Escalator),
TAW WIN CENTER, PYAY ROAD,
YANGON, MYANMAR.
PH : 09 250012102
WWW.FACEBOOK.COM/


ထူးခြားဆန်းပြား
ဖြစ်ရပ်များ
PMM
19
人民网 北京

ရေပြင်ကိုဖြတ်ကာ ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီး



တရုတ်နိုင်ငံအလယ်ပိုင်းမှာ ရေပြင်ကြီးကိုဖြတ်ပြီး **ဖောက်လုပ်ထားတဲ့ အဝေးပြေးလမ်းမကြီး**ရှိပါတယ်။ ဟူဘီပြည်နယ်မှာ အဲဒီအဝေးပြေးလမ်းမသစ်ကြီးကို ပြီးခဲ့တဲ့နှစ်ကမှ ဖွင့်လိုက်တာပါ။ **ရေပြင်ထက်မှာ တစ်မျှော်တစ်ခေါ် ဆောက်ထားတဲ့ လမ်းမကြီးဖြစ်တာမို့ ယာဉ်မောင်းတွေဟာ ရေပြင်ထက်မှာဖြတ်မောင်းနေရသလို ခံစားရပါတယ်၊** ဒီကနေဖြတ်မောင်းမယ်ဆိုရင် ပတ်ပတ်လည်က တောင်တန်းအလှ၊ ရွာလေးတွေရဲ့ အလှနဲ့ ရေပြင်အလှတွေကို ခံစားရမှာပါ။ အဲဒီလမ်းမကြီးဟာ ဟူဘီပြည်နယ်က စင်ရှန်ကောင်တီကို ဂျီ ၄၂ ဆိုတဲ့ အမြန်လမ်းမကြီးနဲ့ ဆက်ပေးထားပါတယ်။ ဂျီ ၄၂ ဆိုတဲ့အမြန်လမ်းက တရုတ်နိုင်ငံအရှေ့ပိုင်းမှာရှိတဲ့ ရှန်ဟိုင်းမြို့ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းက ချန်ဒူးမြို့နဲ့ ဆက်ပေးထားတဲ့ လမ်းမကြီးဖြစ်ပါတယ်။

JW Marriot ဟိုတယ်စာကြည့်တိုက်က ကမ္ဘာ့အမြင့်ဆုံးစာကြည့်တိုက်အဖြစ် စံချိန်တင်

ဂင်းနက်စ်ကမ္ဘာ့စံချိန်အဖွဲ့က Tom- orrow Square ရှိ JW Marriot Hotel Shanghai မှ စာကြည့်တိုက်သည် **ကမ္ဘာ့မြေမျက်နှာပြင်မှ အမြင့်ဆုံးနေရာတွင် တည်ရှိသော စာကြည့်တိုက်အဖြစ်** အတည်ပြုပေးလိုက်သည်ဟု သိရသည်။ ၎င်းစာကြည့်တိုက်၌ **စာအုပ်ပေါင်း ၂၀၀၀ ကျော်ရှိပြီး အထပ်ပေါင်း ၆၀ ရှိသော ကြယ်ငါးပွင့်ဟိုတယ်ကြီး၏ အပေါ်ဆုံးထပ်တွင် တည်ရှိသည်၊ မြေပြင်မှ ၇၅၈ပေ အမြင့်တွင် တည်ရှိသော** စာကြည့်တိုက်၌ အင်္ဂလိပ်နှင့်တရုတ် ဂန္ထဝင်စာပေများ၊ ဗိသုကာလက်ရာစာအုပ်များ၊ အတွေးအခေါ်၊ သမိုင်း၊ အနုပညာနှင့် စာပေသမိုင်းကြောင်းစာအုပ်များကို လေ့လာဖတ်ရှုနိုင်သည်။ ရှန်ဟိုင်းတွင်ကျင်းပသော ဂင်းနက်စ်စံချိန်တင် သက်သေခံ ကတ်ပြား ပေးအပ် ချီးမြှင့်ပွဲအခမ်းအနား၌ ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ကမ္ဘာ့မြေမျက်နှာပြင်မှ အမြင့်ဆုံးနေရာတွင် တည်ရှိသော စာကြည့်တိုက်အဖြစ် JW Marriot ဟိုတယ်က စာကြည့်တိုက်ကို သတ်မှတ်ပေးခဲ့ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ **ရှန်ဟိုင်းဆိုတာ** တရုတ်နိုင်ငံမှာ ငွေကြေးနဲ့ ကုန်သွယ်ရေးအရ အဓိက အချက်အချာကျတဲ့နေရာပါ။ ရှန်ဟိုင်းကနေ ပိုပြီးစိတ်ဝင်စားဖို့ကောင်းတဲ့ စံချိန်တင်မှတ်တမ်းတွေ ထွက်ပေါ်လာဦးမယ်လို့ မျှော်လင့်မိပါတယ်" ဟု ဆိုခဲ့ကြောင်း သိရသည်။

တရုတ်ဧကရာဇ် အသုံးပြုခဲ့သည့် တံဆိပ်တုံးဒေါ်လာ ၁၂သန်းဖြင့် လေလံအောင်

တရုတ်ဧကရာဇ် ကန်စီအသုံးပြုခဲ့တဲ့ တံဆိပ်တုံးဟာ ဒေါ်လာ ၁၂ သန်းနဲ့လေလံ အောင်သွားပါသတဲ့။ ဒါကြောင့်မို့လို့ အဲဒီ တံဆိပ်တုံးဟာ လေလံမှာ ရောင်းချခဲ့ရသမျှ ဈေးအကြီးဆုံး တရုတ်တံဆိပ်တုံးတွေထဲမှာ နံပါတ်သုံးနေရာ ချိတ်သွားပါပြီ။ ဧကရာဇ်တွေသုံးတဲ့ တံဆိပ်တုံးဆိုတာဟာ ဧကရာဇ်ရဲ့ နာမည်၊ ဘွဲ့တံဆိပ်ပါတဲ့ သစ်သားတုံးဖြစ်ပြီး **တရားဝင်စာရွက်စာတမ်းတွေ တံဆိပ်ခေါ်နှိပ်ရာမှာ သုံးပါတယ်၊** ကန်စီဟာ တရုတ်သမိုင်းမှာ သက်တမ်းအရှည်ဆုံး ဧကရာဇ်ဖြစ်ပြီး ကင်မင်းဆက်ခေတ်ကာလမှာ အုပ်စိုးခဲ့တာပါ။

ဂိမ်းဇာတ်ကောင်အရုပ်ကို အဘွားအိုက နတ်ရုပ်ဟုထင်ကာ ထိုင်ကန်တော့

နတ်ရုပ်ရှေ့မှာ ထိုင်ကန်တော့နေတဲ့ အဘွားအိုတစ်ယောက်ပုံ အွန်လိုင်းမှာ ပလူပျံလာပါတယ်။ ဒီပုံ ဘာထူးခြားနေလို့ ဒီ လောက်နာမည်ကြီးသွားတာလဲဆိုတော့ အဘွားအို ထိုင်ကန်တော့နေတဲ့ အရုပ်ကြီးဟာ အဘွားအိုထင်သလို နတ်ရုပ်မဟုတ်ဘဲ အခုခေတ် အရမ်းခေတ်စားနေတဲ့ ဂိမ်းဇာတ်ကောင်ဖြစ်နေလို့ပါပဲ။ ဒီအရုပ်ကြီးဟာ ဂိမ်းဆိုင်ရှေ့မှာ ရှိတာပါ။ အဲဒီအရုပ်ကြီးရှေ့မှာ အဘွားအိုက ဒူးထောက်ပြီး ဆီမီးနဲ့ ပူဇော်နေတာပါ။ **အဲဒီအရုပ်ကြီးက တရုတ်တွေ ကိုးကွယ်တဲ့ စစ်သူကြီးနဲ့အ တော်လေးတူနေတယ်လေ၊ အရုပ်ကြီးကလည်း အခုခေတ် တရုတ်ဂိမ်းမှာခေတ် စားနေတဲ့ စစ်သူကြီးပဲလေ၊ ဒါပေမဲ့ တရုတ် တွေကိုးကွယ်ကြတဲ့ စစ်သူကြီးတော့ မဟုတ်ပါဘူး။ စစ်သူကြီးချင်းတူနေတော့ အပြင်အဆင်တွေက အတော်လေး တူနေတော့တာပေါ့။**

သတို့သမီးအပျိုမစစ်ကြောင်းသိလိုက်ရသဖြင့် သတို့သားက မင်္ဂလာဦးညတွင် လည်ပင်းညှစ်သတ်

ငင်း လက်ထပ်လိုက်သည့် သတို့သမီးအပျိုမစစ်ကြောင်းသိလိုက်ရသည့် အတွက် သတို့သားက သတို့သမီးကို မင်္ဂလာဦးညတွင်ပင် လည်ပင်းညှစ်သတ်လိုက်သည့်ဖြစ်ရပ် ပါကစ္စတန်တွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဂျကိုဘဘက်ခရိုင်တွင်ဖြစ်ပွားခဲ့သည့် ယင်းဖြစ်ရပ်တွင် အသက် ၁၉ နှစ်အရွယ်သတို့သမီးသည် သတို့သမီး ဝတ်စုံဝတ်လျက်ဖြင့် သေဆုံးသွားခြင်းဖြစ်သည်။ ၂၈ နှစ်အရွယ် သတို့သားသည် **သတို့သမီးနှင့် မောင်နှမ တစ်ဝမ်းကွဲတော်သည်။** မင်္ဂလာဆောင်ပြီးနောက် သမီးနှင့်သမက်ထံမှ သတင်း မကြားသည့်အတွက်ဖခင်ဖြစ်သူက သမီး နှင့်သမက်နေအိမ်ကို သွားခဲ့သည်။ မည်သည့်အသံမှမကြားသည့်အခါ ၎င်းက ရဲကိုအကြောင်းကြားပြီး တံခါးဖျက်ကာ ဝင်ရတော့သည်။ အိမ်ထဲသို့ ဖခင်နှင့်ရဲများ ရောက်သည့်အခါ အသက်မဲ့နေသည့် သတို့သမီးခန္ဓာကိုယ်ကိုပင်တွေ့လိုက်ရတော့သည်။ မင်္ဂလာပွဲအပြီး မင်္ဂလာဦးညတွင်ပင်သတို့သမီး အသတ်ခံလိုက်ရခြင်းဖြစ်သည်။ နောက်တစ်ရက် အကြာတွင်ပင်ရဲတပ်ဖွဲ့က တရားခံဟုယူဆရဖွယ်သတို့သားကို လက်ရဖမ်းဆီးလိုက်နိုင်ခဲ့သည်။ **သတို့သမီးကို အပျိုမစစ်သည့်အတွက် သတ်လိုက်ခြင်းဖြစ်သည်ဟု ၎င်းက ဝန်ခံထွက်ဆိုသွားခဲ့ကြောင်း** ရဲတပ်ဖွဲ့က ဆိုသည်။

ဒူးထောက်နေသည့် ဟစ်တလာရုပ်တုကို ဒေါ်လာ ၁၇ သန်းဖြင့် စံချိန်တင်ရောင်းချ

အီတလီအနုပညာဖန်တီးသူ Ma- urizio Cattelan က ၎င်း၏ လက်ရာဖြစ်သော **ဒူးထောက်နေသည့် ဟစ်တလာရုပ်တုကို မေလ ၈ ရက်က လေလံတင်ရောင်း ချရာတွင် ဒေါ်လာ ၁၇ သန်းဖြင့် စံချိန်တင် ရောင်းချနိုင်ခဲ့သည်**ဟု သိရသည်။ လေလံ ကုမ္ပဏီ Christie's က ပြုလုပ်သော နယူးယောက်ရှိ Bound to Fail လေလံ ပွဲတွင် ခေတ်လွန်၊ စစ်ပြီးခေတ်နှင့် ယနေ့ မျက်မှောက်ခေတ်မှ အနုပညာလက်ရာများကို လေလံတင်ရောင်းချရာ၌ ၎င်းရုပ် တုက စံချိန်တင်ရောင်းဈေးရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းရုပ်တုသည် အနောက်မှ တဖြည်းဖြည်းချဉ်းကပ်လာမည်ဆိုပါက ကလေးတစ်ယောက်က ဒူးထောက်၍ ဆုတောင်းနေသည့် ပုံသဏ္ဍာန်ဖြစ်သော် လည်း ရှေ့မှမျက်နှာချင်းဆိုင်ကြည့်မည် ဆိုပါက ဟစ်တလာနှင့် ချွတ်စွပ်တူနေ သည့် ရုပ်တု၏မျက်နှာကို မြင်တွေ့ရမည် ဖြစ်သည်။ ၎င်း အီတလီအနုပညာဖန်တီး သူ၏ ယခင်အနုပညာလက်ရာ စံချိန်တင် ရောင်းဈေးမှာ ဒေါ်လာ ၇ ဒသမ ၉ သန်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် စတင် ဖန်တီး ပြုလုပ်ခဲ့သော **ဟစ်တလာရုပ်တုကို လူသားဆံပင်အစစ်၊ ဖယောင်းနှင့် ပိုလီ အက်စတာတို့ဖြင့် ပြုလုပ်ထားခြင်း ဖြစ်**သည်။ ၎င်းလေလံပွဲ၌ လေလံကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော Loic Gouzer ၏ အနုပညာလက်ရာ ၃၉ မျိုးလည်း ပါဝင် ပြီး ၎င်း၏လက်ရာများမှာ ဒေါ်လာ ၉ ဒသမ ၉ သန်းကို ရောင်းချခဲ့ရသည်။

ပန်းမွှေးရနံ့ကို ခံစားတတ်သည့် တိရစ္ဆာန်လေးများ

ပိန်းပိတ်အောင်ကျနေတဲ့ နှင်းထုကြီးကြောင့် စိတ်တွေမှုန်းကျပ်နေတဲ့ အအေးတိုင်းပြည်က လူတွေဟာ နွေဦးရောက်လာပြီဆိုရင် စိတ်ရွှင်လန်းလာကြပါတယ်။ လူတွေကို စိတ်ရွှင်လန်းအောင်လုပ်ပေးနိုင်တဲ့ နွေဦးရဲ့လက်ဆောင်တွေထဲမှာ ပန်းတွေကတော့ ထိပ်ဆုံးကပါတာပေါ့။ ပန်းပွင့်ရဲ့ မွှေးရနံ့ဟာ လူတွေကိုသာမက တိရစ္ဆာန်တွေကိုပါ ဆွဲဆောင်နိုင်တယ်ဆိုတာကို ဓာတ်ပုံတွေက သက်သေပြနေပါပြီ။ **ပန်းပွင့်ကိုနမ်းနေတဲ့ မျောက်ဝံကြီးနှစ်ကောင်ပုံနဲ့ ပန်းကိုနမ်းနေတဲ့ ကျားပုံတွေဟာ** လူမှုကွန်ရက်မှာ အတော်လေး လူကြိုက်များသွားပါတယ်။ ပန်းမွှေးရနံ့ကို အားပါးတရ ရှူရှိုက်ကြည့်နေတဲ့ တခြား တိရစ္ဆာန်ပုံလေးတွေဟာလည်း အွန်လိုင်းပေါ်မှာ တစ်သီတစ်တန်းကြီးပေါ့။ ``**နွေဦးပန်းများ၏ရနံ့ကို ရှူကြည့်နေသူများ**`` လို့ နာမည်ပေးထားတဲ့ အဲဒီဓာတ်ပုံတွေဟာအွန်လိုင်းပေါ်ရောက်ပြီး ခဏတွင်းချင်း မှာကို ကြည့်ရှုမှုအကြိမ်ရေ ၃၅၀၀၀ ကျော် ရသွားပါသတဲ့။

ခန္ဓာကိုယ်များကို အသုံးပြု၍ မြားပုံဖော်ကာ ရဲရဟတ်ယာဉ်အား ဓားပြများရှိသည်နေရာ ညွှန်ပြ

ကနေဒါနိုင်ငံ၊ ဗြိတိသျှကိုလံဘီယာ ပြည်နယ်အတွင်းရှိ ဆာရေးမြို့တွင် ကလေးငယ်တစ်စုက ရဲရဟတ်ယာဉ်ပေါ်မှ လေယာဉ်မှူးကို ဓားပြများရှိသည့်နေရာသို့ မိမိတို့၏ခန္ဓာကိုယ်များကိုအသုံးပြု၍ မြားသင်္ကေတပုံဖော်ကာ လမ်းညွှန်ပြသခဲ့ကြသည်ဟု သိရသည်။ အသက် ၆ နှစ်မှ ၁၂ နှစ်အတွင်း အရွယ်မျိုးစုံပါဝင်သော ကလေးငယ်တစ်စုသည် မိမိတို့၏ဆန္ဒအ လျောက် သူခိုးဖမ်းရာတွင် ပါဝင်ကူညီခဲ့ ကြခြင်းဖြစ်သည်။ တာဝန်ရှိသူများက **ဖောက်ထွင်းမှုတစ်ခုအတွက် သတင်းရရှိသောကြောင့် လယ်ကွင်း ကိုဖြတ်ပြေးသွား သော ဓားပြနှစ်ဦးကို ရဟတ်ယာဉ်ဖြင့်** လိုက်လံရှာဖွေနေရခြင်းဖြစ်ပြီး ၎င်းတို့ကို မျက်ခြေပြတ်သွားသည့်အချိန်တွင် **ဖြတ်ထိုးဉာဏ်ကောင်းသော ကလေးငယ်တစ်စုက လမ်းညွှန်ခဲ့ကြခြင်းဖြစ်**သည်။ ရဲများက အသက် ၂၇ နှစ်နှင့် ၂၈ နှစ် အသီးသီး ရှိသော ဓားပြနှစ်ဦးကို **ချက်ချင်းလက်ရ ဖမ်းဆီးနိုင်ခဲ့**ကြသည်ဟု သိရသည်။

ရေခဲမုန့်ဈေးနှုန်းကို ၁၀ ဆင့် တိုးမြှင့်လိုက်ရ၍ ကုမ္ပဏီအရာရှိကြီးများက ယင်းအတွက် တောင်းပန်

ဂျပန်ကနာမည်ကျော်ရေခဲမုန့် ကုမ္ပဏီကြီးတစ်ခုက **နှစ်ပေါင်း ၂၅ နှစ်အတွင်း ဈေးနှုန်း ၁၀ ဆင့် တိုးမြှင့်လိုက်တဲ့အတွက် ကုမ္ပဏီက ရှိသမျှ အရာရှိကြီးတွေက စားသုံးသူတွေကို အဲဒီအတွက် အနူးအညွတ်တောင်းပန်လိုက်ပါသတဲ့၊** အဲဒီကုမ္ပဏီက ဂျပန်မှာ နာမည်ကြီး ကုမ္ပဏီကြီးဖြစ်ပြီး အဲဒီရေခဲမုန့်ကိုတစ်နိုင်ငံလုံးက ကျောင်းသားအတော်များများက အရမ်းကြိုက်ကြပါတယ်။ စားသုံးသူတွေကို တောင်းပန်တဲ့ အဲဒီဗီဒီယိုဖိုင်ကို ကုမ္ပဏီက ရုပ်သံမှာထုတ်လွှင့်သွားတာပါ။ ယူကျုပေါ်မှာလည်း အဲဒီဗီဒီယိုဖိုင်ဟာ အကြိမ်ပေါင်းကိုးသန်းကျော်တောင် ကြည့်ရှုမှုအကြိမ်ရေ ရထားပါတယ်။ တိုကျိုမြို့အနောက်မြောက်ပိုင်းမှာရှိတဲ့ ရုံးချုပ်ရှေ့မှာ ကုမ္ပဏီအရာရှိကြီးတွေတန်းစီရပ်ကြီး ရိုရိုကျိုးကျိုးတောင်းပန်စကား ပြောခဲ့ကြတာဖြစ်ပါတယ်။ **ဈေးနှုန်း မမြင့်တက်အောင် သူတို့ နှစ်ပေါင်း ၂၅ နှစ်လုံးလုံး တောင့်ခံခဲ့ကြောင်း၊ ဒါပေမဲ့အခုတော့ ကုန်ကျစရိတ်ကြီးမားလာတာမို့ ဈေးနှုန်း ၁၀ ဆင့် တိုးမြှင့်သွားတော့မယ်ဖြစ်ကြောင်း** အဲဒီအရာရှိကြီးတွေကပြောပြီး ဦးညွှတ်တောင်းပန်သွားတာဖြစ်ပါသတဲ့။

မွေးထားသည့်မြွေဟောက်က သခင်ကိုပြန်ကိုက်သောကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရ

မြောက်ကယ်ရိုလိုင်းနားတွင် နေထိုင်သော အလီလွှိုက်အမည်ရှိ အမျိုးသားကို နေအိမ်၌ မွေးမြူထားသော တောကြီးမြွေဟောက်က ကိုက်ခဲ့သောကြောင့် အသက်အန္တရာယ်နှင့်ရင်ဆိုင် နေရသည်ဟု သိရသည်။ အလီသည် ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး တွားသွားသတ္တဝါများကို ချစ်ခင်သူဖြစ်သည်။ နေအိမ်၌ တောကြီးမြွေဟောက်အကိုက်ခံပြီးသည့်နောက်တွင် ကိုယ်တိုင် ကားမောင်းကာ ဆေးရုံသို့ အမြန်သွားခဲ့ပြီး လမ်းတစ်ဝက်တွင် သတိမေ့လုနီးပါး ဖြစ်သွားသောကြောင့် လမ်းမ ကြီး၏ ဘေးဘက်တွင် ကားထိုးရပ်ကာ အရေးပေါ်ဆေးဝန်ထမ်းများက နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ၎င်းမှာ ဆေးရုံတွင် **ယခုအထိ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရဆဲဖြစ်**သည်။ အလီကိုထိုးပေးခဲ့သည့် မြွေဆိပ်ဖြေဆေးကိုတောင် ကယ်ရိုလိုင်းနားရှိ တိရစ္ဆာန်ရုံတစ်ရုံမှ ရဟတ်ယာဉ်တစ်စင်းဖြင့် အရေးပေါ် ပို့ဆောင်ပေးခဲ့ရခြင်းဖြစ်သည်။ အလီ၏ဖေ့စ်ဘွတ်ခ်ဓာတ်ပုံများတွင် ၎င်း**မွေးမြူထားသည့် မြွေ အကောင် ၂၀ ကျော်နှင့် ဆော့ကစားနေသည့် ဓာတ်ပုံများကို မြင်တွေ့ရပြီး** ၎င်းမြွေများ ကို မည်သည့်နေရာသို့ ရွှေ့ပြောင်းရမည်ဆိုသည့်အချက်အား အာဏာပိုင်များက တိုင် ပင်ဆွေးနွေးနေကြဆဲဖြစ်သည်ဟု သိရသည်။

လန်ဒန်တွင် ပထမဆုံး ဝတ်လစ်စားလစ် စားသောက်ဆိုင် ဖွင့်လှစ်မည်

လန်ဒန်တွင် ဖွင့်လှစ်မည့် စားသောက်ဆိုင်တစ်ခုသည် **လွတ်လပ်သည့် အဝတ်အစားမူဝါဒကို ကျင့်သုံးပြီးလာရောက်စားသုံးသူများအတွက် အဝတ်အစားပါသူနှင့် မပါသူဟူ၍ နစ်ပိုင်းခွဲပေးထားသောကြောင့် လန်ဒန်၏ ပထမဆုံးဝတ်လစ်စားလစ်စားသောက်ဆိုင်ဖြစ်လာခဲ့သည်**ဟုသိရသည်။ စားသောက်ဆိုင်ကို တည်ထောင်သူ Lollipop ကုမ္ပဏီသူဌေး Seb Lyall က ''ဒါမှ တကယ့်လွတ်လပ်ခြင်းရဲ့အရသာပါ'' ဟု ဆိုခဲ့သည်။ စားသောက်ဆိုင်၏ **ဝန်ထမ်းများမှာလည်း ဧည့်သည်များကို ဝတ်လစ်စားလစ်ဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပြီး နေရာအစိတ်အပိုင်းအချို့ကိုသာ ဖုံးကွယ်ထားမည်ဟု** သိရသည်။ ၎င်းစားသောက်ဆိုင်မှာ လန်ဒန်တွင် **ဇွန်လမှဖွင့်လှစ်မည်ဖြစ်သော်လည်း ကြိုတင်စာရင်းပေးစောင့်ဆိုင်းနေသူ ၁၅၀၀၀ ကျော်အထိ ရှိနေပြီး** စားသောက်ဆိုင်၏ ဝက်ဘ်ဆိုက်တွင် အရာအားလုံးမှာ **သဘာဝအတိုင်းဖြစ်**နေရမည်ဟု အာမခံထားသည်။ စားသောက်ဆိုင်၏ အပြင်အဆင်ကိုလည်း သဘာဝကျအောင်ပြုလုပ်ထားပြီး သစ်သားခုံများ၊ ဝါးကုလားထိုင်များကို သဘာဝကျသည့် အလင်းရောင်အပြင်အဆင်နှင့် တွဲဖက်ပေးထားသည်။ စားသောက်ဆိုင်က **တစ်ဦးလျှင် ၉၃ ဒေါ်လာဖြင့် ဝင်ခွင့်လက်မှတ်ရောင်းချပေးပြီး အစားအသောက်အတွက် ကုန်ကျစရိတ်များအားလုံး ပါဝင်မည်ဖြစ်သည်**ဟု သိရသည်။

ကမ္ဘာ့အရှည်ဆုံးအင်းဆက်ပိုးကို တရုတ်တွင် တွေ့ရှိ

တရုတ်နိုင်ငံ ချန်ဒူးမြို့က အင်းဆက်ပိုးပြတိုက်မှာ အလုပ်လုပ်တဲ့ ဇိုလီဆိုတဲ့ အမျိုးသမီးတစ်ယောက်ဟာ ဂေါင်စီဇူအန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ကွင်း ဆင်းလေ့လာရေးလုပ်နေတုန်း **အရှည်နှစ်ပေရှိတဲ့ တုတ်ချောင်းပိုး**ကို သွားတွေ့ပါသတဲ့။ ဒါကြောင့် သူတွေ့ခဲ့တဲ့ အကောင်ဟာ ကမ္ဘာပေါ်မှာ အခုအချိန်ထိရှာဖွေတွေ့ရှိထားသမျှ ပိုးကောင် ၈၀၇၆၂၅ ထဲမှာ အရှည်ဆုံးအဖြစ် စံချိန်ချိုးသွားပါတော့တယ်။ ကမ္ဘာ့အရှည်ဆုံး တုတ်ချောင်းပိုးကို မလေးရှားမှာ ၂၀၀၈ ခုနှစ်က တွေ့ခဲ့တာဖြစ်ပြီး သူ့အရှည်က ၁ ဒသမ ၈၆ ပေ ရှိပါတယ်။ အဲဒီပိုးကို လန်ဒန်မှာရှိတဲ့ သဘာဝသမိုင်းပြတိုက်မှာ ပြသထားပါသတဲ့။ ဂေါင်စီမှာ ၁၉၉၈ ခုနှစ်ကစပြီး ကွင်းဆင်းလေ့လာရေးလုပ်ကတည်းက အဲဒီပိုးကို တွေ့ချင်ခဲ့ပေမယ့် အခုမှပဲ တွေ့ရတော့တာလို့ ဇိုလီက ပြောပြပါတယ်။ **သစ်ပင်တစ်ပင်ပေါ်မှာ အဲဒီလောက်ကြီးရှည်တဲ့ပိုးကောင်ကိုတွေ့လိုက်ရတော့ အရမ်းအံ့ဩသွားတယ်**လို့ သူက ပြောပြပါတယ်။ အဲဒီပိုးကောင်ဟာ တုတ်ချောင်းပိုးဆိုတဲ့နာမည်နဲ့လိုက်အောင် ကိုပိုးကောင်နဲ့မတူဘဲ တုတ်ချောင်းနဲ့ တူနေပါတယ်။ သူ့ပုံစံကမသိရင် တကယ့်သစ်ချောင်းအတိုင်းပါပဲ။ သေသေချာချာကြီး ပြူးပြကြည့်မှ ပိုးကောင်တစ်မျိုးဆိုတာ သိ ရတာပါ။ အဲဒီအင်းဆက်ပိုးကို Phryga- nistria chinensis Zhao ဆိုပြီး နာမည်ပေးလိုက်ပြီး အဲဒီပိုးကောင်နဲ့ပတ်သက်တဲ့ သုတေသနကို မကြာခင်မှာ ရိုက်နှိပ်သွားတော့မှာပါ။

ပျံသန်းနေသည့် လေယာဉ်ခေါင်းခန်းထဲတွင် တိုက်ရိုက်ဗီဒီယို ရိုက်ကူးထုတ်လွှင့်မှုကြောင့် လေယာဉ်မှူးအလုပ်ထုတ်ခံရ

တရုတ်လေကြောင်းလိုင်းတစ်ခုမှ ရုပ်ရည်ချောမောသည့်လေယာဉ်မှူးတစ်ဦးသည် ပျံသန်းနေသည့်ခရီးသည်တင်လေယာဉ်၏ ခေါင်းခန်းထဲတွင် လေယာဉ်မောင်းနှင်နေသည့်အချိန်အတွင်း **တရုတ်လူမှုကွန်ရက်မီဒီယာ Weibo ပေါ်သို့ ဗီဒီယိုရိုက်ကူး၍တင်ခဲ့သောကြောင့် အလုပ်မှ ထုတ်ပယ်ခံခဲ့ရ**သည်ဟု သိရသည်။ ပုံမှန်အားဖြင့် Followers ခြောက်သောင်းကျော်အထိရှိသော ၎င်း၏အကောင့်မှပရိသတ်များက ဓာတ်ပုံများကို နှစ်ခြိုက်ကြသော်လည်း ၎င်းဗီဒီယိုကို ကြည့်ရှုခဲ့ပြီးနောက် ချောမောလှပသည့်ရုပ်ရည်ထက် လေယာဉ်၏အန္တရာယ်ကင်းရှင်းရေးအတွက်ကို ပို၍စိတ်ပူပန်ခဲ့ကြသည်။ **လူမှုကွန်ရက်မီဒီယာပေါ်၌ ညတွင်းချင်းလူပြောများလာခဲ့သော ၎င်းဗီဒီယိုကြောင့် နိုင်ငံတကာလေကြောင်းခရီးစဉ်ပေါင်းများစွာကို ပျံသန်းခဲ့ဖူးသည့်အတွေ့အကြုံရှိသော လေယာဉ်မှူးအမျိုးသားမှာ ချက်ချင်း ရာထူးမှထုတ်ပယ်ခံခဲ့ရသည်။** တစ်ချိန်တည်းတွင် ၎င်း၏ လူမှုကွန်ရက်မီဒီယာအကောင့်မှာ စိတ်ဝင်စားသူအလွန်များပြားခဲ့သော်လည်း နောက်ပိုင်းတွင် အကောင့်ထဲမှ ဓာတ်ပုံများနှင့်ဗီဒီယိုများအားလုံးကို ဖျက်ပစ်ခဲ့သည်ဟု သိရသည်။

ပူတင်နှင့် ထရန့်ပ် နမ်းရှုပ်နေသည့်ပုံ နံရံပန်းချီ အလွန်လူကြိုက်များနေ

လစ်သူယေးနီးယားနိုင်ငံမှာရှိတဲ့ စားသောက်ဆိုင်လေးတစ်ဆိုင်ဟာ ဆိုင်ကသာသေးပေမယ့် တစ်ကမ္ဘာလုံးကလူတွေက သူ့ကို အာရုံစိုက်နေကြပါတယ်။ အကြောင်းကတော့ **ခြောက်ပေရှိတဲ့ သူ့နံရံဆေးရေးပန်းချီကြီး**ကြောင့်ပါ။ အဲဒီပုံက ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အပြောရမ်းလှတဲ့အမေရိကန် သမ္မတလောင်း ဒေါ်နယ်ထရန့်ပ်တို့ နှုတ်ခမ်းချင်းတေ့နမ်းနေကြတဲ့ပုံပါပဲ။ မြို့တော် ဗီလ်နီးယပ်စ်မှာရှိတဲ့ စားသောက်ဆိုင်က အဲဒီပန်းချီကားကြီးဟာဖြင့် ၁၉၇၉ ခုနှစ် နာမည်ကျော် ဓာတ်ပုံတစ်ပုံအတိုင်း အတိအကျ ပုံပြန်ဖော်ထားတဲ့ပန်းချီကားပါ။ **၁၉၇၉ ခုနှစ် နာမည်ကျော်ဓာတ်ပုံဆိုတာကတော့ ဆိုဗီယက်ခေါင်းဆောင်ကြီး လီယိုနစ်ဘရန်ဇ်နက်ဗ်နဲ့ အရှေ့ဂျာမနီက အဲရစ်ဟိုနက်ကာဆိုတဲ့ ကွန်မြူနစ်ခေါင်းဆောင်ကြီးနှစ်ယောက် နှုတ်ခမ်းချင်းတေ့နမ်းနေကြတဲ့ပုံ** ဖြစ်ပါတယ်။ လစ်သူယေးနီးယားနိုင်ငံဟာဆိုဗီယက်လက်အောက်မှာ နှစ်ပေါင်းများစွာနေခဲ့ရတဲ့တိုင်းပြည်ပါ။ ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်းကမှ ယူကရိန်းနဲ့အတူ လွတ်လပ်ရေးရပြီး ခွဲထွက်သွားတဲ့နိုင်ငံဖြစ်ပါတယ်။ **ဆိုဗီယက်နိုင်ငံတွေမှာ ယောကျ်ားအချင်းချင်းနှုတ်ခမ်းချင်းတေ့နမ်းပြီး နှုတ်ဆက်လေ့ရှိပါသတဲ့။**

ကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်ကြီးကို အဘူဒါဘီတွင် ပြသထား

ကျောက်မျက်ရတနာကုန်သည် တွေ ဟာ ပြီးခဲ့တဲ့သီတင်းပတ်မှာ အာရပ်စော် ဘွားများပြည်ထောင်စု အဘူဒါဘီမြို့ကို စုံစုံညီညီ လာခဲ့ကြပြီးသူတို့ရဲ့ စိန်ရွှေ ရတနာတွေကို ၂၄ ကြိမ်မြောက် စိန်ရွှေ ရတနာနဲ့ နာရီပြပွဲမှာ ပြသခဲ့ကြပါတယ်။

အပြိုင်အဆိုင် ပြိုးပြိုးပြက်ပြက်လက်နေကြတဲ့ ဒီဇိုင်းဆန်း လက်ဝတ်ရတနာတွေထဲမှာ အထူးခြားဆုံးကတော့ **ကမ္ဘာ့အကြီးဆုံးရွှေလက်စွပ်ရယ်လို့ မှတ်တမ်းဝင်ထားတဲ့ ရွှေလက်စွပ်ကြီးပါပဲ။** အဖိုး တန်ကျောက်တုံးပေါင်း အလေးချိန် ၅ ဒသမ ၁ ကီလိုဂရမ်မြှုပ်ထားတဲ့ အဲဒီရွှေ လက်စွပ်ကြီးဟာဖြင့် စုစုပေါင်းအလေးချိန် ၆၄ ကီလိုဂရမ် ရှိပါတယ်။ အဲဒီရွှေလက်စွပ် ကို လူအင်အား ၅၅ ယောက်နဲ့ ၄၅ ရက်ကြာ ထုတ်လုပ်ခဲ့ရတာပါ။ ဒီလက်စွပ်ကြီးကို **ဒူဘိုင်းအခြေစိုက် တိုင်ဘာဆိုတဲ့ ကုမ္ပဏီက ပိုင်တာပါ။ သူ့ကို ၂၀၀၀ ပြည့်နှစ်မှာ** ထုတ်လုပ်ခဲ့ရတာပါ ... ကျွမ်းကျင်သူတွေက **ထုဆစ်ခဲ့တုန်းက တန်ဖိုး ဒေါ်လာ ၅၄၇၀၀၀ ပဲရှိခဲ့ပေမယ့် အခုတော့ သူ့တန် ဖိုးဟာ ဒေါ်လာသုံးသန်းလောက်တန်နေ ပြီ**လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းကြပါတယ်။

ကမ္ဘာ့ပထမဦးဆုံး နှင်းဆီပြတိုက်

တရုတ်နိုင်ငံ၊ ပေကျင်းမြို့ ဒစင်ခရိုင်မှာ ဆောက်လုပ်ထားတဲ့ **ကမ္ဘာ့ပထမဦးဆုံး နှင်းဆီပြတိုက်**ကို မေလ ၂၃ ရက်မှာ ဖွင့်လှစ်သွားပါတော့မယ်တဲ့။ ကမ္ဘာ့နှင်းဆီအဖွဲ့အစည်းများ ဒေသဆိုင်ရာညီလာခံ စတင်ကျင်းပမယ့် အထိမ်းအမှတ်အနေနဲ့ အဲဒီပြတိုက်ကြီးကို ဖွင့်သွားမှာပါတဲ့။ ပြတိုက်ကို သွားကြည့်တဲ့ ဧည့်သည်တွေဟာဖြင့် **နှင်းဆီပင်လယ်ကြီးထဲလက်ပစ်ကူးနေရသလို**ခံစားရမှာပါ။ အကြောင်းကတော့ အဲဒီပြတိုက်မှာ **နှင်းဆီအမျိုးအစားပေါင်း ၁၇၇၀ ကျော်ကို ပြသထားမှာ** မို့လို့ပါ။ အဲဒီပြတိုက်ကြီးဟာ အကျယ် စတုရန်းမီတာ ၃၀၀၀၀ ရှိပါသတဲ့။ ပြီးတော့ စက်နဲ့ ဆလိုက်ထိုးပြတာတွေကိုလည်း အမျိုးမျိုးပြသွားဦးမှာပါ။ လာကြည့်တဲ့လူတွေဟာ နှင်းဆီပန်းတွေပွင့်နေပုံကို လိပ်ပြာတစ်ကောင်ရဲ့ အမြင်ကနေ ကြည့်ရှုခံစားလို့ရမှာပါတဲ့။ ဝင်လာတဲ့ဧည့်သည်တွေအားလုံးဟာ နှင်းဆီအတုတွေနဲ့လုပ်ထားတဲ့အဝတ်စကို ဝတ်ရမှာပါ။ ပြီးတော့ နှင်းပေါက်လေးတွေကို သွားထိလိုက်တာနဲ့ နှင်းဆီပန်းရနံ့တွေက လှိုင်ထွက်လာမှာပါတဲ့။

အင်္ဂလန်တွင် လမ်ဘိုဂီနီကားဖြင့် ပထမဆုံးအကြိမ် တက္ကစီဆွဲမည်

ကမ္ဘာကျော် **လမ်ဘိုဂီနီကားအမျိုးအစားမိနစ် ၉၀ အတွက် အနည်းဆုံး စတာလင်ပေါင် ၂၄၉ ပေါင် ပေးဆောင်ရမည့် အငှားယာဉ်တက္ကစီလိုင်စင်**ကို အင်္ဂလန်နိုင်ငံတွင် ပထမဆုံးအကြိမ် ထုတ်ပေးမည်ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် လန်ဒန်ပြီးလျှင် လူကုံထံအသိုင်းအ ဝိုင်းအများစုနေထိုင်ရာ ဂူဗာဟမ်တမ်မြို့မှ မြို့သူမြို့သားများအနေဖြင့် အစိမ်းရောင် လမ်ဘိုဂီနီကားကြီးအား တက္ကစီအဖြစ် ကြိုတင်စာရင်းပေးသွင်းကာ ငှားစီးနိုင်တော့မည်လည်းဖြစ်သည်။

လမ်ဘိုဂီနီအား အငှားယာဉ်လိုင်စင် ထုတ်ပေးလိုက်ခြင်းမှာ အင်္ဂလန်နိုင်ငံအတွက် ပထမဆုံးအကြိမ် ဖြစ်သကဲ့သို့ ဂူဗာဟမ်တမ်မြို့တော်ကောင်စီအတွက်လည်း ပထမဆုံးအတွေ့အကြုံဖြစ်သည်။ မင်္ဂလာဆောင်များအတွက် အထူးကားအငှားလုပ်ငန်းဝန်ဆောင်မှုပြုသည့် Special Wed-ding Cars လုပ်ငန်းကအဆိုပါ လမ်ဘိုဂီနီအစိမ်းရောင်ကားကို တက္ကစီအဖြစ် ပြေးဆွဲရန် လိုင်စင်လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

ထူးခြားသည့် ကျောက်တုံးဖွဲ့စည်းပုံများနှင့် ပေ ၈၅၀ အမြင့်ရှိသော သုံးဆင့်ရေတံခွန်

လက်ဘနွန်နိုင်ငံမြောက်ပိုင်း Tann-ourine မြို့အနီးရှိ ပေ ၈၅၀ အမြင့်ရှိသော Baatara Gorge ရေတံခွန်သည် **ထူးခြားသည့် ကျောက်တုံးဖွဲ့စည်းပုံများနှင့် သုံးဆင့်ရေတံခွန်ဖြစ်သည်**ဟု သိရသည်။ ရေ တံခွန်ထိပ်မှ ရေများက အပိုင်းသဏ္ဌာန် ကျောက်တုံးဖွဲ့စည်းပုံကြားတွင် လှည့်လည်စီးဆင်းပြီးမှ ချောက်ကြီးများထဲသို့ စီးဆင်းခြင်းဖြစ်သည်။ အသက် ၂၈ နှစ်အရွယ် ဓာတ်ပုံဆရာက ``လူသိပ်မသိတဲ့ ဒီနေရာရဲ့ ခန့်ညားမှုကို ရှုထောင့်အမျိုးမျိုးကရိုက်ပြပြီးအားလုံးကို ချပြချင်တာပါ။ ဒီနေရာဟာ လက်ဘနွန်နိုင်ငံရဲ့ အံ့ဖွယ်တွေထဲကတစ်ခုလို့ ဆိုချင်ပါတယ်။ **လက်ဘနွန်နိုင်ငံရဲ့ အလှဆုံးနေရာလို့တောင် ပြောလို့ရ**ပါတယ်။ ရေတံခွန်ကိုရောက်ဖို့ ၁၀ မိနစ်လောက် တောင်တက်လမ်းကို လျှောက်ရပါတယ်။ လမ်းက ချော်ပြီး အန္တရာယ်များပေမယ့် ဘာဘာဝရှုခင်းတွေကတော့ အရမ်းလှပါတယ်``ဟု ဆိုခဲ့သည်။ ရေတံခွန်မှရေများသည် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် တစ်နေရာတည်းသို့ ဖြတ်သန်းစီးဆင်းနေခဲ့ပြီးနောက် ၎င်းရေကပင် လမ်းကြောင်းရှာဖွေ၍ ကျောက်မျက်နှာပြင် သုံးဆင့်ဖြစ်ပေါ်စေခဲ့သည်ဟု ပူဆရကြောင်း သိရသည်။

သာယာလွန်းလှသည့် နယ်သာလန်ရွာလေး၌ လမ်းမဟူ၍ လုံးဝမရှိ

နယ်သာလန်နိုင်ငံက ရွာလေးတစ်ရွာဟာ အရမ်းကိုငြိမ်းချမ်းသာယာလှပပြီး သူဟာ ရေထဲမှာပဲဆောက်ထားတဲ့ရွာလေးပါ။ အဲဒီရွာလေးဟာ နတ်သမီးပုံပြင်တွေထဲကနေရာလေးအလား ထင်မှတ်မှားရလောက်အောင်ကို အေးချမ်းသာယာလှပါတယ်။ Giethoorn ဆိုတဲ့ အဲဒီရွာလေးမှာဆိုရင်ဖြင့် **လမ်းမကြီးရယ်၊ ကားရယ်လို့ လုံးဝမရှိပါဘူးတဲ့။** အဲဒီရွာရိုးတစ်လျှောက် လျှောက်ပတ်သွားချင်တယ်ဆိုရင်တော့ **အိမ်တွေကြားထဲက ရေလမ်းကြောင်းကနေပဲ လှေလှော်ပြီး သွာ[...] လို့ရပါသတဲ့၊ ဒါမှမဟုတ် သစ်သားတံတားပေါင်း ၁၇၆ စင်းမှာ လမ်းလျှောက်ပြီးပဲ သွားရမှာ**ပါ။ ရွာခံတွေအများစုကတော့ မော်တော်ဘုတ်[...] လှေကိုပဲအားကိုး ကြပါတယ်။ သူတို့မော်တော်ဘုတ်တွေမှာတပ်ထားတဲ့ အင်ဂျင်တွေက အသံတိတ်အင်ဂျင်တွေပါတဲ့။ အဲဒီကိုလာတဲ့ **စာ[...] သမားတောင်မှ ရေလမ်းကြောင်းကပဲ စာလိုက်ပို့ပါသတဲ့လေ။** ကျွန်းပေါ်မှာ တည်ထားတဲ့ အဲဒီရွာလေးမှာ လူဦးရေ ၂၆၀၀ လောက်ရှိပါတယ်[...] **ဆောင်းတွင်းမှာသူတို့ အိမ်ရှေ့က ရေလမ်းကြောင်းက ခဲသွားပြီဆိုရင်တော့ သူတို့က အဲဒီမှာထွက်ပြီး ရေခဲစကိတ်စီးကြတာပေါ့၊** ရွာက[...] သာယာလှတယ်လို့ ကမ္ဘာကျော်တာကြောင့် အဲဒီကိုလာတဲ့ နိုင်ငံခြားခရီးသွားတွေပြတ်တယ်လို့ကို မရှိပါဘူးတဲ့။

ရေအောက်အိပ်ခန်းများပါဝင်မည့် ကျွန်းတုအစီအစဉ်ကို ဒူဘိုင်း ထုတ်ဖော်ပြသ

ကမ္ဘာပေါ်မှာဇိမ်ခံလို့အကောင်းဆုံးနေရာအဖြစ် သတ်မှတ်ခံထားရတဲ့ [...]ဘိုင်းက အခုတော့ အဲဒီအဆင့်ထက် တောင်သာပြီးရင်းသာအောင်လုပ်[...] ပါတယ်။ အဲဒါကတော့ ကျွန်းတုဆောက်မယ့် အစီအစဉ်ပါ။ ဒေါ်လာ[...] တစ်သန်းတန်ဖိုးရှိတဲ့ ရေပေါ်ဇိမ်ခံအိမ်ကြီးတွေမှာ နေပြီး ရေပေါ်ရေအောက်[...] အလှတွေကို တစ်ဝကြီး ခံစားနိုင်မှာပေါ့။ **ရေပေါ်ပေါ်နေတဲ့ ဆိပ်ခံတံတာ[...] ထိုးထားပေးမှာဖြစ်ပြီး ကုန်းမြေပေါ်သွားချင်ရင် အဲဒီကနေသွားရမှာပေါ့။ ဒေါ်လာတစ်သန်းကျော်တန် ဇိမ်ခံအိမ်ကြီးတွေ တစ်စုတစ်ဝေးတည်း[...]** လာမယ့်လကစပြီး ဈေးကွက်တင်သွားမှာပါ။ အဲဒီရေပေါ်တစ်ဝက် **ရေအောက်တစ်ဝက် ဇိမ်ခံအိမ်ကြီးတွေမှာ ကြမ်းပြင်ကနေ မျက်နှာကြက်အထ[...] မှန်ပြတင်းပေါက်ကြီး တွေတပ်ထားပြီး မီးဖိုချောင်ရောပါမှာပါ။ အိပ်ခန်းတွေကတော့ ရေအောက်က အပိုင်းမှာပါမှာဖြစ်လို့ အိပ်ခန်းထဲအနားယ[...] ရင်းနဲ့ မှန်ပြတင်းပေါက်ကြီးတွေကတစ်ဆင့် ရေအောက်အလှကို ရှုစားနိုင်မှာ**ပေါ့။

အနက်ဆုံးမြေအောက် ကားပါကင်ကြီးကို တရုတ်တွင် ဖွင့်လှစ်တော့မည်

ပထမဦးဆုံးနှင့် အနက်ဆုံးဖြစ်သည့် မြေအောက်ကားပါကင်ကြီးကို တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ် ဟန်ဇူအရပ်ဒေသတွင် တည်ဆောက်ထားပြီး ဇွန်လတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြေအောက်တွင် အထပ် ၁၉ ထပ်ပါသည့် ထိုကားပါကင်ကြီးတွင် ကားအစီး ၁၁၄ စီး ရပ်နားပါကင်ထိုးနိုင်မည်ဖြစ်သည့်အတွက်** ကားများအတွက် များစွာအဆင်ပြေသွားမည်ဖြစ်သည်။ ကားပေါင်းများစွာ ပါကင်အတွက် စိတ်ချမ်းသာသွားရမည်ဖြစ်သကဲ့သို့ **ကားကို ထိုထဲတွင် ဝင်ရောက်ရပ်နားလျှင် အချိန်ဟူ၍ စက္ကန့် ၅၀ သာ ကြာမည်ဖြစ်ပြီး ကားကိုပြန်ထုတ်လျှင်လည်း ၈၆ စက္ကန့်သာ ကြာမည်ဖြစ်သည်။**

မြစ်ပေါ်တွင် ဒေါ်လာသန်း ၂၅၀အကုန်အကျခံ၍ ဖန်ဖြင့်ပြုလုပ်ထားသော ဖောက်ထွင်းမြင်နေရသည့် ကောင်းကင်ကေဘယ်ကားများ ပြေးဆွဲမည်





ချီကာဂိုမြို့တွင် တာဝါကြီး ၄၄ ခုကြားတွင် ပြေးဆွဲမည့် ဒေါ်လာသန်း ၂၅၀ တန်ဖိုးရှိ ဝွန်ဒိုလာစနစ်သစ်ကို စတင်အကောင်အထည်ဖော် လုပ်ဆောင်နေပြီဟု သိရသည်။ Chicago SkyLine ဟုခေါ်ဆိုမည်ဖြစ် ပြီး **ဖောက်ထွင်းမြင်နေရသော ဖန်ဖြင့်ပြုလုပ်ထားသည့် ကေဘယ်ကားလေးများက ချီကာဂိုမြစ်ပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ၃၀၀၀ ခန့်ကို တစ်နာရီကြာခရီးအား သယ်ယူပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။** Chicago SkyLine သည် Chicago Lakefront နှင့် ချီကာဂိုမြို့လယ်ကောင်ရှိ Riverwalkကို ဆက်သွယ်ပေးထားသောကြောင့် ကေဘယ်ကားစီးရင်းနှင့် လှပသည့်ရှုမျှော်ခင်းများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ၎င်း ဝွန်ဒိုလာစနစ်ကို Davis Brody Bond နှင့် Marks Barfield Architects တို့ ပူးပေါင်းဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ကားများကိုအသုံးပြုစရာမလိုဘဲ မြို့၏ကာဗွန်ထုတ်လွှတ်မှုနှုန်းကို လျှော့ ချကာ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီအောင် Millenium Park နှင့် Michigan Avenue ကဲ့သို့သော အထင်ကရနေရာများကို လည်ပတ်နိုင်မည်ဖြစ်သည်။ ဖန်ဖြင့်ပြုလုပ်ထားသည့် ကေဘယ်ကားများသည် တစ်နှစ်ပတ်လုံးရှိနေမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မြို့အတွင်းရှိ မိုးမျှော်တိုက်ကြီးများကို ယခင်ကမမြင်တွေ့ခဲ့ဖူးသောအနေအထားမှ ကြည့်ရှုနိုင်လိမ့်မည်ဖြစ်သည်။ ကေဘယ်ကားများအတွက် တစ်ဦးလျှင် ဒေါ်လာ ၂၀ ကျသင့်မည်ဖြစ်ပြီး တစ်နှစ်လျှင် ဧည့်သည် ၁ ဒသမ ၄ သန်းခန့် လာရောက်မည်ဟု ခန့်မှန်းရသည်ဟု သိရသည်။

PMM

ရွှေပြည်စိုး

အထပ်သား၊ ပါကေးနှင့်
အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး

၁၀၃၊ တိုက် B-2၊ ယုဇနအိမ်ရာ၊ ပညာဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၇၀၁၃၄၉၊
၂၉၅၄၀၀

အကျိုးအမြတ်များစွာရရှိနေသည့် ဗီယက်နမ်မှ ဘီကီနီလေကြောင်းလိုင်း

ဗီယက်နမ်၏တစ်ခုတည်းသောပုဂ္ဂလိကလေကြောင်းလိုင်း VietJet Air သည် ငယ်ရွယ်နုပျိုလှပသော ဘီကီနီနှင့် လေယာဉ်မယ်လေးများကို အသုံးပြုနေသောကြောင့် အငြင်းပွားစရာများဖြစ်ပေါ်လာနေသည်ဟု သိရသည်။ လေကြောင်းလိုင်းသည် ဝေဖန်မှုများခံနေရသော်လည်း တစ်ဖက်ကကြည့်လျှင် အကျိုးအမြတ်များ ဝင်မဆုံးဖြစ်နေသည်ကို တွေ့မြင်ရသည်။ လေကြောင်းခရီးစဉ်အားလုံးတွင် ဘီကီနီ လေယာဉ်မယ်များကို အသုံးပြုခြင်းမဟုတ်ဘဲ အချို့လေကြောင်းခရီးစဉ်များတွင်သာ အပိုဆုသဘောဖြင့် ထည့်သွင်းပေးခြင်းဖြစ်သည်။ လေယာဉ်ပေါ်၌ လေကြောင်းလိုင်း၏ အရောင်များဖြစ်သော အနီနှင့် အဝါရောင်ဘီကီနီများကို ဝတ်ဆင်ထားသော လေယာဉ်မယ်လေးများသည် လျှောက်လမ်းတစ်လျှောက် ကြွကြွရွရွလေးလမ်းလျှောက်နေသည်ကို မြင်တွေ့ရသည်။ လေကြောင်းလိုင်းက ခရီးသည်များအတွက် အထူးအစီအစဉ်အဖြစ်လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သော်လည်း ဗီယက်နမ်လေကြောင်းအာဏာပိုင်များက မနှစ်မြို့လှဘဲ ဒေါ်လာ ၁၀၀၀ ဒဏ်ရိုက်ခဲ့သော်လည်း လေယာဉ်သည် လုံခြုံစိတ်ချရသည့် အမြင့်သို့ရောက်မှ ဘီကီနီလေယာဉ်မယ်များက ခရီးသည်များကို ဧည့်ခံခြင်းဖြစ်သောကြောင့် ဘီကီနီလေယာဉ်မယ်များကို ဆက်လက်အသုံးပြုခွင့်ပေးခဲ့ရသည်။ လေကြောင်းလိုင်းပိုင်ရှင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင် ငုယင်သီဖောင်သောင်က သမားရိုးကျယဉ်ကျေးမှုကို ဖောက်ထွက်လိုသောကြောင့်ဖြစ်ပြီး ခရီးသည်များပျော်လျှင် မိမိတို့လည်းပျော်ရွှင်ပါကြောင်း ဆိုခဲ့သည်။ ၎င်း၏လေကြောင်းလိုင်းသည် ဗီယက်နမ်တွင် ယခုနှစ်အတွင်း အကြီးဆုံးလေကြောင်းလိုင်း ဖြစ်လာပြီး ငုယင်သီဖောင်ကိုယ်တိုင်မှာလည်း ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးအမျိုး သမီးဘီလျံနာ ဖြစ်လာနိုင်ခြေရှိနေသည်။ **(OC,12.4.16)**

လက်သည်းခွံမျှသာရှိသည့် အရုပ်လေးများကို အနုစိတ် ဖန်တီးသူ



အမေရိကန်ပြည်ထောင်စုက ပန်းချီဆရာမ ဘာရွတ်ခ်ဟာ ကျွန်မတို့နေ့စဉ်တွေ့မြင်နေကျ ပစ္စည်းလေးတွေဖြစ်တဲ့ အိတ်တွေ၊ စည်သွတ်ဘူးတွေ၊ ငှက်တွေ၊ မီးဖိုချောင်သုံး ဒယ်အိုးတွေ၊ စာရေးကိရိယာတွေကို ပန်းချီဆွဲပါတယ်။ ထူးခြားတာက သူ့ပန်းချီလက်ရာတွေဟာ သေးသေးပိစိလေးတွေဖြစ်နေတာပါပဲ။ သူ့ပုံလေးတွေက သေးသေးလေးတွေဆိုပြီး အထင်သေးလို့တော့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရမ်းလက်ရာသေသပ်နေလို့ပါ။ အသက် ၃၉ နှစ်အရွယ် သူဟာ ပန်းချီဆွဲရတာကို ငယ်ငယ်ကတည်းကကို ဝါသနာပါပါတယ်။ မိသားစုကလည်း လက်မှုပညာမျိုးရိုးရှိတော့ သူဟာ ပါရမီရှင်လေးဖြစ်နေတော့တာပေါ့။ ပုံသေးသေးလေးတွေ ပြထားတဲ့ ပန်းချီပြခန်းကို အမေဖြစ်သူနဲ့ သွားကြည့်မိရာကနေ သူဟာ ဒီလိုပုံမျိုးကို စပြီး စိတ်ဝင်စားလာတော့တာပါ။

(PD, 8.4.16)

အပြေးသမားက တစ်မိုင်တိတိ နောက်ပြန်ပြေး၍ ဂင်းနက်စ်စံချိန်တင်

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် Bethany College ရှိ Lisndsborg Municipal Track အပြေးပွဲ၌ အေရွန်ယိုဒါဆိုသူအမျိုးသားက **စုစု ပေါင်း တစ်မိုင်အကွာအဝေးကို ၅ နာရီ ၅၄ မိနစ် ၂၅ စက္ကန့်အတွင်း နောက်ပြန် ပြေးနိုင်ခဲ့သောကြောင့် ကမ္ဘာ့အမြန်ဆုံး နောက်ပြန်အပြေးသမားအဖြစ်** ကမ္ဘာ့ဂင်းနက်စ်စံချိန် တင်နိုင်ခဲ့သည်ဟု သိရသည်။ ၎င်း စံချိန်တင်ပုံကို သူငယ်ချင်းဖြစ်သူဂျင် တန်နာက အေရွန်၏ ရှေ့မှ စက်ဘီးနင့် သွား၍ မှတ်တမ်းရယူရိုက်ကူးခဲ့သည်။ အေရွန်က ၎င်းကိုအားပေးခဲ့သည့် ပရိ သတ်ကို ကျေးဇူးတင်စကားဆိုခဲ့သည်။ အေရွန်က ``ဘုရားသခင်က လူတိုင်းကို ထူးချွန်မှုတစ်ခုစီ ပေးထားပါတယ်။ ကျုပ်တို့ရဲ့အလုပ်က ဒီအစွမ်းတွေကို ပေါ်လွင်လာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်''ဟု ဆိုခဲ့သည်။ **အေရွန်သည် ရှေ့သို့ထက် နောက်သို့ပို၍ မြန်မြန်ပြေးနိုင်အောင် အမျိုးမျိုးသော ကြွက်သားလေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ရပြီး ရှစ်ပတ်ကြာ ကာလအတွင်း တစ်ရက်လျှင် ၄၅ မိနစ် နောက်ပြန်ပြေး၍ ၄၅ မိနစ် အလေးမခြင်း ပြုလုပ်ခဲ့ရသည်။** အေရွန်၏ နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ ဂျာမနီနိုင်ငံတွင်ကျင်းပမည့် နောက်ပြန်အပြေး ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်ဖြစ်သည်ဟု သိရသည်။

(AP, 10.5.16)

တရုတ်ကုမ္ပဏီက ဝန်ထမ်း ၈၀၀၀ ကို တောင်ကိုရီးယားသို့ ပို့ဆောင်၍ ရိုးရာဂျင်ဆင်းကြက်သားစွပ်ပြုတ် တည်ခင်းဧည့်ခံမည်ဟု ဆို

တရုတ်ကုမ္ပဏီတစ်ခုက သမိုင်းတွင် အကြီးဆုံးအနေဖြင့် **ဝန်ထမ်းပေါင်း ၈၀၀၀ ဖြင့် ဖွဲ့စည်းထားသော ခရီးသွားအဖွဲ့ကို တောင်ကိုရီးယားသို့ ပို့ဆောင်ကာ** ရိုးရာဂျင်ဆင်းကြက်သားစွတ်ပြုတ်များကို တည်ခင်းဧည့်ခံသွားမည်ဟု သိရသည်။

၎င်းဝန်ထမ်းများသည် Zhongmai ကျန်းမာရေးစောင့်ရှောက်မှု ကုမ္ပဏီမှ ဖြစ်ပြီး **တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့သို့ မေလ ၅ ရက်မှ ၉ရက်နေ့အထိ လာရောက်လည်ပတ်မည်ဖြစ်**သည်။ ၎င်းရက်အတွင်းလုပ်ဆောင်မည့် လုပ်ငန်းဆောင်တာများကို စီစဉ်ထားပြီးဖြစ်ပြီး ဆိုးလ်မြို့၏ မည်သည့်နေရာ၌ တည်းခိုမည်ကိုမူ မသိရှိရသေးကြောင်း သိရသည်။ **တောင်ကိုရီးယား အစိုးရက ၎င်းတို့အတွက် ဟန်မြစ်နံဘေးရှိ Banpo Hangang ပန်းခြံတွင် စားပွဲပေါင်း ၄၀၀ဖြင့် ဂျင်ဆင်းကြက်သားစွပ်ပြုတ်ကို တည်ခင်းဧည့်ခံသွားမည်ဖြစ်**သည်။ ပန်းခြံအတွင်း၌ မီးသုံးစွဲခွင့်မရှိသောကြောင့် ဂျင်စင်းကြက်သားစွပ်ပြုတ်များကို လေလုံစွာကြိုတင်ထုတ်ပိုး၍ ယူဆောင်လာမည်ဖြစ်သည်။ ၎င်းအခမ်းအနားသည် စုစုပေါင်း ကုန်ကျစရိတ် ဒေါ်လာ ၅၀၅၀၉ ကုန်ကျမည်ဟု ယူဆရပြီး တောင်ကိုရီးယားအစိုးရနှင့် တရုတ်ကုမ္ပဏီက တစ်ဝက်စီကျခံမည်ဖြစ်သည်။ ၎င်းခရီးစဉ်ကို **တရုတ်ကုမ္ပဏီက ဝန်ထမ်းများအတွက် ဆုကြေးအနေ ဖြင့် ပို့ဆောင်ပေးခြင်းဖြစ်ပြီး** တောင်ကိုရီးယားအစိုးရက ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတစ်စိတ်တစ်ပိုင်းအနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားသည် ၎င်းတို့၏ ရိုးရာဟင်းလျာများကို အမေရိကန်နိုင်ငံအထိ တင်ပို့ရောင်းချနေရသည်။ တောင်ကိုရီးယားနိုင်ငံသို့ ကုမ္ပဏီတစ်ခုမှဝန်ထမ်းများ လာရောက်လည်ပတ်ခြင်းတွင် ယခုတစ်ကြိမ်သည် အရေအတွက်အများဆုံးဖြစ်ပြီး ယခင်ကလည်း တရုတ်အလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုကဝန်ထမ်း ၆၀၀၀ကို ဒေါ်လာ ၂၂ ဒသမ ၇ သန်း အကုန်ကျခံ၍ တောင်ကိုရီးယားသို့ အလည်အပတ်ပို့ဆောင်ခဲ့ဖူးသည်ဟု သိရသည်။

(DM, 7.5.2016)

သံနှင့် ဇွန်းများကို အရေပြားပေါ်တွင် ကပ်ပြနိုင်သည့် အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးလူသား



အိန္ဒိယနိုင်ငံ မဟာပရာဒေ့ရှ်ပြည် နယ်မှ အာရန်ရိုင်ကာအမည်ရှိ အမျိုးသား တစ်ဦးသည် အိမ်အသုံးအဆောင်ပစ္စည်းများအား ခန္ဓာကိုယ်တွင်ကပ်ပြသည့် ထူးထူးဆန်းဆန်းပြကွက်များကို ပြသနေသည်ဟု သိရသည်။ ၎င်းက လွန်ခဲ့သည့် လအနည်းငယ်ခန့်ကမှ **အိမ်အလုပ်များလုပ်နေစဉ်တွင် သံတစ်ချောင်းမှာ ခန္ဓာကိုယ်တွင် ကပ်နေသည့်အခါမှ မိမိ၏စွမ်းအင်ကို သိရှိခဲ့ရခြင်း ဖြစ်သည်။** အသက် ၃၇ နှစ်အရွယ် ဓာတ်ပုံဆရာကိုယ်တိုင်က ၎င်း၏ရင်ဘတ်ပေါ်၌ သံနှင့် ဇွန်းကဲ့သို့သော ပစ္စည်းများကိုတင်၍ အသေအချာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အာရန်က ''ဘယ်လိုလုပ်ဒီလိုဖြစ်လာမှန်း မသိပါဘူး။ **ဂုဏ်ယူစရာကိစ္စမဟုတ်ပေမယ့် လူတွေက ဝိုင်းကြည့်ကြတဲ့အခါ စိတ်ထဲမှာတော့ ပျော်ရွှင်မိပါတယ်၊ အစတုန်းက ကိုယ်တိုင်တောင် ကြောက်ရွံ့မိပေမယ့် အခုတော့ ကျင့်သားရနေပါပြီ**''ဟု ဆိုခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်ခြင်း ရှိမရှိ ဒေသခံ ဆေးရုံတစ်ခုမှ ဆရာဝန်တစ်ဦးနှင့် သွားရောက်ပြသခဲ့ပြီးဖြစ်သည်။ သံလိုက်စွမ်းအားအများဆုံးခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ရင်ဘတ်၊ ဗိုက်နှင့် နောက်ကျောတို့ ဖြစ်သည်။ ဒေသခံများက ၎င်း၏နေအိမ်သို့ တဖွဲဖွဲရောက်ရှိလာကာ ၎င်း၏အစွမ်းကို လာရောက်ကြည့်ရှုကြသည့်အချိန်တွင် အာရန်က သာမန်ဘဝကိုသာ ပြန်လိုချင်မိကြောင်း ဆိုခဲ့သည်ဟု သိရသည်။

(DM, 10.5.16)

ဒေါ်လာ ရှစ်သန်းကျော် အကုန်ကျခံကာ ဝန်ထမ်းပေါင်း ၂၅၀၀ ကို စပိန် လိုက်ပို့ပေးသည့် သူဌေးကြီး

အင်မတန်မှ ရက်ရောလှတဲ့ တရုတ် ဘီလျံနာသူဌေးကြီး လီဂျင်ယွမ်ဟာ **ဝန်ထမ်းပေါင်း ၆၄၀၀ ကို ပြီးခဲ့တဲ့နှစ်က ပြင်သစ်နိုင်ငံ လိုက်ပို့ပေးခဲ့တာကြောင့် တော်တော်ကို နာမည်ကြီးသွားခဲ့ပါတယ်၊** ကဲ .. ဒီနှစ်လည်း သူက ထပ်ပြီးလုပ်လိုက်ပြန်ပါပြီ။ ဒီတစ်ခါတော့ **ဝန်ထမ်းပေါင်း ၂၅၀၀ ကို စပိန်ကို ငါးရက်ခရီးလိုက်ပို့ပေးတာပါတဲ့၊** စပိန်နာမည်ကျော်မြို့ကြီးတွေဖြစ်တဲ့ **တော်လက်ဒိုနဲ့ ဘာစီလိုနာ**ကိုပါ လိုက်ပို့ပေးဖို့ ခရီးစဉ်မှာပါပါတယ်။ ဒီခရီးစဉ်အတွက် သူဟာ ဒေါ်လာ ၈ ဒသမ ၂၈ သန်း သုံးလိုက်ရလိမ့်မယ်လို့ ခန့်မှန်းချက်တွေက ဆိုပါတယ်။ တီယန်ဂရု(ပ်)ဆိုတဲ့ ကုမ္ပဏီက ဝန်ထမ်းတွေဟာ မက်ဒရစ်ကို **မေလ ၅ ရက်မှာ စင်းလုံးငှားလေယာဉ်ကြီး အစင်း၂၀ နဲ့ သီးခြားစီရောက်လာကြတာပါတဲ့။** ပြီးရင် သူတို့က သမိုင်းဝင် တိုလက်ဒိုမြို့ကို သွားမှာပါ။ ပြီးတော့ မေ လ ၈ ရက်မှာ ဘာစီလိုနာကို သွားမှာပါတဲ့။ မေလ ၁၀ ရက်ကျရင်တော့ တရုတ်ကို ပြန်ကြမှာပေါ့။

(DM , 6.5.16)

အိန္ဒိယမျိုးနွယ်စုဝင် အမျိုးသမီးများက ကလေးငယ်များနှင့်အတူ အမိမဲ့ဒရယ်ပေါက်များကို မိခင်နို့တိုက်ကျွေး

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ Bishnoi မျိုးနွယ်စုဝင်အမျိုးသမီးများသည် မိမိ၏သားသမီးအရင်းများနှင့်တန်းတူ အမိမဲ့နေသည့် ဒရယ်ပေါက်ကလေးများကိုလည်း အတူတကွ မိခင်နို့တိုက်ကျွေးတတ်သည်ဟုသိရသည်။ လူမှုကွန်ရက်မီဒီယာများပေါ်၌ ပျံ့နှံ့နေသည့် ဓာတ်ပုံများထဲတွင် **တိရစ္ဆာန်များကိုချစ်ခင်သော အိန္ဒိယမျိုးနွယ်စုဝင်များက ဒရယ်လေးများအား ယနေ့အချိန်အထိ ကာကွယ်စောင့်ရှောက်ပေးနေဆဲဖြစ်**သည်။ ၎င်းမျိုးနွယ်စုသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ရာဂျစ်စသန်ဒေသတွင် နေထိုင်ကြခြင်းဖြစ်သည်။ ဒရယ်များသည် ၎င်းတို့အထွတ်အမြတ်ထားသည့် တိရစ္ဆာန်ဖြစ်သောကြောင့် ဒရယ်များကိုကာကွယ်ရန် အတတ်နိုင်ဆုံး ကြိုးစားနေကြခြင်းဖြစ်သည်။ အသက် ၄၅ နှစ်အရွယ် မျိုးနွယ်စုဝင်အမျိုးသမီးတစ်ဦးက ''ဒီဒရယ်ပေါက်လေးတွေက ကျွန်မဘဝပါပဲ။ ကျွန်မရဲ့ သားသမီးအရင်းတွေလိုပါပဲ။ သူတို့တွေ ကောင်းကောင်းမွန်မွန် ကြီးပြင်းလာအောင် အစားအသောက်တွေ၊ နို့တွေတိုက်ကျွေးလေ့ ရှိပါတယ်။ တစ်အိမ်လုံးကလည်း မိသားစုဝင်အရင်းတွေလို ဂရုစိုက်ကြပါတယ်။ တစ်ခါတလေ ဒရယ်ပေါက်တွေက အမိမဲ့ မဟုတ်ပေမယ့် ကျန်းမာသန်စွမ်းဖို့အတွက် မိခင်နို့တိုက်ကျွေးတာမျိုးလည်းရှိပါတယ်''ဟု ဆိုခဲ့သည်။ **၎င်းမျိုးနွယ်စုတွင် အိမ်ခြေပေါင်း ၂၀၀၀ ခန့်ရှိခဲ့ပြီး နှစ်ပေါင်း ၆၀၀ နီးပါး တိရစ္ဆာန်များနှင့် အပင်များကို ကာကွယ်စောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။** အသက် ၂၁ နှစ်အရွယ် မျိုးနွယ်စုဝင်အမျိုးသမီးတစ်ဦးက ''ဒီဒေသက ဒရယ်တွေက ညီအစ်ကိုမောင်နှမတွေလိုပါပဲ။ သူတို့တွေ ကျန်းကျန်းမာမာကြီးပြင်းနိုင်ဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ သူတို့တွေက တိရစ္ဆာန်တွေမဟုတ်ပါဘူး။ မိသားစုဝင်တွေပါ''ဟု ဆိုခဲ့သည်။

(AP, 10.5.16)

သတ္တိခဲအမျိုးသမီးက ဂျေရုစလင်မြို့ဟောင်းကြီးပေါ်တွင် ကြိုးတန်းလျှောက်ပြ



သတ္တိခဲ အမေရိကန်နိုင်ငံသား အမျိုးသမီးဟယ်သာလာဆင်သည် **ဂျေရုစလင်မြို့ဟောင်းကြီးအတွင်းရှိ Tower of David အပိုင်းနှစ်ပိုင်းကြားတွင် ကြိုးတန်း လမ်းလျှောက်ပြခဲ့သည်**ဟု သိရသည်။ တာဝါနှစ်ခုကြားအလယ်တည့်တည့် ကြိုးတန်းပေါ်တွင်လည်း ခြေထောက်ကိုခွဲ၍ ရပ်ပြခြင်း၊ ပြောင်းပြန်ဖောက်ထိုးနေပြခြင်းတို့ဖြင့် ဖျော်ဖြေပြခဲ့သည်။ လာဆင်သည် ၁၁၄ ပေအမြင့်တွင် ၆၅ ပေအကွာအဝေးသို့ သက်သက်သာသာပင်လမ်းလျှောက်ပြခဲ့ခြင်းဖြစ်ပြီး ကြိုးတန်းမှာ ရှေးဟောင်းပြတိုက်ကြီးတစ်ခု၏ ခြံဝန်းထဲတွင် အဆုံးသတ်သည်။ လာဆင်က 'ဂျေရုစလင်ကို လာရောက်လည်ပတ်ရလိမ့်မယ်လို့ တွေးတောင်မတွေးဖူးပါဘူး။ သမိုင်းကြောင်း ကြွယ်ဝတဲ့နေရာမှာ ယဉ်ကျေးမှုတွေကို ကြည့်ရှုခံစားမိချင်ခဲ့တာပါ။ ဒီကိုလာရတာ စိတ်ထဲမှာ သမိုင်းကို တစ်လွှာချင်းခွာချ ကြည့်နေရသလိုပါပဲ'ဟု ဆိုခဲ့သည်။ လာဆင်သည်ကမ္ဘာ့ထိပ်တန်းအမျိုးသမီးကြိုးတန်းလျှောက်သူဖြစ်ပြီး ၁၄၂ ပေအမြင့်အထိ ကြိုးတန်းလျှောက်သည့်အတွေ့အကြုံရှိထားဖူးသူဖြစ်သည်ဟု သိရသည်။ **(DM, 10.5.16)**

ပန်းကန်ပြားသဏ္ဍာန် ကစားကွင်းကြီးကို တရုတ်ပြည်၌ ဖွင့်လှစ်

တရုတ်နိုင်ငံ ကြက်ကြန်းပြည်နယ်၊ ရှော်ရှင်းမြို့တွင် ကိုယ်ပိုင်သီးသန့်ဒီဇိုင်းနှင့် ဒစ္စနေးကစားကွင်းကြီးကဲ့သို့ ကစား ကွင်းကြီးဆောက်လုပ်ကာ မေလ ၁ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်ဟု သိရသည်။ ရှန်ဟိုင်းဒစ္စနေးကစားကွင်း ဖွင့်လှစ်မှုကို လူစိတ်ဝင်စားမှုများပြားနေသည့်ကြားမှ Oriental Never land ဟု အမည်ပေးထားသည့် ကစားကွင်းကြီး၏ ဓာတ်ပုံများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဒစ္စနေးလန်းကစားကွင်းကြီးမှာ လှသည်ဟုဆိုလျှင် ပန်းကန်ပြားပျံများ သဏ္ဍာန်ပြုလုပ်ထားသည့် ယခုကစားကွင်းကြီးက မျက်စိကျယ်သွားရလောက်အောင် လှသည်ဟုဆိုရမည်ဖြစ်သည်။ ဒေါ်လာတစ် သန်းကျော် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ထူးဆန်းသည့် အဆောက်အအုံပုံသဏ္ဍာန်များ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်းမပြုမီတွင် ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့သောကြောင့် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ကစားကွင်း၏ အတွင်းပိုင်းတွင် သစ်တောတု၊ ကမ်းခြေတု၊ လှိုဏ်ဂူတု စသည်ဖြင့် စုံလင်အောင်ရှိသောကြောင့် အပြင်ပိုင်းမှ ပန်းကန်ပြားပျံသဏ္ဍာန် သာမက အတွင်းပိုင်းတွင်လည်း ပြီးပြည့်စုံလှသည်ဟု သိရသည်။ **(AP,26.4.16)**

အမိုးပေါ်တွင်ပြိုင်ကားကွင်းပါသည့် ကမ္ဘာ့ပထမဆုံး အပျော်စီးသင်္ဘောကြီးကို တည်ဆောက်

Norwegian Joy အပျော်စီးသင်္ဘောကြီးသည် အမိုးပေါ်တွင် ပြိုင်ကားကွင်းပါရှိသော ကမ္ဘာ့ပထမဆုံးအပျော်စီး သင်္ဘောကြီးဖြစ်ပြီး ဒေါ်လာသန်း ၉၁၀ အကုန်အကျခံဆောက်လုပ်နေခြင်းဖြစ်သည်။ တရုတ်စျေးကွက်အတွက် အဓိက ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး ၂၀၁၇ ၌ တရုတ်နိုင်ငံတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ၎င်း အပျော်စီးသင်္ဘော၌ ပြိုင်ကားယှဉ်ပြိုင် မောင်းနှင်ရန် နှစ်ထပ်လမ်း တစ်လမ်းပါဝင်မည်ဖြစ်ပြီး ၎င်းလမ်းမှာ ပင်လယ်ပြင်သို့ ခရီးနှင်သည့် သင်္ဘောများထဲ၌ ပထမဆုံးပါဝင်လာခဲ့ခြင်းဖြစ်သည်။ အမိုးဖွင့် ဂေါက်ကွင်းငယ်၊ ပွဲကြည့်စင်နှင့် အထပ်ပေါင်းများစွာပါဝင်သော ရေလျှောလျှောတို့ကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ ပင်မ အပျော်စီးသင်္ဘောကြီး ကျောက်ဆူးချထားပါက သီးခြားသွားလာနိုင်ရန်အတွက် သင်္ဘောငယ်လေးများလည်းပါဝင်မည်ဖြစ်ပြီး စျေးဝယ်ချင်သူများအတွက် သင်္ဘောပေါ်၌ ကမ္ဘာ့အရပ်ရပ်မှတန်ဖိုးကြီး တံဆိပ်များကို ရောင်းချပေးသွားမည်ဖြစ်သည်။ ခရီးသည် ၃၉၀၀ အထိ တင်ဆောင်နိုင်မည်ဖြစ်ပြီး ဂျာမနီ၌တည်ဆောက်ပြီးစီးသည်နှင့် ရှန်ဟိုင်းနှင့်ထန်ကျင်းဆိပ်ကမ်းများတွင် ပြေးဆွဲသွားမည်ဖြစ်သည်။ **(DM, 12.4.16)**

ညဘက်သဲကန္တာရထဲ၌ အလင်းမီးချောင်းပေါင်း ၅၀၀၀၀ ကျော်ဖြင့် ပန်းများပွင့်နေသည့်သဏ္ဌာန်ဖန်တီး

အနုပညာဖန်တီးသူ ဘရုစ်မူနရိုက ဩစတြေးလျသို့ ဖန်မီးချောင်းပေါင်း ၅၀၀၀ ကိုသယ်ဆောင်သွားကာ ၂၄ နှစ် ကြာအောင် အိပ်မက်မက်ခဲ့ရသည့်ဘဝ၏ ကောင်းမွန်ခြင်း များရုပ်ပိုင်းဆိုင်ရာသင်္ကေတတစ်ခုကို ပုံဖော်လုပ်ဆောင်ခဲ့သည်ဟု သိရသည်။ ဘရုစ်က နေ၏စွမ်းအင်ကို အသုံးပြုပြီး နေ့အလင်းရောင်မှေးမှိန်သွားသည်နှင့် အလင်းရောင်ပိုမိုတောက်ပလာ တတ်သည့်ဖန်မီးချောင်းများကို အသုံးပြုခြင်းဖြစ်ပြီး လာရောက်လည်ပတ်သူများအား မီးရောင်များကြား စိတ်ကူးယဉ်ကမ္ဘာထဲ၌ လမ်းလျှောက်ခွင့်ပြုမည်ဖြစ်သည်။ ဘရုစ်သည် အလင်းရောင်ကိုအခြေခံသော အနုပညာ လက်ရာများဖန်တီးမှုဖြင့် ကျော်ကြားသူဖြစ်ပြီး ၎င်း၏ အလင်းရောင် ပင်လယ်ကိုဖန်တီးရန် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံးကျောက်သားနီကြီး Uluru သို့ သွားရောက်လည်ပတ်ရာမှ စိတ်ကူးရရှိခဲ့ခြင်းဖြစ်သည်။ ၎င်း၏စိတ်ကူးကို ဗြိတိန်၊ အမေရိကန်နှင့်မက္ကဆီကိုတို့တွင်လည်းလည်း အကောင်အထည်ဖော်ခဲ့ဖူးပြီး ယခုအခါ ဩစတြေးလျသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထောင်နှင့်ချီသောဖန်မီးချောင်းများမှာ ၁၅ တန်အလေးချိန်ရှိပြီး Qantas လေကြောင်းလိုင်းဖြင့် သယ်ဆောင်လာခြင်းဖြစ်သည်။ The Field of Light Uluru ကို ဧပြီလ ၁ ရက်မှ စတင်ကာ အိုင်ယာရော့စ်အပန်းဖြေစခန်းရှိ သဲကန္တာရနေရာ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၁၇ မတ်လ ၃၁ ရက်အထိ ပြသထားမည်ဖြစ်သည်ဟု သိရသည်။

(DM, 12.4.16)

မြေအောက် ၁၃၇ ပေ အနက်တွင် တည်ဆောက်ထားသည့် ဒစ္စနေးကဲ့သို့ ရောမကစားကွင်းကြီး




ရိုမေးနီးယားနိုင်ငံရှိ ဂျဒေါ့ဖ်ဆားတွင်းကြီးတစ်ခု၏မြေအောက် ၁၃၇ ပေအနက်၌ ၁၉၆ ပေကျယ်၍ ၂၆၂ ပေအရှည်ရှိသောရောမကစားကွင်းကြီးကို တည်ဆောက်ထားပြီး အဘေးစားဂေါက်ကွင်းနှင့် ဘိုးလင်းကစားကွင်းတစ်ခုလည်း အပါအဝင် ဖြစ်သည်။ အဓိကမှာ ကလေးကစားကွင်းဖြစ်ပြီး ချားကဲ့သို့သော အခြားအပျော်စီးယာဉ်များကိုလည်း မြင်တွေ့နိုင်သည်။ ဓာတ်လှေကားများ၊ လှေကားထစ်များနှင့် နေရာပေါင်းစုံသို့ သွားရောက်နိုင်သည့်ကစားကွင်းတွင် တစ်နှစ်လျှင်တစ်လက်မခန့် ပိုမိုကြီးထွားလာတတ်သည့် ဆားတွင်းအမိုးမှတွဲကျနေသော ပန်းဆွဲကြီးများ၏အလှကိုလည်း ရှုမြင်ခံစားနိုင်ပြီး ၎င်းပန်းဆွဲများသည် ကိုးပေခန့်အရှည်သို့ရောက်ရှိသွားပါက ကြီးထွားမှုရပ်တန့်သွားလေ့ရှိသည်။ အလယ်ခေတ်ကာလများတွင် ဒေသခံများက ဆားတွင်းကို တူးဖော်ခဲ့ကြခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဗုံးခိုကျင်းအဖြစ် အသုံးပြုခဲ့သော်လည်း ယခုအခါတွင် ဆားတွင်း၏အလှအပကြောင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်နေပြီဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များက ဆားတွင်းထဲရှိရာသီဥတုသည် အသက်ရှူရခက်ခဲသူများအတွက် ကျန်းမာရေးအရ အထောက်အကူဖြစ်စေနိုင်ပြီး ဆားတွင်းကို အဌာဂံပုံအခန်းတစ်ခန်းအပါအဝင် အခန်းပေါင်းများစွာနှင့်ဖွဲ့စည်းထားသည်။ ဆားတွင်းထဲ၌ ခရီဗက်ဟုခေါ် ဆိုသောဝန်ချီစက်ကြီးလည်းရှိပြီး မြင်းများ ဖြင့်အလုပ်လုပ်ဆောင်သော ၎င်းဝန်ချီစက်ကို ဆားတွင်း၏မျက်နှာပြင်ပေါ်သို့ ဆားများပို့ဆောင်ရန် အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ **(Mirror, 12.4.16)**

အိုလံပစ်အားကစားပြိုင်ပွဲအတွက် ဘရာဇီးသို့ သစ်သားတိရစ္ဆာန်အရုပ်များနှင့် Noah's Ark ပုံစံတူလှေကြီး စတင်ရွက်လွှင့်



အိုလံပစ်အားကစားပြိုင်ပွဲကြီးအတွက် **သစ်သားတိရစ္ဆာန်အရုပ်များ တင်ဆောင်လာသော Noah's Ark ပုံစံတူ လှေကြီးမှာ ဘရာဇီးသို့စတင်ရွက် လွှင့်နေပြီဖြစ်**သည်ဟု သိရသည်။

ဒတ်ချ်လူမျိုး လက်သမားဂျိုဟန်ဟွေ၏ Noah's Ark လှေကြီးကို လွှန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက ၁ ဒသမ ၆ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိ အိမ်စတာဒမ် မြို့တောင်ပိုင်း Dordrecht မြို့တွင် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခု ဖြစ်နေသည်။ ၎င်းလှေကြီးသည် **အိုလံပစ်အားကစားပြိုင်ပွဲမကျင်းပချိန်အမီ ဘရာဇီးသို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ မိုင် ၅၀၀၀ရွက်လွှင့်မည်ဖြစ်သည်၊** သမ္မာကျမ်းစာထဲတွင် ဘုရားသခင်က Noah အမည်ရှိ အမျိုးသားတစ်ဦးကို ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တော့မည့် ရေဘေးအတွက် တိရစ္ဆာန်များနှင့် လူသားမျိုးနွယ်ကိုကာကွယ်ရန် လုံလောက်သော လှေကြီးတည်ဆောက်ရန် ညွှန်ကြားခဲ့သည်ဟု ပါရှိသည်။ **၎င်းလှေကြီးသည် ဘောလုံးကွင်းတစ်ကွင်း၏ အရွယ်အစားထက် ပိုမိုကြီးမားပြီး အထပ် ငါးထပ်ပါဝင်ကာ တစ်ကြိမ်တည်းနှင့် လူပေါင်း ၅၀၀၀ကျော်ကိုပို့ ဆောင်ပေးနိုင်**သည်။

၂၀၁၂ ခုနှစ်တွင် ဖွင့်ပွဲပြုလုပ်ခဲ့ပြီး ထောင်နှင့်ချီသော ခရီးသွားများက ပေ ၄၁၀ အရှည်ရှိ၍ ၉၅ပေကျယ်ကာ ၂၅ ပေ မြင့်သော လှေကြီးပေါ်သို့ လာရောက်လည်ပတ်ခဲ့ကြသည်။ သမ္မာကျမ်းစာထဲမှအတိုင်း လှေပေါ်တွင် တိရစ္ဆာန်ပုံစံတူရုပ်များရှိပြီး ဧည့်သည်များအနေဖြင့် လှေကြီးကို လှေ့လာနိုင်သကဲ့သို့ **လှေပေါ်မှာ ပြတိုက်တစ်ခုကဲ့သို့ လုပ်ဆောင်ထားသော တိရစ္ဆာန်များကိုလည်း ကြည့်ရှုနိုင်မည်** ဖြစ်သည်။ ၎င်းလှေကြီးသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျန်နဲရိုးမြို့တွင်ကျင်းပမည့် **၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပစဉ်ကာလတွင် ဘရာဇီးနိုင်ငံ၌ ရပ်နားမည် ဖြစ်သော်လည်း အခြားနေရာပေါင်းများ စွာသို့ ဆက်လက်ရွက်လွှင့်နေဦးမည်ဖြစ်**သည်။ ၎င်းလှေကြီးမှ ရရှိလာသောအကျိုး အမြတ်များကို ဘရာဇီးနိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေးနှင့် အခြားအထောက်အပံ့များအတွက် လုပ်ဆောင်သွားမည့် Ark of Hope စင်တာများကို ဖွင့်လှစ်သွားမည်ဖြစ်သည်ဟု သိရသည်။

(DM, 7.5.2016)

ဆိုလာစွမ်းအင်သုံး ကမ္ဘာ့အကြီးဆုံး ယပ်တောင်ပုံစံ ရုံးအဆောက်အအုံကြီး

"ဖရာမယပ်တောင်ပုံစံဆောက်ထားတဲ့ အဆောက်အအုံကြီးတစ်ခုကို တရုတ်မှာ ထင်ထင်ရှားရှား တွေ့မြင်ရနိုင်ပါတယ်။ အဲ့ဒီအဆောက်အအုံကတော့ တခြားမဟုတ်ပါဘူး။ **ဆိုလာစွမ်းအင်သုံး ကမ္ဘာအကြီးဆုံး ရုံးအဆောက်အအုံကြီး**ပဲ ဖြစ်ပါတယ်။ တည်ရှိတဲ့နေရာကတော့ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဒေါင်းပြည်နယ် ဒဲက်ဇူအရပ်ဒေသမှာပေါ့။ အဆောက်အအုံကြီးရဲ့ အကျယ်ဟာဆိုရင် စတုရန်းမီတာ ၇၅၀၀၀ ရှိပါသတဲ့။ သူ့မှာ ပြခန်းကြီးတွေ၊ သိပ္ပံသုတေသနလုပ်တဲ့ အ ခန်းကြီးတွေ၊ အစည်းအဝေးခန်းမတွေ၊ သင်တန်းခန်းမကြီးတွေနဲ့ ဟိုတယ်တောင် ပါပါသေးသတဲ့။ အဲဒါတွေအားလုံးကို နေရောင်ခြည်စွမ်းအင်နဲ့ ဖလည်ပတ်တာပါတဲ့လေ။ ဆိုလာပြားတွေ အများကြီးတပ်ပြီး သယံဇာတ ရင်းမြစ်ကို ချွေတာထားတဲ့အပြင် သူ့ခေါင်မိုးနဲ့နံရံတွေဟာလည်း အဆင့်မြင့်လှတာမို့ စွမ်းအင်ကို ၃၀ ရာခိုင်နှုန်းကျော် ချွေ တာပေးနိုင်ပါသေးသတဲ့။

(DM, 4.5.16)

ဂျပန်ကုမ္ပဏီက တိုက်ခန်းပေါ်တွင်ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်သည့် ဖန်ပေါင်းချောင်များကို တီထွင်



တိုက်ခန်းကျဉ်းလေးတွင် နေထိုင်သူများအနေဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် အိပ်မက်ပင်မမက်ဖူးသော်လည်း ဂျပန်ကုမ္ပဏီ C'estec ၏ ကျေးဇူးကြောင့် ဟင်းသီးဟင်းရွက်များကို တိုက်ခန်းပေါ်တွင်ပင် သက်သောင့်သက်သာ စိုက်ပျိုးနိုင်ရန် ဖန်ပေါင်းချောင်များ ထွက်ပေါ်လာပြီဖြစ်သည်ဟု သိရသည်။ Foop ဟု အမည်ပေးထားသည့် **ဖန်ပေါင်းချောင်များသည် ဟိုက်ဒရိုမြေမဲ့စိုက်ပျိုးခြင်း လယ်ယာအသုံးအဆောင်ပစ္စည်းတစ်မျိုးဖြစ်ပြီး ဟင်းသီးဟင်းရွက်အပင်များကို မြေကြီးအစား ရေတွင် စိုက်ပျိုးခြင်းဖြစ်သည်။** ဒီဇိုင်နာများက ၎င်းဖန်ပေါင်းချောင်ထဲတွင် အစေ့မှ ပေါက်ဖွားသည့် ဟင်းသီးဟင်းရွက်အပင်များကို စိုက်ပျိုးနိုင်သည်ဟု ဆိုခဲ့သည်။ သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသော ဖန်ပေါင်းချောင်ကို လက်မှုပညာသည် ဟီဒါကာ ဖန်တီးပေးထားခြင်းဖြစ်သော်လည်း အဖုံးကို အက်ခရိုင်းလစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ **ဖန်ပေါင်းချောင်၏ အပူချိန်၊ စိုစွတ်မှု၊ အလင်းရောင်၊ ရေပမာဏကဲ့သို့သော အခြေအနေများ အားလုံးကို စမတ်ဖုန်း App တစ်ခုမှတစ်ဆင့် ထိန်းချုပ်ထားခြင်းဖြစ်သည်။** ဟင်းသီးဟင်းရွက်များကို ခူးဆွတ်ရမည့်အချိန်သို့ ရောက်ရှိလာပါက အသုံးပြုသူထံသို့ Notification ပေးပို့သွားမည်ဖြစ်သည်။ လူနေထူထပ်၍ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် အခြေခံဝဟုသုတမရှိသော တိုကျိုကဲ့သို့သော မြို့ကြီးများ၏ မြို့ပြလူ နေမှုဘဝအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **ဟင်းသီးဟင်းရွက်များအတွက် အစေ့များကို ထည့်သွင်းပြီးပါက ဖန်ပေါင်းချောင်နှင့် မိုဘိုင်းဖုန်းကို ချိတ်ဆက်၍ ကြီးထွားမှုကို စောင့်ကြည့်ရန်သာ လိုအပ်သည်။** ဖန်ပေါင်းချောင်ထဲတွင် LED မီးများ၊ ပန်ကာများ၊ Co_2 အာရုံခံကိရိယာများ၊ အောက်ဆီဂျင်စက်များစသည်ဖြင့် ပျိုးစုံပါဝင်သည်။ ၎င်းဖန်ပေါင်းချောင် ကို ပြီးခဲ့သည့်စက်တင်ဘာလတွင် တရားဝင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒေါ်လာ ၃၆၀ ဖြင့် ဝယ်ယူနိုင်ပြီဟု သိရသည်။

(AP, 10.5.16)

ကြောင်၏ "ညောင်" ဟု အော်သံကို လူစကားအဖြစ်ဘာသာပြန်ပေးနိုင်သည့်စမတ်လည်ပတ်ကို တီထွင်

လန်ဒန်အခြေစိုက်ကုမ္ပဏီ Adam &eveDDB က **ကြောင်အော်သံကို လူ စကားအဖြစ် ဘာသာပြန်ပေးနိုင်သည့် Catterbox အမည်ရှိ စမတ်လည်ပတ်ကို တီထွင်ခဲ့သည်ဟု သိရသည်။** ၎င်းလည်ပတ်တွင် ကြောင်အော်သံ ကို ခြေရာခံပေးမည့် ဒီဂျစ်တယ်အာရုံခံကိရိယာပါဝင်ပြီး အထူးပရိုဂရမ်တစ်ခုကိုအသုံးပြုကာ **ကြောင်အော်သံ၏နောက်ကွယ်မှ အဓိပ္ပာယ်ကို ဖော်ထုတ်ပေးမည်ဖြစ်သည်။** လည်ပတ်ကို အနီးစပ်ဆုံး ဘာသာပြန်နိုင်ရန်အတွက် ကြောင်အော်သံအမျိုးမျိုးကို လေ့လာထားသော အဘိဓာန်နှင့်အတူ တွဲဖက်ရောင်းချခြင်းဖြစ်ပြီး ကြောင်များနှင့်ပတ်သက်၍ ပိုမိုသိရှိစေရန် တီထွင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ကုမ္ပဏီဒါရိုက်တာပီတာက ဆိုခဲ့သည်။ ၎င်းမှာ ကမ္ဘာ့ပထမဆုံး ကြောင်အော်သံကို ဘာသာပြန်ပေးနိုင်သည့်လည်ပတ်ဖြစ်သည်။ ကုမ္ပဏီမှ သုတေသီများက ခာတ်ခွဲခန်းဖြင့် ကြောင်သံအမျိုးမျိုးကို လေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် ကြောင်၏ "ညောင်" ဟုအော်သံသည် မည်သည့်အဓိပ္ပာယ်ဖြစ်ကြောင်းကို ဘာသာပြန်ဆိုပေးမည့် အထူးပရိုဂရမ်တစ်ခုကို တီထွင်ခဲ့ခြင်းဖြစ်သည်။ **၎င်းလည်ပတ်ဖြင့် ကြောင်ပိုင်ရှင်များသည် မိမိတို့ချစ်ခင်သည့် ကြောင်များနှင့် စကားပြောဆိုနိုင်မည် ဖြစ်သောကြောင့်** ၎င်းကြောင်လည်ပတ်မှာ အောင်မြင်မှုရရှိလိမ့်မည်ဟု ယူဆရသည်။ စမတ်လည်ပတ်ကို စမတ်ဖုန်း App နှင့်အတူ တွဲဖက်အသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီက စမတ်လည်ပတ်ကို လက်တွေ့အသုံးပြုပြခဲ့ရာတွင် ပျော်ရွှင်မှုကိုပေးစွမ်းနိုင်သော်လည်း ကြောင်တစ်ကောင်၏ အမှန်တကယ်ဆိုလိုသည့် အဓိပ္ပာယ်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိရှိရခြင်းမရှိကြောင်း သိရသည်။

(OC, 10.5.16)

အိမ်တစ်လုံးပေါ် တစ်လုံးဆင့်ထားသကဲ့သို့ ဆောက်လုပ်ထားသည့် အလက်စကာမှ မျှော်စင်ကြီး



အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ Anchorage မြို့တွင် ၁၈၅ ပေ အမြင့်ရှိသော Goose Creek မျှော်စင်ကြီးမှာ အိမ်တစ်လုံးပေါ်တစ်လုံးဆင့်ထားသကဲ့သို့ တည်ဆောက်ထားခြင်းဖြစ်သည်ဟု သိရသည်။ ၎င်းဒေသအတွင်း၌ တောမီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြောက်အမေရိကမှ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် Denali အလှကို တာဝါ၏ ထိပ်မှနေ၍ ကြည့်ရှုခံစားနိုင်သည်။ တာဝါ၏ အဓိကဆွဲဆောင်မှုမှာ ထူးဆန်းသည့် ဒီဇိုင်းပုံစံကြောင့်ဖြစ်ပြီး မူလက တစ်ထပ်အိမ်အဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်သော်လည်း တောမီးလောင်ကျွမ်းပြီးနောက် ပိုင်ရှင်ဖီးလ်ပိုင်ဒါက ရှုမျှော်ခင်းကြည့်နိုင်ရန် အထပ်များ ထပ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းမျှော်စင်သည် Theodore LeSieg ရေးသားသော Dr.Seuss ပုံပြင်များထဲတွင် ပုံဖော်ထားသည့်အတိုင်းဖြစ်ပြီး ဒေသခံများက Dr.Seuss House ဟု ခေါ်ဆိုကြသည်။ ၎င်းမျှော်စင်ကို ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း ထိုစဉ်ကတည်းက လူသူကင်းမဲ့နေခြင်းဖြစ်ပြီး ယခုအခါမှ ထောင်နှင့်ချီသော Dr. Seuss ပရိသတ်များက လာရောက်လည်ပတ်ခဲ့ကြခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ပိုင်ဒါသည် မျှော်စင်ကြီးကိုဖွင့်လှစ်ကြောင်း ကြေညာခဲ့ပြီး တာဝါမှာ အတွင်းပိုင်းတွင် လျှပ်စစ်မီးများ သွယ်တန်းခြင်း ကဲ့သို့သော အဓိကကျသည့် ပြင်ဆင်မှုများပြုလုပ်ပြီး ဖြစ်သော်လည်း အပြင်ပိုင်းပြင်ဆင်မှုများကို နှစ်နှစ်ကြာ ထပ်မံအချိန်ယူ၍လုပ်ဆောင်ရဦးမည်ဖြစ်သည်ဟု သိရသည်။ **(OC, 26.4.16)**

အကျဉ်းသားများကြားတွင် ရေပန်းစားနေသည့် ကမ္ဘာ့အသေးဆုံး မိုဘိုင်းဖုန်း

စမတ်ဖုန်းလောကတွင် Samsung, Apple တို့က ကြီးစိုးထားသော်လည်း ကုမ္ပဏီအချို့က မိမိတို့နည်းဖြင့် အကျိုးအမြတ်များရရှိအောင် တီထွင်ကြံဆနေကြ ဆဲဖြစ်သည်။ ဥပမာအားဖြင့် Zanco Fly ကမ္ဘာ့အသေးဆုံးဖုန်းကို တီထွင်ခဲ့ခြင်းဖြစ်ပြီး ဖြန့်ဖြူးရောင်းချရာနေရာကောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းက အလျား ၇၁ ဒသမ ၈ မီလီမီတာနှင့် အကျယ် ၂၃ ဒသမ ၅ မီလီမီတာ အရွယ်အစားရှိသော ဒေါ်လာ ၄၀ တန်ဖုန်းများကို အကျဉ်းထောင်များ၌ ဖွက်၍အသုံးပြုနိုင်အောင် ရောင်းချပေးနေခြင်းဖြစ်သည်။ ၎င်းဖုန်းများကို အီလက်ထရွန်နစ်ပစ္စည်းဆိုင်ကြီးများတွင် ဝယ်ယူ၍မရဘဲ အွန်လိုင်းစတိုးများတွင်သာ ရောင်းချသည်။ ပလတ်စတစ်ကိုယ်ထည်ဖြင့် ပြုလုပ်ထားသည့်ဖုန်းကို အကျဉ်းထောင်များတွင် ဈေးကွက်ရှာဖွေခြင်းဖြစ်ပြီး Beat the Boss ဟူသောစာတန်းနှင့်အတူ ရောင်းချခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ စစ်ဆေးရေးအရာရှိများ၏ ရှာဖွေရေးကိရိယာများနှင့် မတွေ့နိုင်ဟု ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဗြိတိန်၌တည်ထောင်ခဲ့သော Zini Mobile ကုမ္ပဏီက ထုတ်လုပ်ခြင်း ဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီတွင် ကုမ္ပဏီကို ဖျက်သိမ်းလိုက်သော်လည်း ဖုန်းများကို ဆက်လက်ရောင်းချနေဆဲဖြစ်သည်ဟု ယူဆရကာ နှစ်စဉ်ဝင်ငွေဒေါ်လာသန်း ၁၀၀ ကျော်ရရှိနေသည်။

(OC,26.4.16)

ဆော်ဒီအာရေဗျ ကမ္ဘာလှည့် ခရီးသွားများက လန်ဒန်မြို့ အတွင်း၌ ရွှေကားများဖြင့် လှည့်လည်အလှပြ

ဆော်ဒီအာရေဗျမှ ကမ္ဘာလှည့်ခရီးသွားတစ်စုသည် ပြီးခဲ့သည့်အားလပ်ရက်တွင် လန်ဒန်မြို့သို့ရောက်ရှိလာခဲ့ပြီး မြို့အတွင်း၌ တန်ဖိုးကြီး ရွှေကားများဖြင့် လှည့်လည်အလှပြခဲ့ကြသည်ဟု သိရသည်။ ၎င်းတို့၏ ရွှေကားများထဲတွင် ဒေါ်လာ ၅၂၆၆၀ တန်ဖိုးရှိသော Mercedes G63၊ ဒေါ်လာ ၃၁၂၆၄၀ တန်ဖိုးရှိသော Bentley Flying Spun ဒေါ်လာ ၄၉၇၃၈၀ တန်ဖိုးရှိသော Rolls Royce နှင့် Lamborghini Aventador SV တို့ ပါဝင်လာခဲ့ပြီး ကြယ်ငါးပွင့် Mandarian Oriental ဟိုတယ်ရှေ့တွင် ပါကင်ထိုးထားခဲ့သောကားများထဲမှာ ပြီးခဲ့ သည့်အားလပ်ရက်က ကန်စင်တန် နန်းတော်ရှေ့မှ ဖြတ်ကျော်၍ မောင်းနှင်ခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်ခန့်မှစတင်၍ ဥရောပမြို့ကြီးများ၌ ကူဝိတ်၊ ဆော်ဒီနှင့် ယူအေအီးကဲ့သို့သောနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများက ရွှေကားများဖြင့် ဖြတ်ကျော်လှည့်လည် ခရီးသွားလာခြင်းမှာ နှစ်စဉ်မြင်တွေ့နေကျ မြင်ကွင်းတစ်ခုကဲ့သို့ ဖြစ်နေသည်ဟု သိရသည်။ **(DM, 12.4.16)**

ကိုလံဘီယာမှ ပေ ၆၅၀ မြင့်သော ကျောက်တောင်ကြီးတွင် အံကျိုးဇစ်သဏ္ဍာန်လှေကားထစ်များ ဆောက်လုပ်ထား

ကိုလံဘီယာနိုင်ငံမှ ပေ ၆၅၀ အမြင့်ရှိသော ကျောက်တောင်ကြီးတွင် လှေကားထစ်ပေါင်း ၆၅၀ ဆောက်လုပ်ထားသော်လည်း ပုံမှန်လှေကားထစ်များကဲ့ သို့ မဟုတ်ဘဲ အံကျိုးဇစ်သဏ္ဍာန်တည်ဆောက်ထားခြင်းဖြစ်သည်။ တန်ချိန် ၁၀၀ အလေးချိန်ရှိသော El Penon de Guatape ကျောက်တောင်ကြီးတွင် ဇစ် ပုံစံတည်ဆောက်ထားသည့်လှေကားထစ်များ၏ မြင်ကွင်းသည် ထူးခြားစွာလှပနေသည်။ လှေကားတစ်များမှတက်မှသာ ကျောက်တောင်ကြီး၏ ထိပ်သို့ရောက်ရှိ နိုင်မည်ဖြစ်ပြီး အပေါ်သို့ရောက်သည်နှင့် ခရီးသွားများက လှပလွန်းသည့်ရှုမျှော်ခင်းကြောင့် တက်ရကျိုးနပ်သည်ဟု ဆိုခဲ့သည်။ ယင်းကျောက်တောင်ကြီးသည် ယခုအခါ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်လာပြီး ကျောက်တောင်ထိပ်၌ ဘာသာရေးဆိုင်ရာ အမွေအနှစ်များရှိပြီး သုံးထပ်ရှုမျှော်ခင်းကြည့် အဆောင်ကြီးကိုလည်း အဝေးမှပင် မြင်တွေ့ရနိုင်သည်။ ၁၉၅၀ ဝန်းကျင်တွင် သူငယ်ချင်းတစ်စုက ကျောက်တောင်အဟကြားတွင် ပျဉ်ချပ်များဖြင့် အဖြစ်လုပ်ထားသော လှေကားထစ်များမှ ထိပ်အထိရောက်အောင် ငါးရက်အချိန်ယူခဲ့ရသည်။ သို့သော် ယနေ့ခေတ်တွင် ပိုမိုခိုင်မာသည့် အုတ်လှေကားများကို အစားထိုးထားပြီ ဖြစ်သောကြောင့် လုံခြုံရေးအတွက် စိတ် ချရသည်။ ယင်းကျောက်တောင်ကြီးသည် လွန်ခဲ့သည့်နှစ်ပေါင်း သန်းနှင့်ချီကတည်းက ရှိနေခဲ့သည်ဟု ပြောစမှတ်ပြုပြီး မူလက ၎င်းဒေသတွင် နေထိုင်သောအင်ဒီးယန်း မျိုးနွယ်စုတစ်စုက အထွတ်အမြတ်ထားခြင်း ဖြစ်သည်ဟု သိရသည်။

(DM, 3.5.16)

Disney World အပန်းဖြေကစားကွင်းရှိ စင်ဒရဲလားရဲတိုက်ကြီးရှေ့တွင် စုံတွဲများလက်ထပ်ထိမ်းမြားနိုင်ပြီ



ဒစ္စနေးဇာတ်ကောင်များ၏ ပရိသတ်များအနေဖြင့် **Disney World Florida အပန်းဖြေကစားကွင်းကြီးထဲရှိ စင်ဒရဲလားရဲတိုက်ရှေ့တွင် လက်ထပ်ထိမ်းမြားနိုင်ပြီ**ဟု သိရသည်။ အဖြူရောင်နှင့် အပြာရောင်ရဲတိုက်ကြီးရှေ့တွင် စုံတွဲများ မင်္ဂလာဆောင်ရန်မှာ အလွန်စိတ်ကူးယဉ်ဆန်သော်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများရှိသည်။ သတို့သားက ရဲတိုက်ထဲတွင် ခမ်းနားသည့်ပွဲတော်တစ်ခု ကျင်းပပေးရမည်ဖြစ်ပြီး သတို့သမီးက ဒစ္စနေးဇာတ်ကောင်များ၏ ပုံစံအတိုင်း မင်းသမီးလေးတစ်ပါး၏ အဝတ်အစားများနှင့် ရောက်ရှိလာရမည် ဖြစ်သည်။ အပန်းဖြေကစားကွင်းကြီးထဲရှိ East Plaza Garden ကဲ့သို့ ရထားလုံးဖြင့် ဝင်ရောက်လာသော သတို့သမီး၏ဘေးတွင် အခြွေအရံများလည်း လိုက်ပါလာမည်ဖြစ်သည်။ ရဲတိုက်သို့ ရောက်ရှိသည်နှင့် ခရာမှုတ်သူများက ကြိုဆိုကြမည်ဖြစ်သည်။ မင်္ဂလာအခမ်းအနားများကို နံနက် ကိုးနာရီခွဲအချိန်၌သာ ကျင်းပခွင့်ပြုပြီး မင်္ဂလာပွဲကျင်းပချိန်တွင် အပန်းဖြေကစားကွင်းကိုလည်း အများပြည်သူအတွက် ဖွင့် လှစ်ပေးထားမည်ဖြစ်သည်။ ဒစ္စနေး၏ ပုံပြင်ဆန်ဆန် မင်္ဂလာပွဲများမှာ နာမည်ကျော်ကြားပြီးသားဖြစ်သော်လည်း ယခု Magic Kingdom မင်္ဂလာအခမ်းအနားများသည် အထူးအဆန်းဖြစ်နေပြီး စုစုပေါင်းကုန်ကျစရိတ် ဒေါ်လာ ၇၅၀၀၀ ရှိမည်ဖြစ်သည်ဟု သိရသည်။

(AP, 10.5.16)

ချောက်ကမ်းပါးနံရံကြီးတွင် အမြင့် ၉၈ ပေ၌ ချိတ်ဆွဲထားသည့် ရှုခင်းကြည့် ဟိုတယ်အခန်းငယ်



တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန် အရပ်ဒေသကချောက်ကမ်းပါးနံရံကြီးမှာ ရှုခင်းကြည့်ဟိုတယ်အခန်းသေးသေးလေး ချိတ်ဆွဲထားမယ်ဆိုတဲ့ အစီအစဉ်ကို ကောင်လေးတစ်ယောက်က ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီလိုထူးထူးခြားခြားဟိုတယ်အခန်းမျိုးဟာ တရုတ်မှာဆိုရင် ပထမဦးဆုံးဟိုတယ်အခန်းဖြစ်လာလိမ့်မယ်လို့ လူတွေက ဆိုပါတယ်။ အဲဒီဟိုတယ်အခန်းက အပြင်ကို ဖောက်ထွင်းမြင်ရတာကြောင့် သဘာဝရှုခင်းအလှကို တဝကြီးခံစားနိုင်မှာဖြစ်ပေမယ့် **အဲဒီနေရာကိုရောက်ဖို့ ကြိုးနဲ့တွယ်တက်ရမှာပါတဲ့လေ**။ ဒီဟိုတယ်အခန်းသေးသေးလေးကို ဒေသခံလူငယ်လေးတစ်ယောက်က မေလ ၄ ရက်မှာထုတ်ဖော်ပြသလိုက်တာပါ။ အဲဒီ**အခန်းလေးရဲ့အရှည်က ၁၀ ပေရှိပြီး အနံက ငါးပေရှိတာမို့ လူနှစ်ယောက်စာပဲရမှာ**ပါ။ ၉၈ ပေအမြင့်မှာရှိတဲ့ အဲဒီအခန်းသေးသေးလေးဟာဆိုရင်ဖြင့် အလေးချိန် ၁၈၀ ကီလိုဂရမ်ပဲရှိပြီး အလေးချိန် ၇၀၀ ကီလိုဂရမ်ကို ခံနိုင်ရည်ရှိပါသတဲ့။ လက်တွေ့ဆောက်ဖို့ စိတ်ကူးနေဆဲအဆင့်ပဲရှိသေးတာကြောင့် သန့်စင်ခန်းတွေ၊ စားမယ့်သောက်မယ့် နေရာတွေတော့ မပါသေးပါဘူး။

(DM , 6.5.16)

တရုတ်ရွာသားတစ်ဦးက လေလွင့်ခွေးအမှတ်ဖြင့် မွေးမြူထားသော တိရစ္ဆာန်မှာ ဝက်ဝံဖြစ်နေ

တရုတ်နိုင်ငံ Dehong Dai and Jingpo ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွာသားတစ်ဦးမှာ **လမ်းဘေးမှ လေလွင့်ခွေးအမှတ်ဖြင့် မွေးမြူထားသော တိရစ္ဆာန်သည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဝက်ဝံမျိုးစိတ်ဖြစ်နေကြောင်း** သိရှိခဲ့ရသည်။ တောရိုင်းတိရစ္ဆာန်အာဏာပိုင်များ၏ အဆိုအရ ၎င်းတိရစ္ဆာန်သည် **တရုတ်နိုင်ငံတွင် ပထမအဆင့် ကာကွယ်စောင့်ရှောက်ရမည့် မျိုးစိတ်များထဲတွင် ပါဝင်သော အာရှဝက်ဝံမည်းဖြစ်သည်**ဟု ဆိုခဲ့သည်။ အမည်မဖော်လိုသူ ရွာသားက ၎င်းမှာ လွန်ခဲ့သည့် လအနည်းငယ်ခန့်က ယူနန်ပြည်နယ်တွင် ၎င်းတိရစ္ဆာန်ကိုတွေ့ရှိခဲ့သောကြောင့် အစားမစားရ၍ချည့်နဲ့နေသော လမ်းဘေးခွေးတစ်ကောင်အမှတ်နှင့်ကောက ယူမွေးစားခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ၎င်းရွာသားသည် **ဝက်ဝံကို တရုတ်နိုင်ငံမှ ခွေးမျိုးစိတ်တစ်ခုဖြစ်သော ကန်မင်းဝံပုလွေခွေးအမျိုးအစားနှင့်မှားယွင်းခဲ့ခြင်းဖြစ်ပြီး** ၎င်းခွေးများကို စစ် တပ်ထဲ၌ အသုံးပြုသည်။ သို့သော် **တဖြည်းဖြည်းနှင့် ခွေးတစ်ကောင်၏ အရွယ်အစားခန့် ပိုမိုကြီးမားလာပြီး အလွန်အမင်းစားသုံးမှုကြောင့် ရွာသားက ဒေသခံတောရိုင်းတိရစ္ဆာန်အာဏာပိုင်များထံ အကြောင်းကြားခဲ့သောအခါမှ ဝက်ဝံမှန်းသိရှိခဲ့ခြင်းဖြစ်**သည်။ ၎င်းဝက်ဝံပေါက်လေးသည် အနီးအနားရှိ တောအုပ်တစ်ခုမှ မိခင်နှင့်ကွဲ၍ လမ်းမှားရောက်ရှိလာခဲ့သည်ဟုယူဆရပြီး တာဝန်ရှိသူများက ဝက်ဝံအားတောအုပ်ထဲတွင် ရှန်သန်နေထိုင်တတ်အောင်လေ့ကျင့်ပေးပြီးမှ ပြန်လွှတ်ပေးမည်ဖြစ်သည်ဟု သိရသည်။ **(DM, 10.5.16)**

သချၤာပါမောက္ခ၏ စာရွက်ပေါ်မှ ထူးဆန်းသော တွက်ချက်မှုများကိုနားမလည်သော အမျိုးသမီးက အကြမ်းဖက်သမားဟု လာရောက်တိုင်ကြား

အီတလီသချၤာပါမောက္ခတစ်ဦး၏ စာရွက်ပေါ်မှ ထူးဆန်းသော ကိန်းကဏန်းတွက်ချက်မှုများကိုနားမလည်သည့် ခရီးသွားတစ်ဦးက **အကြမ်းဖက်သမားဟု သွားရောက်အကြောင်းကြားခဲ့သောကြောင့် ၎င်းပါမောက္ခမှာ အမေရိကန်လေကြောင်းလိုင်းခရီးစဉ်တွင် လိုက်ပါခွင့်မရရှိခဲ့**ဟု သိရသည်။ သချၤာပါမောက္ခဂိုင်ဒိုမန်ဇီအို သည် ဈေးနှုန်းသတ်မှတ်မှုနှင့်ပတ်သက်၍ တင်ပြမှုပြုလုပ်ရန် သချၤာညီမျှခြင်းများကို တွက်ချက်ထားခြင်းဖြစ်သော်လည်း ဘေးခုံတွင်ထိုင်သည့်အမျိုးသမီးက စာရွက်ပေါ်မှ ၎င်းနားမလည်သည့် တွက်ချက်မှုများကိုကြည့်၍ အကြမ်းဖက်သမားဟု ယုံကြည်ကာ လေယာဉ်အမှုထမ်းများထံ အကြောင်းကြားရန် ဆုံးဖြတ်ခဲ့သည်။ Phila- delphia မှ Syracuse သို့ ပျံသန်းသည့် လေယာဉ်ပေါ်တွင် ၎င်းအမျိုးသမီးသည် နေမကောင်းချင်ယောင်ဆောင်၍ ထိုင်ခုံမှထကာ လေယာဉ်အမှုထမ်းတစ်ဦးထံ သချၤာပါမောက္ခ၏စာရွက်ကို သွားပေးခဲ့ခြင်းဖြစ်သည်။ **ပင်လ်ဆယ်ဗေးနီးယား တက္ကသိုလ်မှ စီးပွားရေးပါမောက္ခ မန်ဇီအိုကို လေယာဉ်အမှုထမ်းများက သီးသန့်ခေါ်ယူတွေ့ဆုံကာ မေးမြန်းမှုများ ပြုလုပ်ခဲ့ရပြီး နောက်ဆုံးမှ အာဏာပိုင်များအား စာရွက်ပေါ်တွင် ရေးသားထားသည့်အ ကြောင်းအရာများမှာ သချၤာညီမျှခြင်းများသာဖြစ်ကြောင်း** ရှင်းပြနိုင်ခဲ့သည်။ ၎င်း အမျိုးသမီးကြောင့် လေယာဉ်ထွက်ခွာရန် နှစ်နာရီခန့် နောက်ကျခဲ့ရပြီး မန်ဇီအိုက ``အစကတော့ ဒီအမျိုးသမီး နေမကောင်းလို့ပဲထင်မိတာပါ။ နောက်တော့မှ ကျွန်တော် ရေးထားတာတွေကိုကြည့်ပြီး အကြမ်းဖက်သမားလို့ ထင်နေမှန်း သိခဲ့ရတာပါ``ဟု ဆိုခဲ့သည်။ **(AP, 10.5.16)**

ဆူမိုနပန်းသမားကြီးများက ကလေးများငိုစေရန်လုပ်ပေးသည့် အငိုပြိုင်ပွဲကြီးတွင် ပထမဦးဆုံးငိုသည့်ကလေးက အနိုင်ရ

ဆူမိုနပန်းသမားကြီးများက ကလေးများငိုစေရန် အပြိုင်လုပ်ပေးသည့် ပွဲတော်ကြီးကို ဂျပန်တွင်ကျင်းပခဲ့သည်။ **မကောင်းဆိုးဝါးများရန်မှ ကလေးကို ကာကွယ်ပေးရန်နှင့် ကလေးကျန်းမာရေး ကောင်းစေရန်အတွက် ကလေးများကို ထိုပွဲတော်တွင် နပန်းသမားကြီးများကငိုစေရန် လုပ်ပေးခြင်း**ဖြစ်သည်။ ပြိုင်ပွဲဝင် မွေးကင်းစကလေးလေးများကို ကကောင်းခြင်းများ ယူဆောင်လာပေးသည်ဟု ဒေသခံများက ယုံကြည်ကြသည့် အထက်ပါအငိုပြိုင်ပွဲတွင် **ပထမဦးဆုံး ဝါးခနဲအော်ငိုလိုက်သည့် ကလေးသည် အနိုင်ရ**သည်။ ကလေးပေါင်း၁၀၀ကျော်ကို ကွင်းတစ်ကွင်းထဲတွင်ထည့်ထားပြီး ဆူမိုုလု သည့်နပန်းသမားများက ကလေးငိုစေရန် ခြောက်ပေးရသည်။ **(CCTV , 6.5.16)**



ကမ္ဘာ့အလေးစားရဆုံး အမျိုးသမီး ၁၀ ဦး စာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်က နံပါတ် ၉ ချိတ်

YouGov ကမ္ဘာ့ထိပ်တန်း သုတေသန ကုမ္ပဏီက ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့အလေးစားရဆုံး အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၀ ဦးစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် **မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်က လူအလေးစားခံရဆုံး အမျိုးသမီး ၁၀ ဦး စာရင်းထဲတွင် နံပါတ် ၉ ချိတ်ခဲ့သည်**ဟု သိရသည်။ စာရင်းထဲ၌ ဆီးရီးယားသမ္မတအာဆတ်ကို ထောက်ခံမှုများကြောင့် ဝေဖန်ခံနေရသော ရုရှားသမ္မတပူတင်က လူလေးစားခံရဆုံး အမျိုးသား ၁၀ ဦးစာရင်းထဲတွင် ပုပ်ရဟန်းမင်းကြီး၊ ဒလိုင်းလားမားကဲ့သို့သော ပုဂ္ဂိုလ်များကိုကျော်ဖြတ်၍ နံပါတ်ခြောက်နေရာ၌ ရပ်တည်နေနိုင်သည်ကို တွေ့ရသည်။ **မိုက်ခရိုဆော့ဖ်သူဌေး ဘီလ်ဂိတ်က နံပါတ်တစ်၊ အမေရိကန်သမ္မတအိုဘားမားက နံပါတ်နှစ်၊ တရုတ်သမ္မတရှီကျင့်ဖျင်က နံပါတ်သုံး**၊ မင်းသားဂျက်ကီချမ်းက နံပါတ်လေး၊ ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းက နံပါတ်ငါး၊ ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇူကာဘတ်က နံပါတ်ခုနစ်၊ တီဘက် ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား က နံပါတ်ရှစ်၊ အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက နံပါတ်ကိုးနှင့် တရုတ်နိုင်ငံမှ ဂျက်မာက နံပါတ်၁၀တို့တွင် အသီးသီး ရပ်တည်နေသည်။ YouGov မှ ဖရက်ဒီဆေယာစ်က "ကမ္ဘာ့လူအလေးစားခံရဆုံး ပုဂ္ဂိုလ်စာရင်းမှာ **နိုင်ငံရေးခေါင်းဆောင် တွေတင်မကဘဲ အနုပညာရှင်တွေလည်း** ပါဝင်လာတာကို မြင်တွေ့ရပါတယ်။ သူတို့အားလုံးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းတွေနဲ့ ကမ္ဘာကြီး ကောင်းရာကောင်းကျိုးအတွက် လုပ်ဆောင်နေကြသူတွေပါ"ဟု ဆိုခဲ့သည်။ ၂၀၁၅ ခုနှစ်က ရုရှားသမ္မတ ပူတင်သည် စာရင်းထဲတွင် နံပါတ် ၁၁နေရာ၌သာ ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်သည်။ လူအလေးစားခံရဆုံး အမျိုးသမီး၁၀ဦး စာရင်းထဲ တွင် နိုဗယ်ဆုရှင်မာလာလာက နံပါတ် နှစ်နေရာမှ နံပါတ်ခုနစ်အထိ ရောက်ရှိသွားခဲ့ပြီး **မင်းသမီးအိန်ဂျယ်လီနာဂျိုလီက နံပါတ်တစ်**၊ အဲ

လိဇဘက်ဘုရင်မကြီးက နံပါတ် နှစ်၊ ဟီလာရီကလင်တန်က နံပါတ် သုံး၊ အော်ပရာဝင်းဖရေးက နံပါတ်လေး၊ မီရှဲအိုဘားမားက နံပါတ် ငါး၊ စလင်းဒီယွန် က နံပါတ်ခြောက်၊ အိန်ဂျယ်လာမာကယ်က နံပါတ်ရှစ်နှင့် ဆန်ဒရာဘူးလော့ခ်က နံပါတ်၁၀နေရာတို့တွင် အသီးသီး ရပ်တည်နေနိုင်သည်ဟု သိရသည်။

(AP, 10.5.16)

တရုတ်ဆေးရုံတစ်ခုတွင် ခွဲစိတ်မှုခံယူခဲ့သောလူနာက သတိရလာသောအချိန်တွင် ကျောက်ကပ်တစ်လုံး ပျောက်ဆုံးနေမှန်း သိရှိခဲ့ရ

တရုတ်နိုင်ငံ အန်းဟွေပြည်နယ် ဖူကျိုးမြို့တွင် လူယုံဝေအမည်ရှိ အမျိုးသားတစ်ဦးသည် ထွန်စက်မောင်းနှင်နေရင်းမှ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ရင်ဘတ်ခွဲစိတ်မှုတစ်ခု ပြုလုပ်ခဲ့ရသည်။ သို့သော် **လအနည်းငယ်အကြာ၌ ဒေသခံဆေးရုံတစ်ခုတွင် ပုံမှန် ဆေးစစ်မှုသွားရောက်ပြုလုပ်သည့်အခါမှ ညာဘက်ကျောက်ကပ် မရှိတော့မှန်း သိရှိခဲ့ရခြင်းဖြစ်**သည်။ ၎င်းမှာ ထွန်စက်နှင့် ထိခိုက်မိခဲ့ချိန်တွင် ဒဏ်ရာပြင်းထန်သောကြောင့် ဖူကျိုးမြို့ရှိ ဖူးကျိုးဆေးကောလိပ်၏ Affiliated Hospital သို့ အရေးပေါ် ပို့ဆောင်ခဲ့ရသည်။ ဆရာဝန်များ ညာဘက်ကျောက်ကပ်အပါအဝင် ကိုယ်တွင်းအင်္ဂါအများစု ပျက်စီးသွားသောကြောင့် ရှစ်နာရီကြာ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရပြီး ခွဲစိတ်မှုပြီး သည့်နောက်တွင် ဆရာဝန်တစ်ဦးက အစောပိုင်း၌ ညာဘက်ကျောက်ကပ်ကို ထုတ်ယူခဲ့သော်လည်း ကောင်းမွန်နေသေးသည်ကို တွေ့ ရှိရသော ကြောင့် ပြန်ထည့်ပေးခဲ့သည်ဟု ဆိုခဲ့သည်။ ဒဏ်ရာများကို သန့်ရှင်းရန်အတွက် ရက်သတ္တပတ် အနည်းငယ်အကြာ တွင် ဒုတိယမြောက် ခွဲ စိတ်ကုသမှု ပြုလုပ်ခဲ့ရသည်။ တစ်လအကြာ၌ ချုပ်ရိုးဖြည်လိုက်သော်လည်း ဒဏ်ရာများမှာ အရှင်းမပျောက်သေးသောကြောင့် ဒေသခံဆေး ရုံတစ်ခုသို့ သွားပြခဲ့ရသည်။ ထိုအခါမှ ကျောက်ကပ်တစ်လုံးမရှိတော့ကြောင်း သိရှိခဲ့ရခြင်းဖြစ်ပြီး ရဲတိုင်ထားသော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

(DM, 10.5.16)

ကမ္ဘာ့အသာယာ အလှပဆုံးရွာလေးများ

ခေတ်ကိုက ဆယ်လ်ဖီခေတ်ရောက်နေပြီဆိုတော့ လူတွေဟာ တစ်နေရာရာကို သွားမယ်ဆိုရင် ဆယ်လ်ဖီရိုက်လို့ကောင်းတဲ့ဆီကိုပဲ ရွေးသွားကြပါတော့တယ်။ ဒီတော့ နတ်သမီးပုံပြင်ထဲကအလား သာယာလှပလွန်းလှတဲ့နေရာတွေက ဆယ်လ်ဖီကိုကို၊ မမတွေအတွက်တော့အကြိုက်တွေ့စရာ အရမ်းကောင်းနေမှာပါ။ ဒီလိုနေရာတွေကို နောက်ခံထားပြီး ဓာတ်ပုံရိုက်မယ်ဆိုရင် ဓာတ်ပုံက အင်မတန့်အင်မတန်ကို လှနေတော့မှာပေါ့။ အဲဒီနေရာတွေက ရင်သပ်ရှုမောစရာကောင်းလောက်အောင်လှတဲ့ တောင်တန်းကြီးတွေ၊ ချောက်ကမ်းပါးကြီးတွေမှာ နေရာအပြည့်ယူထားတဲ့ ခံ့ညားထည်ဝါပေ့ဆိုတဲ့ ဇရာမရဲတိုက်ကြီးတွေနဲ့ လူမနေတော့တဲ့နေရာတွေမှာ နံရံကပ်အပင်တွေက နေရာယူသွားပြီး လှချင်တိုင်းလှနေတဲ့နေရာတွေပေါ့။ **ကမ္ဘာ့ အသာယာအလှပဆုံးရွာအဖြစ်** သတ်မှတ်ခံထားရတဲ့နေရာတွေထဲမှာ **ဩစတြီးယားက ဟော်စတက်ဆိုတဲ့ရွာ**လည်း ပါပါတယ်။ အဲဒီရွာလေးဟာဆိုရင်ဖြင့် အက်ပ်စ်တောင်တန်းကြီးနဲ့ ရေကန်ကြီးကြားမှာ တည်ရှိတာပေါ့။ ဒါကြောင့် **ရွာလေးရဲ့အရိပ်ဟာ ကန်ရေပြင်ကြီးထဲမှာအတိုင်းသားပေါ်နေပြီး** မြင်ရသူရဲ့စိတ်နှလုံးကို သိမ်းကျုံးညှို့ယူသွားတော့မှာပါ။ ရွာလေးဟာ လှလွန်းလှတာမို့ တရုတ်ကုမ္ပဏီတစ်ခုကဆိုရင် အဲဒီရွာ အသေးစားကို တရုတ်မှာ ပြန်တည်ပါသတဲ့လေ။ လှသာလှပေမယ့် ဩစတြီးယားကအဲဒီရွာလေးကို ခရီးသွားတွေ သိပ်မလာပါဘူး။ ဒါပေမဲ့လည်း **မြင်သစ်နိုင်ငံ**
*** နော့မန်ဒီကမ်းရိုးတန်းက** **ရွာလေးကိုတော့** နှစ်တိုင်း ခရီးသွားတွေ နှစ်သန်းလောက်လာပါတယ်။ သူဟာလည်း ကမ္ဘာ့အသာယာအလှပဆုံးရွာတွေထဲမှာ ပါတယ်လေ။

(DM, 4.5.16)

ဘတ်စကားယာဉ်မောင်း၏သားက လန်ဒန်၏ ပထမဦးဆုံးမွတ်စလင်မြို့တော်ဝန် ဖြစ်လာ

ဆာဒစ်ခန်သည် ဗြိတိန်နိုင်ငံ မြို့တော် လန်ဒန်၏ မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခံရသဖြင့် **လန်ဒန်၏ ပထမဦးဆုံး မွတ်စလင်မြို့တော်ဝန်ဖြစ်လာပြီ ဖြစ်**သည်ဟု မေလ ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။ လေဘာပါတီမှ မစ္စတာခန်သည် ဖြိုင်ဘက်များကို အနိုင်ယူကာ မြို့တော်ဝန်ဖြစ်လာခြင်းဖြစ်သည်။ မတူကွဲပြားသည့်လူမျိုးများ စုဝေးနေထိုင်ရာ လန်ဒန်မြို့ကြီးတွင် မွေးဖွားလာသူ ၎င်းသည် အခြားသောလန်ဒန်မြို့သားများကဲ့သို့ပင် **ရွှေ့ပြောင်းမိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်သည်။** ၎င်းမိဘများသည် ပါကစ္စတန်မှ ဗြိတိန်သို့ ရွှေ့ပြောင်းလာသူ ဖြစ်သည်။ **မြို့လူဦးရေ ၈ ဒသမ ၆ သန်းတွင် တစ်သန်းကျော်မှာ မွတ်စလင်များ ဖြစ်ကြပြီး** ဥရောပအကြီးဆုံးမြို့ကြီးကို အုပ်ချုပ်ရမည့် ပထမဦးဆုံး မွတ်စလင်ဖြစ်လာတော့သည်။ **လူ့အခွင့်အရေးအတွက် လှုပ်ရှားသည့် ရှေ့နေဖြစ်ခဲ့ဖူးသူ ခန်သည် ၁၉၇၀ ပြည့်နှစ်တွင် လန်ဒန်တွင် မွေးဖွားလာခဲ့သူ**ဖြစ်သည်။ ညီအစ်ကိုမောင်နှမ ရှစ်ဦးရှိသည့် ၎င်းတို့မိသားစုကို ဖခင်ဖြစ်သူက ဘတ်စကားယာဉ်မောင်း အလုပ်လုပ်ပြီး၊ မိခင်ဖြစ်သူက စက်ချုပ်သမအလုပ်လုပ်ကာ ရှာဖွေကျွေးမွေးခဲ့သည်။ ၎င်းသည် အသက် ၂၀ စွန်းစွန်းရောက်သည်အထိ ကိုယ်ပိုင်အိပ်ခန်းဟူ၍ မရှိသေးဘဲ အခြားသောညီအစ်ကိုများနှင့် တစ်ခန်းတည်း ပေါင်းနေခဲ့ရသည်။

၎င်းသည်လည်း မွတ်စလင်ဖြစ် သည်။
မေလ ၆ ရက်တွင်မှ ၎င်းသည်

(Fox , 6.5.16)

မြန်မာနိုင်ငံမှ လူငယ်များ မူးယစ်ဆေးစွဲသည့်အကြောင်း ရိုက်ကူးထားသည့်သတင်း နယူးယောက်တွင် ငွေတံဆိပ်ဆု ရ

မူးယစ်ဆေးစွဲသည့် ပြဿနာသည် မြန်မာနိုင်ငံ အဓိကရင်ဆိုင်နေရသည့် ပြဿနာကြီးတစ်ရပ်ဖြစ်သည်။ ယင်းအကြောင်းကို အသေးစိတ်သိရရန်အလို့ငှာ **တရုတ်နိုင်ငံ စီစီတီဗီသတင်းထောက် ဒူဆီတာဆိုက်ဗ်က** ကချင်ပြည်နယ် မြစ်ကြီးနားသို့ သွားရောက်ကာ သတင်းရိုက်ကူးပြီး တင်ဆက်ခဲ့သည်။ **မြစ်ကြီးနားတွင် ဒေသခံလူငယ်အများစုသည်** မူးယစ်ဆေးစွဲနေကြသည်။ ဘိန်းစိုက်ပျိုးခြင်းသည် တရားမဝင်သော်လည်း ငွေပေါ်သီးနှံဖြစ်သောကြောင့် အဖျက်စွမ်းအားကြီးမားလှသည့် ယင်းသီးနှံကို စိုက်ပျိုးသည့်တောင်သူအရေအတွက် တစ်နေ့တခြား တိုးများလာလျက်ရှိသည်။ အထက်ပါသတင်းထောက်က ထိုသတင်းကို ရိုက်ကူးတင်ဆက်ရာတွင် အ

များနှင့်မတူ တစ်မူထူးခြားစွာ ရိုက်ကူးနိုင်ခဲ့သည့်အတွက် **နယူးယောက်နိုင်ငံတကာရုပ်**ရှင်နှင့်ဗီဒီယိုဆုပေးပွဲကြီးတွင်ရင်း၏သတင်းက ငွေတံဆိပ်ဆုရသွားခြင်းဖြစ်သည်။

စေတနာကောင်းသည့်ဆိုင်ရှင်က စားသောက်ဆိုင်အပြင်ဘက်တွင် အိမ်ခြေရာမဲ့များအတွက် ရေခဲသေတ္တာထားပေး

အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုချီမြို့မှ စားသောက်ဆိုင်တစ်ခု၏ပိုင်ရှင်မိနူ ပေါ်လင်းသည် ၎င်းဆိုင်၏အပြင်ဘက်တွင် **အိမ်ခြေရာမဲ့များအတွက် လတ်ဆတ်သည့်အစားအသောက်များနှင့်ပြည့်နက်နေသော ရေခဲသေတ္တာတစ်လုံးထားရှိပေးထားသည်**ဟု သိရသည်။ မိနူသည် လူကြိုက်များသည့် ၎င်း၏ပါပါဒါဟာဒါစားသောက်ဆိုင်ကို ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏မိဖိုချောင် နောက်မှအမှိုက်ပုံးများထဲတွင် အိမ်ခြေရာမဲ့များက အစားအသောက်များမွှေနှောက်ရှာဖွေစားသောက်နေသည်ကို မြင်တွေ့ရမှုတစ်ဆင့် ဒုတိယမြောက်ဆိုင်ခွဲဖွင့်လှစ်ရာတွင် ဆိုင်ပြင်၌ ရေခဲသေတ္တာကိုပါ ထားရှိခဲ့ခြင်းဖြစ်သည်။ မိနူက နေ့စဉ် စားသောက်ဆိုင်မှလတ်ဆတ်သည့်အစားအသောက်များကို ထုပ်ပိုးထားသည့် အထုပ် ၅၀ ကို ရေခဲသေတ္တာထဲ၌ထည့်ပေးထားတတ်ပြီး စားသောက်ဆိုင်ကြီးများနှင့်ဟိုတယ်ကြီးများတွင်လည်း အလဟဿဖြစ်နေသည့် အစားအသောက်များကိုလည်း အိမ်ခြေရာမဲ့များအတွက် ပေးဝေသင့်ကြောင်းလည်း မိနူက ဆိုထားသည်။ ရေခဲသေတ္တာထဲသို့ အစားအသောက်များ ထည့်လိုက်သည့်အချိန်တွင် တန်းစီစောင့်ဆိုင်းနေသည့်အိမ်ခြေရာမဲ့များနှင့်အစားအသောက်များမှာ တစ်ခဏအတွင်းကုန်သွားတတ်ပြီး **ရေခဲသေတ္တာကို ၂၄ နာရီ ခုနှစ်ရက်လုံးဖွင့်ပေးထားသောကြောင့် အစားအသောက်များလာထည့်ပေးသွားသူများလည်း ရှိတတ်သည်။** ထို့ကြောင့် နေ့စဉ် ရေခဲသေတ္တာထဲတွင် အထုပ်ပေါင်း ၂၀၀ မှ ၃၀၀ ခန့်အထိ မြင်တွေ့ရတတ်ပြီး ၎င်းမှာလည်း ဒေသခံများ၏ ရက်ရောမှုဖြစ်သည်။

(OC, 12.4.16)

ဆွမ်းခံဘုန်းကြီးနှင့် ဆွမ်းလောင်းဒါယကာများ အများဆုံး ပါဝင်သည့် ကမ္ဘာ့အကြီးဆုံးဆွမ်းလောင်းပွဲကို ထိုင်းတွင် ကျင်းပ



ဗုဒ္ဓဘာသာဘုန်းတော်ကြီးထောင်ပေါင်းများစွာက ဧပြီလ ၂၂ ရက်တွင် ထိုင်းစေတီဝင်းကြီးတစ်ခု၌ ကျင်းပသွားသည့် ကမ္ဘာ့အကြီးဆုံးဆွမ်းလောင်းပွဲကို တက်ရောက်ခဲ့ကြကာ ဆွမ်းခံခဲ့ကြကြောင်း သိရသည်။ *ဩဇာတိက္ကမကြီးမားကာ* ဝေဖန်လည်းခံနေရသည့် ဓမ္မကာယဆိုသည့် ဂိုဏ်းခွဲက မြို့တော်**ဘန်ကောက်မြောက်ပိုင်း မိုင် ၃၀ အကွာရှိ စေတီဝင်းကြီးတွင်** ယင်းပွဲတော်ကြီးကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် အလှူငွေကိုမသမာလုပ်မှုဖြင့် နှစ်ပေါင်းများစွာကြာ စွပ်စွဲခံနေရသည်။ ၎င်းတို့ကမူ ထို စွပ်စွဲချက်ကို ယတိပြတ် ငြင်းဆိုထားသည်။ **ရွှေဝါရောင်သင်္ကန်းဝတ်ဆင်ထားသည့်ဘုန်းကြီးပေါင်း ၅၀,၀၀၀ ခန့်က ဆွမ်းခံပြီး စင်ကြယ်ခြင်း အမှတ်သင်္ကေတအဖြစ် အဖြူရောင် ဝတ်ဆင်ထားသည့် ဒါယကာ၊ ဒါယကာမများက ဆွမ်းလောင်းခဲ့ကြသည်။** ဘုန်းကြီးနှင့်ဒါယိကာအများဆုံး ပါဝင်သည့် အဆိုပါဆွမ်းလောင်းပွဲသည် **ကမ္ဘာ့အကြီးဆုံး ဆွမ်းလောင်းပွဲ**ဟု ပွဲစီစဉ်သူများက ဆိုသည်။ အထက်ပါဆွမ်းလောင်းပွဲကြီးကို ဝပ်ပရာဓမ္မကာယစေတီရင်ပြင်ကြီးတွင်ကြီး ကျယ်ခမ်းနားစွာ ကျင်းပသွားခဲ့ခြင်းဖြစ်သည်။ ကြီးမားလှသည့် ထိုစေတီကြီးသည်ပန်းကန်ပြားပျံနှင့်တူနေသည်ဟုအများက ဝေဖန်ကြသည်။ **(CCTV, 25.4.16)**

စင်ကာပူတွင် မိမိ၏ အသုဘအခမ်းအနား ကုန်ကျစရိတ်အတွက် လစဉ်အရစ်ကျ ကြိုတင်ပေးသွင်းထားနိုင်

စင်ကာပူ အသုဘအခမ်းအနား ဝန်ဆောင်မှုအဖွဲ့က လွန်ခဲ့သည့်နှစ်နှစ်ခန့်မှ စတင်၍ မိမိ၏ အသုဘအခမ်းအနားကုန် ကျစရိတ်အတွက် လစဉ်ငွေအရစ်ကျ ကြိုတင်ပေးသွင်းမှုစနစ်ကို စတင်လုပ်ဆောင်လာခဲ့ပြီး အဖွဲ့၏ဒါရိုက်တာက ၎င်းစနစ်ကိုအသုံးပြုရန် လူ ၂၀၀ ခန့် လာရောက် စာရင်းပေးထားပြီးဖြစ်သည်ဟု ဆိုခဲ့သည်။ ဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် **တစ်လလျှင် ၁၃၈ ဒေါ်လာ ပေးသွင်းရမည်ဖြစ်ပြီး နှစ်ညနှင့် သုံးရက်တိတိ ပြုလုပ်ပေးမည့် အသုဘအခမ်းအနားတွင်** စားပွဲများ၊ ပန်းများ၊ သစ်သားအခေါင်း၊ အခေါင်းကိုသယ်ရန် မာစီဒီးကား၊ အသုဘ ပို့သူများအတွက် လေအေးပေးစက်တပ်ဆင်ထားသော ဘတ်စကားတို့ အပါအဝင် ဖြစ်သည်။ ဝန်ဆောင်မှုအတွက် လာရောက်စာရင်းပေးသွင်းကြသူ အများစုမှာ အသက် ၅၀ ဝန်းကျင်များဖြစ်ပြီး ၎င်းဝန်ဆောင်မှုကို မွတ်စလင်အဖွဲ့အစည်းများက လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ခန့်ကတည်းက ကျင့်သုံးလာခဲ့ကြခြင်းဖြစ်သည်။ စင်ကာပူတွင် လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်ကမှ စတင်၍ အသုဘအခမ်းအနားအတွက် အရစ်ကျ ငွေပေးသွင်းခြင်းစနစ်မှာ လူသိများလာခဲ့ခြင်းဖြစ်သည်။ **ဂျပန်နိုင်ငံ၌လည်း Shukatsu ပွဲတော်ကို နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိပြီး ပွဲတော်အ တွင်း၌ အခေါင်းထုတ်လုပ်သည့် ကုမ္ပဏီ ၅၀ ခန့် သည် ပွဲတော်လာဧည့်သည်တော်များအား မိမိတို့၏ အသုဘအခမ်းအနားအတွက် အခေါင်းကြိုတင်ရွေးချယ်နိုင်စေရန် ထုတ်ကုန်များကို အပြိုင်အဆိုင် ပြသလေ့ရှိသည်။** ဧည့်သည်များအနေဖြင့် စိတ်ကြိုက်အခေါင်းကို ရွေးချယ်နိုင်သကဲ့သို့ အသုဘအခမ်းအနားတွင် အသုံးပြုမည့်မိတ်ကပ်နှင့် အဝတ်အစားကိုလည်း ကြိုတင်စီစဉ်ထားနိုင်သည်ဟု သိရသည်။ **(AP, 12.4.16)**

ရောမအမျိုးသားလိင်အင်္ဂါရုပ်ကြီးများနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပလေ့ရှိသည့် ဂျပန်နိုင်ငံမှ ထူးဆန်းသည့်ပွဲတော်

ဂျပန်နိုင်ငံ ရှင်တိုကာနာမာရာမာဆူရှီမြို့တွင် ဒေသခံများက ရောမအမျိုးသား လိင်အင်္ဂါရုပ်ကြီးများဖြင့် ပွဲတော်တစ်မျိုးကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်ဟု သိရသည်။ ကမ္ဘာ့ အထူးဆန်းဆုံးပွဲတော်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ၎င်းပွဲတော်မှာ **သားသမီးထွန်းကားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး** ပြီးခဲ့သည့်အားလပ်ရက်က ဒေသခံများမှာ လမ်းမကြီးများပေါ်တွင် ရောမ အမျိုးသားလိင်အင်္ဂါရုပ်ကြီးများဖြင့် လှည့်လည်၍ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြသည်။ ပွဲတော်အတွင်းကလေးငယ်များမှအစ ကီမိုနိုများနှင့်အမျိုးသမီးပေါင်းများစွာအထိ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပွဲတော်အတွင်း အမျိုးသားလိင်အင်္ဂါရုပ်ကြီးများအပြင် အမျိုးသားလိင်အင်္ဂါသဏ္ဌာန် စုပ်လုံးများကိုလည်း ရောင်းချခဲ့ကြသည်။ နှစ်စဉ်နှစ်တိုင်း ၎င်းပွဲတော်၌ ပါဝင်ဆင်နွှဲ သူထောင်နှင့်ချီရှိပြီး ပွဲတော်အတွင်း **အမျိုးသားလိင်အင်္ဂါသဏ္ဌာန် ဘောပင်၊ အရုပ်၊ သော့ချိတ်၊ ချောကလက်အစရှိသဖြင့် ဝယ်ယူရရှိနိုင်သည်။** Steel Phallus သို့မဟုတ် Willy Festival ဟု အမည်ပေးထားသောပွဲတော်၏ ရာဇဝင်သည် အီဒိုခေတ် (၁၆၀၃-၁၈၆၈)တွင် ရွှန်ထက်သည့်အစွယ်များနှင့် မိစ္ဆာတစ်ကောင်သည် အမျိုးသမီးများ၏ မျိုးပွားအင်္ဂါအတွင်း ဝင်ရောက်နေထိုင်ကာ မင်္ဂလာဦးညများတွင် အမျိုးသားများကိုနောက်ယှက်ရာမှ ပန်းပဲဆရာတစ်ဦးက ၎င်းမိစ္ဆာ၏သွားများကိုရိုက်ချိုး၍ ကယ်တင်ပေးခဲ့ခြင်းဖြစ်သည်။ **ထိုအချိန်မှစ၍ သုံးပေ အမြင့်ရှိသော အမျိုးသားလိင်အင်္ဂါရုပ်ကြီးကို ကျောင်းဝန်းထဲ၌ထားရှိ၍ ကလေးမွေးဖွားခြင်း၌ အနှောင့်အယှက်မဖြစ်ပေါ်အောင်ထားရှိခဲ့ကြသည်။** ခေတ်အဆက်ဆက်တွင် ပြည့်တန်ဆာများကလည်း အန္တရာယ်ကင်းစေရန် သွားရောက်ဆုတောင်းလေ့ရှိရာမှ ၁၉၇၀ ဝန်းကျင်တွင် ကမ္ဘာ့လှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခု ဖြစ်လာခဲ့သည်။

(DM, 12.4.16)

ရှားပါးမျိုးဖြစ်သည့် ကြောင်ပျံကို အာရှဒုတိယအရှည်ဆုံး လိုဏ်ဂူထဲတွင် တွေ့ရှိ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂွီဇူပြည်နယ် စွီယန်ကောင်တီမှာရှိတဲ့ တရုတ်အရှည်ဆုံး ဥမင်လိုဏ်ခေါင်းကို လေ့လာနေတဲ့ အဖွဲ့ဝင်တွေဟာ ရှားပါးမျိုးဖြစ်တဲ့ကြောင်ပျံကို အဲဒီထဲမှာ မထင်မှတ်ဘဲ တွေ့ခဲ့ကြပါသတဲ့။ ဒီ တိရစ္ဆာန်ပုံကိုကြည့်ရတာ **ကြောင်နဲ့ လင်းနို့ နှစ်မျိုး စပ်ပုံပေါက်နေပါတယ်။** ဒါပေမဲ့ ဒီအကောင်လေး ဘယ်တိရစ္ဆာန်စာရင်းထဲပါတယ်ဆိုတာကိုတော့ သိပ္ပံပညာရှင်တွေ တိတိကျကျ ကောက်ချက်မဆွဲရသေးပါဘူး။ (တချို့ကလည်း ရှဉ့်ပျံအကြီးစားလို့ ယူဆကြပါတယ်။) တရုတ်နဲ့ ပြင်သစ်သုတေသီတွေက ဂွီဇူရှန်ဟီဥမင်လိုဏ်ဂူကို လေ့လာပြီး ထပ်ပြီးသိရသည့်အရှည်ကို ထုတ်ပြန်လိုက်ပါတယ်။ ထပ်လေ့လာချက်အရ သိရတဲ့ အဲဒီ **ဥမင်ရဲ့အရှည်စုစုပေါင်း ၆၁၁ ပေ ဖြစ်ပါသတဲ့။ ဒါကြောင့်သူဟာ အာရှဒုတိယအရှည်ဆုံး ဥမင်လိုဏ်ဂူဖြစ်တဲ့အပြင် တရုတ်မှာတော့ အရှည်ဆုံး ဥမင်လိုဏ်ဂူဖြစ်သွားပါတော့တယ်။**

(CCTV , 6.5.16)

ဒလိုင်းလားမားနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံကြောင့် ဆလီနာဂိုးမက်ဇ် တရုတ်၌ ဖျော်ဖြေခွင့် အပိတ်ခံရ

အဆိုတော် ဆလီနာဂိုးမက်ဇ်မှာ လာမည့်ဩဂုတ်လတွင် ကွမ်ကျိုးနှင့် ရှန်ဟိုင်း၌ ဖျော်ဖြေရန်စီစဉ်ထားသော်လည်း ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။ အကြောင်းရင်းမှာ **တိဘက်ခေါင်းဆောင် ဒလိုင်းလားမားနှင့် တွဲရိုက်ထားသောဓာတ်ပုံကြောင့်** တရုတ်အစိုးရက ဖျော်ဖြေခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ Shady Music Facts ဝက်ဘ်ဆိုက် စာမျက်နှာက ဒလိုင်းလားမားကို မော့ကြည့်နေသည့် ဆလီနာဂိုးမက်ဇ်၏ဓာတ် ပုံကိုတင်ခဲ့ပြီး နောက်တွင် တရုတ်၌ ဖျော်ဖြေခွင့်အပိတ်ခံခဲ့ရသည်ဟု ယူဆရသည်။ သို့သော် ၎င်းဓာတ်ပုံမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းရပြီး ဒလိုင်းလားမားနှင့် ဆလီနာဂိုးမက်ဇ်တို့မှာ We Day အတွက် ဘန်ကူးဗားသို့ လာရောက်စဉ်တွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ **ပြီးခဲ့သည့် နှစ်ကလည်း Maroon 5 ဖျော်ဖြေပွဲ ဖျက်သိမ်းခဲ့ရဖူးပြီး အဖွဲ့ဝင်တစ်ဦးမှာ ဒလိုင်းလားမား၏ မွေးနေ့ပွဲသို့ သွားရောက်ခဲ့သောကြောင့်ဖြစ်သည်၊ တစ်နှစ်တည်းတွင်ပင် Bon Joviအဖွဲ့က လာရောက်ဖျော်ဖြေမည်ဖြစ်သော်လည်း** ထိုင်ဝမ်ပရိသတ်များက လွန်ခဲ့သည့်ငါးနှစ်ခန့်က ရိုက်ကူးထားခဲ့သော ဒလိုင်းလားမား ရုပ်ပုံ၏အရှေ့တွင် ဖျော်ဖြေနေသည့် Bon Jovi အဖွဲ့၏ဓာတ်ပုံကို တရုတ် အာဏာပိုင်များထံ ပေးပို့ခဲ့သောကြောင့် ရှန်ဟိုင်းနှင့်ဘေဂျင်းရှိ ဖျော်ဖြေပွဲများ ဖျက်သိမ်းခဲ့ရသည်။ လော့စ်အိန်ဂျလိစ်တွင် ကျင်းပသော ညီလာခံတစ်ခု၌ **ဒလိုင်းလားမားနှင့် ဓာတ်ပုံရိုက်ကူးခဲ့သော Linkin Park အဖွဲ့မှာလည်း တရုတ် ပြည်သို့ ခြောက်နှစ်ဝင်ရောက်ခွင့် ပိတ်ပင်ခံခဲ့ရသည်**ဟု သိရသည်။ **(AP, 26.4.16)**

သန်းပေါင်းများစွာကြွယ်ဝသည့် သူဌေးကြီးကပိုင်ဆိုင်မှုများကို စွန့်လွှတ်ကာ လယ်တောသူနှင့် လက်ထပ်

သန်းပေါင်းများစွာ ကြွယ်ဝတဲ့ အသက် ၅၇ နှစ်အရွယ် တရုတ်အမျိုးသားဟာ စပိန်မှာနေနေတာ ကြာလှပါပြီ။ နောက်တော့ သူက ပိုင်ဆိုင်မှုတွေ အကုန်လုံးကို စွန့်ထားရစ်ခဲ့ပြီး ဇီကျန်း အရပ်ဒေသက ရွာလေးမှာ သူ သိပ်ချစ်မြတ်နိုးတဲ့ လယ်တောသူအမျိုးသမီးနဲ့ လက်ထပ်လိုက်ပါတော့သတဲ့။ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက ၂၀၁၃ ခုနှစ်မှာ စခဲ့တာပါ။ သူနဲ့သူ့မိတ်ဆွေတစ်ယောက်က အဲဒီကို လာပြီး ကျေးလက်ရှုခင်းတွေ လာကြည့်တာပေါ့။ ရှုခင်းထဲမှာ နစ်မျောသွားတဲ့အတွက် သူတို့ဟာ နောက်ဆုံးဘတ်စကား ထွက်သွားတာကို မသိလိုက်ပါဘူးတဲ့။ မှောင်ကလည်း မှောင်လာပြီမို့ သူတို့က လယ်တောသူတစ်ယောက်ရဲ့ အိမ်ကို တံခါးသွားခေါက်ပြီး ဘယ်မှာ တည်းလို့ရမလဲလို့စုံစမ်းတာပေါ့။

အဲဒီတော့ အိမ်ရှင် လယ်တောသူ လွီလီဂျန်က သူ့အိမ်မှာ တစ်ညတည်းခို ခွင့်ပြုလိုက်ပါတယ်။ သူနဲ့ အဲဒီသန်း ကြွယ်သူဌေးကြီး ယိုဟာ တစ်ညလုံးစကား တွေထိုင်ပြောလာလိုက်တာ မိုးပါလင်းသွားပါတော့သတဲ့။ လွီဆိုတဲ့ လယ်တော သူအမျိုးသမီးမှာ ရောဂါသည်သမီးလေးရှိပြီး သူ့အမျိုးသားဟာလည်းအစာအိမ်ကင်ဆာနဲ့ဆုံးသွားပါပြီ။ ဒါကြောင့် သူဟာ ခင်ပွန်းနဲ့သမီးရဲ့ဆေးဝါး စရိတ်တွေ အကြွေး တစ်ပုံတစ်ပင် တင်နေတော့သတဲ့။ ဒါပေမဲ့ သူဟာဘဝကို အကောင်းပဲမြင်ပါတယ်။ ဒါကြောင့် ယိုက သူ့ကို သဘောကျသွားတာပါ။နောက်တစ်လ ကြာတော့ ယိုက အဲဒီရွာကိုပြန်လာ တယ် လေ။ နောက်တော့နှစ်ယောက်သား လက်ထပ်လိုက်လေသတည်းပေါ့။ **ယိုက သန်းကြွယ်သူဌေးဆိုတာကို လွီက နောက်မှ သိသွားတာပါ၊ လက်ထပ်ဖို့ဆုံးဖြတ်လိုက်တဲ့နောက်မှာတော့ ယိုက သူ့ပိုင်ဆိုင်မှုတွေအကုန်လုံးကို သားသမီးတွေကို ပေးလိုက်တော့တာပေါ့၊ ပြီးတော့ ရွာလေးမှာ တည်းခိုခန်းအသေးစားလေး ဖွင့်လိုက်တယ်လေ၊** **(Shanghaiist, 18.4.16)**

လက်ထပ်ခွင့်တောင်းခံခြင်းကို ဆက်တိုက်ငြင်းပယ်နေသော အမျိုးသမီးများအား တူရကီရွာတစ်ရွာမှ အမျိုးသားများ ချီတက်ဆန္ဒထုတ်ဖော်

တူရကီနိုင်ငံ၊ ဒီုဖမ်လူရွာလေးတွင် **အမျိုးသမီးများက အမျိုးသားများ၏ လက်ထပ်ခွင့်တောင်းခံမှုကို ဆက်တိုက်ငြင်းပယ်နေသောကြောင့် ရွာထဲမှအမျိုးသားများက ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်**ဟု သိရသည်။ ၎င်းရွာလေးရှိ အမျိုးသမီးများက ရွာထဲမှအမျိုးသားကို အိမ်ထောင် ပြုခဲ့မည်ဆိုပါက တစ်သက်လုံးရွာ၌သာ အရိုးထုတ်နေထိုင်သွားရမည်ကို မလိုလားသောကြောင့် ရွာခံအမျိုးသားများ၏ လက်ထပ်ခွင့်တောင်းခံမှုကို ငြင်းပယ်နေကြခြင်း ဖြစ်သည်။ ၎င်းရွာလေး၌ နောက်ဆုံးမင်္ဂလာပွဲကို လွန်ခဲ့သည့် ကိုးနှစ်ခန့်က ကျင်းပခဲ့ရခြင်းဖြစ်ပြီး ထိုအချိန်မှစတင်၍ ရွာထဲရှိ လူဦးရေမှာ ၄၀၀ ကျော်မှ ၂၀၀ ကျော်အထိ ထက်ဝက်ကျဆင်းသွားခဲ့သည်။ မြို့တော်ဝန် မူစတာဖာဘာဘီလန်၏အဆိုအရ **အမျိုးသမီးများက အီစတန်ဘူးနှင့် အန်ကာရာကဲ့သို့သော မြို့ကြီးများတွင် နေထိုင်လိုသောကြောင့် မြို့သားများနှင့်သာ လက်ထပ်လိုကြခြင်းဖြစ်**သည်ဟု သိရသည်။ နှစ်ပေါင်းများစွာအတွင်း အမျိုးသမီးများက မြို့သားများနှင့်လက်ထပ်၍ ရွာမှထွက်ခွာသွားခဲ့ကြသော်လည်း အမျိုးသားများက မိဘအမွေလယ်ယာများ ကို ထိန်းသိမ်းလုပ်ကိုင်ရန် ရွာ၌သာဆက်လက်နေထိုင်ကြရသည်။ **အမျိုးသားများသည် အိမ်ထောင်မပြုနိုင်သောကြောင့် တဖြည်းဖြည်းနှင့်ပျော်ရွှင်မှုများ ပျောက်ဆုံးလာကာ စီးပွားရေးကျဆင်းမှုများလည်းဖြစ်ပေါ်လာသည်။** ဆန္ဒပြပွဲတွင် အသက် ၂၅ နှစ်မှ ၄၅ နှစ်ကြား အမျိုးသားများ ပါဝင်ခဲ့ပြီး ဆိုင်းဘုတ်များကိုင်ဆောင်၍ ရွာတစ်လျှောက်ချီတက်ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့က တူရကီသမ္မတအာဒိုဂန်ကိုလည်း အကူအညီတောင်းခံထားပြီး **၎င်းတို့ပြဿနာကို သမ္မတက ကြားဝင်ဖြေရှင်းပေးမည်ဆိုပါက အနည်းဆုံးကလေး ငါးယောက်မွေး၍ လူဦးရေတိုးပွားအောင် ပြုလုပ်ပေးရန်** ကတိပြုခဲ့ကြသည်ဟု သိ ရသည်။

(OC,18.4.2016)

အသည်းတွင် တည်နေသည့် သန္ဓေသားကိုဖယ်ရှား၍ မိခင်အား ကယ်ဆယ်ခဲ့ရ

တရုတ်နိုင်ငံ၌ အလွန်ရှားပါးသည့် ဆေးပညာဖြစ်ရပ်တစ်ခုအနေဖြင့် အသည်း၌ သန္ဓေတည်နေသော မိခင်တစ်ဦး၏ အသက်ကို ခွဲစိတ်ဆရာဝန်များက ကယ်တင်ခဲ့ရသည်ဟု သိရသည်။ ဆရာဝန်များက ၎င်းဖြစ်ရပ်သည် **တစ်ကမ္ဘာလုံးတွင် နှစ်ပေါင်း ၆၀ အတွင်း ၂၂ ကြိမ်သာ မြင်တွေ့ခဲ့ရဖူးပြီး** မိခင်၏အသက်ကို သေစေနိုင်သည်ဟု ဆိုခဲ့သည်။ အသက် ၃၀ ဝန်းကျင်ခန့်ရှိသော ယန်ဟုသာ သိရသည့် အမျိုးသမီးမှာ ကိုယ်ဝန်နှစ်လ ရှိနေသော်လည်း ဆရာဝန်များမှာ ဆေးဝါးစစ်ဆေးမှုများ ပြုလုပ်ရာတွင် သန္ဓေသားကို ရှာမတွေ့နိုင် ဖြစ်ခဲ့ကြသည်။ ၎င်းဖြစ်ရပ်သည် တရုတ်နိုင်ငံ စီချွမ်ပြည်နယ် လန်ကျောင်း မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆေးရုံမှ တာဝန်ရှိသူများက ယန်ကို ထပ်မံ၍ အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သောအခါမှ **သန္ဓေအောင်ပြီးသားမျိုးဥသည် သားအိမ်၏အပြင်ဘက်တွင် ကြီးထွားနေခြင်းဖြစ်ပြီး အသည်း၏ထိပ်၌ ရောက်ရှိနေသည်ကို မြင်တွေ့ခဲ့ကြရသည်။** မီဒီယာများက အမျိုးသမီး၏ အခြေအနေကို သားအိမ်အပြင်ဘက်၌ ကိုယ်ဝန်ဆောင်ခြင်းဟု ရေးသားဖော်ပြခဲ့ကြသည်။ ဒုတိယ ဆေးရုံအုပ် ဒေါက်တာယန်ရှောင်းယီက အခြားခွဲစိတ်မှုများအားလုံးကို ရွှေ့ဆိုင်း၍ ၎င်းအမျိုးသမီးကို အရေးပေါ်ခွဲစိတ်ပေးခဲ့ခြင်းဖြစ်ပြီး ဆရာဝန်နှင့် သူနာပြု ၁၀ ဦး ပါဝင်ခဲ့ကာ ခွဲစိတ်မှုသည် လေးနာရီကြာမြင့်ခဲ့သည်။ **ဆရာဝန်များက သန္ဓေသားအပြင် ယန်၏သည်းခြေအိတ်ကိုပါ ဖယ်ထုတ်ပေးခဲ့ရသည်။ ဒေါက်တာယန်ရှောင်းယီက "သန္ဓေသားက ဆက်ပြီးကြီးထွားနေမယ်ဆိုရင် မိခင်ရဲ့အသည်း ပျက်စီးသွားနိုင်ပါတယ်။** သွေးအဆိပ်သင့်တာလည်း ဖြစ်နိုင်တာကြောင့် အရမ်းကို အသက်အန္တရာယ်ရှိတဲ့ အခြေအနေပါ"ဟု ဆိုခဲ့သည်။ ယခုအခါ ယန်မှာ ဆေးရုံ၌ အခြေအနေ ကောင်းမွန်လာနေပြီဖြစ်သည်ဟု သိရသည်။

(DM, 19.4.16)

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နိုင်ငံဒေသအသီးသီးကို အုပ်စိုးခဲ့သူများသည် ဘုရင်များ၊ ဧကရာဇ်များ၊ စစ်သူရဲများ စသည်ဖြင့် အမည်နာမအမျိုးမျိုးဖြင့် မိမိတို့နယ်မြေများကို ဦးဆောင်ခဲ့ကြသည်။ အချို့သော အုပ်စိုးသူများသည် ကမ္ဘာကြီးကို အောင်နိုင်ခဲ့သကဲ့သို့ အချို့က စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ အနိဋ္ဌာရုံများကို အဆုံးသတ်စေနိုင်ခဲ့သည်။ အချို့ကလည်း မိမိတို့နိုင်ငံများကို အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသကဲ့သို့ မိမိနိုင်ငံကိုသာမက ကမ္ဘာကြီးကိုပါ ပြောင်းလဲခဲ့သူများလည်း ပေါ်ထွန်းခဲ့သည်။ ထို့အတူပင် လူသားများအား ဒုက္ခဆင်းရဲများစွာ ဖြစ်စေခဲ့သော ခေါင်းဆောင်များလည်း ပေါ်ထွက်ခဲ့ပေသည်။

ကမ္ဘာ့သမိုင်းထဲမှ နာမည်ကျော် အုပ်စိုးသူများ

■ ကောင်းစည်သူ

ဟစ်တလာ
(Hitler) (1889-1945)

နိုင်ငံ့ခေါင်းဆောင်များအကြောင်း ပြောကြလျှင် ဟစ်တလာဟူသည့်အမည်ကို မသိသူ အလွန်နည်းပါးပေလိမ့်မည်။ ဟစ်တလာသည် ဂျာမနီနိုင်ငံတွင် နာဇီပါတီကိုထူထောင်ခဲ့ပြီး ကမ္ဘာ့သမိုင်းတွင် နာမည်ဆိုးဖြင့် ထင်ရှားသော အုပ်စိုးသူတစ်ဦးဖြစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက လူအမြောက်အများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွင် တာဝန်ရှိသူတစ်ဦးဖြစ်ခဲ့သော ဟစ်တလာသည် ဩဇာအာဏာကြီးမားသော အုပ်စိုးသူတစ်ဦးလည်းဖြစ်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ဟစ်တလာအာဏာရရှိလာချိန်တွင် နိုင်ငံ၏ အခြေအနေအရပ်ရပ်သည်ဆိုးရွားသော အနေအထားတွင်ရှိနေခဲ့သည်။ ဟစ်တလာသည် ဂျာမနီနိုင်ငံတွင် ကြုံတွေ့နေရသည့် ပြဿနာအရပ်ရပ်ကို ဓားစာခံတစ်ခုတည်း အပေါ်ပုံချခဲ့သည်။

ယင်းဓားစာခံသည် ထိုအချိန်က ဂျာမနီနိုင်ငံတွင်နေထိုင်လျက်ရှိသည့် ဂျူးလူမျိုးများဖြစ်သည်။ ဟစ်တလာသည် ဂျာမနီနိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာအားလုံးသည် ဂျူးလူမျိုးများ၏ အပြစ်ကြောင့် ဖြစ်ရသည်ဟု ဂျာမနီပြည်သူများ ယုံကြည်လာစေရန်ဆောင်ရွက်ခဲ့သည်။ ဂျူးလူမျိုးများအား အလွန်ထိတ်လန့်ဖွယ်ကောင်းလှသည့် အမြစ်ပြတ်သုတ်သင်သည့် ရက်စက်လွန်းသည့် လုပ်ငန်းကြီးကိုဆောင်ရွက်ခဲ့သည့်တိုင် ဟစ်တလာသည် အောင်မြင်မှု ရရှိခဲ့သည်။ ဆိုးရွားလှသည့် စီမံချက်ကို ဆောင်ရွက်ခဲ့သော်လည်း ဟစ်တလာသည် ကျွမ်းကျင်ပြောင်မြောက်စွမ်းရည်ရှိသော ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။

အော်ဒီစီးယပ်စ်
(Odysseus)

ဂရိလူမျိုးများ၏ ဒဏ္ဍာရီတွင် "အော်ဒီစီးယပ်စ်သည်" အောင်မြင်မှုများစွာရရှိခဲ့သည့် "အီသာကာ" ဘုရင်ကြီးတစ်ပါးဖြစ်သည်။ ဘုရင်ကြီး၏ အောင်မြင်မှုများကြောင့် အော်ဒီစီးယပ်စ်သည် ဟိုးမား၏ ဂန္ထဝင်စာများတွင် အမြဲရှင်သန်နေသည့် ဘုရင်ကြီးတစ်ပါးအဖြစ် စာဖွဲ့ခြင်းခံခဲ့ရကာ ဉာဏ်ပညာထက်မြက်မှုနှင့် ပရိယာယ်ကြွယ်ဝမှုများက သူ၏ ထူးချွန်သော ကာကွယ်ရေးကျွမ်းကျင်မှုကို ပံ့ပိုးပေးခဲ့သည်။ အော်ဒီစီးယပ်စ်သည် ကမ္ဘာကျော်ထရိုဂျန်စစ်ပွဲတွင် သစ်သားမြင်းရုပ်ကြီးတစ်ခုပြုလုပ်၍ အတွင်းတွင်စစ်သည်များကိုပုန်းခိုစေခဲ့ပြီး ရန်သူများကိုလှည့်စားအောင်နိုင်ခဲ့သည်။ အော်ဒီစီးယပ်စ်သည် ထရိုဂျန်စစ်ပွဲအတွင်း မြင်းရုပ်ကြီးကို စစ်မြေပြင်သို့ယူဆောင်ခဲ့ကာ သူ၏ အီသာကာ ဘုရင့်နိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။

ဆီဇာ (Caesar)

"ဩဂတ်စ်တတ်စ်ဟု" လူသိများသည့် ဆီဇာသည် ရောမအင်ပါယာ၏ ပထမဆုံးဘုရင်ဖြစ်ခဲ့ကာ ဘီစီ ၂၇ ခုနှစ်မှ အေဒီ ၁၄ ခုနှစ်အထိ ရောမကိုအုပ်ချုပ်ခဲ့သည်။ ဆီဇာဘုရင်သည် ရောမသားတို့မရရှိခဲ့ဖူးသည့် ငြိမ်းချမ်း

ရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိသည့် *ပက်စ်ရိုမန်နာဟုခေါ်သော* ခေတ်တစ်ခေတ်ကို ထူထောင်ခဲ့သည်။ ဆီဇာသည် ယခင်ရောမဘုရင်အဆက်အဆက်မရရှိခဲ့သည့် အောင်မြင်မှုကိုရရှိခဲ့ကာ အင်အားကြီးမားသောရောမအင်ပါယာကြီးကို ထူထောင်နိုင်ခဲ့သည်။ ဆီဇာ

သည် ရောမ၏အကြွင်းမဲ့အာဏာကိုရရှိစေရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။ သို့သော်လည်း ဆီဇာသည် မိမိအရင်ရောမကိုအုပ်စိုးခဲ့သူများကဲ့သို့ မိမိမဖြည့်ဆည်းနိုင်သော ကတိကဝတ်များကို အသုံးပြုခဲ့ခြင်းမရှိပါချေ။ ရောမကိုအုပ်စိုးခဲ့သူ ဆီဇာသည် ဘီစီ ၄၄ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ဆီဇာကျဆုံးခဲ့ပြီးသည့်နောက်တွင် တန်ခိုးထွားခဲ့သည့် ရောမအင်ပါယာကြီးသည် ကျဆုံးခြင်းသို့ရောက်ရှိခဲ့သည်။



အလက်ဇန္ဒား (Alexander The Great)

သူ၏ ရက်စက်မှုများနှင့် စစ်ရေးဗျူဟာကျွမ်းကျင်မှုများကြောင့် အလက်ဇန္ဒား (ဘီစီ ၃၅၆ - ဘီစီ ၃၂၃)သည် အသက် ၂၀ အရွယ် (ဘီစီ ၃၃၅) တွင် မက်ဆီဒိုးနီးရားဘုရင်ဖြစ်လာခဲ့ကာ သမိုင်းတစ်လျှောက် အတော်ဆုံး စစ်ခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ အလက်ဇန္ဒားသည် မိမိအုပ်စိုးနေခဲ့စဉ်ကာလများအတွင်း ဂရိမြို့ပြနိုင်ငံများကို စုစည်းနိုင်ခဲ့ကာ အောင်မြင်မှုအရှိဆုံးအုပ်စိုးသူ ဘုရင်တစ်ပါး ဖြစ်လာခဲ့သည်။ သူအုပ်စိုးသည့်အချိန်များ၌ အလက်ဇန္ဒားသည် ကမ္ဘာကြီး၏နေရာအများအပြားကို အောင်နိုင်ခဲ့သကဲ့သို့ အချို့သောမြို့တော်များကို လူတစ်ဦးတစ်ယောက်ကိုမှ မသတ်ဖြတ်ရဘဲ သူ့ထံအညံ့ခံစေနိုင်ခဲ့သည်။

မက်ဆီဒိုးနီးရား ဘုရင်ဖြစ်သူ အလက်ဇန္ဒားသည် *ပါရှန်*ဒေသတစ်ခုလုံးကို အောင်နိုင်ခဲ့သည်။ အသက် ၃၃ နှစ်အရွယ်တွင် ဘေဘီလုံ (ယခုအီရတ်နိုင်ငံ) တွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဒုတိယမြောက်ဂျိုးဇက်ဘုရင် (Joseph II)

ဒုတိယမြောက် ဂျိုးဇက်ဘုရင်သည် ရောမအင်ပါယာကို ခရစ်နှစ် ၁၇၆၅ ခုနှစ်မှ ၁၇၉၀ ပြည့်နှစ်အထိအုပ်ချုပ်ခဲ့သည်။ ဂျိုးဇက်ကိုမြင့်မြတ်သော ဘုရင်တစ်ပါးဟု အသိအမှတ်ပြုကြပြီး သမိုင်းတစ်လျှောက်တွင်ကိုယ်ကျိုးအတ္တ မရှိဆုံးသော ဘုရင်တစ်ပါးဖြစ်ခဲ့သည်။ ဂျိုးဇက်သည် မိမိပြည်သူများ၏ အကောင်းဆုံး အကျိုးစီးပွားရရှိရေးကိုသာ လို

လားခဲ့သည်။ ပြည်သူများအကျိုးအတွက် ကျွန်စနစ်ကို အပြီးတိုင်ဖျက်သိမ်းခဲ့သည်။ ၁၇၉၀ ပြည့်နှစ် ဖေဖော်ဝါရီ လ ၂၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဂျင်ဂျစ်ခန်
(Genghis Khan)

ဂျင်ဂျစ်ခန် (၁၁၆၂-၁၂၂၇) သည် ကမ္ဘာပေါ်တွင်အရက်စက်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်သကဲ့သို့ အောင်မြင်မှုအရှိဆုံးခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ သူသည် မွန်ဂိုအင်ပါယာကို ထူထောင်ခဲ့ကာ ထိုအချိန်က ကမ္ဘာပေါ်တွင် အင်အားအကောင်းဆုံး အင်ပါရာတစ်ခုဖြစ်လာခဲ့သည်။ ဂျင်ဂျစ်ခန်၏ ပြောင်မြောက်သော စစ်ဗျူဟာနှင့် ပရိယာယ်များက သူ့ကို ကမ္ဘာတွင်ထင်ရှားသော အုပ်စိုးသူတစ်ဦးဖြစ်လာစေခဲ့သည်။ သူသည် ကမ္ဘာကြီး၏နေရာအများစုကို အုပ်စိုးနိုင်ခဲ့ကာ အာရှတိုက်တွင်နေထိုင်ကြသည့် မျိုးနွယ်စုများကို စည်းလုံးပေးနိုင်ခဲ့သည်။

ပထမ အဲလိဇဘက်ဘုရင်မ
(Queen Elizabeth I)

ပထမ အဲလိဇဘက်ဘုရင်မကြီးသည် အင်္ဂလန်နှင့် အိုင်ယာလန်တို့အား ၁၅၅၈ ခု နှစ်မှကွယ်လွန်ချိန်အထိ အုပ်စိုးခဲ့သည်။

ဘုရင်မကြီးတွင် အခြားနာမည်များရှိသော်လည်း အပျိုစင် ဘုရင်မကြီးဟူသည့် အမည်က အထင်ရှားဆုံးဖြစ်သည်။ ဘုရင်မကြီးသည် အမည်နှင့်လိုက်ဖက်စွာ မည်သည့်အမျိုးသားတစ်ဦးတစ်ယောက်ကိုမှ မှီခိုခြင်းမပြုဘဲ နိုင်ငံကိုကောင်းမွန်စွာ အုပ်ချုပ်သွားခဲ့သည်။

ဘုရင်မကြီးသည် ကမ္ဘာပေါ်တွင်နိုင်ငံတစ်ခုကို အောင်မြင်စွာအုပ်ချုပ်မင်းလုပ်ခဲ့သည့် စံပြအမျိုးသမီးများအနက်တစ်ဦးဖြစ်ခဲ့သည်။

ဘုရင်မကြီး နန်းမစံမီအချိန်များက အမျိုးသမီးအများစုသည် ထီးနန်းစံကာ ဘုရင်မလုပ်ရမည့်အလုပ်ကို မစဉ်းစားရဲခဲ့ကြပါချေ။ အင်္ဂလန်နိုင်ငံတွင် နေရာအမြင့်ဆုံးရရှိသူ အမျိုးသမီးများသည် ဘုရင်ကြီးများ၏ မိဖုရားများအဖြစ်ဖြင့်သာ ရပ်တည်ခဲ့ကြရသည်။ ပထမ အဲလိဇဘက်ဘုရင်မသည် နန်းတက်လာချိန်တွင် ဘုရင်များထက်ပိုမိုကောင်းမွန်စွာ နိုင်ငံကိုအုပ်ချုပ်နိုင်ကြောင်း သက်သေပြခဲ့သည်။ အမျိုးသမီးပင်ဖြစ်လင့်ကစား အမျိုးသားများနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သက်သေပြနိုင်ရန် စီမံအုပ်ချုပ်နိုင်ခဲ့သည်။

ချယ်လင်မိန်း (Charlemange)

ချယ်လင်မိန်းသည် ဖရန့် (Franks) ဘုရင်အဖြစ် ခရစ်နှစ် ၇၆၈ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ဖရန့်အင်ပါရာကိုအုပ်ချုပ်ခဲ့သည်။

သူသည်ရှည်လျားသော အောင်မြင်မှုများကို ရယူပိုင်ဆိုင်ခဲ့ကာ ကမ္ဘာ့ထင်ရှားသော အုပ်စိုးသူတစ်ဦးဖြစ်လာခဲ့သည်။ ချယ်လင်မိန်းသည် ပြန့်ကျဲနေသည့် ဖရန့်အင်ပါယာကြီးကို တစ်စုတည်းဖြစ်စေရန် စည်းလုံးနိုင်ခဲ့ပြီး ဖရန့်အင်ပါယာကို တိုးချဲ့နိုင်ခဲ့ပြီး အင်အားကြီးမားစေခဲ့သည်။ သူအုပ်ချုပ်ခဲ့ချိန်သည် ဥရောပတွင် ယဉ်ကျေးမှုနှင့် အနုပညာများထွန်းကားခဲ့သည့် ခေတ်ဆန်းချိန်ဖြစ်ခဲ့သည်။ ချယ်လင်မိန်းလက်ထက်တွင် ကက်သလစ်ဘုရားကျောင်းများမှတစ်ဆင့် ယဉ်ကျေးမှုအနုလက်ရာများသည် အထွတ်အထိပ်နေရာသို့ရောက်ရှိခဲ့သည်။



He was crowned the leader of the Franks by Pope Leo III on Christmas Day 800.

နပိုလီယံ (Napoleon)

ပြင်သစ်နိုင်ငံကိုအုပ်ချုပ်ခဲ့သော ပထမ နပိုလီယံသည် နပိုလီယံဧကရာဇ်ဟု ထင်ရှားလာခဲ့ပြီး ပြင်သစ်နိုင်ငံ၏ ထင်ရှားသော စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။ နပိုလီယံသည် ၁၉ ရာစုအစောပိုင်းတွင် ဥရောပတိုက်၏ နိုင်ငံရေးကိုကြီးမားစွာ ဩဇာလွှမ်းမိုးခဲ့သည်။ သူသည် စစ်ရေးစွမ်းရည်နှင့် ထောက်လှမ်းရေးနည်းဗျူဟာများကြောင့် ဥရောပတိုက်ကိုစိုးမိုးနိုင်ခဲ့သည်။ ၁၈၁၂ ခုနှစ်တွင် နပိုလီယံသည် ရုရှားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ချိန်အထိ နယ်မြေနှင့် ဥစ္စာကြွယ်ဝသော ဧကရာဇ်တစ်ပါးဖြစ်ခဲ့သော်လည်း သူ၏အောင်မြင်မှုများသည် နောက်ပိုင်းတွင် တဖြည်းဖြည်းချင်းကျဆင်းလာခဲ့သည်။ နပိုလီယံထူထောင်ခဲ့သော ဥပဒေကျင့်ထုံးများသည် ဥရောပနိုင်ငံအများအပြား၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမှုများ၏ အခြေခံဖြစ်လာခဲ့သည်။



အေဗရာဟင် လင်ကွန်း (Abraham Lincoln)

အေဗရာဟင်လင်ကွန်းသည် အမေရိကန်နိုင်ငံ၏ ၁၆ ဦးမြောက်သမ္မတဖြစ်သည်။ လင်ကွန်းသမ္မတဖြစ်ချိန်သည် အမေရိကန်ပြည်ထောင်စုအတွင်း ပြည်တွင်းစစ်ဖြစ်ပွားကာ အခက်အခဲများစွာကို ရုန်းကန်နေရချိန်ဖြစ်သည်။ သို့သော်လည်း လင်ကွန်းသည် ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းနိုင်ခဲ့ကာ အမေရိကန်ပြည်ထောင်စုကြီး တောင်နှင့်မြောက်နှစ်ပိုင်းကွဲမည့် အန္တရာယ်ကိုအောင်မြင်စွာတားဆီးနိုင်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် နှစ်ပေါင်းများစွာလက်ခံ



ကျင့်သုံးခဲ့သည့် ကျွန်စနစ်ကိုဖျက်သိမ်းခဲ့ကာ ကျွန်စနစ်မှ လွတ်မြောက်မှု ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်နိုင်ငံကို အုပ်ချုပ်ခဲ့သည့် သမ္မတများတွင် အေဗရာဟင်လင်ကွန်းကို အကြီးမြတ်ဆုံးသမ္မတကြီးအဖြစ် ပြည်သူအများစုက သတ်မှတ်ထားကြသည်။ ထို့အတူပင် အေဗရာဟင်လင်ကွန်းသည် ကမ္ဘာ့သမိုင်းတွင် စွမ်းရည်ကြီးမားသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပေသည်။

ပြည်သူပြည်သားများအား အုပ်ချုပ်သူတို့သည် သမိုင်းစဉ်ဆက်တစ်လျှောက် ပေါ်ထွက်မြဲဖြစ်ပေရာ အလွန်များပြားသည့် အုပ်ချုပ်သူများသည် ကမ္ဘာ့သမိုင်းတွင်ပေါ်ထွက်ခဲ့ပြီးဖြစ်သကဲ့သို့ နောင်တစ်ချိန်လည်းဆက်လက်ရှိနေဦးမည်သာဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင်စွမ်းရည်ထက်မြက်ထူးချွန်သော အုပ်စိုးသူများပေါ်ထွန်းခဲ့သကဲ့သို့ ညံ့ဖျင်းသော အုပ်စိုးသူများလည်း ပေါ်ထွက်လာမြဲဖြစ်ပေသည်။ မိမိနိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကို ရှေ့တန်းတင်သည့် ခေါင်းဆောင်များပေါ်ထွက်ခဲ့သည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာမြဲဖြစ်ကြောင်း သမိုင်းကသက်သေပြလျက်ရှိပေသည်။

■ ကောင်းစည်သူ

ထိုင်းနိုင်ငံတွင် ရေပန်းစားနေသော ကလေးနတ်ရုပ်လေးများ

နန္ဒမင်းပိုင်

ယနေ့မျက်မှောက်ကာလတွင် ထိုင်းနိုင်ငံ၌ ရေပန်းစားခေတ်ထနေသော အရာမှာ ကံကောင်းစေရန်နှင့် ကြီးပွားတိုးတက်လာဘ်လာဘရှင်စေရန်အတွက် ကလေးနတ်ရုပ်ကလေးများကို ဝယ်ယူပူဇော်မှုပင်ဖြစ်သည်။ လိုခ်ထေ့ပ်မှာ ထိုင်းဘာသာစကားဖြင့် ကလေးနတ်ဟု အဓိပ္ပာယ်ရသည်။အဆိုပါ ကလေးနတ်ရုပ်ကလေးများသည် ကလေးများ၏ ဝိညာဉ်ဝင်ပူးနေသည်ဟု ယုံကြည်ယူဆထားကြသည်။ ထိုကလေး နတ်ရုပ်လေးများအတွင်းသို့ ကလေးနတ်ဝိညာဉ်ဝင်ပူးစေသည်။

ယနေ့ခေတ် ထိုင်းလူမျိုးတို့ ကလေးနတ်ရုပ်လေးများမှာ ရှေးခေတ်က ကူမန်ထုန် (Kuman thong) ကို ခေတ်သစ်မှုကွဲအဖြစ် ပြန်လည်အသက်သွင်းထားခြင်းပင်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ခေတ်ဟောင်းကာလက မိခင်ဝမ်းကြာတိုက်အတွင်း၌ သေဆုံးသွားသော သန္ဓေသားလောင်းများကို ကံကောင်းစေရန်နှင့် လာဘ်လာဘရှင်စေရန် ပူဇော်ခဲ့သော ရိုးရာထုံးတမ်းဓလေ့ဟောင်း ဖြစ်သည်။ ယနေ့ခေတ် လိုခ်ထေ့ပ်ကလေးနတ်ရုပ်လေးများမှာ တကယ့်သေဆုံးနေသော သန္ဓေသားလောင်းရှိစရာမလိုဘဲ ကလေးနတ်ဝိညာဉ်ကို ပူဇော်နိုင်စေသည်။

ဤသို့ ကလေးနတ်ရုပ်ကလေးများကို ယုံကြည်စွာပူဇော်ခြင်း အကျိုးကျေးဇူးကြောင့် ကံကောင်းပြီး လာဘ်လာဘရှင်ကာ လိုအင်ဆန္ဒပြည့်ဝခဲ့ကြောင်းကို ထိုင်းဒေသခံ ထင်ရှားကျော်ကြားသူများက သက်သေပြခဲ့ ကြသည်။ ထိုင်းနိုင်ငံမှ 94 FM ရေဒီယို အသံလွှင့်ဌာနမှ နာမည်ကျော် အထင်ကရ ဒီဂျေဘွတ်ခ်ခေါလ် ထန်နတ်ချာယာပန်က သူပူဇော်ထားသော ဝမ်စိုင်းအမည်ရှိ ကလေးနတ်ရုပ်လေးသည် အနုပညာလောကတွင် ၎င်းအား အောင်မြင်အောင် အကူအညီပေးခဲ့ကြောင်းပြောပြခဲ့သည်။

"ကျွန်တော်ဝမ်းစိုင်းကလေးနတ်ရုပ်လေးကို ပိုင်ဆိုင်ခဲ့တဲ့ ပထမဆုံးနေ့က သူ့ကိုယူသွားပြီး ကုန်တိုက်ကြီးတစ်ခုရဲ့ ကလေးအဝတ်အစားစတိုးဆိုင်မှာ သူ့အတွက် ကလေးအဝတ်အစားတွေအတွက် ငွေပေးချေနေတုန်းမှာပဲ ကျွန်တော်ကို ပယ်ထားတဲ့ အလုပ်က ကျွန်တော့်ကို အလုပ်လုပ်ဖို့ ပြန်ခေါ်တဲ့ ဖုန်းဝင်လာတယ်"။

သို့ဖြင့် ဘွတ်ခ်ခေါလ်က ကလေးနတ်ရုပ်လေး၏ အစွမ်းကို နောက်ထပ်စမ်းကြည့်ခဲ့ပြန်သည်။ ၎င်းက ထို့ထက်ပိုကောင်းသော



အလုပ်ကြီးအကိုင်ကြီးရအောင်လုပ်ပေးမည်ဆိုပါက ရွှေဆွဲကြိုးတစ်ကုံးဝယ်ပေးမည်ဟု ကလေးနတ်ရုပ်လေးဝမ်စိုင်းအား ကတိပေးခဲ့သည်။ မကြာခင်မှာပင် ဒါရိုက်တာ တစ်ဦးက ရုပ်ရှင်ဇာတ်ကားတစ်ကားထဲမှ ဇာတ်ရုပ်တစ်ရုပ်အဖြစ် သရုပ်ဆောင်ပေးရန် ဖုန်းဆက်ပြီး ကမ်းလှမ်းခြင်းခံခဲ့ရသည်။

သို့ဖြင့် ၎င်းက ဝမ်စိုင်း တကယ်ရှိသည်ဟု ယုံကြည်ခဲ့မိပြီး ၎င်းအား ကိုယ့်သားသမီးအရင်းပမာ ချစ်ခင်မြတ်နိုးခဲ့ကြောင်း ပြောပြသည်။ ထိုင်းနိုင်ငံ မယ့်နင်းအမည်ရှိ ထိုင်းအမျိုးသမီးတစ်ဦးလောက်လုစ်ထေ့ပ်ကလေးနတ်ရုပ်ကလေးများကို အရူးအမူး စွဲလမ်းစွာ ဝယ်ယူစုဆောင်းသူရှိမည်မထင်ချေ။ ၎င်းသည် အင်တာနက်ပေါ်တွင်လုခ်ထေ့ပ်ကလေးနတ်ရုပ်အသင်းကို တည်ထောင်ခဲ့ပြီး ယနေ့ခေတ် ကလေးနတ်ရုပ်ကလေးများကို ဖန်တီးခဲ့သူဖြစ်သည်။

မယ့်နင်းသည် လွန်ခဲ့သော သုံးနှစ်ခန့်က ကလေးနတ်ရုပ်ကလေးများကို စတင်ဖန်တီးခဲ့သည်။ သူသည် ခေါင်းမာပြီးဆိုဆုံးမရခက်သော သားငယ်ကိုယ်စား ထိုကလေးနတ်ရုပ်များကို ဖန်တီးခဲ့သည်။ သားကိုဘယ်လို ထိန်းရရင်ကောင်းမလဲ။ သူကောင်းကောင်းမွန်မွန်ပြုမူလာအောင် ဘယ်လိုလုပ်ရပါ့မလဲဟု သူမကတွေးခဲ့သည်။ သို့ဖြင့် ၎င်းသည် သားအဖြစ် လုစ်ထေ့ပ်နတ်ရုပ်လေးကို ဖန်တီးခဲ့ခြင်းဖြစ် သည်။ ယခုအခါ မယ့်နင်းသည် ကလေးနတ်ရုပ်ထောင်ပေါင်းများစွာကို ဖန်တီးခဲ့သည်။ သူဖန်တီးထားသော လုစ်ထေ့ပ် နတ်ရုပ်လေးများက ၎င်းတို့အား မွေးစားမည့် မိခင်သစ်နှင့် ဖခင်သစ်တို့ကို စောင့်မျှော်နေကြသည်။

မယ့်နင်းက စက်ရုံက ထုတ်လုပ်ထားသော ကလေးအရုပ်လေးများကိုအင်္ကျီအဝတ်အစားများနှင့် အဆင်တန်ဆာများဖြင့် အလှဆင်ထားပြီး ဆံပင်ပုံစံကို လှပအောင် ပြင်ဆင်ကာ အရုပ်၏ အလေးချိန်ကိုလည်း ပိုလေးလံလာအောင် ပြုလုပ်ခဲ့သည်။ ထို့နောက်သူသည် ဟိန္ဒူနတ်မိမယ် ပါရိဗာတီ၏ အံ့စွမ်းများရှိလာစေရန် အခမ်းအနားဖြင့် ကလေးနတ်၏ ဝိညာဉ်ဝင်ပူးစေရန်ပြုလုပ်ခဲ့သည်။ ထို့နောက် ကလေးနတ်ရုပ်ကလေး တစ်ရုပ်စီကို နာမည်မှည့်ပေးထားပြီးကလေးနတ်ဝိညာဉ်ဝင်ပူးသည့်နေ့မှစ၍ ထိုအရုပ်ကလေးများ၏ အသက်ကို စတင်သတ်မှတ်ထားရာ အရုပ်အားလုံး၏ အသက်အရွယ်မှာ သုံးနှစ်အောက် အရွယ်ဖြစ်သည်။

မယ့်နင်းက ကလေးနတ်ရုပ်လေးများက ထိုင်းပြည်သူတို့၏ ဘဝကို စိုပြည်လာစေကြောင်းပြောပြသည်။ "ကျွန်မတို့ တစ်တွေ ကလေးကို မွေးဖွားပြီး ပြုစုစောင့်ရှောက်တဲ့အခါ တချို့ကလေးတွေက မိဘစကားနားမထောင်ဘဲ ခေါင်းမာတတ်ကြလို့ မိဘတွေအတွက် ခေါင်းခဲစရာဖြစ်လာတယ်။ တချို့လူတွေမှာတော့ သားသမီးမရှိကြဘူး။ တချို့ကတော့ သားမီးတွေသေဆုံးသွားကြတယ်။ သူတို့တစ်တွေက လုခ်ထေ့ပ်ကလေးနတ်ရုပ်လေးတွေကို မွေးစားတဲ့အခါ သူတို့ရဲ့ဘဝဟာ ပြောင်းလဲသွားပြီး ဘဝဟာစိုပြည်လာတယ်လို့" ပြောပါတယ်။

ကလေးနတ်အပေါ် အယူသီး စွဲလမ်းမှုမှာ သမိုင်းကြောင်းမှာအလွန် ရှည်လျားကာ ယခုအခါ တစ်ကျော့ပြန် ရေပန်းစား ခေတ်ထလာခဲ့သည်။ ထိုင်း နိုင်ငံ ဘန်ကောက်မြို့၏ အနောက်ဘက်ဆင်ခြေဖုံး ဒေသတွင် ဆဝမ်နံအာရောမ်ဘုရားကျောင်းရှိပြီး ကူမန်ကလေးဝိညာဉ်ပလတ်စတစ်ရုပ်လေး အမြောက်အမြားရှိသည်ဟု ထင်ရှားကျော်ကြားသည်။ အဆိုပါ ကူမန်ကလေးအရုပ်များမှာ ရှေးခေတ်ထိုင်းဂန္ထဝင်ရိုးရာ အဝတ်အစားကို ဝတ်စားထားပြီး မမွေးဖွားရသေးဘဲ သေဆုံးသွားသော သန္ဓေသား၏ ဝိညာဉ်ဝင်ပူးနေသည်ဟု ယူဆထားကြသည်။

ထိုင်းပြည်သူများက ထိုဘုရားကျောင်းရှိ ကူမန်ကလေး အရုပ်လေးများထံတွင် ကံကောင်းစေရန် အမွေးတိုင်များထွန်းညှိပြီး ဆုတောင်းရန် တစ်နေ့လုံး တဖွဲဖွဲ လာရောက်လည်ပတ်ကြသည်။ ထိုဘုန်းကြီးကျောင်းတွင် ထိုင်းပြည်သူအချို့က လုခ်ထေ့ပ်ဟုခေါ်သော ကလေးနတ်ရုပ်ကလေးများကို လာရောက်စွန့်ပစ်ထားကြသောကြောင့် ဘုန်းကြီးများက ၎င်းတို့ကို ကူမန်

ကလေးရုပ်များထားသည့်အခန်းတွင် သိမ်းဆည်းပေးထားရသည်။

"လူတစ်ယောက်စီမှာ ကိုယ်ပိုင်ယုံကြည်မှု ကလေးတွေရှိတတ်ကြတယ်။ ဒါပေမဲ့ လုပ်ထေ့ပ်ကလေးနတ်ရုပ်လေးတွေကို ယုံကြည်မှုဟာ အလွန်ပြင်းထန်တယ်။ နတ်ရုပ်ပိုင်ရှင်တွေက အစစအရာရာ အဆင်ပြေနေရင် နတ်ရုပ်လေးတွေကို ပူဇော်တတ်ကြပေမယ့် အစစအရာရာ အဆင်မပြေတော့ရင်တော့ ဘုန်းကြီးကျောင်းတွေမှာ လာစွန့်ပစ်သွားတတ်ကြတယ်" ဟု ဘုန်းကြီးတစ်ပါးက ရှင်းပြသည်။

ထိုလုပ်ထေ့ပ်ကလေးနတ်ရုပ်လေးများမှာ ဘုန်းကြီးကျောင်းနှင့် လုံးဝမအပ်စပ်ချေ။ ထိုင်းနိုင်ငံတွင် လုပ်ထေ့ပ်ကလေးနတ်ရုပ် အယူသီးစွဲလမ်းမှုမည်သို့မည်ပုံ ခေတ်ထရေပန်းစားလာခဲ့ရသည်ကို ဆန်းစစ်သုံးသပ်ကြည့်ကြသောအခါ ရှေးခေတ်အခါက ကုမန်ဟုခေါ်သော ကလေးအရုပ်လေးများအပေါ်ယုံကြည်ပူဇော်မှုကို ခေတ်သစ်မှုကွဲအဖြစ် ဆက်လက်ပူဇော်ကြခြင်းဖြစ်သည်ဟု ယူဆထားကြသည်။ သို့ရာတွင် သက်မဲ့အရာဝတ္ထုအနေဖြင့် နတ် သို့မဟုတ် ဝိညာဉ်ဝင်ပူးနိုင်မည်လောဟု မေးစရာရှိလာသည်။

ဘန်ကောက်မြို့ပြင် ဆင်ခြေဖုံးဒေသတစ်ခုတွင် အဆိုပါ မေးခွန်းအတွက် အဖြေတစ်ခုကို ရှာဖွေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထိုဒေသမှ လုပ်ထေ့ပ်ကလေးနတ်ရုပ်လေးကို အမြတ်တနိုးပူဇော်ထားသည့် ထိုင်းအမျိုးသမီး မာနန်ယာ ဘွန်မီကို တွေ့ဆုံခဲ့သည်။ သူသည် ပလွိုင်းဟု အမည်ပေးထားသော ကလေးနတ်ရုပ်လေးကို မွေးစားခဲ့သည်မှာ လေးနှစ်ကြာခဲ့ပြီဖြစ်သည်။ သူမသည် ပလွိုင်းကလေးရုပ်လေးကို လူသားကလေးငယ်တစ်ယောက်ပမာ ချစ်ခင်ယုယစွာ အမြတ်တနိုးပြုစုစောင့်ရှောက်ခဲ့သဖြင့် ကံကောင်းလာခဲ့သည်။

မာနန်ယာဘွန်မီသည် လွန်ခဲ့သောလေးနှစ်က အမှတ်တရ လက်ဆောင်ပစ္စည်းလေးများကို ရောင်းချခဲ့ရာ စီးပွားကောင်းလာခဲ့သည်။

မာနန်ယာဘွန်မီသည် လွန်ခဲ့သောလေးနှစ်က အမှတ်တရလက်ဆောင်ပစ္စည်းလေးများကို ရောင်းချခဲ့ရာ စီးပွားကောင်းလာ

ခဲ့သည်။ သူက စီးပွားတက်လာအောင် ပလွိုင်းကလေးရုပ်လေးက ကူညီစောင့်ရှောက်ပေးနေသည်ဟု ယုံကြည်သောကြောင့် ပလွိုင်းကလေးရုပ်လေးကို တကယ့်ကလေးအစစ်အလား အမြတ်တနိုး တယုတယပြုစုစောင့်ရှောက်ခဲ့သည်။ နောက်ပိုင်းတွင် သူ၏ စီးပွားရေးမှာ တိုးတက်သည်ထက် တိုးတက်လာခဲ့သည့်အပြင် သူ၏ သားတော်မောင်ကို ဆိုဆုံးမရခက်ခဲသည့် ပြဿနာကိုလည်း ကျော်လွှားနိုင်ခဲ့သည်။

မာနန်ယာဘွန်မီသည် ပလွိုင်းကလေးရုပ်လေးကို စိတ်ထဲက ကျိတ်ပြီး အားကိုးခဲ့သည်။ ပလွိုင်းသည် တကယ့်သက်ရှိကလေးတစ်ယောက်လို ဝမ်းသာအောင်လုပ်ပေးခဲ့သဖြင့် ၎င်းသည် ထိုကလေးရုပ်လေးကို သွားလေရာခေါ်သွားသည်အထိ သံယောဇဉ်ကြီးခဲ့သည်။ သူက ထိုအရုပ်လေးကို အဝတ်အစားလေးများ ဝတ်စားပေးပြီး တတွတ်တွတ်စကားပြောတတ်သည်။ ၎င်းက ထိုကလေးရုပ်လေးကို တကယ့်ကလေးတစ်ဦးလို ပြုစုပါက အိပ်မက်ထဲသို့လာလည်တတ်သည်ဟု ပြောပြသည်။

လွန်ခဲ့သော နှစ်က လုပ်ထေ့ပ်ကလေးနတ်ရုပ်လေးများအပေါ် အရူးအမူး အယူသီးစွဲလမ်းမှုမှာ မယုံကြည်နိုင်လောက်အောင် ရေပန်းစားခေတ်ထလာခဲ့သည်။ ထိုင်းနာမည်ကျော် အထင်ကရ အနုပညာရှင်များက ၎င်းတို့၏ လုပ်ထေ့ပ်ကလေး နတ်ရုပ်လေးများကို စားသောက်ဆိုင်ကြီးများ စ

သဖြင့် သွားလေရာ ခေါ်သွားရုံမျှသာမက လေယာဉ်စီးရာတွင်ပင် ၎င်းတို့အတွက် သီးသန့်ထိုင်ခုံတစ်ခုံဝယ်ပေးပြီး အတူတွဲထိုင်သည်အထိ အဖြစ်သည်းခဲ့ကြသည်။ ၎င်းတို့က ထိုအရုပ်လေးများကို လူသားကလေးတစ်ဦးပမာသဘောထားပြီး ကောင်းကောင်းမွန်မွန်ပြုစုစောင့်ရှောက်ပေးပါက လာဘ်လာဘရွှင်ပြီး ကံကောင်းလာမည်ဟု ယုံကြည်ယူဆထားသည်။



ကူမန်ထုန် (Kuman Thong) ဟုခေါ်သောကလေးရုပ်လေးများအပေါ် ယုံကြည် ယူဆမှုမှာ လွန်ခဲ့ သော နှစ်ပေါင်း ၁၀၀ ကာလက စတင် အ မြစ်တွယ်ခဲ့သည်။ ၎င်းတို့က သန္ဓေသားလောင်း၏ ဝိညာဉ်ပူးနေသော ကူမန်ကလေး အရုပ်လေးများတွင် လျှို့ဝှက်ဆန်းကြယ်သော စွမ်းပကားများရှိသည်ဟု ယုံကြည်ထားကြသဖြင့် တကယ့်ကလေးပမာ ဝတ်စားပြီး ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ကြေးရတတ်များကမူထိုအရုပ်ကလေးများကို ရွှေငွေလက်ဝတ်ရတနာများပင် အမြတ်တနိုးဆင်ယင်ပေးထားကြသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ တက္ကသိုလ်မှ ပါမောက္ခအက်တာချက် ဆတ်တာယာနုရတ်ခ်က ကလေးအရုပ်နှစ်မျိုးနှစ်စားဖြစ်သော ကူမန်ထုန် (Kuman Thong) ကလေးအရုပ်လေးနှင့် လုခ်ထေ့ပ် (Luk Thep) တို့ ခေတ်ထ ရေပန်းစားလာခဲ့ရခြင်းအကြောင်းကို ဆန်းစစ် သုံးသပ်ကြည့်ခဲ့ သည်။ ထိုင်းနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီးနောက် အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ကာလတွင် ကံကောင်းလာစေမည့် အဆောင်လက်ဖွဲ့များအပေါ် အားကိုးအားထား ပြုလာခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ထိုင်းလူမျိုးတို့သည် ကူမန်ထုန် သန္ဓေသားရိုးရာဓလေ့ကို စိတ်ဝင်စားလာခဲ့ကြသည်။ ထိုင်းပြည်သူ ၆၅ ရာခိုင်နှုန်းကျော်မှာ ရှေးယခင်က အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောကြောင့် စိတ်သက်သာရာရပြီး ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ပေးမည့်အရာကို ရှာဖွေတောင့်တခဲ့ကြသည်။ ထို့ပြင်လွန်ခဲ့သော ကိုးနှစ်ကာလက ထိုင်းနိုင်ငံမှာ စစ်အုပ်ချုပ်ရေးနှင့်ကြုံတွေ့ခဲ့ရစဉ် အဆောင်လက်ဖွဲ့များအပေါ် အားကိုးခဲ့ကြသည်။ ထိုစဉ်ကာလက ဂျာတူခမ်း (Jatukam) ဟုခေါ်သော အဆောင်လက်ဖွဲ့ကို အားကိုးအားထားပြုခဲ့ကြသည်။

အဆိုပါ ဂျာတူခမ်း လက်ဖွဲ့အဆောင်ကို ထိုင်းရဲအရာရှိချုပ်က စတင်အသုံးပြုခဲ့ပြီး ၎င်း၏ အခက်အခဲ ပြဿနာများကို ဖြေရှင်းရာတွင် အကြီးအကျယ်အထောက်အကူပြုခဲ့ကြောင်း ပြောပြသဖြင့် ထိုအဆောင်လက်ဖွဲ့ဈေးနှုန်းမှာ ထိုးတက်သွားခဲ့သည်။ အဆိုပါ အစွမ်းထက်သော အဆောင်လက်ဖွဲ့၏ ပုံရိပ်ကို ထိုင်းနိုင်ငံ၏ အမြင့်မားဆုံး အဆောက်အအုံကြီး၏ နံရံတွင် ပုံရိပ်ထိုးစက်ဖြင့် ပုံရိပ်ဖော်ထားသည်အထိ အယူသီးခဲ့သည်။ ထိုင်းပြည်သူများကလည်း အဆိုပါ ဂျာတူခမ်း အဆောင်လက်ဖွဲ့ကို ယုံကြည်စွာဆောင်ထားခဲ့ကြသည်။

နောက်ပိုင်းတွင် ထိုအဆောင်လက်ဖွဲ့ရေပန်းစားမှုမှာ မှေးမှိန်လာပြီး ထိုင်းပြည်သူများက စိတ်မဝင်စားကြတော့သဖြင့် အဆောင်လက်ဖွဲ့ဈေးနှုန်းမှာ ထိုးဆင်းလာခဲ့သည်။ ယခုအခါ ထိုင်းပြည်သူများက ထိုအဆောင်လက်ဖွဲ့ကို မေ့လျော့သွားကြပြီဖြစ်သည်။ ယနေ့မျက်မှောက်ကာလတွင် ရေပန်းစားခေတ်ထနေသော လုခ်ထေ့ပ်ကလေးနတ်ရုပ်များမှာလည်း နောက်ဆုံးတွင် ထိုအဆောင်လက်ဖွဲ့ကဲ့သို့ပင် တစ်စထက်တစ်စ မေ့ပျောက်သွားကြမည်ဖြစ်ပေသည်။

နန္ဒမင်းပိုင်

လက်တွေ့အသုံးချ သုတကဏ္ဍ



ကခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)

ဖရဲသီးအမြှုသားကို ဘာကြောင့်စားသင့်တာလဲ

ကျွန်မတို့တွေ ဖရဲသီးစားတဲ့အခါ အနီရောင်၊ အဝါရောင်ရှိတဲ့ အတွင်းသားကိုသာ စားသုံးကြပြီး အခွံနဲ့ကပ်နေတဲ့ အမြှုသားကို ဖယ်ရှားတတ်ကြပါတယ်။ တကယ်တော့ ဖရဲသီးရဲ့ အမြှုသားထဲမှာ ပါဝင်တဲ့ဖြစ်ပေါင်းတွေက ကျွန်မတို့ခန္ဓာကိုယ်အတွက် များစွာအထောက်အကူပြုတယ်ဆိုတာ သင်သိပါရဲ့လား။

သွေးဖိအား ပုံမှန်ဖြစ်စေတယ်

သွေးတိုးရောဂါရှိသူတွေအနေနဲ့ ဖရဲသီးစားသုံးတဲ့အခါ အမြှုသားကို မဖြစ်မနေ စားသုံးသင့်ပါတယ်။ သွေးစီးကြောင်းထဲမှာ ရှိတဲ့ ပိုလျှံနေတဲ့အရည်တွေကို ဖယ်ရှားပေးပြီး သွေးဖိအားကို ပုံမှန်ဖြစ်အောင် ထိန်းညှိပေးတာကြောင့်ပါ။ လေ့လာမှုတွေအရ သွေးတိုးရောဂါရှိသူတွေမှာ စမ်းသပ်ခဲ့ရာ သွေးဖိအား ပုံမှန်ဖြစ်အောင် လုပ်ဆောင်ပေးတယ်။

ဆီးလမ်းကြောင်း ကောင်းမွန်အောင် အထောက်အကူပြုတယ်

ဖရဲသီးအမြှုသားမှာ ဆီးရွှင်စေတဲ့ အာနိသင်ရှိပြီး ကျောက်ကပ်ရဲ့လုပ်ဆောင်ချက်ကို ကောင်းမွန်အောင် [illegible] ကူညီ[illegible] ဆီးလမ်းကြောင်း တစ်လျှောက်ကို[illegible]ပေးပါတယ်။ နေ့စဉ် တစ်နေ့ကို ရေ ၈-၁၂ ဖန်ခွက်မ သောက်ဖြစ်ခဲ့ရင်တောင် ဖရဲသီးအမြှုသားကို စားသုံးပါက ဆီးလမ်းကြောင်း သန့်စင်စေပါတယ်။

ကင်ဆာမဖြစ်ပွားအောင် ကာကွယ်ပေးတယ်

ဖရဲသီးရဲ့အခွံနဲ့ကပ်နေတဲ့ အမြှုရောင်အသားမှာ လိုင်ကိုပင်းလို့ခေါ်တဲ့ အင်တီအောက်ဆီးဒင့်တွေ များစွာပါဝင်ပါတယ်။ လိုင်ကိုပင်းက ဆီးကျိတ်ကင်ဆာဖြစ်ပွားနိုင်ခြေကို ၃၄ ရာခိုင်နှုန်းလျှော့နည်းစေပါတယ်။ ဒါ့အပြင် ခံတွင်းကင်ဆာ၊ အစာရေမြိုအစကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာနဲ့ သားအိမ်ခေါင်းကင်ဆာရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေတွေကိုလည်း လျှော့ချနိုင်ပါတယ်။

အားကစားလုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးတယ်

ဖရဲသီး အမြှုသားထဲမှာပါဝင်တဲ့ အမိုင်နိုအက်စစ် စီထရူလင်းက အားကစားလုပ်တဲ့အခါ ထိခိုက်တဲ့ ကြွက်သားတွေကို ပြန်လည်ကောင်းမွန်အောင် ပြုပြင်ပေးပါတယ်။ အားကစားပြုလုပ်သူတွေအနေနဲ့ ထမင်းစားတဲ့အခါ တူနာငါး၊ ကြက်သားတို့နဲ့ ထမင်းစားပြီး ဖရဲသီးအမြှုသားပါအောင် စားပေးပါ။

လိင်စိတ်ဆန္ဒအားကောင်းစေတယ်

ဖရဲသီးအမြှုသားမှာပါတဲ့ စစ်ထရူလင်းက အမျိုးသားတွေရဲ့ လိင်စိတ်ဆန္ဒကို ပိုမိုမြှင့်မားစေပါတယ်။ လေ့လာမှုများစွာအရ စစ်ထရူလင်းက ပန်းသေပန်းညှိုးခံစားရတဲ့ လက္ခဏာတွေကို သက်သာစေအောင် ကူညီပေးပါတယ်။

ကိုယ်အလေးချိန် ပုံမှန်ဖြစ်အောင် ကူညီပေးတယ်

ဖရဲသီးအမြှုသားမှာ အမျှင်ဓာတ်တွေ များစွာပါဝင်တာကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူတွေ မဖြစ်မနေ စားသုံးသင့်ပါတယ်။ ဖရဲသီးအမြှုသားမှာ ဆီးရွှင်စေတဲ့ အာနိသင်ရှိပြီး ခန္ဓာကိုယ်တွင်းက မလိုအပ်တဲ့ အညစ်အကြေးတွေကို ဖယ်ရှားပေးပါတယ်။

အိမ်တွင်း ဆေးရောင်လှလှခြယ်ရန် မှန်ကန်စွာရွေးချယ်ရအောင်

အိမ်တွင်းအလှဆင်တဲ့အခါ အရေးကြီးဆုံးက အရောင်ရွေးချယ်မှုပါ။ အရောင်ရွေးချယ်မှုမှန်ကန်တာကြောင့် သင့်အိမ်လေးကို နေထိုင်ချင်စဖွယ်ဖြစ်စေပါတယ်။ အိမ်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အလုပ်ထဲက စိတ်ဖိစီးမှုတွေ၊ လူမှုပတ်ဝန်းကျင် စိတ်ရှုပ်ထွေးစရာကိစ္စတွေ၊ လူမှုဘဝရဲ့ ပူလောင်သောကတွေ အားလုံးကို ပြေပျောက်သွားအောင် မှန်ကန်တဲ့ အရောင်ရွေးချယ်ပြီး ဆေးသုတ်အလှဆင်ဖို့ လိုအပ်ပါတယ်။

အနီရောင်

အနီရောင်ရဲ့ သဘာဝက တက်တက်ကြွကြွရှိပြီး လှုံ့ဆော်မှုကို ပေးစွမ်းနိုင်ပါ တယ်။ အနီရောင်ရဲ့ ထူးခြားချက်က အစာစားချင်စိတ်ကို လှုံ့ဆော်ပေးတာကြောင့် ထမင်းစားခန်းမှာ အနီရောင်ဆေးသုတ်ထားမယ်ဆိုရင် အစာကို ပိုစားချင်မိစေပါတယ်။ ဒါကြောင့် စားသောက်ဆိုင်တွေမှာ အနီရောင်နဲ့ အလှဆင်ပြီး ပြုလုပ်တတ်ကြတာ သင်သတိထားမိမှာပါ။

အပြာရောင်

အပြာရောင်က နူးညံ့တဲ့ အရောင်ဖြစ်ပြီး စိတ်ကို ငြိမ်းချမ်းစေပြီး မွန်းကျပ်မှုတွေကို လျော့နည်းစေပါတယ်။ အိပ်ခန်းအတွင်းနံရံကို အပြာရောင်ဆေးသုတ်ထားပါက ကောင်းမွန်စွာ အိပ်ပျော်စေပါတယ်။ အပြာရောင်က နူးညံ့မှု၊ သဘာဝဆန်မှုနဲ့ အပန်းပြေစေမှုစတဲ့ ကောင်းကျိုးတွေ ပေးစွမ်းနိုင်ပါတယ်။

ခရမ်းရောင်

ခရမ်းရောင်က စိတ်ကို ညီမျှခြင်းနဲ့ ငြိမ်းချမ်းခြင်း ဖြစ်စေပါတယ်။ ဒါပေမဲ့ ခရမ်းရောင် အရမ်းရင့်တာမျိုးတော့ မရွေးချယ်သင့်ပါဘူး။ အရောင်အရမ်းရင့်လွန်းရင် အမည်းရောင်ဘက် သန်းသွားပြီး စိတ်ကို လေးလံ ထိုင်းမှိုင်းသွားစေနိုင်တာကြောင့်ပါ။

ပန်းရောင်

အခန်းအရောင်ကို ပန်းရောင်ရွေးချယ်ပါက ငြိမ်းချမ်းခြင်းနဲ့ တည်ငြိမ်ခြင်းဖြစ်စေပါတယ်။ ပန်းရောင်က နူးညံ့မှုရှိပြီး စွမ်းအင်ပေးစွမ်းနိုင်တယ်။ ဒီအရောင်ကို မိန်းကလေးတွေနဲ့ ကလေးငယ်တွေနေတဲ့ အခန်းအတွက် ရွေးချယ်မှုပြုတတ်ကြပါတယ်။

အစိမ်းရောင်

သဘာဝဆန်တဲ့အရောင်ဖြစ်ပြီး ကြည်လင်လန်းဆန်းမှုတွေကို ရရှိစေပါတယ်။ ဧည့်ခန်းလို နေရာမျိုးတွေမှာ အစိမ်းရောင်ကို ရွေးချယ်သင့်တာက အိမ်ကို လာလည်တဲ့ ဧည့်သည်တွေ အိမ်ရဲ့ အေးမြမှုနဲ့ အတူလှပတဲ့ သဘာဝဆန်ဆန် ခံစားမှုကို ရရှိစေပါတယ်။

မီးခိုးရောင်

အများစုက မီးခိုးရောင်ဟာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းတယ်၊ မှုန်မှိုင်းမှိုင်းဖြစ်တယ်၊ စိတ်ဓာတ်တက်ကြွမှုမရှိဘူးဆိုပြီး ယူဆတတ်ကြပါတယ်။ တကယ်တော့ မီးခိုးရောင်မှာ အေးမြမှုနူးညံ့မှုတွေရှိပြီး သဘာဝဆန်တဲ့ အရောင်ပါ။ မီးခိုးရောင်ကို အိပ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်း၊ စာကြည့်ခန်းတွေမှာ အသုံးပြုနိုင်ပါတယ်။

အမည်းရောင်

အများအားဖြင့် အခန်း ဆေးသုတ်ဖို့ဆိုရင် အမည်းရောင်ကို ရွေးချယ်ဖို့ တွန့်ဆုတ်နေတတ်ပါတယ်။ တကယ်တော့ အမည်းရောင်က တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံတကာအဆင့်အတန်းမီတဲ့ အရောင်မျိုးပါ။ ဒါပေမဲ့ အခန်းတွင်း ပြင်ဆင်၊ ထားသိုမှုတွေ မှန်ကန်ဖို့၊ တခြားအရောင်နဲ့ မှန်ကန်စွာ တွဲဖက်တတ်ဖို့တော့ လိုပါတယ်။

အဖြူရောင်

ဖြူစင်လှပတဲ့ အဖြူရောင် သန့်စင်မှုတွေကို ပေးစွမ်းနိုင်ပါတယ်။ အများအားဖြင့် ဧည့်ခန်းလို နေရာမျိုးနဲ့ စာကြည့်ခန်းတွေမှာ ဆေးအဖြူရောင် သုတ်သင့်ပါတယ်။ အဖြူရောင်နဲ့ လှပတဲ့အခန်းမျိုး အလှဆင်ထားမယ်ဆိုရင်တော့ သန့်ရှင်းရေးအတွက် အချိန်ပိုပေးဖို့ မမေ့နဲ့နော်။

ရနံ့တွေနဲ့ ဘာတွေကို ကုစားနိုင်လဲ

ရနံ့တွေက သင်ရဲ့ စိတ်ပိုင်းဆိုင်ရာ၊ အမူအကျင့်တွေနဲ့ ဦးနှောက်ရဲ့ စွမ်းအားတွေအပေါ် လွှမ်းမိုးမှုတွေရှိတယ်ဆိုတာ သင်သိပါရဲ့လား။



ဆေးလိပ်ဖြတ်ရန်

အသုံးပြုရန် ➢ ငရုတ်ကောင်းနံ့ရှူရှိုက်ပါ

လေ့လာမှုတစ်ခုအရ ဆေးလိပ်ဖြတ်နေသူတစ်ယောက်အနေနဲ့ ငရုတ်ကောင်းထဲမှာပါတဲ့ မရှိမဖြစ်အဆီကို နှစ်မိနစ်ကြာ ရှူရှိုက်တာက ဆေးလိပ်သောက်ချင်စိတ်ကို လျှော့နည်းစေတာကို တွေ့ရပါတယ်။

မှတ်ဉာဏ်ကောင်းမွန်စေရန်

အသုံးပြုရန် ➢ ပင်စိမ်းထည့်ချက်ပါ

ဆေးဖက်ဝင်သစ်ရွက်တချို့ရဲ့ ရနံ့က မှတ်ဉာဏ်ပိုင်းဆိုင်ရာမှာ ပိုမိုကောင်းမွန်စေတယ်လို့ လေ့လာစမ်းသပ်မှုတွေအရ သိရပါတယ်။ ပင်စိမ်းက နီးကြားတက်ကြွမှုနဲ့ အာရုံစူးစိုက်မှုအား ပိုမိုကောင်းမွန်စေပြီး စိတ်ပျော်ရွှင်မှုကို ပေးစွမ်းနိုင်တာကို တွေ့ရပါတယ်။ ဟင်းချက်ရာ၊ အသုပ်သုပ်ရာမှာ ပင်စိမ်း ထည့်ချက်စားပါ။



မမွေတာမလာမီ ခံစားရသော ဝေဒနာများကင်းဝေးရန်

အသုံးပြုရန် ➢ လာဗံဒါဆီဆွတ်ဖျန်းပါ

သင်အိပ်မယ့်ခေါင်းအုံးမှာ လာဗံဒါရနံ့ဆွတ်ဖြန်းထားပါက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။ လာဗံဒါရနံ့ကို ၁၀ မိနစ်ကြာ ရှူရှိုက်ပါက မမွေတာမလာမီ ခံစားရတဲ့ စိတ်ပိုင်းဆိုင်ရာဝေဒနာတွေကို လျှော့နည်းသက်သာစေပါတယ်။

စိတ်ဖိစီးမှုလျော့နည်းစေရန်

အသုံးပြုရန် ➢ ကော်ဖီသောက်ပါ

ကနေဒါမှသုတေသီတွေရဲ့ လေ့လာမှုအရ ကော်ဖီရဲ့ မွှေးရနံ့က စိတ်ဖိစီးမှု လျော့နည်းစေတာကို တွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် စိတ်ဖိစီးမှုကြောင့် ခန္ဓာကိုယ်တွင်း ပျက်စီးမှုတွေ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

ဆာလောင်မှုကင်းစေရန်

အသုံးပြုရန် ➢ သံလွင်ဆီထည့်စားပါ

ဂျာမန်သုတေသီတွေရဲ့ ကနဦးလေ့လာမှုအရ သံလွင်ဆီမှာပါဝင်တဲ့ ရနံ့ဖြစ်စေတဲ့ ဒြပ်ပေါင်းတစ်မျိုးက ဆာလောင်မှုကင်းပြီး စိတ်ကျေနပ်စေတယ်လို့ သိရပါတယ်။ ရနံ့မပါတဲ့ အဆီတစ်မျိုးထည့်ထားတဲ့ ဒိန်ချဉ်နဲ့ သံလွင်ဆီထည့်ထားတဲ့ ဒိန်ချဉ်တို့ကို သောက်ပြီး လေ့လာကြည့်ရာ သံလွင်ဆီပါဝင်တဲ့ ဒိန်ချဉ်သောက်သုံးသူတွေဟာ ဗိုက်ပြည့်တင်းပြီး ဆာလောင်မှုလျော့နည်းတာကို တွေ့ရပါတယ်။

အားကစားလုပ်ဆောင်နိုင်စွမ်း မြင့်မားစေရန်

အသုံးပြုရန် ➢ ပက်ပါးမင့်ထည့်သောက်ပါ

တစ်လီတာဝင်ဆံ့တဲ့ပုလင်းထဲကို ရေတစ်ဝက်ထည့်ကာ ပက်ပါးမင့်ဆီတစ်စက်ထည့်ပြီး သောက်တာက အားကစားလုပ်ဆောင်တဲ့ စွမ်းရည်တွေကို ပိုမိုမြင့်မားစေတယ်လို့ လေ့လာမှုမှာ တွေ့ရပါတယ်။ ပက်ပါးမင့်ရနံ့က ကြွက်သားတွေကို အနားရစေတာ၊ သွေးတွင်းလက်တိတ်ပမာဏကို လျော့နည်းစေတာ၊ ဦးနှောက်တွင်းမှာ အောက်ဆီဂျင်ရောက်ရှိမှု ကောင်းစေတာစတဲ့ ကောင်းကျိုးတွေ ရရှိလို့ အားကစားလုပ်ချိန်မှာ မဖြစ်မနေ သောက်သုံးသင့်ပါတယ်။

စိတ်ကြည်လင် လန်းဆန်းစေရန်

အသုံးပြုရန် ➢ အခန်းသန့်ရှင်းပါ

အခန်းတွင်း သန့်ရှင်းပြီး မျက်နှာသုတ်ပုဝါ၊ ရေလဲတဘက်တွေကို သန့်စင်စွာ လျှော်ဖွပ်ပြီး သစ်သီးရနံ့တစ်မျိုးကို အခန်းတွင်း မွှေးပျံ့စေဖို့ ဆွတ်ဖြန်းထားတာက စိတ်ကြည်လင်လန်းဆန်းမှုကို ရရှိစေပါတယ်။ လေ့လာမှုအရ အခန်းကို သန့်ရှင်းစွာ ထားတတ်သူတွေမှာ စိတ်ကြည်လင်နေလို့ စိတ်ကူးစိတ်သန်းအသစ်တွေ ဖန်တီးနိုင်စွမ်းကိုလည်း မြင့်မားစေတယ်လို့ တွေ့ရှိခဲ့ပါတယ်။

အဆီပြန်တဲ့ ဆံသားတွေကို ပိုင်ဆိုင်ထားသူတွေဟာ ခေါင်းလျှော်လည်း ခဏပါပဲ။ ဆံသားမှာ အဆီတွေရွှဲလာပြီး ဆံပင်တွေ ကပ်သွားလို့ ကြည့်ရဆိုးစေပါတယ်။ တချို့ ဆံပင်ကျဲပါးသူတွေမှာ အဆီပြန်တဲ့ ဆံသားကို ပိုင်ဆိုင်ထားပါက ကျဲပါးတဲ့ဆံပင်တွေက ကပ်သွားတော့ ဆံသားပိုပြီး ကျဲပါးသယောင်ဖြစ်လို့ စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါကြောင့် အဆီပြန်တဲ့ ဆံသားပိုင်ဆိုင်သူတွေ အနေနဲ့ အောက်ပါနည်းလမ်းတွေကို စမ်းသပ်လုပ်ဆောင်ကြည့်ပါ။

နည်းလမ်း (၁)

အဆီပြန်တဲ့ ဆံသားပိုင်ဆိုင်ထားသူတွေအနေနဲ့ ခေါင်းလျှော်တာကို နေ့စဉ်ပြုလုပ် ပေးမယ်ဆိုရင်တော့ အဆီကင်းပြီး သန့်ရှင်း လှပတဲ့ဆံသားကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

နည်းလမ်း (၂)

ခေါင်းလျှော်ပြီးလို့ ရေဆေးတဲ့အခါ ခေါင်းလျှော်ရည်တွေကို ပြောင်စင်အောင် ဆေးကြောဖို့ လိုပါတယ်။ ခေါင်းလျှော်ရည် မပြောင်စင်ပါက ဦးရေပြားကနေ အဆီထွက်ဖို့ အားပေးသလို ဖြစ်နိုင်လို့ပါ။

နည်းလမ်း (၃)

အဆီများတဲ့ ဆံသားအတွက် သဘာဝပါဝင်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားတဲ့ ခေါင်းလျှော်ရည်မျိုးကို ရွေးချယ်ဝယ်ယူပါ။





နည်းလမ်း (၄)

ရှားစောင်းလက်ပပ်အတွင်းသား ဂျယ်လီထမင်းစားဇွန်းတစ်ဇွန်း၊ သံပရာရည် လက်ဖက်စားဇွန်း တစ်ဇွန်းတို့နဲ့ ခေါင်းလျှော် ရည်တို့ကို ရောပြီး လျှော်ပေးပါ။ အဆိုပါ ရောထားတဲ့ ခေါင်းလျှော်ရည်ကို ရေခဲသေတ္တာထဲကို ထည့်သိမ်းထားနိုင်ပါတယ်။

နည်းလမ်း (၅)

ဆံသား အဆီပြန်သူတွေအနေနဲ့ မကြာ ခဏ ခေါင်းဖြီးတာကို ရှောင်ပါ။ ဦးရေပြားက အဆီတွေထုတ်အောင် နှိုးဆွသလိုဖြစ်နိုင်ပြီး ဘီးကတစ်ဆင့် ဆံသားတွေဆီ အဆီတွေ ရောက်ရှိသွားနိုင်တာကြောင့်ပါ။

နည်းလမ်း (၆)

ပွဲတက်ဖို့အတွက် ခေါင်းလျှော်ဖို့အချိန်လည်း မရခဲ့ရင် ကလေးပေါင်ဒါမှုန့်ကို ဆံသားအနှံ့ဖြူးပြီး ငါးမိနစ်ထားပြီးမှ ဘီးနဲ့ ဖြီးချပါ။ ပေါင်ဒါမှုန့်က ဦးရေပြားနဲ့ ဆံပင်မှာရှိတဲ့ အဆီတွေကို စုပ်ယူသွားလို့ အဆီတွေ ကင်းစင်စေပြီး ရနံ့သင်းပျံ့စေပါတယ်။

နည်းလမ်း (၇)

ကွန်ဒီရှင်နာ အသုံးပြုတဲ့ အခါ ဦးရေပြားပေါ် အသုံးမပြုဘဲ ဆံပင်ရဲ့အဖျားနားကိုပဲ အသုံးပြုပေးပါ။

နည်းလမ်း (၈)

ဘီယာထဲကို လက်ဖက်ခြောက်ခတ်ထားတဲ့ ရေနွေးကြမ်း၊ သံပရာရည်၊ ရှလကာရည်နဲ့ လက်ဖက်အနည်းငယ်စီ ရောထားပါ။ ခေါင်းလျှော်ပြီးနောက် အဲ့ဒီရောထားတဲ့ အရည်ကို ဆံသားအနှံ့လောင်းချပါ။ ပြီးမှ ဦးခေါင်းပေါ်က ရေပြန်လောင်းချပါ။



နည်းလမ်း (၉)

ကြက်ဥအနှစ် နှစ်လုံးကို ခလောက်ပြီး သံပရာရည်အနည်းငယ်ရောကာ ဆံသားအနှံ့ လိမ်းပါ။ ပြီးမှ လျှော်နေကျ ခေါင်းလျှော်ရည်နဲ့ လျှော်ပါ။

ချွဲသလိပ်များတာကြောင့် ဟောက်တတ်သူလား

ညဘက်အိပ်တဲ့အခါ ဘေးလူတွေ၊ အိမ် သားတွေ အိပ်ရေးပျက်လောက်အောင် ဟောက်တတ်သူတွေ ရှိပါတယ်။ သင့်အိမ်သားထဲက တစ်ယောက်ယောက်က အဲ့ဒီလို အသံကျယ်ကျယ်နဲ့ ဟောက်တာကြောင့် အိပ်ရေးပျက်လို့ စိတ်ညစ်နေပြီလား။ ဟောက်သံဖြစ်လာရတဲ့ အကြောင်းက အသက်ရှူလမ်းကြောင်းမှာ ပိတ်ဆို့မှု တစ်ခုခုဖြစ်တာကြောင့် ဖြစ်လာရတာပါ။ တခြား အကြောင်းတွေ အများကြီးရှိသလို တချို့တွေမှာတော့ အသက်ရှူလမ်းကြောင်းတစ်လျှောက် ချွဲသလိပ်တွေ များပြီး ပိတ်ဆို့တာကြောင့် ဖြစ်ရတာပါ။

ချွဲသလိပ်များလွန်းခြင်း

အသက်ရှူလမ်းကြောင်း တစ်လျှောက်မှာ ချွဲသလိပ်တွေ များနေတာက အိပ်တဲ့အခါ ဟောက်ရတဲ့ အကြောင်းတစ်ရပ်ပါ။ လည်ချောင်းနဲ့ အသက်ရှူလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ချွဲသလိပ်တွေကို ဖယ်ရှားနိုင်မယ်ဆိုရင် ဟောက်သံလျော့နည်းသွားစေပါတယ်။ လည်ချောင်းထဲက ချွဲသလိပ်တွေကို ဖယ်ရှားဖို့အတွက် အောက်ပါဖျော်ရည်ကို သောက်သုံးနိုင်ပါတယ်။

ကောင်းကျိုးအာနိသင်

ဒီဖျော်ရည်က ခန္ဓာကိုယ်ကို အာဟာရဓာတ်ပေးစွမ်းနိုင်ပြီး ကျန်းမာရေးရာတွေ ပိုမိုကောင်းမွန်စေဖို့ ကူညီပေးပါတယ်။ ပါဝင်တဲ့ပစ္စည်းတွေက အာဟာရပြည့်စုံပြီး အစာချေဖျက်မှုကို အားပေးပါတယ်။

အစာနဲ့ ဝေးဝေးသောက်ပါ

ဒီဖျော်ရည်ကို သောက်မယ်ဆိုရင် တစ်နေ့တာ စားသင့်တဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေရဲ့ ငါးခွက်စာကို ရရှိမှာ ဖြစ်ပါတယ်။ ဖျော်ရည်သောက်တဲ့အခါ အစာမရှိတဲ့အချိန် ဒါမှမဟုတ် အစာစားပြီး အနည်းဆုံး နာရီဝက်၊ တစ်နာရီလောက်ခြားပြီး သောက်ပါက အာနိသင်အပြည့်အဝ ရရှိစေပါတယ်။

ဟင်းသီးဟင်းရွက်က ပိုကျန်းမာစေတယ်

အများစုက ဟင်းသီးဟင်းရွက်ထက် သစ်သီးကို ဖျော်ရည်လုပ်သောက်ရတာ ပိုမိုနှစ်သက်ကြပါတယ်။ သစ်သီးတွေက အချိုအရသာရှိပြီး ဟင်းသီးဟင်းရွက်တွေကနေ အချိုအရသာမရနိုင်တာကြောင့်ပါ။ တကယ်တော့ တချို့သစ်သီးတွေမှာ သကြားပါဝင်မှု များတာကြောင့် ဟင်းသီးဟင်းရွက်ကို ဖျော်ရည်လုပ် သောက်တာက ပိုမိုသင့်တော်ပါတယ်။

ဖျော်ရည်ပြုလုပ်နည်း

ဒီဖျော်ရည်က လည်ချောင်းထဲမှာရှိတဲ့ ချွဲသလိပ်တွေကို ဖယ်ရှားရှင်းလင်းပေးပြီး ဟောက်တာကို သက်သာစေပါတယ်။ ပါဝင်ပစ္စည်းတွေအနေနဲ့ ပန်းသီး နှစ်လုံး၊ မုန်လာဥနီနှစ်ချောင်း၊ သံပရာသီး တစ်စိတ်၊ ချင်း (ဂျင်း) လက်တစ်ဆစ်တို့ လိုအပ်ပါတယ်။ အဆိုပါ ပါဝင်ပစ္စည်းတွေကို အားလုံးရောကြိုး ကြိတ်ခြေကာ သောက်သုံးရမှာ ဖြစ်ပါတယ်။

ရှောင်ကြဉ်ပါ

အိပ်ပျော်နေစဉ်မှာ ဟောက်တာကို ပိုဆိုးစေနိုင်တဲ့ အရက်အလွန်အကျွံသောက်တာ၊ ချောကလက် အများကြီးစားတာ၊ ဆီကြော်စာတွေ အများကြီး စားတာ၊ အရသာမှုန့်တွေ လွန်လွန်ကဲကဲ အသုံးပြုထားတဲ့ အစာတွေ စားတာစတာတွေကို ရှောင်ဖို့ လိုပါတယ်။

ညဘက် ချွေးထွက်များရသော အကြောင်းရှစ်ချက်

ဒီနှစ်နွေရာသီက အရင်နှစ်တွေကထက် ပိုမိုပူပြင်းတာကြောင့် ကလေးရော၊ လူကြီးပါ ချွေးထွက်များကြပါတယ်။ အခု ပြောပြမယ့် အကြောင်းအရာက ရာသီဥတုပူပြင်းတာကြောင့် မဟုတ်ဘဲ ညဘက်မှာ ချွေးထွက်များရတဲ့အကြောင်းတွေပဲ ဖြစ်ပါတယ်။

မီးယပ်သွေးဆုံးခြင်း

သွေးဆုံးခါနီး အမျိုးသမီးတွေမှာ ပူလိုက်ချမ်းလိုက်ဖြစ်တာ၊ ညဘက်ချွေးထွက်များတာစတဲ့ ဝေဒနာတွေကို ခံစားရနိုင်ပါတယ်။ သွေးဆုံးခါနီးမှာ အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ်တွင်း ဟော်မုန်းပြောင်းလဲမှုတွေကြောင့် ဖြစ်ရတာပါ။

ဘာကြောင့်မှန်းမသိခြင်း

ဘာကြောင့်မှန်း အကြောင်းရင်းရှာမရဘဲ ညဘက်မှာ ချွေးထွက်များတာမျိုး နာတာရှည် ခံစားနေသူတွေ ရှိနိုင်ပါတယ်။ ရောဂါကြီးကြီးမားမားမရှိဘဲ၊ ရောဂါရှာဖွေလို့လည်း မရဘဲ၊ တချို့လူတွေမှာ ညဘက်ရောက်တိုင်း ချွေးတွေ ရွှဲနစ်နေတာမျိုး ဖြစ်တတ်ပါတယ်။

ပိုးမွှားကူးစက်ဝင်ရောက်ခြင်း

တီဘီရောဂါပိုး ကူးစက်ခံရသူတွေမှာ ညဘက်ချွေးထွက်များတာမျိုးဖြစ်နိုင်ပါတယ်။ နှလုံးအဆို့ရှင်မှာ ပိုးဝင်တာကြောင့် ရောင်ရမ်းနေတာ၊ အရိုးတွေ ရောင်ရမ်းနေတာ၊ ပြည်တည်တာစတာတွေ ခံစားနေရသူတွေမှာလည်း ညဘက် ချွေးထွက်များတာကို ခံစားရနိုင်ပါတယ်။ HIV ပိုးကူးစက်ခံရသူ တွေမှာလည်း ရောဂါလက္ခဏာ တစ်ရပ်အနေနဲ့ ပြတတ်ပါတယ်။

ကင်ဆာရောဂါရှိခြင်း

ညဘက်မှာ ချွေးထွက်များတာက ကင်ဆာရောဂါရဲ့ လက္ခဏာတစ်ရပ်အဖြစ်လည်း ပြတတ်ပါတယ်။ ပြန်ရည်ဂလင်းကင်ဆာမှာ ညဘက်ချွေးထွက်များတာကို တွေ့ရတတ်ပါတယ်။ ကင်ဆာရောဂါရှိမှန်း ရှာမတွေ့ခင်မှာ အများစုမှာ သိသာထင်ရှားစွာ တွေ့ရတတ်တဲ့ လက္ခဏာက ကိုယ်အလေးချိန်ကျဆင်းတာနဲ့ ဘာကြောင့်မှန်းမသိဘဲ ဖျားနာတာတွေပဲ ဖြစ်ပါတယ်။

ဆေးဝါးကုသမှု ခံယူနေခြင်း

တချို့ဆေးဝါးတွေက ညဘက်ချွေးထွက်များတာကို ဖြစ်စေပါတယ်။ စိတ်ကျရောဂါကုဆေးဝါးသောက်သုံးနေသူတွေရဲ့ ၈-၂၂ ရာခိုင်နှုန်းမှာ ညဘက်ချွေးထွက်တာကို ခံစားရတာကို တွေ့ရပါတယ်။ အက်စပရင်၊ ပါရာစီတမောစတဲ့ ဆေးဝါးတွေကလည်း ချွေးထွက်များစေပါတယ်။

သွေးတွင်း သကြားဓာတ်ကျဆင်းခြင်း

သွေးတွင်းသကြားဓာတ် ကျဆင်းတဲ့အခါမှာလည်း ချွေးထွက်များတာကို ဖြစ်စေပါတယ်။ အင်ဆူလင် ဒါမှမဟုတ် ဆီးချိုသွေးချိုကျသောက်ဆေးတွေ သောက်သုံးပြီးနောက် သွေးတွင်းသကြားဓာတ်ပုံမှန်အောက် ပိုမိုကျဆင်းတဲ့အခါမျိုးမှာ ညဘက် ချွေးထွက်တာဖြစ်တတ်ပါတယ်။

ဟော်မုန်းမညီမျှခြင်း

ခန္ဓာကိုယ်မှာ ဟော်မုန်းမညီမျှမှုတွေ ဖြစ်တဲ့အခါ ညဘက်မှာ ချွေးထွက် များတတ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေမှာ အဖြစ်များတတ်ပြီး အမျိုးသားတွေမှာလည်း ဖြစ်နိုင်ပါတယ်။

အာရုံကြောပြဿနာရှိခြင်း

ထိခိုက်မှုကြောင့် အာရုံကြော ထိခိုက်မိတာ၊ လေဖြတ်တာ၊ အလိုအလျောက် အာရုံကြောစနစ်မှာပြဿနာရှိတာစတဲ့အကြောင်းတွေကြောင့်လည်း ညဘက်မှာ ချွေးထွက်များတတ်ပါတယ်။

မျိုးရိုးဗီဇ

တချို့တွေကတော့ သူ့ရဲ့ပင်ကိုဗီဇကကို ချွေးထွက်များတတ်တာပါ။ သူတို့ကို ကြည့်လိုက်ရင် နည်းနည်းလှုပ်တာနဲ့ ချွေးများများထွက်တတ်ပါတယ်။ အခုလို ပူအိုက်တဲ့အချိန်တွေမှာ သူတို့ဟာ အမြဲလိုလို ချွေးသံတရွှဲရွှဲနဲ့ပါ။

■ ဇာခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)



"ထူးချွန်ထက်မြက်သူ" ဖြစ်လာစေကြောင်း နည်းလမ်းကောင်း

■ လွင်ကျော်မြတ်

လူတို့၏ ပင်ကိုယ်အသိဉာဏ်တိုးတက်မြင့်မားလာအောင် ပြုလုပ်၍မရနိုင်ဟု များသောအားဖြင့် ယူဆထားကြသည်။ လူတစ်ယောက်အနေဖြင့် ထူးချွန်ထက်မြက်သော လူတော်ဟုတ်မဟုတ်ကို မွေးဖွားစဉ်ကတည်းက သတ်မှတ်ပြီးသားဖြစ်သည်ဟုလည်း ယေဘုယျအားဖြင့် ယုံကြည်ထားကြသည်။ သို့ဖြစ်ရာ အသိဉာဏ်မြင့်မားပြီး ထူးချွန်ထက်မြက်သော လူတော်တစ်ဦးဖြစ်လာအောင် မည်သည့်နည်းနှင့်မျှ လုပ်၍မရနိုင်ဟု ယူဆထားကြသည်။

သို့ရာတွင် ထိုထင်မြင်ယူဆချက်များမှာ လွဲမှားစွာထင်မြင်ယူဆချက်များသာ ဖြစ်သည်။ အချို့လူများမှာ ၎င်းတို့၏ အသိဉာဏ်တိုးတက်မြင့်မားလာအောင် လုပ်နိုင်စွမ်းကို တားဆီးထားသောအခြေအနေများ ရှိကြသော်လည်း လူအတော်များများမှာမူ ထူးချွန်ထက်မြက်သော လူတော်တစ်ဦးဖြစ်လာအောင် လုပ်နိုင်သည့် နည်းလမ်းအမြောက်အမြားရှိသည်။

ဂီတတူရိယာတစ်ခုကို တီးခတ်ပါ

လွန်ခဲ့သောနှစ်ပေါင်းများစွာက တရုတ်တွေးခေါ်ပညာရှင်ကြီး ကွန်ဖျူးရှပ်စ်က "ဂီတသည် လူ့သဘာဝအရမရှိမဖြစ် လိုအပ်သော အာရုံကို ခံစားရစေသည်" ဟု ပြောကြားခဲ့သည်။ ဂီတသည် ဦးနှောက်ကို လှုံ့ဆော်ပေးနိုင်စွမ်းရှိကြောင်း သုတေသနပြုလေ့လာမှုများအရ သိရှိခဲ့ရသည်။ ဂီတသည် စိတ်ရှုပ်ထွေးမှုနှင့် စိတ်အနှောင့်အယှက်ဖြစ်မှုများကို ပြေပျောက်နိုင်စွမ်းရှိသည်။

တေးဂီတကို နားထောင်ခြင်းရော ဂီတတူရိယာပစ္စည်းတစ်ခုခုကို တီးခတ်ခြင်းပါ နှစ်မျိုးစလုံးသည် မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်မြင့်မားလာစေကြောင်း လေ့လာမှုအမျိုးမျိုးအရ သိရှိရသည်။ ဂီတတူရိယာပစ္စည်းတစ်ခုကို တီးခတ်ခြင်းသည် သည်းခံမှုနှင့် ဖွဲ့လုံ့လရှိလာစေသည်။ ဂီတတူရိယာတီးခတ်နိုင်ရန် အချိန်ယူလေ့လာသင်ကြားရသကဲ့သို့ ဂီတတူရိယာတစ်ခုကို ကျွမ်းကျင်ပိုင်နိုင်အောင် တီးခတ်ရန်အတွက် ကြိုးပမ်းအားထုတ်ရသောကြောင့် သည်းခံစိတ်နှင့် ဖွဲ့လုံ့လရှိလာစေခြင်း ဖြစ်သည်။ ဂီတတူရိယာပစ္စည်းတစ်ခုတီးခတ်ခြင်းသည် အာရုံစူးစိုက်နိုင်စွမ်းကိုလည်း တိုးတက်မြင့်မားလာစေသည်။

စာအုပ်စာပေကို တစ်ရှိုက်မက်မက် ဖတ်ရှုပါ

စာအုပ်စာပေကို တစ်ရှိုက်မက်မက် ဖတ်ရှုလေ့လာခြင်းသည် အသိဉာဏ်ကို တိုးတက်မြင့်မားလာစေသည်။ စာအုပ်စာပေကို ဖတ်ရှုလေ့လာရာတွင် ဘာသာရပ်အမျိုးမျိုးကို ကျယ်ပြန့်စွာ လေ့လာဖတ်ရှုပါက အသိဉာဏ်တိုးတက်မြင့်မားလာရေးကို အကြီးအကျယ်အထောက်အကူပြုစေသည်။

စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကို လျှော့ပါးသက်သာစေပြီး စိတ်ကြည်နူးမှု ခံစားချက်အမျိုးမျိုးကို ခံစားရစေသည်။ ထို့ပြင် စာဖတ်ခြင်းကြောင့် အကြောင်းအရာ အတော်များများအကြောင်းနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတတိုးပွားလာစေသည်။ စာဖတ်ခြင်းသည် အခြေအနေအမျိုးမျိုးကို ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဗဟုသုတများကို တိုးပွားများပြားလာစေသည်။ ထို့ပြင်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ရာတွင်လည်း အထောက်အကူပြုသည်။

နေ့စဉ် ပုံမှန်တရားရှုမှတ်ပါ

တရားရှုမှတ်ခြင်း၏ အဓိကအကျိုးကျေးဇူးမှာ မိမိကိုယ်ကိုယ် အာရုံစူးစိုက်ပြီး သုံးသပ်ဆင်ခြင်နိုင်အောင် အထောက်အကူပြုခြင်းပင်ဖြစ်သည်။ တရားရှုမှတ်ခြင်းကို စိတ်ဝင်တစား အာရုံနှစ်မြှုပ်ထားပါက ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ကိုရရှိလာစေသည်။ တရားရှုမှတ်ခြင်းသည် စိတ်ချမ်းမြေ့ခြင်းကို ဖြစ်ပေါ်လာစေသောကြောင့် စိတ်ဖိစီးမှုများ လျှော့ပါးသက်သာလာစေပြီး စိုးရိမ်သောကအားလုံးကို ပျောက်ကင်းစေသည်။

တရားထိုင်ခြင်းကြောင့် စိတ်တည်ငြိမ်အေးချမ်းလာသောအခါ လေ့လာဆည်းပူးခြင်း၊ စဉ်းစားတွေးတောခြင်းနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ပိုမိုထိရောက်စွာ ပြုလုပ်နိုင်စေသည်။ နေ့စဉ်ပုံမှန်တရားရှုမှတ်ပါက မိမိစိတ်ကို အပြည့်အဝထိန်းချုပ်နိုင်ပြီး စိတ်အာရုံပျံ့လွင့်မှုအောင် ကြိုးပမ်းအားထုတ်ရေးတွင် စိတ်တည်ငြိမ်အေးချမ်းပြီး မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းရှိခြင်းမှာ အလွန်အရေးပါသည်။

ဦးနှောက်စွမ်းရည် တိုးတက်လာအောင် လေ့ကျင့်ပါ

ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်း ကျန်းမာအောင် ပုံမှန်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်သကဲ့သို့ပင် ဦးနှောက်စွမ်းရည်တိုးတက်မြင့်မားလာအောင် လေ့ကျင့်ခန်းများပြုလုပ်ရန် လိုအပ်သည်။ ဦးနှောက်ကို စွမ်းရည်တိုးတက်မြင့်မားလာအောင် လေ့ကျင့်ခန်းများ ပြုလုပ်ရန်လိုအပ်သည်။



ဦးနှောက်အား ယခင်က မလုပ်ဖူးသော အကြောင်းအရာသစ်များကို လုပ်ကိုင်နိုင်အောင် ပုံမှန်လေ့ကျင့်ပေးပါက ဦးနှောက်စွမ်းရည်တိုးတက်မြင့်မားလာပြီး ထူးချွန်ထက်မြက်သော လူတော်တစ်ဦးဖြစ်လာစေရန် အထောက်အကူပြုသည်။

ဦးနှောက်၏ စဉ်းစားတွေးတောဆင်ခြင်သုံးသပ်သောစွမ်းရည်များ တိုးတက်မြင့်မားလာအောင် ဂျပန်ဆုဒိုကူ ပဟေဠိများ၊ စကားထာများနှင့် ဂိမ်းကစားနည်းအမျိုးမျိုးတို့ဖြင့် လေ့ကျင့်နိုင်သည်။ အဆိုပါ ဂိမ်းကစားနည်းစိန်ခေါ်မှုအမျိုးမျိုးဖြင့် ဦးနှောက်ကို ထက်မြက်လာအောင် လေ့ကျင့်ပေးပါက ဦးနှောက်တွင် အာရုံကြောဆက်သွယ်မှု လမ်းကြောင်းအသစ်များ ဖွဲ့စည်းဖြစ်ပေါ်လာအောင် အထောက်အကူပြုသည်။

ဦးနှောက်စွမ်းရည် တိုးတက်မြင့်မားလာအောင် နည်းအမျိုးမျိုးဖြင့် လေ့ကျင့်ပေးခြင်းအားဖြင့် အခြေအနေများကို တုံ့ပြန်ရာတွင် တီထွင်ကြံဆပြီး ဖြေရှင်းဆောင်ရွက်နိုင်အောင် အကြံဉာဏ်များ ထွက်ပေါ်လာစေသည်။ ထို့ပြင်အခြေအနေအမျိုးမျိုးကို ရှုထောင့်အမျိုးမျိုးမှ ဆင်ခြင်သုံးသပ်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို တတ်မြောက်လာစေသည်။

ပုံမှန်ကိုယ်ကာယ လေ့ကျင့်ခန်းပြုလုပ်ပါ

ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်သည် ကျန်းမာထက်မြက်သော ဦးနှောက်ဖြစ်လာရေးကို အထောက်အကူပြုစေသည်။ ဦးနှောက်သည်လည်း ခန္ဓာကိုယ်အတွင်းရှိ အခြားသော ကြွက်သားများကဲ့သို့ပင် ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်ပါက နေ့စဉ်နေ့တိုင်း ပုံမှန်ပြုလုပ်ပါက စိတ်ဖိစီးမှုများကို သက်သာစေရုံမျှသာမက အကြောအခြင်များကို ပျော့ပျောင်းလာစေသောကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျအောင် အထောက်အကူပြုသည်။

ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် သွေးလည်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်လာပြီး ဦးနှောက်သို့ သွေးများပိုမိုလည်ပတ်စေသောကြောင့် ဦးနှောက်၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်လာစေကြောင်း ဆရာဝန်များက သဘောတူထောက်ခံထားကြသည်။ ထို့ပြင် သုတေသနပြုလေ့လာမှုအမျိုးမျိုးအရလည်း ကိုယ်ကာယလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းသည် နှလုံးသွေးကြောများကို ကျန်းမာသန်စွမ်းလာစေသဖြင့် ဦးနှောက် ကလာပ်စည်းဆဲလ်အသစ်များ ဖွံ့စည်းဖြစ်ပေါ်လာစေပြီး ဦးနှောက်စွမ်းရည်ကို တိုးတက်မြင့်မားလာစေသည်။



နိုင်ငံခြားဘာသာစကားအသစ် တစ်ခုကို လေ့လာဆည်းပူးပါ

နိုင်ငံခြားဘာသာစကားအသစ် လေ့လာဆည်းပူးခြင်းသည် လွယ်ကူသောကိစ္စမဟုတ်ချေ။ သို့ရာတွင် နိုင်ငံခြားဘာသာစကားတစ်ခုခုကို တတ်မြောက်ထားခြင်းသည် အကျိုးကျေးဇူး အမြောက်အမြားရှိပြီး ထူးချွန်ထက်မြက်သော လူတော်တစ်ယောက်ဖြစ်လာနိုင်သော အကျိုးကျေးဇူးရရှိစေသည်။ နိုင်ငံခြားဘာသာစကားအသစ်တစ်ခု လေ့လာဆည်းပူးရာတွင် စကားလုံးအသစ်များ လေ့လာကျက်မှတ်ရခြင်း၊ သဒ္ဒါနည်းအရ ဝါကျဖွဲ့စည်းတည်ဆောက်ပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာဆည်းပူးရခြင်းစသော ခက်ခဲသည့် အလုပ်များကို ကြိုးပမ်းအားထုတ်ရန်လိုသည်။

ထိုသို့ ဘာသာစကားအသစ်လေ့လာဆည်းပူးခြင်းကြောင့် အသိဉာဏ်နှင့် ဦးနှောက်ကျန်းမာထက်မြက်ရေးကို တိုးတက်မြင့်မားလာစေသည်။ သုတေသနပြုလေ့လာမှုများအရ နိုင်ငံခြားဘာသာစကားကျွမ်းကျင်စွာ ပြောဆိုတတ်ကျွမ်းသူများသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်းကောင်း၊ ပြဿနာအခက်အခဲများကို ဖြေရှင်းရာတွင်လည်းကောင်း ပိုမိုထက်မြက်ကြောင်း လေ့လာသိရှိခဲ့သည်။

စိတ်ခံစားချက်များအားလုံးကို စာရွက်ပေါ် ရေးမှတ်ပါ

စိတ်ခံစားချက်များ အတွေးအခေါ်အယူအဆများအားလုံးကို စာရေးသားထားခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည်။ ဤသို့ အတွေးအခေါ်များ၊ စိတ်ခံစားချက်များကို စာရေးသားခြင်းသည် အသိဉာဏ်ကို တိုးတက်မြင့်မားလာစေသည်။ စာရေးခြင်းသည် ဘာသာစကားစွမ်းရည်ကိုလည်း တိုးတက်ကောင်းမွန်လာစေသည့်အပြင် အာရုံစူးစိုက်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်း၊ စိတ်ကူးစိတ်သန်း အကြံကောင်း ဉာဏ်ကောင်းများပေါ်လာစေခြင်းနှင့် ဘာသာစကားကို ကောင်းစွာနားလည် နိုင်စွမ်းစသော စွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်လာစေသည်။

စာရေးသားခြင်းသည် စိတ်ကူးစိတ်သန်းအကြံဉာဏ်များကို စကားလုံးများဖြင့် ပုံဖော်ခြင်းပင်ဖြစ်သည်။ စာရေးသားခြင်းသည် မိမိ၏ အတွေးအခေါ်အယူအဆသဘောထားများနှင့် စိတ်ခံစားချက်များကိုဖော်ပြခြင်းဖြစ်သဖြင့် အသိဉာဏ်ပညာကိုတိုးတက်မြင့်မားလာစေသော အကျိုးကျေးဇူးများရှိစေသည်။

မရောက်ဖူးသေးသော နေရာဒေသများသို့ ခရီးထွက်ပါ

ခရီးထွက်ခြင်းသည် ပျင်းရိငြီးငွေ့မှုကို ပြေပျောက်စေသော နည်းလမ်းတစ်ခုမျှသာ မဟုတ်ချေ။ ခရီးထွက်ခြင်းသည် အကျိုးကျေးဇူးတစ်ပုံတစ်ပင်ကြီးရရှိစေသောကြောင့် အသိဉာဏ်တိုးတက်မြင့်မားလာပြီး ဗဟုသုတကြွယ်ဝလာရေးကို မြှင့်တင်ပေးသည်။ ခရီးထွက်ခြင်းသည် ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာကို လေ့ကျင့်ခန်းပြုလုပ်ပေးသည်နှင့် တူသည့်အပြင် စိတ်ဖိစီးမှုဝေဒနာ



များကိုလည်း လျှော့ပါးသက်သာလာစေသည်။

ခရီးထွက် အနားယူအပန်းဖြေခြင်းကြောင့် စိတ်ဖိစီးမှုများ လျော့ပါးပျောက်ကွယ်သွားပြီး စိုးရိမ်သောက ကြောင့်ကြမှုများလည်း ကင်းစင်သွားသောကြောင့် လုပ်ငန်းကိစ္စအဝဝကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အာရုံပိုမိုစူးစိုက်ပြီး ထိရောက်စွာလုပ်ကိုင် ဆောင်ရွက်နိုင်စွမ်းရှိစေသည်။

ခရီးထွက်ခဲ့သော နေရာသစ်တိုင်းတွင် ယခင်ကမတွေ့မြင်ဖူးသော အရာများနှင့် မသိရှိဖူးသေးသော ဗဟုသုတများကို လေ့လာသိရှိတွေ့မြင်ခွင့်ရရှိစေသည်။ ရောက်ရှိရာ အရပ်ဒေသမှ ဒေသခံပြည်သူအမျိုးမျိုးနှင့် တွေ့ဆုံခင်မင်ရင်းနှီးခွင့်ရရှိစေသကဲ့သို့ ဒေသန္တရအစားအစာများကို မြည်းစမ်းခွင့်၊ ဒေသန္တရရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း လေ့လာသိရှိခွင့်ရရှိစေသည်။ ခရီးထွက်ခြင်းကြောင့် ယခင်ကတစ်ခါမှ မတွေးခဲ့ဖူးသော စိတ်ကူးစိတ်သန်းများကို စဉ်းစားတွေးတောလာမိစေသဖြင့် ရင့်ကျက်စေမည်ဖြစ်သည်။

ဟင်းလျာအမည်မျိုးစုံကို ချက်ပြုတ်ပါ

လူအတော်များများက ဟင်းလျာချက်ပြုတ်ခြင်းမှာ အချိန်ကိုအလဟဿဖြုန်းတီးရာရောက်သည်ဟု ယူဆထားသဖြင့် ဖြစ်နိုင်ပါက အတတ်နိုင်ဆုံးရှောင်ကြဉ်လေ့ရှိ ကြသည်။ ဤသို့ ညည်းညူနေမည့်အစား ချက်ပြုတ်ရန်အခွင့်အရေးရလာသောအခါ ဝမ်းသာပျော်ရွှင်သင့်သည်။ ဟင်းလျာအမည်မျိုးစုံကို တစ်မျိုးနှင့် တစ်မျိုးလုံးဝ မထပ်အောင် လက်စွမ်းပြချက်ပြုတ်နေရသော စားဖိုမှူးများအနေဖြင့် ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော စွမ်းရည်မှာ မြင့်မားတိုးတက်လာသည်။

ဝါရင့်စားဖိုမှူးများသည် ဟင်းလျာအမည်သစ်များကို စမ်းပြီးချက်ပြုတ်ကြည့်ရန် လက်မတွန့်ကြချေ။ ၎င်းတို့သည် ဟင်းလျာအရသာကောင်းမွန်စေရန် အထူးအာရုံစိုက်ပြီး လက်စွမ်းပြချက်ပြုတ်လေ့ရှိသည်။ ဟင်းလျာချက်ပြုတ်သောအခါ ဟင်းလျာချက်ပြုတ်ရာတွင်ပါဝင်သော ပစ္စည်းများကို ဂရုတစိုက်ရွေးချယ်ရခြင်း၊ ပမာဏမည်ရွေ့မည်မျှ ထည့်သွင်းချက်ပြုတ်ရမည်ကို ချိန်ဆရခြင်း၊ လျင်မြန်စွာတစ်မုဟုတ်ချင်း ဆုံးဖြတ်ချက်ချရခြင်းစသည်ဖြင့် အလုပ်မျိုးစုံလုပ်ရသည်။ ထိုသို့ ချက်ပြုတ်ခြင်းမှရရှိလာသော ကျွမ်းကျင်မှု စွမ်းရည်များကြောင့် ထူးချွန်ထက်မြက်သော လူတော်တစ်ဦးဖြစ်လာနိုင်သည်။

အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲပါ

အားကစားလှုပ်ရှားမှုများတွင် ပုံမှန်ပါဝင်ဆင်နွှဲလှုပ်ရှားအားကစားလိုက်စားပါက ကြွက်သားများကို သန်စွမ်းလာစေရုံမျှသာမက ဦးနှောက်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေသည်။ နေ့စဉ်နေ့တိုင်း အားကစားကို ပုံမှန်လေ့ကျင့်ပါက ဦးနှောက်ကျန်းမာရေးကို တိုးတက်ကောင်းမွန်လာစေသည်။ အားကစားပုံမှန်လှုပ်ရှားလေ့ကျင့်ခြင်းကြောင့် ဦးနှောက်လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်မြင့်မားသော အကျိုးကျေးဇူးကို ရရှိစေနိုင်သည်။

အားကစားလှုပ်ရှားလေ့ကျင့်ခြင်းကြောင့် ခန္ဓာကိုယ်ကြွက်သားများ သန်မာလာစေပြီး စွမ်းရည်များ မြင့်မားတိုးတက်လာစေခြင်းနှင့် မိမိကိုယ်ကိုယ်ယုံကြည်စိတ်ချမှု တိုးတက်လာခြင်းစသော အကျိုးကျေးဇူးများရရှိလာနိုင်သည်။ ထိပ်တန်းအားကစား အကျော်အမော်များမှာ ၎င်းတို့၏ တစ်မူထူးခြားသော အသိဉာဏ်ကြောင့် ထင်ရှားကျော်ကြားသည်။ အားကစားဟုဆိုရာ၌ ဘောလုံး၊ ဘတ်စကက်ဘော သို့မဟုတ် တင်းနစ် မည်သည့်အားကစားမျိုးမဆို အရေးမကြီးချေ။ မည်သည့်အားကစားမျိုးမဆို ပုံမှန်လှုပ်ရှားလေ့ကျင့်မည်ဆိုပါက ဦးနှောက်၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်မြင့်မားလာစေသောကြောင့် ထူးချွန်ထက်မြက်သော လူတော်တစ်ဦးဖြစ်လာရေးကို အထောက်အကူပြုနိုင်ပေသည်။

■ လွင်ကျော်မြတ်



အခက်အခဲကျော်လွှား အလုပ်ဆင်းသူများ

လွှင်ကျော်မြတ်

လူတွေဟာ အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ဖို့ နေ့စဉ်နေ့တိုင်း ပုံမှန်အလုပ်ဆင်းရပါတယ်။ အဲဒီလို အလုပ်ဆင်းတဲ့အခါ လူတချို့ဟာ အလုပ်ကို မဖြစ်မနေ အခက်အခဲအားလုံးဟူသမျှကို ဇွဲနဲ့ ကျော်လွှားပြီး နေ့စဉ်ပုံမှန် ကြိုးစားပမ်းစား အလုပ်ဆင်းနေကြပါတယ်။

■ အဲဒီလို အလုပ်ကို အခက်အခဲတွေ အားလုံးမှန်သမျှ ကျော်လွှားပြီး လုပ်နေကြသူတွေထဲ ဖိလစ်ပိုင်နိုင်ငံက ကျောင်းဆရာမလေးကတော့ ချီးကျူးစရာအကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီကျောင်းဆရာမလေးက နာရီပေါင်းများစွာ ကုန်းတစ်တန်ရေတစ်တန် အလုပ်ဆင်းပြီး တပည့်ကျောင်းသူကျောင်း သားလေးတွေကို စာသင်ပေးဖို့ အလုပ်ဆင်းတဲ့အခါ ဘယ်အခက်အခဲကမှသူ့ကို တားဆီးထားလို့ မရပါဘူး။

ဖိလစ်ပိုင်ကျောင်းဆရာမလေးဟာ မြစ်ကြီးငါးစင်းကို ဖြတ်သန်းပြီး ကုန်းလမ်းကနေ နောက်ထပ် နာရီပေါင်းများစွာလမ်းလျှောက်ပြီး သူ့ကို စောင့်မျှော်နေတဲ့ တပည့်လေးတွေရှိတဲ့ စာသင်ကျောင်းအရောက် နေ့စဉ်လာရပါတယ်။ အဲဒီလိုမြစ်ကြီးတွေကို ဖြတ်ကျော်လာခဲ့ရလို့ သူ့ရဲ့ ခြေထောက်တွေဟာ ရေတွေနဲ့ ရွှဲရွှဲစိုနေပေမယ့် သူ့ကို စောင့်မျှော်နေတဲ့ တပည့်လေးတွေကို တွေ့လိုက်ရတဲ့အခါမှာတော့ အဲဒီလို ခက်ခက်ခဲခဲ ကြိုးစားပမ်းစား ဖြတ်သန်းလာရကျိုးနပ်သွားပါတော့တယ်။

တချို့မြစ်တွေဖြတ်သန်းတဲ့အခါမှာ အသက်ကယ်ဘောစွပ်ဖို့လိုအပ်ပါတယ်။ အဲဒီလိုအသက်ဘေးအန္တရာယ်ရှိပေမယ့် ဆရာမကို ကျောင်းမသွားအောင် တားဆီးထားလို့ မရပါဘူး။ ဖိလစ်ပိုင်ကျောင်းဆရာမလေး ကျောင်းကို အရောက်သွားရတဲ့ခရီးက ခက်ခဲကြမ်းတမ်းလှပါတယ်။ လှိုင်းထန်နေတဲ့ မြစ်ကြီးတွေကို ဖြတ်သန်းရတဲ့အခါမှာ အသက်အန္တရာယ်ရှိမှန်းသိပေမယ့်လည်း ဆရာမလေးက ဇွဲနဲ့ ကျောင်းကို မဖြစ်မနေ ရောက်အောင် သွားခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းဆရာမလေးက တစ်ခါတလေမှာတော့ စိတ်မာတ်ကျမိကြောင်း ရိုးရိုးသားသား ဝန်ခံပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ တပည့်ကျောင်းသားလေးတွေရဲ့ မျက်နှာလေးတွေကို မြင်ရပြန်တော့လည်း အားမန်တွေရှိလာပြီး စိတ်ခွန်အားတွေ ရလာကာ ကျောင်းကို ဒီလိုပဲ အခက်အခဲတွေ ကျော်လွှားပြီး နေ့စဉ် မပျက်မကွက် ဆက်သွားနေပါတယ်တဲ့။

■ အခက်အခဲတွေ ကျော်ဖြတ်ပြီး ကြိုးစားပမ်းစား အလုပ်ဆင်းသူနောက်တစ်ဦးကတော့ ပေါလ်ကောက်စ်ဖြစ်ပါတယ်။ သူကတော့ ရာသီဥတုအခြေအနေပေးတဲ့အခါမှာ သူ့အိမ် အနောက်ဘက် ပန်းခြံထဲကနေ ကောင်းကင်ပေါ်တက်ပြီး စက်တပ်လေထီးနဲ့ လေဟုန်စီးကာ မနက်စောစော ရုံးတက်ယာဉ်ကြောပိတ်ဆို့ချိန်ကို ရှောင်ရှားတဲ့အနေနဲ့ ကောင်းကင်ကနေ အလုပ်ဆင်းလေ့ရှိပါတယ်။ သူ့အိမ်ကနေ အလုပ်ကို ၁၀ မိုင်ခရီးဖြတ်ကျော်သွားရပါတယ်။ တော်ဝင်ရေတပ်မတော်က အလုပ်သမားကြီးကြပ်ရေးမှူးပေါလ်ကောက်စ်က ရုံးအားလပ်ရက်မှာ စပိန်နိုင်ငံ အယ်လီကန်တီမြို့ကို ခရီးထွက်ခဲ့တုန်းက အဲဒီလို စက်တပ်လေထီးစီးတာကို တွေ့ခဲ့ရလို့ သူရဲ့ မော်တော်ဆိုင်ကယ်စက်ကို လေထီးမောင်းနှင်တဲ့စက်အဖြစ် အသွင်ပြောင်းလဲကာ ကောင်းကင်ပေါ်ကနေ စက်တပ်လေထီးနဲ့ ၂၀၁၂ ခုနှစ်ကစတင်အလုပ်ဆင်းခဲ့ပါတယ်။

■ အလုပ်ဆင်းရာမှာ သမားရိုးကျနည်းလမ်းကို မသုံးဘဲ ထူးထူးခြားခြား နည်းတစ်မျိုးနဲ့ အလုပ်ဆင်းသူတစ်ဦးကတော့ ကနေဒါနိုင်ငံ ကွိုးဘက်ပြည်နယ် မွန်ထရီရယ်လ်မြို့က ဂျိုးအယ်လ်ပါရီဒက်စ်ပ် ဖြစ်ပါတယ်။ သူက နေ့စဉ်နေ့တိုင်း ယာဉ်ကြောပိတ်ဆို့နေတဲ့ ကားလမ်းတွေကနေ ကားစီးပြီး အလုပ်ဆင်းရတာကို ငြီးငွေ့လာပါတယ်။ ကနေဒါနိုင်ငံရဲ့ အေးမြတဲ့ ရာသီဥတုကြောင့် နှင်းတွေ ထူထပ်စွာ ကျဆင်းနေတာကို အခွင့်ကောင်းယူပြီး နှင်းလျှောစီးကာ အလုပ်တက် အလုပ်ဆင်းဖို့ စိတ်ကူးအကြံရခဲ့ပါတယ်။

မွန်ထရီရယ်လ်မြို့က အတွေ့အကြုံရင့်ကျက်တဲ့ နှင်းလျှောစီး အားကစားသမားဂျိုအယ်လ်ပါရီဒက်စ်က စံချိန်တင်လောက်အောင် နှင်းတွေ တဖွဲဖွဲကျနေတဲ့အချိန်တွေကို အကျိုးရှိအောင် အသုံးပြုပြီး ယာဉ်ကြောကျပ်တဲ့ကားလမ်းတွေကို ရှောင်ကာ နှင်းလျှောစီးပြားနဲ့ နှင်းလျှောစီးပြီး အလုပ်ဆင်းခဲ့ပါတယ်။

■ လွန်ခဲ့တဲ့နှစ်အနည်းငယ်က JetBlue လေကြောင်းလိုင်းကို တည်ထောင်ခဲ့တဲ့ အမှုဆောင်အရာရှိချုပ် ဒေးဗစ်နီးလမ်မင်းက သူရဲ့ကုမ္ပဏီကနေ နုတ်ထွက်ပြီး ဘရာဇီးနိုင်ငံမှာ Azul လေကြောင်းလိုင်းအသစ်ကို ထူထောင်ခဲ့ပါတယ်။ အဲဒီလေကြောင်းလိုင်းအသစ်မှာ ဝန်ထမ်း ၁၂၀၀၀ ရှိပြီး တစ်နှစ်ကို လေယာဉ်ခရီးသည် အယောက်ပေါင်း ၂၂ သန်းကို သယ်ယူပို့ဆောင်ပေးနေရတဲ့အထိ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

အဲဒီလိုရှုပ်ထွေးခက်ခဲတဲ့ လုပ်ငန်းကြီးကို လုပ်ကိုင်နေရလို့ ဒေးဗစ်အနေနဲ့ တောင်အမေရိကတိုက်မှာရှိတဲ့ ဘရာဇီးနိုင်ငံကို ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ရမယ်လို့ ထင်မိကြမှာပါ။ ဒါပေမဲ့ ဒေးဗစ်က ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့မှာရှိတဲ့ လေကြောင်းလိုင်းဌာနချုပ်ရုံးကို အမေရိကန်ပြည်ထောင်စု ကွန်နက်တီတပ်ပြည်နယ်မှာရှိတဲ့ သူရဲ့နေအိမ်ကနေ အပတ်တိုင်း တနင်္ဂနွေနေ့တွေမှာ လေယာဉ် ၁၀ နာရီစီးသွားပြီး ကြာသပတေးနေ့တိုင်း အိမ်ပြန်လာပါတယ်။ သူက အိမ်မှာ ကလေး ၁၀ ဦးရှိတဲ့ သူ့မိသားစုနဲ့ ခွဲပြီး သွားစရာမလိုတော့ဘူးလို့ ပြောပါတယ်။

■ အမေရိကန်ပြည်ထောင်စုက ဒေးဗစ်ဂစ်ဗင်းစ်ဆိုသူဟာ နေ့တိုင်း မိုင်ပေါင်း ၃၇၂ မိုင်ရှိတဲ့ အဝေးဆုံးခရီးကို ကျော်လွှားပြီး အလုပ်ဆင်းတာဟာ ဩချရလောက်အောင် အံ့မခန်းပါပဲ။ သူက နေ့စဉ် သူ့အိမ်ကနေ သူရဲ့ အလုပ်ကို ၃၇၂ မိုင် ခရီးကို ကားမောင်းပြီး အလုပ်ဆင်းခဲ့ရလို့ တစ်ရက်ကို ဓာတ်ဆီဖိုး အမေရိကန်ဒေါ်လာ ၄၀၊ တစ်



ပတ်ကို ဒေါ်လာ ၂၀၀ နဲ့ တစ်လ ကို ဒေါ်လာ ၈၀၀ အကုန်ကျခံပြီး အလုပ် ဆင်းနေရပါတယ်။

ဒေးဗစ်က နှစ် ၅၀ ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ အမေရိကရဲ့ ခရီးအဝေးဆုံး အလုပ်ဆင်းပြိုင်ပွဲကြီးမှာ သူ့ရဲ့ နေ့စဉ် အလုပ်တက်အလုပ်ဆင်းရတဲ့ မိုင်ပေါင်း ၃၇၂ မိုင်ခရီးရှည်ကြီးကြောင့် ပြိုင်ပွဲဝင်ပေါင်း ၃၀၀၀ ခန့်ရှိတဲ့ ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်။

■ အမေရိကန်ပြည်ထောင်စု မစ်ချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့က ရိုးသားတဲ့ ဆင်းရဲသားလေး ဂျိမ်းစ်ရောဘတ်ဆန်ဟာ ၂၁ မိုင်ခရီးကို နေ့စဉ် လမ်းလျှောက်နေရတဲ့ သတင်းက ဒက်ထရွိုက်မြို့ သတင်းစာဆောင်းပါးထဲမှာ ရေးသားဖော်ပြထားလို့ တစ်မြို့လုံး ဟိုးလေးတကျော် ထင်ရှားကျော်ကြားသွားပါတယ်။ အသက် ၅၂ နှစ်အရွယ် ရောဘတ်ဆန်ဟာ နေ့တိုင်း အလုပ်တက်အလုပ်ဆင်း ၄၂ မိုင်ခရီးကို လမ်းလျှောက်ပြီး အလုပ်ဆင်းခဲ့ရပါတယ်။

ဒက်ထရိုမြို့ရဲ့ ဘတ်စကားတွေရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းက ညံ့ဖျင်းလွန်းတာကြောင့် လွန်ခဲ့တဲ့ ၁၀ နှစ်က အဲဒီဘတ်စကားလုပ်ငန်းပြုတ်သွားတဲ့အတွက် သူ ဟာ နေ့စဉ် ၂၁ မိုင်လမ်းလျှောက်ပြီး အလုပ်ဆင်းခဲ့ရပါတယ်။ ရိုးရိုးသားသား ဆင်းရဲသားလေး ရောဘတ်ဆန်ရဲ့ အိဝန်က GoFund Me လူထုရန်ပုံငွေ ထူထောင်ပေးတဲ့ ဝက်ဘ်ဆိုက်မှာ တင်ထားပြီး ရန်ပုံငွေ ဒေါ်လာ ၅၀၀၀ ရဖို့ မျှော်မှန်းခဲ့တယ်။ သူက အဲဒီငွေနဲ့ ရောဘတ်ဆန်ကို ကားတစ်စီးဝယ်ပေးဖို့ ရည်ရွယ်ထားပေမယ့် ကမ္ဘာတစ်လွှားက သူစိမ်းတစ်ရံစာတွေက သူ့ရဲ့ အဖြစ်ကို ဘယ်သူ့ဆီမှာမှ အကူအညီမတောင်းဘဲ နှုတ်ဆိတ်ပြီး ကြိတ်မှိတ်ခံစားနေရရှာတဲ့ ရောဘတ်ဆန်ကို ဝိုင်းဝန်းအားပေးတဲ့အနေနဲ့ ရန်ပုံငွေစုစုပေါင်း ဒေါ်လာ ၃၀၀၀၀၀ လှူဒါန်းခဲ့ကြတယ်။

အဲဒီလိုရန်ပုံငွေဒေါ်လာ ၃၀၀၀၀၀ ရရှိခဲ့ပြီး တစ်ပတ်အကြာမှာ အချိုပေါ်သကာ လောင်းသလို အပိုဆုအနေနဲ့ မစ်ချီဂန်ပြည်နယ်က ဖို့ဒ်ကားကုမ္ပဏီက သူ ချစ်မြတ်နိုးတဲ့ အလုပ်ကို နေ့စဉ်နေ့တိုင်း ၂၁ မိုင်ခရီးကို ဖွဲ့နဲ့ လမ်းလျှောက်ပြီး အလုပ်ဆင်းမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ၂၀၁၅ ခုနှစ် မော်ဒယ် Ford Taurau ကားအသစ်စက်စက်တစ်စီးကို ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။

■ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သား ရုံးဝန်ထမ်း ဆမ်ကွတ်ခ်နီသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့မှာ နေထိုင်ပြီး လန်ဒန်မြို့ စတင်းစတက်ဒ်လေဆိပ်ကို ဈေးပေါတဲ့ လေယာဉ်စီးပြီး နေ့စဉ်နေ့တိုင်း ရုံးကို မနက် ၉ နာရီရောက်အောင် အလုပ်ဆင်းခဲ့တာတောင် ငွေအနည်းအကျဉ်းစုဆောင်းမိပါသေးတယ်။ လူမှုမီဒီယာမန်နေဂျာဖြစ်တဲ့ ဆမ်ဟာ သူ့ရဲ့ ဇာတိလန်ဒန်မြို့မှာ အိမ်ငှားခတွေ ခေါင်ခိုက်အောင် ဈေးကြီးတာကို သည်းမခံနိုင်တော့လို့ ၂၀၁၃ ခုနှစ်မှာ စပိန်နိုင်ငံကို ပြောင်းရွှေ့နေထိုင်ဖို့ စိတ်ပိုင်းဖြတ်ခဲ့တယ်။ သူဟာ နေ့စဉ်နေ့တိုင်း ကီလိုမီတာ ၁၅၀၀ (၉၃၂ မိုင်) ခရီးကို အချိန် ငါးနာရီခွဲ လေယာဉ်စီးပြီး ရုံးတက်ခဲ့ရပါတယ်။ ခရီးဝေးပေမယ့် လေယာဉ်ပေါ်မှာ တရေးတမော အိပ်စက်လို့ ရတယ်လို့ ပြောပြတယ်။



သူ့အနေနဲ့ တစ်ပတ်မှာ လေးရက် ရုံးတက်တဲ့ ကုန်ကျစရိတ်က တစ်လ ၁၄၂၄ ဒေါ်လာ ကုန်ကျခဲ့ပြီး အိမ်ခန်းငှားခနဲ့ဆိုရင် တစ်လကို ၂၇၂၄ ဒေါ်လာ ကုန်ကျပါတယ်။ ဒါဟာ လန်ဒန်မြို့မှာ နေပြီး အလုပ်ဆင်းရတဲ့ ကုန်ကျစရိတ်ထက်စာရင် ၈၇၈ ဒေါ်လာ သက်သာတယ်လို့ ဆိုပါတယ်။

■ အိန္ဒိယနိုင်ငံ မာလက်ပူရမ်ကျေးလက်တောရွာလေးက ကျောင်းဆရာ အဗ္ဗဒူလ်မာလစကို သူရဲ့ တပည့်တွေဆီ သွားပြီး စာသင်ပေးဖို့ ဘယ်အရာကမှ တားဆီး ဟန့်တားထားလို့ မရပါဘူး။ အဗ္ဗဒူလ်သည် လည်ပင်းအထိ ရေနက်ထဲမြစ်ကြီးကို ဖြတ်ကျော်ပြီး သူ နှစ်ပေါင်း ၂၀ အလုပ်လုပ်ခဲ့တဲ့ မူလတန်းကျောင်းလေးကို နေ့စဉ်နေ့တိုင်း စာသွားသင်ပါတယ်။

ဒီလိုမြစ်ကြီးကို ခက်ခက်ခဲခဲ ဖြတ်ကျော်ပြီး အလုပ်ဆင်းရတဲ့အကြောင်းရင်းကတော့ ၁၂ ကီလိုမီတာ (၇ဒသမ၅ မိုင်)ဝေးတဲ့ ခရီးကို ဘတ်စကားစီးသွားမယ်ဆိုရင် သုံးနာရီကြာမှာစိုးလို့ပါပဲ။ ကျောင်းဆရာ အဗ္ဗဒူလ်က မြစ်ကြီးကို ကူးပြီးတဲ့အခါ ခြောက်သွေ့တဲ့ အကျီအဝတ်အစားနဲ့ လဲဝတ်ပြီး စာသင်ကျောင်းလေးကို လမ်းဆက်လျှောက်သွားရပါတယ်။

■ ၁၉၉၀ ပြည့်နှစ်က ဘင်ဂျမင်ကေဖာဟာ ဆပ်ကပ်သင်တန်းကျောင်းတက်ဖို့ လျှောက်လွှာတင်ခဲ့တုန်းက ဘီးတစ်ဘီးတည်းသာ ပါတဲ့ စက်ဘီးကို စပြီး စီးခဲ့ပါတယ်။ ကနေ့အချိန်မှာ အသက် ၃၃ နှစ်အရွယ်ရှိတဲ့ ဘင်ဂျမင်ဟာ နယူးယောက်မြို့လယ်မှာရှိတဲ့ မင်ဟက်တန်အရပ်ဒေသကို အဲဒီဘီးတစ်ဘီးသာပါတဲ့ စက်ဘီးစီးပြီး နေ့တိုင်း အလုပ်ဆင်းနေပါတယ်။ ဘင်ဂျမင်က သူ့အနေနဲ့ ဒီလို ဘီးတစ်ဘီး စက်ဘီးစီးပြီး အလုပ်ဆင်းရတဲ့အချိန်ဟာ သူရဲ့ တစ်နေ့တာမှာ အပျော်ရွှင်ဆုံးအချိန်ပါလို့ ပြောပါတယ်။

ဘင်ဂျမင်က အဲဒီလို ထူးထူးခြားခြား ဘီးတစ်ဘီးသာရှိတဲ့ စက်ဘီးစီးပြီး အလုပ်ဆင်းရတဲ့အကြောင်းရင်းက မြေအောက်ရထားတွေက ငါးပိသိပ်၊ ငါးချဉ်သိပ်ပြည့်ကျပ်နေပြီး တက္ကစီအငှားယာဉ်တွေက စျေးအဆမတန်ကြီးနေတာကြောင့်နဲ့ လမ်းလျှောက်ပြီး အလုပ်ဆင်းရတာဟာ ငြီးငွေ့ပျင်းရိစရာကောင်းလို့ ကုတ်အကျီနဲ့ လည်စည်းစတိုင်ကျကျဝတ်ပြီး ဘီးတစ်ဘီးစက်ဘီးနဲ့ နေ့တိုင်းအလုပ်ဆင်းရတာပါလို့ ပြောပြပါတယ်။

■ အသက် ၇၁ နှစ်အရွယ် စာကြည့်တိုက်မှူးဂါဘရီရယ်လ်ဟို့ချ်ချယာဟာ ဝါရှင်တန်ဒီစီမြို့ ကွန်ဂရက်စာကြည့်တိုက်ကြီးရဲ့ စာကြည့်တိုက်မှူးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်က သူဟာ သူရဲ့ နေရအိမ်ကနေ နေ့စဉ်နေ့တိုင်း အလုပ်ဆင်းရတာ အင်နာကိုရှာမြစ်ကြီးနဲ့ လမ်းကြောင်းဘေးချင်းယှဉ်နေတာကို သတိပြုမိပါတယ်။ ဒါနဲ့ သူက ယာဉ်ကြောပိတ်ဆို့ပြည့်ကျပ်နေတဲ့ ကားလမ်းမှာ ကားမောင်းပြီး ရုံးတက်မယ့်အစား ရှင်းနေတဲ့ မြစ်ကြီးထဲမှာ လှေလှော်သွားဖို့ စဉ်းစားကြည့်ခဲ့တယ်။

ဒါနဲ့ အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ ဂါဘရီရယ်လ်ဟာ သူရဲ့ အိမ်ကနေ အနီးအနားမှာရှိတဲ့ ပန်းခြံကို နေ့စဉ် စက်ဘီးစီးသွားပြီး မြစ်ကြီးထဲကို လှေကလေးတွန်းချပြီး လှေလှော်သွားခဲ့တယ်။ သူက လှေလှော်ပြီး လှေလှော်အသင်းရုံးကို အရင်သွားကာ အဲဒီမှာ သိမ်းဆည်းထားတဲ့ သူရဲ့ ဒုတိယစက်ဘီးကို စီးပြီး ကွန်ဂရက်စာကြည့်တိုက်ကြီးဆီ အလုပ်ဆင်းဖို့ ဆက်သွားရတယ်။ အဲဒီလို စက်ဘီးတစ်တန်လှေတစ်တန်နဲ့ ခရီးနှင်ခဲ့ရတာ တစ်နာရီခွဲအချိန်ကြာပါတယ်။ အသက် ၇၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂါဘရီ ရယ်လ်အနေနဲ့ ကားမစီးဘဲ နေ့တိုင်း စက်ဘီးစီး၊ လှေလှော်နဲ့ ကိုယ်ကာယလေ့ ကျင့်ခန်းလုပ်ရတဲ့အကျိုးကျေး ဇူးကြောင့် ကျန်းမာရေးအခြေအနေ အထူးကောင်းမွန်ပြီး မာမာချာချာနေနိုင်ပါတယ်။

လွင်ကျော်မြတ်

ရေနံတူးစင်ပေါ်တွင် တည်ဆောက်ထားသည့် မြို့ကြီး

■ အမရာ

၂၀ ရာစုအစောပိုင်းတွင် ရေနံတူးစင်များကို စတင်ဖန်တီးခဲ့သည့်အချိန်က လူတို့သည် ရေနံတူးစင်များပေါ်တွင် အလုပ်လုပ်ကိုင်နေသည့် တဒင်္ဂအချိန်အတွင်း၌သာ နေထိုင်လေ့ရှိကြသည်။ သို့သော် အဇာဘိုင်ဂျန်နိုင်ငံ၊ မြို့တော်ဘာကူအရှေ့ဘက်မိုင် ၄၀ အကွာ ကက်စပီယံပင်လယ်အတွင်းရှိ Neft Dashlari ရေနံတူးစင်ကြီးမှာမူ လူဦးရေ ၁၀၀၀ ခန့်နှင့် သက်ဝင်လှုပ်ရှားနေထိုင်သော မြို့တော်ကြီးဖြစ်လာခဲ့သည်။

ကမ္ဘာ့အကြီးဆုံးနှင့် သက်တမ်းအရင့်ဆုံးကမ်းလွန်ပင်လယ်ပြင်မှ မြို့တော်ကြီးအဖြစ် သတ်မှတ်ခံထားသော ဆိုဗီယက်ခေတ်က ရေနံတူးစင်ကြီးကို အင်ဂျင်နီယာများက ပင်လယ်ရေအောက်ပေပေါင်း ထောင်နှင့် ချီအနက်၌ ရေနံသယံဇာတအရင်းအမြစ်ကို တွေ့ရှိခဲ့ရပြီးနောက် ၁၉၄၉ တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရေနံတူးစင်ကြီး၏ အောက်ခြေအုတ်မြစ်ကို ပင်လယ်ပြင်တွင်နစ်မြှုပ်ခဲ့သည့် သင်္ဘောကြီးခုနစ်စင်းပေါ်တွင် တိုင်လုံးကြီးများစိုက်ထူတည်ဆောက်ထားခြင်းဖြစ်ပြီး ထိုထဲတွင် ကမ္ဘာ့ပထမဆုံးရေနံတင်သင်္ဘောကြီး Zoraster လည်း အပါအဝင်ဖြစ်သည်။ ပင်မရေနံတွင်းများတည်ရှိခဲ့သည့် ၁၇၃၀၀ ဧကကျယ်ဝန်းသော ကျွန်းတုတစ်ခုအနီးတဝိုက်တွင် တိုင်လုံးကြီးများကို စိုက်ထူထားခြင်းဖြစ်သည်။ ၁၉၅၂ မှ ၁၉၅၈ ကြားတွင် ရေနံတူးစင်ပေါင်း ၂၀၀၀ ကို တံတားများဖြင့် ချိတ်ဆက်၍ ၃၀ ကီလိုမီတာစက်ဝန်းဧရိယာကြီးကိုဖန်တီးခဲ့သောကြောင့် မြို့၏အရွယ်အစားကြီးမားလာခဲ့ရသည်။

မြို့ကြီးကောင်းစားခဲ့ချိန်က လူဦးရေ ၅၀၀၀ အထိ နေထိုင်ခဲ့ပြီး မြို့ထဲတွင် ရှစ်ထပ်တိုက်၊ ထိုင်ခုံ ၃၀၀ ပါရုပ်ရှင်ရုံ၊ ဘောလုံးကွင်း၊ မုန့်တိုက်၊ စာကြည့်တိုက်၊ အရက်ချက်စက်ရုံ၊ ပင်မင်းဆိုင်၊ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ကုန်းမြေ မှယူဆောင်လာသော မြေကြီးတွင် သစ်ပင်များတန်းစီ စိုက်ပျိုးထားသော ပန်းခြံစသည်ဖြင့် မြို့တစ်မြို့၏ ခေတ်မီအဆောင်အယောင်များ အားလုံးရှိသည်။ မြို့ခံများက ကိုယ်ပိုင်ခြံများထဲတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြခြင်းသည် ပုံမှန်ကိစ္စတစ်ခုပင်ဖြစ်သော်ငြားလည်း ယခုဟင်းသီးဟင်းရွက်စိုက်ခင်းများသည် ရေနံတူးစင်ကြီးတစ်ခုပေါ်တွင် ဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည့် အချက်မှာ မြို့ကြီးသည် ယခင်ကလောက်သာယာဝပြောမှုမရှိတော့ခြင်းဖြစ်သည်။ ဆိုဗီယက်ယူနီယံပြိုကွဲရခြင်းနှင့်အခြားနေရာများတွင် ရေနံတွင်းသစ်များထပ်မံတွေ့ရှိခြင်းတို့ကြောင့်ဖြစ်သည်။

အလုပ်လုပ်ကိုင်မှုပမာဏလျော့နည်းသွားခြင်းကြောင့် ရေနံတူးစင်တွင်လည်း မူလလူဦးရေထက် ထက်ဝက်ကျော်လျော့နည်းသွားခဲ့ရသည်။ ရေနံတူးစင်ပေါင်းများစွာကို စွန့်ပစ်ခဲ့သောကြောင့် ထိန်းသိမ်းမည့်သူမရှိသည့်အခါ ရေနံတူးစင်အများစုမှာ ပင်လယ်ထဲသို့ ပြိုကျပျက်စီးခဲ့ရသည်။ ကျန်ရှိနေသည့် ရေနံတူးစင်များမှာလည်း ပျက်စီးယိုယွင်းနေပြီဖြစ်သောကြောင့် ပြန်လည်





ပြုပြင်ရန်လိုအပ်နေပြီဖြစ်သည်။စုစုပေါင်း ကီလိုမီတာ ၃၀၀ အရှည်ရှိသော မြို့ထဲရှိ လမ်းမများထဲမှ ၄၅ ခုကိုသာ အသုံးပြု၍ရတော့ပြီး လူဦးရေမှာလည်း ၉၃၃ ဦးသာ ကျန်ရှိတော့သည်။ သို့သော် ရေနံတူးစင်တွင် အပတ်စဉ်အဆိုင်းများဖြင့် လာရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမား ၅၀၀၀ ခန့်ကျန်ရှိနေသေးသည်။

Neft Dashlari ရေနံတူးစင်တွင် အလုပ်သမားတစ်ဦးသည် တစ်လလျှင် ဒေါ်လာ ၁၃၀ ခန့်ဝင်ငွေရရှိပြီး ကုန်းမြေပေါ်တွင် အလုပ်လုပ်ကိုင်နေသူများထက် နှစ်ဆရရှိခြင်းဖြစ်သည်။ သို့သော် ရေနံတူးစင်ကြီးမှာ နှစ်ပေါင်းများစွာကြာအောင် ထိထိရောက်ရောက်လုပ် ငန်းလည်ပတ်နိုင်ခြင်းမရှိတော့ဘဲ အနီးအနား၌ ရေပေါ်တွင် ပေါ်နေသည့် သံမဏိချောင်းကြီးများသည် ဖြတ်သန်းသွားလာသည့် သင်္ဘောများအတွက် အန္တရာယ်တစ်ခုအသွင်ဆောင်နေသည်။ ဖိတ်စင်ကျထားသည့်ရေနံများလည်း ရှိနေပြီး လုပ်ငန်းသုံးပစ္စည်းကိရိယာများမှာလည်း ပြန့်ကျဲနေသည်။ ထိုသို့ချို့ယွင်းချက်များရှိနေသည့်တိုင်အောင် အဇာဘိုင်ဂျန်အစိုးရက ရှေးဟောင်းရေနံတူးစင်ကြီးကို လုံးဝပိတ်သိမ်းပစ်ရန် တွန့်ဆုတ်နေဆဲ ဖြစ်သည်။

ရေနံတူးစင်ကြီးသည် ပိုမိုကောင်းမွန်သည့် ခေတ်အခါလည်းရှိခဲ့ဖူးသည့် သက်သေအထောက်အထားဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင် သယံဇာတအရင်းအမြစ်တစ်ခုအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။ Amusing Planet ၏အဆိုအရ Neft Dashlari သို့ နိုင်ငံခြားသားများဝင်ရောက်ခွင့်မရှိသောကြောင့် Neft Dashlari ရေနံတူးစင်ကို Google Maps တွင်သာ ကြည့်ရှုနိုင်သော်လည်း ဂြိုဟ်တုပုံရိပ်အများစုတွင်လည်း မြို့ကို ရှင်းရှင်းမြင်တွေ့ရခြင်းမရှိဟုသိရသည်။

Neft Dashlari သည် ရေနံတူးစင်ပေါင်းများစွာကိုဆက်၍တည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံးကမ်းလွန်ပင်လယ်ရေနံတူးစင်ဖြစ်သည်။ မူလက Chernie Kamni (Black Stones) ဟု အမည်ပေးထားရာမှ ရေနံရောင်ကို ရည်ညွှန်းချင်သောကြောင့် Neft Dashlari(Oily Rocks) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၀၉ ခုနှစ်နိုဝင်ဘာလတွင် ရေနံတူးစင်ကြီးသည် နှစ် ၆၀ ပြည့်မြောက်ခဲ့ပြီး သက်တမ်းနှစ် ၆၀ ကျော်ကြာကာလအတွင်း ရေနံတန်ချိန်ပေါင်းသန်း ၁၇၀ ကျော်နှင့်သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၅ ဘီလျံထုတ်လုပ်ပေးနိုင်ခဲ့သည်။

အမရာ





Safari (ဆာဖာရီ) ကို ဗြိတိန်ရော၊ အမေရိကန်ကပါ ဆာဖာရီဟု အသံထွက်ပြီး အနက်အဓိပ္ပာယ်မှာ တောကောင်ပစ်ရန် သို့မဟုတ် တောရိုင်းတိရစ္ဆာန်များကို မပစ်ခတ်ဘဲ မော်တော်ကားဖြင့် တောကြီးအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး အမှတ်တရ ဓာတ်ပုံရိုက်သည်ဟု အဓိပ္ပာယ်ရသည်။ လူတို့အနေဖြင့် ဆာဖာရီဟူသော စကားလုံး ကို တွေ့မြင်လိုက်ရသည်နှင့် အာဖရိက ဆာဖာရီကို ပြေးမြင်မိမှာ သေချာပါသည်။

သို့ရာတွင် ဤကမ္ဘာပေါ်တွင် အာဖရိက ဆာဖာရီကဲ့သို့ပင် တွေ့ကြုံခံစားနိုင်သော အခြားနေရာဒေသများလည်း ရှိနေသည်။ ဤသို့ ဆာဖာရီ တောလည်ခရီးထွက်ခြင်းအားဖြင့် သဘာဝအစပ်မျိုးစုံ၊ တောရိုင်း တိရစ္ဆာန်မျိုးစိတ် အမျိုးမျိုးနှင့် သဘာဝတော ကြီးမြင့်ကြီးတို့၏ အလှအပနှင့် သဘာဝတို့ကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ စိတ်ဝင်စားဖွယ်အကောင်းဆုံး သဘာဝရှိ တောလည်ခရီးများ

နန္ဒမင်းပိုင်

အီဂျစ်နိုင်ငံ သဘာဝရှိခရီး

အီဂျစ်နိုင်ငံရှိ သဲကန္တာရကြီးများအတွင်း၌ သဘာဝတောရိုင်းတိရစ္ဆာန်များအား ကုလားအုတ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာသော တောလည်ခရီးမှာ အခြား မည်သည့် တောလည်ခရီးများနှင့်မှ လုံးဝမတူဘဲ ကွဲပြားခြားနားသည်။ အကြောင်းမှာ အီဂျစ်နိုင်ငံသည် ပထဝီအနေအထားအရ သဲကန္တာရနယ်မြေ အမြောက်အများရှိသောကြောင့် ဖြစ်သည်။

အီဂျစ်နိုင်ငံရှိ သဲကန္တာရကြီးများအတွင်း၌ ကုလားအုတ်များစီးပြီး တောလည်ခရီးထွက်သော အခါ ခြစ်ခြစ်တောက် ပူပြင်းသော သဲကန္တာရကြီးအတွင်း၌ စိမ်းညို့အုံ့ဆိုင်းနေသော အိုအေစစ်နေရာလေးနှင့် တစ်ခါတစ်ရံ ရွာ၏ ဖနပုဒ်လေးများနှင့် ကြုံတွေ့ရတတ်သည်။ ဤသို့ ရာသီဥတုကြမ်းတမ်းပူပြင်းသော သဲကန္တာရအလယ်၌ စိမ်းလန်းစိုပြည်သော အပင်များနှင့် ရေအိုင်ငယ်လေးတွင် အပန်းဖြေအနားယူနိုင်ပြီး သဲကန္တာရအတွင်း၌ ကျက်စားသော တောရိုင်း တိရစ္ဆာန်အချို့ကို ကြည့်ရှုလေ့လာနိုင်သည်။

မာလာဝီနိုင်ငံသဘာဝရှိခရီး

အာဖရိကတိုက်အရှေ့တောင်ပိုင်း၌ တည်ရှိသော မာလာဝီနိုင်ငံတွင် တောလည်ခရီးထွက်ပါက ကြည့်ရှုစရာများစွာ တွေ့မြင်ရမည်ဖြစ်သည်။ မာလာဝီနိုင်ငံတွင် ဇရာမရေကန်ကြီးများရှိသောကြောင့် ရေနေသတ္တဝါဇီဝမျိုးစုံ မျိုးကွဲတို့ သဘာဝအလျောက် ကျင်လည်ကျက်စားနေကြသည်ကို စိတ်ဝင်စားဖွယ် လေ့လာကြည့်ရှုနိုင်သည်။

သဘာဝအလျောက် ကျင်လည် ကျက်စားနေသော ရေနေသတ္တဝါများအပြင် ကုန်းနေသတ္တဝါများ ဖြစ်သော ခြင်္သေ့၊ ကျားသစ်နှင့် အခြားသတ္တဝါမျိုးစိတ်ဇီဝမျိုးစုံမျိုးကွဲတို့ကိုလည်း တောနက်ကြီးအတွင်း၌ အနီးကပ် လေ့လာကြည့်ရှုနိုင်သည်။



ထိုင်းနိုင်ငံဆာဖာရီခရီး

အရှေ့တောင်အာရှဒေသရှိ ထိုင်းနိုင်ငံသို့ ဆာဖာရီခရီးထွက်ပါက အာရှဒေသတွင် ကျင်လည်ကျက်စားသော အာရှတောရိုင်းတိရစ္ဆာန်ဇီဝမျိုးစုံမျိုးကွဲများကို စုံလင်စွာတွေ့မြင်နိုင်သည်။

ထိုင်းနိုင်ငံရှိ တောကြီးမြိုင်ကြီးအတွင်း၌ တောလည်ခရီးထွက်ပါက တောနက်အတွင်း မျောက်များ၊ မြွေများ၊ ကျား၊ ဆင်ရိုင်းကြီးများ၊ ကျေးငှက်သာရကာဇီဝမျိုးစုံမျိုးကွဲများ၊ ရေသတ္တဝါများ စသဖြင့် အာရှဒေသတောရိုင်းတိရစ္ဆာန်မျိုးစုံကို လေ့လာကြည့်ရှုနိုင်သည်။

ဘရာဇီးနိုင်ငံ ဆာဖာရီခရီး

တောင်အမေရိကတိုက်၏ အရှေ့ဘက်တွင် တည်ရှိသော ဘရာဇီးနိုင်ငံတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး မုတ်သုံသစ်တောကြီးဖြစ်သော အမေဇုန် မုတ်သုံသစ်တောကြီး တည်ရှိသည်။ အဆိုပါ မုတ်သုံသစ်တောကြီးသည် ဘရာဇီး၊ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ဘိုလစ်ဗီးယား၊ ဂိုင်ယာနာ၊ ဆူရီနမ်နှင့် ပြင်သစ်ဂီယာနာစသော နိုင်ငံပေါင်း ကိုးနိုင်ငံအတွင်း၌ တည်ရှိသည်။

အမေဇုန်မုတ်သုံသစ်တောကြီးသည် သဘာဝတောရိုင်းတိရစ္ဆာန်ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်ပေါင်း ၁၆၀၀၀ နှင့် ထူးခြားရှားပါးလှသော အပင်မျိုးစိတ်ပေါင်းများစွာ ရှင်သန်ကျက်စားရာ တောကြီးမြိုင်ကြီး ဖြစ်သည်။ အမေဇုန်မုတ်သုံသစ်တောကြီးအတွင်း၌ တောရိုင်းတိရစ္ဆာန်များမှာ တစ်မူထူးခြားပြီး အရောင်အသွေးစုံလင်လှပသောကြောင့် ဓာတ်ပုံရိုက်ရန် အလွန်ဆွဲဆောင်မှုရှိသည်။

တောလည်ခရီးထွက်လာသူများအနေဖြင့် အမေဇုန်သစ်တောကြီးအတွင်း၌ ကျက်စားသော ဂျက်ဂွားကျားသစ်မှာ အလွန်လှပသောကြောင့် မလွတ်တမ်းဓာတ်ပုံရိုက်ယူလေ့ရှိသည်။ ထို့ပြင် အမေဇုန်မြစ်ကြီးအတွင်း၌ အစိမ်းရောင်အင်နာကွန်ဒါမြွေကြီး၊ ပီရားနား သို့မဟုတ် ပရားနား (Piranha)ဟုခေါ်သော အသားစားငါးများ၊ ကမ္ဘာ့အကြီးမားဆုံး မိကျောင်းခေါင်းတိုမျိုးဖြစ်သော ကေမင်မိကျောင်းနက်(Black Caiman Alligator)၊ ဇရာမအာရာပိုင်းမား (Arapaima) ရေချိုငါးကြီးတို့ကိုလည်း တွေ့မြင်နိုင်သည်။

ဗြဲစဗြဲလျနိုင်ငံ ဆာဖာရီခရီး

ဗြဲစဗြဲလျနိုင်ငံတွင် တောကြီးမြိုင်ကြီးအတွင်း၌ ဆာဖာရီတောလည်ခရီးထွက်ပါက ဗြဲစဗြဲလျနိုင်ငံ ဇာတိဌာနေ သားပိုက်ကောင်များ၊ ကိုအာလာဝက်ဝံလေးများ၊ ဘဲတူဖျံတူသတ္တဝါများ၊ မြွေများ စသော တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်ပေါင်းများစွာကို လေ့လာကြည့်ရှုနိုင်သည်။

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ဒါဝင် ဥယျာဉ်ကြီးနှင့် ခါခါဒူအမျိုးသားဥယျာဉ်ကြီးအတွင်းသို့ တောလည်ခရီးထွက်ပါကလည်း ဗြဲစဗြဲလျနိုင်ငံတွင် ကျင်လည်ကျက်စားသော ကုန်းနေ၊ ရေနေသတ္တဝါမျိုးစုံကို တွေ့မြင်နိုင်သည့်အပြင် မယုံကြည်နိုင်လောက်အောင် သာယာလှပသော ဥယျာဉ်ကြီးအတွင်းရှိ သဘာဝပတ်ဝန်းကျင် ရှုမြော်ခင်းများကိုလည်း ကြည့်ရှုခံစားနိုင်သည်။

တောင်အာဖရိကနိုင်ငံ ဆာဖာရီခရီး

အာဖရိကတိုက်၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသော တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်တွင် ဖွံ့ဖြိုးတိုးတက်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံရှိ ခရူဂါအမျိုးသားဥယျာဉ်ကြီး (Kruger National Park) အတွင်းသို့ တောလည်ခရီးထွက်ပါက အာဖရိကတောဘုရင်ခြင်္သေ့ကြီးများ၊ ကျားသစ်များ၊ ပြောင်ကြီးများ၊ သစ်ကုလားအုတ်၊ ကြံ့၊ ရေမြင်းနှင့် အခြား တောရိုင်းတိရစ္ဆာန်များ သဘာဝအလျောက် ကျင်လည် ကျက်စားနေကြပုံကို စောင့်ကြည့်လေ့လာနိုင်သည်။







တန်ဇန်းနီးယားနိုင်ငံ ဆာဖာရီခရီး

အရှေ့အာဖရိကကမ်းရိုးတန်း၌ တည်ရှိသော တန်ဇန်းနီးယားနိုင်ငံတွင် ရေပန်းအစားဆုံး တောလည်ခရီးထွက်ရန် အကောင်းဆုံးနေရာမှာ ဖန်ဒူ(Fundu) ပင်လယ်တိမ်ရေအိုင်ကြီးဖြစ်သည်။ အဆိုပါပင်လယ်တိမ်ရေအိုင်ကြီးအတွင်း၌ သဘာဝအလျောက် ပင်လယ်သတ္တဝါဇီဝမျိုးစုံမျိုးကွဲပေါင်းများစွာ ကျင်လည် ကျက်စားလျက်ရှိသည်။

အာဖရိကတောရိုင်းတိရစ္ဆာန်များဖြစ်သော ခြင်္သေ့၊ ကျားသစ်နှင့် သစ်ကုလားအုတ်များကို လေ့လာနိုင်သည့်အပြင် ဖနဒူပင်လယ်တိမ်ရေအိုင်ကြီးအတွင်း၌ သဘာဝအလျောက် ကျင်လည် ကျက်စားလျက်ရှိသော ဝေလငါးကြီးများ၊ ပင်လယ်လိပ်များကိုလည်း လေ့လာကြည့်ရှုနိုင်သည်။

အိန္ဒိယနိုင်ငံ ဆာဖာရီခရီး

တောင်အာရှဒေသတွင်တည်ရှိသော အိန္ဒိယနိုင်ငံ၏ မြောက်ဘက်တစ်လျှောက်တွင် ဟိမဝန္တာတောင်တန်းကြီးများ သွယ်တန်းလျက်ရှိသည်။ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံတွင် တောလည်ခရီးထွက်ပါက တိဘက်တောင်တန်းများတွင် ကျင်လည်ကျက်စားသော နှင်းကျားသစ်(Snow Leopard) များနှင့် အဖြူရောင် ကျားများကို အိန္ဒိယတောကြီးများအတွင်း၌ လာရောက်ကျက်စားနေသည်ကို တွေ့မြင်နိုင်ပြီး အာရှဆင်ရိုင်းများ၊ ကျားသစ်များ၊ မြွေများနှင့် အခြားတောရိုင်းတိရစ္ဆာန်ဇီဝမျိုးစုံ မျိုးကွဲ အမြောက်အမြားကိုလည်း လေ့လာကြည့်ရှုနိုင်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံတွင် ကျင်လည် ကျက်စားသည့်အလွန်လှပသော အိန္ဒိယနိုင်ငံ၏ အမျိုးသားငှက်ဖြစ်သော ဒေါင်းပြာ (Indian Peafowl)ကိုလည်း လေ့လာကြည့်ရှုနိုင်သည်။

ကင်ညာနိုင်ငံ ဆာဖာရီခရီး

အာဖရိကတိုက်အရှေ့ပိုင်းတွင် တည်ရှိသော ကင်ညာနိုင်ငံတွင် တောလည်ခရီးထွက်နိုင်သော တောကြီးများရှိပြီး မာဆိုင်းမာရာ(Masai Mara) တောလည်ဥယျာဉ်ကြီးအတွင်း၌ တောလည်ခရီးထွက်ခြင်းမှာ ထင်ရှားကျော်ကြားသည်။ အဆိုပါသဘာဝဥယျာဉ်ကြီးအတွင်း၌ သဘာဝအလျောက် ကျင်လည်ကျက်စားနေသော ခြင်္သေ့ကြီးများ၊ ကျားသစ်များ၊ ကြံ့ကြီးများနှင့် ဇရာမအာဖရိကဆင်ကြီးများကို လေ့လာကြည့်ရှုနိုင်သည်။

ဘော့ဆွာနာနိုင်ငံဆာဖာရီခရီး

ဘော့ဆွာနာနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းတွင် တည်ရှိပြီး ကာလာဟာရီသဲကန္တာရကြီးရှိသည်။ အဆိုပါ ကာလာဟာရီသဲကန္တာရကြီးသည် တောလည်ခရီးထွက်ရန် အကောင်းဆုံးနေရာဖြစ်သည်။ ယင်းကန္တာရကြီးသည်။ မိုးအနည်းငယ်မျှသာ ရွာသွန်းသော သဲကန္တာရကြီးဖြစ်ပြီး ထိုသို့ရွာသွန်းသော နေရာတွင် ရေတိမ်ဒေသတစ်ခုဖြစ်ပေါ်လာကာ ယင်း၌သာ သီးသန့်တွေ့ရှိရသော သဘာဝတောရိုင်းတိရစ္ဆာန်များကို လေ့လာ ကြည့်ရှုနိုင်သည်။

အဆိုပါသဲကန္တာရကြီးအတွင်း၌ သဲပြင်ကြီးများ မျက်စိတဆုံး တည်ရှိနေကာ ယင်းသို့ တောလည်ခရီးထွက်၍ သဲကန္တာရအတွင်း သီးသန့်ကျင်လည်ကျက်စားသော သတ္တဝါများနှင့် ရေတိမ်ဒေသ၌သာ သီးသန့်ကျင်လည်ကျက်စားသော တောရိုင်းတိရစ္ဆာန်တို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုနိုင်ပေသည်။

■ နန္ဒမင်းပိုင် ■

ကျယ်ပြန့်သော အင်းရေပြင်ပေါ်တွင် ကွေ့ဝိုက်ကာတည်ရှိနေသည့် ကျွန်းလုံးများဖြင့် ဆောက်လုပ်ထားသော ရှေးဟောင်း တံတားတစ်စင်းကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများကပါ သိရှိကြပါ၏။ မယ်ဇယ်ပင်တန်းများ နောက်ခံတည်ရှိနေသည့် အမရပူရမြို့ဘက်ကမ်းမှ မန္တလေးမြို့သို့ တောင်သမန် အင်းရေပြင်ကို ဖြတ်ကျော်ကာ ဆက်သွယ်ထားသည့် ဦးပိန်တံတားသည် လာရောက်လည်ပတ်ကြသူများဖြင့် အမြဲစည်ကားလျက်ရှိသည်။ ပြည်တွင်း ခရီးသွားများသည် တောင်သမန်သို့ နေ့စဉ်လာရောက်လေ့ရှိကြသကဲ့သို့ မြန်မာနိုင်ငံသို့ရောက်ရှိလာကြသော ကမ္ဘာလှည့်ခရီး သည်များအား လုံးနီးပါးသည်လည်း တောင်သမန် လေညင်းကိုခံကြရင်း လှပသာယာသော ရှုခင်းများကို ကြည့်ရှုလျက် တံတားကြီးပေါ်မှ ဖြတ်သန်းလမ်း လျှောက်ကြရန် ရှေးဟောင်း ဦးပိန်တံ တားကြီးဆီသို့ လာရောက်လေ့ရှိကြပေသည်။

ကဝိလက္ခဏာ ဒီပနီကျမ်းတွင် ကျမ်းပြုပုဂ္ဂိုလ်မင်းကြီး သီရိမဟာဇေယျသူက ´ရေစစ်ကိုင်း၊ လှိုင်း ပခန်းငယ်၊ လယ်တောင်တွင်း၊ စပါး မည်း သင်း၊ အင်း တောင်သမန်၊ ကန် မိတ္ထီလာ´ဟု ဖွဲ့ဆိုထားသည့် တောင်သမန်အင်းသည် အမရပူရမြို့၏ တောင်ဘက်တွင်တည်ရှိသည်။ အရှေ့မှ အနောက်သို့ နှစ်မိုင်နှင့် တောင်နှင့်မြောက် အကျယ်ဆုံးနေရာတွင် တစ်မိုင်ခန့် ကျယ်ဝန်းသည်။ အင်းဧရိယာသည် ၂၃၁ ဒသမ ၇၃ ဧကရှိသည်။တောင်သမန်သည် ရှေးဟောင်းသုတေသနဆိုင်ရာ နယ်မြေ တစ်ခုလည်းဖြစ်သည်။ တောင်သမန်ဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော် ကာလကတည်းက လူများနေထိုင်ခဲ့ကြသည်။ ၁၉၆၉ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် တောင်သမန် အင်းစောင်းရှိ အောင်ခြင်းရစ်ပါး ဘုရားနှင့် မဟာဂန္ဓာရုံ ကျောင်းတိုက်အကြားတွင် ရှေးဟောင်း သုတေသန တူးဖော်မှုများပြုလုပ်ခဲ့ရာ လူရုပ်ကြွင်းများ၊ အိုးများ၊ ပုတီးစေ့များ၊ ကျောက်နှင့် သံလက်နက်များကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် တောင်သမန်ရှေးဟောင်း နယ်မြေအား ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်များတွင် တူးဖော်မှုများ ထပ်မံပြုလုပ်ခဲ့ရာ အိုးထိန်းစက်ဖြင့် ပြုလုပ်ထားသည့် အိုးများကို တွေ့ရှိခဲ့ပြီးနောက် တောင်သမန်ဒေသသည် ရှေးဟောင်း နယ်မြေ တစ်ခုအဖြစ်ထင်ရှားလာခဲ့သည်။

ယင်းတောင်သမန် ရှေးဟောင်း နယ်မြေသည် တောင်သမန် ဦးပိန်တံတား အနောက်ဘက် အဖျားမှ အနောက်သို့

တောင်းစည်သူ

တောင်သမန်

ရွှေဟောင်းနယ်မြေ

မယ်ဇယ်ပင်တန်းများ
အထိ၊ မြောက်သို့ မဟာဂန္ဓာ ရုံကျောင်းအထိ ကျယ်ဝန်းသည်။ ထို နေရာတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က လူသားများ နေထိုင်ခဲ့သည့် အထောက်အထားများကို တွေ့ရှိခဲ့ရသည်။ တောင်သမန်အင်း၏ အရှေ့ဘက်တွင် အောင်ပင်လယ်ကန်၊ နန္ဒာကန်နှင့် မြကန် တို့ရှိနေကြသည်။ ဧရာဝတီ မြစ်မှ ရေများ တိုက်ရိုက်စီးဝင်သည့် တောင်သမန်အင်းသည် တစ်ဆယ့်နှစ်လ ပတ်လုံး ရေများရှိနေတတ်ပြီး မိုးတွင်း အခါတွင် အင်းတစ်ခုလုံး ရေများပြည့်လျှံနေလေ့ရှိသည်။ ဦးပိန်တံတားဟု ထင်ရှားသည့် တောင်
သမန်အင်း ဖြတ် တံတားသည် မန္တလေးမှ အမရပူရသို့ အရှေ့မှ အနောက် သွယ်တန်းထားသည်။ တောင်သမန်နှင့် အနီးဝန်းကျင်မှ ရွာများတွင် နေထိုင်ကြသူများ လွယ်ကူစွာ သွားလာ နိုင်ကြရန် ပုဂံမင်းလက်ထက်က တည်ဆောက်ခဲ့ရာ ဦးပိန် တံတားသည် ယခုအခါ သက်တမ်း နှစ် ၁၆၀ ကျော်ခဲ့ပြီဖြစ်ပေသည်။

အမရပူရမြို့သည် ဘိုးတော်ဘုရား လက်ထက် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်း လက်ထက်တွင် ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် မင်းနေပြည်တော် နှစ်ကြိမ် ဖြစ်ခဲ့သည်။ ရတနာပုံ မန္တလေးမြို့တော်နှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ရက်ကန်း လုပ်ငန်းဖြင့် အစဉ်အဆက် ထင်ရှားခဲ့သည်။ အမရပူရမြို့ တောင်ဘက်ရှိ ဦးပိန်တံတားသည် ကုန်းဘောင် မင်းဆက်ကိုးဆက်မြောက် ဘုရင်ဖြစ်သူ ပုဂံမင်း၏ အမိန့်အရ အမရပူရ မြို့ဝန် ရုံးစာရေး ဦးပိန်က တာဝန်ယူတည် ဆောက်ခဲ့သဖြင့် ဦးပိန်တံတားဟု အမည်တွင်ခဲ့သည်။

ဦးပိန်တံတားအား မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ သက္ကရာဇ် ၁၂၁၃ ခုနှစ်တွင်ပြီးစီးခဲ့သည်။ တံတားတည်ဆောက်သည့် ခုနှစ်ကို 'အင်းက အော်အား၊ ဆောက်လုပ်ခါ' ဟုလည်းကောင်း၊ တံတား ပြီးစီးသည့် ခုနှစ်ကို 'အင်းက အော်ညီး၊ ဆောက်လုပ်ပြီး' ဟုလည်းကောင်း၊ ရှေးလူကြီးသူမများက မှတ်သားခဲ့ကြသည်။ စစ်ကိုင်းနှင့် အင်းဝရှိ နန်းတော်၊ အိမ်တော် အ ဆောက်အအုံဟောင်းများကို ဖျက်၍ သစ်သားများကို သုံးစွဲခဲ့သည်ဟုလည်းဆိုကြသည်။

ဦးပိန်တံတားသည် မျက်မှောက်ခေတ်အတိုင်းအတာများအရ ၁ ဒသမ ၂ ကီလိုမီတာ (၆ ဖာလုံ) ရှည်လျားသည်။ ဦးပိန်တံတားအား လှိုင်းဒဏ်၊ လေဒဏ် ခံနိုင်ရန် ဖြောင့်ဖြောင့်တန်းတန်း မတည်ဆောက်ဘဲ တောင်ဘက်သို့ ကွေ့ဝိုက်ကာ ဆောက်လုပ်ထားသည်။ ဦးပိန်တံတားတွင် ကျွန်းလုံးတိုင်ပေါင်း ၉၈၄ တိုင်ရှိခဲ့သည်ကို 'နဝ အဋ္ဌ၊ ဇယ မောင်ပိန်' ဟု မှတ်သားခဲ့ကြသည်။

တံတားတစ်လျှောက်တွင် ခရီးသွားများ၊ နားနေရန် ယခင်က ဇရပ်ဆောင်လေးဆောင်ရှိခဲ့သည်။ ယင်းဇရပ်ဆောင်များမှ တိုင်များကိုပါ ထည့်သွင်းရေတွက်လျှင် ဦးပိန်တံတားတွင် တိုင်လုံးပေါင်း ၁၀၈၆ တိုင်ရှိသည်။ တံတားခန်းဖွဲ့ပေါင်း ၄၈၂ ခန်းရှိသည်။ ယင်းတို့အနက် ဘုရင့်ဖောင်တော်များ ဖြတ်သန်းနိုင်ရန် ပြုလုပ်ထားသော ဖြုတ်၍ တပ်၍ရသည့် တံတားအခန်း ကိုးခန်းရှိခဲ့သည်။ ရေစီးဒဏ်ကို ခံနိုင်ရန် တံတားတိုင်များကိုမြေဝင်ခုနစ်ပေစိုက်ထားသော ဦးပိန်တံတားသည် မြန်မာ့မြေပေါ်၊ မြန်မာ့ ရေပေါ်တွင် အရှည်လျားဆုံးသော ကျွန်းတံတားကြီးတစ်ခုလည်းဖြစ်ပေသည်။

နှစ်ပေါင်း ၁၆၀အတွင်း ထူးကဲရေကြီးမှုများကြောင့် ၁၉၄၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် တံတား အခန်းအချို့ ရေတွင်မျောပါပျက်စီးခဲ့သည်။ ၁၉၇၃ ခုနှစ်က ဦးပိန်တံတားတိုင်ခန်း ရှစ်ဆယ်ကျော် ရေမျောသွားခဲ့ရာ ထိုစဉ်က တောင်သမန် အင်းကမ်းခြေရှိ၊ မဟာဂန္ဓာရုံ ဆရာတော် ဦးဇနကာဘိဝံသနှင့် ပြည်သူများက ပြန်လည်ပြင်ဆင်ခဲ့မှုများကြောင့် ဦးပိန်တံတားသည် တိုင်လုံးပေါင်း တစ်ထောင်

ကျော်၊ ဇရပ်ငါးဆောင်ဖြင့် လှပခံ့ညားစွာ ယခုတိုင်တည်ရှိနေပေသည်။

တောင်သမန်အင်းနှင့် အင်းတောင်ဘက်ရှိ ဧရာဝတီမြစ်တို့သည် ချောင်းငယ်တစ်ခုဖြင့် ဆက်နေကြသည်။ ထိုချောင်းငယ်အား ဗဒုံမင်း၏ သားတော် ပခန်းမင်းသားက သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် တူးဖော်ခဲ့သည်။ ချောင်းဟောင်းကို တူးဖော်ခဲ့ခြင်းဖြစ်နိုင်ကြောင်းလည်း ယူဆကြသည်။ ဧရာဝတီမြစ်နှင့် တောင်သမန်အင်းသည် တစ်ဆက်တည်း တည်ရှိနေသဖြင့် တောင်သမန်အင်းအတွင်းသို့ လှေများ၊ သစ်ဖောင်များ၊ သင်္ဘောများဝင်ရောက်ခဲ့ကြောင်း မှတ်တမ်းများရှိသည်။ အမရပူရ နန်းတော်တည်ဆောက်ရန် လိုအပ်သော သစ်ဝါးများကို ဧရာဝတီမြစ်မှတစ်ဆင့် ဖောင်များဖွဲ့၍ တောင်သမန်အင်းဆိပ်သို့ ပို့ဆောင်စေရန် အမိန့်ပြန်တမ်းထုတ်ခဲ့ဖူးသည်။

ဆရာကြီး ဒဂုန်နတ်ရှင်က 'ရတနာပုံနိဒါန်း' စာအုပ်တွင် တောင်သမန် အင်းအတွင်း သင်္ဘောများ ဝင်ရောက်ခဲ့ပုံကို 'မင်းတုန်းမင်းသည် အမရပူရမြို့ဟောင်း၌ စံနေတော်မူစဉ် သက္ကရာဇ် ၁၂၁၇ ခုနှစ်၊ ဝါခေါင်လအတွင်း၌ အင်္ဂလိပ်သံတမန် ဖယ်ရာသည် လက်နက်အပြည့်အစုံတပ်ဆင်ထားသော သင်္ဘောကြီးဖြင့် တောင်သမန်အင်းအတွင်း အထိရောက်အောင် ဝင်လာပါသည်။ ရေပြည့်ချိန်ဖြစ်၍ သင်္ဘောသည် နန်းတော် အပေါ်က မိုးနေသကဲ့သို့ ရှိသည်' ဟု ရေးသားခဲ့သည်။

ဦးပိန်တံတားကို ဆောက်လုပ်ခဲ့ရာတွင် နေပြည်တော် အမရပူရနန်းတော်အနီးသို့ အင်္ဂလိပ်သင်္ဘောများ ဝင်မလာနိုင်ရန် တားဆီးသည့် ရည်ရွယ်ချက်လည်း ပါဝင်နိုင်ကြောင်း သုံးသပ်ကြပေသည်။

တောင်သမန်အင်း အနီးတွင် စေတီပုထိုးများ အများအပြားရှိကြရာ မယ်ဘယက်ဘုရား၊ တောင်မင်းကြီးဘုရားနှင့် ကျောက်တော်ကြီးဘုရားတို့သည် အထင်ရှားဆုံးဖြစ်ကြပေသည်။ မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ်တွင် တည်ထားခဲ့သည့် မယ်ဘယက်ဘုရားသည် အမရပူရမြို့၏ အရှေ့တောင်ဘက်ယွန်းယွန်း၊ တောင်သမန် ကမ်းစပ်၏ ကုန်းထိပ်တစ်ခုပေါ်တွင် တည်ရှိသည်။ အရှေ့ဘက် မှန်လှည့် လိုဏ်ပေါက်စေတီဖြစ်ပြီး အုတ်လိုဏ်နှစ်ထပ်ပါရှိသော ဇရပ်တစ်ခုကိုလည်း မြင်တွေ့ကြရသည်။ ထိုဘုရားအနီးတွင် ဦးရွှေတောင်တံတားဟုခေါ်သော တောင်သမန်ကို ဖြတ်သွားသည့် အုတ်တံတား တစ်စင်းရှိခဲ့ဖူးကြောင်း မှတ်သားခဲ့ဖူးပါသည်။ ထိုအုတ်တံတားနေရာသည် ယခုအခါ တောင်သမန်ကို ဖြတ်ကာဖောက်လုပ်ထားသော ရတနာပုံတက္ကသိုလ်သို့ သွားသည့် ကားလမ်းနေရာဖြစ်သည်ဟု ဆိုပါသည်။ မယ်ဘယက်သည် ဘကြီးတော် မင်းတရားလက်ထက်တွင် အမှုတော်ထမ်း ဗိုလ်တစ်ဦးဖြစ်ခဲ့

ပြီး နန်းမတော် အထိန်းတော်၏ ချွေးမဖြစ်သူ မယ်ခအား မြို့မြောက်ကျုံးထိပ်တွင် စီးချင်းထိုးကာ အနိုင်ယူခဲ့သူဖြစ်ကြောင်း အမရပူရ ရာဇဝင်တွင် ရေးသားထားသည်။

တောင်မင်းကြီး ဘုရားအား ဆင်ဖြူဝန်ဘုရားဟုလည်းခေါ်ကြသည်။ ဦးပိန်တံတား၏ အနောက်ထိပ်၊ တောင်သမန် အင်းစပ်တွင် တည်ရှိသည်။ မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် တောင်မင်းကြီးခေါ် အသည်ဝန်မင်းလှကျော်စွာ တည်ခဲ့သည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ မင်းလှကျော်စွာသည် ဆင်ဖြူဝန်ရာထူးကို ထမ်းဆောင်ခဲ့ဖူးသဖြင့် ဆင်ဖြူဝန် ဘုရားဟုခေါ်ကြခြင်းလည်းဖြစ်သည်။ မူလက အမိုးအကာ မရှိဘဲ နေပူခံရုပ်ပွားတော်ကြီး တစ်ဆူအဖြစ် တည်ထားခဲ့သည်။

အင်း၏ အရှေ့ဘက်၊ ဦးပိန်တံတား အဆုံးတွင်ရှိသော မဟာသကျ သီဟဘွဲ့ခံ ကျောက်တော်ကြီး ဘုရားသည် အထူးထင်ရှားလှသည်။ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးရုပ်ပွားတော်နှင့် ကွဲပြားစေရန် အမရပူရ ကျောက်တော်ကြီး ဘုရားဟုလည်းကောင်း၊ တောင်သမန်ကျောက်တော်ကြီး ဘုရားဟုလည်းကောင်း ခေါ်ဆိုကြသည်။ မဟာသကျ သီဟဘွဲ့ခံတောင်သမန်ကျောက်တော်ကြီး ဘုရားသည် ပုဂံမင်း၏ ကောင်းမှုတော်ဖြစ်ပြီး ဦးပိန်တံတား၏ အဆုံး၊ အမရပူရမြို့မှ သုံးမိုင်အကွာတွင် တည်ရှိသည်။

စေတီတော် ပရဝဏ်အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသည့် မဟာမင်းထင်စည်သူ ရေးသားသည့် မဟာသကျရံသီ ကျောက်တော်ကြီး ကျောက်စာချပ်များအရ ရုပ်ပွားတော်မြတ် ကျောက်တော်ကို ငစဥ့်ကူး မြို့အဝင်စုံ မြို့စီရင်စု စကျင်တောင်မှ ဇရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ပြီး ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားနှစ်ဆူ အနီးမှ တောင်သမန်သို့ဝင်ကာ ယခုစံ နားတော်မူရာ အရပ်သို့ ပင့်ဆောင်သည်ဟု ဆိုပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် အင်းဝမြို့တွင် မဟာသကျရံသီ ကျောက်တော်ကြီးဘုရားကိန်းဝပ်တော်မူသည့် အုတ်ပြသာဒ် ပြိုပျက်သဖြင့် မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်နေ့တွင် ဘုရားတင် ဖောင်တော်ကို မီးသဘော်ဖြင့် ဆွဲစေလျက် တောင်သမန် အနီး ဆောက်လုပ်ထားသည့် အုတ်ပြသာဒ် အတွင်းသို့ ဘုရင်ကိုယ်တိုင် ပင့်ဆောင် ကိုးကွယ်ခဲ့ကြောင်း ရေးသားထားပေသည်။

ကျောက်တော်ကြီး ဘုရားသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်ဖြစ်ပြီး ဌာပနာပစ္စည်းများမှာ ရွှေဆင်းတု ၁၂ ဆူ၊ ငွေ ဆင်းတု ၃၅၈ ဆူဖြစ်ကြောင်း မြန်မာ့ စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ရုပ်ပွားတော်၏ ဉာဏ်တော်သည် ၁၁ တောင်နှစ်မိုက်လေးသစ်ဖြစ်သည်။ ရုပ်ပွားတော်မြတ်၏ အတိုင်းအတာများမှာ (၁) ဓမ္မခန်ထိပ်အချင်း ရှစ်တောင်လေးသစ်၊ (၂) ထက်ဝယ်တော် ခုနစ်တောင် နှစ်မိုက်လေးသစ် (၃) ဉာဏ်တော် ၁၁ တောင်နှစ်မိုက်လေးသစ်၊ (၄) ဒူးတော် နှစ်ဖက်လေးတောင် တစ်မိုက် လေးသစ်၊ (၅) ပလ္လင်တော်လုံးပတ် ၂၁ တောင် တစ်မိုက်လေးသစ်၊ (၆) လက်မောင်း လုံးပတ်တော် သုံးတောင်နှစ်မိုက် နှစ်သစ်ဖြစ်သည်။

ကျောက်တော်ကြီး ဘုရား သိတင်းသုံးရာ အုတ်တိုက်ကို ပုဂံရှိ အာနန္ဒာ စေတီလိုဏ်ပုံစံဆောက်လုပ်ထားပြီး မုခ်လေးခုတွင် ပုဂံမင်း၏ ကုသိုလ်တော် ရုပ်ပုံများကို အညွှန်းစာသားများနှင့်အတူ ရေးဆွဲပြသထားသည်။ ပုဂံမင်းကြီးကိုယ်တိုင် အမရပူရ၊ အင်းဝ၊ ဥက္ကလာ၊ ရွှေတောင်၊ ပြည်၊ ကျူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် လှူဒါန်းခဲ့သော ကောင်းမှုတော်များဖြစ်သည့် ကျောင်း၊ ကန်၊ သိမ်၊ ဥမင်များအပါအဝင် အခြားပုံများကို ရေးဆွဲထားသည်။

နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူ၊ နန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော၊ ဆိုင်းဝိုင်း စသည်ဖြင့် ပုံများက စုံလင်လှသည်။ ပုံများကို ဆေးရောင်စုံ များခြယ်ထားသည်။ ကျောက်တော် ကြီး ဘုရားအတွင်း အမရပူရခေတ် နံရံဆေးရေး ပန်းချီနှင့် မင်စာများကို မူလအ တိုင်း အကောင်းနီးပါး ထိန်းသိမ်းထားသည်ကို တွေ့နိုင်ကြပေသည်။

မြန်မာ့သမိုင်းစဉ်၏ အမရပူရခေတ်ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် ကုန်းဘောင်ခေတ်လက်ရာ ဦးပိန်တံတားနှင့် ကျောက်တော်ကြီးရုပ်ပွားတော် အပါအဝင် တောင်သမန်အင်းဝန်းကျင်တွင် တည်ရှိနေသည့် သမိုင်းဝင် ရုပ်ဝတ္ထုပစ္စည်းများသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများအဖြစ် ရပ်တည်လျက်ရှိနေရာ နှစ်ပေါင်းများစွာ အရှည်တည်တံ့နေစေရန် ဒေသခံများနှင့်အတူ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်သာဖြစ်ပါပေသည်။

■ ■ ကောင်းစည်သူ ■ ■

ကာကွယ်ရေးစရိတ် အများဆုံးနိုင်ငံများ

မောင်သာ (ရွှေဟောင်းသုတေသန)

ဤကမ္ဘာပေါ်ရှိ လူသားတိုင်းသည် ငြိမ်းချမ်းသာယာသောဘဝကို အလိုရှိကြသော်လည်း လူသားများ၏ မတူညီသော စရိုက်များကြောင့် လူတစ်ဦးချင်း အဆင်မပြေမှုများမှအစ နိုင်ငံအချင်းချင်း ပဋိပက္ခအများဆုံး သမိုင်းတစ်လျှောက် စစ်ပွဲများဖြစ်ခဲ့ကြရသည်။ လူသားများ၏ ပယောဂများကြောင့် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ကာ လူပေါင်း မြောက်မြားစွာ အသက်ဆုံးရှုံးကြရပြီး ဒုက္ခများစွာနှင့် ရင်ဆိုင်ခဲ့ကြသည့်တိုင် ကမ္ဘာ့နိုင်ငံတွင် ပြည်တွင်း ပြည်ပ စစ်ပွဲများသည် ယနေ့တိုင်ဖြစ်ပွားလျက်ရှိနေသည်။

သို့တိုင်အောင် အမေရိကန်နိုင်ငံသည် စစ်အင်အားကို နှစ်စဉ် တိုးချဲ့ထူထောင်လျက်ရှိရာ ကမ္ဘာပေါ်တွင် ကာကွယ်ရေးအသုံးစရိတ် အများဆုံးသုံးစွဲသော နိုင်ငံစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။

၂၀၁၅ ခုနှစ်အတွင်း ကာကွယ်ရေးစရိတ် အများဆုံးသုံးစွဲခဲ့သည့် နိုင်ငံများစာရင်းကို အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာလေ့လာရေးဌာန (IISS) နှင့် စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) တို့က ထုတ်ပြန်ခဲ့သည်။

ယင်းစာရင်းဇယားများသည် ၂၀၁၃ ခုနှစ်က အတည်ဖြစ်ခဲ့သော စာရင်းများကို အခြေပြုထားသည်ဟု ဆိုသည်။

၁။ အမေရိကန်ပြည်ထောင်စု

အမေရိကန်နိုင်ငံသည် အသုံးစရိတ် ဒေါ်လာ ၆၁၈ ဒသမ ၇ သန်းသုံးစွဲကာ ကမ္ဘာပေါ်တွင် ကာကွယ်ရေးစရိတ် အသုံးစွဲဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ စစ်သုံးစရိတ်သည် တစ်ကမ္ဘာလုံး သုံးစွဲသောစရိတ်၏ ၃၇ ရာခိုင်နှုန်းဖြစ်သည်။ ယင်းငွေပမာဏသည် အမေရိကန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၈ ရာခိုင်နှုန်းရှိကာ အမေရိကန်နိုင်ငံ၏ စစ်လက်နက် တင်ပို့ရောင်းချမှုတန်ဖိုးသည် ၆ ဒသမ ၂ ဘီလျံဖြစ်ပြီး တင်သွင်းမှုတန်ဖိုးသည် ဒေါ်လာ ၇၅၉ သန်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၃ ခုနှစ်အစပိုင်းတွင် နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်အလုံး ၈၀၀၀ ကျော်ရှိခဲ့သည်။ အမေရိကန်သည် ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချရန် ကြိုးပမ်းနေသည့်တိုင် စစ်လက်နက်ပစ္စည်း ခြောက်ဘီလျံကျော်


အမေရိကန်ပြည်ထောင်စု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ရောင်းချနိုင်ခဲ့သဖြင့် ရုရှားနိုင်ငံပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။ ထို့အတူပင် လက်နက်တင်သွင်းမှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ခဲ့သည်။

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ဆယ်စုနှစ် သုံးခုအတွင်း စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာခဲ့သည့် တရုတ်နိုင်ငံသည် ဒေါ်လာ ၁၇၁ ဒသမ ၄ သန်းသုံးစွဲကာ ကမ္ဘာပေါ်တွင် ကာကွယ်ရေးစရိတ် ဒုတိယအများဆုံး သုံးစွဲသော နိုင်ငံအဖြစ် ရပ်တည်နေသည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၇ ဒသမ ၄ ရာခိုင်နှုန်းအထိ သုံးစွဲကာ စစ်လက်နက်ပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၈ ဘီလျံဖိုးရောင်းချခဲ့၍ ၁ ဒသမ ၅ ဘီလျံဖိုး ပြန်လည်တင်သွင်းခဲ့သည်။

ကာကွယ်ရေးစရိတ် သုံးစွဲနိုင်မှုသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ရောင်ပြန်ဟပ်လျက်ရှိကြောင်း တရုတ်နိုင်ငံက ဖော်ညွှန်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် နှစ်စဉ်စီးပွားရေး တိုးတက်လာသည်နှင့်အညီ တရုတ်နိုင်ငံ၏ စစ်စရိတ်သုံးစွဲမှုသည် ငါးနှစ်အတွင်း နှစ်စဉ်တိုးတက်လျက်ရှိသည်။ ယမန်နှစ် တစ်နှစ်တည်းတွင် စစ်စရိတ်သုံးစွဲမှုသည် ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသော စစ်ပစ္စည်းတန်ဖိုးသည် အမေရိကန်နှင့်ရုရှားနိုင်ငံပြီးလျှင် အများဆုံးဖြစ်သည်။ တရုတ်နိုင်ငံ၏ ကာကွယ်ရေးစရိတ် အများအပြား တိုးတက်သုံးစွဲလာမှုကြောင့် ဒေသတွင်း တင်းမာမှုများမြင့်တက်လာခဲ့ကာ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်စသော နိုင်ငံများအား ကာကွယ်ရေးစရိတ်များ တိုးမြှင့်သုံးစွဲရန် ဖိအားပေးလာခဲ့သည်။

၃။ ရုရှားနိုင်ငံ

ကမ္ဘာပေါ်တွင် စစ်လက်နက်ပစ္စည်းများကို အများဆုံးရောင်းချသည့် ရုရှားနိုင်ငံသည်

ပြင်သစ်

ရုရှားနိုင်ငံ

ဆော်ဒီ အာရေးဘီးယား

လက်နက်ရောင်းချခြင်းမှ ဒေါ်လာ ၈ ဒသမ ၃ ဘီလျံရရှိခဲ့ပြီး ဒေါ်လာ ၁၄၈ သန်းဖိုး ပြန်လည်တင်သွင်းခဲ့သည်။ ရုရှားနိုင်ငံသည် ပြည် တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး၏ ၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည့် ဒေါ်လာ ၈၄ ဒသမ ၉ ဘီလျံသုံးစွဲကာ ကာကွယ်ရေးစရိတ် အများဆုံးသုံးစွဲသည့် နိုင်ငံများစာရင်းတွင် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

စစ်လက်နက်ပစ္စည်းများကို အမေရိကန်နိုင်ငံထက် ဒေါ်လာ နှစ်ဘီလျံကျော် ပိုမိုရောင်းချနိုင်ခဲ့သည့် ရုရှားနိုင်ငံသည် မကြာမီနှစ်အနည်းငယ်မှစ၍ ဒေသဆိုင်ရာပဋိပက္ခများတွင် ပါဝင်ခဲ့မှုကြောင့် ကာကွယ်ရေးစရိတ် သုံးစွဲမှုသည်လည်း မြင့်တက်လာခဲ့သည်။ အထူးသဖြင့် ခရိုင်မီးယားပဋိပက္ခအပြီးတွင် စစ်စရိတ်များ တိုးမြင့်လာခဲ့ရာ လာမည့်နှစ်များတွင်လည်း ဆက်လက်တိုးမြင့်ရဖွယ်ရှိနေသည်။ ၂၀၀၉ ခုနှစ်တွင် စစ်အသုံးစရိတ်ဒေါ်လာ ၆၄ ဒသမ ၅ ဘီလျံသာ သုံးစွဲခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၈၅ ဘီလျံနီးပါးအထိ တိုးတက်လာခဲ့သည့် ရုရှားနိုင်ငံ၏ကာကွယ်ရေးတွင် သုံးစွဲသည့် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံထက် ပို၍များပြားခဲ့သည်။

၄။ ဆော်ဒီ အာရေးဘီးယား

မတည်ငြိမ်မှုများ အဆက်မပြတ် ဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းဒေသတွင် တည်ရှိနေသည့် ရေနံသူဌေး ဆော်ဒီအာရေးဘီးယားနိုင်ငံသည် မိမိနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၁၃ ခုနှစ်တွင် ၁၄ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးမြှင့်ကာ ဒေါ်လာ ၆၂ ဒသမ ၈ ဘီလျံသုံးစွဲခဲ့သည်။ ယင်းသုံးစွဲမှုသည် ဆော်ဒီအာရေးဘီးယားနိုင်ငံ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၉ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည်။ မိမိနိုင်ငံမှ ကာကွယ်ရေးပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသော်လည်း ပြည်ပမှ စစ်လက်နက် ဒေါ်လာတစ်ဘီလျံခွဲဖိုး တင်သွင်းခဲ့သည်။

ဒေသတွင်း အိမ်နီးချင်းများဖြစ်သည့် အီရတ်နှင့် ယီမင်နိုင်ငံများတွင် မတည်မငြိမ် ကသောင်းကနင်းဖြစ်နေချိန်တွင် ဆော်ဒီအာရေးဘီးယားနိုင်ငံသည် နျူးကလီးယား ခြိမ်းခြောက်မှု ကြီးမားလာသည့် အီရန်နိုင်ငံနှင့် ဆက်ဆံရေးမချောမွေ့ခဲ့ပါချေ။ ဆော်ဒီအာရေးဘီးယားနိုင်ငံသည် မိမိနိုင်ငံလုံခြုံရေးအတွက် ကာကွယ်မှုများ ပြုလုပ်ခဲ့ကာ လွှတ်တော်က မိမိ၏ လက်နက်တိုက်ရှိ သက်တမ်း နှစ် ၂၀ ကျော်နေပြီဖြစ်သော လက်နက်များကို ဒုံးကျည်ကာကွယ်ရေးစနစ်ကဲ့သို့သော အဆင့်မြင့် စစ်လက်နက်များဖြင့် အစားထိုးရန် ရည်ရွယ်ထားကြသဖြင့် ကြီးမားသော ကာကွယ်ရေးဘတ်ဂျက်ကို ဆက်လက်သုံးစွဲကြဦးမည်ဖြစ်ပေသည်။

၅။ ပြင်သစ်

၂၀၀၉ ခုနှစ်တွင် ကာကွယ်ရေးစရိတ် ဒေါ်လာ ၇၀ ဘီလျံအထိ သုံးစွဲခဲ့သည့် ပြင်သစ်နိုင်ငံသည် အနောက်ဥရောပနိုင်ငံများကဲ့သို့ပင် မိမိ၏ ကာကွယ်ရေးအသုံးစရိတ်များကို ၂ ဒသမ ၃ ရာခိုင်နှုန်းလျှော့ချခဲ့ပြီး

ဂျပန်

ဒေါ်လာ ၆၂ ဒသမ ၃ ဘီလျံသာ သုံးစွဲခဲ့သည်။ ပြည်ပနိုင်ငံများသို့ လက်နက်များ ဒေါ်လာ ၁ ဒသမ ၅ ဘီလျံဖိုး ရောင်းချခဲ့ကာ ဒေါ်လာ ၄၃ သန်းဖိုး ပြန်လည်တင်သွင်းခဲ့သည်။ ပြင်သစ်နိုင်ငံ၏ စစ်အသုံးစရိတ်သည် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

ပြင်သစ်နိုင်ငံသည် စီးပွားရေးကျဆင်းလာမှုနှင့် ဘတ်ဂျက်ခြိုးခြံချွေတာရေး စီမံချက်များကြောင့် ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချခဲ့ရသည်။ သို့တိုင်အောင် ပြင်သစ်နိုင်ငံသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လက်ရှိသုံးစွဲနေသည့် ကာကွယ်ရေး အသုံးစရိတ်အဆင့်ကို ထိန်းထားနိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ မိမိ၏ ကာကွယ်ရေး အသုံးစရိတ်အတွက် တစ်ချိန်က မိမိ၏ ကိုလိုနီဖြစ်ခဲ့သော အာဖရိကနိုင်ငံများသို့ စစ်လက်နက်များကို အဓိက တင်ပို့ရောင်းချခဲ့သည်။

၆။ ဂျပန်

ဒုတိယ ကမ္ဘာစစ်အပြီးမှစ၍ အမေရိကန်၏ ကာကွယ်ရေး ထီးရိပ်အောက်တွင်နေခဲ့သည့် ဂျပန်နိုင်ငံသည်လည်း မကြာမီနှစ်များအတွင်း တရုတ်နိုင်ငံနှင့် အရှေ့တရုတ်ပင်လယ် အတွင်းရှိ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများ ဖြစ်ခဲ့ရပြီးသည့်နောက် ၂၀၁၃ ခုနှစ်တွင် ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ခဲ့သည်။ ယခုနှစ်တွင် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ တစ်ရာခိုင်နှုန်းဖြစ်သည့် ဒေါ်လာ ၅၉ ဒသမ ၄ ဘီလျံ

သုံးစွဲခဲ့သည်။ ဂျပန်သည် မိမိနိုင်ငံတွင် စစ်လက်နက် ထုတ်လုပ်ခွင့်မရှိသဖြင့် ပြည်ပနိုင်ငံများသို့ စစ်လက်နက်ပစ္စည်းများ ရောင်းချနိုင်ခြင်းမရှိဘဲ ပြည်ပမှ ဒေါ်လာ ၁၄၅ သန်းတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာ လက်နက်ပစ္စည်းများကို ဝယ်ယူခဲ့သည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေးစရိတ် တိုးမြှင့်သုံးစွဲမှုကြောင့် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၏ ၂၄၃ ရာခိုင်နှုန်းဖြစ်သော နိုင်ငံ၏ အမျိုးသားကြွေးမြီ လျှော့ချနိုင်ရေးကို ထိခိုက်ခဲ့သည်။ ၂၀၁၃ ခုနှစ် အသုံးစရိတ်ကြောင့် ကမ္ဘာပေါ်တွင် ပြည်တွင်းထုတ်လုပ်မှု ရာခိုင်နှုန်းအများဆုံး အမျိုးသားကြွေးမြီရှိသည့် နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံ၏ ကြွေးမြီသည် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၁၀၄ ရာခိုင်နှုန်းရှိသည်။

၇။ ယူကေ

ဗြိတိန်နိုင်ငံတွင် ကာကွယ်ရေး အသုံးစရိတ်များကို သိသိသာသာ ဖြတ်တောက်ခဲ့

သော်လည်း ဗြိတိန်နိုင်ငံသည် ကမ္ဘာ့ကာကွယ်ရေးစရိတ်အမြင့်ဆုံး နိုင်ငံများတွင် ထိပ်ဆုံး ၁၀ နိုင်ငံတွင် ပါဝင်လျက်ရှိသည်။ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ကာကွယ်ရေးအသုံးစရိတ် ဖြတ်တောက်မှုအပါအဝင် ဘဏ္ဍာရေးခြိုးခြံမှု လုပ်ငန်းစဉ်များကို ၂၀၁၀ ပြည့်နှစ်လယ်ပိုင်းမှစ၍ ဆောင်ရွက်ခဲ့သည်။

သို့တိုင်အောင် ဗြိတိန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၅၆ ဒသမ ၂ သန်းသုံးစွဲခဲ့သည်။ ယမန်နှစ်ကထက် ၂ ဒသမ ၆ ရာခိုင်နှုန်းလျှော့ချခဲ့သဖြင့် ဗြိတိန်၏ ကာကွယ်ရေးစရိတ်သည် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသာဖြစ်သည်။ စစ်လက်နက်ရောင်းဝယ်မှုအနေဖြင့် ပြည်ပမဟာမိတ်နိုင်ငံများသို့ ဒေါ်လာ ၁ ဒသမ ၄ ဘီလျံတန်ဖိုး ရောင်းချခဲ့ကာ ဒေါ်လာ ၄၃၈ သန်းဖိုး ပြန်လည်ဝယ်ယူခဲ့သည်။

၈။ ဂျာမနီ

ဂျာမနီနိုင်ငံ၏ နိုင်ငံသားတစ်ဦးချင်း၏ ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုးသည် ယမန်နှစ်က ဒေါ်လာ ၄၀၀၀၀ ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် စီးပွားရေးအင်အား အတောင့်တင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံသည် မိမိနိုင်ငံ၏ ကာကွယ်ရေး အသုံးစရိတ်ကို ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သော ဒေါ်လာ ၄၉ ဒသမ ၃ ဘီလျံသုံးစွဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ ဂျာမနီနိုင်ငံသည် ကမ္ဘာ့စစ်ရေးကိစ္စများတွင် ခပ်ခွာခွာနေလေ့ရှိခဲ့သည်။ သို့သော် ဂျာမနီနိုင်ငံ မပေါင်းစည်းမီကပင် အနောက်

ဂျာမနီသည် ထိပ်တန်းစစ်လက်နက် ပစ္စည်း ရောင်းချသည့် နိုင်ငံဖြစ်ခဲ့သည်။

ဂျာမနီနိုင်ငံသည် ယခုအချိန်တွင်လည်း ဒေါ်လာ ၉၇၂ သန်းဖိုး လက်နက်နှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများ ရောင်းချနိုင်ခဲ့ကာ စစ်လက်နက်ရောင်းချမှု အများဆုံး ဆဋ္ဌမမြောက်နိုင်ငံအဖြစ် ရပ်တည်နေသည်။ ပြည်ပနိုင်ငံများမှလည်း စစ်လက်နက်ပစ္စည်းများ ဒေါ်လာ ၁၂၉ သန်းဖိုး ဝယ်ယူခဲ့သည်။ ဥရောပနိုင်ငံ အများစုသည် စစ်အသုံးစရိတ်များကို လျှော့ချကာ နိုင်ငံတော်ဘဏ္ဍာရေးချွေတာရေး လုပ်ငန်းများ ဆောင်ရွက်နေကြရချိန်တွင် ဂျာမနီနိုင်ငံသည် ၂၀၀၈ ခုနှစ်နှင့်ယမန်နှစ်က ကာကွယ်ရေးစရိတ်ကို နှစ်ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည်။

၉။ အိန္ဒိယ

အိန္ဒိယနိုင်ငံသည် ဆယ်စုနှစ်ကြာ ကမ္ဘာ့စစ်လက်နက် ဝယ်ယူမှုအများဆုံး နိုင်ငံများတွင် ပါဝင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဒေသနိုင်ငံ၏ တပ်မတော်ကို တိုးချဲ့လျက် ခေတ်မီကာကွယ်ရေး တပ်မတော်ဖြစ်လာစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိနေသဖြင့် စစ်လက်နက်ပစ္စည်း ၅ ဒသမ ၆ ဘီလျံဖိုး ဝယ်ယူခဲ့သည်။ ယင်းတန်ဖိုးသည် ကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် စစ်လက်နက် ဝယ်ယူမှုအများဆုံး တန်ဖိုးဖြစ်သည်။ မိမိနိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့်ညီမျှသော ဒေါ်လာ ၄၉ ဒသမ ၁ ဘီလျံကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် အသုံးပြုခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစရိတ်တိုးမြှင့်သုံးစွဲမှုသည် နှစ်နိုင်ငံတည်ငြိမ်မှုနှင့် ပြည်သူများ အေးချမ်းသာယာရေးကို ခြိမ်းခြောက်နေသည့် အိန္ဒိယပါကစ္စတန် နှစ်နိုင်ငံတင်းမာမှုကြောင့်လည်း ဖြစ်ဖွယ်ရှိသည်။ အိန္ဒိယသည် စစ်ရေးကိစ္စများတွင် ငွေကြေးအလုံးအရင်း သုံးစွဲနေသော်လည်း အိန္ဒိယနိုင်ငံ၏ လူတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ကမ္ဘာပေါ်တွင် အနိမ့်ဆုံးအဆင့်တွင် ရှိနေသည်။

၁၀။ ဘရာဇီးလ်

ဘရာဇီးလ်နိုင်ငံသည် ပြည်သူများ မနှစ်သက်သည့် လူထုထံမှ အခွန်များတိုးတက်ကောက်ခံခြင်းကို ရှောင်လွှဲကာ နိုင်ငံ၏ စစ်အသုံးစရိတ်ကို ရေနံမှ ရရှိသော ငွေကြေးများဖြင့် တိုးမြှင့်သုံးစွဲနိုင်ခဲ့သည်။ အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ ဘရာဇီးလ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်များမှစ၍ သိသိသာသာ တိုးတက်လာခဲ့သည်။ သို့သော် လွန်ခဲ့သောနှစ်က ဘရာဇီးလ်နိုင်ငံ၏ ကာကွယ်ရေးစရိတ်ကို လေးရာခိုင်နှုန်းနီးပါး လျှော့ချခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ လူမှုစီးပွားအခြေအနေများက နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၃၆ ဒသမ ၂ ဘီလျံ ခွင့်ပြုခဲ့ကာ စစ်စရိတ် ကမ္ဘာ့အမြင့်ဆုံးသုံးစွဲသည့် ၁၀ နိုင်ငံတွင် ပါဝင်စေခဲ့သည်။ ယင်းစစ်အသုံးစရိတ်သည် ဘရာဇီးလ်နိုင်ငံ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။ စစ်လက်နက် ဒေါ်လာ ၂၅၄ သန်းဖိုး ဝယ်ယူခဲ့သကဲ့သို့ ၃၆ သန်းဖိုး ရောင်းချခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံများ ငြိမ်းအေးမှုနှင့် မိမိပြည်သူများ ဘေးကင်းစွာနေနိုင်ရေးအတွက် မိမိတို့နိုင်ငံအသီးသီး၏ လုံခြုံရေးကို ဆောင်ရွက်ကြရသည်။ တစ်ပါးနိုင်ငံကို တိုက်ခိုက်ရန်ထက် မိမိတို့နိုင်ငံကို တိုက်ခိုက်လာပါက ခုခံကာကွယ်မှုပြုနိုင်ရန် စစ်အင်အားများကို ထူထောင်လျက်ရှိကြသည်။ ခေတ်မီလက်နက်များ၊ နည်းပညာများ၊ ယန္တရားများကို တီထွင်၊ ဝယ်ယူ စုစည်းခဲ့ကြသကဲ့သို့ စစ်သည် အင်အားကိုလည်း များပြားတောင့်တင်းစေရန် စုစည်းကြသည်။ ထိုသို့ ကာကွယ်ရေး စွမ်းရည်နှင့် စွမ်းအားများကို တိုးမြှင့်နေသည်နှင့်အမျှ နိုင်ငံအသီးသီး၏ ကာကွယ်ရေး အသုံးစရိတ်များသည် တိုးတက်နေဦးမည်သာ ဖြစ်ပါပေသည်။

မောင်သာ



110

သစ္စာ ကိုမြင့်သန်း

မှန်၊ အလူမီနီယမ်နှင့် စတီးလုပ်ငန်း

ရှိုးကေ့စ်၊ ဗီရို၊ ပြတင်းတံခါး၊ စတီးဗီရို၊ Hydraulic တံခါး၊ မှန်အထူဖြင့် အခန်းကာရံခြင်း၊
ရုံးခန်းဖွဲ့ခြင်းများကို အထူးဈေးနှုန်း သက်သာစွာ ပြုလုပ်ပေးပါသည်။



အမှတ်(၉)၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉၅၀၆၇၄၉၁၊ ၀၉ ၂၅၄၁ ၂၀၁၇၆၊ ၀၉၇၉၅၅၇၃၉၇၇

အရပ်ဘ် ဗုဒ္ဓေါ

ဆရာဦးကြည်စမ်း (သင်္ချာ)

ကောင်းဆုဝေ + ကောင်းမြတ်ဝေ

၈၊ ၉၊ ၁၀ တန်း — စာသင်ဝိုင်းများ၊ နေ့တက်နှင့် ဘော်ဒါ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

မြန်မာစာ - ဆရာမြည့်
အင်္ဂလိပ်စာ - ဆရာဦးခင်မောင်ညွန့်၊ ဆရာဦးဆန်းဦး
သင်္ချာ - ဆရာဦးကြည်စမ်း
ဓာတုဗေဒ - ဆရာဦးကျော်မိုး
ရူပဗေဒ - ဆရာဦးမြင့်အေး
ဇီဝဗေဒ - ဆရာဦးဌေးအောင်၊ ဆရာဦးဆန်းဌေး
ဘောဂဗေဒ - JV နန္ဒာ

အမှတ် - ၁၃ - ၂၀ ၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၄၂၁၇၃၊ ၀၉-၇၃၂၀၇၇၄၁၊ ၀၉-၄၃၁၀၉၁၄၄ ၊ ၀၉-၃၁၀၅၅၅၁၀

နေ့တက်ဘော်ဒါများ
အားအကြိုအပို့ရှိသည်

မြေငလျင်အကြောင်း သိကောင်းစရာ

ပိုင်စိုးဟန်

မီးတောင်ပေါက်ကွဲခြင်းနှင့် ကမ္ဘာမြေကို ဥက္ကာပျံများ ထိမှန်ခြင်းကြောင့် မြေငလျင်ဒဏ်များကို ဖြစ်ပွားစေနိုင်သော်လည်း သဘာဝအားဖြင့် ဖြစ်ပေါ်လာသော မြေငလျင်အများစုမှာ ကမ္ဘာမြေကြီး၏ ကျောက်ဖျာချပ်ကြီးများ လှုပ်ရှားရွေ့လျားမှုကြောင့် ဖြစ်ပွားလေ့ရှိသည်။ ကမ္ဘာမြေ၏ မျက်နှာပြင်တွင် စဉ်ဆက်မပြတ် လှုပ်ရှားရွေ့လျားနေသော ကျောက်ဖျာချပ်ကြီး အခု ၂၀ ပါရှိသည်။ ဤသို့ ကျောက်ဖျာချပ်ကြီးများ ရွေ့လျားလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသော ဖိအားသည် ကမ္ဘာမြေ၏ အပေါ်ယံအလွှာကို ကွဲအက်စေသည်။

ဤသို့ ကမ္ဘာအပေါ်ယံလွှာ ကျိုးအက်စေသော ဖိအားကြောင့် စွမ်းအင်ထွက်ပေါ်လာပြီး ကမ္ဘာမြေကို လှိုင်းထသည့်နယ် လှုပ်ရှားသော မြေငလျင်များကို ဖြစ်ပေါ်လာစေသည်။ ပုံမှန်အားဖြင့် မြေငလျင်လှုပ်ခတ်စဉ် အတောအတွင်း မြေပြင်လှုပ်ယမ်းလွှဲခါမှုကြောင့် လူတို့ကို အသက်သေဆုံးခြင်း မဖြစ်စေပေ။ မြေငလျင်လှုပ်ခတ်ခြင်းကြောင့် လူသားတို့ တည်ဆောက်ထားသော အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် ဆူနာမီရေလှိုင်းလုံးကြီးများ ရိုက်ခတ်ခြင်း၊ တောင်ပေါ်မှ နှင်းထုကြီး တစ်ဟုန်ထိုး လျှောကျခြင်းနှင့် မြေပြိုခြင်းကဲ့သို့သော သဘာဝ ဘေးအန္တရာယ်များကြောင့် လူတို့အသက် သေကျေပျက်စီးခြင်းဖြစ်သည်။



သမိုင်းထဲက ငလျင်

ကမ္ဘာမြေ စတင်ဖြစ်တည်စဉ်ကတည်းက မြေငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ရစ်ချ်တာစကေး ၁၂ အဆင့်အထိ အလွန်ပြင်းထန်သောငလျင်များ လှုပ်ခတ်ခဲ့သည်။ သို့ရာတွင် လူသားတို့အနေဖြင့် ဤရွေ့ဤမျှ ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုမျိုးနှင့် မကြုံတွေ့ခဲ့ဖူးသေးချေ။ ကမ္ဘာ့သမိုင်းတွင် ထိတ်လန့်တုန်လှုပ်ဖွယ် အပြင်းထန်ဆုံး မြေငလျင်လှုပ်ခတ်မှုကြောင့် လူ့အသက်သန်းပေါင်းများစွာ သေကျေပျက်စီးခဲ့ရပြီး ဥစ္စာဓန အမေရိကန်ဘီလျံပေါင်းများစွာ ဆုံးရှုံးပျက်စီးခဲ့ရသည်။ ငလျင်လှုပ်ခြင်းကို တိုင်းတာသည့် အတတ်ပညာနှင့် ဘူမိပထဝီအနေအထားကို ဆန်းစစ်လေ့လာသော ပညာရပ်တို့ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ငလျင်လှုပ်ခတ်သည့် ပြင်းအားပမာဏကို တိုင်းတာနိုင်စွမ်းရှိလာခဲ့သည်။

မကြာသေးမီ အတိတ်ကာလကမှ ငလျင်လှုပ်ခတ်သည့် ပြင်းအားပမာဏကို တိုင်းတာနိုင်စွမ်းမရှိခဲ့သောကြောင့် ၁၉ ရာစုကာလထက် ပိုမိုစောစီးသော ခေတ်ကာလက ငလျင်လှုပ်ခတ်ခဲ့သည့် ပြင်းအားပမာဏများကို သမိုင်းမှတ်တမ်းတွင် မတွေ့ရှိရခြင်းဖြစ်သည်။ ဘူမိဗေဒပညာရှင်များနှင့် သိပ္ပံပညာရှင်များက လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးသည် ယနေ့ခေတ်ကာလကထက် ပိုမိုပြင်းထန်သော ငလျင်လှုပ်ခတ်မှုများ အတိတ်ကာလက ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ယူဆထားကြသည်။

ငလျင်လှုပ်ခတ်သည့် ပြင်းအားပမာဏကို ရစ်ချ်တာစကေးဖြင့် တိုင်းတာသတ်မှတ်သည်။ အဆိုပါ ရစ်ချ်တာစကေးကို လော့ဂရီသမ်တွက်နည်းဖြင့် ၁၀ ကိန်းဂဏန်းကို အခြေခံတွက်ချက်ထားသဖြင့် ရစ်ချ်တာ ၉ အဆင့် မြေငလျင်ပြင်းအားမှာ ရစ်ချ်တာ ၈ အဆင့် မြေငလျင် ပြင်းအားထက် အဆပေါင်း ဆယ်ဆ ပိုမိုပြင်းထန်သည်ဟု ဆိုလိုသည်။ ကမ္ဘာမြေတွင် နှစ်စဉ်မြေငလျင် အကြိမ်ပေါင်း ၅၀၀,၀၀၀ ခန့် လှုပ်ခတ်လေ့ရှိပြီး ယင်းအနက် ငလျင်လှုပ်ခတ်မှု ၁၀၀,၀၀၀ ကိုသာ ခံစားသိရှိနိုင်သည်။ ထို ငလျင်လှုပ်ခတ်မှုအနက် မြေငလျင်လှုပ်ခတ်မှု ၁၀၀ ခန့်သာလျှင် သေကျေပျက်စီးနိုင်စွမ်းရှိသည်။

မကြာသေးမီ အတိတ်သမိုင်းက သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုအကြိမ် တိုးတက်မြင့်မားလာခဲ့သည်။ ကမ္ဘာ့တစ်နံတစ်လျားတွင် မကြာခဏ ငလျင်လှုပ်ခတ်ခဲ့သဖြင့် ငလျင်၏ နောက်ဆက်တွဲအဖြစ် ဆူနာမီရေလှိုင်းလုံးကြီးများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အကြီးအကျယ် ဆုံးရှုံးခဲ့ရသည်။

မြေငလျင်လှုပ်ရခြင်း အကြောင်းရင်းများ

မြေငလျင်လှုပ်ခတ်မှု အများစုမှာ ကမ္ဘာမြေ၏ ကျောက်ဖျာချပ်ကြီး လှုပ်ရှားရွေ့လျားမှုကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး မြေငလျင်လှုပ်ခတ်မှုအချို့မှာ ရေမ ရေကာတာကြီးများ တည်ဆောက်ခြင်း၊ နျူကလီးယား၊ မိုင်းစမ်းသပ်ခြင်းနှင့် မိုးမျှော်အဆောက်အအုံကြီးများ တည်ဆောက်ခြင်း၊ နက်ရှိုင်းသော တွင်းကြီးများ တူးဖော်ပြီး အရည်များ ထိုးထွင်းခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်းနှင့် ရေနံတူးဖော်ခြင်းစသော လူ့ပယောဂတို့ကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။

အထင်ရှားဆုံးသာဓကမှာ ၂၀၀၈ ခုနှစ် မေလက တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူ ၆၉,၂၂၇ ဦး သေကျေပျက်စီးခဲ့ရပြီး ကမ္ဘာ့သမိုင်းတွင် ၁၉ ခုမြောက် အပြင်းထန်ဆုံး မြေငလျင်ကြီးဖြစ်ခဲ့သည်။ စီချွမ်ပြည်နယ်တွင် တည်ဆောက်ခဲ့သော ကျီဖင်းဖူ ရေကာတာကြီးကြောင့် ၅၀၃ မီတာ (၁၁၃ မိုင်) အကွာအဝေးရှိ ပြတ်ရွေ့၏ဖိအားကို အတက်အကျ ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်ဟု ယုံကြည်ယူဆထားသည်။

အဆိုပါ ဖိအားသည် မြေငလျင်၏ ပြင်းအားကို တိုးတက်မြင့်မားလာစေပြီး ပြတ်ရွေ့၏ လှုပ်ရှားရွေ့လျားမှုနှုန်းကို အရှိန်မြင့်မားပြင်းထန်လာစေခဲ့သည်။ ဩစတြေးလျနိုင်ငံ သမိုင်းတွင်လည်း လူ့ပယောဂကြောင့် အထူးသဖြင့် ကျောက်မီးသွေးတူး



ဖော်ခြင်းကြောင့် မြေငလျင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့သည်။ မြေငလျင်အတတ်ပညာရှင်များက ငလျင်ပြင်းအား ရစ်ချ်တာ ၆ အဆင့် လှုပ်ခတ်ခဲ့သော ငလျင်လှုပ်ခတ်မှုတိုင်းတွင် ငလျင်ပြင်းအား အဆင့် ၅ ရှိ ငလျင် ၁၀ ခု၊ ငလျင်ပြင်းအားအဆင့် ၄ ရှိ ငလျင် အခု ၁၀၀၊ ငလျင်ပြင်းအား အဆင့် ၃ ရှိ ငလျင် အခု ၁၀၀၀ စသည်ဖြင့် ငလျင်ပြင်းအား ပိုမိုလျော့ပါးသွားကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

၁၉၃၃ ခုနှစ်က ဂျပန်နိုင်ငံ၌ ဖြစ်ပွားခဲ့သောမြေငလျင်ဒဏ်ခံခဲ့ရသည့် အဖျက်အစီးများ

နောက်ဆက်တွဲ ငလျင်

နောက်ဆက်တွဲ ငလျင် (After Shock) သည် ပထမအကြိမ် အဓိကငလျင်ကြီး (Main Shock) လှုပ်ခတ်ခဲ့ပြီးနောက် ထပ်မံလှုပ်ခတ်သော ငလျင်ဖြစ်သည်။ အဆိုပါ နောက်ဆက်တွဲ ငလျင်မှာ ပထမအကြိမ် အဓိကငလျင်ကြီး လှုပ်ခတ်ခဲ့သော နေရာမှာပင်လှုပ်ခတ်လေ့ရှိပြီး ပထမအကြိမ် အဓိက ငလျင်ကြီးလှုပ်ခတ်ခဲ့သည့် ငလျင်ပြင်းအားထက် ပိုမိုပြင်းအားလျော့နည်းသွားလေ့ရှိသည်။

၂၀၁၅ ခုနှစ် ဧပြီလ ၂၅ ရက်က နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူမြို့တွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် ရစ်ချ်တာ စကေး ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူ ၁.၀၀၀ ခန့် အသက်သေဆုံးခဲ့ပြီး ပြည်သူ ၁၅၀၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ပြီးနောက် နောက်ဆက်တွဲ ငလျင်အဖြစ် ၂၀၁၅ ခုနှစ် မေလ ၁၂ ရက်တွင် ငလျင်ပြင်းအား ရစ်ချ်တာ စကေး ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့မှုကြောင့် နီပေါ ပြည်သူ ၆၅ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၁.၉၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ငလျင်လှုပ်ခတ်မှုအခြေအနေ

အမျိုးသား ငလျင်သတင်းပြန်ကြားရေးဗဟိုဌာန အင်န်အီးအိုင်စီ (NEIC-National Earthquake Information Center) ၏ သုတေသနပြု လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း ပျမ်းမျှ မြေငလျင်အကြိမ်ပေါင်း ၂၀.၀၀၀ ခန့် (တစ်နေ့လျှင် အကြိမ် ၅၀ ခန့်) လှုပ်ခတ်ကြောင်း လေ့လာသိရှိခဲ့သည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ် ငလျင်လှုပ်ခတ်မှုအကြိမ်ပေါင်း သန်းပေါင်းများစွာ လှုပ်ခတ်လျက်ရှိသည်ဟု ခန့်မှန်းရသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုများမှာ အလွန်အားပျော့သောကြောင့် မသိရှိရဘဲ မှတ်တမ်းမတင်နိုင်ခြင်းဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် လှုပ်ခတ်သော မြေငလျင်များ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ Ring of Fire ဟုခေါ်သော ပစိဖိတ်သမုဒ္ဒရာ၏ အနားစပ်တစ်လျှောက်တွင် ဖြစ်ပွားခဲ့သည်။ ထို ပစိဖိတ်သမုဒ္ဒရာကို ဝိုင်းပတ်ဝန်းရံထားသော အရပ်ဒေသတွင် မီးတောင်ပေါင်း ၄၅၂ ခုရှိပြီး အဆိုပါ မီးတောင်ကြီးများအနက် ၇၅ ရာခိုင်နှုန်းကျော်မှာ ကမ္ဘာ့အလှုပ်ရှားဆုံး မီးတောင်များနှင့် ငြိမ်သက်နေသော မီးတောင်ကြီးများဖြစ်သည်။



အမေရိကန်ပြည်ထောင်စုတွင် အပြင်းထန်ဆုံး လှုပ်ခတ်ခဲ့သော မြေငလျင်မှာ ၁၉၆၄ ခုနှစ် မတ်လ ၂၈ ရက်က အလာစကားပြည်နယ် ပရင့်စ်ဝီလျမ်ဆောင်းဒ်မြို့တွင် ငလျင်ပြင်းအား ရစ်ချ်တာစကေး ၉ ဒသမ ၂ အဆင့် လှုပ်ခတ်ခဲ့သော ငလျင်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံး ငလျင်ကြီးမှာ ၁၉၆၀ ပြည့်နှစ် မေလ ၂၂ ရက်က ချီလီနိုင်ငံတွင် ငလျင်ပြင်းအား ရစ်ချ်တာ ၉ ဒသမ ၅ အဆင့်ရှိ လှုပ်ခတ်ခဲ့သော ငလျင်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီး

ပီရူးနိုင်ငံတွင် ၁၀၇၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော မြေငလျင်၏ ပျက်စီးဆုံးရှုံးမှုများ

မှာ ကမ္ဘာတစ်ဝန်းလုံးကို လျှင်လှိုင်းများ ဂယက်ထသွားစေခဲ့သည်။ အဆိုပါ ငလျင်လှိုင်းများသည် ကမ္ဘာတစ်ဝန်းလုံးကို ရက်ပေါင်းများစွာ ငလျင်လှုပ်ခတ်စေခဲ့သည်။

အိန္ဒိယသမုဒ္ဒရာ ရေပြင်အောက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့မှုကြောင့် ဇရာမဆူနာမီ ရေလှိုင်းလုံးကြီးများကို ဖြစ်ပေါ်လာစေခဲ့သည်။ အဆိုပါ ဆူနာမီရေလှိုင်းကြီးများက အိန္ဒိယသမုဒ္ဒရာနှင့် ထိဆက်နေသော ပင်လယ်ကမ်းရိုးတန်းများကို ပေ ၁၀၀ မြင့်မားသော ဇရာမဆူနာမီ ရေလှိုင်းလုံးကြီးများအဖြစ် ပြင်းထန်စွာ ရိုက်ခတ်ခဲ့ရာ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ဒေသခံပြည်သူ ၂၂၅.၀၀၀ ဦးကျော် အသက်သေဆုံးခဲ့ရသည်။

အာလာစကား ပြည်နယ်သည် ငလျင်မကြာခဏလှုပ်သော ပြည်နယ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ငလျင်အလှုပ်ဆုံး နေရာဒေသလည်းဖြစ်သည်။ အာလာစကား ပြည်နယ်သည် နှစ်စဉ်နှစ်တိုင်းနီးပါး ငလျင်ပြင်းအား ရစ်ချ်တာ ၇ ဒသမ သုညအဆင့် ငလျင်များ လှုပ်ခတ်လေ့ရှိပြီး ၁၄ နှစ်တစ်ကြိမ် ငလျင်ပြင်းအား ၈ ဒသမ သုည အဆင့် သို့မဟုတ် ထို့ထက် ပိုမိုပြင်းထန်သော ငလျင်လှုပ်ခတ်လေ့ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ငလျင် လှုပ်ခတ်မှုကြောင့် လူ ၈.၀၀၀ ခန့် သေကျေပျက်စီးလျက်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကာလအတောအတွင်း ငလျင်ကြောင့် လူ ၁၃ သန်းခန့် အသက်သေဆုံးခဲ့ရသည်။ အေဒီ ၁၂၀၁ ကာလက မြေထဲပင်လယ် အရှေ့ပိုင်းဒေသတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးမှာ ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံး မြေငလျင်ဖြစ်ပြီး လူပေါင်း တစ်သန်း သေဆုံးခဲ့သည်။

မြေငလျင်ကြောင့်အဆိုးရွားဆုံး သေကျေပျက်စီးမှုများ

မြေငလျင်ကြောင့် ဖြစ်ပေါ်လာသော အဆိုးရွားဆုံး ရေခဲထုများ တောင်ပေါ်မှာ တစ်ဟုန်းထိုးလျှောကျမှုမှာ သက္ကရာဇ် ၁၀၇၀ ပြည့်နှစ်က ပီရူးနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ပီရူးနိုင်ငံ ဟောက်စ်ကာရန်ဒေသရှိ အလွန်မြင့်မားသော တောင်ကြီးပေါ်မှ ပေ ၂၅၀ (၈၅၀ မီတာ) မြင့်သော ရေခဲများ၊ ရွှံ့နွံများနှင့် ကျောက်ခဲတုံးများ ပါဝင်သော ထုကြီးက တစ်နာရီလျှင် မိုင် ၂၅၀ (ကီလိုမီတာ ၄၀၀) အမြန်နှုန်းဖြင့် တစ်ရှိန်ထိုး လျှောဆင်းလာရာ တောင်ခြေရှိရွာများကို ရွာလုံးကျွတ် မျောပါသွားစေပြီး လူပေါင်း ၁၈.၀၀၀ ကျော် သေဆုံးခဲ့ရသည်။

မြေငလျင် လှုပ်ခတ်မှုကြောင့် ကမ္ဘာ့ထိတ်လန့်တုန်လှုပ်ဖွယ်အကောင်းဆုံး မြေပြိုမှုကြီးမှာ တရုတ်နိုင်ငံ ကန်စုပြည်နယ်တွင် ၁၉၂၀ ပြည့်နှစ်က ဖြစ်ပွားခဲ့ရာ လူ ၂၀၀.၀၀၀ ခန့် သေကျေပျက်စီးခဲ့သည်။ မြေငလျင် ပြင်းထန်စွာ လှုပ်ခတ်မှုကြောင့် အမြင့်ဆုံး ဆူနာမီရေလှိုင်းကြီးများမှာ ၂၇၈ ပေ (၈၅ မီတာ) အထိ မြင့်တက်လာပြီး ၁၇၇၁ ခုနှစ်က ဂျပန်နိုင်ငံရှိ အီရှီဂါကီကျွန်းကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်။ ကမ္ဘာမြေအောက်ရှိ တက်တိုးနစ် ကျောက်ဖျာချပ်ကြီးများ ရွေ့လျားမှုကြောင့် ငလျင်များကို လှုပ်ခတ်စေသည်။

မြေငလျင်၏ သဘောသဘာဝ

ကမ္ဘာမြေအောက်ရှိ ကျောက်ဖျာချပ်ကြီးများသည် တစ်နှစ်လျှင် ၃ လက်မ (၁၇ စင်တီမီတာ) နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။ သို့ရာတွင် အဆိုပါ ကျောက်ဖျာချပ်ကြီးသည် တစ်နှစ်လျှင် ၂၀ စင်တီမီတာ (၈ လက်မ) နှုန်းဖြင့် ရွေ့လျားမှုသည် ၁၉၉၅ ခုနှစ်က ဂျပန်နိုင်ငံ တိုဘီမြို့တွင် ငလျင်ပြင်းအား ရစ်ချ်တာ ၆ ဒသမ ၉ အဆင့်ရှိ အဓိက မြေငလျင်ကြီးကို လှုပ်ခတ်စေခဲ့သည်။

မြေငလျင် လှုပ်ခတ်မှုအကြိမ်ပေါင်းမှာ တောင်ကမ္ဘာခြမ်းထက် မြောက်ကမ္ဘာခြမ်းတွင် ပိုမိုဖြစ်ပွားလေ့ရှိသည်။ မြေငလျင်

ငလျင်မလှုပ်ခတ်မီတွင် ထွက်ပြေးရန် ထွက်လာသော ဖားပြုပ်များ

လှုပ်ခတ်မှုမှာ များသောအားဖြင့် တစ်မိနစ်ခန့်သာ ကြာမြင့်လေ့ရှိသော်လည်း ထိုအချိန်ကာလအတောအတွင်း လူ၊ တိရစ္ဆာန် နှင့် အဆောက်အအုံ အမြောက်အမြား သေကျေပျက်စီးရသည်။ ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးကြောင့် ထွက်ပေါ်လာသော စွမ်းအင်မှာ အမေရိကန်ပြည်ထောင်စုရှိ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများကို သုံးရက်တိုင်တိုင် လျှပ်စစ်စွမ်းအား ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။

မြေငလျင် မလှုပ်ခတ်မီ အားပျော့သော တုန်ခါလှုပ်ယမ်းမှုများကို တိရစ္ဆာန်များက အာရုံခံသိရှိနိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။ အခြားသိပ္ပံပညာရှင်များကမူ ကမ္ဘာမြေအောက်ရှိ ကျောက်ဖျာကြီးများ ရွေ့လျားမှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်အချက်ပြ လှိုင်းများကို အာရုံခံသိရှိနိုင်စွမ်းရှိကြောင်း ယူဆထားကြသည်။ ၂၀၀၉ ခုနှစ် ဧပြီလက ဗြိတိသျှ သုတေသီတစ်ဦးသည် သာမန်ဖားပြုပ်ကြီးများ မျိုးပွားသားပေါက်ရာ အီတလီနိုင်ငံ အလယ်ပိုင်းဒေသတွင် သုတေသနပြုလေ့လာနေစဉ် ရက်တရက် နားမလည်နိုင်အောင် ဖားပြုပ်များအုံနှင့်ကျင်းနှင့် အစုလိုက် အပြုံလိုက် ထိုဒေသမှ ထွက်ပြေးသွားသည်ကို တအံ့တဩ တွေ့ရှိခဲ့ရသည်။ ထိုသို့ ထူးဆန်းစွာ ဖြစ်ပွားခဲ့ပြီး ငါးရက် အကြာတွင် ငလျင်လှုပ်ခတ်မှု ပြင်းအားရစ်ချ်တာ ၆ ဒသမ ၃ အဆင့် ငလျင်လှုပ်ခတ်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

၂၅-၄-၂၀၁၅ ရက်က လှုပ်ခဲ့သော နီပေါငလျင်တွင် ပျက်စီးသွားသော ရှေးဟောင်းအဆောက်အအုံများ

အဆိုပါ ဖားပြုပ်များက ငလျင်မလှုပ်ခတ်မီ မြေအောက်မှ ဓာတ်ငွေ့များနှင့် လျှပ်စစ်ဓာတ်ဆောင်အမှုန်ကလေးများ ထွက်ပေါ်လာသည်ကို ကြိုတင်သတိပြုမိပြီး အဆိုပါ လက္ခဏာများကို ငလျင်လှုပ်ခတ်မည့် ကြိုတင်သတိပေးမှုအဖြစ် သိရှိခဲ့ကြသည်။ သို့ဖြစ်ရာ ငလျင်မလှုပ်ခတ်မီ သုံးရက်အလိုတွင် ထိုဒေသမှ ဖားပြုပ်များ တစ်ကောင်မျှမကျန်အောင် ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ ငလျင်လှုပ်ပြီးနောက် တစ်ရက်အကြာတွင် အဆိုပါ ဖားပြုပ်များ အားလုံး ပြန်ရောက်လာသဖြင့် ၎င်းတို့မှာ ငလျင်ဘေးအန္တရာယ်ကို ကြိုတင်သိရှိနိုင်စွမ်းရှိသည်ဟု ယူဆရသည်။

၂၅-၄-၂၀၁၅ ရက်က လှုပ်ခဲ့သော နီပေါငလျင်၏ အပျက်အစီးများကြားမှ အသက်မသေဘဲ ကျန်ရှိခဲ့သည့် လေးလသားကလေးငယ်

သမိုင်းပညာရှင်များက ၃၇၃ ဘီစီ ကာလကလည်း ကြွက်များ၊ ဖျံများနှင့် မြွေများသည် ဂရိနိုင်ငံ ဟယ်လစ်ဆ်မြို့ကို ငလျင်အကြီးအကျယ် မလှုပ်ခတ်မီ အုံနှင့်ကျင်းနှင့် အစုလိုက် အပြုံလိုက် ထွက်ပြေးတိမ်းရှောင်သွားကြောင်း ၂၀၀၃ ခုနှစ်က ထုတ်ဝေခဲ့သော National Gegraphic မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ အလားတူစွာပင် ရာစုနှစ်ပေါင်းများစွာ ကာလတစ်လျှောက်လုံးတွင် ပျားကောင်များက ပျားအုံများကို စွန့်ခွာထွက်ပြေးသွားခြင်း၊ ရေထဲတွင် ငါးရှူများ ယောက်ယက်ခတ် ကူးခတ်သွားလာနေခြင်း၊ ကြက်မများက ကြက်ဥများကို လုံးဝမဥဘဲနေခြင်း၊ အိမ်မွေး တိရစ္ဆာန် အချစ်တော်ကြောင်ကလေးများနှင့် ခွေးကလေးများက ငလျင်မလှုပ်မီ ထူးဆန်းစွာ ပြုမူနေကြပြီး ဂနာမငြိမ် ဖြစ်နေတတ်သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

ငလျင်မလှုပ်ခတ်မီ ရေကန်များ တူးမြောင်းများမှ ထူးဆန်းသော အနံ့များထွက်ပေါ်နေလေ့ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြေအောက်မှ ဓာတ်ငွေ့များစိမ့်ထွက်လာခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် မြေအောက်ရှိ ရေများမှာလည်း ပုံမှန်အခြေအနေထက် ပိုမိုနွေးနွေးလာကြောင်း လေ့လာသိရှိခဲ့သည်။

မြန်မာနိုင်ငံ ငလျင်သမိုင်း

မြန်မာနိုင်ငံ၏ ငလျင်သမိုင်းမှတ်တမ်းများအရ သာယာဝတီမင်း လက်ထက် ၁၈၃၈ ခုနှစ် မတ်လ ၂၂ ရက် ညသန်းခေါင်

ကျော်အချိန်က အင်းဝတွင် ခြောက်လဆက်တိုက် ငလျင်လှုပ်ခဲ့သည်ဟု ဆိုသည်။ ထို့နောက် ၁၉၂၉ ခုနှစ်တွင် ဆွာငလျင်၊ ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက် ည ၈ နာရီ ၁၈ မိနစ်က လှုပ်ခတ်ခဲ့သော ပဲခူးငလျင်နှင့် ဖြူးငလျင်၊ ၁၉၃၁ ခုနှစ်တွင် ကာမိုင်းငလျင်နှင့် ပျဉ်းမနားငလျင်၊ ၁၉၄၆ ခုနှစ်တွင် တကောင်းငလျင်၊ ၁၉၅၆ ခုနှစ်တွင် စစ်ကိုင်းငလျင်၊ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက် ညနေ ၆ နာရီခွဲတွင် လှုပ်ခတ်ခဲ့သော ပုဂံငလျင်၊ ၁၈၅၈ ခုနှစ်တွင် သရက်၊ အောင်လံငလျင်၊ ၁၉၇၀ ပြည့်နှစ်က ရန်ကုန်ငလျင်၊ ၂၀၀၃ ခုနှစ်တွင် တောင်တွင်းကြီးငလျင်၊ ၂၀၁၁ ခုနှစ်တွင် တာလေငလျင်၊ ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်၊ ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက် ည ၈ နာရီ ၂၅ မိနစ်ခန့်က ၆ ဒသမ ၈ ရစ်ချ်တာအဆင့် လှုပ်ခတ်ခဲ့သည်။

ငလျင်ဗေဒပညာရှင်များ၏ သုတေသနပြု လေ့လာမှုများအရ အင်အားပြင်းငလျင်ကြီး တစ်ကြိမ်လှုပ်ခတ်ပြီး နောက်နှစ်ပေါင်း ၁၆၀ ခန့်အကြာတွင် အင်အားပြင်းငလျင်ကြီး နောက်ထပ်တစ်ကြိမ် ထပ်မံလှုပ်ခတ်နိုင်ကြောင်း လေ့လာသိရှိခဲ့သည်။

ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

မြေငလျင်သည် သဘာဝဘေးအန္တရာယ်များအနက် တစ်ခုဖြစ်ပြီး ကြိုတင်ခန့်မှန်း၍ မရချေ။ သို့ဖြစ်ရာ မြေငလျင်မှာ လူ့အသက်အိုး အိမ် စည်းစိမ်များအတွက် အလွန်ဘေးအန္တရာယ်ကြီးမားလှသည်။ ယနေ့ မျက်မှောက်ကာလထိတိုင် မြေငလျင် ဗေဒပညာရှင်များအနေဖြင့် မြေငလျင်မှာ မည်သည့်

၂၄-၃-၂၀၁၁ ရက်က လှုပ်ခဲ့သော တာလေငလျင်ကြောင့် ပျက်စီးသွားသော လမ်းမကြီး

အချိန်နှင့် မည်သည့်နေရာတွင် လှုပ်ခတ်နိုင်သည်ဟု ကြိုတင်ခန့်မှန်းနိုင်စွမ်းမရှိသေးချေ။ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ငလျင်မလှုပ်မီနှင့် လှုပ်ခတ်နေစဉ် ကြိုတင်လုပ်ဆောင်ရမည့် အချက်များမှာ ငလျင်မလှုပ်မီတွင် ခိုင်ခံ့သော စားပွဲခုံ၊ ခုတင်၊ ခုံတန်းရှည်များရှိသော နေရာများ အောက်တွင် အကာအကွယ်ယူနိုင်ရန် လေ့လာထားရန် လိုသည်။ အိမ်တွင်း၌ ပြိုလဲပိမိနိုင်သည့် လေးလံသော ပစ္စည်းများရှိသည့် နေရာများကို မိမိအပေါ် ပြုတ်ကျမပိမိအောင် ကြိုတင်လေ့လာထားရန် လိုသကဲ့သို့ မျက်နှာကြက်တွင်ရှိသော မီးဆိုင်း၊ ပန်ကာများ၊ နံရံပေါ်ရှိ မှန်ပေါင်၊ လေအေးပေးစက် စသည်တို့ကို ကြိုတင်လေ့လာထားရန်လိုသည်။

အိမ်ပြင်တွင်မူ သစ်ပင်ကြီးများ၊ အခြားအဆောက်အအုံကြီးများ၊ တံတား၊ ဓာတ်တိုင်များကို ရှောင်ရှားနိုင်ရန် လေ့လာထားပြီး ထိုအရာများနှင့် ခပ်ဝေးဝေးရှိ ကွင်းပြင်ကွက်လပ်များကို ရှာဖွေထားရန်လိုသည်။ အိမ်တွင်းရှိ ပြုတ်ကျ၊ ပြိုလဲနိုင်မည့် ပစ္စည်းပစ္စယများကို ကြမ်းပြင်ပေါ်တွင် ပြောင်းရွှေ့ထားရန်လည်း လိုသည်။ ငလျင်လှုပ်ခတ်သောအခါ စားပွဲ၊ ခုံတန်း၊ ခုတင်များအောက်သို့ ဝင်ပြီး ဝပ်ကာ ဦးခေါင်းနှင့်မျက်နှာတို့ကို လက်ဖြင့် ဖုံးအုပ်ကာကွယ်ပြီး ခိုင်ခံ့သော နေရာများကို ဆုပ်ကိုင်ထားပါ။ (ဝပ်၊ ကာ၊ ကိုင်) နည်းဖြင့် ကာကွယ်ပါ။

ငလျင်လှုပ်ခတ်နေစဉ် ထိတ်လန့်တကြား အဆောက်အအုံအတွင်းမှ ပြင်ပသို့ ထွက်မပြေးရန်နှင့် အဆောက်အအုံအတွင်းသို့ ပြေးဝင်မခိုလှုံရန် ရှောင်ကြဉ်ရမည်။ ထို့ပြင် သစ်ပင်၊ ဓာတ်တိုင်၊ ဓာတ်ကြိုး၊ ဆိုင်းဘုတ်များနှင့် ဝေးရာကွင်းပြင် ကွက်လပ်များတွင် ခိုလှုံနေရန် လိုသည်။ ပင်လယ်ကမ်းခြေတွင် ရောက်ရှိနေပါက ကုန်းမြင့်နေရာသို့ တက်နေခြင်းဖြင့် အသက်ဘေးအန္တရာယ်ကို တားဆီးကာကွယ်နိုင်ပေသည်။

ပိုင်စိုးဟန်

ကမ္ဘာ့သမိုင်းထဲက ထိတ်လန့်တုန်လှုပ်ဖွယ် အကောင်းဆုံး စစ်ပွဲများ

နေထက်

စစ်ပွဲကာလ အတောအတွင်း လူတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မည်ပုံရက်စက်စွာ ပြုမူရက်ကြသည်ကိုလည်းကောင်း၊ အပြစ်မဲ့ပြည်သူ အမြောက်အမြား သေကျေပျက်စီးရသည်ကို နောင်တလုံးဝမရဘဲ မည်သို့မည်ပုံ ဥပဒေကျွာပြုလျစ်လျူရှုရက်သည်ကို လည်းကောင်း မည်သို့မျှ စဉ်းစားမရအောင် ဖြစ်ရသည်။

ယခုထက်ထိတိုင် တတိယကမ္ဘာစစ်ကြီး မဖြစ်ပွားသေးသော်ငြားလည်း လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကာလကမှ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ခါစရှိသေးသည်။ ဤသို့ ကြီးမားပြင်းထန်ပြီး ထိတ်လန့်တုန်လှုပ်ဖွယ် အကောင်းဆုံး စစ်ပွဲကြီးမှာ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဟု ထင်ကောင်းထင်နိုင်ဖွယ်ရှိသည်။ သို့ရာတွင် စစ်ဘေးဒုက္ခသည် ပြည်သူများမှာ ယနေ့ထက်ထိတိုင် အထိတ်တလန့်ဖြင့် လုံခြုံမှုမရှိသေးဟု ခံစားနေရဆဲဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကာလ အတောအတွင်းက လူသားတို့သည် မရေတွက်နိုင်လောက်အောင် များပြားလှသော ပဋိပက္ခစစ်ပွဲများကို တိုက်ခိုက်ဆင်နွှဲရသောကြောင့် ရက်စက်ကြမ်းကြုတ်မှုများ၊ သွေးချောင်းစီးသတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြပြီး အပြစ်မဲ့ပြည်သူ အမြောက်အမြား သေကျေပျက်စီးမှုများကို လုံးဝဥပေက္ခာပြုလျစ်လျူရှုခဲ့ကြသည်။

အပြစ်မဲ့ပြည်သူ ထောင်ပေါင်းများစွာ သေကျေပျက်စီးစေခဲ့သော စစ်ပွဲများ၏ အနိဋ္ဌာရုံများမှာ ကမ္ဘာတစ်လွှားတွင် မကြာခဏဖြစ်ပွားလျက်ရှိရာ လူ့သမိုင်းတွင် အရုပ်ဆိုး အကျည်းတန်ခဲ့ရသည်။ ကမ္ဘာ့သမိုင်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော စစ်ပွဲအချို့မှာ အဆိုးရွားဆုံးနှင့် ထိတ်လန့်တုန်လှုပ်ဖွယ် အကောင်းဆုံးဖြစ်သည်။

ဖေဖော်ဝါရီလ ၄ ရက် ၂၀၀၀ ပြည့်နှစ်

ချေချင်းညာ စစ်ပွဲကာလ အတောအတွင်းက ရေ့တန်းစစ်မျက်နှာနှင့် ဝေးကွာသောနေရာမှ ရုရှားလုံခြုံရေးဇုန် နယ်မြေအတွင်းရှိ သေးငယ်သော မြို့ငယ်လေး တစ်မြို့ကို ရုရှားတပ်ဖွဲ့များက တိုက်ခိုက်ခဲ့သောကြောင့် အပြစ်မဲ့ အရပ်သား ရာပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။ ထို မြို့ငယ်ကလေးသို့ သူပုန်တပ်ဖွဲ့များက ထွက်ပြေးခိုလှုံခဲ့သောကြောင့် ရုရှားတပ်ဖွဲ့များက ဗုံးဖြင့် ပြင်းထန်စွာ တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဗုံးများဖြင့် ပြင်းထန်စွာ တိုက်ခိုက်နေစဉ် အတောအတွင်း မြို့ငယ်ကလေးမှ ဒေသခံပြည်သူ အရပ်သားများက ဘေးကင်းလုံခြုံရာနေရာသို့ ထွက်ပြေးလွတ်မြောက်ရန်အတွက် တားဆီးပိတ်ပင်ထားသော လုံခြုံရေးစစ်ဆေးရေးဂိတ်များကို ကျော်ဖြတ်နိုင်စွမ်း မရှိခဲ့ချေ။ မြို့ငယ်ကလေးကို ဗုံးဖြင့် ပြင်းထန်စွာ တိုက်ခိုက်မှုရပ်စဲသွားသောအခါ အလံဖြူလွှင့်ထားသည့် အရပ်သားများပါရှိသော ယာဉ်တန်းကြီးကို ထိုမြို့ငယ်လေးအတွင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။

သို့ရာတွင် မကြာခင်မှာပင် ထိုယာဉ်တန်းကြီးကိုလည်း ဗုံးဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။ ထို မြို့ငယ်လေးတစ်ခုလုံးမှာ ရစရာမရှိအောင် ပျက်စီးသွားခဲ့သည်။ သေဆုံးနေသော အရပ်သားပြည်သူများ၏ ရုပ်အလောင်း အနည်းဆုံး ၃၆၃ လောင်းသာ ရေတွက်နိုင်ခဲ့ပြီး မရေတွက်နိုင်ဒသးသည့် ကျန်အရပ်သား ရုပ်အလောင်းများကို ရုရှားတပ်ဖွဲ့ဝင်များက တွင်းကြီးတစ်ခုအတွင်းသို့ အစုလိုက် အပြုံလိုက် ပစ်ထည့်ကာ မြေမြှုပ်ပစ်ခဲ့ကြသည်။

၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်

အီရတ်နိုင်ငံရှိ တပ်မတော် အကျဉ်းစခန်းတွင် ဖမ်းဆီးခံထားသော အီရတ်ပြည်သူများမှာ အစောင့်တပ်သားများ၏ နှိပ်စက်ညှဉ်းပန်းမှုများကို အကြီးအကျယ် ခါးစည်းခံခဲ့ကြရသည်။ ထိုသို့ ညှဉ်းပန်းနှိပ်စက်မှုများနှင့် စပ်လျဉ်းသော အစီရင်ခံစာကို ၂၀၀၄ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အစီရင်ခံစာထဲတွင် အစောင့်တပ်

သားများက အီရတ် အကျဉ်းသားများအား အလိုမတူဘဲ အတင်းအဓမ္မလိင်ဆက်ဆံခြင်း၊ အဝတ်အစားများ ဆွဲချွတ်ပြီး ဝတ်လစ်စားလစ် ဓာတ်ပုံရိုက်ခြင်း၊ အစောင့်ခွေးများဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်း၊ ရိုက်နှက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ နည်းအမျိုးမျိုးဖြင့် လူမဆန်စွာ နှိပ်စက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း အသေးစိတ်အစီရင်ခံဖော်ပြထားသည်။ ■■

မတ်လ ၂၀၀၆ ခုနှစ်

အီရတ်နိုင်ငံတွင် တပ်စွဲလှုပ်ရှားနေသော အမေရိကန်တပ်ဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်ပုံ အသေးစိတ်အဖြစ်အပျက်များကို ဝီကီလိခ်စ်၏ ဖွင့်ချချက်အရ အမေရိကန်တပ်ဖွဲ့များသည် အီရတ်အရပ်သားပြည်သူ ၁၁ ဦးကို လက်ထိပ်ခတ်ထားပြီး ကွပ်မျက်သုတ်သင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထို အရပ်သား ၁၁ ဦးအနက် အရပ်သားငါးဦးမှာ အသက် ငါးနှစ် သို့မဟုတ် အသက် ငါးနှစ်အောက် အရွယ်များဖြစ်ကြောင်း ဖော်ပြထားပြီး အလားတူဖြစ်ရပ်များမှာ ရာပေါင်းများစွာရှိကြောင်း ဖော်ပြထားသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ နောက်ပိုင်း တစ်နှစ်တာကာလအတွင်း အီရတ်အရပ်သား ၄၂၉ ဦးမှာ အသတ်ခံခဲ့ရခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့မှာ အမေရိကန်တပ်ဖွဲ့များ၏ လက်ချက်ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖြစ်ရပ်များတွင် အမေရိကန်တပ်ဖွဲ့များက ရန်သူဟုယူဆရသူဟူသမျှကို သေနတ်ဖြင့် သိမ်းကျုံးပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်ဖွဲ့များက အီရတ်အရပ်သားများအား တမင်တကာ ပစ်မှတ်ထား ပစ်ခတ်ခဲ့ခြင်းမဟုတ်သော်လည်း မည်းမည်းမြင်သမျှ သိမ်းကျုံးပစ်ခတ်ခြင်းမှာ မိမိကိုယ်ကိုယ် ခုခံကာကွယ်သည့် အနေဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိသည်။ အီရတ်နိုင်ငံတွင် အပြစ်မဲ့ အရပ်သားပြည်သူတို့ အသတ်ခံရသော ဦးရေမှာ စက်တင်ဘာလ ၁၁ ရက်က တိုက်ခိုက်ခြင်း ခံခဲ့ရခြင်းကြောင့် သေဆုံးခဲ့ရသော အမေရိကန် အရပ်သားပြည်သူဦးရေထက် ပိုမိုများပြားခဲ့သည်။ ■■

ဇူလိုင်လ ၁၉၈၃ ခုနှစ်- မေလ ၂၀၀၉ ခုနှစ်

သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းစစ်ကြီးမှာ အရှေ့တောင်အာရှဒေသတွင် နှစ်ပေါင်းအရှည်ကြာဆုံးစစ်ပွဲကြီးဖြစ်သည်။ အဆိုပါ သီရိလင်္ကာ ပြည်တွင်းစစ်ပွဲတွင် ပြည်သူ ၁၀၀,၀၀၀ ခန့် သေကျေပျက်စီးခဲ့ ရသည်။ ထို စစ်ပွဲကြောင့် သေဆုံးခဲ့မှုထက် များစွာ ပိုမိုတုန်လှုပ်ဖွယ်ကောင်းသည့် အချက်မှာ အတိုက်ခံသူပုန်များရော သီရိလင်္ကာ တပ်မတော်ကပါ ကျူးလွန်ခဲ့သော ထိတ်လန့်တုန်လှုပ်ဖွယ် စစ်ရာဇဝတ်မှုများပင်ဖြစ်သည်။

ကုလသမဂ္ဂ အစီရင်ခံစာအရ သီရိလင်္ကာ တပ်မတော်သည် တမီလ်လူမျိုး နိုင်ငံရေးသမားများ၊ အပြစ်မဲ့အရပ်သားများ၊ စာနယ်ဇင်းသမားများနှင့် လူသားချင်း စာနာမှု ကူညီရေးဝန်ထမ်းများ အမြောက်အမြားကို သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် သီရိလင်္ကာ ပြည်သူ ထောင်ပေါင်းများစွာအား စနစ်တကျ ချေမှုန်းသုတ်သင် အပျောက်ရှင်းသော မူဝါဒများရှိကြောင်းကိုလည်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။

သီရိလင်္ကာ တပ်မတော်သည် သီရိလင်္ကာ ပြည်သူအမျိုးသမီးများကို ရောအမျိုးသားများကိုပါ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မသားမယား ပြုကျင့်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ သီရိလင်္ကာ အစိုးရသည် သီရိလင်္ကာ အတိုက်အခံတမီလ်ကျားထောက်ခံအားပေးသူများ အစာရေစာငတ်မွတ်စေရန် ကြိုးပမ်းသောအားဖြင့် စားနပ်ရိက္ခာသယ်ယူပို့ဆောင်မှုများကို တားဆီးပိတ်ဆို့ခဲ့ကြောင်း ဖော်ပြထားသည်။

ဩဂုတ်လ ၂၁ ရက် ၂၀၁၃ ခုနှစ်

ဆာရင် အဆိပ်ဓာတ်ငွေ့မှာ ကလိုရင်း ဓာတ်ငွေ့ထက် ပိုမိုဆိုးရွားပြီး လူ အမြောက်အမြား အစုလိုက်အပြုံလိုက် အတုံးအရုံး သေစေသော လက်နက်အဖြစ် သတ်မှတ်ထားခံရသည့်အပြင် နိုင်ငံတကာ တရားဥပဒေအရ ထိုဆာရင် (Sarin) အဆိပ်ဓာတ်ငွေ့ အသုံးပြုတိုက်ခိုက်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ အဆိုပါ ဆာရင်အဆိပ်ဓာတ်ငွေ့ ၁,၀၀၀ ကီလိုဂရမ်ခန့်ကို ဆီးရီးယားနိုင်ငံရှိ သူပုန်တို့ ထိန်းချုပ်ထားသောမြို့ အစိတ်အပိုင်းအချို့ကို လေယာဉ်ဖြင့် ကြဲချခဲ့သည်ဟု ခန့်မှန်းရသည်။

ဆာရင် (Sarin) ဓာတ်ငွေ့သည် အဆိပ်အပြင်းအထန်ဆုံး ဓာတ်ငွေ့များအနက် တစ်ခုဖြစ်ပြီး လျင်မြန်စွာ အစွမ်းအာနိသင်ပြသော ဓာတုလက်နက် အဆိပ်ဓာတ်ငွေ့ဖြစ်သည်။ ထို အဆိပ်ဓာတ်ငွေ့ ရှူရှိုက်မိပါက အာရုံကြောစနစ်ကို ထိခိုက်စေသောကြောင့် ကတုန်ကယင် အကြောဆွဲခြင်း၊ အော့အန်ခြင်း၊ တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ်ချည့်နဲ့သွားခြင်းနှင့် အသက်သေဆုံးခြင်းတို့ကို ၁၀ မိနစ်အတွင်း ခံစားရစေသည်။ ဆီးရီးယားနိုင်ငံတွင် ဆာရင်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် ဆီးရီးယား အရပ်သားပြည်သူ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်အများစု စုစုပေါင်း ၁,၄၀၀၀ ခန့် အသက်သေဆုံးခဲ့သည်။ ထိုသေဆုံးမှုမှာ ဆီးရီးယားနိုင်ငံ၏ အာဆတ်အစိုးရက ဓာတုလက်နက် ထုတ်လုပ်ရေးစက်ရုံများကို ဖျက်သိမ်းရန် ငြင်းဆန်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ဆီးရီးယားအစိုးရအဖွဲ့က အဆိုပါ စွပ်စွဲချက်များကို ငြင်းပယ်ခဲ့သည့်အပြင် အဆိုပါ တိုက်ခိုက်မှုအတွက် မည်သူကမျှ တာဝန်မယူခဲ့ကြချေ။

၂၀၀၃ ခုနှစ်မှ လက်ရှိအချိန်အထိ

ဒါဖာ ပဋိပက္ခစစ်ပွဲမှာ ၂၀၀၅ ခုနှစ်တွင် ပြီးဆုံးသွားပြီဟု ယူဆရသော်လည်း ၂၀၁၃ ခုနှစ်တွင် စစ်ပွဲမှာ ထပ်မံအရှိန်မြင့် ပြင်းထန်လာခဲ့သည်။ ၂၀၀၃ ခုနှစ်က ဆူဒန်နိုင်ငံရှိ ဒေသခံ တိုင်းရင်းသား လူမျိုးများ အဓိကအများဆုံး ပါရှိသော သူပုန်အဖွဲ့သည် ၎င်းတို့ကို လျစ်လျူရှုထားပြီး လုည့်လည်သွားလာနေသော ရန်သူတို့၏ တိုက်ခိုက်မှုအတွက် ၎င်းတို့အား အကာအကွယ်ပေးခြင်းမရှိဟု အစိုးရကို စွပ်စွဲပြီး အစိုးရကို ပုန်ကန်ခဲ့ကြသည်။

ဤသို့ ဆူဒန်အစိုးရတပ်ဖွဲ့နှင့် ဒါဖာ ဒေသခံတိုင်းရင်းသား သူပုန်တို့၏ တိုက်ပွဲအရှိန်ပြင်းထန်လာသောအခါ ဆူဒန်အစိုးရက အာရပ်စစ်သွေးကြွအဖွဲ့ဖြစ်သော ဂျန်ဂျာဝီးဒ် အဖွဲ့ကို စေလွှတ်ပြီး တိုက်ခိုက်ချေမှုန်းနိုင်းခဲ့သည်။ အဆိုပါ အာရပ်စစ်သွေးကြွ ဂျန်ဂျာဝီးဒ်အဖွဲ့က ဒါဖာဒေသခံတိုင်းရင်းသား ကျေးလက်တောရွာ ၄၀၀ ကျော်ကို ဖျက်ဆီးခဲ့ကြပြီး အပြစ်မဲ့အရပ်သား ပြည်သူများအား သတ်ဖြတ်ခြင်းနှင့် အမျိုးသမီးများအား အတင်းအဓမ္မ သားမယားပြုကျင့်ခဲ့ကြသည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ တရားရုံးက ဆူဒန်အစိုးရအား စစ်သွေးကြွများအား လက်နက်တပ်ဆင်ပေးမှု၊ ဒေသခံတိုင်းရင်းသား ပြည်သူများအား မျိုးဖြုတ်သတ်ဖြတ်မှုနှင့် လူမဆန်စွာ ရာဇဝတ်ပြစ်မှုကျူးလွန်မှုများအတွက် အရေးယူရန် ဖမ်းဝရန်းထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ဒေသခံအရပ်သားပြည်သူ စုစုပေါင်း ၃၀၀,၀၀၀ ခန့် သေဆုံးခဲ့သည်ဟု သိရှိရသည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ တောကြီးမျက်မည်းထဲတွင် မှီတင်းနေထိုင်သော သစ်တောတွင်းနေ တိုင်းရင်းသားလူမျိုးအုပ်စု အများအပြားရှိသည်။ ၎င်းတို့ကို ပစ်ဂမီတိုင်းရင်းသားများဟု ခေါ်ဆိုကြပြီး လူဦးရေ စုစုပေါင်း ၆၀၀,၀၀၀ ခန့်ရှိသည်။ ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ ပြည်တွင်းစစ်ပွဲကာလ အတောအတွင်း ပစ်ဂမီတိုင်းရင်းသားအုပ်စု အတော်များများက ၎င်းတို့အပေါ် ကွန်ဂိုနိုင်ငံရှိ တပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်ပြီး အကြမ်းဖက်တိုက်ခိုက်ခံရမှုများအတွက် စုံစမ်းစစ်ဆေး အရေးယူပေးပါရန် ကုလသမဂ္ဂအား တိုင်ကြားခဲ့သည်။

၎င်းတို့အနေဖြင့် ကွန်ဂိုလက်နက်ကိုင်တပ်ဖွဲ့များ၏ သတ်ဖြတ်မှုများ၊ လူသားစားဝေ့ဖြင့် သတ်ဖြတ်စားသောက်ခံရခြင်းနှင့် အတင်းအဓမ္မ သားမယားပြုကျင့်ခံရမှုများ အလွန်မြင့်မားမှုကြောင့် စုံစမ်းစစ်ဆေး အရေးယူပေးပါရန် ကမ္ဘာ့ကုလသမဂ္ဂရုံးသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစစ်ပွဲကာလအတွင်း ပစ်ဂမီတိုင်းရင်းသားများအား လက်နက်ကိုင် တပ်ဖွဲ့များက တိရစ္ဆာန်များသဖွယ် အမဲလိုက်ဖမ်းဆီးပြီး သတ်ဖြတ် စားသောက်နေမှုများမှ တစ်စထက်တစ်စ မြင့်မားလာနေကြောင်း ၎င်းတို့က ကုလသမဂ္ဂထံ တိုင်ကြားခဲ့သည်။

၁၉၇၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်

လွန်ခဲ့သော ၁၄ နှစ်တာ ကာလအတောအတွင်းက လိုင်ဘေးရီးယားနိုင်ငံသည် ပြည်တွင်းစစ်ပွဲ နှစ်ပွဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဆိုပါ ပြည်တွင်းစစ်တစ်ပွဲကို ယခင် လိုင်ဘေးရီးယား သမ္မတဟောင်း ချားလ်စ်တေလာက ဦးဆောင်ဆင်နွှဲခဲ့သည်။ ၎င်း၏ တပ်ဖွဲ့ ၁၀ ရာခိုင်နှုန်းမှာ အသက်ရှစ်နှစ်လောက်ငယ် ကလေးစစ်သားများ ပါရှိသည်။

အဆိုပါ ကလေးစစ်သားများကို ပြန်ပေးဆွဲပြီး တပ်မတော်ထဲဝင်သည့် အထိမ်းအမှတ်အဖြစ် မိသားစုဝင်များအား သတ်ဖြတ်နေသည်ကို အတင်းအဓမ္မကြည့်ခိုင်းခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို ကလေးစစ်သား အတော်များများကို အင်ဖက်တာမင်း ကဲ့သို့သော စိတ်ကြွရူးသွပ်ဆေးဝါးများ သို့မဟုတ် ယမ်းမှုန့်နှင့် ကြဲရည်ရောထားသော ဖျော်ရည်ကို ပုံမှန်သောက်ခိုင်းလေ့ရှိသည်။ စစ်ဗိုလ်ချုပ်ကြီးများက ငယ်ရွယ်နုပျိုသော ကလေးစစ်သားလေးများအား ထိတ်လန့်တုန်လှုပ်ဖွယ် ရာဇဝတ်မှုများကို အတင်းအဓမ္မ ကျူးလွန်ခိုင်းလေ့ရှိကြောင်း အစီရင်ခံစာထဲတွင် ရေးသားဖော်ပြထားသည်။

ဇန်နဝါရီလ ၆ ရက် ၁၉၉၉ ခုနှစ်

ဆီရာလီယွန်နိုင်ငံမှ အာရ်ယူအက်ဖ် (RUF- Revoeutionary United Front) တပ်ဖွဲ့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့၏ အဆိုးရွားဆုံး ရက်စက်ကြမ်းကြုတ်မှုများအနက် ဖြစ်ရပ်တစ်ခုမှာ ရက်သတ္တပေါင်းများစွာ ကြာမြင့်ခဲ့သည်။ ထို ကာလအတောအတွင်း

RUF တပ်ဖွဲ့သည် မြို့တစ်မြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ရန်အတွက် အပြစ်မဲ့အရပ်သားများကို ပစ်မှတ်ထားပြီး တမင်သက်သက် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ဖြတ်ခဲ့သည်။

အဆိုပါ ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်သည့် မြို့သိမ်းတိုက်ပွဲတွင် အာရ်ယူအက်ဖ် (RUF) တပ်ဖွဲ့သည် ဗလီဝတ်ကျောင်းအတွင်း၌ ဝတ်ပြုနေသော ပြည်သူ ၆၆ ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ထို့ပြင် မျက်မြင်သက်သေများက ထိုတပ်ဖွဲ့သည် မြို့တွင်းလမ်းများပေါ်တွင် အရပ်သားပြည်သူ အမြောက်အမြားကို ကွပ်မျက်သုတ်သင် သတ်ဖြတ်ခဲ့ခြင်း၊ ၎င်းတို့၏ နေအိမ်များကို မီးတင်ရှို့ခြင်း စသော ရာဇဝတ်ပြစ်မှုများကို ကျူးလွန်ခဲ့ကြောင်း ပြောပြသည်။

ငယ်ရွယ်နုပျိုသော မိန်းကလေးအတော်များများကို စုရုံးဖမ်းဆီးပြီး သားမယားပြုကျင့်ခြင်း၊ အခြားမိန်းကလေးများ၊ လူကြီးများနှင့် ကလေးသူငယ်များကို ကိုယ်လက်အင်္ဂါ ဖြတ်တောက်ညှဥ်းပန်းနှိပ်စက်ခဲ့ကြောင်းကိုလည်း အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ ၎င်းတို့ မြို့သိမ်းတိုက်ပွဲကို ဆင်နွှဲခဲ့ပြီးနောက် မြို့တွင်းရှိလမ်းများပေါ်တွင် ပြန့်ကျဲနေသော အရပ်သားအလောင်းအများစုနှင့် အခြားရုပ်အလောင်းစုစုပေါင်း ၇,၃၃၅ ခုကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြသည်။

ဩဂုတ်လ ၈ ရက် ၁၉၉၈ ခုနှစ်

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလအတောအတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော စစ်ပွဲကြောင့် လူမဆန်သော ညှဥ်းပန်းနှိပ်စက်မှုများနှင့် နိုင်ထက်စီးနင်းပြုကျင့်မှုများ စသော ရာဇဝတ်မှုရာပေါင်းများစွာကို ကျူးလွန်ခဲ့ကြသည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်ပြစ်မှု ကျူးလွန်မှုအမြောက်အမြားအနက် ဖြစ်ရပ်တစ်ခုမှာ အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မြို့တစ်မြို့တွင် ဖြစ်ပျက်ခဲ့သည်။

ဩဂုတ်လ ၈ ရက် ၁၉၉၈ ခုနှစ်က တာလီဘန် စစ်သွေးကြွများသည် အာဖဂန်နစ္စတန် တပ်ဖွဲ့များ ထိန်းချုပ်ထားသော မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ထိုသို့ နာရီပေါင်းများစွာ ကြာမြင့်သော မြို့သိမ်းတိုက်ပွဲကာလအတောအတွင်း တာလီဘန် စစ်သွေးကြွများသည် အပြစ်မဲ့အရပ်သားပြည်သူ အမြောက်အမြားကို သတ်ဖြတ်ခဲ့ကြသည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ အသေးစိတ် အတိအကျ စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ခြင်းကြောင့် လူ့အခွင့်အရေး စောင့်



ကြည့်ရေးအဖွဲ့ကြီးက ထိုနေ့ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် အရပ်သား ပြည်သူရာပေါင်းများစွာ သတ်ဖြတ်ခြင်းခံခဲ့ရပြီးနောက်ပိုင်း ရက်သတ္တပတ်များတွင် အရပ်သားပြည်သူ ၂,၀၀၀ ခန့် သေဆုံးခဲ့ဖွယ်ရှိကြောင်း ယုံကြည်ယူဆထားပေသည်။

နေထက်

ကမ္ဘာတစ်လွှားရှိ အားကစားရုံများတွင် အလေးမသော ကိရိယာများ၊ အဆီချသော လမ်းလျှောက်စက်များ၊ ရင်အုပ်ကြွက်သားများနှင့် ပခုံးကြွက်သားများ တောင့်တင်းသန်မာစေသော ကိရိယာများနှင့် အခြားကြွက်သားများ တောင့်တင်းသန်မာစေသော ကိရိယာများနှင့် အခြားအားကစားကိရိယာများကို တွေ့ရှိသည်၊ သို့ရာတွင် ကမ္ဘာတစ်လွှားရှိ အားကစားရုံအချို့မှာမူ တစ်မူထူးခြားပြီး သွင်ပြင်တစ်မျိုး တစ်ဘာသာ ထူးခြားဆန်းပြားသော ကြွက်သားစက်ရုံ အားကစားရုံများ ဖြစ်သည်၊

နန္ဒမင်းပိုင်

ကမ္ဘာတစ်လွှားမှ သွင်ပြင်ဆန်းပြား အားကစားရုံများ



1. Red Rocks Amphitheater

Red Rocks Amphitheater အားကစားရုံသည် အမေရိကန်ပြည်ထောင်စု ကော်လိုရာဒို ပြည်နယ် မောရစ္စဆန်မြို့တွင် တည်ရှိသည်။ အဆိုပါ အားကစားရုံသည် အဆောက်အအုံ ပြင်ပရှိ လဟာပြင် အားကစားရုံကြီးဖြစ်သည်။ တစ်မူထူးခြားသော လဟာပြင်အားကစားရုံကြီးသည် အားကစားလေ့ကျင့်သူပေါင်း ၃၅၀ ဆံ့သော အားကစားရုံကြီးဖြစ်သောကြောင့် ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်သူများအဖွဲ့လိုက် စုပေါင်းအားကစားလှုပ်ရှားလေ့ကျင့်နိုင်သည်။

အဆိုပါ လဟာပြင် အားကစားရုံကြီးသည် ဇာတ်ရုံကဲ့သို့ ခုံတန်းအဆင့်ဆင့် ပါရှိပြီး ခုံတန်းအစဉ်လိုက် အနိမ့်အမြင့် ခုံတန်းပေါင်း ၆၉ တန်းပါရှိပြီး လှေကားထစ်အမြောက်အမြား ပါရှိသည်။ လဟာပြင်အားကစားရုံကြီးသည် ကိုယ်လက်လှုပ်ရှားကာယလေ့ကျင့်ခန်း ပြင်းထန်သော လေ့ကျင့်ခန်းများ ပါဝင်သော ကာယလေ့ကျင့်ခန်းအစီအစဉ်များကို ရက်သတ္တပတ်ရှစ်ရက် လာရောက်စုပေါင်းလေ့ကျင့်ရန် စီစဉ်ထားပြီး ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်လိုသူများအနေဖြင့် ပါဝင်ဆင်နွှဲနိုင်သည်။

2. Hut Gym

Hut Gym အားကစားရုံသည် ဖိလစ်ပိုင်နိုင်ငံ ဒူမာဂီတီမြို့ရှိ ကျယ်ပြောသော ပင်လယ်ပြင်ကြီးကို တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော ပင်လယ်ကမ်းခြေတွင် တည်ရှိသည်။ အားကစားရုံကို ဒေသန္တရ ဆောက်လုပ်ရေး ပစ္စည်းများဖြစ်သည့် အုန်းပင်မှရရှိသော သစ်သား၊ တစ်ကျော့ပြန်လည် အသုံးပြုထားသော ပိုက်လုံးများဖြင့် တည်ဆောက်ထားသည်။

အားကစားရုံတွင် အလေးမအားကစား လေ့ကျင့်နိုင်ရန် အလေးမကိရိယာများ ထားရှိသဖြင့် ကိုယ်ကာယအားကစားလေ့ကျင့်သူများ လာရောက် လေ့ကျင့်နိုင်သည်။ အားကစားလေ့ကျင့်သူများအနေဖြင့် လတ်ဆတ်သော ပင်လယ်လေများ တဖြူးဖြူး တိုက်ခတ်နေသော ပင်လယ်ပြင်ကြီးကို အက်ပိုကျွန်းပေါ်ရှိ Hut Gym အားကစားရုံအတွင်းမှ တစ်မျှော်တစ်ခေါ် လှမ်းမျှော်ကြည့်ရှုရင်း ကိုယ်ကာယ လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် နာကျင်မှု ဝေဒနာများကို လျော့ပါးသက်သာစေရန် အာရုံလွှဲထားနိုင်သည်။

3. NFC Court

NFC Court အားကစားရုံသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့တွင် တည်ရှိသည်။ သို့ဖြစ်ရာ NFC Court အားကစားရုံကို နံရံများ ကာရံထားခြင်းမရှိဘဲ လဟာပြင်အားကစားရုံအဖြစ် တည်ဆောက်ထားသည်။ အဆိုပါ NFC Court သည် အားကစားဝါသနာအိုးများအဖို့ ဧရာမကစားကွင်းကြီးသဖွယ် တည်ရှိသည်။ အားကစားရုံတွင် ကိုယ်ကာယ အားကစား လေ့ကျင့်လိုသူများအနေဖြင့် အခမဲ့လွတ်လပ်စွာ အသုံးပြုနိုင်သည်။ ထိုလဟာပြင် အားကစားရုံအပေါ်မှ ဆန်ဖရန်စစ္စကိုမြို့ကြီး၏ ထင်ရှားသော အမှတ်သင်္ကေတဖြစ်သည့် ဂိုးလ်ဒင်းဂိတ် တံတားကြီးကို လှမ်းမြင်နေရသည်။

အားကစားရုံကြီး၏ ကြမ်းခင်းဧရိယာ အကျယ်အဝန်းမှာ အလျား ၃၂ ပေ၊ အနံ ၃၅ ပေဖြစ်ပြီး တုန်ခါမှု ဒဏ်ခံနိုင်ရည်ရှိသော အားကစားကြမ်းပြင် ဖြစ်သည်။ ထိုအားကစားရုံတွင် အားကစား လေ့ကျင့်ရုံခုနစ်ရုံ သီးသန့် ပိုင်းခြားထားပြီး အားကစားလေ့ကျင့်ရေး အထောက်အကူပြု အားကစားပစ္စည်း ကိရိယာမျိုးစုံ အမည်ပေါင်း ၃၀ ကျော်ရှိသည်။

4. Illohia Omotesando Fitness Gym

နောက်ဆုံးပေါ် အားကစားနည်းကို စိတ်ဝင်စားသော အားကစားဝါသနာအိုးများအနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Alice In WonderLand ကဲ့သို့ ထူးခြားဆန်းပြားသော နံရံပေါ် တွယ်တက်ရသော အားကစားနည်းကို လေ့ကျင့်နိုင်သည်။ အဆိုပါ အားကစားရုံကို ဒီဇိုင်းပညာရှင် တစ်ဦးဖြစ်သူက စိတ်ကူးဉာဏ်ဆန်းကြယ်စွာဖြင့် ဒီဇိုင်းပုံစံထုတ် တည်ဆောက်ထားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Illohia Omotesando Fitness Gym အားကစားရုံရှိ တွယ်တက်ရသော နံရံကြီးပေါ်တွင် ခေတ်ပုံဘောင်များ၊ ကြည့်မှန်များ၊ ငှက်လှောင်အိမ်များနှင့် ပန်းအိုးများဖြင့် ခြယ်သ



အလှဆင်ထားသည်။ ထို အားကစားရုံကြီး၏ နံရံမှာ အနုပညာပြခန်း တစ်ပိုင်းဖြစ်ပြီး နံရံတွယ်တက် အားကစား နံရံကြီးဖြစ်သည်။

5. Hydropark Outdoor Gym

Hydropark Outdoor Gym အားကစားရုံသည် ယူကရိန်းနိုင်ငံ ကီးယက်ဗ်မြို့တွင် တည်ရှိသည်။ အဆိုပါအားကစားရုံရှိ အားကစားလေ့ကျင့် ပစ္စည်းကိရိယာများကို မော်တော်ကားဟောင်းများနှင့် စက်ရုံများမှ စက်ပစ္စည်းကိရိယာဟောင်းများ၏ သံတိုသံစ အစိတ်အပိုင်းများဖြင့် ဆက်စပ်ဖန်တီးပြုလုပ်ထားသည်။ မည်သို့ပင် ဆိုစေကာမူ အားကစားလေ့ကျင့်ရေး ပစ္စည်းကိရိယာများသာဖြစ်သောကြောင့် ကြွက်သားတောင့်တင်းသန်မာပြီး ကိုယ်ကာယ ကျန်းမာရေးကောင်းမွန်လိုသော အားကစားဝါသနာအိုးများ အနေဖြင့် ကာယလေ့ကျင့်ခန်းများကို ထိရောက်စွာ လေ့ကျင့်နိုင်သည်။

6. Upper Limits

Upper Limits အားကစားရုံသည် အမေရိကန်ပြည်ထောင်စု အီလီနွိုက်စ်ပြည်နယ် ဘလူးမင်တန်မြို့၌ တည်ရှိသည်။ ယနေ့ခေတ် ဒေါင်လိုက်စိုက်ပျိုးရေးကို နှစ်သက်သဘောကျပြီး အရာဝတ္ထုများ အထက် အမြင့်ဆုံး နေရာမှ အပေါ်စီးကြည့်ရှု ခံစားလိုသူများအနေဖြင့် နံရံတွယ်တက် အားကစားလေ့ကျင့်နိုင်သော Upper Limits အားကစားရုံကြီးတွင် အားကစားလေ့ကျင့်နိုင်သည်။

အားကစားရုံကြီးသည် ကမ္ဘာ့အကြီးမားဆုံး နံရံတွယ်တက် အားကစားရုံကြီးများ အနက် တစ်ခုအပါအဝင်ဖြစ်ပြီး နံရံတွယ်တက် အားကစားလေ့ကျင့်နိုင်သော နံရံဧရိယာ အကျယ်အဝန်းမှာ ၂၀,၀၀၀ စတုရန်းပေရှိသည်။ နံရံတွယ်တက် အားကစားသမားအနေဖြင့် အဆိုပါ အားကစားရုံရှိ အဆောက်အအုံအတွင်း နံရံတွယ်တက်နိုင်သော ၆၅ ပေမြင့် ပြွန်ကြီးအတွင်း နံရံတွယ်တက်နိုင်သကဲ့သို့ အဆောက်အအုံ အပြင်ဘက်ရှိ ပေ ၁၁၀ မြင့်သော နံရံကြီးပေါ်သို့ တွယ်တက်နိုင်သည်။

7. ECO Power Fitness

ECO Power Fintess အားကစားရုံသည် အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ် ပို့တ်လန်းဒ်မြို့တွင် တည်ရှိသည်။ အဆိုပါ အားကစားရုံ၏ ထူးခြားချက်မှာ အားကစားလေ့ကျင့်ရေး ကိရိယာများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော လျှပ်ထုတ်စက် ဂျင်နရေတာများအဖြစ် ကိုယ်လက်လှုပ်ရှား ကာယလေ့ကျင့်ခန်း ပြုလုပ်ရာမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်အားများကို မဟာလျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဆက်သွယ်ပြီး လျှပ်စစ်ဓာတ်အားပေးပို့သည်။

သို့ဖြစ်ရာ ECO Power Fitness အားကစားရုံတွင် ကိုယ်ကာလ အားကစားလေ့ကျင့်ပါက မြို့ရွာလူမှုအသိုက်အဝန်းရှိ တိုက်တာအဆောက်အအုံများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သူ ဖြစ်လာသည်။ အဆိုပါ အားကစားရုံအတွင်းမှ ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပြီး ထွက်လာသောအခါ အများပြည်သူ ကောင်းကျိုးအတွက် လျှပ်စစ်ဓာတ်အားကို တစ်တပ်တစ်အား ပါဝင်ထုတ်လုပ်ပေးနိုင်ခဲ့သူအဖြစ် ဂုဏ်ယူနိုင်သည်။





8. Atomic Spa

Atomic Spa သည် အီတလီနိုင်ငံ မီလန်မြို့၌ တည်ရှိသည်။ ကိုယ်ကာလေ့ကျင့်ပြီးနောက် မောပန်းနွမ်းနယ်နေသော အားကစားသမားများအနေဖြင့် စပိန်ဘာသာစကားဖြင့် Boscolo Milano Spa ဟုခေါ်သော Atomic Spa တွင် အပန်းဖြေအနားယူရင်း ရေချိုးသန့်စင်နိုင်သည်။ Atomic Spa ရှိ ရေကူးကန်အတွင်း၌ အားရပါးရ တဝကြီး ရေကူးအပန်းဖြေရင်း နံရံပေါ်မှ တသွင်သွင်စီးဆင်းနေသော ရေတံခွန်ကြီးကို တစိမ့်စိမ့် ကြည့်ရှုခံစားနိုင်သည်။

ထို့နောက် ရေကူးကန်အတွင်းမှ တက်လာပြီး Turkish Bath ရေချိုးခန်းအတွင်းရှိ ရေစိမ်ကန်ကြီးအတွင်း ရေချိုးသန့်စင်ရင်း မျက်နှာနှင့် ခန္ဓာကိုယ်တို့ကို အမွှေးနံ့သာများဖြင့် အနှိပ်အနယ်ခံနိုင်သည်။

9. Rock Climbing Gym

Rock Climbing Gym သည် အီရန်နိုင်ငံ ဗိုလူးမြို့တွင် တည်ရှိသည်။ ရေခဲတောင်များသည် ယခုအခါ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အရည်ပျော်လျက်ရှိပြီး ရှေးယခင်က ဧရာမတိုင်တန်းနစ် သင်္ဘောကြီးကို နစ်မြုပ်စေခဲ့သည်။ ယခုအခါ မယုံကြည်နိုင်လောက်အောင် ကြီးမားသော ရေခဲတုံးကြီးနှင့်တူသော Rock Climbing Gym အဆောက်အအုံကြီးသည် အထိမ်းအမှတ် သဘာဝအဆောက်အအုံကြီးတစ်ခု ဖြစ်လာခဲ့ပြီး တောင်တွယ်တက် အားကစားဝါသနာရှင်များအတွက် တကယ့်တောင်ပေါ် တွယ်တက်ရသည့်အလား အားကစားလေ့ကျင့်နိုင်သော အားကစားရုံဖြစ်လာခဲ့သည်။

အဆိုပါ တောင်နံရံတွယ်တက် နံရံအားကစားရုံကြီး၏ လေးဖက်လေးတန်မှ တောင်တွယ်တက်သည့်အလား အားကစားလေ့ကျင့်နိုင်သည်။ အဆိုပါ အဆောက်အအုံကြီး၏ နံရံပေါ်တွင် ရေခဲတောင်ကြီးပုံသဏ္ဌာန် အားကစားရုံ အဆောက်အအုံကြီး၏ နံရံပေါ်တွင် အပေါက်ကလေးများကို ကိုင်၍တွယ်တက်နိုင်ရန် အပေါက်ဖောက်ပေးထားသဖြင့် အဆင်ပြေလွယ်ကူစွာ တွယ်တက်နိုင်သည်။

နန္ဒမင်းပိုင်

ကမ္ဘာ့တစ်လွှားရှိ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ့ခေါင်းဆောင် သမ္မတနေထိုင်သော စံအိမ်တော်များမှာ ခံ့ညားထည်ဝါလှပသောကြောင့် ဒေသခံပြည်သူများရော ကမ္ဘာလှည့်ခရီးသည်များကပါ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ အဆိုပါ သမ္မတစံအိမ်တော်များ၏ တစ်မူထူးခြားသော ဗိသုကာလက်ရာများမှာ အလွန်ခံ့ညားထည်ဝါလှပသဖြင့် နိုင်ငံ့ဂုဏ်ဆောင် အဆောက်အအုံကြီးများအဖြစ် ကမ္ဘာ့တစ်လွှားထင်ရှားကျော်ကြားသည်။

ကမ္ဘာတစ်လွှားမှ ထည်ဝါခံ့ညား သမ္မတ စံအိမ်တော်များ

လွင်ကျော်မြတ်

အမေရိကန်ပြည်ထောင်စုမှ အိမ်ဖြူတော်

အိမ်ဖြူတော် (The White House) သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တွင် တည်ရှိပြီး အမေရိကန်သမ္မတ ရုံးစိုက်ရာနေရာနှင့် နေထိုင်ရာ တရားဝင်စံအိမ်ဖြစ်သည်။ အဆိုပါ အိမ်ဖြူတော်သမ္မတစံအိမ်တော်မှာ ၁၈၀၀ ပြည့်နှစ်မှစ၍ အမေရိကန်သမ္မတ ဂျွန်အက်ဒမ်စ်စတင်နေထိုင်ခဲ့ပြီး အမေရိကန်သမ္မတ အဆက်ဆက်တို့နေထိုင်ခဲ့ကြသည်။ အိမ်ဖြူတော်အဆောက်အအုံကြီးကို ဆေးဖြူသုတ်ထားသော အက်ကွီးယားခရိမ်စကျင်ကျောက်ဖြင့် တည်ဆောက်ထားသည်။ ထိုအဆောက်အအုံကြီး၏ ဗိသုကာလက်ရာမှာ ရှေးဟောင်းဂရိနှင့် ရောမဂန္ထဝင် ဗိသုကာလက်ရာဖြစ်သည်။

ရုရှားနိုင်ငံမှ ကရင်မလင်နန်းတော်

ရုရှားနိုင်ငံမှ ကရင်မလင်နန်းတော်ကြီး (Great Kremlin Palace) ကို ၁၈၃၇ ခုနှစ်မှ ၁၈၄၉ ခုနှစ်အထိ မော်စကိုမြို့တွင် တည်ဆောက်ခဲ့သည်။ ၎င်းကို ရုရှားနိုင်ငံ၏ သက်ဦးဆံပိုင်အုပ်ချုပ်ရေး၏ အရေးပါအရာရောက်မှုကို အလေးအနက်ထင်ဟပ်ဖော်ပြရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။ ရှေးယခင်က အဆိုပါ ကရင်မလင်နန်းတော်ကြီးတွင် ဇာဘုရင်တို့ စံမြန်းခဲ့သည်။ ကရင်မလင်နန်းတော်ကြီးသည် မော်စကိုမြို့လယ်ကောင်ရှိ သမိုင်းဝင်ခံတပ်ကြီးလည်းဖြစ်သည်။ ခရင်မ်လင်နန်းတော်ကြီး၏ အကျယ်အဝန်းမှာ ၂၇၅.၀၀၀ စတုရန်းမီတာရှိပြီး ရှေးဟောင်းနန်းတော်အဆောက်အအုံငါးခုနှင့် ကက်သီဒရယ်လ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း လေးခုပါရှိသည်။

တာဂျစ်ကစ္စတန် နိုင်ငံမှ
တာဂျစ်သမ္မတစံအိမ်တော်

တာဂျစ်ကစ္စတန်နိုင်ငံရှိ တာဂျစ်သမ္မတစံအိမ်တော် (Tajik Presidential Palace) သည် မြို့တော် ဒူရှန်ဘီမြို့တွင် တည်ရှိသည်။ တာဂျစ်ကစ္စတန်နိုင်ငံမှ တာဂျစ်ကစ္စတန်သမ္မတသည် တာဂျစ်ကစ္စတန်အစိုးရအဖွဲ့တွင် အမြင့်ဆုံးရာထူးဖြစ်သော နိုင်ငံ့ခေါင်းဆောင်ဖြစ်သဖြင့် အဆိုပါ တာဂျစ်သမ္မတစံအိမ်တော်တွင် နေထိုင်သည်။ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့ရှိ တာဂျစ်သမ္မတစံအိမ်တော်သည် ယခင်က Palace of Unity နှင့် Vahdat Palace နန်းတော်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ အဆိုပါ တာဂျစ်သမ္မတစံအိမ်တော်သည် လက်ရှိအာဏာရပါတီဖြစ်သော ပြည်သူ့ဒီမိုကရက်ပါတီ၏ ဌာနချုပ်လည်းဖြစ်သည်။

ကာဇက်စတန်နိုင်ငံမှ
အက်စ်အော့ဒါသမ္မတနန်းတော်

ကာဇက်စတန်နိုင်ငံမှ အက်ခ်အော့ဒါ


အိမ်ဖြူတော်

ကရင်မလင်နန်းတော်

တာဂျစ်သမ္မတစံအိမ်တော်

အက်စ်အော့ဒါသမ္မတနန်းတော်

ယူအေအီးနိုင်ငံမှ
သမ္မတစံအိမ်နန်းတော်

အော်ဂူးဇ်ခန်သမ္မတစံအိမ်တော်

သမ္မတ နန်းတော် (AK Orda Presidential Palace) သည် ကာဇက် စတန်နိုင်ငံ၏မြို့တော် အက်စ်တာနာမြို့တွင် တည်ရှိသည်။ ၎င်းကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ အဆိုပါအဆောက်အအုံကြီး၏ အမိုးလုံးမှာ အပြာရောင်ဖြစ်ပြီး ရွှေရောင်အစင်းကြောင်းများဖြင့် အလှဆင်ထားသည်။ အက်စ်အော့ဒါ သမ္မတနန်းတော်အဆောက်အအုံကြီးသည် ၈၀ မီတာ (၂၆၂ ပေ) မြင့်သည်။ ထို အဆောက်အအုံကြီးသည် ကာဇက်စတန် နိုင်ငံသမ္မတ၏ ရုံးစိုက်ရာနေရာဖြစ်ပြီး သမ္မတနေထိုင်ရာ နေရာမဟုတ်ချေ။ အဆိုပါ အဆောက်အအုံ စုကြီးတစ်ခုလုံးတွင် ကြမ်းပြင် အကွက်ပုံစံများအတွက် စကျင်ကျောက်အမျိုးအစား ၂၁ မျိုးဖြင့် တည်ဆောက်ထားသည်။

ယူအေအီးနိုင်ငံမှ သမ္မတစံအိမ်နန်းတော်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံမှ သမ္မတစံအိမ်နန်းတော်ကြီးသည် မြို့တော် အဘူဒါဘီမြို့တွင် တည်ရှိပြီး ဟက်တာ ၁၅၀ မြေဧရိယာအကျယ်အဝန်းပေါ်တွင် တည်ဆောက်ထားသည်။ အဆိုပါ အဆောက်အအုံကြီးတွင် သမ္မတ၊ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးများ၏ ရုံးခန်းများပါရှိသည်။ အဆိုပါ သမ္မတစံအိမ်နန်းတော်ကြီး၏ အရန်အဆောက်အအုံများမှာ ဝန်ထမ်းအိမ်ရာများ၊ စစ်သည်တော်အိမ်ရာများ၊ ပြည်သူ့အစည်းအဝေးခန်းမနှင့် မျှော်စင်ကြီးများဖြစ်သည်။ ယူအေအီးနိုင်ငံရှိ သမ္မတစံအိမ်နန်းတော်ကြီးမှာ ကမ္ဘာပေါ်တွင် ကုန်ကျစရိတ်အကြီးမားဆုံးနန်းတော်ကြီး ဖြစ်သည်။

တာ့ခ်မင်နစ္စတန်နိုင်ငံမှ
အော်ဂူးဇ်ခန်သမ္မတစံအိမ်တော်

အော်ဂူးဇ်ခန်သမ္မတစံအိမ်တော်သည် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘက်မြို့တွင် တည်ရှိသည်။ ထိုအဆောက်အအုံကြီးကို ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကုန်ကျခဲ့သည်။ အဆိုပါ သမ္မတစံအိမ်တော်အဆောက်အအုံကြီးကို ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် ဘွိုင်းဂက်စ်ဆောက်လုပ်ရေးကုမ္ပဏီကြီးက တာဝန်ယူတည်ဆောက်ခဲ့သည်။ တာ့ခ်မင်နစ္စတန်နိုင်ငံရှိ အော်ဂူးဇ်ခန်သမ္မတ စံအိမ်တော် (Oguzkhan presidential Palace) တွင် တာ့ခ်မင်နစ္စတန်သမ္မတ နေထိုင်သည်။

မလေးရှားနိုင်ငံမှ အစ်ဆ်တာနာနက်ဂါရာ
စံအိမ်နန်းတော်

အစ်ဆ်တာနာနက်ဂါရာ သမ္မတစံအိမ်နန်းတော် (Istana Negara) သည် မလေးရှားနိုင်ငံ၏ မြို့တော်ကွာလာလမ်ပူမြို့ မြောက်ပိုင်း ဒူတာလမ်းတွင် တည်ရှိပြီး

ပိုလိုညာပြီဟော့

ကြမ်းပိုးအပေါင်းနှင့် သီးပင်စားပင်

ဖျက်စီးသော ပိုးမွှားအပေါင်းတို့

ပြေးကြဟော့ ပြေးကြ ပြေးကြ

သတိပြုရန်-ဆေးကိုအညွှန်းအတိုင်းသုံးလျှင် ကြမ်းပိုးနှင့်ပိုးမွှားအားလုံးမျိုးပြုတ်သွားမည်။

ENGLISH ကို ပိုင်ပိုင်နိုင်နိုင်ပြောချင် -

ကာလတို ၁-၂ လ ပြတ် သင်တန်း များ

CONTACT

The **IELTS** *Specialists*

ကာလရှည် တစ်နှစ် သင်တန်း များ

ENGLISH ကို စက်ရှင်အပြစ် မတွေ့ဘဲ အမှန်တကယ် ထူးချွန်လိုသူများအတွက် Quality ရှိဝန်းတစ်ခု

'Band Score '- 7.5/8 များကို စနစ်ကျ စွာရရှိပေးခဲ့တဲ့ရှိသော -

☎ : 09-5152065, 09-5083433

အထူး သင်တန်းသစ် များ

EXAM-PREPARATION

Pre-IELTS { 4-lg skills }

ENGLISH PROFICIENCY

Elementary to Advanced levels

by Local Qualified Teachers

Mr. Heinne

Home-visit & Intensive Class

၁၀၉/တာထပ်တိုက်ကြီး

(စမြေရပ်ရှင်ရုံ) ...

www. ieltsmyanmar.com

လာအိုနိုင်ငံ၏မြို့တော် ဗီယန်ကျင်းမြို့တွင် တည်ရှိပြီး လာအိုသမ္မတ ၏တရားဝင်နေထိုင်ရာစံအိမ်ဖြစ်သည်။ အဆိုပါအဆောက်အအုံ ကြီးမှာ ခံ့ညားထည်ဝါလှပသော Beaux-Arts ဗိသုကာလက်ရာကြောင့် ထင်ရှားကျော်ကြားသည်။ လာအိုနိုင်ငံမှ သမ္မတစံအိမ်တော်အဆောက်အအုံကြီးကို မြင့်မားသောတိုင်လုံးကြီးများနှင့် လသာဆောင်ကလေးများဖြင့် အလှဆင်မွမ်းမံထားသည်။ သမ္မတစံအိမ်တော်ကြီးကို သာယာလှပသော ဥယျာဉ်ပန်းခြံကြီးက ဝန်းရံထားသဖြင့် ခံ့ညားထည်ဝါလှပနေသည်။

ထိုင်ဝမ်(တရုတ်နိုင်ငံ)မှ
သမ္မတစံအိမ်တော်

တရုတ်(ထိုင်ဝမ်) နိုင်ငံ၏ သမ္မတစံအိမ်တော်သည် မြို့တော်တိုင်ပေတွင် တည်ရှိသည်။ အဆိုပါ သမ္မတစံအိမ်တော်ကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံကြီး၏ ဒီဇိုင်းပုံစံမှာ ထိုင်ဝမ်ကို ဂျပန်တို့အုပ်စိုးစဉ်ကာလအတောအတွင်းက ဂျပန်ဗိသုကာပညာရှင် နာဂါနိုက ဒီဇိုင်းပုံစံရေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ နေထွက်ရာအရှေ့အရပ်ဘက်သို့ မျက်နှာမူထားသော ထိုင်ဝမ်(တရုတ်နိုင်ငံ) သမ္မတစံအိမ်တော်၏ မျက်နှာစာ၏ အရှည်အလျားမှာ ၁၃၀ မီတာ (၄၂၆ ပေ) ရှိသည်။

လွင်ကျော်မြတ်


ဗီယက်နမ်နိုင်ငံမှ
သမ္မတစံအိမ်တော်

လာအိုနိုင်ငံမှ သမ္မတ
စံအိမ်တော်

ထိုင်ဝမ်(တရုတ်နိုင်ငံ)မှ
သမ္မတစံအိမ်တော်

မလေးရှားနိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲ တရားဝင်စံအိမ်တော်ဖြစ်သည်။ အဆိုပါ အစ်ဆ်တာနာနက်ဂါရာအဆောက်အအုံကြီးကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ အဆိုပါ စံအိမ်နန်းတော်ကြီးသည် မလေးရှားနိုင်ငံ၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော စည်းမျဉ်းခံဘုရင်စနစ်ကို ဖော်ပြသော အဆောက်အအုံကြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ မာဒေးကားစံအိမ်တော်

မာဒေးကားစံအိမ်နန်းတော် (Merdeka Palace) သည် အင်ဒိုနီးရှား နိုင်ငံ၊ ဂျကာတာမြို့တွင် တည်ရှိပြီး အင်ဒိုနီးရှားနိုင်ငံရှိ သမ္မတစံအိမ်နန်းတော် ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မာဒေးကားစံအိမ်တော်သည် အင်ဒိုနီးရှားသမ္မတ၏ တရားဝင်စံအိမ်ဖြစ်သည်။ အဆိုပါ မာဒေးကားသမ္မတစံအိမ်တော်သည် ဂျကာတာမြို့ အလယ်ပိုင်းဒေသတွင် တည်ရှိပြီး မာဒေးကားရင်ပြင်နှင့် အမျိုးသားအထိမ်းအမှတ်အဆောက်အအုံကြီးတို့၏ ရှေ့တွင်တည်ရှိသည်။ မာဒေးကားစံအိမ်တော်ကို ၁၈၇၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

စင်ကာပူနိုင်ငံမှ
အစ်ဆ်တာနာသမ္မတစံအိမ်တော်

စင်ကာပူနိုင်ငံမှ အစ်ဆ်တာနာ (Istana) သမ္မတစံအိမ်တော်သည် စင်ကာပူသမ္မတ၏ တရားဝင်နေထိုင်ရာစံအိမ်နှင့် ရုံးလုပ်ငန်းဆောင်ရွက်ရာရုံးလည်းဖြစ်သည်။ ထို့ပြင် အဆိုပါအဆောက်အအုံကြီးသည် စင်ကာပူဝန်ကြီးချုပ်၏ရုံးလည်းဖြစ်သည်။ စင်ကာပူနိုင်ငံမှ အစ်ဆ်တာနာအဆောက်အအုံကြီးသည် အလွန်တရာကျယ်ပြောသော ဧရာမဝင်းခြံကြီးအတွင်း၌ ခံ့ညားထည်ဝါစွာ တည်ရှိသည်။ အဆိုပါ အဆောက်အအုံကို အိန္ဒိယနိုင်ငံတွင် အမှုထမ်းနေသော ဗြိတိသျှ၊ စစ်အင်ဂျင်နီယာများက လွှန်ခဲ့သော သုံးရာစုက ဒီဇိုင်းပုံစံထုတ်လုပ်ပေးခဲ့ပြီး ဗိသုကာလက်ရာပုံစံမှာ Neopalladian ဖြစ်သောကြောင့် ခံ့ညားထည်ဝါလှပသည်။

ဗီယက်နမ်နိုင်ငံမှ သမ္မတစံအိမ်တော်

ဗီယက်နမ်နိုင်ငံမှ သမ္မတစံအိမ်တော်သည် ဟနွိုင်းမြို့တွင်တည်ရှိပြီး ဗီယက်နမ်သမ္မတနေထိုင်ရာ တရားဝင်စံအိမ်ဖြစ်သည်။



အစ်ဆ်တာနာနက်ဂါရာ
စံအိမ်နန်းတော်

မာဒေးကားစံအိမ်တော်

အစ်ဆ်တာနာသမ္မတစံအိမ်တော်

အဆိုပါ ဗီယက်နမ်သမ္မတစံအိမ်တော် အဆောက်အအုံကြီးကို ၁၉၀၀ ပြည့်နှစ်နှင့် ၁၉၀၆ ခုနှစ်အကြားတွင် တည်ဆောက်ခဲ့သည်။ ခံ့ညားထည်ဝါလှပသော အဆောက်အအုံကြီးမှာ ဥရောပပုံစံဖြစ်သည်။ အဆိုပါ အဆောက်အအုံကြီးကို ဥရောပဗိသုကာလက်ရာနှင့် အီတလီရီနေးဆန်းခေတ်ဗိသုကာလက်ရာနှင့် ရောနှောပေါင်းစပ်တည်ဆောက်ထားသောကြောင့် တစ်မျိုးတစ်ဘာသာ ထူးခြားလှပနေသည်။

လာအိုနိုင်ငံမှ သမ္မတ စံအိမ်တော်

လာအိုနိုင်ငံမှ သမ္မတစံအိမ်တော်သည်



ကမ္ဘာကြီးပေါ်တွင် သက်ရှိများ မည်သို့ဖြစ်ပေါ်လာသည်ကို ကြွင်းကျန်ခဲ့သော ပစ္စည်းများဖြင့် ခန့်မှန်းသိရှိနိုင်ပေသည်။ ထိုပစ္စည်းများသည် သက်ရှိကိုဖြစ်စေ သက်မဲ့ကိုဖြစ်စေ ပုံမပျက်ဘဲ ကျောက်အဖြစ် ဆန်းကြယ်စွာ ကြွင်းကျန်တည်ရှိနေရစ်သော အတိတ်သဘာဝသမိုင်းကို လေ့လာသူတို့အတွက် အထူးတန်ဖိုးထားအပ်သော အထောက်အထားတစ်ရပ်ဖြစ်သည်။

မောင်နိုင်သိန်းဦး(ဓမ္မ/ဇူ)

သဘာဝသမိုင်း အတွက် ကျောက်ဖြစ်ရုပ်ကြွင်း အမွေအနှစ်များ

အတိတ်ကာလ ဘူမိဗေဒခေတ်အခါကရှိခဲ့သော အပင်နှင့်တိရစ္ဆာန်တို့မှ မြေအောက်တွင် နှစ်ပေါင်းများစွာ နစ်မြုပ်၍ ကျောက်ရုပ်၊ ကျောက်ပုံအဖြစ် ပုံမပျက်ဘဲ ကျန်ခဲ့သည့် အကြွင်းအကျန်များကို ကျောက်ဖြစ်ရုပ်ကြွင်းဟုခေါ်ပေသည်။ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်လာရပုံမှာ သုံးမျိုးသုံးနည်း ရှိသည်။ ပထမနည်းတွင် သက်ရှိများ၌ ဖွဲ့စည်းပါရှိသော ပစ္စည်းများမှာ မည်သို့မျှ ပျက်စီး၍မသွားဘဲ ပကတိအတိုင်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြစ်ပုံနှင့်စပ်လျဉ်း၍ အထင်ရှားဆုံးမှာ ဆိုက်ဗီးရီးယားပြည်တွင် တွေ့ရှိရသော ရှေးဆင်ကြီးများ၏ အကြွင်းအကျန်များဖြစ်သည်။ ထိုဆင်ကြီးများ၏ ရုပ်ကလာပ်များကို မြေအောက်၌ နစ်မြုပ်လျက် အလွန်အေးမြသော ရာသီကြောင့် ပုပ်သိုးခြင်းမရှိဘဲ ပကတိအတိုင်း တွေ့ခဲ့ရသည်။ ထိုဆင်ကြီးများ သေဆုံးခဲ့သည်မှာ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အသားများမှာ ယခုတိုင် စားသောက်နိုင်လောက်အောင်ပင် လတ်ဆတ်သေးကြောင်း တွေ့ရှိခဲ့ရသည်။ သို့သော်လည်း အများအားဖြင့် တိရစ္ဆာန်အမျိုးမျိုးတို့၏ အရိုးများကိုသာ ပကတိအတိုင်း တွေ့ရတတ်သည်။

ဆိုက်ဘေးရီးယားပြည်တွင် တွေ့ရှိရသော Mammoth ဆင်

ဒုတိယနည်းမှာ သက်ရှိတို့၏ ပုံသဏ္ဌာန်အတိုင်း ကျောက်ပုံများအဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ယောက်သွားကဲ့သို့ အခွံရှိသည့် ရေသတ္တဝါများသည် ရေအောက်ရှိ မြေပြင်ပေါ်သို့ ကျရောက်သောအခါ နောက်ကျိနေသော နွံ့ရေသည် အခွံထဲသို့ အပြည့်ဝင်ရောက်လာသည်။ အခွံအတွင်း၌ ၎င်းကဲ့သို့ ဖြစ်စဉ်များမှာ အခွံပေါ်သို့ ရေမှအနည်ထိုင်လာပြီးလျှင် နွံ့နွံများ တဖြည်းဖြည်းဖုံးအုပ်လာကာ အချိန်ကြာမြင့်သောအခါ ကျောက်ဖြစ်လာသည်။ အကယ်၍ ကျောက်တွင်းသို့ ရေစိမ့်ဝင်ရောက်နိုင်လျှင် အတွင်းရှိသည့် မူလပစ္စည်းသည် ရေတွင်ပျော်ဝင်ပါရှိသွားတတ်၍ သက်ရှိတို့၏ ပုံသာလျှင် ထင်ကျန်ရစ်ခဲ့သည်။ ထိုကျောက်ကို ထုခွဲလိုက်သောအခါ အခွံ၏ အပြင်ဘက်ပုံနှင့် အတွင်းဘက်ပုံသည် ကျောက်တွင်ထင်၍ ကျန်ရစ်ကြောင်းကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် အတွင်းဘက်၌ ရေတွင်ပျော်ဝင်ပါရှိသည့် Inorganic ပစ္စည်းများသည် အနည်ထိုင်လာကြ၍ မူလအခွံ၏ပုံကို ရရှိလာကြသည်။ အထက်ပါနည်းဖြင့် ရရှိသော ကျောက်ပုံများသည် သက်ရှိ သို့မဟုတ် သက်ရှိတွင် ဖွဲ့စည်းပါဝင်သည့် အင်္ဂါအစိတ်အပိုင်းတို့၏ အရွယ်နှင့်ပုံသဏ္ဌာန်များကိုသာ သိရှိစေနိုင်ပြီး ခန္ဓာကိုယ်အတွင်းဘက်ရှိ ဖွဲ့စည်းထားပုံကိုမူ မသိရှိစေနိုင်ပေ။

နောက်ဆုံးနည်းဖြင့် သိရှိနိုင်သော ကျောက်ဖြစ်ရုပ်ကြွင်းမှာ သက်ရှိ သို့မဟုတ် သက်ရှိအင်္ဂါအစိတ်အပိုင်းတို့၏ အပြင်ဘက်ပုံသဏ္ဌာန်များကိုသာ မဟုတ်ဘဲ မူလခန္ဓာအိမ်တွင် ဖွဲ့စည်းပါရှိသည့် ဆဲလ်တို့၏ဖွဲ့စည်းထားပုံကိုပါသိရှိစေနိုင်သောကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းများတွင် အကောင်းဆုံးနှင့် အသုံးဝင်ဆုံးဖြစ်သည်။ ၎င်းတို့သည် စင်စစ်အားဖြင့် ဓာတ်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာကြလေသည်။ ထိုပြောင်းလဲမှုတွင် မူလ ပစ္စည်း၌ပါရှိသည့် Organic ပစ္စည်းများသည် ခန္ဓာအိမ်မှထွက်သွား၍ လစ်လပ်သောနေရာတွင် သဲဓာတ် ထုံးဓာတ်စသော Inorganic ပစ္စည်းတို့က ဝင်ရောက်ကိန်း



အောင်းနေသည်။ ထိုနည်းဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသော သစ်သားများတွင် လတ်လတ်ဆတ်ဆတ် ခုတ်လှဲထားသော အပင်များမှာကဲ့သို့ပင် ပြင်ပအကြောင်း များ၊ အခေါက်ပုံများ၊ အသက်ရစ်များ၊ တစ်ရှူးများတွင်ရှိသော အမှတ်များနှင့်ဆဲလ်များကိုပင် မြင်ကြရသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှ ကျောက်များကို နှစ်မျိုးခွဲထားသည်။ တစ်မျိုးမှာ အပူကြောင့်ဖြစ်သည့်ကျောက်များဖြစ်၍ မီးသင့်ကျောက်ဟုခေါ်သည်။ အခြားတစ်မျိုးမှာ ကျောက်ခဲငယ်များ အရည်ပျော်ဝင်နေသော ပစ္စည်းများ၊ သက်ရှိများမှ စွန့်ပစ်သောပစ္စည်းများ အနည်ထိုင်ပြီးနောက် ရေ၏ဖိအားကြောင့် ဖြစ်ပေါ်လာသော ကျောက်များ ဖြစ်ကာ ၎င်းကျောက်အမျိုးအစားကို အနည်ကျကျောက်ဟုခေါ်သည်။ ထိုကျောက်နှစ်မျိုးအနက် ဒုတိယကျောက်မျိုး၌သာလျှင် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ကြရသည်။ သက်ရှိပစ္စည်းတို့၏ ရုပ်ကလာပ်များသည် ပုပ်သိုးဆွေးမြည့်၍ တစ်ခဏအတွင်းပင် ပျက်စီးသွားတတ်ကြသည်။ ထိုသို့ ဆွေးမြည့်ပုပ်သိုးသွားရခြင်းမှာ လေထဲ၌ရှိသည့် အောက်ဆီဂျင်ကြောင့်ဖြစ်၍ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ရန် အသင့်တော်ဆုံးနေရာများမှာ ပင်လယ်များ၊ အိုင်များနှင့် နွံ့နွံထူထပ်သော နေရာများဖြစ်ကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ရာ၌ အရိုးကဲ့သို့ အမာခံကိုယ်ထည်ရှိသော သက်ရှိများသာလျှင် လွယ်ကူစွာ ဖြစ်နိုင်သည်။ ထို့ကြောင့် အလွန်ပျော့ညံ့သော ကိုယ်ထည်ရှိသည့် ရှေးအကျဆုံးသက်ရှိများကို ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် တွေ့ရခဲသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများမှ သိပ္ပံပညာရှင်တို့သည် ကမ္ဘာပေါ်၌ ပထမဆုံးဆဲလ်တစ်ခုတည်းသာရှိသည့် သက်ရှိများ ပေါ်ပေါက်လာခြင်းနှင့် ထိုသက်ရှိများမှ တဖြည်းဖြည်းဆင့်ကဲဖြစ်လာသည့်နည်းဖြင့် အဆင့်အတန်းအမြင့်ဆုံး သတ္တဝါများဖြစ်လာသည့် လက္ခဏာများကို တွေ့ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် သက်ရှိများ စတင်ပေါ်ပေါက်လာသည်မှာ နှစ်သန်းပေါင်း ၁၅၀၀ ထက် မနည်းသောအချိန်အခါက ဖြစ်သည်ဟု ယခုခေတ်သိပ္ပံပညာရှင်များက ယူဆကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများမှ ထိုနှစ်ကာလအပိုင်းအခြားအတွင်း၌ ကမ္ဘာပေါ်တွင် အမျိုးမျိုးသော သတ္တဝါတို့သည် သူ့ခေတ်နှင့်သူဆိုသကဲ့သို့ပင် ကြီးစိုးနေထိုင်ခဲ့ကြသည်။

ဤတွေ့ရှိရသည့် အခြေပေါ်မူတည်၍ သက်ရှိစတင် ပေါ်ပေါက်လာသည့်အချိန်မှ လူဖြစ်လာသည့်အချိန်အထိ ကာလအပိုင်းအခြားကို ခေတ်ကာလငါးပိုင်း ပိုင်းခြားထားနိုင်ပြီး ခေတ်တစ်ခေတ်စီကို ထိုခေတ်တွင် ကြီးစိုးခဲ့သော သတ္တဝါအမည်ဖြင့် မှည့်ခေါ်ထားသည်။ ပထမဆုံးခေတ်မှာ ကျောရိုးမဲ့သတ္တဝါခေတ်ဖြစ်၍ ကာလအပိုင်းအခြားအားဖြင့် သက်ရှိများ စတင်ပေါ်ပေါက်လာသည့်အချိန်မှ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၃၂၀ အထိ ဖြစ်သည်။ ထိုခေတ်စတွင် ပင်လယ်ကင်းများ၊ ခရုကဲ့သို့ ရေသတ္တဝါများ ခေါင်းပိုင်း၊ ရင်ပိုင်းနှင့် ဝမ်းပိုင်းသုံးပိုင်းပါဝင်သော ထရိုင်လိုဗိုက်များသာ ကြီးစိုးခဲ့ကြသည်။ ယခုခေတ်တွင် တွေ့မြင်ကြရသော ရေကင်းခေါ် ပီလားမှာ ထရိုင်လိုဗိုက်





အမျိုးမှ ဆင်းသက်လာခဲ့ကြဟန်တူသည်။ ဒုတိယခေတ်ကို ငါးများ ကြီးစိုးသောခေတ်ဖြစ်သောကြောင့် ငါးခေတ် ဟူ၍လည်းကောင်း၊ တတိယခေတ်ကို ကုန်းနေ၊ ရေနေသတ္တဝါများ ကြီးစိုးခဲ့သဖြင့် ကုန်းနေ ရေနေသတ္တဝါခေတ်ဟုလည်းကောင်း၊ စတုတ္ထခေတ်ကို တွားသွားကောင်ကြီးများ ကြီးစိုးခဲ့သဖြင့် တွားသွားကောင်ခေတ် ဟူ၍လည်းကောင်း၊ ပဉ္စမခေတ်ကို နို့တိုက်သတ္တဝါများ ကြီးစိုးခြင်းကြောင့် နို့တိုက်သတ္တဝါခေတ် ဟူ၍လည်းကောင်း ခေါ်ကြသည်။

ထရိုင်လိုဗိုက်ကျောက်ဖြစ်ရုပ်ကြွင်း

ခေတ်တစ်ခေတ်မှတစ်ခေတ်သို့ ပြောင်းလဲခဲ့ခြင်းမှာ ကမ္ဘာ၏ပြောင်းလဲမှု နှင့်တကွ သက်ရှိတို့၏ လုံးပန်းမှုများကြောင့်ဖြစ်သည်။ အတိတ်ကာလခေတ်များတွင် နေထိုင်ခဲ့ကြသည့်အလွန်ကြီးမားသော ကုန်းနေရေနေသတ္တဝါနှင့် တွားသွားကောင်များမှာ အကြောင်းကြောင်းတို့ကြောင့် ကမ္ဘာပေါ်မှ ကွယ်ပျောက်သွားခဲ့ကြသည်။

ယခုခေတ်အခါတွင် တူးဖော်ရရှိသော ကျောက်ဖြစ်ရုပ်ကြွင်းများအနက် အထူးခြားဆုံးမှာ တွားသွားကောင်ခေတ်မှ ဒိုင်နိုဆော နှင့် အစ်သိုင်အိုဆော ခေါ် တိရစ္ဆာန်ကြီးများ ဖြစ်ကြသည်။ ထိုတိရစ္ဆာန်များမှာ တစ်ခါတစ်ရံ ပေ ၁၀၀ ခန့်ပင် ရှည်လျားသဖြင့် ကမ္ဘာပေါ်၌ ပေါ်ပေါက်ခဲ့သည့် တိရစ္ဆာန်များတွင် အကြီးမားဆုံး ဖြစ်ကြသည်။

မျိုးစိတ်သစ် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း

ကမ္ဘာ့အရပ်ရပ်မှ တူးဖော်ရရှိသော ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်းအားဖြင့် ဗြိတိန်ကျွန်း၌ အတိတ်ကာလမှ ရှေးဦးဆင်များ နေထိုင်ခဲ့သည်ကိုလည်းကောင်း၊ ဥရောပတိုက်နှင့် အမေရိကတိုက်တို့တွင် တစ်ခါက အပူပိုင်းဒေသ၌ ပေါက်ရောက်တတ်သည့် သစ်တောကြီးများ ပေါက်ရောက်ခဲ့သည်ကိုလည်းကောင်း၊ ဝင်ရိုးစွန်းဒေသများတွင် တစ်ခါက ဆင်များ နေထိုင်ခဲ့၍ သစ်တောကြီးများ ပေါက်ရောက်ခဲ့သည်ကိုလည်းကောင်း သိရှိကြရသည်။

သက်ရှိတို့သည် ရေမှစတင်ပေါ်ပေါက်လာကြသဖြင့် ပထမဆုံးဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများမှာ ရေထဲ၌ ဖြစ်ပေါ်ကျန်ရစ်ကြသည်။ ရေထဲ၌ဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများသည် အစပထမ၌ ကျောက်များနှင့်အတူ ရေအောက်တွင် နစ်မြုပ်လျက်ရှိကြသော်လည်း ရေအောက်ရှိ မြေပြင်များသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ရေပြင်အထက်သို့ ပေါ်လာပြီးနောက် ရေ၏တိုက်စားခြင်း ခံရသောအခါ ၎င်းတို့ပါ ပေါ်လာကြရလေသည်။ အတိတ်ကာလက ဤနည်းဖြင့်မြေပေါ်သို့ ပေါ်ခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်းတို့မှာ ပျက်စီးကုန်သဖြင့် ကွယ်ပျောက်ဆုံးပါးသွားသည်။ အချို့မှာလည်း ရေ၏ဖိအားကြောင့်ဖြစ်စေ၊ ရေတွင်ပျော်ဝင်၍ဖြစ်စေ၊ ပျက်စီးကုန်ကြသည်။ ထို့ကြောင့် ကျောက်ရုပ်ကြွင်းမှတ်တမ်းများမှာ ပြည့်စုံသင့်သလောက် မပြည့်စုံပေ။ သို့သော် ခေတ်တစ်ခေတ်တွင် နေထိုင်ခဲ့သည့် သတ္တဝါများသည် ထိုခေတ်၏ ရှေးဦးပိုင်းကျသောခေတ်၌ နေထိုင်ခဲ့သည့်သတ္တဝါများမှ တဖြည်းဖြည်း ဆင့်ကဲဖြစ်လာသည့် နည်းဖြင့် ဆင်းသက်လာကြသည်ဟူ၍ ယူဆနိုင်ရန် သက်သေခံအထောက်အထားများကိုမူ ကျောက်ဖြစ်ရုပ်ကြွင်းများတွင် လုံလုံလောက်လောက် တွေ့ကြရသည်။

ရှေးနှစ်ပေါင်းများစွာက ရာသီဥတု ပူနွေး၍ မြေပြင်အနှံ့မှ ရွှံ့ညွန်ပျောင်းများနှင့် အပင်ငယ်များ ထူထပ်နေသဖြင့် တွားသွားကောင်များ လွတ်လပ်စွာ ကျက်စားနိုင်ကြသည်။ ကမ္ဘာမြေပြင်လှုပ်ရှားပြောင်းလဲ၍ တောင်နှင့် ချိုင့်ဝှမ်းများပေါ်လာကာ ရေခန်းခြောက်စပြုသဖြင့် အစာရှားပါးလာသောကြောင့် အပင်ငယ်အချို့ကြွင်းကျန်ရာ နွံအိုင်များတစ်လျှောက်၌သာ တွားသွားကောင်တို့ အလုအယက်ကျက်စားကြရသည်။ ထိုသို့ စားကျက်လုကြရင်း အချင်းချင်းခိုက်ရန်ဖြစ်ပွားကြသည်။ ထိုခိုက်ရန်ဖြစ်ပွားခြင်းကြောင့် တွားသွားကောင် အသီးသီးသေဆုံး၍ ရေသို့ကျခဲ့ရာ ရေအောက်တွင် နုန်းမြေများဖုံးအုပ်၍ လေသလပ်မခံရသဖြင့် ယင်းတို့၏အရိုးများမှာ ကျောက်အဖြစ် ပြောင်းလဲသွားလေသည်။ နုန်းမြေဖုံးအုပ်၍ ကုန်းပြင်ဖြစ်လာသော ထိုနေရာကို တစ်ဖန်မြစ်ချောင်းများဖြတ်သန်းစီးဆင်း၍ ရေအောက်မြေပြင်ကို တိုက်စားရာမှ ယခင်တွားသွားကောင်တို့၏ အရိုးများ ပြန်၍ ပေါ်လာတတ်သည်။

ထိုပေါ်လာသော အရိုးများကိုယူ၍ ပြတိုက်တွင်တပ်ဆင်လိုက်သောအခါ ကျွန်တော်တို့တွေ့မြင်ရသော သဘာဝသမိုင်းအတွက် ကျောက်ဖြစ်ရုပ်ကြွင်း အမွေအနှစ်များ ဖြစ်လာလေသည်။

မာန်သစ်ငြိမ်း

(ရှေးဟောင်းသုတေသန)

ထိုင်းနိုင်ငံမြောက်ပိုင်းမှ ဘုရားကျောင်းဗိမာန်ဖြူ (White Temple)ဟု ထင်ရှားကျော်ကြားသော ဝါ့တ်ရောင်ခွန်းသည် ထိုင်းနိုင်ငံမြောက်ဘက်အစွန်းဆုံးရှိ ချင်းရိုင်မြို့၏ တောင်ဘက်မှ ၁၃ ကီလိုမီတာ ရှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ချင်းရိုင်မြို့မှာ ထိုင်းရိုးရာအနုပညာနှင့် ယဉ်ကျေးမှုမလေ့ရှင်သန်ထွန်းကားသော မြို့ ဖြစ်သည်။ ဝါ့တ်ရောင်ခွန်း (Wat Rong Khun)သို့မဟုတ် ဘုရားကျောင်း ဗိမာန်ဖြူမှာ ထိုင်းနိုင်ငံ၏ ထင်ရှားကျော်ကြားသော အမှတ်သင်္ကေတဖြစ်လာပြီး ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားကျောင်းများအနက် အထင်ရှားအကျော်ကြားဆုံးလည်း ဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း မြန်မာနိုင်ငံနယ်စပ်အနီးရှိ တိတ်ဆိတ်ငြိမ်သက်သော ချင်းရိုင်မြို့ကလေးတွင် တောင်ပေါ်တိုင်းရင်းသားမျိုးနွယ်စုအမျိုးမျိုးတို့ မှီတင်းနေထိုင်ရာ နေရာဖြစ်ပြီး တောအုပ်ကလေးကို ဖြတ်၍ တောင်တက်သော လမ်းကြောင်းရှိသောကြောင့် ကမ္ဘာလှည့်ခရီးသည်များအကြား ရေပန်းစားထင်ရှားကျော်ကြားသည်။ ထိုင်းနိုင်ငံသည် ဘုရားကျောင်းကန်စေတီပုထိုး လက်ညှိုးထိုးမလွဲ အလွန်များပြားသော နိုင်ငံဖြစ်ပြီး စေတီပုထိုးဘုရားကျောင်းကန်တစ်ခုနှင့် တစ်ခုမှာ ဆင်တူကြသည်။ သို့ရာတွင် ချင်းရိုင်မြို့ရှိ ဝါ့တ်ရောင်ခွန်းဟုခေါ်သော ဘုရားကျောင်းဗိမာန်ဖြူ (White Temple) မှာမူ တစ်မျိုးတစ်ဘာသာတစ်မူ ထူးခြားပြီး အလွန်လှပသလောက် လျှို့ဝှက်ဆန်းကြယ်သော ဗိသုကာလက်ရာ ဘုရားကျောင်းဗိမာန်ဖြစ်သည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းမှ ဘုရားကျောင်း ဗိမာန်ဖြူ

■ ပိုင်စိုးဟန်

သမိုင်းကြောင်း

၂၀ ရာစုနှစ်အကုန်ပိုင်းကာလတွင် နဂိုမူလဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမာန်အဆောက်အအုံမှာ ပြန်လည်ပြုပြင်ရန် လိုအပ်လောက်အောင် လုံးဝပျက်စီးယိုယွင်းလာခဲ့သည်။ ထိုဘုရားကျောင်းဗိမာန်ကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငွေကြေးမရှိခဲ့ချေ။ ချင်းရိုင်မြို့ဒေသ၏ အနုပညာရှင်နှင့် ဒီဇိုင်းပညာရှင် ချာလစ်ချိုင်းကိုစစ်ဗီဖတ်က ပျက်စီးယိုယွင်းနေသော ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမာန်ကို ပြန်လည်တည်ဆောက်ရန် စိတ်ပိုင်းဖြတ်ခဲ့ပြီး ၎င်း၏ ကိုယ်ပိုင်ငွေများဖြင့်သာ ဘုရားကျောင်းဗိမာန်ပြန်လည်တည်ဆောက်ရေးစီမံကိန်းအတွက် ငွေကြေးအကုန်အကျခံခဲ့သည်။

ယနေ့အချိန်အထိ ချာလစ်ချိုင်းသည် ဝါ့တ်ရောင်ခွန်းပြန်လည်တည်ဆောက်ရေးစီမံကိန်းအတွက် ထိုင်းနိုင်ငံသုံးငွေဘတ်သန်း ၄၀ အကုန်အကျခံတည်ဆောက်ခဲ့သည်။ ၎င်းသည် ဝါ့ရောင်ခွန်းဘုရားကျောင်းဗိမာန်အနီးရှိ မြေနေရာတွင် ဗုဒ္ဓမွေစာပေ



လေ့လာဆည်းပူးလေ့လာရန် ကမ္ဘာ့ဌာန်းထိုင်တရားဘာဝနာကျင့်ကြံအား ထုတ်နိုင်ရန် ဗုဒ္ဓတရားဒေသနာတော်တို့မှ တရားဓမ္မအကျိုးကျေးဇူးများရရှိခံစားနိုင်ရန်တို့အတွက် အဆောင်တစ်ဆောင် တည်ဆောက်ရန်လည်း ရည်မှန်းထားသည်။

ချာလမ်ချိုင်းက ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမာန်တည်ဆောက်ပြီး ရှင်တော်မြတ်ဗုဒ္ဓဘုရားရှင်အား ပူဇော်ကန်တော့ရန် ရည်ရွယ်ထားပြီး အဆိုပါ ဘုရားကျောင်းဗိမာန်ဆောက်လုပ်လှူဒါန်းခြင်း အကျိုးကြောင့် နိဗ္ဗာန်၌ စံစားရမည်ဟုလည်း ယုံကြည်ယူဆထားသည်။ ဘုရားကျောင်းဗိမာန်ဖြူ သို့မဟုတ် ဝါ့တ်ရောင်ခွန်းကို ၁၉၉၇ ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ပြီး အနုပညာရှင်ချာလမ်ချိုင်းကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၆၀ မှ နှစ်ပေါင်း ၉၀ အထိ ၎င်း၏ တပည့်များက ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားရန်ဖြစ်ပြီး သက္ကရာဇ် ၂၀၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

ဘုရားကျောင်းဗိမာန်ဖြူတည်ဆောက်ရေးစီမံကိန်းအတွက် အခြားအလှူရှင်များ၏ အလှူငွေများကို ချာလမ်ချိုင်းက လက်ခံသော်လည်း ထိုင်းဘတ်ငွေ ၁၀,၀၀၀ အထိသာ လှူဒါန်းခွင့်ပြုထားသည်။ ထိုသို့ ကန့်သတ်ထားရခြင်း၏ အကြောင်းရင်းမှာ ငွေကြေးအမြောက်အမြားထည့်ဝင် လှူဒါန်းသူများက ၎င်း၏ စိတ်ကူးစိတ်သန်းရည်မှန်းချက်များကို ဩဇာလွှမ်းမိုးသွားမည်ကို စိုးရိမ်ပူပန်မိသောကြောင့် ဖြစ်သည်။

ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် သင်္ကေတဝါဒ

ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမာန်ဖြူတည်ဆောက်ပြီးစီးသွားပါက ဘုရားကျောင်းပရဝဏ်အတွင်း၌ သာသနိကအဆောက်အအုံ ကိုးခုပါရှိမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံကိုးခုအနက် ပင်မဘုရားကျောင်းဆောင်ဖြစ်သော ဥဘိုဆောက် (Ubosot)၊ ဗုဒ္ဓသာသနာ့အမွေအနှစ်တရားဓမ္မခန်းမဆောင်၊ ကမ္မဋ္ဌာန်းတရားကျင့်ဆောင်၊ ဗုဒ္ဓအနုပညာပြခန်းဆောင်နှင့် ဗုဒ္ဓဘာသာ ရဟန်းသံဃာများအတွက် ကျောင်းသင်္ခမ်းဆောင်များပါရှိသည်။

ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမာန်ဖြူ၏ ပင်မဥတိုဆောက်ဘုရားကျောင်းဆောင်သို့ ရေကန်ကလေးအထက်ရှိ ဘဝသံသရာတံတားကို အရှေ့တွင် မချုပ်တည်းနိုင်သော အလိုရမ္မက်ဆန္ဒများကို သင်္ကေတဖော်ကျူးသရုပ်ဖော်ထားသည့် ငရဲဘုံမှ ငရဲသားများ၏ မြှောက်ကထားသော လက်များရာပေါင်းများစွာ တွေ့မြင်နိုင်သည်။ အဆိုပါ ဘဝသံသရာတံတားသည် အာရုံဆွဲဆောင်မှုများ၊ မတော်လောဘနှင့် ရမ္မက်ဆန္ဒတို့ကို ကျော်လွှားနိုင်ပါက ပျော်ရွှင်ချမ်းမြေ့ရာ သုခဘုံသို့ ရောက်ရှိနိုင်ကြောင်း သရုပ်ဖော်ကျူးထားခြင်းဖြစ်သည်။

တံတားနံ့ဘေးရှိ ရေကန်အနီးတွင် ဗုဒ္ဓဘာသာဒဏ္ဍာရီလာသတ္တဝါဖြစ်သော လူတစ်ပိုင်းငှက်တစ်ပိုင်း ကိန္နရာ ကိန္နရီမောင်နှံရုပ်တုတည်ရှိသည်။ ဘဝသံသရာတံတားကို ဖြတ်ကျော်ပြီးသောအခါ ကောင်းကင်ဘုံတံခါးဝတွင် စောင့်ကြပ်နေသော သတ္တဝါကြီးနှစ်ကောင်ရှိသည်။ လူသားတို့၏ ကံကြမ္မာကို ထိန်းချုပ်စောင့်ရှောက်သော ရာဟု (Rahu) သတ္တဝါကြီးနှင့် လူသားတို့၏ ဘဝနှင့် အသက်ကို ထိန်းချုပ်စောင့်ရှောက်သော မရဏသေခြင်း (Death) သတ္တဝါကြီးတို့က တံတား၏ ဝဲယာတွင် ခြံရံစောင့်ကြပ်လျက်ရှိသည်။

ဘဝသံသရာတံတားကို ဖြတ်ကျော်လာပြီးနောက် ဧည့်သည်များအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်ကိန်းဝပ်စံပယ်တော်မူသော ဥဘိုဆောက် (Ubosot) ဘုရားကျောင်းဆောင်သို့ရောက်ရှိသည်။ အဆိုပါ ဘုရားကျောင်းဆောင်အတွင်း တရားကျင့်ကြံအား



ဝ့ါတ်ရောင်ခွန်းဘုရားကျောင်းဗိမာန်ဖြူ၏ ပင်မဥဘိုဆောက်ဘုရားကျောင်းဆောင်သို့ ရေကန်ငယ်ကလေးအထက်ရှိ ဘဝသံသရာတံတားကို ဖြတ်၍ သွားရောက်ကြည်ညိုဖူးမြော်ရသည်။ အဆိုပါ ဘဝသံသရာတံတားအရှေ့တွင် မချုပ်တည်းနိုင်သော အလိုရမ္မက်ဆန္ဒများကို သင်္ကေတဖော်ကျူးသရုပ်ဖော်ထားသည့် ငရဲဘုံမှ ငရဲသားများ၏ မြှောက်ထားသော လက်များရာပေါင်းများစွာ တွေ့မြင်နိုင်သည်။ အဆိုပါ ဘဝသံသရာတံတားသည် အာရုံဆွဲဆောင်မှုများ၊ မတော်လောဘနှင့် ရမ္မက်ဆန္ဒတို့ကို ကျော်လွှားနိုင်ပါက ပျော်ရွှင်ချမ်းမြေ့ရာ သုခဘုံသို့ရောက်ရှိနိုင်ကြောင်း သရုပ်ဖော်ကျူးထားခြင်းဖြစ်သည်။

ရုပ်ပွားတော်ဘိနိုးဝပ်စံပယ်တော်မူသော ဥဘိုဆောက် (Ubosot) ဘုရားကျောင်းဆောင်သို့ ရောက်ရှိသည်။ အဆိုပါ ဘုရားကျောင်းဆောင်အတွင်း တရားကျင့်ကြံအားထုတ်နေသော ဗုဒ္ဓရုပ်ပွားတော်များကို သပ္ပာယ်စွာ ဖူးမြော်နိုင်သည်။

ပင်မဘုရားကျောင်းဆောင်

ဝ့ါတ်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူ၏ ပင်မအဆောက်အအုံဖြစ်သော ဥဘိုဆောက် (Ubosot) ကျောင်းဆောင်မှာ အဆောက်အအုံတစ်ခုလုံး ဖြူဖွေးနေသော ဘုရားကျောင်းဗိမ္မာန်ဖြူဖြစ်သည်။

အဆောက်အအုံ၏ ပြင်ပမတွင် ကြေးမုံမှန်စကလေးများဖြင့် မှန်ကူကွက်ကလေးများကပ်ထားသည်။ အဆိုပါ ပင်မဘုရား



ထုတ်နေသော ဗုဒ္ဓရုပ်ပွားတော်များကို သပ္ပာယ်စွာ ဖူးမျှော်နိုင်သည်။

ပင်မဘုရားကျောင်းဆောင်

ဝ့ါတ်ရောင်ခွန်းဘုရားကျောင်း ဗိမာန်ဖြူတည်ဆောက်ပြီးစီးသွားပါက ဘုရားကျောင်းပရဝဏ်အတွင်း၌ သာသနိကအဆောက်အအုံကိုးခု ပါရှိမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံကိုးခုအနက် ပင်မဘုရားကျောင်းဆောင်ဖြစ်သော ဥဘိုဆောက် (Ubosot)၊ ဗုဒ္ဓသာသနာ့အမွေအနှစ်တရားဓမ္မခန်းမဆောင်၊ ကမ္မဋ္ဌာန်းတရားကျင့်ဆောင်၊ ဗုဒ္ဓအနုပညာပြခန်းဆောင်နှင့် ဗုဒ္ဓဘာသာရဟန်းသံဃာများအတွက် ကျောင်းသစ်မ်းဆောင်များပါရှိသည်။

တံတားနဲ့ဆေးရှိ ရေကန်အနီးတွင် ဗုဒ္ဓဘာသာဒဏ္ဍာရီလာသတ္တဝါဖြစ်သော လူတစ်ပိုင်းငှက်တစ်ပိုင်း ကိန္နရာ ကိန္နရီမောင်နှံရုပ်ထုတည်ရှိသည်။ ဘဝသံသရာတံတားကို ဖြတ်ကျော်ပြီးသောအခါ ကောင်းကင်ဘုံတံခါးဝတွင် စောင့်ကြပ်နေသော သတ္တဝါကြီးနှစ်ကောင်ရှိသည်။ လူသားတို့၏ ကံကြမ္မာကို ထိန်းချုပ်စောင့်ရှောက်သော ရာဟု (Rahu) သတ္တဝါကြီးနှင့် လူသားတို့၏ ဘဝနှင့် အသက်ကို ထိန်းချုပ်စောင့်ရှောက်သော မရဏသေခြင်း (Death) သတ္တဝါကြီးတို့က တံတား၏ ဝဲယာတွင် ခြံရံစောင့်ကြပ်လျက်ရှိသည်။

ဘဝသံသရာတံတားကို ဖြတ်ကျော်လာပြီးနောက် ဧည့်သည်များအနေဖြင့် ဗုဒ္ဓ

ကျောင်းဆောင် ဆောက်အအုံကို ထိုင်းရိုးရာဂန္ထဝင်ဗိသုကာ လက်ရာများဖြင့် တည်ဆောက်ထားပြီး ထိုင်းရိုးရာ ဘုံသုံးဆင့်ခေါင်မိုး၊ နဂါးရုပ်ထုများဖြင့် မွမ်းမံအလှဆင်ထားသည်။

ဥဘိုဆောက်ပင်မဘုရားကျောင်းဆောင်အတွင်း၌ နံရံဆေးရေးပန်းချီများ၊ ဗုဒ္ဓဝင်သရုပ်ဖော်ပုံများကို လိမ္မော်ရောင် မီးတောက်မီးလျှံနောက်ခံတွင် သရုပ်ဖော်ထားပြီး မိစ္ဆာမျက်နှာများ၊ အနောက်တိုင်းအကျော်အမော်များဖြစ်သော မိုက်ကယ်ဂျက်ဆင်၊ ဆူပါမင်းရုပ်ပုံများ၊ နျူကလီးယားစစ်ပွဲများ၊ အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်ပုံများစသည်ဖြင့် ကမ္ဘာကြီး၏ ပျက်စီးမှုတို့ကိုလည်း သရုပ်ဖော်ထားသည်။



ရွှေရောင်အဆောက်အအုံ

လှပစွာ တန်ဆာဆင်မွမ်းမံထားသော ရွှေရောင်အဆောက်အအုံမှာ ခန္ဓာကိုယ်ရုပ်တရားကို ကိုယ်စားပြုဖော်ညွှန်းထားပြီး အဖြူရောင်ပင်မ ဥဘိုဆောက်ကျောင်းဆောင်မှာ စိတ်နာမ်တရားကို ကိုယ်စားပြုဖော်ညွှန်းထားခြင်းဖြစ်သည်။ အဆိုပါဆောက်အအုံမှာ ဧည့်သည်များ၏ နားနေဆောင်ဖြစ်ပြီး ရွှေရောင်မှာ လူသားတို့အနေဖြင့် လောကီစည်းစိမ်ဖြစ်သော ငွေကြေးဥစ္စာဓနနှင့် လိုအင်ဆန္ဒရမ္မက်ဇောများအပေါ် အာရုံထားကြပုံကို သင်္ကေတပြုဖော်ညွှန်းထားခြင်းဖြစ်သည်။ ရွှေရောင်အဆောက်အအုံသည် ရုပ်ပိုင်းဆိုင်ရာ ဥစ္စာဓနစည်းစိမ်များထက် နာမ်တရားအပေါ် အာရုံစူးစိုက်ရန် အသိပေးဖော်ကျူးထားသော အဆောက်အအုံဖြစ်သည်။

တစ်မူထူးခြားသော ဘုရားကျောင်းဗိမ္မာန်

နေရောင်ခြည်အောက်တွင် ဖြူဖြူဖွေးဖွေးဘုရားကျောင်း ဗိမ္မာန်မှာ သပ္ပာယ်စွာ လင်းလတ်တောက်ပနေသည်။ အဆိုပါဘုရားကျောင်းဗိမ္မာန်သည် ထိုင်းနိုင်ငံတစ်ဝှမ်းလုံးရှိ အခြားသမားရိုးကျ ဘုရားကျောင်းစေတီပုထိုးများနှင့် အစစအရာရာတစ်မျိုးတစ်ဘာသာကွဲပြားခြားနားပြီး တစ်မူထူးခြားသော ဘုရားကျောင်းဗိမ္မာန်ဖြစ်သည်။ ဘုရားကျောင်းဗိမ္မာန်တစ်ခုလုံးကို အဖြူရောင်ကျောက်သားဖြင့် တည်ဆောက်ထားပြီး အဆောက်အအုံပြင်ပတစ်ခုလုံးကို ကြေးမုံ မှန်ချပ်ကူကွက်ငယ်ကလေးများဖြင့် အလှဆင်ထားသောကြောင့် ဘုရားကျောင်းဗိမ္မာန်မှာ အဝေးမှ လှမ်းကြည့်လျှင် ကြွေထည်ကဲ့သို့ လင်းလတ်တောက်ပနေသည်။

ထိုင်းရိုးရာအနုပညာရှင် ချာလမ်ချိုင်းသည် ဝှိုက်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ကို သမားရိုးကျရွှေရောင်ဖြင့် တည်ဆောက်မည့်အစား အဖြူရောင်ကို ရွေးချယ်တည်ဆောက်ခဲ့သည်။ ၎င်းသည် အဖြူရောင်မှာ ဗုဒ္ဓဘုရားရှင်၏ သီလစင်ကြယ်မှုကို သင်္ကေတပြုထင်ဟပ်ဖော်ပြပြီး မှန်ကူကွက်ကလေးများက အနန္တစကြာဝဠာနှင့် လောကတတ်တစ်ဝန်းလုံးကို လွှမ်းခြုံထားသော အတုမရှိ အနှိုင်းမဲ့ အသိဉာဏ်ပညာကြီးမားမှု အလင်းရောက်ကို သင်္ကေတပြုထင်ဟပ်ဖော်ပြနိုင်ရန် ရွေးချယ်တည်ဆောက်ထားခြင်းဖြစ်သည်။ ဝှိုက်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူသည် လူသားတို့၏ လော

ဘ၊ ဒေါသ၊ မောဟတရားများနှင့် အလိုရမ္မက်ဆန္ဒများကို ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်အဆုံးအမများဖြင့် လွတ်မြောက်အောင် ရှောင်ရှားဖယ်ကြဉ်နိုင်စေရန် တရားပြသတိပေးနှိုးဆော်နိုင်ရန် သင်္ကေတဝါဒများဖြင့် ထင်ဟပ်ဖော်ကျူးထားသည်။

ဝှိုက်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ဖြူ ဗိသုကာ အဆောက်အအုံတစ်ခုလုံးနှင့် ဘုရားကျောင်းပုရဝဏ်အတွင်းရှိ ရုပ်တုများအားလုံးမှာ ဗုဒ္ဓရှင်တော်မြတ်၏ တရားဓမ္မဒေသနာတော်အဆုံးအမများကို ထင်ဟပ်ဖော်ပြထားပြီး ဗုဒ္ဓဘုရားရှင်၏ တရားဓမ္မအရ အခြားသူများအပေါ် ကရုဏာ

တရားနှင့် မေတ္တာတရားထားရန် ဆုံးမတော်မူခဲ့မှုများကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားကျောင်း စေတီပုထိုးများ အားလုံးနှင့် လုံးဝမတူဘဲ တစ်မူထူးခြားသော ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူကို စတင်တည်ဆောက်ခဲ့သော ၁၉၉၇ ခုနှစ်မှစ၍ လာရောက်ဖူးမြော်ကြည်ညိုသော ဧည့်ပရိသတ်ပေါင်း ၅ သန်းကျော်ရှိသည်။ ဘုရားကျောင်း ဗိမ္မာန်ဖြူပုရဝဏ်အတွင်းရှိ လူ့ကမ္ဘာ့ဌာန်းအရိုးစုများနှင့် မိစ္ဆာများက လာရောက်သော ဧည့်ပရိသတ်အပေါင်းအား အရက်သေစာ၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါး၏ ဘေးအန္တရာယ်များကို သတိပေးလျက်ရှိသည်။

ဝါ့တ်ရောင်ခွန်းတည်ဆောက်ရေး စီမံကိန်း

ထိုင်းရိုးရာ ဗုဒ္ဓဝင်ပန်းချီအနုပညာရှင် ချာလစ်ချိုင်းသည် ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူကို ၎င်း၏ စိတ်ကူးစိတ်သန်းအတိုင်း အနုစိတ်အလှဆင်ဖော်ကျူးတည်ဆောက်ရန် ရည်မှန်းထားသဖြင့် ဘုရားကျောင်း ဗိမ္မာန်ဖြူတည်ဆောက်ရေးစီမံကိန်းမှာ သက္ကရာဇ် ၂၀၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးရန် မျှော်မှန်းထားသည်။ ၎င်း၏ အနုပညာတပည့်များက ၎င်းကွယ်လွန်သွားပြီးနောက် နှစ်ပေါင်း ၉၀ အထိ ဘုရားကျောင်း ဗိမ္မာန်ဖြူတည်ဆောက်ရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်သည်။

ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူပုရဝဏ်အတွင်း၌ ဥဘို ဆောက် (Ubosot) ပင်မဘုရားကျောင်း၊ ဗိမ္မာန်၊ စေတီ၊ ရဟန်းကျောင်းသခ်မ်း၊ သဗြိုဟ်စက်၊ ဘုန်းကြီးကျောင်း၊ တရားဟောဆောင်၊ ပြတိုက်၊ တန်ဆောင်းများနှင့် သန့်စင်ခန်းပါသော ဧည့်သည်နားနေဆောင်စသည့် အဆောက်အအုံကိုးခုပါရှိမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံများကို ဘုရားကျောင်းပုရဝဏ်အတွင်းရှိ မြေဧရိယာ အကျယ်အဝန်းသုံးဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၈ မိနစ်က မယ့်လောင်ဒေသတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ဖြူမှာ ငလျင်ဒဏ်ခံခဲ့ရပြီး ပျက်စီးယိုယွင်းသွားခဲ့သဖြင့် ခေတ္တပိတ်ထားပြီး ချာလမ်ချိုင်းက သာသနိကအဆောက်အအုံ ဘုရားကျောင်း ဗိမ္မာန်ဖြူကို ပြည်သူတို့ ဘေးအန္တရာယ်မဖြစ်စေရန် ဖြိုဖျက်မည်ဖြစ်ပြီး နောက်တစ်ကြိမ်မည်သည့်အခါမျှ ပြန်လည်တည်ဆောက်တော့မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဗိသုကာအဆောက်အအုံအင်ဂျင်နီယာများက ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ဖြူကို စစ်ဆေးကြည့်ရှုပြီးသောအခါ အဆောက်အအုံမှာ ငလျင်ဒဏ်ကြောင့် အကြီးအကျယ်ပျက်စီးခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ချာလမ်ချိုင်းက ဝါ့တ်ရောင်ခွန်းဘုရားကျောင်းဗိမ္မာန်ဖြူကို နဂိုမူလအတိုင်း ပြန်လည်မွမ်းမံပြီးနှစ်နှစ်တာကာလအတွင်း ပြန်လည်ပြင်ဆင်ပြီးစီးရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းက ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ဖြူကို ထိုင်းနိုင်ငံ၏ ဗိသုကာအနုပညာလက်ရာအရ တန်ဖိုးတားဂုဏ်ယူသော အဆောက်အအုံဖြစ်လာစေရန် ဘဝတစ်လျှောက်လုံးကြိုးပမ်းအားထုတ်သွားရန် ယတိပြတ်စိတ်ပိုင်းဖြတ်ထားသည်။

ထိုင်းနိုင်ငံဒေသခံပြည်သူများနှင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များက ဝါ့တ်ရောင်ခွန်းဘုရားကျောင်း ဗိမ္မာန်ဖြူအတွင်းရှိ နံရံဆေးရေး ထိုင်းရိုးရာ ဗုဒ္ဓဝင်ပန်းချီလက်ရာနှင့် ခေတ်ပြိုင်ပန်းချီလက်ရာများ၊ ဘုရားကျောင်းပုရဝဏ်အတွင်းရှိ ဒဏ္ဍာရီလာသတ္တဝါများနှင့် ဗုဒ္ဓတရားဒေသနာတော်အဆုံးအမများကို ထင်ဟပ်ဖော်ကျူးသရုပ်ဖော်မှုများကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။ မကောင်းမှုအကုသိုလ်များကို သတိသံဝေဂတရားရစေရန် သရုပ်ဖော်ပြထားမှုကြောင့် တရားရသွားမည်ဖြစ်သည်။

သန်းကြွယ်သူဌေးထိုင်းရိုးရာ ပန်းချီအနုပညာရှင်ချာလမ်ချိုင်းက လူ့ဘဝတွင် ငွေကြေးနှင့် ဥစ္စာဓနပိုင်ရှင်ကြွယ်ဝမှုများမှာ အရေးမပါကြောင်း ကောင်းမှုကုသိုလ်သာလျှင် မိမိပိုင်ဆိုင်ကြောင်း၊ ငွေကြေးမှာ မိမိအဖို့ တန်ဖိုးမရှိကြောင်း ငွေကြေးမှာ ကောင်းမှုကုသိုလ်အတွက် လှူဒါန်းရန်နှင့် နောင်ဘဝအတွက် ဘဝကူးကောင်းရန်အတွက်သာလျှင် အသုံးဝန်တန်ဖိုးရှိသည်ဟု မိမိထင်မြတ်ယူဆထားကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့ပေသည်။

ပိုင်စိုးဟန်

KHAING HTUN TRADING CO.,LTD.

STAINLESS STEEL

Stainless Steel Pipe

ခိုင်ထွန်း စတီးပိုက်၊ စတီးပြား ဖြန့်ချိရေး







- စတီးပြောင်ပိုက်၊ ပွတ်လုံးပိုက်၊ ဆံကျစ်လိန်ပိုက်၊ စကွဲယားပိုက်၊ Rectangular ပိုက်
- စက်ရုံနှင့်စားသောက်ကုန်သုံးစတီးပိုက်၊ စတီးပြားဆိုဒ်စုံ
- စတီးဟင်ဂလန်၊ ရှပ်လုံး၊ ကြမ်းပြား၊ L လမ်း၊ U လမ်း ဆိုဒ်စုံ
- စတီးအလှဆင်လုပ်ငန်းသုံး ပန်းခက်ဒီဇိုင်းအမျိုးမျိုး
- စတီးရေပိုက်ခေါင်း၊ ဝရိန်အယ်လ်ဘိုး၊ အရစ်အယ်လ်ဘိုး၊ Tခေါင်း၊ ရဂျူဆာ၊ ယူနီယမ်၊ ဆော့ကတ်၊ နီပါယ်ဆိုဒ်စုံ
- စတီးအလှဆင်လုပ်ငန်းသုံး TIG ဝရိန်စက်၊ ကော်ပက်စက်၊ ပိုက်ကွေးစက်အမျိုးမျိုး
- စတီးနတ်တိုင်၊ နတ်ခေါင်း၊ ဝါရှာဆိုဒ်စုံ၊ စကူ၊ ရပ်စ်ဆိုဒ်စုံ
- စတိန်းလက်စတီး ပစ္စည်းနှင့် ပတ်သက်၍ လိုအပ်သည့်ပစ္စည်းအမျိုးအစားများကို တစ်နေရာတည်းတွင် စိတ်တိုင်းကျ ဝယ်ယူရရှိနိုင်ပါသည်။

ရန်ကုန် (ဆိုင်-၁) - အကွက်(၁/က,၁/ခ)ပြည်တောင်စုလမ်းနှင့်ချင်းကွင်းလမ်းထောင့်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ဆိုင်းဘုတ်ကပ်ရက်၊ ရန်ကုန်မြို့
☎ :01-591243, 01-590579, 01-595466, 01-8100422, 01-8100423, 09-5126299, 09-2002255

ရန်ကုန် (ဆိုင်-၂) - အမှတ် (443)၊ ကျိုက္ကဆံလမ်း၊ တာမွေ။ Ph : 01-400788, 0973078066

ရန်ကုန် (ဆိုင်-၃) - အမှတ် (C-3)၊ရွှေကံ့ခွရိ Shop House၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ :01-8550929, 0973127594, 0973127595

ရန်ကုန် (ဆိုင်-၄) - အမှတ်(၉၇/၉၉)၊ ပါရမီလမ်းမကြီး (ဗဟိုလမ်းနှင့် အင်းစိန်လမ်းကြား)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 01-654822, 65482

မန္တလေး (ဆိုင်) - အမှတ်(227)၊36 လမ်း၊ 83 × 84 လမ်းကြား၊ မန္တလေးမြို့ ☎: 02-68560 , 02-72627 , 02-34927, 02-63799, 09-20

အိမ်ဆောက်မယ်ဆိုရင် တစ်နေရာတည်း ပစ္စည်းစုံရနိုင်တာက

ရွှေအိမ်

- ပိုက်နှင့် ပိုက်ဆက်ပစ္စည်းအမျိုးမျိုး
- ရေပန့်၊ ဝါယာနှင့် လျှပ်စစ်ပစ္စည်းများ
- သစ်၊ သွပ်နှင့် သော့အမျိုးမျိုး
- အထပ်သားနှင့် မျက်နှာကြက်
- အိမ်သုတ်ဆေး အမျိုးမျိုး
- ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်

အိမ်ဆောက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး

၁၅၈၊ ဗားကရာလမ်း (စမ်းချောင်းမီးသတ်ရှေ့)

☎ ၅၀၂၇၄၃၊ ၀၉-၃၁၄၂၇၀၅၅၊ ၀၉-၇၉၇၉၂၂၂၇၅

လူတိုင်းစွဲမက်နှစ်သက်သော ချောကလက်ရာဇဝင်

◆ ပိုင်စိုးဟန်

လူတိုင်းချောကလက်ကို ကြိုက်နှစ်သက်ကြသည်။ လူအချို့သည် ချောကလက်ကို နေ့တိုင်းလိုလို စားသုံးကြပြီး အချို့မှာ တစ်ပတ်လျှင် အကြိမ်အနည်းငယ် စားသုံးကြသည် အထိ တစ်ရှိက်မက်မက် စားသုံးကြသည်။ ချောကလက်မှာ ကမ္ဘာပေါ်တွင် လူတို့ အကြိုက်ဆုံးအစားအစာများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ လူအချို့မှာ ချောကလက်ကို မစားရလျှင် မနေနိုင်ဟု ထုတ်ဖော်ပြောကြားကြသည်။

ယခုအခါတွင် ချောကလက်မှာ လူသားတို့၏ ဘဝတွင် အရေးပါသော အစားအစာအစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့သည်။ သို့ရာတွင် လူသားတို့သည် ချောကလက်ကို အသည်းစွဲနှစ်သက်စွာ စားသုံးနေကြသော်ငြားလည်း ချောကလက်၏ စိတ်ဝင်စားဖွယ် သမိုင်းကြောင်းရာဇဝင်ကို ထဲထဲဝင်ဝင် မသိရှိကြချေ။

ချောကလက်သမိုင်းကြောင်း

ချောကလက်သည် ၁၉၀၀ သိစိက စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်ကာလမှစ၍ ယနေ့ မျက်မှောက်ကာလထိတိုင် ချောကလက်ကို စားချင်စဖွယ်ပုံစံအမျိုးမျိုးဖြင့် အလွယ်တကူ ရရှိနိုင်သည်။

ဘီစီ ၁၀၀၀ ခန့်က မက္ကဆီကိုနိုင်ငံ၊အရှေ့တောင်ဘက်အရပ်ဒေသတွင် နေထိုင်သူ များသည် ချောကလက်ပြုလုပ်နိုင်သော ကိုကိုးပင်ကို စတင်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုလူများသည် ကိုကိုးပင်ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ကိုကိုးပင်ကိုအသုံးပြုပြီး မည်သည့်ပစ္စည်းများကို ထုတ်လုပ်ခဲ့သည်ကိုမူ မသိရှိရချေ။ နောက်ပိုင်း အေဒီ ၃၀၀ကမာယာလူမျိုးတို့သည် ကိုကိုးပင်ကို တွေ့ရှိခဲ့ကြပြီး ကိုကိုးစေ့ကလေးများနှင့် အရာများစွာ ပြုလုပ်နိုင်သည်ဟု ယူဆခဲ့ကြသည်။ ၄င်းတို့သည် ချောကလက်ကို

မာယာလူမျိုးတို့ ကိုကိုးစေ့ကို ရှာဖွေတွေ့ရှိစဉ်

စတင်မပြုလုပ်ဘဲ ကိုကိုးစေ့ကလေးများကို ငွေကြေးအဖြစ် စတင် အသုံးပြုခဲ့သည်။

မာယာလူမျိုးတို့သည် ကိုကိုးစေ့ကလေးများကို ငွေကြေးအဖြစ် တိရစ္ဆာန်များမှ ကျေးကျွန်များအထိ ဝယ်ယူရာတွင် အသုံးပြုခဲ့ကြသည်။ မာယာလူမျိုးတို့သည် ၎င်းတို့၏ ဘာသာရေးအခမ်းအနားများ တခမ်းတနားကျင်းပရာတွင်လည်း ကိုကိုးစေ့များကို အသုံးပြုခဲ့ကြသည်။ ၎င်းတို့သည် ကိုကိုးနတ်ကိုလည်း ဆည်းကပ်ပူဇော်ခဲ့ကြသည်။ မာယာလူမျိုးတို့သည် ကိုကိုးပင်ကို တွေ့ရှိခဲ့ပြီး စိုက်ပျိုးခဲ့ကြသည်။ ကိုကိုးပင်သည် တစ်နှစ်လျှင် နှစ်ကြိမ် ကိုကိုးသီးများသီးသည်။ ကိုကိုးပင်တစ်ပင်သည် ကိုကိုးသီးအလုံး ၁၀၀ ခန့်သီးပြီး ကိုကိုးသီးတစ်ခုတွင် ကိုကိုးစေ့ ၄၂ စေ့ခန့်ပါရှိသည်။

ကိုကိုးပင်ကို သင့်လျော်သော သဘာဝပတ်ဝန်းကျင်နှင့် မြေအမျိုးအစားတွင် စိုက်ပျိုးပါက အရည်အသွေးကောင်းမွန်သော ကိုကိုးသီးများ ၇၅ နှစ်မှ နှစ် ၁၀၀ ထိ အသီးများသီးနိုင်သည်။ ချောကလက်အလေးချိန် တစ်ကီလိုဂရမ်ပြုလုပ်ရန်အတွက် ကိုကိုးစေ့ကလေး ၂၇၀ စေ့ခန့်လိုအပ်သည်။ မာယာလူမျိုးတို့သည် ကိုကိုးစေ့များကို ငွေကြေးအဖြစ် အသုံးပြုကြသောကြောင့် မာယာလူမျိုးအတော်များများမှာ ချောကလက်ကို မစားသုံးနိုင်ကြချေ။ ချမ်းသာကြွယ်ဝသူများမှသာလျှင် ချောကလက်ခဲကို စားသုံးနိုင်ကြပြီး ချောကလက်ဖျော်ရည်ကို သောက်သုံးမှီဝဲနိုင်ကြသည်။

မာယာလူမျိုးတို့သည် အစက ကိုကိုးစေ့များကို ငွေကြေးအဖြစ် တန်ဖိုးထားသုံးစွဲခဲ့ကြရာ ကိုကိုးစေ့တစ်ရာရှိလျှင်ပင် ကျေးကျွန်တစ်ဦးကို ဝယ်ယူနိုင်သည်။ နောက်ပိုင်းတွင် အက်ဇ်တက်ဇ် (Aztecs) လူမျိုးတို့သည်လည်း မာယာလူမျိုးတို့ကဲ့သို့ပင် မာယာရိုးရာဓလေ့ကို လိုက်နာကျင့်သုံးခဲ့ပြီး ကိုကိုးစေ့ကလေးများကို ငွေကြေးအဖြစ် သုံးစွဲကြသည်။ ထိုခေတ် ထိုကာလက ကိုကိုးစေ့ကလေးများကို အလွန်တန်ဖိုးထားပြီး ငွေကြေးအဖြစ် အသုံးပြုလျက်ရှိသောကြောင့် ကြက်ဘဲဝက်အိမ်မွေးတိရစ္ဆာန်များမှ အစားအစာများနှင့် လက်နက်ကိရိယာ တန်ဆာပလာများအထိ ကိုကိုးစေ့ကလေးများဖြင့် ဝယ်ယူနိုင်သည်။

သို့ဖြစ်ရာ လူအချို့က ရွှံ့စေးများဖြင့် ကိုကိုးစေ့အတုများကို ဖန်တီးခဲ့ကြသည်အထိ ကိုကိုးစေ့မှာ အလွန်တန်ဖိုးရှိခဲ့သည်။ ယေဘုယျအားဖြင့် ချမ်းသာကြွယ်ဝသူများသာလျှင် ငွေကြေးအဖြစ် အသုံးပြုနိုင်သော ကိုကိုးစေ့ကလေးများကို ချောကလက်ဖျော်ရည်အဖြစ် သောက်သုံးမှီဝဲနိုင်ကြသည်။ အက်ဇ်တက်ဇ်လူမျိုးအုပ်စိုးသူများသည် တစ်နေ့လျှင် ချောကလက်ဖျော်ရည် ၁၀ ခွက်ခန့်သောက်သုံးကြသည်။ အက်ဇ်တက်ဇ်လူမျိုးတို့ သောက်သုံးသော ချောကလက်ဖျော်ရည်မှာ ညိုညိုမည်းမည်းဖြစ်ပြီး ဖျော်ရည်ကို ပူပူသောက်ခဲ့သကဲ့သို့ အအေးလည်း သောက်သုံးခဲ့ကြသည်။

အက်ဇ်လက်ဇ်လူမျိုးတို့သည် ချောကလက်ဖျော်ရည်ကို သကြားမပါဘဲ သောက်သုံးကြသည်။ နောက်ပိုင်းတွင် စပိန်လူမျိုးတို့က ချောကလက်ဖျော်ရည်ကို သကြားဖြည့်စွက်၍ သောက်သုံးခဲ့ကြသည်။ အက်ဇ်လက်ဇ်လူမျိုးတို့က ချောကလက်ဖျော်ရည်ကို ကရားကြီးထဲမှ ခွက်ထဲသို့ အကြိမ်ကြိမ်အမြှုပ်ထအောင် လှုပ်ကာ လောင်းထည့်ပြီး အမြှုပ်ထနေသော ချောကလက်ဖျော်ရည်ကို နှစ်ခြိုက်ခုံမင်စွာ သောက်သုံးကြသည်။


အာဖရိကတိုက်တွင် ကလေးအလုပ်သမားတစ်ဦး ချောကလက်ထုတ်လုပ်မည့် ကိုကိုးစေ့ကို နေလှန်းနေစဉ်

ဥရောပသို့ ချောကလက်ရောက်ရှိလာပုံ

ချောကလက်သို့မဟုတ် ကိုကိုးစေ့ကို ၁၅၀၀ ပြည့်လွန်နှစ်များကာလတွင် စပိန်တို့က မက္ကဆီကိုနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် ဥရောပသို့ စတင်ယူဆောင်ခဲ့ကြသည်။ စပိန်တို့က ကိုကိုးစေ့ကလေးများ၏ တန်ဖိုးကို သိရှိနားလည်သောကြောင့် ကိုကိုးစေ့များကို စပိန်နိုင်ငံသို့ သင်္ဘောများဖြင့် စတင်သယ်ယူခဲ့ကြသည်။ နောက်ပိုင်းတွင် စပိန်နိုင်ငံ၌ ကိုကိုး၏ ခါးသက်သောအရသာကို သကြားရော၍ သောက်သုံးခဲ့ကြသည်။ စပိန်နိုင်ငံတွင် ကိုကိုးဖျော်ရည်ကို အထက်တန်းလွှာကြေးရတတ်လူတန်းစားတို့က နှစ်ပေါင်းသုံးရာ နီးပါးအထိ သီးသန့်သောက်သုံးမှီဝဲခဲ့ကြသည်။ ကိုကိုးစေ့နှင့် သန့်စင်ထားသော သကြားတို့၏ ဈေးနှုန်းမှာ အလွန်ဈေးကြီးသောကြောင့် သာမန်ပြည်သူတို့သောက်သုံးရန် လက်လှမ်းမမီခဲ့ချေ။

သို့ရာတွင် ၁၈၀၀ ပြည့်လွန်နှစ်များကာလတွင် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ပြီး ချောကလက်နှင့် ကိုကိုးအမှုန့်များကို စက်ဖြင့် အမြောက်အမြားထုတ်လုပ်ခဲ့သဖြင့် ချောကလက်ကို လူတန်းစားအလွှာမျိုးစုံတို့ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ခဲ့ကြသည်။

ကမ္ဘာအနှံ့ကိုကိုးပင် ပျံ့နှံ့ပုံ

စပိန်လူမျိုးတို့က ချောကလက်ကို ဥရောပသို့ စတင်မိတ်ဆက်ယူဆောင်လာခဲ့သည်။ ဥရောပတွင် ၁၇ ရာစုအလယ်ပိုင်းကာလအရောက်တွင် ချောကလက်မှာ အလွန်လူကြိုက်များ ရေပန်းစားသောအဖျော်ယမကာသောက်သုံးဖွယ်ရာ တစ်မျိုးဖြစ်လာခဲ့သည်။ စပိန်လူမျိုးတို့က ကိုကိုးပင်ကို အနောက်အင်းဒီးစ်ဒေသနှင့် ဖိလစ်ပိုင်နိုင်ငံသို့ စတင်ယူဆောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဥရောပနိုင်ငံသားတို့က ကိုကိုးပင်ကို အာရှဒေသနှင့် အနောက်အာဖရိကဒေသသို့ စတင်ယူဆောင်စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် အာဖရိကလူမျိုးတက်တေးကွာရှယ်လ်က အိုင်ဗရီကို့စ်နိုင်ငံနှင့် ဂါနာနိုင်ငံတို့ကို ကိုကိုးပင်များကို စတင်ဆောင်ကြဉ်းလာပြီး စိုက်ပျိုးခဲ့ကြသည်။ ကိုကိုးပင်



သည် ရှေးနှစ်သန်းပေါင်းများစွာက တောင်အမေရိကတိုက်မှသည် အင်းဒီးစ်တောင်တန်းအရှေ့ဘက်ဒေသအထိ မူလဇာတိဒေသအဖြစ် စတင်ရှင်သန်ပေါက်ရောက်ခဲ့သည်။

၁၅၀၂ ခုနှစ်က ခရစ္စတိုဖာ ကိုလံဘတ်စ်သည် ၎င်း၏ သင်္ဘောပေါ်သို့ ကုန်စည်အမြောက်အမြားတင်ဆောင်နေစဉ် ကုန်စည်အိတ်တစ်ခုအတွင်းမှ ကိုကိုးစေ့များမတော်တဆဖိတ်စဉ်ကျသွားသဖြင့် ကိုလံဘတ်စ်နှင့် ၎င်း၏ အဖွဲ့သားများက ကိုကိုးစေ့ကလေးများကို စတင်သတိပြုမိခဲ့ကြသည်။ ထို့နောက် ၁၇ နှစ်အကြာတွင် ဟာနန်ကော်တက်ဇ်သည် မက္ကဆီကိုနိုင်ငံကို အောင်နိုင်ခဲ့ပြီး ၎င်းသည် မက္ကဆီနိုင်ငံတွင် နေထိုင်စဉ်အတောအတွင်း ဒေသခံပြည်သူတို့ စွဲမက်နှစ်သက်သော ကိုကိုးဖျော်ရည်ကို မြည်းစမ်းကြည့်ခဲ့ရာ ခါးသက်သောအရသာကြောင့် မနှစ်သက်ခဲ့ချေ။

၎င်းက အဆိုပါ ကိုကိုးစေ့များမှာ လူတို့ စားသုံးရန် ထက်ဝက်များစားသုံးရန် ပိုမိုသင့်တော်ကြောင်း ပြောခဲ့သည်။ ၎င်းသည် အက်ဇ်တက်ခ်အင်ပါယာကို အောင်နိုင်ခဲ့သောအခါ ကိုကိုးစေ့ကလေးများအား ငွေကြေးအဖြစ် ဆက်လက်အသုံးပြုခွင့်ပေးခဲ့သည်။ ဟာနန်ကော်တက်ဇ်သည် အက်ဇ်တက်ခ်လူမျိုးတစ်မျိုးတည်းကိုသာ စစ်အောင်နိုင်ခဲ့သည်မဟုတ်ချေ။ ကာရစ်ဘီယံပင်လယ်အတွင်း၌ ကျွန်းပေါင်း ၃နှင့် ဒေးအမြောက်အမြားရှိသောကြောင့် စပိန်တို့သည် ထိုကျွန်းများကိုလည်း ကျူးကျော်သိမ်းပိုက်နိုင်ခဲ့သည်။

အသိဉာဏ်ပညာကြီးမားသော စပိန်လူမျိုးအချို့က အဆိုပါ ကာရစ်ဘီယံကျွန်းအတော်များများတွင် သကြားအသုံးပြုလျက်ရှိသည်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ကိုကိုးစေ့နှင့် သကြားတို့ဖြင့် ချောကလက်ကို ပြုလုပ်ခဲ့ရာ ချောကလက်အရသာမှာ သိပ်မခါးသက်တော့သဖြင့် အရသာကောင်းမွန်သောအစားအစာဖြစ်လာခဲ့သည်။ ယခုအခါ ချောကလက်အရသာမှာ အလွန်စွဲမက်ဖွယ်ဖြစ်လာသောကြောင့် ကမ္ဘာတစ်နံတစ်လျားရှိလူသားတိုင်းလိုလို ချောကလက်အရသာကို စွဲမက်နှစ်သက်လာခဲ့ကြသည်။ ချောကလက်ကို ကျန်းမာရေးဆေးဖက်ဝင်သောအစားအစာအဖြစ် တွင်ကျယ်စွာ စားသုံးမှီဝဲခဲ့ကြသည်။ ၁၇ ရာစုနှစ်တွင် ကိုကိုးပင်စိုက်ပျိုးရေးခြံရေးစတင်ပေါ်ပေါက်လာခဲ့ပြီး

ချောကလက်များကို ပမာဏအမြောက်အမြားထုတ်လုပ်ပြီး ကမ္ဘာတစ်လွှားသို့ တင်ပို့ရောင်းချခဲ့သည်။

ချောကလက်ထုတ်လုပ်ရေးအသင်းကြီးက ဗယ်လင်တိုင်းဒေးနေ့ (ချစ်သူများနေ့) တွင် ချစ်သူခင်သူ မြတ်နိုးသူများအား အရသာအလွန်ရှိသော ချောကလက်ကို အမြတ်တနိုးလက်ဆောင်ပေးရန် သီးသန့်ထုတ်လုပ်မှုကို ၁၈၆၁ ခုနှစ်တွင် စတင်ထုတ်လုပ်ရောင်းချခဲ့သည်။ ကမ္ဘာကျော်ကက်ဒ်ဘာရီ ချောကလက်ကုမ္ပဏီ (Cadbury's Chocolate Company) ကို တည်ထောင်ခဲ့သော မစ္စတာရစ်ချတ်ဒ်ကက်ဒ်ဘာရီသည် ချောကလက်ကို အတုံးသေးသေးလေးထုတ်လုပ်ပြီး အချစ်၏ အမှတ်သင်္ကေတဖြစ်သော အသည်းနှလုံးပုံစံချောကလက်ဘူးဖြင့် အထူးသီးသန့်ထုတ်လုပ်ရောင်းချရန် အကြံပေါ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဗယ်လင်တိုင်းဒေးနေ့ (ချစ်သူများနေ့)ရောက်လာသောအခါ မစ္စတာရစ်ချတ်ဒ်မျှော်မှန်းထားသကဲ့သို့ပင် စားသုံးသူများက ၎င်း၏ စိတ်ကူးအကြံဉာဏ်ကို နှစ်သက်သဖြင့် ဝယ်ယူအားပေးခဲ့ရာ ၎င်းသည် အမြတ်အစွန်းအမြောက်အမြားရရှိခဲ့သည်။ စားသုံးသူများက ချောကလက်တုံးလှလှကလေးများကို စားသုံးပြီးနောက် အသည်းနှလုံးပုံသဏ္ဌာန်အနီရောင်ချောကလက်ဘူး လှလှလေးကို အမှတ်တရအမြတ်တနိုးသိမ်းဆည်းထားကြသည်။

ကျေးကျွန်စနစ်ဖြင့် ထုတ်လုပ်သော ချောကလက်လုပ်ငန်း

ချောကလက်ကို လူသားတို့က နေ့တိုင်းလိုလို စားသုံးသည်အထိ အသည်းခိုက်အောင် စွဲမက်နှစ်သက်ခဲ့ကြသည်။ သို့ရာတွင် ချောကလက်များမှာ မည်သည့်နေရာမှာ မည်သူတို့က ပြုလုပ်ခဲ့ကြသည်ကို စဉ်းစားမိကြမည်မဟုတ်ချေ။ အကယ်၍ ချောကလက်ထုတ်လုပ်သူများမှာ မည်သူမည်ဝါ ဖြစ်ကြသည်ကို သိရှိရပါက အပြစ်မကင်းသလို ခံစားမိပြီး ချောကလက်စားရသည်ကို မျိုမကျဘဲ ခံစားမိနိုင်ဖွယ်ရှိသည်။

ချောကလက်ကို ကလေးအလုပ်သမားများ၏ လုပ်အားဖြင့် အများဆုံးထုတ်လုပ်ထားခြင်းဖြစ်သည်။ အာဖရိကတိုက်တစ်ခုတည်းမှာပင် ကလေးအလုပ်သမား ၅၆ သန်းမှ ၇၂ သန်းသည် ကိုကိုးပင်စိုက်ပျိုးထုတ်လုပ်ရေး ခြံများတွင် ပင်ပန်းစွာ လုပ်ကိုင်နေကြရသည်။ ထိုကလေးလုပ်သားကလေးများမှာ ကိုကိုးပင်စိုက်ပျိုးရေးခြံများတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ရန် လိမ်ညာလှည့်ဖျားလုပ်ခိုင်းခြင်းခံခဲ့ရသကဲ့သို့ အချို့ကလေးအလုပ်သမားများမှာ ကျေးကျွန်များအဖြစ် ရောင်းစားခြင်းခံခဲ့ရသည်။

သို့ဖြစ်ရာ အဆိုပါ ကလေးအလုပ်သမားလေးများမှာ အရင်းရှင်စိုက်ပျိုးရေးခြံရှင်များအမြတ်အစွန်းရရှိရေးအတွက် ဘဝတစ်သက်တာ တစ်လျှောက်လုံး ကျေးကျွန်အဖြစ် အလုပ်လုပ်ပေးနေကြရသည်။ ကံကောင်းသော ကလေးအလုပ်သမားများက ငှက်ပျောသီး

များ၊ ပြောင်းဖူးများစားပြီး ကောင်းကောင်းနေထိုင်ကြရသော်လည်း ကံဆိုးသော ကလေးအလုပ်သမားများမှာမူ တိရစ္ဆာန်များကဲ့သို့ မကြာခဏ ရိုက်နှက်ခိုင်းစေခြင်းခံကြရသည်။

ချောကလက်အတော်များများမှာ ချောကလက်အစစ်မဟုတ်ချေ

ကမ္ဘာ့ဈေးကွက်တွင် ရောင်းချသော ချောကလက်အတော်များများတွင် တကယ့်ချောကလက်အစစ်ရာခိုင်နှုန်းအနည်းငယ်သာ ပါရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ညိုညိုမည်းမည်းချောကလက်ခဲ (Dark Chocolate)အတွက် စံချိန်စံညွှန်းသတ်မှတ်ထားခြင်းမရှိချေ။ သို့ရာတွင် နို့ချောကလက် (Milk Chocolate)နှင့် မချိုတချိုချောကလက် (Semisweet Chocolate) တို့အတွက်မူ စံသတ်မှတ်ချက်များရှိသည်။ ကမ္ဘာ့နိုင်ငံအချို့တွင်မူ ချောကလက်စံသတ်မှတ်ချက်များမှာ အမျိုးမျိုးကွဲပြားခြားနားသည်။

ဗြိတိန်နိုင်ငံတွင်မူ ချောကလက်အတော်များများတွင် တကယ့်ချောကလက်အစစ်ပမာဏမသိမသာ ပိုမိုများပြားစွာပါရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် နို့ချောကလက်တစ်မျိုးတည်းတွင်သာ ချောကလက်စစ်စစ် ဆယ်ရာခိုင်နှုန်းပါရှိပြီး မချိုတချိုချောကလက်တွင် ချောကလက် ၃၅ ရာခိုင်နှုန်းပါရှိရန် စံသတ်မှတ်ချက်များ သတ်မှတ်ထားသည်။ နို့ချောကလက်တွင် ကိုကိုးထောပတ် (Cocoa Butter)အနည်းဆုံး ၂၀ ရာခိုင်နှုန်းပါရှိရန်စံသတ်မှတ်ထားသည်။

ချောကလက်ပြုလုပ်ပုံ

ချောကလက်ကို ကိုကိုးပင်၏ ကိုကိုးသီးမှ ထုတ်ယူရရှိသော ကိုကိုးစေ့ကလေးများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ကိုကိုး စေ့ကလေးများကို ပူနွေးသော အပူချိန်တွင် အချဉ်ဖောက်ထားရသည်။ ကိုကိုးစေ့က လေးများအချဉ်ပေါက်လာသောအခါ ကိုကိုးစေ့များကို အခြောက်ခံပြီး လှော်ရသည်။ ထိုသို့ လှော်ပြီးသားကိုကိုးစေ့လေးများကို အပိုင်းအစလေးများဖြစ်အောင် ထုခွဲပြီး ကိုကိုးစေ့အခွံများကို ခွဲထုတ်ဖယ်ရှားပစ်ရသည်။

ထို့နောက် ကိုကိုးစေ့အပိုင်းအစကလေးများကို ဆက်လက်ထုချေပြီး ချောကလက်ရည်ရအောင် ပြုလုပ်ပြီး ကိုကိုးထောပတ်နှင့် သကြားတို့ဖြင့် ရောနှောပေါင်းစပ်ပြီး စားချင်စဖွယ် ချောမွတ်ပြောင်လက်တောက်ပနေသော ချောကလက်ခဲကလေးအဖြစ် ထုတ်လုပ်ရသည်။ ထိုအခါ ကျားမအရွယ်သုံးပါး မရွေးလူသားတို့က ထိုညိုညိုမည်းမည်း

မကြာသေးမီက ထုတ်လုပ်ခဲ့သော နို့ချောကလက်

ချောကလက်ခဲကလေးကို နှစ်သက် ခုံမင်စွာ တစ်ရှိုက်မက်မက် ဝယ်ယူစားသုံးကြသည်။

ချောကလက်ပြုလုပ်သော ကိုကိုးစေ့အမျိုးအစား

ကမ္ဘာ့ကိုကိုးဈေးကွက်တွင် အဓိကအားဖြင့် 'Fine or Flavour' ကိုကိုးစေ့အမျိုးအစားနှင့် 'Bulk or Ordinary' ကိုကိုးစေ့အမျိုးအစားဟူ၍ အဓိကကိုကိုးစေ့နှစ်မျိုးကို ချောကလက်ထုတ်လုပ်ရေးအတွက် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ပထမအမျိုးအစားဖြစ်သော 'Fine or Flavour' ကိုကိုးစေ့အမျိုးအစားကို Criollo ကိုကိုးပင်မှ စိုက်ပျိုးထုတ်လုပ်ရရှိသည်။ 'Bulk or Ordinary' ကိုကိုးစေ့အမျိုးအစားကိုမူ Forastero ကိုကိုးပင်အမျိုးအစားမှ စိုက်ပျိုးထုတ်လုပ်ရရှိသည်။

အီကွေဒေါနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော Forastero ကိုကိုးပင်အမျိုးအစားမှ 'Fine or Flavour' ကိုကိုးစေ့အမျိုးအစား ထုတ်လုပ်ရရှိသည်။ ကင်မရွန်းနိုင်ငံတွင် စိုက်ပျိုးသော Trinitario သို့မဟုတ် Criollo ကိုကိုးပင်အမျိုးအစားမှ 'Bulk or Ordinary' ကိုကိုးစေ့အမျိုးအစားထုတ်လုပ်ရရှိသည်။ ထိုကိုကိုးစေ့အမျိုးအစားမှ ထုတ်လုပ်သော ကိုကိုးမှုန့်မှာ ဈေးကွက်တွင် အဝယ်လိုက်နေသော ထူးခြားသည့်အနီရောင်ကိုကိုးမှုန့်များဖြစ်သည်။

ကိုကိုးစေ့အမျိုးအစားများဖြစ်သော Forastero, Prinitario နှင့် Criollo အမျိုးအစားများအနက် ချောကလက်ထုတ်လုပ်ရေးလုပ်ငန်းတွင် Forastero ကိုကိုးစေ့အမျိုးအစားကိုသာ အများဆုံးအသုံးပြုလျက်ရှိသည်။ Trinitario ကိုကိုးစေ့အမျိုးအစားမှာ Forastero ကိုကိုးစေ့၏ စပ်မျိုးတစ်မျိုးဖြစ်သည်။ Criollo ကိုကိုးစေ့အမျိုးအစားကို အတိတ်တစ်ချိန်က အများဆုံးအသုံးပြုခဲ့သော်လည်း လွန်ခဲ့သော နှစ်ရာကျော်ကာလမှစ၍ Forastero ကိုကိုးစေ့အမျိုးအစားက အစားထိုးနေရာယူခဲ့သည်။ သို့ရာတွင် Criollo ကိုကိုးစေ့အမျိုးအစားမှာ ယနေ့ခေတ်စိုက်ပျိုးထုတ်လုပ်သော ကိုကိုးစေ့အမျိုးအစားများအနက် ၅ ရာခိုင်နှုန်းမျှသာ ရှိသောကြောင့် ၎င်း၏ ထူးခြားသောအရသာကို တန်ဖိုးထားကြသည်။

မကြာသေးမီက တီထွင်ထုတ်လုပ်ခဲ့သော နို့ချောကလက်

မကြာသေးမီက ညိုညိုမည်းမည်းချောကလက်ခဲ Dark Chocolate မှာ ရေပန်းစားလူကြိုက်များလာခဲ့သည်။ သို့ရာတွင် ညိုညိုမည်းမည်းချောကလက်မှာ နို့ချောကလက်လောက် ရေပန်းမစားချေ။ နို့ချောကလက်ကို ၁၈၇၅ ခုနှစ်အထိ မတီထွင်ရသေးချေ။ ဥရောပတွင် ပထမဦးဆုံးတီထွင်သော ချောကလက်ကို ကိုကိုးထောပတ်တစ်ဝက်ခန့်ဖယ်ထုတ်ပြီးနောက် ကျန်ရစ်သော ချောကလက်ကိုခါးသော အရသာလျော့ပါးသွားအောင် ဆားအနည်းငယ်ရောပြီး ထုတ်လုပ်ခဲ့ရာ Dutch Cocoa ချောကလက်ဟု ထင်ရှားကျော်ကြားခဲ့သည်။

နို့ချောကလက်မှာ အဆိုပါ Dutch Cocoa ချောကလက်မှုန့်နှင့် နို့ဆီကို ရောနှောပြုလုပ်ခဲ့ရာမှ စတင်ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ နို့ချောကလက်ကို Nestle အမည်ရှိ အမျိုးသားက မကြာသေးမီက တီထွင်နိုင်ခဲ့သည်။ နောက်ချောကလက်တစ်မျိုးမှာ ချောကလက်ဖြူ White Chocolate တွင် ကိုကိုးအတုံးအခဲမပါဘဲ ကိုကိုးထောပတ်၊ သကြား၊ နွားနို့ဖြင့် ပြုလုပ်ထားရာ နို့ချောကလက်နှင့် အရသာဆင်တူသော်လည်း အရသာမှာ နို့ချောကလက်ထက်များစွာ ပိုချိုသည်။

ချောကလက်ကို လူတို့နှစ်သက်ခုံမင်စွာ စားသုံးနေကြသော်လည်း ချောကလက်တွင် ကျန်းမာရေးအကျိုးကျေးဇူးအများအပြားရှိသည်ကို သတိမပြုမိကြချေ။ ချောကလက်သည် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်ကိုလည်း လျှော့ချပေးနိုင်စွမ်းရှိသည်။ ချောကလက်သည် ခန္ဓာကိုယ်အတွင်းရှိ ကောင်းသော ကိုလက်စထရောလ်များ တိုးပွားလာအောင် အထောက်အကူပြုသဖြင့် နှလုံးရောဂါကိုလည်း တားဆီးကာကွယ်သည်။ ထို့ပြင် ချောကလက်သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကျန်းမာရေးအတွက် အလွန်ကောင်းသည်။ ချောကလက်တွင် ကက်ဖင်းဓာတ်သာမက သီယိုဘရိုမင်းဓာတ်လည်း ပါဝင်သည်။ ထိုသီယိုဘရိုမင်းဓာတ်သည် သွေးဖိအားမြင့်မားမှု (သွေးတိုးရောဂါ)ကို ကုသရာတွင် အသုံးပြုလေ့ရှိသည်။ ယခုအခါ အဆိုပါ သီယိုဘရိုမင်းဓာတ်ကို ကင်ဆာရောဂါ ကုသရာတွင် အသုံးပြုနိုင်ရန် စမ်းသပ်လျက်ရှိသည်။

ယနေ့မျက်မှောက်ကာလတွင် ချောကလက်ထုတ်လုပ်နိုင်သည့် ကိုကိုးပင် အမြောက်အမြားစိုက်ပျိုးသော လက်တင်အမေရိကတွင် အပင်ရောဂါကျရောက်နေသဖြင့် ချောကလက်ရှားပါးပြတ်လပ်လျက်ရှိသည်။ သို့ရာတွင် ထိုအပင်ရောဂါမှာ ကိုကိုးပင်စိုက်ပျိုးသော အာဖရိကတိုက်သို့ မပျံ့နှံ့သေးချေ။ အကယ်၍ ကိုကိုးစိုက်တောင်သူများ ရောဂါကို မထိန်းချုပ်နိုင်ပါက ချောကလက်ထုတ်လုပ်မှု ကျဆင်းလာသဖြင့်ချောကလက်ဈေးနှုန်းမြင့်တက်လာ နိုင်ဖွယ်ရှိသည်။ အာဖရိကတိုက်တွင်လည်း အပင်ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိသော်လည်း မကြာသေးမီက မိုးခေါင်မှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုမှာ အခြေအနေပိုဆိုးလာခဲ့ပေသည်။

ပိုင်စိုးဟန်

ကိုသောင်းမြင့် (ခ) ဘီလား

ကားလေအေးစက်အထွေထွေပြုပြင်ရေးနှင့် အပိုပစ္စည်းအရောင်းဆိုင်

CAR AIR-CON

အမှတ် ၃၅၊ မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

Tel : 501810, 09-5000-444, 09-5100229, 09-5180133

RUBY FAMILY

Generator Sales & Repaires

ဒေါ်တင့်တင့်အောင် (RUBY FAMILY)

တရိန်းဝန်ဆောင်မှုလုပ်ငန်းနှင့် မီးစက်အမျိုးမျိုး

(10 KW မှ 150 KW) အထိ ပြုပြင်၊ ငှားရမ်း၊ တပ်ဆင်၊ ရောင်းဝယ်ရေး



24 Hours (Services)

REMOTE CONTROL

မေတ္တာလက်ဆောင်ထည့်ပေးပါသည်။



အမှတ်(1-A)၊ မြေညီထပ်၊ အ·လ·က(၆) ကျောင်းရှေ့ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

09-5177466, 09-5504644, 09-73150417, 09-47225480,
09-8635694, ☎ 01-522497

"လောကကြီးမှာ ဆိတ်ဆိတ်လေးငြိမ်နေရမလား ဒါမှမဟုတ်ရင် ဆန့်ကျင်ကန့်ကွက်ရမလားဆိုပြီး ရွေးချယ်ရမယ့်အဖြစ်မျိုးနဲ့ ကြုံရတတ်တဲ့အချိန်ရှိပါတယ်" ဟု မာလာလာယူဆက်ဖ်ဇိုင်းက ပြောခဲ့ဖူးသည်။ လူ့အခွင့်အရေးလှုပ်ရှားမှုများတွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သော အာဂအမျိုးသမီးသူရဲကောင်းများက အခြေခံလူ့အခွင့်အရေးများနှင့် လူသားအချင်းချင်း တန်းတူညီမျှမှုရှိရေးတို့အတွက် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဆင်နွှဲခဲ့ကြသည်။ ၎င်းတို့၏ အားကြိုးမာန်တက်ကြိုးပမ်းအားထုတ်မှုများကြောင့် အောင်မြင်မှုလေးများ ရရှိခဲ့သည်။ သို့တိုင်အောင် ၎င်းတို့သည် လူ့အခွင့်အရေးအပြည့်အဝရရှိရေးအတွက် ဖွဲ လုံ့ဝမလျှော့ဘဲ ဆက်လက်တိုက်ပွဲဆင်နွှဲလျက်ရှိသည်။

မာလာလာယူဆက်ဖ်ဇိုင်း

မာလာလာယူဆက်ဖ်ဇိုင်းကို ၁၉၉၇ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ မာလာလာ၏ မိသားစုသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများဆောင်ရွက်ရေးနှင့် ပညာလေ့လာဆည်းပူးရေးမှာ လောကကြီးတွင်အရေးပါအရာရောက်ဆုံးဖြစ်သည်ဟု ခံယူထားကြသည်။ မာလာလာအတွေးအခေါ် အသိဉာဏ်ပွင့်လင်းလာစေသော အရာများအနက် သူ၏မွေးသဖခင်ကြီး ဇီယာအူဒင်ယူဆက်ဇိုင်းလည်း ပါဝင်သည်။ မာလာလာ၏ ဖခင်ကြီးသည် စာသင်ကျောင်း၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး ရပ်ရွာအုပ်ချုပ်ရေးမှူးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် မိန်းကလေးများအား ပညာသင်ကြားပေးသင့်သည်ဟု ယုံကြည်ယူဆထားသူဖြစ်သည်။ မာလာလာနှင့် သူ၏ဖခင်ကြီးတို့၏ ပညာရေးအပေါ်ရပ်တည်ချက်ကို ၂၀၀၇ ခုနှစ်က စမ်းသပ်ခံခဲ့ရသည်။ ၂၀၀၇ ခုနှစ်က တာလီဘန်များသည် သူ၏ဇာတိဌာနေ ကျေးလက်တောရွာကလေးကို ကြီးစိုးလွှမ်းမိုးခဲ့စဉ်က မာလာလာသည် တာလီဘန်တို့၏အုပ်ချုပ်မင်းလုပ်မှုလက်ထက်တွင် လူမဆန်သောနိပ်စက်ညှဉ်းပန်းမှုများကို မျက်မြင်ဒိဋ္ဌကြုံတွေ့ခဲ့ရသည်။

လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သော အာဂအမျိုးသမီးများ

နေ့ထက်

စစ်သွေးကြွအစွန်းရောက် တာလီဘန်အဖွဲ့သည် လူသတ်သမားများ၊ အိမ်ထောင်ရေးဖောက်ပြန်သူများကို လူရှေ့သူရှေ့တွင် ကွပ်မျက်သုတ်သင်ပစ်သကဲ့သို့ သူများဥစ္စာခိုးယူသူများအား လက်ဖြတ်ပစ်ခြင်းနှင့် ရုပ်မြင်သံကြား၊ ရုပ်ရှင်ဇာတ်ကားကြည့်ရှုခြင်းနှင့် တေးဂီတသီဆိုနားထောင်ခြင်းတို့ကို ပိတ်ပင်တားမြစ်ခဲ့သည်။ နောက်ဆုံးတွင် မာလာလာတို့သားအဖနှစ်ဦးစလုံး လုံးဝသည်းမခံနိုင်တော့သောဖြစ်ရပ်မှာ မိန်းမပျိုကလေးများအား ပညာဆည်းပူးရေး ကို တားမြစ်ပိတ်ပင်သောမူဝါဒကို ချမှတ်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

မာလာလာနှင့် သူ၏ကျောင်းတက်ဖော်မိန်းကလေးများက မိန်းကလေးမှန်းမသိအောင် ခပ်ပွပွအဝတ်အစားများကို ဝတ်ဆင်ပြီး ကျောင်းဆက်တက်ခဲ့ကြသည်။ မာလာလာ၏ သူရသတ္တိပြောင်မြောက်မှုမှာ ဤမျှနှင့် အဆုံးမသတ်သွားသေးချေ။ မာလာလာသည် BBC ဘလော့ဂ်တွင် တာလီဘန်အစွန်းရောက်စစ်သွေးကြွအဖွဲ့၏ ရက်စက်ကြမ်းမှုများအကြောင်းကို ရေးသားဖော်ပြခဲ့သည်။

မာလာလာ၏ ရင်ဖွင့်သံမှာ ထင်ရှားကျော်ကြားလာခဲ့သောကြောင့် ပါကစ္စတန်တပ်မတော်က မာလာလာ၏ ဇာတိဌာနေ စ ဝပ်တ်တောင်ကြား ကျေးလက်တောရွာကလေးတွင် တာလီဘန်အဖွဲ့ကို လာရောက်တိုက်ခိုက်နှိမ်နင်းပေးခဲ့သည်။ နောက်ပိုင်းတွင် မာလာလာက လူ့အခွင့်အရေးအကြောင်းကို ပိုမိုပြောကြားလာခဲ့သည်။ မာလာလာသည် နိုင်ငံတကာမှတ်တမ်းရုပ်ရှင်များထဲတွင် ရိုက်ကူးဖော်ပြခြင်းခံခဲ့ရပြီး ယူနီဆက်ဖ်ညီလာခံတွင် ပြည်သူလူထုအား ပညာသင်ကြားခွင့်ရရှိရေးအတွက် လူ့အခွင့်အရေးဆိုင်ရာသတင်းအမှာစကား ပြောကြားခဲ့သည်။

မာလာလာ၏ လူ့အခွင့်အရေးလှုပ်ရှားမှုများကို အထူးသတိပြုမိသော အစွန်းရောက်စစ်သွေးကြွအဖွဲ့ တာလီဘန်တို့က ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် မိန်းကလေးများအနေဖြင့် ပညာမသင်ကြားသင့်ကြောင်း သတိပေးသည့်အနေဖြင့်

လေးမားဘိုဝီး

သူ၏ ဦးခေါင်းဘယ်ဘက်အခြမ်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ တာလီဘန်တို့က မာလာလာကို လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းအားထုတ်ခဲ့သည့်သတင်းမှာ တောမီးပမာကမ္ဘာအနှံ့ပျံ့နှံ့သွားခဲ့သည်။ မိန်းကလေးငယ်များ ပညာသင်ကြားခွင့်ရရှိရေးအတွက် လူ့အခွင့်အရေး တက်ကြွစွာ လှုပ်ရှားခဲ့သော မာလာလာသည် ၂၀၁၄ ခုနှစ်က ငြိမ်းချမ်းရေးနိုဘယ်ဆုကိုထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံသူနိုင်ငံသား ထောင်ပေါင်းများစွာက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဆန့်ကျင်သည့် လူထုစုဝေးပွဲကြီးများတွင် ပါဝင်ပူးပေါင်းခဲ့ပြီး ဒီမိုကရေစီရရှိရေးအတွက် စတင်ကြိုးပမ်းအားထုတ်ခဲ့သည်။ လွတ်လပ်ရေးဖခင်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် အမှောင်ကျနေသော ခေတ်ကာလကြီးအတောအတွင်း၌ မြန်မာပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဖခင်ကြီး၏ ခြေရာကိုနင်းပြီး တိုက်ပွဲဆင်နွှဲခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ လူထုဆန္ဒထုတ်ဖော်ပွဲများတွင် ရဲရင့်စွာဟောပြောခဲ့ခြင်းကြောင့် မြန်မာပြည်သူလူထုကြီး၏ ဒီမိုကရေစီလိုလားတောင့်တမှုမှာ ပြင်းထန်လာခဲ့သည်။ စစ်အစိုးရသည် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများအား ပစ်သတ်ခဲ့ပြီး ဆန္ဒပြပွဲကြီးများကို ဦးဆောင်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် စစ်သားများက သူ့အား မော်တော်ကားအတွင်း၌ ရက်ပေါင်းများစွာ ချောင်ပိတ်မိနေအောင် တားဆီးထားခြင်းနှင့် ငွေပေးခိုင်းထားသော လူဆိုးလူမိုက်များက သူ့ကို ထောက်ခံအားပေးသူများအား တိုက်ခိုက်ခြင်း စသော ပြင်းထန်ကြမ်းတမ်းသည့် ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း လုံးဝမမှုဘဲ သူမ၏ယုံကြည်ချက်အတိုင်း ဒီမိုကရေစီအရေးကို ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံလွှတ်တော်တွင် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ခြင်းခံခဲ့ရသည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရရှိရေး ရည်မှန်းချက်မှာ ခိုင်မာနေဆဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီရရှိရေး၊ စစ်မှန်သောရွေးကောက်ပွဲများ ကျင်းပနိုင်ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် စစ်အစိုးရ၏ အင်အားသုံးဖိနှိပ်မှုအဆုံးသတ်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့သည်။

လေးမားဘိုဝီး

၂၀၁၂ ခုနှစ်က လေးမားဘိုဝီးသည် လိုင်ဘေးရီးယားနိုင်ငံမှ အမျိုးသမီးများ၏

ဘဝအခြေအနေအကြောင်းကို ရင်ဖွင့်ခဲ့သည်။ ဆယ်ကျော်သက်မိန်းကလေးတစ်ဦးသည် ပညာသင်ကြေးရရှိရန်အတွက် နေ့စဉ်နှင့်အမျှ အလိုမတူဘဲ သားမယားပြုကျင့်ခံခဲ့ရကြောင်း၊ အခြားအမျိုးသမီးတစ်ဦးကမူ ပညာဆည်းပူးနိုင်ရန်အတွက် အချိုရည်များ၊ ရေနှင့် စိတ်ကူးရသမျှပစ္စည်းများကို ရောင်းချခဲ့ကြောင်း၊ သူသည် ရှာဖွေရရှိမှုငွေများကို မိမိဘာသာ သုံးစွဲမည့်အစား ညီမများကို ပညာသင်စရိတ်အဖြစ် ပေးခဲ့ကြောင်း ပြောပြသည်။ မိခင်တစ်ဦးက ဘိုဝီးကို သူ့သမီးအားမွေးစားရန် မေတ္တာရပ်ခံခဲ့သော်လည်း ဘိုဝီးအနေဖြင့် ထိုမိန်းကလေးအား မမွေးစားနိုင်ခဲ့ကြောင်း၊ ပစ်ဂ်အမည်ရှိ မိဘမဲ့ကလေးတစ်ဦးကလည်း ဘိုဝီးအား သူ့ကို မွေးစားရန်တောင်းပန်ခဲ့သော်လည်း ဘိုဝီးအနေဖြင့် မမွေးစားနိုင်ခဲ့ကြောင်း ပြောပြသည်။

ထိုသို့ မွေးစားရန် ငြင်းဆန်ခဲ့ရသည့် အကြောင်းရင်းမှာ ဘိုဝီးသည် လင်ယောက်ျားမရှိဘဲ မိခင်တစ်ဦးတည်းက သားသမီးလေးယောက်ကို ရှာဖွေကျွေးမွေးနေရသောကြောင့် ဖြစ်ကြောင်း ရှင်းပြသည်။ ဘိုဝီးသည် ချွတ်ခြုံကျမွဲတေနေပြီး ခြူးတစ်ပြားမှ မရှိသဖြင့် သူ၏မိဘများနှင့် အတူနေထိုင်နေရကြောင်း၊ သူ၏နောက်ဆုံးဖာတ်လမ်းမှာ ဘိုဝီး၏သားဖြစ်သူက ဒိုးနပ်အချိုမုန့်ကို စားချင်ကြောင်း သူ့အနေဖြင့် သားငယ်ပိုက်ဆာ၍ ပူဆာနေသော်လည်း ပိုက်ဆံမရှိသဖြင့် ဘာမျှမတတ်နိုင်ကြောင်း ပြောပြသည်။

သူ့အနေဖြင့် သားငယ်၏ ဆန္ဒကို မဖြည့်ဆည်းပေးနိုင်သဖြင့် မိမိကိုယ်ကိုယ် ဒေါသဖြစ်မိသလို စိတ်ပျက်အားငယ်မိကြောင်း ရင်ဖွင့်ခဲ့သည်။ သို့ဖြစ်ရာ သူ့အနေဖြင့် လိုင်ဘေးရီးယားနိုင်ငံ၏သမိုင်းကို ပြောင်းလဲပစ်မည့် လူ့အခွင့်အရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ကြောင်း ပြောပြသည်။

ဘိုဝီးဦးဆောင်သော လိုင်ဘေးရီးယားအမျိုးသမီးများသည် ဒေသန္တရငါးဈေးတွင် ထိုင်သပိတ်မှောက်ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့က အကြင်နာတရားခေါင်းပါးသော သမ္မတ တေလာအား ၎င်းတို့နှင့်တွေ့ဆုံဆွေးနွေးရန် သဘောမတူပါက လုံးဝမထဘဲ ဆက်လက်ဆန္ဒပြမည့်အကြောင်း အသိပေးခဲ့ကြသည်။ ဘိုဝီးက လိုင်ဘေးရီးယားသမ္မတနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့သောအခါ "ကျွန်မတို့အနေနဲ့ ကလေးတွေ အသတ်ခံနေရတာတွေကို ဆက်ပြီးသည်းမခံနိုင်တော့ဘူး၊ မိန်းကလေးတွေ သားမယားပြုကျင့်ခံနေရတာတွေကိုလည်း ဆက်ပြီးသည်းမခံနိုင်တော့ဘူးလို့ ရင်ဖွင့်ခဲ့သည်။

သို့ဖြင့် လိုင်ဘေးရီးယားသမ္မတ တေလာမှာ ရာထူးမှနုတ်ထွက်ပေးခဲ့ရပြီး ဘိုဝီးက အယ်လင်ဂျွန်ဆင်အနေဖြင့် လိုင်ဘေးရီးယားနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးသမ္မတဖြစ်လာရန် လမ်းခင်းပေးနိုင်ခဲ့သည်။ ဘိုဝီး၏ လူ့အခွင့်အရေးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်မှုကြောင့် လိုင်ဘေးရီးယားနိုင်ငံမှာ အမျိုးသမီးများနှင့် ကလေး သူငယ်များအတွက် လူ့အခွင့်အရေး ရှိသော နိုင်ငံဖြစ်လာခဲ့သည်။

ရှီရင်အက်ဘာဒီ

ရှီရင်အက်ဘာဒီသည် အီရန်နိုင်ငံမှ လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးဖြစ်သည်။ အီရန်နိုင်ငံသည် ပြောင်းလဲမှုကိုလက်မခံဘဲ ရှေးရိုးဝါဒကို ကျင့်သုံးသောနိုင်ငံအဖြစ် ထင်ရှားကျော်ကြားသည်။ အက်ဘာဒီ အီရန်နိုင်ငံ၏ပထမဦးဆုံးအမျိုးသမီး တရားသူကြီးဖြစ်ပြီး သူ့အား အမျိုးသမီးတစ်ဦးဖြစ်နေခြင်းကြောင့် တရားရုံးစာရေးအဖြစ်သို့ ရာထူးချခဲ့သည်။


စီမာစာမား

သို့ဖြစ်ရာ အက်ဘာဒီသည် ၁၉၇၉ ခုနှစ်တွင် တရားမမျှတမှုကြောင့် လူ့အခွင့်အရေးလှုပ်ရှားသူဖြစ်လာခဲ့သည်။ သူသည် တရားသူကြီးရာထူးကို လက်လွှတ်ဆုံးရှုံးခဲ့သာကြောင့် အလွန်ဆိုးရွားသော မတရားမှုကို တွန်းလှန်ရန် တိုက်ပွဲဆင်နွှဲရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ သူမသည် ရှေ့နေတစ်ဦးအဖြစ် အမျိုးသမီး စသော အကာအကွယ်အမဲ့ဆုံးနိုင်ငံသားများအတွက် ရှေ့မှ မားမားမတ်မတ်ရပ်ကာကွယ်ပေးခဲ့သကဲ့သို့နိုင်ငံရေး တော်လှန်ရေးသမားများအတွက်လည်း ခုခံကာကွယ်ပေးခဲ့သည်။

ထို့ပြင် သူသည် လင်မယားကွာရှင်းပြတ်စဲမှု၊ အမွေဆက်ခံမှုနှင့် ကလေးအုပ်ထိန်းမှု စသော အီရန် မိသားစု တရားဥပဒေများ ပြောင်းလဲလာစေရန် ဦးဆောင်ပြီး ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။ သူ၏ အပြောင်းအလဲဖြစ်ပေါ်လာအောင် ကြိုးပမ်းမှုကြောင့် သူ၏ လွတ်လပ်မှုဆုံးရှုံးခဲ့ရပြီး အချုပ်ခန်းတွင် ရက်သတ္တပတ်သုံးပတ် အကျဉ်းကျခံခဲ့ရသည်။ ထို့ပြင် သူ့အား တရားဥပဒေအလုပ် ငါးနှစ်ပိတ်ပင်ခြင်းခံခဲ့ရသည်။

သို့ရာတွင် အဆိုပါ အတားအဆီးအချုပ်အနှောင်များကြားမှ သူသည် အဓိက အောင်မြင်မှုကြီး ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အက်ဘာဒီသည် ပထမဦးဆုံး မွတ်စလင်အမျိုးသမီးတစ်ဦးအဖြစ် ငြိမ်းချမ်းရေး

နိုဘယ်ဆုကြီးကို လက်ခံရရှိခဲ့သည်။ ယခုအခါ သူသည် လက်ရှိသူ၏ အနေအထားကို အသုံးပြုပြီး ဒေသန္တရနှင့် ကမ္ဘာတစ်ဝန်းလုံးကို လူ့အခွင့်အရေးလှုပ်ရှားမှုသတိပြုမိလာစေရေးအတွက် လှုံ့ဆော်တိုက်တွန်းရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

တာဝါ့ခ်ခေါလ်ကာမင်

ကမ္ဘာ့စီးပွားရေးဖိုရမ်က ယီမင်နိုင်ငံကို အမျိုးသမီးတစ်ဦးအဖို့နေထိုင်ရန် အခြေအနေအဆိုးရွားဆုံးနိုင်ငံအဖြစ် သတ်မှတ်ခဲ့သည်။ ယီမင်အမျိုးသမီးများမှာ အိမ်ထဲ၌သာ နေထိုင်ရန်၊ အလုပ်အကိုင်မလုပ်ရန်နှင့် ပညာသင်ကြားဆည်းပူးခြင်းမပြုရန် ဖိအားပေးတားမြစ်ပိတ်ပင်ခြင်းခံခဲ့ရသည်။ ငယ်ရွယ်နုပျိုသော မိန်းကလေးများကို အသက်ရှစ်နှစ်အရွယ်မှစ၍ အိမ်ထောင်ပြုရန် အတင်းအဓမ္မခိုင်းစေခြင်း၊ လင်မယားပြတ်စဲရာတွင် အခွင့်အရေး မညီမျှခြင်း၊ အမွေဆက်ခံခွင့်နှင့် အုပ်ထိန်းခံရမှုတို့တွင်လည်း အခွင့်အရေး မညီမျှခြင်း ခံခဲ့ရသည်။

ယီမင်နိုင်ငံတွင် အမျိုးသမီးများချည်းသာ ဘေးဒုက္ခသည်များ ဖြစ်ကြရသည်မဟုတ်ချေ။ ယီမင်နိုင်ငံတွင် လူ့အခွင့်အရေးပြဿနာအမြောက်အမြားရှိသည်။ ထိုနိုင်ငံ၌ စာနယ်ဇင်းသတင်းသမားများ တိုက်ခိုက်ခံရခြင်း၊ ကလေးများအား အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်း၊ ရာဇဝတ်မှု ကျူးလွန်သော လူငယ်လေးများအား သေဒဏ်ချမှတ်ခြင်းစသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

အဆိုပါ ဆိုးရွားလှသော ခေတ်ကာလတွင် တော်လှန်ရေး၏ မိခင်ဟု ခေါ်ဆိုအပ်သော တာဝါ့ခ်ခေါလ်ကာမင်သည် ယီမင်နိုင်ငံရှိလူသားတိုင်းအတွက် လူ့အခွင့်အရေးရရှိရေးအတွက် တစ်စိုက်မတ်မတ်တိုက်ပွဲဝင်ခဲ့သည်။ သို့ဖြင့် သူ၏ နာမည်မှာ ထင်ရှားကျော်ကြားလာခဲ့ပြီး သူသည် နှောင်ကြိုးမဲ့ အမျိုးသမီး စာနယ်ဇင်းသတင်းသမား အဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုအဖွဲ့အစည်းသည် မီဒီယာလုပ်သားများ၏ အခွင့်အရေးများကို မြှင့်တင်ရန်လည်းကောင်း၊ အလွန်အမင်း တရားမမျှတမှု အခြေအနေများကို ဖြေရှင်းရန်လည်းကောင်း ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်သည်။



သူသည် ယီမင်နိုင်ငံ အုံကြွမှုကို ဦးဆောင်ခဲ့မှုကြောင့် သံမဏိအမျိုးသမီးနှင့် တော်လှန်ရေးမိခင်ဟူသော ဂုဏ်ပုဒ်များဖြင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။ ယီမင်နိုင်ငံတွင် တော်လှန်ရေးကာလ ကိုးလတာကာလအတွင်း သူ၏ သဘောထားရပ်တည်ချက်များကြောင့် ယီမင်လူငယ်ကန့်ကွက်သူ ထောင်ပေါင်းများစွာက နိုင်ငံရေးအပြောင်းအလဲအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ ယီမင်အစိုးရက တက်ကြွစွာလှုပ်ရှားမှုများကြောင့် သူ့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရာ ဆန့်ကျင်ဆန္ဒပြသူများ၏ ဒေါသမီးကို လောင်စာဆီ လောင်းပေးသကဲ့သို့ ဖြစ်သွားသောကြောင့် ပိုမိုကြီးမားပြင်းထန်သော ဆန့်ကျင်ဆန္ဒပြမှုကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ သို့ဖြစ်ရာ ယီမင်တစ်နိုင်ငံလုံး ဆန္ဒပြဆန့်ကျင်အုံကြွမှုကြီး ကူးစက်ပျံ့နှံ့သွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တာဝါ့ခ်ခေါလ်ကာမင်သည် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ သို့ရာတွင် ယီမင်နိုင်ငံတွင် ဟူသီသူပုန်များ၏ ခြိမ်းခြောက်မှုဘေးအန္တရာယ်ဆက်လက်ရှိနေဆဲဖြစ်သောကြောင့် ယီမင်နိုင်ငံတွင် လူ့အခွင့်အရေးတိုက်ပွဲမှာ ပြီးဆုံးသွားခြင်းမရှိဘဲ ဆက်လက်တိုက်ပွဲဝင်သွားရန် လိုအပ်နေသည်။

အိုလီဘီယာဂယ်လီ အီဇက်ခ်ဝီစီလီ

လွန်ခဲ့သော ၂၀၁၄ ခုနှစ်က ဘိုကိုဟာရမ် အစွန်းရောက်စစ်သွေးကြွအဖွဲ့သည် မိန်းကလေးအဆောင်ကို ဝင်စီးခဲ့ပြီး ကျောင်းသူအယောက် ၂၀၀ ကို ပြန်ပေးဆွဲသွားခဲ့သည်။ အဆိုပါ ထိတ်လန့်တုန်လှုပ်ဖွယ်ဖြစ်ရပ်ကြောင့် "Bring Back Our Girls" လှုပ်ရှားမှုပေါ်ပေါက်လာပြီး လူမှုရေးမီဒီယာများတွင် ထိုသတင်း တောမီးပမာပျံ့နှံ့သွားခဲ့သည်။ အမေရိကန်သမ္မတကတော် မီရှယ်လ်အိုဘားမား၊ မာလာလာယူဆက်ဖ်ဇိုင်းနှင့် အမ်မာဝ့ါတ်ဆင်တို့ကလည်း ထိုလုပ်ရပ်အပေါ် ဒေါသအမျက်ထွက်ခဲ့ကြသဖြင့် လူမှုရေးမီဒီယာမှ ဆန့်ကျင်ခဲ့ကြသည်။

ယခင်နိုင်ဂျီးရီးယား ပညာရေးဝန်ကြီးဟောင်း၊ အာဖရိကနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ အိုဘီယာဂယ်လီသည် အစိုးရအေဂျင်စီများ၊ ရုပ်မြင်သံကြားဌာနများနှင့် နိုင်ငံရေးသမားများနှင့် ဆက်သွယ်ပြီး ကျောင်းသူလေးများ ပြန်လည်ရရှိရေးအတွက် ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းခဲ့သည်။ သူ၏ကြိုးပမ်းအားထုတ်မှုကို နိုင်ဂျီးရီးယားအစိုးရနှင့် မီဒီယာများက လျစ်လျူရှုခဲ့မှုကြောင့် သူသည် ဒေါသထွက်ပြီး အခြား နိုင်ဂျီးရီးယားအမျိုးသမီးသုံးဦးနှင့် လက်တွဲ ပူးပေါင်းပြီး Bring Back Our Girls လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည်။

သို့ဖြင့် သူသည် နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့တော် အဘူဂျာမြို့တွင် ထိုလှုပ်ရှားမှုကို စတင်ခဲ့သည်။ ထို့နောက် လူမှုရေးကွန်ရက် Twitter ဝက်ဘ်ဆိုက်တွင် သူ၏ လှုပ်ရှားမှုမှာ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။

ရာနီယာမိဖုရား

ဂျော်ဒန်နိုင်ငံမှ အိမ်ရှေ့မင်းသား အဗ္ဗဒူလာဘင်အယ်လ်ဟူစိန်(ဒုတိယမြောက်)သည် ၁၉၉၉ ခုနှစ်တွင် ဘုရင်အဖြစ် နန်းတက်ခဲ့သောအခါ ရာနီယာအယ်လ်အဗ္ဗဒူလာသည် မိဖုရားဖြစ်လာခဲ့သည်။ ရာနီယာသည် ချောမောလှပပြီး ချမ်းသာကြွယ်ဝသော မိဖုရားတစ်ဦးမျှသာဖြစ်သည်ဟု ယူဆထားလျှင် တက်တက်စင်လွဲမှားသွားမည်ဖြစ်သည်။ သူသည် လူ့အခွင့်အရေးအတွက် တက်ကြွစွာလှုပ်ရှားသော အမျိုးသမီးအချို့အနက် တစ်ဦးအပါအဝင်ဖြစ်သည်။

မိဖုရားရာနီယာသည် မိဖုရားဟူသော ဂုဏ်ပုဒ်ကိုအသုံးပြုပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေးအတွက် ထောက်ခံခဲ့သူဖြစ်သည်။ သူသည် ဂျော်ဒန်နိုင်ငံ၏ လူ့အခွင့်အရေးကော်မရှင်၏ အကြီးအကဲတစ်ဦးဖြစ်ပြီး မိသားစုဘဝလုံခြုံရေးကောင်စီနှင့် ယူနီဆက်အဖွဲ့ကြီး၏ Global Leadarship Initiative အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

ရာနီယာမိဖုရားသည် အရှေ့အလယ်ပိုင်း ဒေသတွင် တရားမျှတမှုမရှိသော တရားဥပဒေများနှင့် တရားစီရင်ရေးအလေ့အကျင့်များပြောင်းလဲ သွားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရာနီယာမိဖုရား၏ ကြိုးပမ်းအားထုတ်မှုများမှာ လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုထုံးတမ်းဓလေ့များအကြား ချိန်ခွင်လျှာဟန်ချက်ညီမျှမှုရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ရာနီယာသည် ခေတ်မီ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာကိုလည်း မြှင့်တင်ပေးရန် လိုလားသူဖြစ်သည်။

သူက သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်လာအောင် အဆင့်မြှင့်တင်ပေးခြင်းသည် ပညာရေးအရည်အသွေးတိုးတက်မြင့်မားလာရေးအတွက် အခရာဖြစ်ကြောင်း ယုံကြည်ယူဆထားသည်။

လျူဒ်မီလာအလက်ဇ်ဇီယာဗာ

အသက် ၈၅ နှစ်အရွယ်ရှိပြီဖြစ်သော လျူဒ်မီလာအလက်ဇ်ဇီယာဗာသည် လူ့အခွင့်အရေးတက်ကြွစွာလှုပ်ရှားသူဖြစ်ပြီး နှစ်သစ်ကူးအကြိုနေ့က ဆန့်ကျင်ဆန္ဒပြပွဲကြီးတွင် Snow Maiden အဖြစ် ဝတ်စားပြီး အခြားဆန့်ကျင်ဆန္ဒထုတ်ဖော်သူများနှင့်အတူ ဆန္ဒပြခဲ့ရာ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ရဲအရာရှိများက လျူဒ်မီလာမှန်းသိရှိရသောအခါ သူ့အား တောင်းပန်ပြီး ပြန်လွှတ်ပေးခဲ့ကြသည်။ သို့ရာတွင် ထိုလုပ်ရပ်မှာ အချိန်နှောင်းသွားပြီဖြစ်သည်။

ထိုစဉ်က အသက် ၈၂ နှစ်အရွယ်ရှိ လျူဒ်မီလာ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသော ဓာတ်ပုံများမှာ အင်တာနက်တွင် ပျံ့နှံ့သွားခဲ့သဖြင့် နောက်တစ်နေ့မှာပင် ဥရောပပါလီမန်ဥက္ကဋ္ဌ ဂျာရီဘူဇက်ခ်က ရုရှားခေါင်းဆောင်များအား ဝေဖန်ပြစ်တင်ခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း သက်ကြီးရွယ်အိုအဘွားကြီးတစ်ဦးအား နှစ်သစ်ကူးအကြိုနေ့တွင် ဖမ်းဆီးအကျဉ်းချထားမှုကို ပြစ်တင်ရှုတ်ချခဲ့သည်။

၁၉၇၆ ခုနှစ်တွင် လျူဒ်မီလာသည် မော်စကိုဟယ်လ်ဆင်ကီအုပ်စု (MHGMoscow Helsinki Group) ကို တည်ထောင်ခဲ့ပြီး ဆိုဗီယက်ခေတ်ကာလက လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်လေ့လာခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များကာလအတောအတွင်းက သူသည် အစိုးရက တားမြစ်ပိတ်ပင်ထားသော စာပေများကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုပြစ်မှုအတွက် သူ့အား ပြည်နှင်ဒဏ်ပေးခဲ့သောအခါ လျူဒ်မီလာသည် အမေရိကန်ပြည်ထောင်စုတွင် အခြေချခဲ့ပြီး ရုရှားအရာရှိကြီးများ ဒေါမာန်ထပျက်မာန်ရှအောင် Voice of America (VOA), Radio Liberty တို့တွင် အလုပ်လုပ်ခဲ့ပြီး သူ၏ အထင်ရှားအကျော်ကြားဆုံး "Soviet Dissent:Contemporary Movements for National, Religious and Human Rights" စာအုပ်ကို ရေးသားခဲ့သည်။ နောက်ပိုင်း ရုရှားနိုင်ငံသို့ ပြန်လာခွင့်ရရှိခဲ့ သောအခါတွင်လည်း လူ့အခွင့်အရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့သည်။

ဝီမာစာမား

အာဖဂန်နစ္စတန်နိုင်ငံတွင် မိန်းကလေးများအား စက်ဘီးမစီးရန် တားမြစ်ပိတ်ပင်ထားခြင်း၊ အိမ်ပြင်ပတွင် ညဉ့်နက်သည်အထိလည်ပတ်ခြင်းတို့ကို တင်းကျပ်စွာ တားမြစ်ခဲ့သည်။ ထိုအချိန်ကာလများ ပြောင်းလဲလာသကဲ့သို့ ထိုမိန်းကလေးများမှာလည်း မိန်းမပျိုများအဖြစ် အရွယ်ပြောင်းလဲလာခဲ့သည်။ ထိုမိန်းမပျိုကလေးများကို ပညာမသင်ကြားနိုင်အောင် တားမြစ်ပိတ်ပင်ထားသကဲ့သို့ အတင်းအဓမ္မ ပြည့်တန်ဆာများအဖြစ် ခိုင်းစေခဲ့သည်။ ယင်းမှာ အာဖဂန်နစ္စ

တန်နိုင်ငံမှ အမျိုးသမီးများ၏ တကယ့်ဘဝအခြေအနေ အစစ်အမှန်ဖြစ်ပြီး ရှေးရိုးစွဲနိုင်ငံတွင် မှီတင်းနေထိုင်ရသော အမျိုးသမီးများ၏ အနာဂတ်မှာ မှေးမှိန်လျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမျိုးသမီးများမှာ ထိုပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်၌ လူ့အခွင့်အရေးအတွက် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လျက်ရှိသော စီမာစာမားအမည်ရှိ အာဂအမျိုးသမီးမှာ အာဖဂန်နစ္စတန်အဖို့ မျှော်လင့်ချက်ရောင်ခြည်ဖြစ်လာခဲ့သည်။ စီမာစာမားသည် အမျိုးသမီးများအား အသိပညာသင်ကြားပြသပေးသူ၊ ဆင်းရဲနွမ်းပါးသူများအား ဆေးဝါးကုသပေးသူနှင့် လူ့အခွင့်အရေးအတွက် တက်ကြွစွာလှုပ်ရှားသူဖြစ်သည်။

သူသည် ရှူဟာဒါအဖွဲ့ကို တည်ထောင်ခဲ့ပြီး အာဖဂန်နစ္စတန်အမျိုးသမီးများအား ပညာသင်ကြားပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အလေးပေးဆောင်ရွက်ခဲ့သည်။ ယခုအခါ အဆိုပါအဖွဲ့အစည်းသည် ဆေးခန်း ၁၅ ခု၊ ဆေးရုံသုံးရုံနှင့် စာသင်ကျောင်းပေါင်း ၁၀၀ ကျော်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သူသည် အာဖဂန်နစ္စတန်ကြားဖြတ်အာဏာပိုင်အဖွဲ့တွင် နိုင်ငံ၏ပထမဦးဆုံးအမျိုးသမီးရေးရာဝန်ကြီးဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အာဖဂန်နစ္စတန်လူ့အခွင့်အရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

စီမာစာမားသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အမျိုးသမီးများ တန်းတူညီတူလူ့အခွင့်အရေးရရှိရေးအတွက် ဆက်လက်တိုက်ပွဲဆင်နွှဲနေမှုကြောင့် နေ့စဉ်နေ့တိုင်း အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ သူ၏ စိတ်ကူးအကြံဉာဏ်များမှာ ဆန့်ကျင်မှုများနှင့် ကြုံတွေ့ရလျက်ရှိသောကြောင့် သူ့အား သံချပ်ကာကားနှင့် သက်တော်စောင့်လေးဦးဖြင့် ကာကွယ်ပေးထားရသည်။ သို့ရာတွင် အာဂသတ္တိခဲအမျိုးသမီး စီမာစာမားက လုံးဝမမှုဘဲ တန်းတူရည်တူဖြစ်ရေးနှင့် လူ့အခွင့်အရေးရရှိရေးအတွက် ရဲရဲဝံ့ဝံ့တိုက်ပွဲ ဆင်နွှဲလျက်ရှိသည်။

ရှီရင်အက်ဘာဒီ

အမ်မာဝပ်ဆင်

ယနေ့မျက်မှောက်ကာလတွင် လူ့အခွင့်အရေးအတွက် တက်ကြွစွာတိုက်ပွဲဝင်လျက်ရှိသော မိန်းမပျိုကလေးများအနက် ရုပ်ရှင်သရုပ်ဆောင် အမ်မာဝပ်ဆင်သည်လည်း ရှေ့တန်းမှ ပါဝင်ဆင်နွှဲလျက်ရှိသည်။ အမျိုးသားများနှင့် တန်းတူရည်တူ လူ့အခွင့်အရေးရရှိလိုသော အမျိုးသမီးဝါဒ (Feminism) ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားလည်မှုလွဲမှားပြီး အမျိုးသမီးဝါဒလှုပ်ရှားမှုကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။

ပြည်သူလူထုကလည်း အမျိုးသမီးဝါဒီများ၏ လှုပ်ရှားမှုများကို လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများက ကြီးစိုးလွှမ်းမိုးထားသောဝါဒကို ပြစ်တင်ရှုတ်ချပြီး အမျိုးသမီးများ စွမ်းပကား ပိုမိုရှိလာစေရန် ရည်ရွယ်ပြီး လှုပ်ရှားမှုအဖြစ် ရှုမြင်ထားကြသည်။ ခြုံ၍ဆိုရသော် အမျိုးသမီးဝါဒသည် အမျိုးသားများကို တိုက်ပွဲဆင်နွှဲလျက်ရှိသည်ဟု ယူဆထားကြသည်။ ဟယ်ရီပေါ်တာရုပ်ရှင်ဇာတ်ကားတွဲများတွင် ဟာမီယွန်ဂရန်ဂါဇာတ်ရုပ်အဖြစ် သရုပ်ဆောင်ခဲ့သော အမ်မာဝပ်ဆင်သည် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှရှိရေးအတွက် ဟောပြောခဲ့သောအခါ အမျိုးသမီးဝါဒ အပေါ်လွဲမှားစွာယူဆထားမှုများ ပျောက်ကွယ်သွားပြီး အမျိုးသမီးများက အမျိုးသားများနှင့် တန်းတူညီမျှဖြစ်အောင် ဆောင်ရွက်နေမှန်းသိရှိခဲ့ကြသည်။

တန်းတူညီမျှအခွင့် အရေးအတွက် တက်ကြွစွာလှုပ်ရှားနေသူများက အမျိုးသမီးဝါဒမှာ အမျိုးသားနှင့် အမျိုးသမီးများ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် တန်းတူညီမျှအခွင့်အရေးရရှိရေးအတွက် လှုပ်ရှားနေခြင်းသာဖြစ်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့ကြသည်။ ဤသို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူညီမျှအခွင့်အရေးရရှိစေရန်အတွက် အမျိုးသမီးထုကို စာနာသော အမျိုးသားများအနေ ဖြင့် အမျိုးသမီးဝါဒတွင် ပါဝင်ပူးပေါင်းပြီး He for She လှုပ်ရှားမှုကြီးတွင် တက်ကြွစွာ ပါဝင်ဆင်နွှဲရန် အမျိုးသားများအား အမ်မာဝပ်ဆန်က ဖိတ်မန္တကပြုခဲ့သည်။

ဤသို့ အံ့ဖွယ် ထူးခြားသော ဟောပြောမှုအတွက် ချီးကျူးခံရမည့်အစား ဆန့်ကျင်ဘက်အတိုက်အခံအုပ်စုထံမှ ခြိမ်းခြောက်မှုခံခဲ့ရသည်။ ဝက်ဘ်ဆိုက်တစ်ခုတွင် အတိုက်အခံများက အမ်မာဝပ်ဆင်၏ ဝတ်လစ်စားလစ်ဓာတ်ပုံများကို အင်တာနက်ပေါ်တင်မည်ဟု ခြိမ်းခြောက်ခဲ့ရာ သူက "တကယ်လို့ သူတို့တစ်တွေအနေနဲ့ ဆန့်ကျင်ဘက်ရလဒ်ကိုသာ ရရှိမှာဖြစ်တယ်" ဟု တုံ့ပြန်ပြောကြားခဲ့ပေသည်။

နေထက်

ကမ္ဘာပေါ်ရှိ မည်သည့်သဲကန္တာရကြီးမဆို ပူပြင်းသောနေ၊ ကျယ်ပြော သော သဲပြင်ကြီးနှင့် မြင့်မားသော အပူချိန်တို့ ပါရှိသည်။ ကမ္ဘာတစ်လွှားရှိ အံ့ဖွယ်အကောင်းဆုံး သဲကန္တာရကြီးများမှာ တစ်မူထူးခြားရုံမျှသာမက ရှုမငြီးအောင် မျက်စိပသာဒလည်း ရှိသည်။ အဆိုပါ သဲကန္တာရကြီးများ၏ တစ်မူထူးခြားသော သဘာဝပတ်ဝန်းကျင်များနှင့် သဘာဝပတ်ဝန်းကျင် ရှုမျှော်ခင်းများကြောင့် တခြားကမ္ဘာမှ နေရာများအလား ထင်မှတ်မှားရသည်။



ကမ္ဘာ့အံ့ဖွယ်အကောင်းဆုံး သဲကန္တာရကြီးများ

နောင်ထွန်းလူ



၁။ ကီဘီရာချိုင့်ခွက် လွင်ပြင်ကြီး

ရှေးခေတ် အီဂျစ်လူမျိုးများအနေဖြင့် လှပသော စိမ်းဝါရောင်ဖန်တုံးများကို ၎င်းတို့၏ တော်ဝင်ရတနာအဖြစ် အသုံးပြုခဲ့ကြသည်။ အဆိုပါ စိမ်းဝါရောင် ဖန်တုံးဖန်ကျောက်များမှာ အာကာသအတွင်းမှ ဇရာမဥက္ကာခဲကြီးက ဆာဟာရသဲကန္တာရ သဲပြင်မှ သဲများကို နှစ်ပေါင်းထောင်ပေါင်းများစွာ ဖန်ကျောက်တုံးအဖြစ် ပြောင်းလဲလာစေခဲ့သည်။ ဆာဟာရ သဲကန္တာရသဲပြင်ကြီးကို ဥက္ကာခဲ ပြင်းထန်စွာ ထိမှန်ခြင်းကြောင့် သဲများမှာ စိမ်းဝါရောင် ဖန်ကျောက်တုံးအဖြစ် ပြောင်းလဲသွားသည်။

အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံ နှစ်နိုင်ငံနယ်စပ်တို့ဆုံရာ ကျယ်ပြန့်သော သဲကန္တာရကြီးအတွင်း၌ တိုက်စားပွန်းပဲ့နေသော ချိုင့်ခွက်ကြီးတစ်ခု တည်ရှိပြီး ၎င်း၏ ဝန်းကျင်တစ်ဝိုက်တွင် တိုးလျှိုပေါက်ဖောက်ထွင်းမြင်ရသော ဖန်ကျောက်တုံးကြီးများ၊ ဖန်တုံးများနှင့် ဖန်တုံးကလေးများကို တွေ့မြင်ရသည်။ ဆာဟာရသဲကန္တာရကြီးပေါ်သို့ အာကာသအတွင်းမှ ဥက္ကာခဲကြီး ထိမှန်ကျရောက်ခဲ့ခြင်းကြောင့် သဲများမှာ ဖန်တုံးများအဖြစ် ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။

ကီဘီရာ ချိုင့်ခွက်လွင်ပြင်ကြီးတွင် ချိုင့်ခွက်ကြီးအချို့ကို ရှာဖွေတွေ့ရှိခဲ့ရသည်။ အဆိုပါ ချိုင့်ခွက်ကြီးများ၏ သက်တမ်းမှာ နှစ် သန်းပေါင်း ၂၈ ဒသမ ၅ သန်းရှိသည်။ ဆာဟာရ သဲကန္တာရကြီးပေါ်သို့ အာကာသအတွင်းမှ ဥက္ကာခဲကြီးများ ကျရောက်ထိမှန်ခဲ့ပြီး ဖြစ်ပေါ်လာသော အကြီးဆုံးချိုင့်ခွက်ကြီး၏ အရွယ်အစားမှာ အချင်းအားဖြင့် ၃/၄ မိုင် (၁ ဒသမ ၂ ကီလိုမီတာ) ခန့်ရှိသည်။ ထိုသို့ ဥက္ကာခဲကြီးက သဲကန္တာပေါ်ကျရောက်ထိမှန်ခြင်းကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ထုတ်လွှတ်မှုမှာ ၁၀၀,၀၀၀ မဂ္ဂါတန်ရှိသည်ဟု ယူဆရသည်။

၂။ ဩစတြေးလျနိုင်ငံမှ ဇရေဆာကျွန်း

ဩစတြေးလျနိုင်ငံ ဘီရစ္စဘိန်းမြို့အနီးရှိ ပင်လယ်ကမ်းရိုးတန်း၏ အရှေ့ဘက်ကမ်းလွန်တွင် ၇၆ ဒသမ ၅ မိုင် (၁၂၃ ကီလိုမီတာ) ရှည်လျားသည့် ကမ္ဘာ့အကြီးဆုံး သဲသောင်ကျွန်းကြီးဖြစ်သော ဇရေဆာကျွန်းကြီး တည်ရှိသည်။ အဆိုပါ ဇရေဆာ သဲသောင်ပြင်ကြီးပေါ်တွင် မြေပေါ်၌ မဟုတ်ဘဲ သဲများပေါ်၌ ပေါက်ရောက်ရှင်သန်နေသော မုတ်သုံသစ်တောများရှိသည်။



ဇရေဆာကျွန်းကြီးကို ဝန်းရံထားသော ပင်လယ်များအတွင်း၌ ဆာလောင်ငတ်မွတ်နေသော ငါးမန်းကြီးများနှင့် ကြောက်မက်ဖွယ် ရေခူများဖြင့် အတိပြည့်နက်နေသည်။

၃။ အမေရိကန်ပြည်ထောင်စုမှ အထိမ်းအမှတ်တောင်ကြား

အမေရိကန်ပြည်ထောင်စုမှ အထိမ်းအမှတ် တောင်ကြားသည် ယူးတားပြည်နယ်၏ တောင်ဘက် အာရီဇိုးနားပြည်နယ် နယ်စပ်အနီးရှိ Four Corners ၌ တည်ရှိသည်။



အဆိုပါ အထိမ်းအမှတ်တောင်ကြား အရပ်ဒေသတွင် နှစ်သန်းပေါင်းများစွာ တိုက်စားထားသော ကျောက်သားအလှအမျိုးမျိုးမှ ထွက်ပေါ်လာသော သံချေးနီရောင်နှင့် မီးခိုးအပြာရောင် ကျောက်သားများ တည်ရှိသည်။

အထိမ်းအမှတ်တောင်ကြားရှိ မတ်စောက်သော တောင်ကုန်းများကို The Mittens, The Toten Pole, The Eye of the Sun နှင့် The Ear of the Wind Arch ဟု အမည်ပေးထားသည်။ အထိမ်းအမှတ် တောင်ကြားသည် နာဗာဟိုအမျိုးသားဥယျာဉ်ကြီးတွင် တည်ရှိသည်။ နာဗာဟို အင်ဒီးယန်းတိုင်းရင်းသား မျိုးနွယ်စုတို့က အထိမ်းအမှတ် တောင်ကြားကို ကျောက်တိုးတောင်ကြားဟု ၎င်းတို့ဘာသာစကားဖြင့် အမည်ပေးထားသည်။

အဆိုပါ အထိမ်းအမှတ်တောင်ကြားရှိ တောင်ကုန်းများမှာ နှစ်ပေါင်းများစွာ လေနှင့် ရေတို့၏ တိုက်စားခြင်းခံခဲ့ရသော်လည်း ရှေးပဝေသဏီ လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက နာဗာဟို အင်ဒီးယန်းဘိုးဘေးများ ခေတ်ကာလကအတိုင်း ရှုခင်းမြင်ကွင်းများမှာ မပြောင်းလဲဘဲ ယခင်ကအတိုင်း ရှိနေသည်။

၄။ ချီလီနိုင်ငံမှ အက်တာကာမာ သဲကန္တာရကြီး

ချီလီနိုင်ငံမှ အက်တာကာမာ သဲကန္တာရကြီးကို အင်ဒီးစ်တောင်တန်းကြီးက မိုးမရွာသွန်းနိုင်အောင် ကာကွယ်ထားသောကြောင့် ၎င်းမှာ ကမ္ဘာ့အခြောက်သွေ့ဆုံး သဲကန္တာရအဖြစ် သတ်မှတ်ခြင်းခံရသည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ မရဏတောင်ကြားထက် အဆပေါင်း ၅၀ ပိုမိုခြောက်သွေ့သည်။ အက်တာကာမာသဲကန္တာရ၏ အလွန်အမင်း ခြောက်သွေ့မှုကြောင့် ရှေးခေတ် အင်ကာလူမျိုးများနှင့် ချီလီနိုင်ငံမှ မစ္စချီလီ (Miss Chile) မံမိရုပ်အလောင်းများကို မပျက်မစီးအောင် ထိန်းသိမ်းထားနိုင်စွမ်းရှိစေသည်။

အက်တာကာမာ သဲကန္တာရကြီးမှာ လူသူအရောက်အပေါက်နည်းပြီး လူသားတို့နှင့် အလှမ်းကွာဝေးနေသော်ငြားလည်း လူတို့နှင့် မစိမ်းသောနေရာဖြစ်သည်။ အဆိုပါ သဲကန္တာရကြီးထဲတွင် ချီလီနိုင်ငံသား ပန်းပုအနုပညာရှင် မာရီယိုအီရာဇာဘယ်လ်က လက်ရာ ပြောင်မြောက်စွာ ထုဆစ်ထားသော အမြင့် ၁၁ ပေရှိ လူသား၏ လက်ရုပ်တုကြီး သဲကန္တာရအတွင်းမှ ထိုးထွက်နေသည်။ သဲကန္တာရ၏ လက်ဟု အနက်အဓိပ္ပာယ်ရသော monot de D Sierto ရုပ်တုကြီးသည် ချီလီနိုင်ငံရှိ အန်တိုဖာဂက်စ်တာမြို့၏ တောင်ဘက် ၄၆ ဒသမ ၆ မိုင် (၇၅ ကီလိုမီတာ) ခန့်တွင် ထီးထီးမားမားကြီး တည်ရှိနေသည်။

၅။ အင်ဂိုလာနိုင်ငံနှင့် နမီးဘီးယားနယ်စပ်ရှိ နမစ်ဘ်သဲကန္တာရကြီး

ဆာဟာရသဲကန္တာရကြီး၏ တောင်ဘက်မိုင်ပေါင်း ရာပေါင်းများစွာ အကွာ





အဝေးတွင် အာဖရိကတိုက်ကြီး၏ သက်တမ်းအရင့်ဆုံးနှင့် အလှပဆုံး သဲကန္တာရများအနက် တစ်ခုဖြစ်သော နမစ်ဘ်သဲကန္တာရကြီး တည်ရှိသည်။ နမစ်ဘ်သဲကန္တာရကြီးသည်လည်း အက်တာကာမာ သဲကန္တာရကြီးကဲ့သို့ပင် အလွန်ခြောက်သွေ့သော သဲကန္တာရကြီးဖြစ်သည်။ နမစ်ဘ်သဲကန္တာရကြီး အလွန်ခြောက်သွေ့ရခြင်းမှာ ကမ်းလွန် ပင်လယ်ပြင်မှ အေးမြသော ရေစီးကြောင်းများက ခြောက်သွေ့သော လေများကို ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။

ယခုလောလောဆယ်တွင် နမစ်ဘ် သဲကန္တာရကြီးသည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင် မိုးရေချိန် ၁/၂ လက်မခန့်သာ မိုးရွာသွန်းပြီး လွန်ခဲ့သော နှစ်သန်းပေါင်း ၅၅ သန်းခန့်ကတည်းက ဤသို့ တစ်နှစ်လျှင် ၁/၂ လက်မ မိုးရေချိန်ခန့်သာ မိုးရွာသွန်းခဲ့သည်။ နမစ်ဘ်သဲကန္တာရကြီး၏ အသွင်သဏ္ဌာန်မှာ ပြင်းထန်စွာ တိုက်ခတ်သော သဲကန္တာရ လေပြင်းများကြောင့် ဧရာမသဲခုံ သဲကုန်းကြီးများ ဖြစ်ပေါ်လာသဖြင့် အစဉ်အမြဲပြောင်းလဲလျက်ရှိသည်။

နမစ်ဘ်သဲကန္တာရကြီးသည် အတ္တလန္တိတ်သမုဒ္ဒရာကြီး၏ တောင်ဘက်နှင့် ထိဆက်နေသော နေရာတွင် မြူများထူထပ်သိပ်သည်းစွာ ကျဆင်းနေသဖြင့် မြင်ကွင်းကို ကောင်းကောင်းမမြင်တွေ့နိုင်ဘဲ မသဲမကွဲဖြစ်နေလေ့ရှိသည်။ အဆိုပါ မြူများကြောင့် ထိုအရပ်ဒေသတွင် ရှင်သန်ပေါက်ရောက်နေသော အပင်များနှင့် ကျက်စားနေသော သတ္တဝါများအတွက် အစိုဓာတ်ရရှိစေသည်။ ၎င်းမြူများသည် ပင်လယ်ခရီးသွားများအတွက် ကြီးမားသော ဘေးအန္တရာယ်ဖြစ်သောကြောင့် သင်္ဘောစင်းရေ မရေတွက်နိုင်လောက်အောင် အမြောက်အမြား နစ်မြုပ်ခဲ့သည်။ ထို့ပြင် အဆိုပါ ကမ်းရိုးတန်းကို အရိုးစု ကမ်းရိုးတန်းဟူသော တုန်လှုပ်ဖွယ်အမည်ရရှိစေခဲ့သည်။

၆။ စပိန်နိုင်ငံရှိ တာဘာနာ့စ် သဲကန္တာရကြီး

စပိန်နိုင်ငံ အယ်လ်မာရီးယားပြည်နယ်ရှိ တာဘာနာ့စ် သဲကန္တာရကြီးကို ရှည်လျားသော တောင်တန်းကြီးအချို့က မြေထဲပင်လယ်မှ တိုက်ခတ်လာသည့် စွတ်စိုသော လေများကို တားဆီးထားသောကြောင့် နှစ်စဉ်နှစ်တိုင်း နေရောင်ခြည်ရရှိမှုမှာ နာရီ ၃၀၀၀ ခန့်သာရှိသည်။ ထို သဲကန္တာရကြီးသည် တစ်နှစ်လျှင် မိုးရေချိန်တစ်လက်မမျှသာ မိုးရွာသွန်းသည်။ ထိုသို့ မိုးရွာသွန်းရာတွင် ရုတ်တရက် သဲကြီးမဲကြီး ရွာသွန်းလေ့ရှိသောကြောင့် မိုးရေတိုက်စားထားသည့် ကြမ်းတမ်းသော သဲကန္တာရကြီးဖြစ်ခဲ့သည်။

စပိန်နိုင်ငံရှိ တာဘာနာ့စ် သဲကန္တာရကြီးတွင် ကမ္ဘာကျော် The Magnificient Seven ရုပ်ရှင်ဇာတ်ကားနှင့် ဒါရိုက်တာ ဆာဂျီယိုလီယွန်၏ ၁၉၆၆ ခုနှစ်က အနုပညာလက်ရာကောင်းဖြစ်သော The Good, The Bad and The Ugly ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ စပိန်နိုင်ငံ အယ်လ်မာရီးယားပြည်နယ်၏ မြောက်ဘက်အစွန်ဆုံး အရပ်ဒေသရှိ နာဗာရီပြည်နယ်ရှိ ဘာဒင်နာ့စ်ရီယယ်လ်လက်စ် သဲကန္တာရကြီး တည်ရှိပြီး ၎င်းကိုကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့အမွေအနှစ်အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

၇။ ဆော်ဒီအာရေဘီးယားနိုင်ငံမှ ရပ်ဘ် အယ်လ်ခါလီ သဲကန္တာရကြီး

ဆော်ဒီ အာရေးဘီးယားနိုင်ငံမှ ရပ်ဘ် အယ်လ်ခါလီ သဲကန္တာရကြီး သို့မဟုတ် အင်မ်ပတီကွာတား (Empty Quarter) သဲကန္တာရကြီးသည် ကမ္ဘာပေါ်ရှိ ဘေးအန္တရာယ်အများဆုံး သဲကန္တာရကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ



သဲကန္တာရကြီး၏ နေ့ဘက် အပူချိန်မှာ ၁၃၁ ဒီဂရီဖာရင်ဟိုက် (၅၅ ဒီဂရီစင်တီဂရိတ်) ရှိပြီး သဲခုံသဲတောင်ကုန်းကလေးများ၏ အမြင့်မှာ ပေ ၁,၁၀၀ (၃၃၀ မီတာ) မြင့်မားသောကြောင့် ရပ်ဘ်အယ်လ်ခါလီ သဲကန္တာရကြီး သို့မဟုတ် Empty Quarter သဲကန္တာရကြီးမှာ လူ သို့မဟုတ် အပင်းတိရစ္ဆာန်တို့အတွက် သင့်လျော်သော နေရာမဟုတ်ချေ။

အဆိုပါ သဲကန္တာကြီးသည် အစဉ်အမြဲ ဘေးအန္တရာယ်ရှိသော ပတ်ဝန်းကျင်အဖြစ် မတည်ရှိချေ။ ရှေးပဝေသဏီ ခေတ်ကာလက ထို သဲကန္တာရကြီးရှိ အိုအေစစ်ကလေးများက ကျယ်ပြောလှသော သဲကန္တာရကြီးကို ကုန် သည်တို့၏ ကုလားအုတ်အဖွဲ့ ကူးသန်းရောင်းဝယ်နိုင်ရန် ဖြတ်သန်းသွားလာနိုင်စေသည်။ ရပ်ဘ်အယ်လ်ခါလီ သဲကန္တာရကြီးတွင် တိမ်မြှုပ်ပျောက်ကွယ်သွားသော မြို့ကြီးများရှိခဲ့သည်ဟု ယူဆခဲ့ကြသည်။

ထို တိမ်မြှုပ်ပျောက်ကွယ်သွားသော ရှေးဟောင်းမြို့ကြီးကို အာကာသလွန်းပြန်ယာဉ်နှင့် နာဆာ၏ လန်းဆက်တ်ဆက်သွယ်ရေး ဂြိုဟ်တုပေါ်မှ အဆင့်မြင့်နည်းပညာပုံရိပ်ဖော် ကိရိယာဖြင့် ရှာဖွေခဲ့ရာ ပြန်လည်တွေ့ရှိခဲ့ရသည်။ အဆိုပါ တိမ်မြှုပ်ပျောက်ကွယ်သွားသော မြို့ကြီးများကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သော ရှေးဟောင်းမြို့ကြီးများအနက် အူဘာ (Ubar) ရှေးဟောင်းမြို့ကြီးလည်း ပါဝင်သည်။

အဆိုပါ မဏ္ဍိုင် တိုင်လုံးကြီးပေါင်း တစ်ထောင်ရှိသော အူဘာ (Ubar) ရှေးခေတ်မြို့ဟောင်းကြီးသည် ၃,၀၀၀ ဘီစီ ခေတ်ကာလမှ အေဒီပထမရာစုနှစ်အထိ စည်ပင်ဖွံ့ဖြိုးခဲ့သည်ဟု ခန့်မှန်းထားသည်။

၈။ မွန်ဂိုလီးယားနိုင်ငံမှ ခွန်ဂိုရင်န်အယ်လ်စ် သဲကန္တာရကြီး

တေးသီ သဲကန္တာရဟု တင်စားထားသော ခွန်ဂိုရင်န်အယ်လ်စ် သဲကန္တာရကြီးသည် မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်းရှိ ဂိုဘီဂါဗန်ခိုင်ခန် အမျိုးသားဥယျာဉ်ကြီးအတွင်း၌ တည်ရှိသည်။ အဆိုပါ သဲကန္တာရကြီးအတွင်းရှိ သဲခုံသဲတောင်ကုန်းကလေးများကို သဲကန္တာရ လေပြင်းတိုက်ခတ်နေစဉ် သဲမှုန်သဲပွင့်ကလေးများ တစ်ခုနှင့်တစ်ခု ပွတ်တိုက်ရာမှ ထွက်ပေါ်လာသော အသံများက တေးသီချင်းညည်းသံနှင့် တူသောကြောင့် တေးသီသဲကန္တာရကြီးဟု တင်စားထားခြင်းဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံရှိ ခွန်ဂိုရင်န်အယ်လ်စ် သို့မဟုတ် တေးသီသဲကန္တာရကြီးဆီသို့ သွားရောက်ရန်မလွယ်ကူချေ။ အဆိုပါ သဲကန္တာရကြီးတွင် ဂိုဘီကုလားအုတ် (Gobi Camel) နှင့် နှင်းကျားသစ် (Snow Lepard) ကဲ့သို့သော တောရိုင်း တိရစ္ဆာန်များ ကျင်လည်ကျက်စားလျက်ရှိသည်။

၉။ အမေရိကန်ပြည်ထောင်စုမှ မရဏာတောင်ကြား သဲကန္တာရကြီး

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်ရှိ မရဏာတောင်ကြား သဲကန္တာရကြီးမှာ ရေမရှိခြင်း၊ ချစ်ချစ်တောက်ပူခြင်းတို့ကြောင့် အဆိုပါ မရဏာတောင်ကြား အမည်ရရှိခဲ့ခြင်းဖြစ်သည်။ ထို မရဏာတောင်ကြား သဲကန္တာရရှိ ဖန်းနေ့စ်ခရိခ် အရပ်ဒေသ၏ အပူချိန်မှာ ၁၉၁၃ ခုနှစ်က ၁၃၄ ဒီဂရီဖာရင်ဟိုက် (၅၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်) အထိ အပူချိန် ပြင်းထန်ခဲ့သည်။

မရဏာတောင်ကြားမှာ မြောက်အမေရိကတိုက်တွင် မြေပြင်အနိမ့်ဆုံးနေရာဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက် မြေပြင်အနိမ့်ဆုံး နေရာဖြစ်သည်။ မရဏာတောင်ကြား

သဲကန္တာရကြီး၏ နက်ရှိုင်းသော မြေနိမ့်ချိုင့်ဝှမ်းကြီးသည် နေရောင်ခြည်ပူပြင်းသောနေ့တွင် အပူဓာတ် ထုတ်လွှတ်သော မီးဖိုကြီးအလား အပူဓာတ်များကို ထုတ်လွှတ်သောကြောင့် အဆိုပါ မရဏတောင်ကြား သဲကန္တာရကြီးအတွင်းရှိ လေများကို အပူချိန် အလွန်ပြင်းထန်လာစေပြီး ထိုလေပူများက အရိပ်ရှိသော မည်သည့်နေရာသို့မဆို တိုက်ခတ်သောကြောင့် အလွန်ပူပြင်းစေသည်။

မရဏတောင်ကြားတွင် လျှို့ဝှက်အဆန်းကြယ်ဆုံးနေရာမှာ ခန်းခြောက်သွားသော ရေကန်ကြီး၏ ညီညာပြန့်ပြူးသော ကန်ကြမ်းပြင်ပေါ်တွင် ကျောက်တုံးရွေ့လျားသွားသည့် အစင်းကြောင်းလမ်းကြောင်းအချို့ကို တွေ့ရှိရခြင်းဖြစ်သည်။ အဆိုပါ အလိုအလျောက် ရွေ့လျားနေသော ကျောက်တုံး (Sailing Stone) များ၏ အရွယ်အစားမှာ အမျိုးမျိုးရှိပြီး ၎င်းတို့၏ ရွေ့လျားလာသော လမ်းကြောင်းအစင်းကြောင်းများမှာ တစ်ခါတစ်ရံ ပေရာပေါင်းများစွာ ရှည်လျားသည်။

ထို ကျောက်တုံး ရွေ့လျားခဲ့သော လမ်းကြောင်း အစင်းကြောင်းများမှာ တစ်ခါတစ်ရံ ဖြောင့်တန်းပြီး ရံဖန်ရံခါ ကောက်ကွေးတွန့်လိမ်နေသည်။ အဆိုပါ ရွေ့လျားနေသော ကျောက်တုံးများအနက် တစ်ခုဖြစ်သော Karen ကျောက်တုံးကြီး၏ အလေးချိန်မှာ ပေါင် ၇၀၀ ကျော် ရှိသည်။



၁၀။ အန္တာတိကတိုက်မှ ခြောက်သွေ့တောင်ကြား

သဲကန္တာရဟူသည် များသောအားဖြင့် ပူပြင်းသောနေရာ ဖြစ်ရုံမျှသာမက ခြောက်သွေ့သောနေရာလည်းဖြစ်သည်။ တစ်ခါတစ်ရံတွင် သဲကန္တာရသည် ပူပြင်းရန်မလိုဘဲ ခြောက်သွေ့ရန်သာ လိုသည်။ အန္တာတိကတိုက် ရော့စ်ပင်လယ်အနီးရှိ တောင်ကြားအချို့သည် ရေခဲများမရှိသည်မှာ နှစ်ပေါင်းနှစ်သန်း၊ သုံးသန်း သို့မဟုတ် ၁၂ သန်းခန့်ရှိခဲ့ပုံရသည်။ ပူနွေးသော နွေရက်များတွင် ရေခဲမြစ်များသည် ရေခဲဖုံးလွှမ်းနေသော ရေကန်များအတွင်း စီးဝင်လာပြီး ညအချိန်တွင် ရေခဲအဖြစ် အေးခဲသွားသည်။ နောက်နေ့တွင် ရေခဲမြစ်အဖြစ် အရည်ပြန်ပျော်ပြီး ရေစီးဆင်းသွားသည်။ ရေခဲများနှင့် နှင်းများမှာ အငွေ့ပြန်ပြီး နောက်ပြန်လည်အေးခဲသွားသဖြင့် အန္တာတိကတိုက် အလယ်ပိုင်းမှ အလွန်ခြောက်သွေ့သော လေများတိုက်ခိုက်လာစေသည်။ သို့ဖြစ်ရာ ရေခဲမြစ်သည် ပင်လယ်တွင်းသို့ မရောက်ရှိမီ အေးခဲခြောက်သွေ့သွားသည်။

အန္တာတိကတိုက် အလယ်ပိုင်းမှ တိုက်ခတ်သည့် ခြောက်သွေ့သောလေများက ခြောက်သွေ့တောင်ကြားရှိ ကျောက်တုံးများကို တိုက်စားသဖြင့် ခုံးများဖြစ်ပေါ်လာသည်။ ခြောက်သွေ့တောင်ကြားတွင် အလွန်ခြောက်သွေ့သော လေ၊ မိုးရွာသွန်းမှုမရှိခြင်းနှင့် နှင်းများကျဆင်းခြင်း စသည်တို့ကြောင့် ခြောက်သွေ့တောင်ကြားသည် မည်သည့် ဇီဝပစ္စည်းများကိုမဆို မပျက်စီးအောင် အချိန်ကာလတာရှည်စွာ ထိန်းသိမ်းပေးထားနိုင်စွမ်းရှိစေသည်။ ထို ခြောက်သွေ့တောင်ကြားတွင် မပျက်စီးသေးသော ဖျံရုပ်ကြွင်းအသေကောင်မှာ ပျက်စီးပျောက်ကွယ်သွားရန် နှစ်ပေါင်းထောင်ပေါင်းများစွာ ကြာညောင်းမည်ဖြစ်သည်။

နောင်ထွန်းလူ

ရုရှားကျေးလက်ပြည်သူများကို အကျိုးပြုနေသည့် ဆေးရုံရထားကြီး

♦ မောင်ရဲမာန်(မြဝတီ)

မက်ဗီမတ်ဒရော့ဗ်ဆေးရုံရထားကြီးပုံမှန်ဆေးကုသရေး
ထွက်ခွာလေ့ရှိသည့် ရုရှားနိုင်ငံ၏ ဝေးလံခေါင်သီလှသော
ရထားလိုင်းခရီးစဉ်ကို ဤသို့ မြင်တွေ့ရစဉ်





အရှေ့ဘက်ဦး၏ရွေ့ပြေးရောင်နီက တဖြည်းဖြည်းချင်းနှင်းဝင် ရောက်လာခဲ့ပေပြီ။ ဆီးနှင်းဖြူလွှလွှ ဖုံးလွှမ်းထားသည့် တောင်စဉ်တန်းများ၏တောင်ထိပ်များလည်း ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်သည်။ နှင်းခဲများဖုံးအုပ်နေသည့်သစ်ပင်ကြီးငယ်တို့ကို တရိပ်ရိပ်ဖြတ်ကျော်လျှက် ရထားကြီးကားအရှိန်အဟုန်ဖြင့်ပြေး၍ ကောင်းနေဆဲ…။ ပြေးရပေဦးမည်။

ရှေ့တွင် သူ့ကိုမျှော်လင့်စောင့်ကြိုနေကြသည့် လူနာအများအပြားရှိနေကြသည်မဟုတ်ပါလား။ အနီရထားကြီးသည်ကား ရုရှားနိုင်ငံ၏ဝေးလံခေါင်သီသည့် အရှေ့ဖျားပိုင်း ကျေးလက်ဒေသနေ ပြည်သူတို့ကို ကျန်းမာရေးစောင့်ရှောက်၍ ဆေးဝါး ကုသမှုပေးနေသည့် ဆေးရုံရထားကြီးပင်ဖြစ်ချေသည်တကား။

အားကိုးရာထိုရထား – စောင့်စားကြိုလူနာတွေ

စတာနိုဗိုင်းတောင်တန်းကြီး၏ အကြား လူဦးရေ ၇၄၂ ဦးနေထိုင်သည့် ခါနီရွာလေး၏ကွန်ကရစ်ဘူတာရုံလေး ဝယ် နာမကျန်းသူနှင့်ထိခိုက်ဒဏ်ရာရထားသူအများအပြားက ရထားကြီးကိုစောင့်မျှော်နေကြလေသည်။ ၎င်းတို့အထဲမှ လူကြီးတစ်ဦးက အရက်သေစာ သောက်စားကာလှေကားပေါ်မှလိမ့်ကျပြီး ခြေနှစ်ဖက်စလုံးကျိုးသွားခဲ့ခြင်းဖြစ်သည်။ ရွာကျောင်းမှကျောင်းဆရာမတစ်ဦး၏ ၁၄နှစ်အရွယ်သမီးငယ်မှာ လွန်ခဲ့သည့်လက အူအတက်ရောင်ရောဂါဖြစ်ပွားခဲ့ပြီး ကံအားလျော်စွာ ဆေးရုံရထားပေါ်၌ပင်ခွဲစိတ်နိုင်ခဲ့ကာ အသက်ချမ်းသာရခဲ့ခြင်းဖြစ်လေ၏။ ယခုမူ ကျန်းမာရေး ပြန်လည်စစ်ဆေးနိုင်ရန် ရထားကြီးကို စောင့်ဆိုင်းနေခြင်းပင်။

ကျေးလက်ပြည်သူတို့အားထားရာ မက်ဗီမတ်ဒရော့ဗ်ဆေးဝါးကုသရေးရထားကြီးကား စောင့်ဆိုင်းနေကြသူတို့ထံတဖြည်းဖြည်းနီးကပ်လာချေပြီ။ လူနာစစ်ဆေးခန်းများ၊ အခြေခံဆေးကုသရေးကိရိယာတန်ဆာပလာများနှင့်အတူ ဆရာဝန် ၁၂ဦးမှ ၁၅ဦးအထိလိုက်ပါလာသည့် ရွေ့လျားဆေးရုံကြီးသည်ကား ရုရှားနိုင်ငံဝယ် ဆေးရုံဆေးခန်းများကို စတင်တည်ထောင်ခဲ့သည့် ၁၉ရာစုနှစ်ကထင်ရှားကျော်ကြားလှသော သမားတော်ကြီးမက်ဗီမတ်ဒရော့ဗ်၏အမည်ကို ဂုဏ်ပြုမှည့်ခေါ်ထားခြင်းဖြစ်ပေချိမ့်။ ရုရှားနိုင်ငံ၏အရှေ့ဖျားပိုင်းတစ်နံတစ်လျားမိုင်ထောင်ချီသည့်ခရီးစဉ်ကို မရပ်မနားအပြေးနှင်ကာ တစ်ရွာဝင်တစ်ရွာထွက် မမောနိုင် မပန်းနိုင် ပြည်သူတို့ကိုကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် မက်ဗီမတ်ဒရော့ဗ်ဆေးရုံရထားကြီးသည်ကား ဆက်လက်ခရီးနှင်နေဆဲပင်တည်း။

ခါနီရွာလေးကား လူတန်းစားမျိုးစုံနေထိုင်သော ရွာလေးဖြစ်ချေ၏။ ဆီးနှင်းရေခဲများဖုံးလွှမ်းနေလေ့ရှိသော ရွာလယ်လမ်းကလည်း ကျောက်ကြမ်းလမ်းမျှသာ။ ရွာတွင် ခွဲစိတ်ဆရာဝန်မရှိ။ သမားတော်မရှိ။ အထူးကုဆရာဝန်မရှိ။ ဆိုဗီယက်ခေတ်သုံး ပစ္စည်းကိရိယာများတပ်ဆင်ထားသည့် ဆေးခန်းငယ်လေးတစ်ခုဝယ် သွားစိုက်ဆရာတစ်ယောက်က ရောဂါမျိုးစုံကို ကုသပေးနေခြင်းသာဖြစ်ချေသည်။ ကျန်းမာရေးအတွက်ရွာသူရွာသားတို့၏အားကိုးရာသည်ကား မက်ဗီမတ်ဒရော့ဗ်ဆေးရုံရထားကြီးသာပင်။ တစ်ခုသောနေ့လည်ခင်းဝယ် စာရေးသူဂျိုရာယက်ဖာတစ်ယောက် ခါနီရွာလေး၏ ရဲအရာရှိတစ်ဦးဖြစ်သော အသက် ၂၉ နှစ်အရွယ် နီကိုလေကိုလက်စ်နစ်နှင့်အတူ လမ်းလျှောက်ထွက်ခဲ့သည်။ သူကား လွန်ခဲ့သည့်ဆောင်းရာသီကမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်၏။ ယခင်က ရွာလေးတွင်ရဲအရာရှိမရှိခဲ့၊ ရွာသို့ရောက်ပြီး တစ်လခန့်အကြာတွင် သူ၏ဘွတ်ဖိနပ်စုတ်ပြဲသွားခဲ့သည်။ သူအခက်ကြုံရလေပြီ။ ရွာနှင့်အနီးတစ်ဝိုက်ဒေသဝယ် အထည်ဆိုင်၊ ဖိနပ်ဆိုင်လုံးဝမရှိချေသည်မဟုတ်ပါလား။ နောက်ဆုံးဝယ်ဒေသ၏မြို့တော်သို့ ရထားနှင့်နာရီ ၂၀ ခန့်ခရီးနှင် ပြီးမှသာ သွားရောက်ဝယ်ယူခဲ့ရလေတော့သည်။

မက်ဗီမတ်ဒရော့ဗ်ဆေးရုံရထားကြီးသည်ကား ဘိုင်ကယ်ရေအိုင်ကြီးမှသည် အာမာမြစ်အထိ တစ်နံတစ်လျား ရှည်လျားလှသည့် (BAM) လိုင်းတစ်လျှောက် စုန်ချည်ဆန်ချည်ပြေးလွှားကာ လမ်းကြောင်းရှိ ခါနီရွာလေးအပါအဝင် ဒါဇင်ပေါင်းများစွာသောရွာလေးများကို ကျန်းမာရေးဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။ BAM ၏လမ်းကြောင်းကလည်း နည်းနည်းနောနော မဟုတ်။ ၂၆၇၂ မိုင်ရှည်လျားပေ၏။ အနီတစ်နံတစ်လျားရထားလမ်းကြီးကို ၁၉၇၀ နှောင်းပိုင်းကာလ များဝယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆိုဗီယက်တို့၏နောက်ဆုံးတည်ဆောက်ရေးလုပ်ငန်း စီမံချက်ကြီးလည်းဖြစ်ခဲ့ပေသည်။ ထိုစဉ်က ဆိုဗီယက်ခေါင်းဆောင် လီယိုနစ်ဘရက်ဇနက်ဗ်တာဝန်ယူပြီး ၁၉၇၄ မှ ၁၉၈၄ ခုနှစ်ထိတိုင် ဖောက်လုပ်ခဲ့သည့် BAM ရထားလိုင်း တည်ဆောက်ရေး စီမံကိန်းဝယ် လုပ်သားဦးရေ ၅၀၀,၀၀၀ အထိအသုံးပြုခဲ့သည်ဟုဆိုသည်။ ရထားလမ်းမကြီးဖောက်လုပ်ပြီးနောက်နှစ်အနည်းငယ်အကြာ ၁၉၉၁ ခုနှစ်ဝယ် ဆိုဗီယက်ယူနီယံကြီးလည်း ပြိုကွဲခဲ့ရလေတော့၏။

ဖြူစင်သည့်စိတ်ထား – ဖော်ရွေအပြုံးများဖြင့်

ဘာကာကစ်မြို့လေးသည်ကား လမ်းအနည်းငယ်၊ လူနေရပ်ကွက်အနည်းအကျဉ်းမျှဖြင့် ဖွဲ့စည်းထားသောမြို့ကလေးဖြစ်ချေသည်။ အဆောက်အအုံများကိုသုတ်ထားသောဆေးရောင်တွေက မှိန်ဖျော့နေလေပြီ။ BAM ရထားလိုင်း၏တစ်ထောက်တစ်နားအဖြစ် ၁၉၇၀ ပြည့်လွန်နှစ်များကတည်ခဲ့သောဤမြို့လေးဝယ် ယခင်ကလူဦးရေ ၉၀၀၀ ခန့်ရှိခဲ့သော်ငြား ယခုမူထက်ဝက်ပင်မရှိချင်တော့။ ဆေးရုံရထားကြီးဆိုက်ရောက်လာခဲ့ပေပြီ။ နံနက် ၉ နာရီအချိန်ခန့်ဝယ် မက်ဗီမတ်ဒရော့ဗ်၏ဆရာဝန်များက လူနာများကို စတင်ကြည့်ရှုစစ်ဆေးနေကြပြီဖြစ်လေ၏။ စောင့်ဆိုင်းနေကြသည့် လူနာများအကြားဝယ် အသက် ၆၁ နှစ်အရွယ် မီခေးလ် ဇာဒါနိုဗစ်ချ် ဆိုသူလည်းအပါအဝင်ဖြစ်လေသည်။ လည်သိုင်းကွင်းအတွင်းမှ သူ၏ လက်မောင်းမှာ အဆစ်ပြုတ်နေခြင်းဖြစ်၏။ မိုင်တစ်ထောင်ခန့်ဝေးကွာသည့် ခါဘာရော့ဗ်မြို့တွင် ခွဲစိတ်ကုသမှုခံယူရန်အလှည့်ကိုစောင့်ဆိုင်းနေသူလည်းဖြစ်သည်။ အနီစောင့်ဆိုင်းမှုက လပေါင်းများစွာကြာမြင့်နိုင်ချေ၏။ ယင်းအချိန်အတွင်းဝယ် သူအလုပ်လုပ်ကိုင်၍ရ-မရ ဆရာဝန်များကိုသူမေးမြန်းကြည့်ချင်နေ၏။

ဇာဒါနိုဗစ်ချ်သည်ကား ဆိုဗီယက်စစ်တပ်ဝယ်တာဝန်ထမ်းဆောင်ပြီးပြီးချင်း ၁၉၇၆ ခုနှစ်တွင် BAM ရထားလမ်းဖောက်လုပ်ရေးသို့ ပို့ဆောင်ခြင်းခံခဲ့ရသူဖြစ်သည်။ “အဲဒီတုန်းကတော့ မည်ကာမတ္တလမ်းလို့ခေါ်တဲ့ ကားလမ်းတစ်ခု တည်းသာရှိခဲ့တာကွ...” ဟုသူပြန်ပြောပြသည်။ ဘဝမှာကြမ်းတမ်းခဲ့သော်ငြား ရိုးရှင်း၍နှစ်လိုဖွယ်ကောင်းသည်ဟု သူကဆိုသည်။ အရိုးကွဲမတတ်ချမ်းအေးလှသည့်ရာသီဥတုဝယ်အလုပ်လုပ်ခဲ့ရသော်လည်း ညအချိန်၌ ကော့ညက်၊ ဆိုဗီယက်ရှမ်ပိန်တို့ကို တပျော်တပါးဝိုင်းဖွဲ့သောက်ခဲ့ရသည့်အရသာသူမမေ့နိုင်၊ စာသင်ကျောင်းများဝယ် ကလေးများက

မက်ဇီမတ်ဒရော့ဗ်ဆေးရုံရထားကြီးပေါ်ဝယ် လူနာတစ်ဦးကို EEG စက်ဖြင့် စိတ်ရှုပ်လက်ရှုပ်ရောဂါရှာဖွေ စမ်းသပ်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ

ပေါင်မုန့်နှင့်ငါးဥဆားနယ်ကို နေ့လယ်စာအဖြစ်စားသုံးခွင့်ရခဲ့ကြသည်။ အနည်းငယ်မျှသောဈေးဆိုင်များတွင်တင်ရောင်းသည့် ဂျပန်အဝတ်အထည်များ၊ ဟန်ဂေရီယိုဘူးများကိုသုံးစွဲနိုင်သူများကား အတော်ကံကောင်းသူများပင်။ တစ်နှစ်ခန့် အကြာဝယ် ဇာဒါနိုဗစ်ချ်တစ်ယောက် သူ၏ဖူးစာရှင်ကို တွေ့ရှိသွားလေသည်။ မုန့်ဖုတ်ဆိုင်ဝယ်အလုပ်လုပ်နေသည့် အမျိုးသမီးလေးဖြစ်ချေ၏။ မကြာမီမှာပင် သူတို့လက်ထပ်လိုက်ကြလေတော့သည်။

ယခုအချိန်ဝယ် ဒေသခံဘူတာရုံ၌ ရထားလမ်းပြင်ဆင်ရေးလုပ်သားအဖြစ်အလုပ်လုပ်နေသောသူသည် လွန်ခဲ့သည့်နှစ်က မိမိအလုပ်ကိုအားစိုက်လုပ်ကိုင်ရင်း ပခုံးဆစ်ပြုတ်ခဲ့ရခြင်းဖြစ်၏။ ထိုနေ့က နာကျင်မှုဝေဒနာကို အပြင်းအထန်ခံစားနေရသောသူ့အား အထက်အရာရှိများက အိမ်ပြန်နားရန်ခွင့်ပြုခဲ့သော်လည်း ဆေးဝါးကုသနိုင်ရေး ဆောင်ရွက်ပေးခြင်း အလျှင်းမရှိခဲ့ကြချေ။ အနီးအနားဝယ်လောက်လောက် လားလားဆေးရုံမရှိသည်ကလည်း အမှန်။ ဇာဒါနိုဗစ်ချ်က ဆေးရုံရထားကြီး၏ အထွေထွေခွဲစိတ်ကုဆရာဝန်မကြီး ယီလီနာမီရို ရှနီချန်ကို၏ရုံးခန်းထဲသို့ ဝင်သွားလိုက်သည်။ ''အလို… ဒါ မီခေးလ်မဟုတ်လား… ရှင့်အသံကိုကျွန်မမှတ်မိတာပေါ့…'' ဟု သူကဝမ်းသာအားရ ကြိုဆိုလေသည်။ ဒေါက်တာက သူ၏ပခုံးကိုသေချာစွာစမ်းသပ်စစ်ဆေးပေး၏။ သူ၏အထက်အရာရှိများက သူ့ကိုအင်အားစိုက်ထုတ်လုပ်ကိုင်ရသည့်ရထားလမ်းပြင်အလုပ်ကို ဆက်လက်ခိုင်းနေကြဆဲပင်။ '' ကျုပ် တကယ့်ကို မလုပ်နိုင်တော့တာပါ… ဒါပေမဲ့ သူတို့က ဒါကိုဂရုမစိုက်ကြပါဘူးဗျာ…'' ဟုလုပ်သားကြီးကပြောပြသည်။

နောက်တစ်နေ့တွင် ရထားကြီးသည် တောင်ကုန်းတစ်ခုပေါ်တွင်တည်ထားပြီး အိမ်ခန်းထက်ဝက်လောက်တွင် လူနေထိုင်ခြင်းမရှိတော့သည့် ဇိုလိုတင်ကာရွာလေးဆီသို့ဆိုက်ရောက်လာခဲ့လေပြီ။ ဤရွာ၏ရွာသူရွာသားများကလည်း ကံမကောင်းရှာကြ။ ရွာ၏ဘူတာရုံမှလက်မှတ်အရောင်းဌာနမှာ ၂၀၁၂ ခုနှစ်ကတည်းက ပိတ်ခဲ့ပြီးဖြစ်ရကား BAM ရထားလိုင်းနှင့် ခရီးသွားလိုသောရွာသားတို့မှာ ၄၅ မိုင်အကွာရှိ နာယွန်ဂရီမြို့သို့ကိုယ်တိုင်သွားရောက်၍ ရထားလက်မှတ်ဝယ်ကြရပေသည်။ ဆေးရုံရထားကြီးဆီသို့ တိုးဝှေ့စုပြုံလာကြကုန်သောလူအုပ်ကြီးထဲမှတစ်ယောက်တစ်ပေါက်စကားသံများကား ဆူညံပွက်လောရိုက်လျက်ပင်။ ထိုအထဲမှအသံတစ်ခုကား '' ဆိုဗီယက်ယူနီယံကြီးသာ နောက်နှစ်နှစ်လောက်သက်တမ်းရှည်ခဲ့မယ်ဆိုရင်ကွယ် ငါတို့ရွာလေးလည်း နာယွန်ဂရီမြို့ထိ ကတ္တရာလမ်းလေးရကောင်းပါရဲ့လေ…'' ဟူ၍ဖြစ်လေ၏။

ဗိုတာလေးနှင့်ငွေငှေချ် – ကျေးလက်ငျော်ကလေးများ

မွန်းလွဲပိုင်းတွင် အင်ညာအမည်ရှိ ရွှေရောင်ကျစ်ဆံမြီးပိုင်ရှင်ကလေးမလေးနှင့် သူစကားလက်ဆုံကျခဲ့သည်။ ကလေးမစာသင်နေသည့်ဆဋ္ဌမတန်းဝယ် သူမအပါအဝင် ကျောင်းသားနှစ်ယောက်သာရှိသည်ဟုဆိုသည်။ '' အတန်းထဲမှာ သမီးရယ် အန်ဒရေရယ်ပဲရှိတာ… သူကလူဆိုးလေးပါ… သမီးကတော့ မေမေ့ကိုပြောပြီးသား – ကျောင်းပြီးသွားတာနဲ့ မော်စကိုကိုပြောင်း

ဆေးရုံရထားကြီးဆီသို့ အားကိုးတကြီးလာရောက်ကာ ဆေးကုသမှုခံယူရန် တိုးဝှေ့စောင့်ဆိုင်းနေကြသည့် ရုရှားကျေးလက်ဒေသနေ ပြည်သူများ

မိသားစုအနည်းငယ်သာနေထိုင်လျက်ရှိသည့် ``နင်းတောင်ကြား`` အမည်ရှိ ရွာလေးဆီသို့ ဆေးကုသပေးရန်ရောက်ရှိလာသည့် ဆေးရုံရထားကြီး

နေတော့မယ်လို့လေ...``။ ကလေးမလေးက သာယာလှပသည့်ရင်ပြင်ဥယျာဉ်ကြီးများ၊ ဓာတ်ပုံရိုက်ရန်ကောင်းမွန်လှသည့်ပန်းခြံကြီးများ၊ ကြီးမားခန့်ညားလှသည့်နာရီစင်ကြီးများကို တွေ့ဖူးလိုသည်ဟု ပြောပြလေသည်။ ဗိုလိုတင်ကာရွာလေး၌မူ သူတို့မွေ့လျော်ဆော့ကစားရာနေရာလေးသည်ကား တောင်ကုန်းလေးထိပ်ဝယ် တည်ဆောက်ထားပြီး လူမနေတော့သည့် တိုက်ဖြူလေးသာဖြစ်ချေ၏။ သူတို့သူငယ်ချင်းတစ်သိုက်မှာ ဤနေရာလေးဝယ် စိန်ပြေးတမ်း၊ တူတူပုန်းတမ်းကစားနည်းများကို ကလေးတို့ဘာသာဘာဝ ပျော်ရွှင်စွာဆော့ကစားကြလေ၏။ အချို့ကား လှေကားပေါ်မှပြေးတက်သွားပြီး မြက်ခင်းပေါ်ခုန်ချဆော့ကစားကြသည်။ ရှိတာလေးများနှင့် ပျော်အောင်နေကြ ရရှာသည့်ကလေးများပါပေ...။

မက်ဇီမတ်ဒရော့ဗ်ပေါ်မှဘဝများသည်ကား စည်းချက်နှင့်အညီ လိုက်လျောညီထွေနေရသောဘဝများပါပေ။ ခေါက်တုံ့ခေါက်ပြန်သွားနေရသည့် ခရီးစဉ်တစ်လျှောက် မြင်တွေ့နေကျ လမ်းဘေးတစ်ဖက်တစ်ချက်မှစိမ်းညို့ညို့ ထင်းရှူးတောများ၊ ဟောဟဲလိုက်နေသည့် ရထားအင်ဂျင်စက်သံ၊ ရထားသံလမ်းအောက်မှ ဂျုံးဂျုံးဂျက်ဂျက် စည်းချက်မှန်အသံများ ဒါတွေကိုပင်အဖော်ပြုနေရသည်မဟုတ်ပါလား။ သည်ကြားထဲ အသက် ၂၇ နှစ်အရွယ် စားဖိုမှူးလေး ဗစ်တီယာ၏လက်ရာကလည်းနှစ်သက်စရာ။ သစ်သီးယို နှင့် ရောကာကြော်ထားသည့် ဘလီနီရိုးရာမုန့်အနံ့ရသည်နှင့်ပင် ဗိုက်ကဆာသလိုလိုဖြစ်လာကြချေပြီ။ မကြာမီမှာပင် စားသောက်တွဲ၌ ဘလီနီမုန့်ကြော်ကို မတ်တတ်ရပ်လျက်ပင်အားရပါးရစားကာ ဆရာဝန်တစ်သိုက် သူတို့ကြုံတွေ့ခဲ့ရသည့် လူနာများအကြောင်းကို စားမြုံ့ပြန် ပြောဆိုလျက်ရှိနေကြလေပြီတည်း။

ဆေးရုံရထားကြီးသည်ကား BAM ရထားလိုင်းတစ်လျှောက်ရှိရွာများဆီသို့ ပုံမှန်အားဖြင့် တစ်နှစ်လျှင်နှစ် ခေါက်တော့ အနည်းဆုံးရောက်လေ့ရှိသည်သာ...။ အဓိကလုပ်ဆောင်ပေးရသည်ကား ရောဂါရှာဖွေခြင်းနှင့် ကုသမှုပေးခြင်းပင်။ ရထားကြီးပေါ်၌ ဓာတ်မှန်နှင့်ဆီးဓာတ်ခွဲခန်းတစ်ခုရှိသည်။ EEG နှင့် EEG စက်များ၊ အာလ်ထရာဆောင်း စက်များရှိသည်။ ဓာတ်မှန်ရိုက်စက် ပါရှိသည်။ ဆရာဝန်များက ရောဂါများစစ်ဆေးပေးကြသည်။ ဆေးဝါးကုသမှုပေးသည်၊ အခြေခံလမ်းညွှန်ချက်များနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲများလည်း ပြုလုပ်ပေးကြသည်။ လူနာအများအပြားကတော့ ရထားကြီးပေါ်မှကျန်းမာရေးဝန်ထမ်းအားလုံးကို ကျေးဇူးတင်မဆုံး - ချီးကျူးမဆုံးရှိနေကြချေ၏။ ဆရာဝန်များ၏ ရိုးသားဖော်ရွေမှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုတို့ကိုလည်း ပြောမဆုံး မကုန်နိုင်ကြ။ ကျေးလက်ပြည်သူများ၏ မေတ္တာကို အပြည့်အဝရရှိကြသည့်စေတနာရှင်များပါပေ။

အိမ်တိုင်ရာရောက် - စောင့်ရှောက်ပေးသည့်ဆရာဝန်

ရထားကြီးပေါ်တွင်သာ ကုသမှုပေးကြသည်ဆိုသော်ငြား အချိန်ရပါက အိမ်တိုင်ရာရောက်ကြည့်ရှုကုသမှုကိုလည်း ပြုလုပ်လေ့ရှိကြပေသည်။ လော့ပ်ချာရွာလေးသို့ရောက်ရှိသည့်တစ်နေ့ ဒေါက်တာမီရိုရှနီချန်ကို တစ်ယောက် ဂျစ်ကားအဟောင်းလေးနှင့် ရွှံ့ထူထူလမ်းလေးအတိုင်း မောင်းနှင်လာခဲ့သည်။ ဟောင်းနွမ်းနေသည့်လူနေတိုက်ခန်းတွဲ တစ်ခုပေါ်သို့တက်ခဲ့၏။ တံခါးဝဝယ် ၆၇ နှစ်အရွယ် ဗီရာပိုပိုဗာ ဆိုသူအမျိုးသမီးကြီးကစောင့်ကြိုပြီး အိပ်ခန်းတစ်ခုထဲသို့ခေါ်သွား၏။ ခုတင်ပေါ်တွင်လဲနေသည်ကား အဘွားကြီး၏သားဖြစ်သူ အသက် ၄၅ နှစ်အရွယ် အဲလ်ဘတ် ဆိုသူပင်။ သူ့အဖြစ်ကား ဆိုးပါ၏။ ၂၀၀၇ ခုနှစ်၏မနက်ခင်းလေး



ဖယ်ဒိုဖယ်ဖရော့ဗ်ဆေးရုံရထားကြီးပေါ်ဝယ် မိန်းကလေးငယ်လေးဆီသို့
ဆေးဝါးကုသပေးရန် ပြင်ဆင်နေသည့် ဆေးရုံရထားဆရာဝန်တစ်ဦး

တစ်ခုဝယ် အဲလ်ဘတ်တစ်ယောက် အဆောက်အအုံဟောင်းတစ်လုံး၏ရက်မပေါ်မှ နင်းခဲများကိုနင်းမိပြီး ခြောက်ပေအမြင့်ရှိမြေပြင်ပေါ်သို့ချော်ကျသွားခဲ့သည်။ အခန့်မသင့်ချင်တော့ သူ၏ခါးဆစ်လွဲပြီးအောက်ပိုင်းလှုပ်မရဖြစ်သွားခဲ့ရလေသည်။ သူ၏မိတ်ဆွေများရောက်လာမှ သူ့ကို ငါးနာရီအကွာခန့်ရှိ ဆေးရုံသို့ပို့ပေးနိုင်ခဲ့ကြသည်။ သက်ဆိုင်ရာက သူ့ကို မသန်စွမ်းအဖြစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးလိုက်သည်။ ``ဒါဟာ ကျွန်တော့်ကိုစီရင်ချက်ချလိုက်တာလားဗျာ..`` ဟုသူက မချိတင်ကဲဖြစ်စွာ ပြောပြခဲ့ လေသည်။

ယခုအခါ သူကအင်တာနက်ကို မွှေနှောက်ကာ ခန္ဓာဗေဒကုထုံးများ၊ နိုင်ငံရေးကိစ္စများ၊ သမိုင်းဖြစ်ရပ်များကို ရှာဖွေကြည့်ရှုတတ်နေလေပြီ။ မိခင်ဖြစ်သူက သူ့ကိုကိုယ်လက်သန့်စင်ပေးသည်။ ခြေထောက်များကို နှိပ်နယ်ပေးသည်။ အညစ်အကြေးများကို သုတ်သင်ပေးရှာသည်။ မိတ်ဆွေတစ်ယောက်ပြောပြမှုကြောင့် ဆိုက်ဘေးရီးယားဒေသ ခရက်စနိယာ့ခ်မြို့ကြီးဝယ် အစွမ်းထက်သည့် ပြန်လည်ထူထောင်ရေးစခန်းတစ်ခုအကြောင်းသိရှိရသဖြင့် သူ၏မျှော်လင့်ချက်များ ပြန်လည်ရှင်သန်ခဲ့ရပေပြီ။ သို့ကြောင့်ပင် သူနှင့်မိခင်ဖြစ်သူတို့က ရထားကြီးပေါ်မှဒေါက်တာများကို အကူအညီတောင်းဖိတ်ကြားကာ လူနာကိုလာရောက်ကြည့်ရှုစေခြင်းဖြစ်လေသည်။ သားဖြစ်သူ၏ခြေထောက်များကို အပေါ့စား လေ့ကျင့်ခန်းများ စနစ်တကျပြုလုပ်ပေးခြင်းဖြင့် အခြေအနေတိုးတက်ကောင်းမွန်လာနိုင်သလောဟု မိခင်ကြီးက အားကိုးတကြီးမေးသည်။ မီရိုရှနီချန်ကိုက လူနာ၏ခြေထောက်ကိုမြှောက်ကြည့်သည်။ တုံ့ပြန်မှုကို စစ်ဆေးစမ်းသပ်သည်။ `` ပြန်ကောင်းနိုင်တာပေါ့.. မတ်တတ်ရပ်ပြီး လမ်းလည်းပြန်လျှောက်လာနိုင်တာပဲ..`` ဟုဒေါက်တာက ပြန်ဖြေလိုက်လေသည်။ ဝမ်းသာလွန်းသည့် မိခင်ကြီးက ဆရာဝန်မကြီးအား လှမ်းဖက်လိုက်လေတော့၏။

မတ်ဒရော့ဗ်ရထားကြီး နောက်ဆုံးရပ်နားရာရွာလေးသည်ကား ကူဇစ်တာရွာလေးပင်။ ရွာ၏နံနက်ခင်းလေးသည်ကား အုံ့မှိုင်းလျက်..။ မိုးများလည်းရွာသွန်း လျက်

ဆေးဝါးဌာနညွှန်ကြားရေးမှူးဗီရာရှဘာကိုဗာအတွက် မွေးနေ့ဆုတောင်းပွဲ ကျင်းပနေသည့် ဆေးရုံရထားဝန်ထမ်းများ။ ဓာတ်ပုံထဲမှ ပုဂ္ဂိုလ်မှာ ၁၉ရာစုတွင် ထင်ရှားခဲ့သည့် သမားတော်ကြီး မက်ဗီမတ်ဒရော့ဗ် ဖြစ်လေသည်။

ရှိနေ၏။ ရထားကြီးအနီးတွင်ပင် ဗွက်အိုင်လေးများဖြစ်၍နေချေပြီ။ ခရီးစဉ်အစဖြစ်သည့် ခါဘာရော့ဗ်မြို့မှထွက်လာခဲ့သည်မှာ ရက်သတ္တသုံးပတ်ကျော်ကြာခဲ့ပြီဖြစ်သည်။ ဆရာဝန်တို့မှာလည်း ဟာသလေးများပင်မပြောနိုင်တော့လောက်အောင် ပင်ပန်းနွမ်းနယ်နေကြချေပြီ။ သူကဆေးရုံရထားကြီး၏ အာရုံကြောအထူးကုဆရာဝန်ကြီး အလက်ဇန္ဒားကိုမာရော့ဗ်၏ အခန်းရှေ့တွင် ရပ်လိုက်သည်။ ကိုမာရော့ဗ်ကား ဆရာဝန်မဖြစ်မီ ၁၉၈၀ ပြည့်လွန်နှစ်များက BAM ရထားလမ်းဖောက်လုပ်ရေးလုပ်သားအဖြစ် အနီကူဇစ်တာရွာလေးသို့ ရောက်ရှိခဲ့ဖူးသူဖြစ်လေသည်။ ``ကျွန်တော်ဒီရွာလေးကိုပြန်မရောက်တာ နှစ် ၃၀ ကျော်ခဲ့ပြီပေါ့ဗျာ..`` ဟုသူက ပြောပြသည်။ သူတို့နှစ်ယောက် ရွာထဲသို့လမ်းလျှောက်ထွက်ခဲ့ကြလေသည်။

``..သူတို့ကကျုပ်ကို မေးကြတယ်.. BAM ရထားလမ်းကြီးကိုဝိုင်းဖောက်လုပ်ပြီး အမိနိုင်ငံတော်ကြီးကို ကျေးဇူးမဆပ်ချင်ဘူးလားတဲ့လေ..`` ဟုသူကဆက်ပြောသည်။ ``ဘာကြောင့်မလုပ်နိုင်ရမှာလဲ..``ဟု ထိုစဉ်ကအသက် ၂၂ နှစ်အရွယ်ဆေးကျောင်းသားလေးကတွေးလိုက်ပြီး ဆုံးဖြတ်ချက်ခိုင်ခိုင်ဖြင့် ဤနေရာသို့ရောက်လာခဲ့ခြင်းပင်။ ``အဲဒီတုန်းက ဒီနေရာလေးက တောင်တန်းတွေဝန်းရံထားပြီး တိတ်ဆိတ်အေးချမ်းလှသဗျ.. လူတွေဘာတွေလည်း မရှိကြသေးဘူးလေ.. ကမ္ဘာ့အစွန်းနေရာတစ်ခုကို ရောက်နေရသလိုပေါ့ဗျာ..`` ဟု သူကဆက်၍ပြောပြလေသည်။ နံနက် ၆ နာရီတွင် သူတို့အိပ်ရာထကြသည်။ အနီးရှိမြစ်ကမ်းပါးတွင် မျက်နှာသစ်ကြသည်။ အခြား BAM လုပ်သားများနှင့် အတူ နံနက်စာစားကာ အလုပ်ခွင်သို့ဝင်ရောက်ကြလေသည်။ ညဘက်ရောက်သည်နှင့် မီးပုံဖိုကာ ဂစ်တာတီးလျက် ပျော်ရွှင်စွာသီချင်းဆိုခဲ့ကြသည်ကိုလည်း သူမမေ့နိုင်သေး။

ပေ့ပျောက်ရန်ခက်လှစွာ – အတိတ်ကငြေရာများ

သူတို့စခန်းချခဲ့ကြသည့် နေရာလေးကို ကိုမာရော့ဗ်တစ်ယောက် အတော်လေးပြန်ရှာလိုက်ရသည်။ အတိတ်ကိုသတိရ၍ထင့်။ သူ၏မျက်နှာဝယ် အဆွေးရိပ်တို့စွန်းထင်းနေလေ၏။ တဖြည်းဖြည်းနှင့် မြစ်ကမ်းပါးသို့ သူတို့ ရောက်လာကြသည်။ သူက ကျောက်စရစ်ခဲလေးများကိုကောက်ကိုင်လိုက်ကာ စိုစွတ်နေသည့်မြေပြင်ကို လက်ချောင်းလေးများနှင့်ပွတ်သပ်လိုက်၏။ ဤနေရာလေးသည်ကား သူတို့နေထိုင်ခဲ့၊ အိပ်စက်ခဲ့၊ အလုပ်လုပ်ခဲ့၊ သီချင်းဆိုခဲ့သည့်နေရာ လေးပင်။ မြစ်ရေကား တငြိမ့်ငြိမ့်လေးစီးဆင်းနေလေသည်။ စကားတစ်လုံးမျှမပြောဘဲ မြစ်ပြင်ကိုအကြာကြီး သူငေးမောကြည့်နေမိ၏။ သူတို့၏ရှူးဖိနပ်များ ရွံ့မြေပျော့ထဲသို့ နစ်ဝင်သွားသည်အထိပင်။ ခဏအကြာဝယ် ရထားကြီးဆီသို့ သူတို့လှည့်ပြန်ခဲ့လေတော့သည်။

မောင်ရဲမာန်(မြဝတီ)
Ref; National Geographic Magazine

လမင်းတံဆိပ်

လိပ်ခေါင်းရောဂါကြောင့် စိတ်ညစ်နေသလား ....?

လမင်းဆေး

ကိုသောက်...ပျောက်

အတွင်းလိပ်ခေါင်း၊

အပြင်လိပ်ခေါင်း၊

သွေးကျ၊ ဒူလာရောဂါများ

သောက်သုံးနိုင်ပါသည်။

လိပ်ခေါင်းသောက်ဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

011909 (0516) ဆေးမှုန့်

009140(0714) ဆေးပြား

အမှတ်-၅၁၆(မင်းလမ်း)၊အင်းတကော်မြို့၊ပဲခူးတိုင်း ဖုန်း - ၀၉၅၀၇၉၈၇၅

ခြင်သားလောင်းစား ရောင်စုံဒေါင်းငါးလေးများ

လွှင်ကျော်မြတ်

ဒေါင်းငါး (Guppy) သည် ငှက်ဖျားရောဂါဖြစ်ပွားစေသော ခြင်များကို နှိမ်နင်းရန်အတွက် ကမ္ဘာအရပ်ရပ်ယူဆောင်မွေးမြူခဲ့ခြင်းကြောင့် ကမ္ဘာတစ်လွှားပျံ့နှံ့ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံသို့လည်း အင်္ဂလိပ်လူမျိုးတို့က ကိုလိုနီခေတ်ကာလအတောအတွင်းက ငှက်ဖျားရောဂါ တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ဒေါင်းငါးများကို စတင်ယူဆောင် မွေးမြူခဲ့ သည်။ အဆိုပါ ငါးအထီး၏ အမြီးသည် ဥဒေါင်းငှက်အမြီးကဲ့သို့ပင် အရောင်အသွေးစုံလင်လှပသောကြောင့် ဒေါင်းငါးဟူသော မြန်မာအမည်ပေးထားခြင်းဖြစ်သည်။

ဒေါင်းငါး၏ စားသောက်သော ဓလေ့တွင် ခြင်သားလောင်းဖြစ်သော ပိုးလောက်လမ်းကလေးများကို အဓိကစားသုံးသော ဓလေ့ကြောင့် ခြင်နှိမ်နင်းရာတွင် ထိရောက်မှုရှိသော ခြင်သားလောင်းစား ငါးအဖြစ် ကမ္ဘာတစ်လွှားထင်ရှားကျော်ကြားလာခြင်းဖြစ်သည်။ ခြင်သည် ရောဂါပိုးများကို သယ်ဆောင်ပြီးလူနှင့် တိရစ္ဆာန်တို့ကို ကိုက်ခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့စေသည်။ ယခုအခါ ခြင်ကြောင့် ဗီဇပိုးရပ်စ်ရောဂါ ပျံ့နှံ့လျက်ရှိသည်။ ခြင်သည် ငှက်ဖျားရောဂါများ (Malaria)၊ သွေးလွန်တုပ်ကွေး (Dengue)၊ ဆင်ခြေထောက်ရောဂါ (Elephantiasis) စသောရောဂါများကို ဖြစ်ပွားစေသဖြင့် ခြင်ကြောင့်ဖြစ်သော ရော ဂါများကို တားဆီးကာကွယ်ရန်အတွက် ခြင် သားလောင်း ပိုးလောက်လမ်းများကို စားသောက်သော ဒေါင်းငါးလေးများဖြင့် ထိရောက်စွာ နှိမ်နင်းနိုင်သည်။

ဒေါင်းငါး

ဒေါင်းငါး (Guppy) ၏ သတ္တဗေဒအမည်မှာ Poecilia reticulata ဖြစ်ပြီး ၎င်းကို ထရီနီဒက် နိုင်ငံတွင် စတင်ရှာဖွေ တွေ့ရှိခဲ့သူ Robert John Lechmere Guppy ၏ အမည်ကို အစွဲပြု၍ Guppy ဟု အမည်ပေးထားခြင်းဖြစ်သည်။ အစပထမတွင် ဒေါင်းငါးကို ယခင်က မည်သူမျှ မတွေ့ရှိခဲ့သေးဖူးဟု ယူဆသဖြင့် သတ္တဗေဒအမည်ကို Girardinus guppii ဟု အမည် ပေးခဲ့သည်။ နောက်ပိုင်းတွင် ဒေါင်းငါးကို ယခင်က wilhelm C.H.Peters က ရှာ ဖွေတွေ့ရှိခဲ့ပြီးသားဖြစ်ကြောင်း သိရှိရသဖြင့် ဒေါင်းငါး၏ သတ္တဗေဒအမည်ကို Poecilia reticulata ဟု ပြောင်းလဲအမည်ပေးခဲ့ သော်လည်း သာမန်အမည်ကိုမူ Guppy ဟုသာ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

ဒေါင်းငါး (Guppy) ၏ အခြားအမည်များမှာ Rainbow fish နှင့် Millions fish တို့ ဖြစ်သော်လည်း များသောအားဖြင့် Guppy ဟုသာ ကမ္ဘာတစ်လွှားထင်ရှား ကျော်ကြားသည်။

မူလနေရင်းဒေသ

ဒေါင်းငါးများ၏ မူလနေရင်းဒေသများမှာ ကာရစ်ဘီယံကျွန်းအချို့၊ တောင်အမေရိကတိုက် အနောက်မြောက်ပိုင်းဒေသ၊ အမေရိကတိုက် အလယ်ပိုင်းဒေသ၊ ဘာဘေဒိုစ် နိုင်ငံ၊ ဂူယာနာနိုင်ငံ၊ နယ်သာလန်အန်တီ လိစ်၊ ထရီနီဒက်၊ တိုဘာကို၊ အမေရိကန်ပြည်ထောင်စု ဗာဂျင်ကျွန်းများ၊ ဗင်နီဇွဲလားနှင့် ဘရာဇီးလ်နိုင်ငံတို့ ဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင် အာရှဒေသ အထူးသဖြင့် စင်ကာပူနိုင်ငံသို့ ပျံ့နှံ့ ရောက်ရှိခဲ့သည်။ စင်ကာပူနိုင်ငံတွင် ဒေါင်းငါးလေးများကို ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ မျိုးစပ်သားဖောက် မွေးမြူခဲ့ခြင်းကြောင့် ယခုအခါ မျိုးစိတ်သစ် ၄၀ ကျော် မျိုးစပ်နိုင်ခဲ့ သည်။ ဒေါင်းငါးမြို့တော်ဟု တင်စားထားသော စင်ကာပူနိုင်ငံသည် ရေပန်းစားသော ဒေါင်းငါးများကို ငါးမွေးမြူရေးလုပ်ငန်းကြီး များဖြင့် မွေးမြူပြီး လှပသော မျိုးစိတ်သစ် ဒေါင်းငါးများကို ကမ္ဘာအရပ်ရပ်သို့ တင်ပို့ ရောင်းချလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဒေါင်းငါးမျိုးစိတ်ပေါင်း ၃၀၀ ခန့်ရှိသည်။

သွင်ပြင်လက္ခဏာ

ဒေါင်းငါးအထီးသည် အမထက် ခန္ဓာကိုယ်အရွယ်အစားပိုမိုသေးငယ်သည်။ ဒေါင်းငါးအထီး၏ ပျမ်းမျှအရွယ်အစားမှာ ၂ ဒသမ ၅ စင်တီမီတာ (တစ်လက်မ) ဖြစ်ပြီး ဒေါင်းငါးအမ၏ အရွယ်အစားမှာ ၆ စင်တီမီတာ (၂ ဒသမ ၄ လက်မ) ဖြစ်သည်။ ဒေါင်းငါးအထီး၏ အမြီးရေယက်တောင်များမှာ အမထက် အရွယ်အစားပိုမိုကြီးမားပြီး အရောင်အသွေးပိုမိုစုံလင်လှပသည်။ ဒေါင်းငါး၏ ခန္ဓာကိုယ် အလယ်ကောင်ခန့်မှ ထွက် နေသည်။ အဆိုပါ စအိုရေယက်ကောင်သည် ဒေါင်းငါး အထီးတွင် ပိုမိုရှည်လျားပြီး မျိုးဥသန္ဓေအောင်စေရန် အသုံးပြုသည်။

အရွယ်ရောက် ဒေါင်းငါးအထီးတွင်ပါ ရှိသော Gonopodium သည် ဒေါင်းငါး အမနှင့် ထိအောင်ချိန်ရွယ်ပြီး မျိုးရည်များ ကို ပို့လွှတ်နိုင်စွမ်းရှိသည်။ ဒေါင်းငါးအမများ တွင် စအိုရေယက်တောင်၏ ပုံသဏ္ဌာန်မှာ တြိဂံပုံသဏ္ဌာန်ဖြစ်သည်။ ဒေါင်းငါးအထီး၏ ခန္ဓာကိုယ် အရောင်အဆင်းမှာ အမထက် အ ရောင်အသွေး ပိုမိုစုံလင်လှပသည်။ ယနေ့ ခေတ်မျိုးစပ်ထားသည့် လှပဆန်းပြားသော ဒေါင်းငါးမျိုးစိတ်သစ်များ၏ ခန္ဓာကိုယ်အရောင်မှာ အလွန်လှပသည်။

ဒေါင်းငါးအမျိုးအစားငါးများသည် အုံလိုက်ကျင်းလိုက်အကောင်ရေ အမြောက်အမြားအုပ်စုဖွဲ့သွားလာလှုပ်ရှားလေ့မရှိချေ။ သို့ရာတွင် အကောင်ရေ အနည်းငယ်သာပါသော အုပ်စုအဖြစ် မွေးမြူနိုင်သည်။ အရောင်အသွေးစုံလင်လှပသော ဒေါင်းငါးကလေးများကို မှန်ကန်အတွင်း၌ မွေးမြူထားပါက မျက်စိပသာဒ ဖြစ်ဖွယ်အလွန်လှပသည်။

ဒေါင်းငါး၏ အစားအစာ

ဒေါင်းငါးလေးများကို အစာကျွေးရန် အလွန်လွယ်ကူသည်။ ၎င်းတို့သည် အစာမျိုးစုံစားသော ငါးဖြစ်ပြီး ရေတီ၊ ဆား၊ ပုစွန်၊ ရေမှော်နှင့် ငါးအစာခြောက်များနှင့်



ပိုးနီ ကောင်တို့ကို စားသောက်ပြီး ခြင်သားလောင်း ပိုးလောက်လမ်း ကလေးများကို နှစ်သက်စွာ အဓိကစားသုံးသောကြောင့် ခြင် နှိမ်နင်းရေး ငါးမျိုးဖြစ်သည်။ သုတေသနပြု လေ့လာမှုများအရ တစ်လက်မခွဲ အရွယ်ရှိ အရွယ်ရောက် ဒေါင်းငါးအထီးတစ်ကောင်သည် တစ်နေ့လျှင် ခြင်သားလောင်း ပိုးလောက် လမ်းအကောင်ရေ ၃၀ ခန့် စားသောက်နိုင်စွမ်းရှိသည်။ ခန္ဓာကိုယ်အရွယ်အစား နှစ်လက်မခွဲ အရွယ်ရှိ အရွယ်ရောက် ဒေါင်းငါး အမတစ်ကောင်သည် တစ်နေ့လျှင် ခြင်သားလောင်း ပိုးလောက်လမ်းအကောင်ရေ ၆၀ ခန့်စားသောက် ကြောင်း လေ့လာသိရှိရသည်။

ဒေါင်းငါးတို့၏ အထက်လှန်နေသော ပါးစပ်ပေါက်သည် အထူးသဖြင့် ခြင်သား လောင်းပိုးလောက်လမ်းများကို စားသောက် ရန် အလွန်သင့်လျော်သည်။ ဒေါင်းငါးများ သည် ရေတီလေးများကို လည်း နှစ်သက်စွာ စားသောက်ကြသည်။ ဒေါင်းငါးကလေးများ ကို မှန်ရေကန်အတွင်း၌ မွေးမြူထားပါက တစ်နေ့လျှင် တစ်ကြိမ်ခန့်သာ အစာကျွေး သင့်ပြီး အစာများများစားစားမကျွေးသင့်ချေ။ ဒေါင်းငါး များသည် အစာကို ခုံခုံမင်မင်စား သောက်တတ်ကြပြီး အစာချကျွေး ချင်းချင်း အစာကို လျင်မြန်စွာ လာစားတတ်ကြသည်။

ရေအမျိုးအစားနှင့် အရည်အသွေး

ဒေါင်းငါးများသည် ရေစေးအသင့်အတင့်နှင့် အယ်လ်ကာလီ သတ္တုမသိမသာရှိသော ရေအမျိုးအစားတွင် ယေဘုယျအားဖြင့် ရှင် သန်နေထိုင်ကျက်စားနိုင်စွမ်းရှိသည်။ ၎င်းတို့သည် ဆားငန်ရေ တွင်လည်း နေထိုင်နိုင်စွမ်းရှိသည်။ အချို့နိုင်ငံများတွင် ဒေါင်းငါး ကလေးများကို ရေချိုတစ်ဝက်နှင့် ရေငန်တစ်ဝက်ရောထားသော ရေချိုရေငန်စပ်ရေအမျိုးအစားတွင် မွေးမြူကြသည်။ ဒေါင်းငါးအမျိုး အစားသည် ရေချိုငါးအမျိုး အစားဖြစ်သော်လည်း ရေချိုရေငန်စပ်တွင် လည်း နေထိုင်ကျက်စားနိုင်သော ငါးအမျိုးအစားဖြစ်သည်။

ဒေါင်းငါးများသည် အယ်လ်ကာလီ ဂုဏ်သတ္တိအဖန်ဓာတ်ပိုကဲ သည့် ရေအမျိုး အစားတွင် နေထိုင်ရန် ပိုမိုနှစ်သက်သည်။ ရေအရည် အသွေး ချဉ်ဖန်နှုန်း PH7 ထက်မြင့်သော ရေစေးရေအမျိုးအစား နှင့်သင့်လျော်သည်။ ၎င်းသည် PH 8.0 သို့မဟုတ် PH8.0 အထက် ရေအရည်အသွေးတွင် နေထိုင်ရန်သင့်လျော်သည်။ ဒေါင်းငါးမွေး မြူရန် အသုံးပြုသော ရေအရည်အသွေး PH ကို ကျင့်သားရပြီး နေသားကျနေပါက PH အရည်အသွေးကိုပြောင်းလဲမမွေးမြူ သင့်ချေ။

ဒေါင်းငါးများသည် ရေချိုငါးအမျိုးအ စားဖြစ်သဖြင့် ဆားငန်ဓာတ်မရှိလျှင်လည်း ရှင်သန်နိုင်စွမ်းရှိသည်။ တချို့က ဒေါင်းငါးလေးများသည် ရေချို၊ ရေငန်စပ်ရေတွင်လည်း ရှင်သန် နေထိုင်နိုင်သည်ဟု ယူဆထားသည်။ အမှန်တကယ်တွင် ရေအ ခြေအနေကို သင့်လျော်စွာ အခြေအနေပြုပြင် ပြောင်းလဲပေးထား ပါက ၎င်းတို့သည် ဆားငန်ရေတွင်လည်း ရှင်သန်နေထိုင်နိုင်စွမ်းရှိ သည်။

ရေအပူချိန်

ဒေါင်းငါးသည် အပူပိုင်း ဒေသငါးမျိုး ဖြစ်သည်။ သို့ရာတွင် ဒေါင်းငါးမျိုးစိတ်မျိုး ကွဲများသည် ရေအပူချိန်လျော့နည်းမှုဒဏ် ကို ခံနိုင်ရည် အမျိုးမျိုးရှိကြသည်။ ဒေါင်းငါးများသည် အပူချိန် ၁၅-၃ ဒီဂရီ စင်တီဂရိတ် (၉၀ ဒီဂရီ ဖာရင်ဟိုက်) ကို ခံနိုင်ရည် ရှိသော် လည်း အသင့်လျော်ဆုံး အပူချိန်မှာ ၂၂ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ အရွယ် ရောက် ဒေါင်းငါးအတွက် အသင့်လျော် ဆုံး ၇၂ ဒီဂရီ ဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်ဖြစ်သည်။ ငါးမှုန်(Fry) ငါးသား ပေါက်က လေးများအဖို့ ပထမနှစ်လမှ သုံးလအရွယ်တွင် ရေအပူချိန် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အထိ သင့်လျော်သည်။

ဒေါင်းငါးများသည် ပူနွေးသော ရေတွင် ရှင်သန်နေထိုင်နိုင်သော ငါးဖြစ်သည်။

လုပန်ဆန်းပြားသော စပ်မျိုးဒေါင်းငါး မျိုးစိတ်သစ်များ

လှပဆန်းပြားသော စပ်မျိုးဒေါင်းငါး မျိုးစိတ်သစ်များမှာ အထူးမျိုးစပ်သားဖောက်သော နည်းပညာ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော ဒေါင်းငါးမျိုးစိတ်သစ်များ ဖြစ်သည်။ အဆိုပါ ဒေါင်းငါးမျိုးစိတ်သစ်များသည် နဂိုမူလ ဒေါင်းငါးအရိုင်းများနှင့် အနည်းငယ်သာ တူတော့သည်။ ဒေါက်တာ အက်ဘ်သည် ၁၉၆၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းကာလက သဘာဝ နဂိုမူလ ဒေါင်းငါး အရိုင်းများကို လေ့လာခဲ့ပြီး အစားအစာနှင့် ရေတို့ကို အရည်အသွေး အမြင့်မားဆုံးဖြစ်အောင် ဂရုတစိုက်ကျွေးမွေးပြုစု ခဲ့သောကြောင့် ဒေါင်းငါး အရွယ်အစားကြီး မားလာခဲ့သည်။

ထို့နောက် ပေါလ်ဟာ နယ်လ်အမည်ရှိ အမေရိကန် အမျိုး သား သတ္တဗေဒပညာရှင်သည် ဒေါင်းငါးအမျိုးအစားနှင့် သား ဖောက်မွေးမြူမှုတို့ကို ထိန်းချုပ်မွေးမြူခဲ့သဖြင့် ယနေ့ခေတ် ဇာပဝါအမြီးနှင့်ဆင်တူသည့် လှပဆန်းပြားသော အမြီးရှိသည့် ဒေါင်းငါးများကို မွေးမြူနိုင်ခဲ့သည်။ အခြား ငါးမွေးမြူသူများက ဒေါင်းငါးများကို အရောင်အသွေးစုံလင်လှပလာအောင် မျိုးစပ် မွေးမြူခဲ့ကြသောကြောင့် ဒေါင်းငါးအမြီးပုံသဏ္ဍာန်များမှာ လုံး ဝန်းသော အမြီးပိုင်း၊ လှံတံကဲ့သို့ ချွန်မြသော အမြီးဓားပုံသဏ္ဍာန်ချွန် ထက်သော အမြီးရှိသော ဒေါင်းငါးများကို မျိုးစပ်မွေးမြူနိုင်ခဲ့သည်။



နောက်ပိုင်းတွင် ဒေါင်းငါးဝါသနာရှင်များက လူပဆန်းပြားသော စပ်မျိုးမွေးမြူရေး အဖွဲ့ကလေးကို စုပေါင်းတည်ထောင်ခဲ့ကြသည်။ အဆိုပါ အဖွဲ့သည်ဒေါင်းငါး၏စံချိန် စံသတ်မှတ်ချက်ဖြင့် ဒေါင်းငါး ပြပွဲများတွင် ဒေါင်းငါးအရည်အသွေးများကို အကဲဖြတ်နိုင်ရန် ဖြစ်သည်။ ယနေ့မျက်မှောက်ကာလတွင် ဒေါင်းငါးလေးများ၏ ခန္ဓာကိုယ် အရွယ်အစား၊ အရောင်အသွေး၊ အမြီးပုံသဏ္ဍာန် အရွယ်အစားတို့မှာ လှပဆန်းပြားလာခဲ့သည်။

ယနေ့ခေတ်လှပဆန်းပြားသော စပ် မျိုး ဒေါင်းငါးလေးများကို အရောင်အသွေး နှင့် အမြီးရေယက်တောင် အရှည်တို့လှပ ဆန်းပြားအောင် မျိုးစပ်မွေးမြူခဲ့ကြခြင်းကြောင့် နဂိုမူလဒေါင်းငါးအရိုင်း၏ အကြမ်း ပတမ်းကြံ့ခိုင်မှုခံနိုင်ရည်စွမ်းရည် အတော်များများ ပျောက်ကွယ်ဆုံးရှုံးသွားခဲ့သည်။ ယခုအခါ လှပဆန်းပြားသော စပ်မျိုး ဒေါင်းငါးလေးများ၏ သက်တမ်းမှာ တစ်နှစ်ခွဲမှ သုံးနှစ်အထိဖြစ်သည်။

မျိုးပွားသားပေါက်မှု

ဒေါင်းငါးအမသည် သုံးလခန့်နှင့် အရွယ်ရောက်ပြီး ဒေါင်းငါး အထီးကမူ ဒေါင်းငါးအမထက် ပိုမိုစောစီးစွာအရွယ်ရောက်ပြီး ရက်သတ္တ ခြောက်ပတ်ခန့်ဖြင့်အရွယ် ရောက်လာသည်။ အဆိုပါ

ဒေါင်းငါးအထီးနှင့် အမတို့၏ အရွယ်ရောက် သည့်အချိန်ကာလမှာ ဒေါင်းငါး၏ မျိုးရိုးဗီဇနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့ အပေါ် မူတည်သည်။

ဒေါင်းငါးသည် တစ်နှစ်ပတ်လုံးသားပေါက်မျိုးပွားနိုင်စွမ်း ရှိသည်။ ဒေါင်းငါးအမသည် အသက်တစ်နှစ်ခွဲအချိန်သားပေါက် မျိုးပွားနိုင်စွမ်းရှိပြီး အထီးတစ်ကောင်နှင့် မိတ်လိုက်မျိုးပွားပြီးပါက ငါးသားပေါက်ရှစ် သားခန့်အထိ အဖိုမျိုးရည်ကို သိမ်းဆည်း အသုံးပြု သားပေါက်သည်။ ဒေါင်းငါးသည် အကောင်လိုက် မွေးသောငါးမျိုးဖြစ်သည်။ ဒေါင်းငါးအမသည် သန္ဓေဆောင်ကာလမှာ ၂၈ ရက်ခန့်ဖြစ်သည်။ ဒေါင်းငါးအမသည် ငါးသားပေါက် နှစ်ကောင်မှ အကောင် ၂၀၀ အထိ အကောင်လိုက် မွေးဖွားနိုင်စွမ်းရှိပြီး ပုံမှန်အားဖြင့် တစ်ကြိမ်လျှင် ငါးသားပေါက် အကောင် ၃၀ မှ အကောင် ၈၀ အထိ အကောင်လိုက်မွေးဖွားသည်။

ဒေါင်းငါးအမသည် သားပေါက်ကလေးများကိုတစ်ကြိမ် အကောင်လိုက်မွေးပြီးနောက် တစ်လခန့်အကြာတွင် နောက်ထပ် တစ်ကြိမ်သားပေါက်သည်။ သားပေါက်ကလေး၏ ခန္ဓာကိုယ်အရွယ်အစားမှာ မွေးဖွားခါစတွင် သုညဒသမ ၈ စင်တီမီတာခန့်ရှိသည်၊ ဒေါင်းငါးများ မိတ်လိုက်မျိုးပွားချိန်တွင် ဒေါင်းငါးအထီးတွင် Gonopodium ထွက်ပေါ်လာပြီး ဒေါင်းငါး အမ၏ ဝမ်းဘက်စအိုအနီးတွင် အမည်းရောင်အစက်အပြောက်ထွက်ပေါ်လာ သည်။ ဒေါင်းငါးကလေးများကို မှန်ကန်အတွင်း၌ ဂရုတစိုက် မွေးမြူ ပါက ဒေါင်းငါး၏ သက်တမ်းမှာ သုံးနှစ်မှ ငါးနှစ်အထိရှိနိုင်သည်။

ခြင်သားလောင်း ပိုးလောက်လမ်းများ ပေါက်ပွားသော အချိန်တွင် ပိုးလောက်လမ်း များရှိသော နေရာတွင် ဒေါင်းငါးကလေးများကို မွေးမြူထားပါက ဒေါင်းငါးကလေးများက ၎င်းတို့ အကြိုက်ဆုံး ပိုးလောက်လမ်းများကို စားသောက်ပစ်သဖြင့် ခြင်ကြောင့် ဖြစ်ပွားသော ရောဂါများမဖြစ်ပွားအောင် တားဆီးကာကွယ်ပေးနိုင်စွမ်းရှိပေသည်။

— လွင်ကျော်မြတ် —

၁၉၈၂ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့သော

မူလပထမ ဂျပန်

နာမည်ကျော်ဂျပန်ဆေးစွမ်းကောင်း
မှတ်ပုံတင်ပြီး ၄/၁၄၅၉

နားသန့်ဆေးကြီး

အစလ မှတ်ပုံတင်အမှတ် - အစ ၁၂(၁၀၂၉၆)

လင မှတ်ပုံတင်အမှတ် - ၄/၁၄၅၉

အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ပင်ရင်း) ဖုန်း - ၀၁-၃၉၅၆၁၂၊ ၇၀၄၄၀၁၊ (ဖြန့်ချိရေး) ဖုန်း - ၂၂၆၃၀၂၊ ၂၂၇၉၃၅

MAS (မောင်အေးနှင့်သားများ) ကုမ္ပဏီလီမိတက်မှ ဦးစီးသော
တာပ်ကြည့်ရုံနဲ့...
ဟတ်ထိသွားမယ်
မျက်မှန်မှာဆို
ယူနီဗာဆယ်
မျက်မှန်လေးနဲ့ လန်းချင်ရင် .... ယူနီဗာဆယ် သို့ လှမ်းလာခဲ့ပါ။
နေကာ၊ ပါဝါမျက်မှန် နှင့် မျက်ကပ်မှန် လက်လီလက်ကားဖြန့်ချိရေး
အမှန်အကန်
DISCOUNT (5% TO 35% OFF)
အမှတ် (၃၄၉/၃၅၁)၊ မြေညီထပ်၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ ဆိုင်ဖုန်း - ၂၄၆၂၉၂၊ ၂၄၂၀၉၅၊ ၀၉ ၅၁၃၁၅၀၃

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂျာမနီ စစ်လက်နက်ကြီးများ



နေထက်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးတွင် နာဇီဂျာမနီတို့သည် ဧရာမ အစွမ်းထက်သော စစ်လက်နက်ကြီးများကို တည်ဆောက်ရန် စမ်းသပ်မှုများကို စတင်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် လေးထပ်တိုက် အရွယ်အစားရှိသော ဧရာမတိုက်ပွဲဝင် သံချပ်ကာ ကားကြီးများမှသည် ယနေ့ခေတ်အဖျက်စွမ်းအားကြီးမားသော ဂျက်တိုက်လေယာဉ်နှင့်တူသော ဗုံးကြဲတိုက်လေယာဉ် များအထိ အစွမ်းထက်သော စစ်လက်နက် အားလုံးပဲ့သမျှကို တည်ဆောက်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

နာဇီခေါင်းဆောင် ဟစ်တလာသည် ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းမိုးအောင်နိုင်ရန် ဆန္ဒပြင်းပြပြီး အစွမ်းထက်စစ်လက်နက်များကို မဖြစ်မနေ အောင်မြင်စွာတည်ဆောက်နိုင်ရန် ယတိပြတ်စိတ်ပိုင်းဖြတ်ထားသည်။ ကံကောင်းထောက်မစွာပင် နာဇီဂျာမနီတို့သည် အဆိုပါ စစ်လက်နက်ကြီးအချို့ကိုသာ တည်ဆောက်နိုင်ခဲ့ပြီး ထိုစစ်လက်နက်ကြီးများမှာလည်း ရှေ့ပြေးပုံစံမျှသာဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့တည်ဆောက်ရန် ကြံရွယ်ထားသော စစ်လက်နက်တည်ဆောက်ရေး စီမံကိန်းများစွာ၏ အသေးစိတ်ရေးဆွဲထားသော ပုံစံကြမ်းများကို ရှာဖွေတွေ့ရှိခဲ့ရပြီး အများပြည်သူတို့အား အသိပေးခဲ့သည်။

နာဇီဂျာမနီတို့၏ စစ်လက်နက်တည်ဆောက်ရေးစီမံကိန်းများ အားလုံးကို လက်တွေ့အကောင်အထည်ဖော် မတည်ဆောက်ဖြစ်ခဲ့သည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ အကြောင်းမှုကား နာဇီဂျာမနီတို့သာ အဆိုပါ အစွမ်းထက် စစ်လက်နက်ကြီးများကို တည်ဆောက်နိုင်ခဲ့ပါက ဒုတိယကမ္ဘာစစ်ကြီး၏ နောက်ဆုံးရလဒ်မှာ နာဇီဂျာမနီတို့ဘက်မှ အလေးသာပြီး စစ်ပွဲအခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်။

The Sun Gun စစ်လက်နက်

သူရိယနေမင်း စစ်လက်နက်မှာ ရူးကြောင်ကြောင်အနိုင်ဆုံး စစ်လက်နက်ဖြစ်နိုင်ဖွယ်ရှိပြီး ၎င်းကိုလက်တွေ့ရုပ်လုံးဖော်မတည်ဆောက်ဖြစ်ခဲ့ချေ။ အကယ်၍သာတည်ဆောက်ဖြစ်ခဲ့ပါက ယင်းမှာ နာဇီဂျာမနီတို့၏ အစွမ်းအထက်ဆုံး စစ်လက်နက်တစ်ခုဖြစ်လာနိုင်သည်။ အဆိုပါ စစ်လက်နက်မှာ သိပ္ပံစာရေးဆရာကြီး အိုင် ဆက်အာဆီမော့၏ သိပ္ပံစိတ်ကူးယဉ်ဝတ္ထုထဲမှ စစ်လက်နက်မျိုးနှင့်ဆင်တူနေသည်။



နာဇီဂျာမနီတို့က ကမ္ဘာကြီးကို လွှမ်းမိုးအောင်နိုင်ရန်အတွက် ကမ္ဘာမြေပြင်အထက်ရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အချင်းအားဖြင့် ၁ဒသမ ၅ကီလိုမီတာ (သုည ဒသမ ၉၃ မိုင်) ရှိသော ဇရာမကြေးမုံ မှန်ချပ်ကြီးကို လွှတ်တင်ထားရန် စိတ်ကူးရခဲ့ကြသည်။ သို့မှသာလျှင် သူရိယနေမင်းကြီးထံမှ နေရောင်ခြည်များကို ထိန်းချုပ်စုစည်းပြီး ဇရာမနေရောင်ခြည်တန်းကြီးကို ရန်သူ့ မြို့ကြီးများအပေါ် တည့်တည့်ချိန်ရွယ်ပြီး မီးလောင်ပြာကျ ပျက်စီးသွားအောင်ချိန် ရွယ်ပစ်ခတ်နိုင်စွမ်းရှိမည်ဟု ယူဆထားသည်။ သို့ရာတွင် ၎င်းတို့၏ ရည်ရွယ်ချက်မှာ ကြီးမားလှသော်ငြားလည်း အမှန်တကယ်တွင် ထိုစိတ်ကူးအကြံဉာဏ်မှာ လက်တွေ့တွင် လုံးဝမဖြစ်နိုင်သဖြင့် အဆိုပါ စိတ်ကူးအကြံအစည်ကို စွန့်လွှတ်ခဲ့ရသည်။

Messerschmitt Me-262 "Swallow"



Me-262 တိုက်လေယာဉ်မှာ ကမ္ဘာ့ ပထမဦးဆုံး ဂျက်တိုက်လေယာဉ်ဖြစ်သည်။ အဆိုပါ ဂျက်တိုက်လေယာဉ်သည် အလွန်ဘေးအန္တရာယ်များပြီး အလွန်အမင်း မြန်ဆန်သော တိုက်လေယာဉ်ဖြစ်သော်ငြားလည်း ၎င်းတွင် လေယာဉ်အင်ဂျင်စက်ပြဿနာများရှိသည်။ ထိုဂျက်လေယာဉ်ကို ၁၉၄၃ ခုနှစ်တွင် စတင်ပျံသန်းထုတ်ခဲ့သည်။ ယခင်ဂျာမန်တိုက်လေယာဉ်များဖြစ်သော Luftwaffe နှင့် ဂျာမန်တို့၏ မဟာ မိတ်တိုက်လေယာဉ်များက ရန်သူ့နယ်မြေအတွင်းသို့ ထိုးဖောက်ပျံသန်းနိုင်စွမ်းမရှိသောကြောင့် Me-262 ဂျက်တိုက်လေယာဉ်ကိုစတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစွမ်းထက်ဂျက်တိုက်လေယာဉ်Me-262 ကြောင့်ဂျာမန်တို့သည် ကောင်းကင်ယံကို လွှမ်းမိုးထားနိုင်ခဲ့သည်။ နာဇီခေါင်းဆောင် ဟစ်တလာကမရောင့်ရဲသေးဘဲ အဆိုပါ Me-262 ဂျက်တိုက်လေယာဉ်ကို ဒီဇိုင်းပုံစံထပ်မံပြင်ဆင်ထုတ်လုပ်နိုင်းသဖြင့် ထိုဂျက်တိုက်လေယာဉ် ဒီဇိုင်းပုံစံအသစ် ထပ်မံပြင်ဆင်ထုတ်လုပ်ပြီးချိန်တွင် ဒုတိယကမ္ဘာစစ်ကြီးမှာလည်း ပြီးစီးလုနီးပါးဖြစ်ခဲ့သည်။

Type XX1 U-Boat

ဂျာမန်တို့၏ U-Boat ရေငုပ်သင်္ဘောများမှာ ယနေ့ခေတ် ရေငုပ်သင်္ဘောများ၏ ရှေ့ပြေးဖြစ်သည်။ ဂျာမန်တို့၏ အစွမ်းထက်သော U-Boat ရေငုပ်သင်္ဘောသည် ရန်သူ့သင်္ဘောများ၊ ရေနံတင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများနှင့် စစ်သင်္ဘော အမြောက်အမြားကို ပစ်ခတ်နစ်မြှုပ်ခဲ့သောကြောင့် တိုက်ခိုက်ရာတွင် အလွန်အစွမ်းထက်သော ရေငုပ်သင်္ဘောအဖြစ် ထင်ရှားကျော်ကြားသည်။ အဆိုပါ U-Boat ရေငုပ်သင်္ဘောများသည် တိတ်တဆိတ် ခိုးကြောင်ခိုးဝှက်ဖြင့် ရန်သူ့သင်္ဘောအနီး ချဉ်းကပ်လာပြီး တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။

ဂျာမန်တို့ ဒုတိယကမ္ဘာစစ်ကြီး အတောအတွင်းက အသုံးပြုသော U-Boat ရေငုပ်သင်္ဘောများမှာ ယခင်က ရေငုပ်သင်္ဘော အမျိုးအစားများထက် အစွမ်းပိုထက်သော ရေငုပ်သင်္ဘောများဖြစ်သည်။ နာဇီ ဂျာမနီတို့က Elektoboote ဟု ကင်ပွန်းတပ်ခေါ်ဆိုသော The Type XX1 ရေငုပ်သင်္ဘောမှာ နာဇီတို့ တည်ဆောက်သောအစွမ်းထက် စစ်နက်လက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ ရေငုပ်သင်္ဘောမှာ တစ်စင်းလုံးကို ဆန်းသစ်တီထွင်ထားသော ရေငုပ်သင်္ဘောဖြစ်ပြီး ပင်လယ်သမုဒ္ဒရာရေအောက်တွင် အချိန်ပိုမိုကြာမြင့်စွာရေငုပ်သွားလာနိုင်စွမ်းရှိသည်။ အဆိုပါ The Type XX1 တွင် တပ်ဆင်ထားသော စစ်လက်နက်များမှာလည်း ရေငုပ်သင်္ဘောကဲ့သို့ပင် အစွမ်းထက်မြက်သည်။ ထိုရေငုပ်သင်္ဘောတွင် ဟိုက်ဒရောလစ်စနစ်ဖြင့် တော်ပီဒိုများကိုထည့်သည့် စနစ်ပါရှိပြီး ထိုတော်ပီဒိုများကိုဆိုနာစနစ်အသုံးပြုပြီး ရန်သူ့သင်္ဘောများကို ချိန်ရွယ်ပစ်ခတ်သည်။ ယခင်က ရန်သူ့သင်္ဘောကို ပစ်ခတ်ချေမှုန်းရန်အတွက် ပယ်ရီစကုပ် မှန်ပြောင်းကို အသုံးပြုတိုက်ခိုက်ခဲ့ရသော် လည်း ဆိုနာစနစ်ကို အသုံးပြုသောအခါ ပယ်ရီစကုပ်စနစ်ကို အသုံးပြုရန် မလိုတော့ချေ။



The Panzer VIII Maus

ယနေ့ခေတ်တွင် ပြိုင်ကားများ ထုတ်လုပ်သော Porsche ကုမ္ပဏီမှ Ferdinand Porsche က ဒီဇိုင်းပုံစံထုတ်လုပ်ပေးထားသော The Panzer VIII Maus သံချပ်ကာကားမှာ နာဇီဂျာမန်တို့တည်ဆောက်သော အစွမ်းထက် စစ်လက်နက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ သံချပ်ကာကားကြီး၏ အလေးချိန်မှာ ၁၄၅တန်ခန့်ရှိသောကြောင့် တံတားများကိုဖြတ်ကျော်ရန် အခက်အခဲရှိသကဲ့သို့ ခပ်ဝေးဝေးရောက်အောင်လည်း မသွားနိုင်ချေ။

သို့ဖြစ်ရာ မြစ်ကြီးများနှင့် ရေကန်ကြီးများကို ဖြတ်သန်းသွားနိုင်ရန်အတွက် ထိုသံချပ်ကားကို ဒီဇိုင်းပုံစံ ပြန်ရေးဆွဲထုတ်လုပ်ခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း အဆိုပါ သံချပ်ကာကားမှာ ရေအနက်၄၅ပေခန့်အထိသာ ဖြတ်သန်းနိုင်စွမ်းရှိသောကြောင့် ထို စီမံကိန်းကို ဖျက်သိမ်းခဲ့ရသည်။အဆိုပါရှေ့ပြေးပုံစံသံချပ်ကာကားများကိုနာဇီတို့၏ရန်သူများက ဖမ်းဆီးရမိပြီး ဖျက်ဆီးပစ်ခဲ့ကြသည်။

The Fritz X Guided Anti-Ship Glide Bomb

The Fritz X Guided Anti-Ship Glide Bomb ကို ၁၉၄၃ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး အတောအတွင်း မြေထဲပင်လယ်အတွင်းရှိ ရန်သူ့သင်္ဘောများကို တိုက်ခိုက်ရန် ဒီဇိုင်းတီထွင်ထုတ်လုပ်ခဲ့သည်။ အဆိုပါ Fritz X Guided Bombကို ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်းရှိ တပ်မတော်ကြီးများတွင် အသုံးပြုလျက်ရှိသည်။ စမတ်ဗုံးဟုခေါ်သော ဗုံးလိမ္မာမှာ ထိုဗုံးကို လေယာဉ်ပေါ်မှ ကြဲချလိုက်ပြီးနောက် အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်ကာ ထိုဗုံး၏ ပျံသန်းမှုလမ်းကြောင်းကို ပြောင်းလဲသွားအောင်ညွှန်ကြားနိုင်းစေနိုင်သောဗုံးဖြစ်သည်။ ထို စမတ်ဗုံးသည် ပစ်မှတ်ကိုတိကျစွာ ထိမှန်နိုင်စွမ်းရှိသောကြောင့် ပစ်မှတ်အနီးဝန်းကျင် ပျက်စီးဆုံးရှုံးမှုကို လျော့ပါးစေသည်။

ရန်သူတို့အနေဖြင့် နာဇီဂျာမန်တို့၏



စမတ်ဗုံးမှာ လေထဲတွင် လမ်းကြောင်းပြောင်းလဲသွားပြီး ပစ်မှတ်ကို တိကျစွာထိမှန်ကာ အကြီးအကျယ်ပျက်စီးသွားစေသည်ကို တွေ့မြင်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားကြသည်။ ထိုခေတ်ထိုကာလက အဆိုပါ ဗုံးလိမ္မာစမတ်ဗုံးကို Joystick ရေဒီယိုလှိုင်းထိန်းချုပ်မှုစနစ်ဖြင့် အသုံးပြုရသော စမတ်ဗုံးအသစ်ဖြစ်ခြင်းကြောင့် ရန်သူတို့မှာ ထိုစမတ်ဗုံးကို တွေ့မြင်လိုက်ရသည်နှင့် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားသွားကြသည်။

The Rocket U-Boat



နာဇီဂျာမန်တို့သည် ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်းက အမေရိကန်ကို တိုက်ခိုက်နိုင်ရန်အတွက် အစွမ်းထက်လက်နက် ကြီးများ တည်ဆောက်ရေးစီမံကိန်း အမြောက်အမြား ကြံစည်ကြိုးပမ်းအားထုတ်ခဲ့သော်လည်း ထိုစီမံကိန်းများမှာ မအောင်မြင်ခဲ့ချေ။ အဆိုပါ စစ်လက်နက်တည်ဆောက်ရေးစီမံကိန်းများအနက် Rocket U-Boat တည်ဆောက်ရေးစီမံကိန်းမှာ တစ်မူထူးခြားသော စီမံကိန်းတစ်ခုဖြစ်သည်။

အဆိုပါ Rocket U-Boat မှာ ရေငုပ်သင်္ဘော၏အမည်ဖြစ်ပြီး ဒုံးကျည်ပစ်စင်များ တပ်ဆင်ထားသည်။ သို့ရာတွင် Rocket U-Boat ကို စနစ်တကျ တည်ဆောက်ထားခြင်းမရှိသဖြင့် ရေကြောင်းလမ်းများတွင် အဆင်ပြေစွာသွားလာခုတ်မောင်းနိုင်စွမ်း မရှိချေ။

ထိုရေငုပ်သင်္ဘောတွင် တပ်ဆင်အသုံးပြုသော V-2 Rocket ဒုံးကျည်များမှာလည်း အနည်းငယ်ပိုမိုကြီးမားနေသောကြောင့် ရေငုပ်သင်္ဘောပေါ် တင်ဆောင်ရာတွင် အဆင်ပြေမှုမရှိချေ။ သို့ဖြစ်ရာ နာဇီဂျာမန်တို့က Type XXI U-Boat ကို စတင် ထပ်မံတည်ဆောက်ခဲ့ကြသော်ငြားလည်း ဒုတိယကမ္ဘာစစ်ကြီး မပြီးဆုံးမီအထိ အောင်မြင်စွာ တည်ဆောက်မပြီးစီးခဲ့ချေ။

The V3 Super Gun



နာဇီတို့က The V3 Super Gun အမြောက်လက်နက်ကြီးကို တည်ဆောက်ရခြင်း၏ အကြောင်းရင်းမှာ လန်ဒန်မြို့ကြီးကို ပစ်ခတ်ချေမှုန်းလိုသောကြောင့် ဖြစ်သည်။ ထိုသို့ အမြောက်လက်နက်ကြီးကို တည်ဆောက်ခြင်းမှာ ပထမဦးဆုံး ကြိုးပမ်းမှု မဟုတ်ချေ။ ယခင်ကလည်း ၎င်းတို့သည် V2 ကျည်များနှင့် V1 ပဲ့ထိန်းဒုံးကျည်ပစ်လေယာဉ်များကို တည်ဆောက်ပြီး လန်ဒန်မြို့ကြီးကို ဖျက်ဆီးရန် ကြံရွယ်ခဲ့ကြသော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။

The V3 Super Gun အမြောက်လက်နက်ကြီးသည် နာဇီဂျာမန်တို့ တည်ဆောက်သော ဘေးအန္တရာယ်ကြီးမားသည့် အစွမ်းထက် စစ်လက်နက်များအနက် ဘေးအန္တရာယ်အကြီးမားဆုံး စစ်လက်နက်ဖြစ်သည်။ ထိုအမြောက်ကြီးကို ၁၆၅ ကီလိုမီတာ(၁၀၃ မိုင်)အကွာမှ ရန်သူ့ပစ်မှတ်ကို ၉ပေ ရှည်လျားသော ဒုံးကျည်အစင်းပေါင်း ၃၀၀ ကို တစ်နာရီအတွင်း ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။

The Schwerer Gustav

The Schwerer Gustav အမြောက်ကြီးမှာ နာဇီတို့ တည်ဆောက်သော စစ်လက်နက်ကြီးများအနက် အစွမ်းထက်သော စစ်လက်နက်တစ်ခုဖြစ်သည်။ ထိုအမြောက်ကြီးမှာ နာဇီတို့တည်ဆောက်သမျှ အမြောက်လက်နက်ကြီးများအနက် အကြီးမားဆုံး အမြောက်လက်နက်ကြီးဖြစ်သည်။ အဆိုပါ အမြောက်ကြီးသည် ၈၀၀ မီလီမီတာ အရွယ်အစားရှိ အမြောက်ဆန်ကြီးများကို ပစ်ခတ်နိုင်စွမ်းရှိသည်။

Schwerer Gustav အမြောက်ကြီးမှာ အလွန်လေးလံသောကြောင့် ရထား သံလမ်းမှ သယ်ယူပို့ဆောင်ရသည်။ နာဇီဂျာမန်တို့သည် ပြင်သစ်နိုင်ငံရှိ မက်ဂီနော့တ်ခံစစ်လိုင်းရှိ အဓိကခံတပ်ကြီးကို ဖျက်ဆီးချေမှုန်းနိုင်ရန်အတွက် ၁၉၃၀ ပြည့်လွန်နှစ်များကာလတွင် Krupp လက်နက်ကုမ္ပဏီက တည်ဆောက်ခဲ့သော အမြောက်စစ်လက်နက်ကြီးဖြစ်သည်။ အဆိုပါ ဧရာမ အမြောက်လက်နက်ကြီး၏အလေးချိန်မှာ ၁,၃၅၀ တန်ရှိပြီး ခုနစ်တန်လေးလံသော အမြောက်ဆန်များကို ပစ်ခတ်နိုင်စွမ်းရှိသည်။ Schwerer Gustav အမြောက်ကြီးကို အချိန်သုံးရက်အတွင်း တပ်ဆင်နိုင်ပြီး လူအယောက်ပေါင်း ၂၅၀က ထိုအမြောက်ကြီး ပစ်ခတ်ရန် တာဝန်ထမ်းဆောင်ရသည်။ နာဇီတို့ တည်ဆောက်သမျှ စစ်လက်နက်များတွင် အဆိုပါ အမြောက်စစ်လက်နက်ကြီးမှာလည်းအရွယ်အစား အလွန်ကြီးမားပြီး လက်တွေ့အသုံးပြုနိုင်ရန် အခက်အခဲရှိသည်။ ထို့ပြင် ၎င်းကို ရန်သူ့ဗုံးကြဲလေယာဉ်များက အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်သဖြင့် သိသာထင်ရှားသော ပစ်မှတ်လည်းဖြစ်သည်။

သို့ရာတွင် နာဇီဂျာမန်တို့က ရန်သူကို တိုက်ခိုက်ချေမှုန်းနိုင်ရန်အတွက် မဖြစ်မနေ တည်ဆောက်ခဲ့ကြပြီး ဆက်ဗာ့စ်တိုပိုလ်မြို့နှင့် စတာလင်ဂရက်ဒ် မြို့သိမ်းတိုက်ပွဲများတွင်အသုံးပြုတိုက်ခိုက်ခဲ့ကြသည်။ နာဇီတို့ကထိုအမြောက်လက်နက်ကြီးဖြင့် အမြောက်ဆန် ၄၀ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး ရန်သူတို့ကဖမ်းဆီးရမိသွားကာ ထိုဧရာမအမြောက်စစ်လက်နက်ကြီးကို ဖျက်ဆီးခဲ့သည်။

The Landkreuzer P.1000 Ratte

ဂျာမန်တပ်မတော်သည် ၎င်းတို့၏ စွမ်းရည်သာလွန်ကောင်းမွန်သော သံချပ်ကာကားတပ်ဖွဲ့ကြောင့် ထင်ရှားကျော်ကြားသည်။ သို့ဖြစ်ခြင်းကြောင့် ၎င်းတို့သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် စွမ်းရည်အထက်မြက်ဆုံးသံချပ်ကာကားကြီး တည်ဆောက်ရန် စိတ်ကူးအကြံပေါ်လာခဲ့သည်။ အဆိုပါသံချပ်ကာကားကြီး၏ အမည်မှာ Landkreuzer P.1000 Ratte ဖြစ်သည်။ ၎င်း၏အရှည်မှာ ၁၄၅ ပေရှိပြီး အမြင့်မှာ လေးထပ်တိုက်အမြင့်ခန့်ရှိသည်။ အဆိုပါ ဧရာမသံချပ်ကာကားကြီး၏ အလေးချိန်မှာ ၁၀၀၀ မက်ထရစ်တန် လေးလံသောကြောင့် ကမ္ဘာပေါ်ရှိ မည်သည့် သံချပ်ကာကားများထက်မဆို ပိုမိုလေးလံသည်။အဆိုပါ ဧရာမသံချပ်ကာ ကားကြီး၏ ဒီဇိုင်းပုံစံကို Krupp စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီမှ ညွှန်ကြားရေးမှူး အက်ဒဝပ်ဂရိုတ်က ၁၉၄၂ခုနှစ် ဇွန်လတွင် သဘောတူခဲ့သည်။ သို့ရာတွင် ဤရွေ့ ဤမျှ အရွယ်အစားကြီးမားလွန်းလှသော သံချပ်ကာ ကားကြီးကို လက်တွေ့တွင် တည်ဆောက်ရန် မဖြစ်နိုင်သောကြောင့် ထို သံချပ်ကာကား တည်ဆောက်ရေးစီမံကိန်းကို ရှောင်ထိုးထားခဲ့သည်။ ထို့ပြင် အရွယ်အစား အလွန်တရာကြီးမားရုံမျှသာမက အလေးချိန်မှာလည်း အလွန်တရာ လေးလံလှသောကြောင့် တပ်မတော်တွင် အသုံးပြုရန် အခက်အခဲရှိသည်။

အဆိုပါ ကြီးမားလေးလံလှသော သံချပ်ကာကားကြီးကို မောင်းနှင်သွားလာရာတွင် အဆင်မပြေသည့်အပြင် ရန်သူတို့ကလည်း ထို သံချပ်ကာကားကြီးကို အဝေးမှပင် အလွယ်တကူ လှမ်းမြင်နိုင်မည်ဖြစ်သည်။ အကယ်၍သာ အဆိုပါ သံချပ်ကာကားကြီးကို လက်တွေ့ရုပ်လုံးဖော်တည်ဆောက်နိုင်ခဲ့ပါက ၎င်းမှာ နာဇီတို့တည်ဆောက်သမျှ အစွမ်းထက် စစ်လက်နက်များအနက် ထိပ်တန်းအစွမ်းအထက်ဆုံး စစ်လက်နက်ကြီးဖြစ်လာနိုင်သည်။

The Horten Ho 229

ယနေ့မျက်မှောက်ကာလတွင် ဝုံးကြဲဂျက်လေယာဉ်များကို တွေ့မြင်နေကျဖြစ်၍ မဆန်းတော့သော်လည်း နာဇီတို့က ဂျက်အင်ဂျင်စက်ဖြင့် ပျံသန်းသော လေယာဉ်များ တည်ဆောက်ရန် ပထမဦးဆုံး စတင်စိတ်ကူးအကြံဉာဏ်ရခဲ့သူများဖြစ်သည်ဟုဆိုလျှင် အံ့အားသင့်သွားကြမည်ဖြစ်သည်။ အဆိုပါ ဂျက်လေယာဉ်များအနက် Horten Ho 229 ဂျက်လေယာဉ်မှာ နာဇီတို့တည်ဆောက်သော အစွမ်းထက်စစ်လက်နက်များအနက် အံ့ဖွယ်အကောင်းဆုံး အစွမ်းထက် ဝုံးကြဲဂျက်လေယာဉ်ဖြစ်သည်။ Horten Ho 229 ဝုံးကြဲဂျက်လေယာဉ်သည် ရန်သူ့ရေဒါတွင် လုံးဝမပေါ်ဘဲ ရန်သူ့စစ်အခြေစိုက်စခန်းကို တိတ်တဆိတ် ချဉ်းကပ်နိုင်သည့် လျှို့ဝှက်ခွာပျံသန်းနိုင် သော ဂျက်လေယာဉ်ဖြစ်သည်။ ထိုဂျက်လေယာဉ်သည် တစ်ကီလိုဂရမ် (၂.၂၀၀ ပေါင်) အလေးချိန်ရှိသော ဝုံးများကို တစ်နာရီလျှင် တစ်ကီလိုမီတာ(တစ်နာရီလျှင် မိုင် ၆၂၀) အမြန်နှုန်းဖြင့် အကွာအဝေးတစ်ကီလိုမီတာ (မိုင် ၆၂၀) အထိ ရောက်ရှိအောင် တစ်ရှိန်ထိုး သယ်ယူပျံသန်းနိုင်စွမ်းရှိသည်။

သို့ရာတွင် ထိုဂျက်လေယာဉ်နှင့် စပ်လျဉ်း၍ ပြဿနာတစ်ရပ်မှာ လောင်စာဆီ အခက်အခဲ ပြဿနာပင်ဖြစ်သည်။ နာဇီခေါင်းဆောင် ဟစ်တလာက အဆိုပါ ဝုံးကြဲဂျက်လေယာဉ်များကိုအမြောက်အမြားထုတ်လုပ်နိုင်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဂျက်လေယာဉ် များများစားစား မထုတ်လုပ်နိုင်ခဲ့ချေ။ အဆိုပါ ဝုံးကြဲဂျက်လေယာဉ်ရှေ့ပြေးပုံစံအချို့ကိုသာလက်တွေ့ထုတ်လုပ်နိုင်ခဲ့ပြီး ယနေ့ထက်ထိ ကျန်ရှိနေဆဲဖြစ်သည်။ ကျန်ဝုံးကြဲဂျက်လေယာဉ်များမှာ ရန်သူတို့ ဖမ်းဆီးခြင်းခံရခြင်း၊ သို့မဟုတ် ဖျက်ဆီးခြင်းခံရဖွယ်ရှိပေသည်။

အရောင် တင်စားထားသော စကားလုံးအသုံးအနှုန်းများ

■ နောင်ထွန်းလူ

အင်္ဂလိပ်စာသင်ယူသူတို့ [illegible] အရောင်များနှင့် [illegible] သည်။ [illegible] ဖတ်ရှုရာတွင်လည်းကောင်း၊ ပြောဆိုရာတွင်လည်းကောင်း [illegible] အကျိုးပြုနိုင်သည်။

To Blackmail Someone (v)-to pressure someone to do something by threatening to disclose their secrets.

လျှို့ဝှက်ချက်များကို ဖော်ထုတ်လိုက်မည်ဟု ခြိမ်းခြောက်ပြီး တစ်စုံတစ်ဦးအား ပြုလုပ်စေလိုသည့်အတိုင်း ဖိအားပေး အခွင့်ရလုပ်ခိုင်းသည်။

Example: My ex blackmailed me with our old photos that 5 had to ask for police's help.

ရည်းစားဟောင်းက အရင်တုန်းက နှစ်ယောက်တွဲ ရိုက်ထားသော ဓာတ်ပုံများဖြင့် ခြိမ်းခြောက်နေသဖြင့် ရဲကို အကူအညီ တောင်းခဲ့ရသည်။

Black Mailer-(n) - ထိုသို့ ခြိမ်းခြောက်သူ။

Black in the face - ဒေါသကြောင့်လည်းကောင်း၊ အားစိုက်ကြိုးစား၊ အားထုတ်ထားရသောကြောင့် ပင်ပန်းပြီး မျက်နှာကြီးရဲရဲ နီမြန်းနေသည်။

Look Black at somebody, Give Somebody a Black Look - ဒေါသတကြီးစိုက်ကြည့်သည်။

Be in Somebody's Black Book - နှစ်သက်ခြင်းမခံရသော သူတို့စာရင်းထဲတွင် ထည့်သွင်းခြင်းခံရသည်။

Not so black as one is painted-not so bad as one is said to be - ပြောသလောက် အဆိုးကြီးမဟုတ်သော

Be black and blue,covered with bruises - ဒဏ်ရာအညို အမည်းစွဲနေသည်။

Black Ball (v) - လျှို့ဝှက်မဲပေးပြီး ရွေးချယ်ခြင်းမခံရအောင် တားဆီးကာကွယ်သည်။

Black Bettle-cockroach - ပိုးဟပ်။

Black-coated classes (workers) - ရုံးဝန်ထမ်းလူတန်းစားများ။

Black leg - အခြားအလုပ်သမားများက သပိတ်မှောက်နေချိန်တွင် မပါဝင်ဘဲ အလုပ်ဆက်လုပ်နေသော အလုပ်သမား။

Black-list - အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသူများ၏ စာရင်း။

Black Market - မှောင်ခိုဈေးကွက်။

Black Sheep (n) - ဆန်ကုန်မြေလေး၊ စုန်းပြူး။

Good for nothing person, A person with a bad reputation.

Example, he is the black sheep of the family.

Out of the blue (adv)



Suddenly, without warning - မမျှော်လင့်ဘဲ ရုတ်တရက်

Example: He appeared out of the blue at the party in spite of not being invited.

၄င်းသည် ဖိတ်ကြားထားခြင်းမခံရဘဲ ပါတီပွဲသို့ ရုတ်တရက်ပေါက်ချလာသည်။

Blue Funk - extreme fear အလွန်ထိတ်လန့်ခြင်း။

He was in a blue funk when he heard the news.

Blue Ruin (s) - အဖတ်ဆယ်မရအောင် ပျက်စီးသည်။

Unless we appoint a new manager, our company will end in blue ruin.

မန်နေဂျာအသစ်မခန့်ပါက ကျွန်ုပ်တို့၏ ကုမ္ပဏီအဖတ် ဆယ်မရအောင် ပျက်စီးသွားလိမ့်မည်။

Have the blue (s) - စိတ်မချမ်းသာဖြစ်၊ စိတ်အားငယ်သည်။

All staffs seem to have the blue this morning.

ယနေ့နံနက် ရုံးဝန်ထမ်းများ အားလုံး စိတ်မချမ်းသာဖြစ်နေပုံရသည်။

Blue Ribon (adj) sign of great distinction; highest attainable honour or prize.

ထူးခြားထင်ရှားသော အမှတ်လက္ခဏာ၊ အမြင့်ဆုံးဂုဏ်သရေဆုတံဆိပ်။

The blue ribbon of the atlantic, held by the liner that has the record for the fastest Gossing.

သမုဒ္ဒရာကြီးကို အမြန်ဆုံးဖြတ်သန်းခုတ်မောင်းနိုင်မှု စံချိန်အတွက် အတ္တလန္တိတ်ရေကြောင်းလိုင်းက ရရှိထားသည့် အမြင့်ဆုံးဂုဏ်သရေဆုတံဆိပ်။

Look blue (colloq) be sad or depressed.

ဝမ်းနည်းနေသည် သို့မဟုတ် စိတ်ပျက်အားငယ်နေသည်။

Blue blood high birth	- မျိုးရိုးမြင့်မြတ်သည်။
blue jokes-improper jokes	- မောင်နှင့် နှမ၊ သားနှင့် အမိ ကြား၌ မျှမလျော်သော ပြက်လုံးများ။
Once in a blue moon	- အလွန်ကြုံတောင့် ကြုံခဲ။
A bolt from the blue	- မမျှော်လင့်ဘဲ ဖြစ်ပျက်လာသော အရာ။
Appear (come) out of the blue	- မမျှော်လင့်ဘဲ။

True blue (n) & (adj)-person who is uncompromising principles, frimly loyal.

စည်းမျဉ်းအတိုင်း လျှော့မပေးဘဲ တိကျစွာ လုပ်သူ၊ မဖောက်မပြန်ဘဲ အလွန်သစ္စာရှိသူ။

Green with envy (adj) - အလွန်မနာလိုဝန်တိုဖြစ်သည်။

Example: She got green with envy when seeing his boyfriend with another pretty girl.

သူမက ရည်းစားဖြစ်သူကို တခြားမိန်းမချောကလေးနှင့် တွဲနေသည်ကို တွေ့မြင်လိုက်ရသောအခါ အလွန်မနာဝန်တိုဖြစ်မိသည်။

Green Back - အမေရိကန်နိုင်ငံသုံးငွေကြေးဒေါ်လာ။

Green Thumb (Fingers)	- ဥယျာဉ်စိုက်ပျိုးရေးတွင် ကျွမ်းကျင်သူ။
Green horn	- အတွေ့အကြုံမရှိသဖြင့် အလွယ်တကူအလိမ်ခံရသူ။



A Golden Handshake (n) - အငြိမ်းစားယူသွားသော မန်နေဂျာများ သို့မဟုတ် ပိုလျှံနေသော အလုပ်သမားများကို ပေးသော ငွေကြေး။

Example: My manager will receive a huge golden hand shake when he retires next year.

ကျွန်တော့်မန်နေဂျာသည် နောင်နှစ်တွင် အငြိမ်းစားယူသောအခါ အငြိမ်းစားခွင့်ငွေကြေးများ ရရှိမည်ဖြစ်သည်။

The golden age - သမိုင်းတွင် အစောဆုံးနှင့် အပျော်ရွှင်ရဆုံးအချိန်ကာလ သို့မဟုတ် နိုင်ငံ့သမိုင်းတွင် အနုပညာ သို့မဟုတ် စာပေရှင်သန်အထွန်းကားဆုံးအချိန်ကာလ။

Tickled pink (adj) - တစ်စုံတစ်ရာအတွက် အလွန်ကျေနပ်ပီတိဖြစ်သည်။

Exapmle: Mary was tickled pink when her crush confessed to her at the prom.

မေရီသည် သူမကို အရူးအမူးတန်းတန်းစွဲ ချစ်ကြိုက်မြတ်နိုးနေသူက ကျောင်းကပွဲတွင် သူမအပေါ် မေတ္တာရှိနေကြောင်းရင်ဖွင့်ချစ်ခွင့်ပန်လိုက်သဖြင့် အလွန်ဝမ်းသာကြည်နူးပီတိဖြစ်မိသည်။

In the pink - အလွန်ကျန်းမာရွှင်လန်းသည်။



To see red (v) - တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ရာကို အလွန်ဒေါသထွက်သည်။

Example: He saw red when his car was stolen.

သူ့ကားကို အခိုးခံရသောအခါ အလွန်ဒေါသပုန်ထနေသည်။

Paint the town red - ပရမ်းပတာ ဆူဆူညံညံအော်ဟစ်သောင်းကျန်း မြူးတူးပျော်ပါးကြသဖြင့် စိတ်လှုပ်ရှားရသည်။

Caught Red Handed - မကောင်းမှု ကျူးလွန်နေစဉ် လက်ပူးလက်ကြပ်ဖမ်းမိသည်။

Red hot-(fig) - အလွန်စိတ်အားထက် သန်တက်ကြွသည်။

Red tape - ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို အလွန်အမင်း အလေးပေးဆောင်ရွက်သည်။

A white lie (n) - တစ်စုံတစ်ဦး၏ စိတ်ခံစားချက်ကို မထိခိုက်အောင် ရှောင်ကြဉ်သည့်အနေဖြင့်လည်းကောင်း၊ ယဉ်ကျေးသည့်အနေဖြင့်လည်းကောင်း မနစ်နာမထိခိုက်အောင် လိမ်ညာပြောဆိုခြင်း။

Example: Doctors sometimes tell white lies to encourage their patients.

ဆရာဝန်များသည် တစ်ခါတစ်ရံ ၎င်းတို့၏ လူနာများကို အားပေးသည့်အနေဖြင့် မထိခိုက်မနစ်နာသော လိမ်ညာမှုကို ပြောဆိုတတ်ကြသည်။

► စာ ၁၅၆ သို့

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်ကို ဘုရင်ကြီးတစ်ပါးနဲ့ မိဖုရားကြီးတစ်ပါးတို့က အုပ်ချုပ်စိုးစံနေသတဲ့။ အဲ့ဒီမိဖုရားကြီးက ချောမောလှပသလို သနားကြင်နာတတ်သူလည်းဖြစ်လို့ ပြည်သူတွေက သူ့ကိုချစ်မြတ်နိုးကြတယ်။ မိဖုရားကြီးရဲ့ဘဝဟာ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံပေမယ့် ဝမ်းနည်းစရာကောင်းတာက သူ့မှာသားသမီးရတနာ လုံးဝမရှိရှာဘူး။ အလွန်အေးမြတဲ့ ဆောင်းရာသီရဲ့နေ့တစ်နေ့မှာ မိဖုရားကြီးက သူ့ရဲ့နန်းတော်ပြတင်းပေါက်ကနေ တဖွဲဖွဲကျနေတဲ့ ဖြူလွလွနှင်းကလေးတွေကို ငေးမောကြည့် အပ်ချုပ်နေသတဲ့။ အဲ့ဒီလို နှင်းတွေကျနေတာကို ငေးမောကြည့်နေတုန်း ဖြန်းခနဲငှက်တစ်ကောင်က ပြတင်းပေါက်ဘောင်ကဖြတ်ပြီး ပျံသွားတာကြောင့် မိဖုရားကြီးက လန့်သွားပြီး အပ်နဲ့ သူ့ရဲ့လက်ချောင်းကို ထိုးမိသွားတယ်။ လက်ချောင်းက ထွက်လာတဲ့ သွေးတစ်စက်က ပြတင်းပေါက်အပြင်ဘက်မှာရှိတဲ့ ဖြူလွလွနှင်းတွေအပေါ်ကျသွားတယ်။ မိဖုရားကြီးက ဖြူလွလွနှင်းအပေါ် ကျသွားတဲ့ သူ့ရဲ့သွေးစက်ကိုကြည့်ရင်း ''အို ဒီနှင်းတွေလို အသားအရေဖြူဖွေးနေပြီး သွေးစက်လို နီရွေးနေတဲ့ နှုတ်ခမ်းကလေးတွေရှိပြီး နက်မှောင်နေတဲ့ ဆံကေသာရှိတဲ့ သမီးလေးတစ်ယောက်မွေးနိုင်ရင် ဘယ်လောက်များကောင်းလိုက်မလဲ'' လို့ တစ်ယောက်တည်းပြောလိုက်မိတယ်။ မိဖုရားကြီးရဲ့ ဆန္ဒအတိုင်း မကြာမီမှာ သမီးကလေးတစ်ဦးကို မွေးဖွားခဲ့လို့ အဲဒီမင်းသမီးကလေး ကို စနိုးဝှိုက် (Snow White) လို့ အမည်ပေးခဲ့တယ်။ မိဖုရားကြီးက ချစ်စရာကောင်းတဲ့ စနိုးဝှိုက်မင်းသမီးလေးကိုမွေးဖွားပြီး မကြာမီမှာပဲ ကွယ်လွန်သွားရှာတယ်။ မိဖုရားကြီးကွယ်လွန်သွားပြီးနောက် ဘုရင်ကြီးက နောက်မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ထပ်ပြုလိုက်တယ်။ အဲ့ဒီမိဖုရားအသစ်က ချောမောလှပပေမယ့် မာနကြီးသလို ရက်စက်ကြမ်းကြုတ်သူလည်းဖြစ်သတဲ့။ အဲ့ဒီ မိဖုရားအသစ်က စုန်းမှော်အတတ်ကိုတတ်ပြီး မှော်ဝင်မှန်တစ်ချပ်ကိုလည်း ပိုင်ဆိုင်တယ်။

စနိုးဝှိုက်နှင့် လူပုကလေး ခုနစ်ယောက်

■ ဇေဂါမိုးဦး

မိဖုရားကြီးက အဲ့ဒီမှော်ဝင်မှန်ချပ်ကို နေ့တိုင်းမေးလေ့ရှိတယ်။ ``နံရံပေါ်က မှန်ကလေး၊ ကမ္ဘာပေါ်မှာ ဘယ်သူက အလှဆုံးလဲကွယ်''။ အဲဒီအခါ မှော်ဝင်မှန်ချပ်က ``အို မိဖုရားကြီး အားလုံးထဲမှာ မိဖုရားကသာ အလှဆုံးဖြစ်ပါတယ်''လို့ မေးတဲ့အခါတိုင်း အဲ့ဒီလိုပြန်ဖြေလေ့ရှိတယ်။ မှော်မှန်ချပ်ကြီးရဲ့အဖြေကို ကြားလိုက်ရတဲ့အခါ မိဖုရားကြီးက ကျေနပ်ပီတိဖြစ်သွားတယ်။ မိဖုရားကြီးက မှော်ဝင်မှန်ချပ်က အမှန်တရားကိုသာ ပြောတတ်တယ်ဆိုတာသိလို့ အတိုင်းမသိ ဝမ်းသာသွားသတဲ့။

တစ်နေ့မနက်မှာ မိဖုရားကြီးက ထုံးစံအတိုင်း ``နံရံပေါ်က မှန်ကလေး၊ အားလုံးတွေထဲမှာ ဘယ်သူက အလှဆုံးလဲကွယ်''လို့ မေးလိုက်တယ်။ ``မိဖုရားကြီးက လှပါတယ်၊ ဒါပေမဲ့ စနိုးဝိုက်မင်းသမီးကလေးက မိဖုရားကြီးထက် ပိုလှပါတယ်''လို့ ပြန်ဖြေလိုက်တော့ မိဖုရားကြီးဟာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားတော့တယ်။

မိဖုရားကြီးဟာ အကြီးအကျယ် မနာလိုဝန်တိုဖြစ်သွားပြီး သူ့ရဲ့လူယုံတော်တွေကို ခေါ်ပြီး စနိုးဝိုက်မင်းသမီးကလေးကို တောနက်ကြီးတဲ့ခေါ်သွားပြီး သတ်လိုက်ဖို့အမိန့်ပေးခဲ့တယ်။ နောက်ပြီးတော့ မိဖုရားကြီးက အဲ့ဒီလူတွေကို နန်းတော်ကိုပြန်လာတဲ့အခါ စနိုးဝိုက်ရဲ့ နှလုံးသားကိုသတ်ပြီးတဲ့အကြောင်း သက်သေပြနိုင်အောင်ယူလာခဲ့ဖို့လည်း အမိန့်ပေးခဲ့တယ်။

မိဖုရားကြီးခိုင်းထားတဲ့လူတွေက စနိုးဝိုက်မင်းသမီးလေးကို တောနက်ကြီးထဲကို လိမ်ညာခေါ်သွားပြီး ချစ်စရာအလွန်ကောင်းတဲ့ စနိုးဝိုက်မင်းသမီးလေးကို မသတ်ရက်လို့ လွှတ်ပေးလိုက်ကြပြီး စနိုးဝိုက်ရဲ့ နှလုံးသားအစား တောဝက်ကြီးတစ်ကောင်ရဲ့နှလုံးကို

ယူသွားကြသတဲ့။

တောနက်ကြီးထဲမှာ တစ်ယောက်တည်းကျန်ခဲ့တဲ့စနိုးဝိုက်မင်းသမီးလေးက ဘာလုပ်ရမှန်း၊ ဘယ်ကိုသွားရမှန်းမသိဘဲ ကြောက်လန့်နေရှာတယ်။ တောထဲက သစ်ပင်ကြီးတွေက စနိုးဝိုက်မင်းသမီးကလေးရဲ့အဖြစ်ကို တစ်ပင်နဲ့တစ်ပင် တီတိုးပြောဆိုနေကြပုံရတယ်။ အဲ့ဒီအသံတွေကိုကြားလိုက်ရတဲ့ စနိုးဝိုက်မင်းသမီးကလေးဟာ ဆောက်တည်ရာမရ ထိတ်လန့်ချောက်ချားသွားလို့ ခြေဦးတည့်ရာထွက်ပြေးသွားတယ်။

စနိုးဝိုက်မင်းသမီးကလေးက ချွန်ထက်တဲ့ဆူးတွေနဲ့ ကျောက်တုံးတွေကိုဖြတ်ပြီး ပြေးလွှားနေတယ်၊ သူက သူ့ရဲ့ခြေထောက်တွေ သယ်နိုင်သလောက်ခပ်ဝေးဝေးရောက်တဲ့အထိဆက်ပြီး ပြေးလွှားလာခဲ့တယ်။ ညနေဆည်းဆာချိန်လည်းရောက်ရော စနိုးဝိုက်မင်းသမီးလေးက အိမ်သေးသေးကလေးတစ်လုံးကို မမျှော်လင့်ဘဲတွေ့လိုက်ရတဲ့အခါ မောပန်းလွန်းလို့အနားယူဖို့ အိမ်လေးထဲကိုဝင်သွားတယ်။

အိမ်သေးသေးကလေးထဲမှာတော့ အရာခပ်သိမ်းက အရွယ်အစားသေးငယ်နေပေမယ့် သပ်သပ်ရပ်ရပ်ရှိနေတာကို တွေ့လိုက်ရတယ်။ အိမ်ထဲက စားပွဲကလေးတွေကို စားပွဲခင်းအဖြူရောင်ခင်းထားပြီး ပန်းကန်ငယ်ကလေးခုနစ်ချပ်တင်ထားတာကို တွေ့လိုက်ရတယ်။ အိမ်ကလေးရဲ့ နံရံဘေးမှာ ခုတင်ကလေးခုနစ်ခု အစဉ်လိုက်အစီအရီရှိပြီး ဂွမ်းစောင်ကလေးတွေနဲ့ ဖုံးအုပ်ထားတာ တွေ့ရတယ်။ စနိုးဝိုက်မင်းသမီးလေးက မောပန်းပြီးဆာလောင်နေလို့ ပန်းကန်လေးတစ်ချပ်စီထဲက ပေါင်မုန့်ကလေးတွေနဲ့ သစ်သီးဝလံတွေကို တစ်ဖဲ့စီနည်းနည်းလောက်ယူစားပြီး ခွက်ကလေးတွေတစ်ခွက်စီထဲက နွားနို့တွေကိုလည်း နည်းနည်းလောက်ယူသောက်လိုက်သတဲ့။

စနိုးဝိုက်မင်းသမီးကလေးက စားသောက်ပြီးတဲ့အခါ မောပန်းနွမ်းနယ်နေတာမို့လို့ ခုတင်သေးသေးကလေးတစ်ခုပေါ်တက်ပြီး အိပ်လိုက်တဲ့အခါ အိပ်မောကျသွားတယ်။ ညရောက်လာတဲ့အခါ အိမ်ငယ်ကလေးရဲ့ ပိုင်ရှင်တွေဖြစ်တဲ့ လူပုကလေးခုနစ်ယောက်က တောင်ပေါ်မှာ ရွှေသွားတူးပြီးပြန်ရောက်လာကြတယ်။ သူတို့တစ်တွေက အိမ်ထဲကိုဝင်လိုက်တာနဲ့ တစ်ယောက်ယောက်ကအိမ်ထဲရောက်နေတယ်ဆိုတာ သိလိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အိမ်ပြင်မထွက်

ခင်ထားခဲ့တဲ့အတိုင်းမဟုတ်ဘဲ အစစအရာရာက ပြောင်းလဲနေတာကို တွေ့လိုက်ရလို့ပါပဲ။

ပထမ လူပုကလေးတစ်ယောက်က “ငါ့ရဲ့ ကုလားထိုင်ပေါ် ဘယ်သူထိုင်သွားတာလဲကွ” လို့ မေးလိုက်တယ်။

ဒုတိယလူပုကလေးက “ငါရဲ့ ပန်းကန်ထဲကဟာတွေကို ဘယ်သူယူစားထားတာလဲကွ” လို့ မေးလိုက်ပြန်တယ်။

တတိယ လူပုကလေးက “ငါရဲ့ ပေါင်မုန့်တွေကို ဘယ်သူယူစားသွားတာလဲကွ” လို့ မေးလိုက်တယ်။

စတုတ္ထ လူပုကလေးက “ငါရဲ့ သစ်သီးဝလံတွေကို ဘယ်သူယူစားသွားတာလဲကွ” လို့ မေးလိုက်ပြန်တယ်။

ပဉ္စမ လူပုကလေးက “ငါရဲ့ခက်ရင်းကို သုံးပြီး ဘယ်သူစားသွားတာလဲကွ” လို့ မေးလိုက်တယ်။

ဆဋ္ဌမလူပုကလေးက “ငါရဲ့ ခွက်ထဲက နွားနို့တွေကို ဘယ်သူယူသောက်သွားတာလဲကွ” လို့ မေးလိုက်ပြန်တယ်။

သတ္တမ လူပုကလေးကတော့ သူ့ရဲ့ ခုတင်ကို ကြည့်လိုက်တဲ့အခါ စန္ဒီးဝှိုက်မင်းသမီးကလေး ခုတင်ပေါ်မှာ အိပ်မောကျနေတာကို တွေ့မြင်လိုက်ရသတဲ့။ ကျန်တဲ့ လူပုကလေးတွေက စန္ဒီးဝှိုက်မင်းသမီးကလေး အိပ်မောကျနေတဲ့ ခုတင်ဆီကို အပြေးအလွှားရောက်လာပြီး တအံ့တသြဖြစ်သွားကြတယ်။ သူတို့တစ်တွေက ဖယောင်းတိုင်တွေကိုယ်စီထွန်းပြီး အိပ်စက်နေတဲ့ စန္ဒီးဝှိုက်မင်းသမီးကလေးကို သေသေချာချာကြည့်နေကြတယ်။

“အလိုလေး ဒီကလေးမလေးက ချောလိုက်တာ” လို့ တအံ့တသြပြောလိုက်ကြသတဲ့။ သူတို့တစ်တွေက အရမ်းပျော်ရွှင်ဝမ်းသာသွားကြပြီး စန္ဒီးဝှိုက်မင်းသမီးကလေးကို မနှိုးရက်ဘဲ ခုတင်ပေါ်မှာဆက်ပြီး အိပ်နေစေခဲ့တယ်။ နောက်နေ့မနက်မှာ စန္ဒီးဝှိုက်မင်းသမီး အိပ်ရာနိုးလာပြီး လူပုကလေးခုနစ်ယောက်ကို တွေ့လိုက်ရတဲ့အခါ ထိတ်လန့်ကြောက်ရွံ့သွားရှာတယ်။ ဒါပေမဲ့ လူပုကလေးတွေက ခင်မင်စရာကောင်းပြီး စန္ဒီးဝှိုက်မင်းသမီးလေးကို “မင်းရဲ့ နာမည်ဘယ်လိုခေါ်သလဲ” လို့ မေးလိုက်ကြတယ်။

“ကျွန်မရဲ့ နာမည်က စန္ဒီးဝှိုက်လို့ခေါ်ပါတယ်” လို့ ဖြေလိုက်တယ်။

“မင်းက ငါတို့ရဲ့ အိမ်ကို ဘယ်လိုရှာတွေ့ခဲ့တာလဲ” လို့ လူပုကလေးတွေကဆက်ပြီး မေးကြတယ်။ ဒါနဲ့ စန္ဒီးဝှိုက်မင်းသမီးလေးက သူ့ရဲ့မိထွေးမိဖုရားကြီးက သူ့ကိုသတ်ဖို့ ခိုင်းပေမယ့် သူခိုင်းထားတဲ့ မင်းအမှုထမ်းတွေကမသတ်ဘဲ သူ့ကိုလွှတ်ပေးခဲ့လို့ တောကြီးထဲမှာ ကြောက်ကြောက်လန့်လန့်နဲ့ တစ်နေကုန်ပြေးလွှားပြီး နောက်ဆုံး ဒီအိမ်ကလေးကိုရောက်လာကြောင်း ပြောပြလိုက်သတဲ့။

လူပုကလေးတွေက စန္ဒီးဝှိုက်မင်းသမီးလေးရဲ့ အဖြစ်သနစ်ကိုသိသွားတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ခဏတိုင်ပင်ပြီးတော့ “မင်းကတို့ရဲ့အိမ်ကို သပ်ရပ်အောင်ရှင်းပေးထားပြီး ငါတို့အတွက် ချက်ပြုတ်ပေးရမယ်။ အိပ်ရာတွေကိုပြင်ပေးရမယ်။ အဝတ်တွေကို လျှော်ပေးရမယ်။ အစုတ်အပြဲတွေကို ချုပ်ပေးရမယ်။ အိမ်ကိုလည်း သန့်ရှင်းနေအောင်လုပ်ပေးထားမယ်ဆိုရင် မင်းငါတို့နဲ့ အတူနေနိုင်တယ်။ နောက်ပြီး မင်းလိုချင်တာမှန်သမျှ ငါတို့ပေးမယ်” လို့ ပြောလိုက်သတဲ့။

“ဟုတ်ကဲ့၊ ကျွန်မ လုပ်ပေးပါ့မယ်လို့” သဘောတူကြောင်း ပြောလိုက်တဲ့အခါ လူပုကလေးတွေက ဝမ်းသာသွားကြတယ်။ စန္ဒီးဝှိုက်မင်းသမီးကလေးကလည်း လူပုကလေးခုနစ်ယောက်ရဲ့ အိမ်ကလေးကို သပ်ရပ်သန့်ရှင်းနေအောင်လုပ်ပေးရတာကို ဝမ်းသာပျော်ရွှင်နေသတဲ့။ ဒါနဲ့ စန္ဒီးဝှိုက်မင်းသမီးလေးက လူပုကလေးတွေနဲ့အတူ ပျော်ရွှင်စွာနေထိုင်ခဲ့တယ်။ မနက်တိုင်းမှာ လူပုကလေးတွေက တောင်ပေါ်မှာ ရွှေသွားရှာကြပြီး ညနေမှာ အိမ်ကိုပြန်လာတဲ့အခါ စန္ဒီးဝှိုက်မင်းသမီးလေးက အစားအစာတွေကို ချက်ပြုတ်ပြင်ဆင်ပေးထားပြီး အိမ်တစ်အိမ်လုံးကိုလည်း သပ်ရပ်သန့်ရှင်းနေအောင်လုပ်ပေးထားတယ်။

နေ့ဘက်အချိန်မှာ စန္ဒီးဝှိုက်မင်းသမီးကလေးက အိမ်မှာတစ်ယောက်တည်း ကျန်ခဲ့လို့ တောထဲကတိရစ္ဆာန်ကလေးတွေနဲ့ အဖော်လုပ်ပြီး ဆော့ကစားနေလေ့ရှိသတဲ့။ နန်းတော်ကြီးမှာတော့ မိဖုရားကြီးအသစ်က စန္ဒီးဝှိုက်မင်းသမီးလေးရဲ့ အသည်းကိုစားပြီးပြီလို့ ယုံကြည်ထားတာကြောင့် အခုအခါမှာ သူကသာအလှဆုံးဖြစ်လိမ့်မယ်လို့ ထင်နေသတဲ့။ ဒါနဲ့ သူက မှော်ဝင်မှန်ချပ်အရှေ့မှာ ရပ်ပြီးတော့

“နံရံပေါ်က မှန်ကလေး၊ ဒီတိုင်းပြည်မှာ ဘယ်သူကအလှဆုံးလဲ” လို့ မေးလိုက်တယ်။

“မိဖုရားကြီးက လှပါတယ်။ ဒါပေမဲ့ တောင်တန်းကြီးရဲ့တစ်ဖက်မှာ လူပုကလေးခုနစ်ဖော်နဲ့ အတူနေတဲ့ စန္ဒီးဝှိုက်မင်းသမီး

ကလေးက မိဖုရားကြီးထက် အဆပေါင်းတစ်ထောင်ပိုလှပါတယ်'' လို့ ပြန်ဖြေလိုက်သတဲ့။

မှော်ဝင်မှန်ချပ်ရဲ့ အဖြေစကားကို ကြားလိုက်ရတဲ့ မိဖုရားကြီးက အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပြီး သူခိုင်းလိုက်တဲ့ လူတွေက သူ့ကိုလိမ်ညာတာကိုသိသွားပြီး စနိုးဖိုက်မင်းသမီးကလေး မသေသေးမှန်း သိသွားတယ်။ ဒါနဲ့ မိဖုရားကြီးက စနိုးဖိုက်မင်းသမီးလေးကို ဘယ်လိုရှင်းပစ်ရင်ကောင်းမလဲလို့ အကောက်ကြံနေသတဲ့။ သူ့အနေနဲ့ ဒီတိုင်းပြည်မှာ အလှဆုံးမဟုတ်မှန်းသိလိုက်ရလို့ အကြီးအကျယ်မနာလိုဝန်တို ဖြစ်သွားသတဲ့။

နောက်ဆုံးတော့ သူကအကြံရသွားလို့ ဘယ်သူ့ကိုမှဝင်ခွင့်မပေးတဲ့ သူ့ရဲ့လျှို့ဝှက်အခန်းထဲကို တစ်ယောက်တည်းဝင်သွားပြီး ပန်းသီးတစ်လုံးကို အဆိပ်ခတ်လိုက်တယ်။ အဲ့ဒီအဆိပ်ထည့်ထားတဲ့ ပန်းသီးကို နည်းနည်းကလေးကိုက်စားလိုက်တာနဲ့ တုံးခနဲလဲကျသေဆုံးသွားမှာဖြစ်တယ်။ မိဖုရားကြီးက သူ့ကိုယ်သူ ဈေးလည်ရောင်းတဲ့ အဘွားအိုကြီးတစ်ဦးပုံသဏ္ဌာန် ရုပ်ဖျက်ပြီး လူပုကလေးတွေရဲ့ အိမ်တံခါးကိုခေါက်လိုက်သတဲ့။

တံခါးခေါက်သံကြားလိုက်ရတဲ့အခါ စနိုးဖိုက်က ပြတင်းပေါက်ကနေ ခေါင်းပြူပြီး ''ကျွန်မကို ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးရဘူးလို့ လူပုကလေးတွေက မှာသွားပါတယ်ရှင်'' လို့ ပြောလိုက်သတဲ့။ ''ဒါဆိုလည်း ရပါတယ်ကွယ်၊ နေပါစေ၊ ပန်းသီးတွေမြန်မြန်ကုန်သွားအောင် အဘွားက သမီးကိုပန်းသီးတစ်လုံးပေးမယ်လေ'' လို့ ဈေးသည်အဘွားကြီး အယောင်ဆောင်ထားတဲ့ မိဖုရားကြီးက ပြောလိုက်တယ်။

''ဟင့်အင်း၊ ကျွန်မအနေနဲ့ သူစိမ်းတွေဆီက ဘယ်ပစ္စည်းကိုမှ လက်မခံနိုင်ပါဘူးရှင်'' လို့ ပြောလိုက်တယ်။ ''မင်းက အဆိပ်မိမှာစိုးလို့လား၊ ဒါဆို အဘွားက ပန်းသီးကို နှစ်ခြမ်းခွဲပြီးတော့ တစ်ခြမ်းကို သမီးကစား ကျန်တဲ့တစ်ခြမ်းကို အဘွားကစားပြမယ်လေ'' တကယ်တော့ အဘွားအိုအယောင်ဆောင်ထားတဲ့ မိဖုရားကြီးက ပန်းသီးတစ်ခြမ်းတည်းကိုသာ ပညာသားပါပါနဲ့ အဆိပ်ခတ်ထားတာဖြစ်တယ်။ စနိုးဖိုက်မင်းသမီးလေးက လှပပြီးစားချင်စဖွယ်ကောင်းတဲ့ ပန်းသီးကို စားချင်စိတ်ပေါက်လာတယ်။ ဈေးသည်အဘွားအိုကြီးက ပန်းသီးတစ်ခြမ်းကို စားပြနေတာကို တွေ့လိုက်ရတော့ စိတ်ကို မထိန်းနိုင်တော့ဘဲ လက်ကို ပြတင်းပေါက်ကနေထုတ်ပြီး အဆိပ်ရှိတဲ့ပန်းသီးတစ်ခြမ်းကို လှမ်းယူလိုက်တယ်။ သူက ပန်းသီးကို တစ်ကိုက်သာကိုက်ပြီး စားလို့မကုန်သေးခင်မှာဘဲ ကြမ်းပြင်ပေါ်လဲကျပြီး သေဆုံးသွားပါသတဲ့။

ဒီအခါမှာ ကောက်ကျစ်ယုတ်မာတဲ့ မိဖုရားကြီးက လဲကျပြီးသေဆုံးသွားတဲ့ စနိုးဖိုက်လေးကိုကြည့်ပြီး ဝမ်းသာအားရနဲ့ကျယ်လောင်စွာရယ်မောလိုက်ပြီး ''နှင်းလေးလိုဖြူ၊ သွေးလိုနီပြီး မဟော်ဂနီလို နက်မှောင်နေတဲ့ မိန်းကလေး၊ မင်းကို လူပုကလေးတွေက နိုးလာအောင် ဘယ်တော့မှ မနိုးနိုင်တော့ဘူး'' လို့ပြောတယ်။ ဒီလိုနဲ့ မိဖုရားကြီးက နန်းတော်ကို ပြန်ရောက်သွားတဲ့အခါ ''နံရံပေါ်က မှန်ကလေး၊ မှန်ကလေး၊ ဒီတိုင်းပြည်မှာ ဘယ်သူက အလှဆုံးလဲကွ'' လို့ မှော်ဝင်မှန်ချပ်ကို မေးလိုက်သတဲ့။

''အို မိဖုရားကြီး သင်ဟာ အလှဆုံးပါပဲ'' လို့ ပြန်ဖြေလိုက်တယ်။ ဒါကြောင့် မနာလိုဝန်တိုဖြစ်နေတဲ့ မိဖုရားကြီးက ကျေနပ်သွားပြီး စိတ်အေးသွားတော့တယ်။ အဲ့ဒီည နေမှာ လူပုကလေးတွေ အိမ်ပြန်ရောက်လာတော့ ကြမ်းပြင်ပေါ်မှာ စနိုးဖိုက်မင်းသမီးလေး လဲကျနေတာကိုတွေ့လိုက်ရပြီး သူက အသက်လုံးဝမရှူတော့လို့ သေဆုံးသွားပြီဆိုတာသိလိုက်ကြရတယ်။

ဒါနဲ့ လူပုကလေးတွေက စနိုးဖိုက်မင်းသမီးကလေးကို ပွေ့ထူပြီး သူ့ကိုတမ်းတစွာကြည့်လိုက်၊ စကားတွေပြောလိုက်၊ မလှုပ်တော့တဲ့ မင်းသမီးကလေးကို လှုပ်နိုးလိုက်နဲ့ ငိုကြွေးလိုက်နဲ့ သောကအကြီးအကျယ်ဖြစ်နေကြပေမယ့်လည်း ဘာမှထူးမလာဘူး။ စနိုးဖိုက်လေးက သေဆုံးသွားပြီဆိုတာ သူတို့လက်ခံလိုက်ရတယ်။ လူပုကလေးတွေက စနိုးဖိုက်လေးကို ခုတင်ပေါ်တင်ထားပြီး ခုတင်ဘေးမှာထိုင်ပြီးတော့ ငိုကြွေးတမ်းတနေလိုက်ကြတာ သုံးရက်တောင်ကြာသွားသတဲ့။ ဒါနဲ့ သူတို့တစ်တွေက စနိုးဖိုက်ကို မြေမြှုပ်သင်္ဂြိုဟ်ဖို့လုပ်ပေးမယ့် မင်းသမီးက

သေဆုံးသွားတာနဲ့မတူဘဲ အိပ်မောကျနေတဲ့ သက်ရှိလူသားတစ်ယောက်လို လတ်ဆတ်နေပြီး ပါးပြင်လေးကလည်း နီရဲပြီးလှနေတုန်းပဲ။

"ငါတို့သူ့ကို မြေကြီးထဲမှာ မမြှုပ်ပစ်ရက်ပါဘူး" လို့ ပြောပြီး စနိုးဝိုက်မင်းသမီးကလေးကို ဘယ်ဘက်ကကြည့်ကြည့် မြင်နိုင်အောင်လို့ မှန်အခေါင်းကလေး ပြုလုပ်ကြတယ်။ နောက်ပြီး မင်းသမီးကလေးကို မှန်ခေါင်းတလားထဲထည့်ပြီး မှန်ခေါင်းတလားပေါ်မှာ မင်းသမီးကလေးစနိုးဝိုက်ရဲ့ နာမည်ကို ရွှေစာလုံးလေးတွေနဲ့ ရေးပေးထားကြတယ်။ သူတို့တစ်တွေက မင်းသမီးရဲ့ မှန်ခေါင်းတလားကို အိမ်အပြင်မှာထားပြီး လူပုကလေးတစ်ယောက်က အမြဲစောင့်ကြည့်နေသတဲ့။

စနိုးဝိုက်မင်းသမီးကလေး သေဆုံးသွားတာကိုသိလိုက်ရတဲ့ သူ့ရဲ့တိရစ္ဆာန်မိတ်ဆွေကလေးတွေဖြစ်တဲ့ ဇီးကွက်၊ ချိုးငှက်၊ ကျီးကန်းကလေး၊ ယုန်ကလေးနဲ့ သမင်ကလေးတို့က လာပြီးငိုကြွေးတမ်းတကြရှာတယ်။ တစ်နေ့မှာ မင်းသားလေးက လူပုကလေးတွေရဲ့ အိမ်နားကိုရောက်လာပြီး တစ်ညတာတည်းခိုဖို့ စိတ်ကူးမိတယ်။ သူက အိမ်ပြင်က မှန်ခေါင်းတလားထဲမှာထည့်ထားတဲ့ မင်းသမီးကလေးကို တွေ့သွားပြီး မှန်ခေါင်းတလားပေါ်မှာ ရွှေစာလုံးတွေနဲ့ရေးထားတဲ့ စနိုးဝိုက်ရဲ့ နာမည်ကိုလည်းတွေ့လိုက်ရသတဲ့။

လှပချောမွေ့တဲ့ စနိုးဝိုက်မင်းသမီးကို မြတ်နိုးလွန်းလို့ "ဒီမှန်ခေါင်းတလားကို ကျွန်တော့်ကိုပေးလိုက်ပါဗျာ။ ကျွန်တော်ခင်ဗျားတို့ လိုချင်တာမှန်သမျှကို ပေးပါ့မယ်" လို့ လူပုကလေးတွေကို ပြောလိုက်တယ်။ ဒါပေမဲ့ လူပုကလေးတွေက "ဒီကမ္ဘာမှာရှိတဲ့ ရွှေတွေအားလုံးပုံပေးရင်တောင် ကျုပ်တို့ ဒါကို မရောင်းနိုင်ဘူး" လို့ ပြောလိုက်ကြတယ်။ ဒီအခါ မင်းသားလေးက "ကျွန်တော့်ကို ပေးလိုက်ပါဗျာ၊ ကျွန်တော် စနိုးဝိုက်မင်းသမီးလေးကို မတွေ့ရရင် မနေနိုင်လို့ပါဗျာ" လို့ လူပုကလေးတွေကို သနားစဖွယ်တောင်းပန်နေရှာသတဲ့။

မင်းသားလေးက ခယယတောင်းပန်နေတာကြောင့်မို့လို့ သဘောကောင်းတဲ့ လူပုကလေးတွေက မင်းသားလေးကို သနားသွားပြီး မှန်ခေါင်းတလားကိုပေးလိုက်သတဲ့။ ဒါနဲ့ မင်းသားလေးနဲ့ သူ့ရဲ့မင်းမှုထမ်းတွေက မှန်ခေါင်းတလားကို ပခုံးပေါ်ထမ်းပြီး သယ်ယူသွားကြတယ်။ အဲဒီလို သယ်သွားကြတုန်းမှာ သူတို့အထဲက မင်းမှုထမ်းတစ်ယောက်က ခလုတ်တိုက်မိလို့ စနိုးဝိုက်ရဲ့လည်ပင်းထဲမှာ တစ်နေတဲ့ အဆိပ်ရှိတဲ့ပန်းသီးစကလေးက ထွက်ကျသွားတယ်။ မကြာခင်မှာပဲ မင်းသမီးလေးရဲ့ မျက်လုံးတွေပွင့်လာပြီး မှန်ခေါင်းတလားအဖုံးကို ဖွင့်ပြီးထထိုင်လိုက်တယ်။

"အလိုလေး ဘုရားရေ ကျွန်မဘယ်ကို ရောက်နေတာလဲ" လို့ မင်းသမီးလေးက အလန့်တကြားအော်လိုက်တယ်။

အဲဒီလို မင်းသမီးလေးအသက်ပြန်ရှင်လာတာတွေ့လိုက်ရတဲ့ မင်းသားလေးက အတိုင်းမသိ ဝမ်းသာပျော်ရွှင်သွားတော့တယ်။

"မင်းက အစ်ကိုနဲ့အတူရှိနေတာပါ" လို့ ဖြေလိုက်တယ်။ နောက်ပြီးတော့၊ မင်းသမီးလေးကို အဖြစ်အပျက်တွေကိုရှင်းပြလိုက်ပြီး "မင်းလေးကို အစ်ကို ဒီကမ္ဘာပေါ်မှာ ရှိရှိသမျှအရာတွေအားလုံးထက် ပိုပြီးတန်ဖိုးထားမြတ်နိုးပါတယ်။ အစ်ကို့ဖခင်ကြီးရဲ့ နန်းတော်ကို အစ်ကိုနဲ့အတူလိုက်ခဲ့ပါ။ အစ်ကိုမင်းကို ချစ်မြတ်နိုးလို့ လက်ထပ်ခွင့်ပေးပါနော်" လို့ မင်းသမီးလေးကို ပြောလိုက်သတဲ့။

စနိုးဝိုက်မင်းသမီးလေးကလည်းသနားကြင်နာတတ်တဲ့ မင်းသားလေးအပေါ် မေတ္တာရှိတာကြောင့် မင်းသားလေးနဲ့အတူ လိုက်သွားဖို့သဘောတူလိုက်တယ်။ နန်းတော်ကို ရောက်တဲ့အခါ သူတို့ရဲ့ မင်္ဂလာဆောင်အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ စီစဉ်ကြသတဲ့။ သူတို့က ယုတ်မာကောက်ကျစ်စဉ်းလဲတဲ့ စနိုးဝိုက်မင်းသမီးလေးရဲ့ မိထွေး မိဖုရားကြီးကိုလည်း မင်္ဂလာဆောင်အခမ်းအနားကို တက်ရောက်ကြွမြန်းဖို့ ဖိတ်ကြားခဲ့ကြတယ်။

ဒါနဲ့ မိဖုရားကြီးက မင်္ဂလာဆောင်သွားဖို့ အလှဆုံးအဝတ်အစားတွေဝတ်စားပြီးတဲ့အခါ သူ့ရဲ့မှော်ဝင်မှန်ချပ်ရှေ့မှာရပ်ပြီး "နံရံပေါ်ကမှန်ကလေး၊ မှန်ကလေး ဒီကမ္ဘာမှာ ဘယ်သူက အလှဆုံးလဲကွယ်" လို့ ထုံးစံအတိုင်း မေးလိုက်တယ်။

"အို အသင်မိဖုရားကြီး၊ သင်ကလှပါရဲ့ ဒါပေမဲ့ ငယ်ရွယ်နုပျိုတဲ့ မိဖုရားသစ်မင်းသမီးလေးက သင့်ထက်အဆပေါင်းတစ်ထောင် ပိုလှပါတယ်" လို့ပြန်ဖြေလိုက်တယ်။

မိဖုရားကြီးက အဲ့ဒီ မိဖုရားအသစ် ရွှေမင်းသမီးလေးဟာ သူ့ရဲ့လင်ပါသမီးလေးဖြစ်နေတာကိုလုံးဝမသိလို့ မင်္ဂလာဆောင်အခမ်းအနားကို ရောက်လာတယ်။ အဲ့ဒီအခါမှာ စနိုးဝိုက်မင်းသမီးကလေးကို တွေ့လိုက်ရတော့ သူ့ရဲ့လင်ပါသမီးဖြစ်နေမှန်းသိလိုက်ရတယ်။ အဖြစ်မှန်အားလုံးကိုသိသွားတဲ့ မင်းသမီးလေးရဲ့ ခမည်းတော်ဘုရင်ကြီးက ယုတ်မာကောက်ကျစ်တဲ့မိဖုရားကြီးကို တိုင်းပြည်က နှင်လွှတ်လိုက်လို့ မင်းသားလေးနဲ့ စနိုးဝိုက်မင်းသမီးလေးတို့ဟာ ဘဝမှာပျော်ရွှင်စွာ သက်ဆုံးတိုင်နေထိုင်သွားကြသတဲ့ ကွယ်။

■ ဇော် မိုး ဦး

► စာ ၁၄၉ မှ အဆက်

Bleed white - ခွန်အား၊ ဥစ္စာခနလျော့ပါးကုန်ခန်းသွားသည်။

White collar - ဉာဏလုပ်သား။

White collar jobs- ဉာဏလုပ်သားအလုပ်အကိုင်များ။

White collared employee - ဉာဏလုပ်သားများ။

White livered-cow wrdly - သူရဲဘောကြောင်သော။

White slave - နိုင်ငံခြားတွင် အလုပ်ရမည်ဟု လိမ်ညာခေါ်သွားပြီး ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မခိုင်းစေခံရသူ။

White wash (n) (fig) - တစ်စုံတစ်ဦး၏ အမှား၊ ချွတ်ယွင်းချက်များကို ဖုံးကွယ်ပေးထားခြင်းအားဖြင့် စင်းလုံးချောဖြစ်ပုံပေါ်စေသည်။

To have a yellow streak (v) - သူရဲဘောကြောင်သည်။

Example: Don't expect him to do anything; he always has a huge yellow streak in him.

သူ့ကို တစ်ခုခုလုပ်လိမ့်မည်ဟု မျှော်လင့်မထားသင့်ချေ။ သူက အလွန်သူရဲဘောကြောင်သူဖြစ်သည်။

Yellow-livered-Cowardly - သူရဲဘောကြောင် သတ္တိနည်းသည်။

Someone's true colours (n) - တစ်စုံတစ်ဦး၏ တကယ့်အကျင့်စရိုက်အစစ်အမှန်။

Example: It was until I asked him to help me with my problem, I finally saw his true colours.

ကျွန်တော်က သူ့ကို ကျွန်တော်ရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးဖို့ မေတ္တာရပ်ခံခဲ့သောအခါကျမှသာလျှင် သူ၏ စရိုက်မှန်သဘောသကန်ကို သိရှိလိုက်ရသည်။

Off-colour (colloq) - ကိုယ်လက်မအီမသာဖြစ်သည်။

My mother's been off-colour all this weak.

ကျွန်တော့်မိခင်ကြီးက ဒီတစ်ပတ်လုံး ကိုယ်လက်မအီမသာနဲ့ နာမကျန်းဖြစ်နေခဲ့သည်။

See something in its true colour.

တကယ့်အဖြစ်မှန်ကို သိရှိရသည်။

Show one's true colour.

သူရဲ့ စရိုက်အစစ်အမှန်ကို ထုတ်ဖော် ပြသသည်။

Under false colours.

မဟုတ်မမှန် အယောင်ဆောင်ထားသော။

The stranger unbroduced himself under false colours.

သူစိမ်းက သူ့ကိုယ်သူမဟုတ်မမှန်အယောင်ဆောင်ပြီး မိတ်ဆက်ခဲ့သည်။

Brown Study - အတွေးရေယာဉ်ကြောထဲတွင် နစ်မျောနေသည်။

He is in a brown study - သူအတွေးထဲ နစ်မျောနေသည်။

Browned off-(sl) - စိတ်ကုန်ငြီးငွေ့သည်။

He become browed off - သူစိတ်ပျက်ငြီးငွေ့လာသည်။

To Chase rainbows (v) - မဖြစ်နိုင်သော အရာကိုရနိုင်ရန် ကြိုးပမ်းသည်။

Example: People thought that he just chased rainbows when he said that he wanted to become a magician.

သူက မျက်လှည့်ပညာရှင်တစ်ဦးဖြစ်ချင်သည်ဟု ပြောသောအခါ လူတွေက မဖြစ်နိုင်တာ စိတ်ကူးယဉ်နေသည်ဟု ထင်ခဲ့ကြသည်။

နောင်ထွန်းလှ



ရှိုးကေ့၊ ဘီဒို၊ လျှောပြူတင်း
လျှောတံခါး၊ ဟိုက်ဒြောလစ်တံခါး၊ ခြင်ဇကာ၊ လိုက်ကာ၊ ဆိုင်းဘုတ် တို့ကို ပြုလုပ်ပေးသည်။
၎င်းပစ္စည်းများအတွက် အလူမီနီယမ်ချောင်းများကို ပစ္စည်းမှန် ဈေးမှန်ဖြင့်
လက်လီလက်ကားရရှိနိုင်ပါသည်။

one one

ALUMINIUM

အမှတ်-၃၅၁၊ အောက်ကြည့်မြင်တိုင်လမ်း (ဆင်မင်းလမ်းထိပ်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
☎01-229853, 09-9923667, 09-5123243
e-mail: ahmane@yangon.net.mm


သိပ္ပံပညာရှင်
နီကိုလာတက်စလာ၏
ဆန်းသစ်တီထွင်မှုများ
ဝင်းစိုးနိုင်



သိပ္ပံ ပညာရှင် နီကိုလာတက်စလာ (Nikola Tesla)သည် စိတ်ကူးအကြံဉာဏ်ကြီးမားသူဖြစ်သည်။ ၎င်းသည် တီထွင်မှု စုစုပေါင်း ၇၀၀ ကို ၎င်း၏အမည်ဖြင့်မူပိုင်မှတ်ပုံတင်ထားခဲ့သည်။ သို့ရာတွင် နီကိုလာတက်စလာသည် ၎င်း၏ ခေတ်အခါက ခေတ်ရှေ့ပြေးသူဖြစ်နေခြင်းကြောင့် ၎င်းဆန်းသစ်တီထွင်ထားသော စိတ်ကူးအကြံဉာဏ်အချို့မှာ နည်းပညာသဘောတရားဟု မှန်ကန်သော်ငြားလည်း လက်တွေ့ရုပ်လုံးဖော်နိုင်ရန်အတွက် အခက်အခဲပြဿနာများရှိသောကြောင့် လက်တွေ့အကောင်အထည် ပေါ်မလာနိုင်ခဲ့ချေ။

သိပ္ပံပညာရှင် နီကိုလာတက်စလာသည် ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သော သိပ္ပံပညာရှင်ကြီးသောမတ်စ်အက်ဒီဆင်၏ အသိအမှတ်ပြုခြင်းမခံခဲ့ရသော်ငြားလည်း ၎င်းသည် ထူးချွန်ထက်မြက်သော တီထွင်ဖန်တီးရှင်တစ်ဦးဖြစ်ပြီး ကမ္ဘာလောကကြီးအတွက် အသုံးတည့်မည့် အံ့ဖွယ်အကောင်းဆုံးဆန်းသစ်တီထွင်မှု အမြောက်အမြားကို ဖွေဆော်ဦး ခေတ်ရှေ့ပြေးစွန့်ဦးဆန်းသစ်တီထွင်ပေးသွားခဲ့သည်။

အပြန်အလှန် လျှပ်စီးကြောင်း

သိပ္ပံပညာရှင် နီကိုလာတက်စလာ၏ အရေးပါဆုံး တီထွင်မှုများအနက် ထင်ရှားကျော်ကြားသော တီထွင်မှုမှာ အပြန်အလှန် လျှပ်စီးကြောင်း (Alternating Current) အေစီ (AC) ကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အသုံးပြုနိုင်မည့်နည်းကို ဆန်းသစ်တီထွင်ခဲ့သည်။ ၎င်းသည် ယနေ့ခေတ် လူတို့တွင်ကျယ်စွာအသုံး ပြုနေသော အေစီလျှပ်စစ်ကို စတင်ရှာဖွေတွေ့ ရှိသူ မဟုတ်သကဲ့သို့ တီထွင်ခဲ့သူလည်း မဟုတ် ချေ။ သို့ရာတွင် အဆိုပါ အပြန်အလှန်လျှပ်စီး ကြောင်း အေစီ(AC) လျှပ်စစ်ဓာတ်အားကို ထိရောက်စွာ အသုံးပြုနိုင်မည့်နည်းကို တီထွင် နိုင်ခဲ့သည်။

သိပ္ပံပညာရှင် တက်စလာ၏ အပြန်အလှန် လျှပ်စီးကြောင်း အေစီ (AC) သည် လျှပ်စစ်ဓာတ်အား အသုံးပြုမှုတွင် လွှမ်းမိုးကြီးစိုးထားနိုင်သော လျှပ်စစ်ဓာတ်အားစနစ် ဖြစ်လာရခြင်း၏



အကြောင်းရင်းကို ဖော်ပြရာတွင် သိပ္ပံပညာရှင်သောမတ်စ်အက်ဒီဆင်အကြောင်းကိုပါ ထည့်သွင်းဖော်ပြမှသာလျှင် ပြည့်စုံမည်ဖြစ်သည်။ နီကိုလာတက်စလာ၏ အစကနဦး ပရိယေသန သက်မွေးဝမ်းကျောင်းအလုပ်အကိုင်အဖြစ် ၎င်းသည် အက်ဒီဆင်ထံတွင် စတင်လုပ်ကိုင်ခဲ့သည်။ အက်ဒီဆင်၏ ကုမ္ပဏီသည် ထိုစဉ်က တိုက်ရိုက်လျှပ်စီးကြောင်း ဒီစီ (DC-Direct Current) ကို တီထွင်ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည်။

တိုက်ရိုက်လျှပ်စီးကြောင်း ဒီစီသည် ဘက်ထရီနှင့် ဆင်တူသည်။ ထို တိုက်ရိုက်လျှပ်စီးကြောင်း စနစ်သည် လျှပ်စစ်ဓာတ်အားကိုသာ ထုတ်လွှတ်ပေးသော စနစ်ဖြစ်သည်။ အဆိုပါ တိုက်ရိုက်လျှပ်စီးကြောင်း၏ အဓိက ပြဿနာမှာ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရာတွင် လျှပ်စစ်ဓာတ်အားကို အဝေးသို့ရောက်ရှိအောင် ထုတ်လွှတ်သောအခါ လျှပ်စစ်ဓာတ်အား လျော့နည်းကျဆင်းလာခြင်းဖြစ်သည်။

သို့ဖြစ်ရာ နီကိုလာတက်စလာသည် အပြန်အလှန်လျှပ်စီးကြောင်း အေစီ ထုတ်လွှတ်မှုစနစ်ကို တိုးတက်ကောင်းမွန်လာစေသောနည်းကို ဆန်းသစ်တီထွင်ရန် လမ်းစပေါ်လာခဲ့သည်။ အပြန်အလှန် လျှပ်စီးကြောင်း အေစီ (AC-Alternating Curent) သည် လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်ပေးရုံမျှသာမက လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးရာ နေရာသို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပေးပို့နိုင်စွမ်းရှိသည်။ အဆိုပါဂုဏ်သတ္တိကြောင့် နေရာအတော်များများကို လျှပ်စစ်ဓာတ်အား ပမာဏ အမြောက်အမြား ထုတ်လွှတ်ပေးပို့နိုင်စွမ်း ပိုမိုရှိစေသည်။

အက်ဒီဆင်ကမူ အပြန်အလှန် လျှပ်စီးကြောင်း အေစီစနစ်ကို သိပ်သဘောမကျသဖြင့် အေစီ သဘောတရားနှင့် စပ်လျဉ်း၍ တက်စလာ၏ အယူအဆမှာ လုံးဝမှားယွင်းနေသည်ဟု ယူဆထားသောကြောင့် ၎င်းတို့နှစ်ဦး စိတ်ဝမ်းကွဲခဲ့ကြသည်။ တက်စလာက အက်ဒီဆင်နှင့် လမ်းခွဲလိုက်ပြီးနောက် အလုပ်လက်မဲ့ ဖြစ်သွားသောအခါ ကြုံရာကျပန်းအလုပ်မှန်သမျှကို ကုန်းရုန်းလုပ်ပြီး ငွေကလေးစုမိဆောင်းမိခဲ့သဖြင့် တက်စလာ လျှပ်စစ်ကုမ္ပဏီ (Tesla Electric Company) ကို တည်ထောင်နိုင်ခဲ့သည်။

တက်စလာ၏ ဆန်းသစ်တီထွင်မှုများကို စိတ်ဝင်စားမိသော အင်ဂျင်နီယာနှင့် စီးပွားရေးလုပ်ငန်းရှင် မစ္စတာဂျော့ဂျ်ဝက်စတင်ဟောက်စ် (George Westing House) က တက်စလာ၏ အေစီလျှပ်စစ်ဆိုင်ရာ မူပိုင်ခွင့်အများဆုံးကို ဝယ်ယူအားပေးခဲ့သည်။ လျှပ်စစ်ဓာတ်အားသမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာမည့် ချီကာဂို ကမ္ဘာ့ကုန်စည်ပြပွဲကြီးကို ၁၈၉၃ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသဖြင့် ထိုပြပွဲတွင် လျှပ်စစ်မီးများ ထိန်ထိန်ညီးထွန်းညှိရန် လိုအပ်လာခဲ့သည်။

သို့ဖြစ်ရာ အက်ဒီဆင်နှင့် ဝက်စတင်ဟောက်စ်တို့ နှစ်ဦးစလုံးက ထိုပြပွဲမီးထွန်းညှိရေးအတွက် ကန်ထရိုက်လုပ်ငန်း ရရှိရန် ဈေးနှုန်းများ တင်သွင်းခဲ့ကြသည်။ ထိုသို့ ဈေးနှုန်း တင်သွင်းရာတွင် အက်ဒီဆင်က အဆိုပါ ကုန်စည်ပြပွဲကြီး တစ်ခုလုံးကို လျှပ်စစ်မီးထွန်းညှိပေးခဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၅၄,၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း ဈေးနှုန်းတင်သွင်းခဲ့ပြီး ဝက်စတင်ဟောက်စ်ကမူ ဒေါ်လာ ၃၉၉,၀၀၀ တည်းဖြင့် ဈေးနှုန်း တင်သွင်းခဲ့သောကြောင့် ကန်ထရိုက်ရရှိခဲ့သည်။

အဆိုပါ ချီကာဂို ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပပြီးနောက် အပြန်အလှန် လျှပ်စီးကြောင်း အေစီမှာ ပိုမိုရေပန်းစား လူသိများလာခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးစနစ်တွင် ကြီးစိုးလွှမ်းမိုးလာသည်အထိ တွင်ကျယ်စွာ အသုံးပြုခဲ့ကြပြီး ယနေ့မျက်မှောက်ကာလအထိ အသုံးပြုလျက်ရှိသည်။

အလိုအလျောက် အဝေးထိန်းစနစ်

၁၈၉၈ ခုနှစ်က မက်ဒီဆင်ရင်ပြင်ဥယျာဉ်၌ ကျင်းပခဲ့သော လျှပ်စစ်ပြပွဲတွင် တက်စလာသည် ၎င်း၏ အလိုအလျောက် အဝေးထိန်းစနစ် (Teleoutomaton) တီထွင်မှုကို ခင်းကျင်းပြသခဲ့သည်။ တက်စလာသည် အလိုအလျောက် အဝေးထိန်းစနစ်ကို သရုပ်ပြရာတွင် မော်တော်ဘုတ်လှေကလေးကို ရေဒီယိုလှိုင်းဖြင့် ထိန်းချုပ်ပြခဲ့သည်။ တက်စလာသည် ၎င်း၏ အလိုအလျောက် အဝေးထိန်းစနစ်အတွက် မူပိုင်ခွင့် မရရှိခဲ့ပေ။

အကြောင်းမှုကား မူပိုင်ခွင့် မှတ်ပုံတင်ရုံးက ဖြစ်နိုင်ခြေမရှိဟု ယူဆရသော တီထွင်မှုအတွက် မူပိုင်ခွင့်မှတ်ပုံတင် ထုတ်မပေးလိုသောကြောင့်ဖြစ်သည်။ သို့ရာတွင် တက်စလာက ထိုမူပိုင်ခွင့် မှတ်ပုံတင်ရုံး၏ အယူအဆမှာ မှားယွင်းနေကြောင်း လျှပ်စစ်ပြပွဲတွင် လက်တွေ့သရုပ်ပြပြီး သက်သေသာဓက ထုတ်ပြနိုင်ခဲ့သည်။ တက်စလာသည် ဘက်ထရီဖြင့် လှုပ်ရှားခုတ်မောင်းသော မော်တော်ဘုတ်လှေကလေးကို ၎င်းတီထွင်ထားသော အဝေးထိန်းစနစ် Teleautomaton ဖြင့် ရေဒီယိုလှိုင်းများ ထုတ်လွှတ်ပြီး မော်တော်ဘုတ် ခုတ်မောင်းသော အင်ဂျင်စက်ကလေးနှင့် မီးလုံးများကို အောင်မြင်စွာ အဝေးမှ ထိန်းချုပ်ပြနိုင်ခဲ့သည်။

တက်စလာ၏ တီထွင်မှုမှာ သိပ္ပံပညာရပ်နယ်ပယ်သုံးခုတွင် ပထမဦးဆုံး တီထွင်မှု

များအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ ပထမ သိပ္ပံပညာရပ်နယ်ပယ်မှာ အဝေးထိန်းခလုတ် (Remote Control) ဖြစ်ပြီး ရုပ်မြင်သံကြား အဝေးထိန်းခလုတ်နှင့် ခြံဝင်းတံခါး အလိုအလျောက်ဖွင့်ပိတ် အဝေးထိန်းခလုတ် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ဒုတိယ သိပ္ပံပညာရပ်နယ်ပယ်မှာ အစောဆုံး စက်ရုပ်ဖြစ်သော မော်တော်ဘုတ်ကလေးဖြစ်သည်။ အဆိုပါ မော်တော်ဘုတ် စက်လှေကလေးမှာ လူတို့က လက်ကို အသုံးပြုပြီး လှုပ်ရှားပေးစရာလုံးဝမလိုဘဲ ၎င်းဘာသာအလိုအလျောက် လှုပ်ရှားနိုင်စွမ်းရှိသော စက်ကိရိယာဖြစ်သည်။ တတိယ သိပ္ပံပညာရပ်နယ်ပယ်မှာ စက်ရုပ်နည်းပညာနှင့် အဝေးထိန်းနည်းပညာကို ပေါင်းစပ်ထားသော နည်းပညာဖြစ်သည်။ သို့ဖြစ်ရာ တက်စလာ၏ မော်တော်ဘုတ်လှေကလေးမှာ ယနေ့ခေတ် ဒရုန်းများ၏ ရှေ့ပြေးဘိုးအေစက်ရုပ်ဖြစ်လာခဲ့သည်။

လျှပ်ညှို့မော်တာ

လျှပ်ညှို့မော်တာ (Induction Motor) သည် အပြန်အလှန်လျှပ်စီးကြောင်းကို အသုံးပြု လည်ပတ်သော မော်တာဖြစ်ပြီး Stator နှင့် Rotor ဟူ၍ အစိတ်အပိုင်းနှစ်ခုပါရှိသည်။ စတေတာ (Stator) သည် လျှပ်စစ်လျှပ်ညှို့မော်တာတွင် ရွေ့လျားလည်ပတ်ခြင်းမရှိသော မော်တာအစိတ်အပိုင်းဖြစ်သည်။ စတေတာသည် မော်တာ၏ အလယ်ကောင်ရှိ ရိုတာ (Rotor) လှည့်လည်အစိတ်အပိုင်းကို လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင်ဖြင့် လည်ပတ်စေသည်။

လျှပ်ညှို့မော်တာ (Induction Motor) များသည် တာရှည်အသုံးခံပြီး ထိန်းသိမ်းပြုပြင်ရန် လွယ်ကူသည့်အပြင် မော်တာ အသုံးပြုရာတွင် ကုန်ကျစရိတ်သက်သာခြင်းကြောင့် ထင်ရှားကျော်ကြား ရေပန်းစားလာခဲ့သည်။ ၁၈၈၀ ပြည့်လွန်နှစ်များ ကာလက လျှပ်ညှို့မော်တာကို တသီးတခြားလေ့လာတီထွင်နေသူ သိပ္ပံပညာရှင် နှစ်ဦးမှာ တက်စလာနှင့် ဂလီလီယိုဖာရာရီတို့ ဖြစ်သည်။

၎င်းတို့ နှစ်ဦးစလုံးက ၁၈၈၈ ခုနှစ်တွင် လျှပ်ညှို့မော်တာနှင့် စပ်လျဉ်း၍ ၎င်းတို့ လေ့လာတွေ့ရှိချက်များကို တင်ပြခဲ့ကြသည်။ အီတလီသိပ္ပံပညာရှင် ဂလီလီယိုဖာရာရီက တက်စလာ မတင်ပြမီ နှစ်လစော၍ ၎င်း၏ လျှပ်ညှို့မော်တာ အင်ဂျင်စက်ကို အရင်ဆုံး တင်ပြခဲ့သည်။ သို့ရာတွင် တက်စလာက သက်သေသာဓက ခိုင်လုံစွာနှင့် လက်တွေ့သရုပ်ပြနိုင်ခဲ့မှုကြောင့် လျှပ်ညှို့မော်တာအတွက် မူပိုင်ခွင့်မှတ်ပုံတင်နိုင်ခဲ့သည်။ ယနေ့မျက်မှောက်ကာလတွင် ဖုန်စုပ်စက်၊ ဆံပင်အခြောက်ခံစက်နှင့် ဆောက်လုပ်ရေးကိရိယာ တန်ဆာပလာများကဲ့သို့သော နေ့စဉ်သုံး လျှပ်စစ်ပစ္စည်းကိရိယာများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

အက်ဒမ်းစ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

နိုင်ရာဂါရာ ရေတံခွန် ကော်မရှင်အဖွဲ့သည် နိုင်ရာဂါရာရေတံခွန်ကြီး၏ အင်အားကြီးမားသောစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို နှစ်ပေါင်းတာရှည်စွာ ထုတ်လုပ်နိုင်ရန်အတွက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရန် ရှာဖွေလျက်ရှိသည်။ အစကနဦးတွင် ၎င်းတို့သည် သောမတ်စ်အက်ဒီဆင်၏ တိုက်ရိုက်လျှပ်စီးကြောင်းသုံး စက်ရုံတည်ဆောက်ရန် စဉ်းစားခဲ့ကြသော်လည်း ဝက်စ်တင်ဟောက်စ် ကုမ္ပဏီက တက်စလာ၏ အပြန်အလှန် လျှပ်စီးကြောင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုလျက်ရှိသည်ကို မျက်မြင်ဒိဋ္ဌတွေ့မြင်ရသောကြောင့် ဝက်စတင်ဟောက်စ် ကုမ္ပဏီကို ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန်အတွက် ၁၈၉၃ ခုနှစ်တွင် ကန်ထရိုက်ချပေးခဲ့သည်။

ဝက်စတင်ဟောက်စ် ကုမ္ပဏီက တက်စလာ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ကိရိယာ ဒီဇိုင်းပုံစံကို အသုံးပြုပြီး တည်ဆောက်ခဲ့သော်လည်း လူအတော်များများက ထို စီမံကိန်းအောင်မြင်မှုအပေါ် သံသယရှိသောကြောင့် ရန်ပုံငွေဆက်လက်ရရှိရေးအတွက် အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့ရာတွင် ၁၈၉၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် နိုင်ရာဂါရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ထရန်စဖော်မာ ခလုတ်ကို ဖွင့်လိုက်သောအခါ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီး အောင်မြင်စွာ လည်ပတ်သဖြင့် နယူးယောက်ပြည်နယ်ရှိ ဘတ်ဖလိုးမြို့ကို လျှပ်စစ်ဓာတ်အား စတင်ပေးဝေနိုင်ခဲ့သည်။ သို့ဖြစ်ရာ နောက်ထပ် ထရန်စဖော်မာ ၁၀ ခု ထပ်မံတည်ဆောက်ခဲ့ပြီး နယူးယောက်မြို့ကို လျှပ်စစ်ဓာတ်အား ပေးရာတွင် အားဖြည့်ပေးခဲ့သည်။ ၎င်းစက်ရုံကို နည်းပညာတော်လှန်ရေး လျှပ်စစ်ဓာတ်အားပေးစက်ရုံအဖြစ် သတ်မှတ်ခဲ့ပြီး ယနေ့ခေတ် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံများအတွက် စံနမူနာ





ဖြစ်လာခဲ့သည်။

နီယွန်မီးလုံး

ရောင်ပြောင်း လျှပ်စစ်မီးချောင်း (Fluorescent Light) နှင့် နီယွန်မီးလုံး (Neon Light) တို့ကို သိပ္ပံပညာရှင် နီကိုလာတက်စလာက စတင်ရှာဖွေတွေ့ရှိခဲ့ခြင်း မဟုတ်ချေ။ သို့ရာတွင် ၎င်းသည် အဆိုပါ မီးလုံးနှစ်မျိုးစလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်တီထွင်ခဲ့သည်။ ထိုခေတ်ကာလက ကက်သုတ်ရောင်ခြည် (Cathode Rays) ကို မည်သူကမျှ စမ်းသပ်ခဲ့ခြင်းမရှိချေ။ အဆိုပါ ကက်သုတ်ရောင်ခြည်မှာ နီယွန်မီးလုံးကဲ့သို့ လေဟာနယ်ပြွန်အတွင်း၌ရှိသော အီလက်ထရွန်များပင်ဖြစ်သည်။

တက်စလာသည် လျှပ်စစ်မှုန်ကလေးများကို ဓာတ်ငွေ့များအတွင်း၌ ဖြတ်သန်းစေပြီး လက်တွေ့စမ်းသပ်ခဲ့သောကြောင့် မီးလုံးအမျိုးအစား လေးမျိုးကို တီထွင်နိုင်ခဲ့သည်။ တက်စလာသည် ၁၈၉၃ ခုနှစ်က ကျင်းပခဲ့သော ချီကာဂို ကမ္ဘာ့ကုန်စည်ပြပွဲတွင် စာလုံးများဖြင့် ရေးသားထားသော နီယွန်ဆိုင်းဘုတ်ကို ပြပွဲတွင် ပြသထားခဲ့ရာ ရေပန်းစားလူကြိုက်များလာခဲ့ပြီး ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာတစ်လွှားရှိ အဓိက မြို့ကြီးများတွင် ၎င်းတီထွင်ခဲ့သော နီယွန်မီးသုံး နီယွန်ကြော်ငြာဆိုင်းဘုတ်များကို အသုံးပြုကြော်ငြာလျက်ရှိသည်။

ရေဒီယို

ရေဒီယို တီထွင်သူနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ကိစ္စ ဖြစ်ခဲ့သည်၊ ၁၈၉၅ ခုနှစ်က တက်စလာသည် မိုင် ၅၀ အကွာ အဝေးအထိ ရောက်ရှိမည့် ရေဒီယိုအချက်ပြလှိုင်း ထုတ်လွှတ်ရန် စိုင်းပြင်းနေစဉ် ၎င်း၏ သိပ္ပံစမ်းသပ်ခန်းမှာ မီးလောင်ပြာကျသွားခဲ့သောကြောင့် လက်တွေ့စမ်းသပ်မှုမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ထို အတောအတွင်း၌ အင်္ဂလန်နိုင်ငံတွင် အီတလီလူမျိုး ဂူလီယယ်လ်မိုမာကိုနီ (Guglielmo Marconi) အမည်ရှိ သိပ္ပံပညာရှင်သည် ကြိုးမဲ့ကြေးနန်းကို စမ်းသပ်လေ့လာလျက်ရှိပြီး ၁၈၉၆ ခုနှစ်တွင် ၎င်း၏ ကြေးနန်းစက်အတွက် မူပိုင်ခွင့်ရရှိခဲ့သည်။

၎င်း၏ ကြိုးမဲ့ကြေးနန်းစနစ်မှာ တက်စလာစမ်းသပ်တီထွင်နေသော ရေဒီယိုစနစ်နှင့် ကွဲပြားသည်။ မာကိုနီ၏ ကြိုးမဲ့ကြေးနန်းစနစ်တွင် လျှပ်စီးပတ်လမ်း နှစ်ခုတည်းသာပါရှိပြီး ခပ်ဝေးဝေးအထိ ထုတ်လွှင့်နိုင်စွမ်း မရှိချေ။ တက်စလာတီထွင်ထားသော ရေဒီယိုစနစ်မှာမူ လျှပ်စီးပတ်လမ်းအမြောက်အမြား အသုံးပြုထားသောကြောင့် ထုတ်လွှင့်ရာတွင် ပိုမိုအားကောင်းစေသည်။ သို့ဖြင့် တက်စလာသည် ၎င်း၏ ရေဒီယိုတီထွင်မှုအတွက် အမေရိကန်ပြည်ထောင်စုတွင် ၁၈၉၇ ခုနှစ်တွင် မူပိုင်ခွင့် မှတ်ပုံတင်ခဲ့ရာ ၎င်း၏ မူပိုင်ခွင့်ကို ၁၉၀၀ ပြည့်နှစ်တွင် မှတ်ပုံတင်နိုင်ခဲ့သည်။ မာကိုနီက ၎င်း၏ ရေဒီယိုမူပိုင်ခွင့်ကို အမေရိကန်ပြည်ထောင်စုရှိ မှတ်ပုံတင်ရုံးတွင် မူပိုင်ခွင့်လျှောက်ထားခဲ့ရာ တက်စလာ၏ တီထွင်မှု မူပိုင်ခွင့်နှင့် ဆင်တူနေသောကြောင့် မူပိုင်ခွင့်လျှောက်ထားမှုကို ပယ်ချခဲ့သည်။

မာကိုနီက မမှုဘဲ ၎င်း၏ ကိုယ်ပိုင်ကုမ္ပဏီကို တည်ထောင်ခဲ့ရာ ဩဇာအာဏာကြီးမားသော အင်ဒရူးကာနက်ဂျီနှင့် သောမတ်စ် အက်ဒီဆင်တို့က ပံ့ပိုးပေးခဲ့ကြသည်။ ၁၉၀၁ ခုနှစ်တွင် မာကိုနီသည် တက်စလာ မူပိုင်ခွင့်မှတ်ပုံတင်ထားသော ပစ္စည်းအချို့နှင့် တက်စလာလှိုင်းထုတ်ကိရိယာ (O Scillator) တို့ကို အသုံးပြုပြီး ရေဒီယိုလှိုင်းကို ထုတ်လွှင့်ခဲ့ရာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ရေဒီယိုအချက်ပြလှိုင်းများ ထုတ်လွှင့်နိုင်ခဲ့သည်။

၁၉၀၄ ခုနှစ်တွင် မူပိုင်ခွင့်မှတ်ပုံတင်ရုံးက ရှင်းလင်းသော အကြောင်းပြချက်မရှိဘဲ မာကိုနီ၏ မူပိုင်မှတ်ပုံတင်ခွင့်ကို လက်ခံခဲ့သည်။ သို့ဖြစ်ရာ မာကိုနီသည် ရေဒီယိုတီထွင်သူ ဖြစ်လာခဲ့ပြီး ၁၉၁၁ ခုနှစ်နှင့် ၁၉၁၅

ခုနှစ်တွင် နိုဘယ်လ်ဆုချီးမြှင့်ခြင်း ခံခဲ့ရသည်။ သို့ဖြစ်ရာ တက်စလာက ၎င်း၏ မူပိုင်ခွင့် ပစ္စည်းများကို အသုံးပြုထားသော မာကိုနီ ကုမ္ပဏီကို တရားစွဲဆိုခဲ့သည်။

ကံခေစွာပင် တက်စလာသည် ထိုစဉ်က ၎င်း၏ဘဝတွင် ငွေကြေးမပြည့်စုံသဖြင့် အဓိက ကော်ပိုရေးရှင်းကြီးကို မတည်ထောင်နိုင်ခဲ့ချေ။ ၎င်းတရားစွဲဆိုထားသော အမှုကို မဖြေရှင်းနိုင်ခဲ့ဘဲ ၁၉၄၃ ခုနှစ်တွင် တက်စလာကွယ်လွန်အနိစ္စ ရောက်သွားပြီးနောက် လအနည်းငယ်အကြာတွင် တရားရုံးက ထိုအမှုကို ဆုံးဖြတ်ချက်ချခဲ့ပြီး တက်စလာ၏ မူပိုင်ခွင့်ကို အကာအကွယ်ပေးခဲ့သည်။



အရိပ်ဓာတ်မှန်

၁၈၉၅ ခုနှစ်တွင် ဂျာမန်သိပ္ပံပညာရှင် ဝီလ်ဟမ်းကောန်ရက်ဒ်ရော့နိတ်ဂျင် (Wilhelm Wnrad Rontgen) သည် အိတ်စရေး (X-rays) ခေါ်သော ဓာတ်မှန်၏ လျှို့ဝှက်နက်နဲသော စွမ်းအင်ကို စတင်ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းသည် ဓာတ်ပုံဖလင်ပြားကို ၎င်း၏လက်နှင့် ခဲပြားအကြားတွင် ထားသောအခါ ဓာတ်ပုံဖလင်ပြားပေါ်တွင် ၎င်းလက်၏ အရိုးများ ဖောက်ထွင်းမြင်နေရသော ပုံရိပ်များကို တွေ့မြင်ရသည်ကို သတိပြုမိခဲ့သည်။

မကြာမီမှာပင် ရော့နတ်ဂျင်၏ သုတေသနပြု တီထွင်မှုနှင့် ၎င်းဇနီး၏ လက်အရိုးဓာတ်မှန်မှာ ထင်ရှားကျော်ကြားလာခဲ့သည်။ ရော့နတ်ဂျင်က အိတ်စရေးဓာတ်မှန် မတီထွင်နိုင်မီ တက်စလာက အိတ်စရေး ဓာတ်မှန်အကြောင်းကို အရင်ဆုံးအနည်းငယ်သိရှိခဲ့သည်။ ၁၈၉၃ ခုနှစ်က ၎င်း၏ သိပ္ပံစမ်းသပ်ခန်း မီးလောင်ပျက်စီးသွားသောကြောင့် ၎င်း၏ အိတ်စရေးဓာတ်မှန် သုတေသနလုပ်ငန်းကို ရပ်ဆိုင်းထားခဲ့ရသည်။

ရော့နတ်ဂျင်က ၎င်း၏ အိတ်စရေးဓာတ်မှန်ရှာဖွေတွေ့ရှိမှုကို လူသိရှင်ကြားထုတ်ဖော်ကြေညာခဲ့သောအခါ တက်စလာက ၎င်း၏ ကိုယ်ပိုင်အိတ်စရေးဓာတ်မှန်ကို လေဟာနယ်ပြွန်ကို အသုံးပြုပြီး ဖန်တီးရန် စိတ်ကူးအကြံပေါ်လာစေခဲ့သည်။ ၎င်းဖန်တီးသော အိတ်စရေးလ်ဓာတ်မှန်ကို ၎င်းက အရိပ်ဓာတ်မှန် (Shadow Graphs) ဟု အမည်ပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် အိတ်စရေးဓာတ်မှန်ပုံကို တက်စလာက ပထမဦးဆုံး ဓာတ်ပုံရိုက်နိုင်သူအဖြစ် ယူဆသတ်မှတ်ထားသည်။

တက်စလာသည် ဖိနပ်စီးထားသော ခြေထောက်၏ အရိပ်ဓာတ်မှန်ပုံကို ဓာတ်ပုံရိုက်ပြီး ထိုပုံကို စာတစ်စောင်နှင့်အတူ ရော့နတ်ဂျင်ထံသို့ ပေးပို့ခဲ့သည်။ ၎င်းက ရော့နတ်ဂျင်အား အိတ်စရေးဓာတ်မှန် တီထွင်ခဲ့မှုအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း စာရေးသားပေးပို့ ဂုဏ်ပြုခဲ့သည်။

ရော့နတ်ဂျင်ကလည်း အပြန်အလှန်အားဖြင့် တက်စလာအား ထူးထူးခြားခြား ရှင်းလင်းပြတ်သားသော အရိပ်ဓာတ်မှန် တီထွင်နိုင်မှုအတွက် ဂုဏ်ယူဝမ်းသာကြောင်း ချီးကျူးဂုဏ်ပြုခဲ့သည်။ တက်စလာ၏ အရိပ်ဓာတ်မှန် (Shadowgraph) မှာ အိတ်စရေးဓာတ်မှန် ရိုက်စက်များနှင့် ဖွံ့ဖြိုးတိုးတက်လာအောင် တီထွင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ အမှန်စင်စစ်တွင် အိတ်စရေးဓာတ်မှန်ပုံမှာ တက်စလာ၏ အရိပ်ဓာတ်မှန်ပုံလောက် ရှင်းလင်းပြတ်းသော ဓာတ်ပုံကို ထုတ်လုပ်ပေးနိုင်စွမ်းမရှိချေ။



တက်စလာ တာဘိုင်စက်

၂၀ ရာစု စောစောပိုင်းကာလတွင် မော်တော်ကားများတွင် ပစ္စတင်အင်ဂျင်များကို စတင်အသုံးပြုခဲ့သည်။ တက်စလာက ပစ္စတင်အင်ဂျင်နှင့် ယှဉ်ပြိုင်နိုင်ရန် ၎င်း၏ ကိုယ်ပိုင် တာဘိုင်စက်ကို တီထွင်ခဲ့သည်။ တက်စလာ၏ တာဘိုင်စက် (Tesla Turbine) အင်ဂျင်ကို ၁၉၀၉ ခုနှစ်တွင် စမ်းသပ်ကြည့်ခဲ့ရာ လောင်စာစွမ်းအင်၏ ၆၀ ရာခိုင်





နှုန်းခန့်ဖြင့် ထိရောက်စွာလည်ပတ်နိုင်ကြောင်း တွေ့ရှိရသည်။

ယခု လတ်တလောတွင် လောင်စာဆီ၏ ၄၂ ရာခိုင်နှုန်းကိုသာ စွမ်းအင်အဖြစ်ပြောင်းလဲရာတွင် ထိရောက်စွာအသုံးပြုနိုင်သည်။ သို့ရာတွင် လောင်စာဆီဈေးနှုန်းအရ ပစ္စတင်အင်ဂျင်မှာ ပိုမိုတွက်ချေကိုက်သောကြောင့် ပစ္စတင်အင်ဂျင်များကို ယနေ့ထက်ထိတိုင် အသုံးပြုလျက်ရှိသည်။

စွမ်းအားချဲ့လှိုင်းလွှင့်စက်

တက်စလာသည် ဝိုင်ယာကြိုးမဲ့ လှိုင်းလွှင့်စက်ကို တီထွင်ရန် စိတ်အားထက်သန်ခဲ့သည်။ ၎င်းက ထို လှိုင်းလွှင့်စက်ကို မြေပြင်အထက် ပိုမိုမြင့်မားသောနေရာတွင် တည်ဆောက်ပါက ဖြစ်နိုင်ခြေရှိသည်ဟု ယူဆခဲ့သည်။ သို့ဖြစ်ရာ ၎င်းသည် လုံလောက်သော ရန်ပုံငွေရရှိခဲ့သောအခါ ၁၈၉၉ ခုနှစ်တွင် ကော်လိုရာဒိုစပရင်းတွင် သိပ္ပံစမ်းသပ်ခန်း တည်ဆောက်ခဲ့သည်။ ၎င်းသည် ထိုနေရာတွင် စွမ်းအားချဲ့လှိုင်းလွှင့်စက် (Magnifying Transmitter) ဟုခေါ်သော စွမ်းအားအကြီးမားဆုံးနှင့် အရွယ်အစားကြီးမားဆုံး တက်စလာကွိုင်လ် (Tesla Coil) ကို တည်ဆောက်ခဲ့သည်။

စွမ်းအားချဲ့ လှိုင်းလွှင့်စက်တွင် ဧရာမကွိုင်ကြီးသုံးခုပါရှိပြီး ထိုကွိုင်လ်တစ်ခုစီ၏ အချင်းမှာ ၅၂ ပေရှိသည်။ စွမ်းအားချဲ့လှိုင်းလွှင့်စက်ကြီးသည် လျှပ်စစ်ဓာတ်အား ဗို့လ်တ် (Volt) သန်းပေါင်းများစွာ ထုတ်လုပ်ပေးပြီး မိုးကြိုးပစ်သကဲ့သို့ လျှပ်စီးများကို ပေ ၁၃၀ အထိ ရှည်လျားအောင် ထုတ်လွှတ်ပေးသဖြင့် ထိုစဉ်အချိန်ကာလက လူလုပ်လျှပ်စီးများအနက် အကြီးမားဆုံး လူလုပ်လျှပ်စီးကြီးဖြစ်ခဲ့သည်။

အမှန်တကယ်တွင် တက်စလာသည် ၎င်း၏ ခေတ်ကာလကထက် ခေတ်ရှေ့ပြေးပြီး အလွန်စိတ်အားထက်သန်နေခဲ့သည့် ပြဿနာဖြစ်သည်။ ဝိုင်ယာကြိုးမဲ့ လျှပ်စစ်ဓာတ်အားမှာ ၂၀၁၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းဖြစ်သော ၂၀၁၅ ခုနှစ်အထိ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိသေးချေ။



တက်စလာကွိုင်လ်

တက်စလာကွိုင်လ် (Tesla Coil) ကို ၁၈၉၁ ခုနှစ်တွင် တီထွင်ခဲ့ပြီး ထိုကွိုင်လ်ကြီးတွင် ကွိုင်နှစ်ခုအသုံးပြုထားသည်။ အဆိုပါ တက်စလာကွိုင်လ်တွင် အခြေခံကွိုင်လ်နှင့် ဒုတိယကွိုင်လ်ပါရှိပြီး ကွိုင်လ်တစ်ခုစီတွင် ကိုယ်ပိုင်လျှပ်သိုပစ္စည်း (Capacitor) ပါရှိသည်။ ထို လျှပ်သိုပစ္စည်း (Capacitor) သည် ဘက်ထရီတစ်ခုကဲ့သို့ လျှပ်စစ်ဓာတ်အားများကို စုဆောင်းသိုလှောင်သိမ်းဆည်းထားနိုင်စွမ်းရှိသည်။

အဆိုပါ ကွိုင်လ်များကို မီးပွားကူးနိုင်သောနေရာ Spark Gap နှင့် ဆက်သွယ်ထားသည်။ ကွိုင်လ်များမှ ထုတ်လွှတ်လိုက်သော လျှပ်စစ်ဓာတ်အားများသည် ထိုနေရာသို့ ရောက်ရှိသွားသောအခါ မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်လှသော လျှပ်စီးများဖြစ်ပေါ်လာပြီး အီလက်ထရွန်နစ် အမှုန်ကလေးပါရှိသော လေများတိုက်ခတ်စေသည်။

တက်စလာသည် မြို့ကြီးပြကြီးများကို ဝိုင်ယာကြိုးမဲ့ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးရန် စိတ်အားအလွန်ထက်သန်နေခြင်းကြောင့် ၎င်းဆန်းသစ်တီထွင်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယနေ့မျက်မှောက်ကာလတွင် တက်စလာကွိုင်လ်ကို များသောအားဖြင့် ဖျော်ဖြေတင်ဆက်ပွဲများ၊ သိပ္ပံဌာနများနှင့် ပြတိုက်ကြီးများတွင် အသုံးပြုလျက်ရှိသည်။ တက်စလာကွိုင်လ်၏ အဓိကအရေးပါမှုမှာ အင်ဂျင်နီယာ ပညာရှင်များအား လျှပ်စစ်ဓာတ်အား၏ သဘောသဘာဝကို ခြေခြေမြစ်မြစ် နားလည်သဘောပေါက်လာစေပြီး မည်သို့ မည်ပုံ အသုံးပြုရမည်ကို ကောင်းစွာ နားလည်သဘောပေါက်လာအောင် အထောက်အကူပြု စေခြင်းပင်ဖြစ်ပေသည်။

ဝင်းစိုးနိုင်

မြန်မာတို့၏ခေတ်အဆက်ဆက် ဆေးတံသောက်ရှုသော ဓလေ့များ

● မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင်ဆေးတံသောက်ရှုခြင်းမှာ ရှေးယခင်ကပင် ဓလေ့ရိုးရာတစ်ခုအနေဖြင့် ပေါ်ထွန်းနေခဲ့ပြီး ဖြစ်ပါသည်။ ဆေးတံများကို မြန်မာနိုင်ငံ၌ ဒေသအတော် များများတွင် တွေ့ရှိရပေသည်။ ရှေးဆေးတံများဖြစ်သော မြေဆေးတံများကို မူမြေပေါ်မြေအောက်အထောက်အထားများမှ တွေ့ရှိရ စမြဲဖြစ်သည်။ အချို့ကလည်း ထိုမြေဆေးတံများကိုရှာဖွေစုဆောင်းတတ်ကြသကဲ့သို့ အချို့ကလည်း ဂရုမထား တတ်သည်ကို တွေ့မြင်ရသည်။ မြန်မာ့မြေ ဆေးတံများ၏ လက်ရာကို တွေ့မြင်ရခြင်းဖြင့် ထိုခေတ်ကာလမှလူမှုဓလေ့စရိုက်ကိုလည်း သိရှိနိုင်ပါသည်။ ထိုဆေးတံများကိုတွေ့မြင်ရခြင်းအားဖြင့် ရှေးအခါက ဆေးတံပြုလုပ်မှုသည် ခက်ခဲနက်နဲသောအရာတစ်ခုဖြစ်ကြောင်း သိရှိနိုင်ပါသည်။



မြန်မာ့ဆေးတံများသည် နိုင်ငံခြားသားများ၏စိတ်ကိုဖမ်းစားနိုင်သောပစ္စည်းတစ်ခုလည်းဖြစ်ပေသည်။ ယင်းတို့သည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသော ဆေးတံများကို ပိုမိုနှစ်ခြိုက်တတ်ကြသည်။ စင်စစ် ထိုမြေဆေးတံများသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်ပစ္စည်းတစ်ခုပင်ဖြစ်ပါသည်။ မြန်မာ့မြေဆေးတံများ၏ သမိုင်းကြောင်းကို လေ့လာလိုက်စားသူနှင့် မြန်မာမှုအနုလက်ရာအဖြာဖြာတို့ကို ရင်းနှီးပွန်းတီးလိုသူများအတွက် အခြေခံကျကျ လေ့လာသင့်သည့်အရာတစ်ခုလည်းဖြစ်ပါသည်။

မည်သည့်ဆေးတံမဆို မြန်မာတိုင်းရင်းသားအားလုံး၏အမွေအနှစ်တစ်ခုဖြစ်ပါသည်။ ရှေးဟောင်းပစ္စည်းဟုလည်း ခေါ်ဆိုထိုက်ပေသည်။ ဘိုးဘွားမိဘများ အသက်ထင်ရှားရှိစဉ်အခါက နေ့စဉ်နှင့်အမျှ ကိုင်ဆောင်အသုံးပြုခဲ့သောပစ္စည်းများပင်ဖြစ်ပါသည်။ အဘိုးအဘွားတို့၏မြေဆေးတံအိုးသည် နှစ်ကာလကြာသည်နှင့် အမျှ ရှေးဟောင်း ပစ္စည်းများဖြစ်လာကြပေသည်။ မြန်မာနိုင်ငံအဖို့ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်ရန် လိုအပ်သောအနည်းဆုံးအချိန်ကာလမှာ ၇၅ နှစ်သက်တမ်းရှိရခြင်းပင်ဖြစ်ပါသည်။

ရှေးခေတ်လူများအဖို့ နေ့စဉ်သုံးစွဲခဲ့သော ပစ္စည်းများဖြစ်သည့် မြေဆေးတံများသည် ဘိုးဘွားမိဘများလက်ထက်က နေ့စဉ်လူမှုရေးဘဝ၊ စီးပွားရေးဘဝ၊ ယဉ်ကျေးမှုဘဝတို့နှင့် ကင်းလွတ်ခဲ့ကြသည်မဟုတ်ပေ။ ထို့ကြောင့် ဘိုးဘွား၊ မိဘများကို ချစ်ခင်မြတ်နိုးကြသူတိုင်းသည် ၎င်းတို့အသက်ရှင်စဉ်က အသုံးပြုခဲ့ကြသော မြေဆေးတံနှင့် ဆေးတံအမျိုးမျိုးတို့ကို ရှေးဟောင်းပစ္စည်းတစ်ခုအနေဖြင့် တန်ဖိုးထားထိန်းသိမ်းထားလျှင်မိမိတို့လူမျိုး၏အမွေ၊ သမိုင်းသက်သေများပင်ဖြစ်ကြောင်းကို ကြွင်းကျန်ရစ်သောပစ္စည်းများက ဖော်ထုတ်ပြသတတ်ကြပေသည်။ မိမိဘိုးဘွားမိဘလူမျိုးတို့၏ အတိတ်ဘဝဇာတ်ကြောင်းအတွက် ခိုင်လုံသောမှတ်တမ်းများလည်းဖြစ်ကြသည်။

မြန်မာ့ဆေးတံ၏ လိုအပ်ချက်များကို အကြောင်းပြု၍လည်းကောင်း၊ လူသိများသော်လည်းထိန်းသိမ်းမှုအားနည်းနေသောကြောင့်လည်းကောင်း၊ ရှေးဟောင်းပစ္စည်းဖြစ်သော မြေဆေးတံနှင့် ဆေးတံအမျိုးမျိုးပြုလုပ်မှုပညာရပ်တို့ကို မြန်မာတို့၏ ဆေးတံသောက်ရှုသော ဓလေ့များအဖြစ် တင်ပြရေးသားဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက်
ဆေးတံသောက်ရှုသောဓလေ့

ဆေးတံတွင် ဆေးအိုးနှင့် ဆေးတံရိုးဟူ၍ အဓိကအစိတ်အပိုင်း နှစ်ခုပါဝင်သည်။ ဆေးအိုးတွင်ဆေးထည့်၍ မီးညှိပြီးဖွာလိုက်သောအခါ မီးခိုးများသည် ဆေးတံရိုးမှတစ်ဆင့် ဆေးတံသောက်သူ၏ပါးစပ်ထဲသို့ ရောက်ရှိရလေသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးတံသောက်ရှုခြင်းဓလေ့သည် အလွန်ခေတ်စား၏။ တိုင်းတစ်ပါးသားတို့ ဆေးတံသောက်သုံးမှုကို တွင်တွင်ကျယ်ကျယ်



မစတင်မီကပင် မြန်မာနိုင်ငံတွင်ဆေးတံသောက်ရှုသောဓလေ့ပေါ်ထွန်းနေခဲ့ပြီးဖြစ်ပါသည်။ ယခင်အခါက မြန်မာနိုင်ငံ၌ ဆေးတံသောက်ရှုခြင်းအလေ့သည် တောရောမြို့ပါ ခေတ်စားလျက်ရှိသည်။ တောလက်ကျေးရွာများ၌ ယောက်ျား၊ မိန်းမအများအပြားပင် ဆေးတံသောက်ရှုကြသည်ကို တွေ့ရသည်။ ၎င်းတို့သောက်ရှုကြသော ဆေးတံများမှာ တိုင်းရင်းမြစ်များဖြစ်ကြသည်။

မြေဆေးတံကို ရှေးဟောင်းသုတေသနတူးဖော်ရေးလုပ်ငန်းနှင့် ကွင်းဆင်းလေ့လာရေးများမှလည်းကောင်း၊ လယ်ထွန်ရာမှလည်းကောင်း၊ လူနေရပ်ကွက်နေရာဟောင်းများမှလည်းကောင်း တွေ့ရတတ်ပေသည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း စသော ပျူမြို့တော်ဟောင်းများ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ အမရပူရ၊ ရွှေဘို၊ တောင်ငူ၊ ပဲခူး စသည့် ရှေးမြန်မာမြို့ဟောင်းများ၊ ကျိုက္ကသာ၊ သထုံ စသော မွန်မြို့ဟောင်းများ၊ ဝေသာလီ၊ လောင်းကြက်၊ မြောက်ဦး စသော ရခိုင်မြို့ဟောင်းများစသည်တို့တွင်သာမက မြန်မာနိုင်ငံအရပ်ရပ်ရှိ အခြားသော မြို့ဟောင်း၊ ရွာဟောင်းများမှလည်း မြေဆေးတံများကို ယနေ့ထိအသုံးပြုလျက်ရှိနေ သေးသည်။

ဆေးတံသောက်ခြင်း အလေ့အထနှင့်အတူ ဆေးတံကို သစ်သား၊ ဝါး၊ မြေမီးဖုတ်ပစ္စည်းတို့ဖြင့် တီထွင်အသုံးပြုလာရာ မြေမီးဖုတ်ဆေးတံ၊ သို့မဟုတ် မြေဆေးတံများသည် အခြားဆေးတံများထက် ပျက်စီးမှုနည်းပါး၍ မြေဆေးတံကို လူသိများလှသော ရှေးဟောင်းပစ္စည်းတစ်မျိုးအဖြစ် နေရာဒေသအတော်များများတွင် တွေ့ရလေ့ရှိသည်။ ရှေးယခင် ပျူခေတ်အဆက်ဆက်အသုံးပြုခဲ့သော မြေဆေးတံများကိုလည်း ဤကဲ့သို့ပုံစံအမျိုးမျိုးနှင့်တွေ့ရှိနိုင်ပေသည်။ ပျူခေတ်ကပင် ဆေးတံကို ပြုလုပ်သောသူများကပင် ပိုမိုလှပရန်အတွက် ပုံစံမျိုးစုံလုပ်ဆောင်ခဲ့ကြပေသည်။ ဆေးအိုးအရွယ်အမျိုးမျိုး အောက်ခြေပုံစံအဖုံဖုံပြုလုပ်ခဲ့ကြပေသည်။

မြေပေါ်မြေအောက်တွေ့ရှိရသော ဆေးတံများမှာ လှပသေသပ်လှသည့်အပြင် ကနုတ်ပန်းများ၊ ငှက်ရုပ်များ၊ အပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ပြုလုပ်ထားသည်ကိုတွေ့ရှိရပေသည်။ ဆေးတံအိုး၏ အနောက်ပိုင်းဆေးတံရိုးမှာ ရှည်လျားစွာမရှိဘဲ တော်သင့်ရုံမျှသာ ဖြစ်သည်။ ဆေးတံသောက်ရှုရာတွင် ဆေးတံရိုးကို နောက်မှအကူတစ်ခုဖြင့် တပ်ဆင်ပြီး သောက်သုံးခဲ့ကြလိမ့်မည်ဟု တွေးထင်ရပါသည်။ ထိုပျူခေတ်မှ ဆေးတံကို ကြည့်ရှုလေ့လာရခြင်းဖြင့် ထိုခေတ်ထိုအခါက နေထိုင်သုံးဆောင်ခဲ့သော ပျူလူမျိုးတို့၏ ဓလေ့သဘာဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကိုလည်းကောင်း၊ ပျူတို့၏စိတ်ကူးစိတ်သန်းတို့ကိုလည်းကောင်း၊ ဆေးတံမှသည် လူမှုဓလေ့ဝန်းကျင်ဆီသို့ ထင်ဟပ်နိုင်စေခဲ့ပါသည်။

ပျူခေတ်ကာလ ပျက်သုဉ်းပြီးနောက် ပုဂံခေတ်သို့ရောက်ရှိသောအခါတွင်လည်း မြေဆေးတံ သောက်ရှုသောဓလေ့မှာ ဆက်လက်တည်ရှိဆဲပင်ဖြစ်သည်။ ထိုကဲ့သို့တည်ရှိသော်လည်း ဆေးတံပြုလုပ်ဟန်အနည်းငယ်ကွာခြားမှုရှိကြောင်း လေ့လာတွေ့မြင်နိုင်ပေသည်။ ဆေးတံအိုးများမှာ အနည်းငယ်ချဲ့ကားသယောင်ဖြစ်လာပြီး အောက်ခြေမှာ အနည်းငယ်ကြီးထွားလာကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ထိုခေတ်ထိုအခါက နေထိုင်သုံးဆောင်ခဲ့သော ပုဂံသားတို့၏ ဓလေ့သဘာဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကိုလည်းကောင်း၊ စိတ်ကူးစိတ်သန်းတို့ကိုလည်းကောင်း ဆေးတံ

များမှလည်း ထိုခေတ်ထိုအချိန်က ပုဂံသားတို့၏ နေထိုင်သုံးစွဲမှုစရိုက်လက္ခဏာအဆင့်အတန်းကို ဖော်ပြနေကြပါသည်။

ဟံသာဝတီခေတ်ကအသုံးပြုခဲ့သော ဆေးတံများကို လေ့လာရခြင်းဖြင့်လည်း ဖော်ပြခဲ့ပြီးသော ခေတ်တို့၏ဆေးတံများထက် လက်ရာပိုမိုကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ဆေးတံပြုလုပ်ပုံနည်းစနစ်မှာလည်း ဆန်းပြားတီထွင်လာကြသည်။ အများအားဖြင့် ဟသ်ာရုပ်၊ ကြာပန်းပုံ ကနုတ်ပန်းတို့ဖြင့် တန်ဆာဆင်လာကြသည်။ ဆေးတံအောက်ခြေခုံများပြုလုပ်မှု အနည်းငယ် နည်းပါးလာကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။ ဆေးတံများ၏ လက်ရာမှာလည်း ထူးခြားဆန်းပြားလာကြောင်း တွေ့ရှိရသည်။ ဆေးတံအိုးများမှာ သပိတ်ပုံစံမဟုတ်တော့ဘဲ ခေါင်းလောင်းငယ်ပုံစံဖြစ်လာကြောင်း တွေ့မြင်နိုင်သည်။ ဆေးတံအရိုးများမှာ အနောက်သို့ အနည်းငယ်ရှူးသယောင်ယောင် ပြုလုပ်လာကြသည်။ ကနုတ်ပန်း၊ ဟသ်ာရုပ်၊ ကြာမှောက်၊ ကြာလှန်၊ ဝိန္ဓုပြောက်များ၊ နှုတ်ခမ်းစင်းရာများဖြင့်လည်း တန်ဆာဆင်ပြုလုပ်လာကြောင်း တွေ့ရှိနိုင်သဖြင့် ထိုခေတ်ထိုအခါက ဟံသာဝတီသားတို့၏ ဓလေ့သဘာဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကိုလည်းကောင်း၊ စိတ်ကူးစိတ်သန်းတို့ကိုလည်းကောင်း ဆေးတံမှသည် တိုးတက်ပြောင်းလဲလာသော လူမှုဓလေ့ယဉ်ကျေးမှုအသိုက်အဝန်းကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

ထိုကဲ့သို့ခေတ်ကာလများ အလီလီပြောင်းလဲလာပြီးနောက် အတိတ်မြန်မာတို့၏ နောက်ဆုံးမင်းဟုဆိုရမည့် ကုန်းဘောင်ခေတ်သို့ ရောက်ရှိချိန်အထိ ဆေးတံသောက်ရှူသောဓလေ့မှာ တိမ်ကောပျောက်သွားမှုမရှိခဲ့ပါချေ။ ထိုအကြောင်းကို သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်သော ဘိုးတော်ဘုရားလက်ထက်တွင် နန်းတွင်းစာဆိုတော်တစ်ဦးဖြစ်သူ မယ်ခွေကလည်း ဆေးတံနှင့်ပတ်သက်၍ ဤကဲ့သို့စပ်ဆိုခဲ့သည်ကို စာပေများ၌ လေ့လာတွေ့ရှိနိုင်ပါသည်။

'ဆေးတံတို တည္ဈိုလောက်၊
ရှေ့သောက်တော့ပေး။
မယူလိုက်က မိုက်လို့ထင်၊
ယူလိုက်ပြန်က ကြိုက်လို့ထင်
သောက်စေချင်၊ ခုတင်တွင်
ထောင်ခဲ့ကွဲ့ညီနွဲ့ရဲ့လေး' ဟု ဆေးတံနှင့်စပ်လျဉ်း၍ ဒွေးချိုးလေးတစ်ပုဒ် စပ်ဆိုရေးသားခဲ့ဖူးသည်။

ကုန်းဘောင်ခေတ်မှ ဆေးတံများကို လေ့လာတွေ့ရှိရသည်မှာ ရှေးယခင် ခေတ်အဆက်ဆက်မှ ဆေးတံများ၏ ဒီဇိုင်းကို ကြည့်၍ တီထွင်ကြံဆကာ အသစ်တစ်ဖန်ပြုလုပ်လာကြသည်။ မူလရှိရင်းစွဲလက်ရာများကိုလည်း အသုံးပြုကြဆဲလည်းဖြစ်သည်။ ဆေးတံရိုးနှင့် အောက်ခြေတို့ ညီမျှမှုရှိလာသည်။ ရိုးရှင်းသော ဆေးတံအိုးများအလယ်တွင် အဝိုက်ရစ်ပတ်ထားသော အစင်းကြောင်းလေးများကို တွေ့ရှိရသည်၊ ဆေးတံအိုးကိုလည်း ကြာမှောက်၊ ကြာလှန်အထက်တွင် တင်ထားဟန် ပြုလုပ်ထားကြသည်။ အများအားဖြင့် ဆေးတံအိုးအောက်ခြေများမှာ ဆေးတံရိုးနှင့် တစ်ဆက်တည်း အရွယ်တူ ပြုလုပ်လာကြသည်။ အရုပ်များထက် ကနုတ်ပန်းအလှကို ပိုမိုဦးစားပေးလုပ်ဆောင်လာကြကြောင်း လေ့လာတွေ့မြင်နိုင်ပါသည်။ ထိုခေတ်ထိုအခါက နေထိုင်သုံးဆောင်ခဲ့သော မြန်မာတို့၏ဓလေ့စရိုက်သဘာဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကိုလည်းကောင်း၊ စိတ်ကူးစိတ်သန်းတို့ကိုလည်းကောင်း ဆေးတံများမှ ထိုခေတ်အချိန်က မြန်မာတို့၏ယဉ်ကျေးမှုအဆင့်လက္ခဏာကို ဖော်ပြနေခဲ့ကြသည်။

ယခုဖော်ပြခဲ့သော ခေတ်အဆက်ဆက် မြေဆေးတံများသည် ထိုခေတ်ထိုအခါက မြေဆေးတံပြုလုပ်သူတို့၏ စိတ်ကူးစိတ်သန်းနှင့် ရောင်းဝယ်ဖောက်ကားမှုပုံစံလိုက်များသော လက်ရာများကို တစ်ဦးထက်တစ်ဦး ပိုမိုကောင်းမွန်အောင် တီထွင်ကြံဆလုပ်ကိုင်ခဲ့ကြမည်မှာ ယုံမှားနိုင်စရာပင်မရှိပေ။

မာန်သစ်ငြိမ်း
(ရှေးဟောင်းသုတေသန)

မင်္ဂလာရွှေအုပ်

အစာအိမ်ရောဂါသောက်ဆေး

သုံးစွဲနိုင်သော ရောဂါများ -

အစာအိမ်အချဉ်ဓာတ်များခြင်း၊
အောင့်ခြင်း၊ ရင်ပူခြင်း၊
အစာအိမ်တွင် အနာဖြစ်ခြင်း၊
များကို သုံးစွဲနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
0510 YR 000804

ဆေးမှုန့်၊ ဆေးပြား ပုံစံနှစ်မျိုးဖြင့်
ထုတ်လုပ်နေပါသည်။

အမြို့မြို့ဆိုင်တိုင်းတွင်
ဝယ်ယူရရှိနိုင်ပါသည်။

အမှတ်(၇၅)၊ ရတနာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဖုန်း-၅၂၇၇၇၂၊ ၀၉၅၀-၀၉၆၁၃

SweSone Media Group

SMG

စွယ်စုံ မီဒီယာ ဂရု(ပ်)

သင့်လုပ်ငန်း အောင်မြင်မှုရ
ဖုန်းတစ်ချက် ဆက်လိုက်
ကူညီပေးရန် အသင့်

ကြော်ငြာဌာန

SWESONE MEDIA GROUP

Central Tower ပထမထပ်၊ အနော်ရထာလမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။

Ph : 392739, 385293, Fax : 374400

website : www.swesonemedia.org

e-mail : pyimyanmarnews@swesonemedia.com

ဘဲတူဖျံတူသတ္တဝါ၏ ပုံသဏ္ဌာန်ကို ကြည့်ရှုပါက သဘာဝတရား၏ မောက်ပြန်မှုကြောင့် ကိုးရိုးကားရားနှင့် ရယ်စရာကောင်း နေပုံပေါက်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဘဲတူဖျံတူ၏ ခန္ဓာကိုယ်တွင် ဘဲနှုတ်သီး၊ ပုံသဏ္ဌာန်နှုတ်သီး၊ ဘဲခြေထောက်ကဲ့သို့ ခြေယက်ပြားများပါရှိသော ခြေထောက်၊ ဖျံအမြီးနှင့်တူသော အမြီး၊ ပင်လယ်ဖျံကဲ့သို့ သော သားမွေးတို့ပါရှိသောကြောင့် သဘာဝတရားက ယင်းသတ္တဝါကို နို့တိုက်သတ္တဝါအဖြစ် ရွေးချယ်ရမည်လော သို့မဟုတ် ငှက်အဖြစ် ရွေးချယ်ရမည်လောဟု ဇဝေဇဝါနှင့် ခေါင်း ခြောက်တတ်အောင် ဖြစ်ခဲ့ပုံရသည်။

ဘဲတူ ဖျံတူသတ္တဝါမှာ သဘာဝတရား၏ မောက်ပြန်မှုကြောင့် ထွင်ပြင်ဆန်းပြားနေသည့် တစ်ကောင်တည်းသော သတ္တဝါ မဟုတ်ချေ။ အင်းဆက်ပိုးကောင်မှ ဝက်ဝံအထိ သတ္တဝါအမျိုးမျိုးသည်လည်း သဘာဝတရား၏ မောက်ပြန်မှုများကြောင့် ထွင်ပြင်ဆန်းပြားဆုံး သတ္တဝါများဖြစ်လာခဲ့သည်။

သဘာဝတရား၏ အဆန်းပြားဆုံး မောက်ပြန်မှုများ

နန္ဒမင်းမြိုင်

ငှက်ပိတုန်းသိမ်းပိုးဖလံ

ယေဘုယျအားဖြင့် ငှက်ပိတုန်းသိမ်းပိုးဖလံကောင်မှာ ဒီဇိုင်းပုံစံ ရှုပ်ထွေးနေသော သတ္တဝါဖြစ်ပုံရသည်။ သိမ်းပိုးဖလံ၏ ခန္ဓာကိုယ်မှာ ပျား၏ ခန္ဓာကိုယ်ပုံသဏ္ဌာန်ရှိသော်လည်း အတောင်ပံကို ဖြန့်လိုက်သောအခါ လိပ်ပြာတောင်ပံနှင့်တူသည်။ ဤသို့ ပျားခန္ဓာကိုယ်နှင့် လိပ်ပြာတောင်ပံတို့ရှိခြင်းမှာ နားလည်ခွင့်လွှတ်နိုင်သော သဘာဝတရား၏ ဖောက်ပြန်မှုဒီဇိုင်းပုံစံအဖြစ် လက်ခံနိုင်စရာအကြောင်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ပျားရော လိပ်ပြာပါ အင်းဆက်ပိုးကောင်ဖြစ်သောကြောင့်ဖြစ်သည်။

သို့ရာတွင် ငှက်ပိတုန်းသိမ်းပိုးဖလံ Humming Bird Hawk Moth) ကောင်မှာ အင်းဆက်ပိုးကောင်နှင့် သိပ်မတူဘဲ ငှက်တစ်ကောင်နှင့် အလွန်တူနေသော အချက်ကိုမူ လက်ခံနိုင်ရန် ခက်ခဲလှသည်။ ဗြိတိသျှ ကျွန်းဆွယ်တွင် ငှက်ပိတုန်းများ ဟိုဟိုသည်သည် ပျံသန်းလှုပ်ရှားနေသည်ကို ဂရုတစိုက် သေချာစွာ အနီးကပ်လေ့လာကြည့်မည်ဆိုပါက ငှက်ပိတုန်းများအကြားတွင် တစီစီအကောင်ကလေးကို တွေ့မြင်ရမည်ဖြစ်သည်။

အမှန်တကယ်တွင် ထိုသတ္တဝါကလေးမှာ ငှက်ပိတုန်းနှင့် အလွန်ဆင်တူသော ပိုးဖလံကောင်ကလေးပင်ဖြစ်သည်။ သိမ်းပိုးဖလံကောင်ကလေးများသည် ပန်းပွင့်ကလေးများပေါ်တွင် အတောင်ပံတဖျတ်ဖျတ် ခတ်ပြီး ပျံဝဲသော်လည်း ၎င်းတို့တွင် ငှက်နှုတ်သီးမပါရှိချေ။ ၎င်းတို့တွင် ငှက်နှုတ်သီးအစား အလွန်ရှည်လျားသော လျှာပါရှိသည်။ အမှန်တကယ်တွင် ထိုလျှာမှာ နာမောင်း (Proboscis) ပင်ဖြစ်သည်။

ငှက်ပိတုန်းသိမ်းပိုးဖလံကောင်ကလေးသည် အခြားသော ပိုးဖလံကောင်များနှင့် မတူချေ။ ၎င်းတို့သည် နေ့ဘက်အချိန်တွင် ကျင်လည်ကျက်စားကြပြီး မိုးရွာသွန်းမှုကိုလည်း လုံးဝမဖြုံချေ။ ၎င်းတို့သည် ဥများ ဥချပြီးနောက် အခြားအင်းဆက်ပိုးကောင်အချို့ကဲ့သို့ သေဆုံးသွားခြင်းလည်း မရှိချေ။



ဂေါ့ဘလင်ငါးမန်း

ဂေါ့ဘလင်ငါးမန်း (Goblin Shark) များသည် နက်ရှိုင်းသော သမုဒ္ဒရာအောက်ခြေတွင် ကျင်လည်ကျက်စားလေ့ရှိပြီး နေရောင်ခြည်အလင်းရောင်ကို ရှောင်ရှားလေ့ရှိသည်။ ၎င်းတို့သည် အလွန်နက်ရှိုင်းသော သမုဒ္ဒရာအောက်ခြေတွင် ငြိမ်သက်စွာ သားကောင်ကို ချောင်းမြောင်းနေလေ့ရှိသည်။ ၎င်းတို့၏ သားကောင်ဖြစ်သော ငါးများက ငြိမ်သက်နေသော ဂေါ့ဘလင်ငါးမန်းများကို သံသယမဖြစ်ဘဲ ၎င်းတို့အပေါ်မှ ကူးခပ်ဖြတ်သန်းသွားကြသည်။

ထိုအခါ ၎င်းသည် ရုတ်တရက် လျင်မြန်စွာ ဖမ်းဆီးစားသောက်ကြသည်။ ဂေါ့ဘလင်ငါးမန်း၏ ခန္ဓာကိုယ်မှာ ပျော့စိစိဖြစ်ပြီး အရေပြားမှာ တွန့်ရှုံ့နေကာ ခန္ဓာကိုယ်အရောင်အဆင်းမှာ မီးခိုးရောင်သန်းသော ပန်းရောင်ဖြစ်ပြီး ဝမ်းဗိုက်မှာ ပန်းရောင်သန်းသော အဖြူရောင်ဖြစ်သည်။ ပုံသဏ္ဌာန် ထူးခြားဆန်းပြားသော ဂေါ့ဘလင်ငါးမန်းကို ပထမဦးဆုံး စတင်ရှာဖွေတွေ့ရှိခဲ့စဉ်က ပုံပျက်ပန်းပျက် ဖြစ်နေသော ငါးမန်းတစ်ကောင်ဖြစ်မည်ဟု ယူဆခဲ့ကြသည်။

နောက်ပိုင်းတွင် ဂေါ့ဘလင်ငါးမန်းမှာ ပုံပျက်ပန်းပျက်ဖြစ်နေသော ငါးမန်းမဟုတ်ဘဲ မျိုးစိတ်တစ်မျိုးဖြစ်မှန်း သိရှိခဲ့သည်။ ယခုအချိန်အထိ ပင်လယ်သမုဒ္ဒရာကြီးများအတွင်း၌ ဂေါ့ဘလင်းငါးမန်းမျိုးစိတ်အကောင်ရေ ငါးဆယ်ခန့်သာ ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ငါးမန်းများမှာ သမုဒ္ဒရာအတွင်း၌ အကောင်ရေမည်မျှရှိသည်ကို တိတိကျကျ မသိရှိရသေးသောကြောင့် ဂေါ့ဘလင်ငါးမန်းကို မျိုးသုဉ်းပျောက်ကွယ်သွားမည့် ဘေးအန္တရာယ်ကျရောက်နေသောစာရင်းတွင် ထည့်သွင်းသတ်မှတ်ထားခြင်း မရှိချေ။

နှုတ်ခမ်းနီ လင်းနို့ငါး

နှုတ်ခမ်းနီ လင်းနို့ငါး (Red-Lipped Bat Fish) သည် သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် ကျင်လည်ကျက်စားသော ငါးဖြစ်သည်။ ထိုငါး သည် ရေထဲတွင် ကူးခပ်မသွားလာဘဲ ရေယက်တောင်များကို အသုံးပြုပြီး သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် ခြေထောက်သဖွယ် လမ်းလျှောက်သွားလာသည်။ အဆိုပါ ရေယက်တောင်များမှာ ကူးခတ်သွားလာသော ရေယက်တောင်နှင့်မတူဘဲ ခြေထောက်များနှင့် ပိုတူနေသည်။ နှုတ်ခမ်းနီ လင်းနို့ငါးများကို ဂါလာပါဂို့စ်ကျွန်းတွင် တွေ့ရှိရသည်။ သဘာဝက ၎င်း၏ နှုတ်ခမ်းများကို နှုတ်ခမ်းနီဆိုးထားသကဲ့သို့ ရဲရဲနီနေစေသောကြောင့် ဘဝကြင်ဖော်ကို ဆွဲဆောင်နိုင်စွမ်းရှိစေသည်။





ပင်လယ်ပက်ကျိ

သတ္တဗေဒ အမည်အားဖြင့် Glaucus Atlanticus အမည်ရှိသော ပင်လယ်ပက်ကျိမှာ အခြားပင်လယ်ပက်ကျိ (Sea Slug) များနှင့် လုံးဝမတူဘဲ အလွန်လှပသည်။ ၎င်းတို့၏ ခန္ဓာကိုယ်အရှည်မှာ နှစ်လက်မခန့်သာရှိသည်။

အဆိုပါ ပင်လယ်ပက်ကျိ၏ ခန္ဓာကိုယ် နံဘေးတွင် ငွေရောင်သန်းသော အပြာရောင်အချွန်အတက် အမျှင်ကလေးများက မီးရှူးမီးပန်းများ ဖြာထွက်နေသကဲ့သို့ ထိုးထိုးထောင်ထောင် ဖြာထွက်နေသည်။

ငွေရောင်သန်းသော အပြာရောင်အချွန်အတက် အမျှင်ကလေးများကို ဆာရာတာ (Cerata) ဟု ခေါ်သည်။ ၎င်းတို့သည် လှပသော်လည်း အဆိပ်ရှိသော သတ္တဝါဖြစ်သည်။ ထို ပင်လယ်ပက်ကျိသည် မွေးဖွားလာစဉ်ကတည်းက အဆိပ်ပါမလာချေ။ ၎င်းတို့သည် အခြားအဆိပ်ရှိသော ရေနေသတ္တဝါများကို တိုက်ခိုက်ခြင်းကြောင့် ထို အဆိပ်ရှိ ရေနေသတ္တဝါများထံမှ အဆိပ်များကို စုဆောင်းရရှိခဲ့ခြင်းဖြစ်သည်။

Glaucus Atlanticus ပင်လယ်ပက်ကျိသည် အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်တွင် ဇောက်ထိုးပေါလောမျောနေကြသည်။ ၎င်းတို့၏ ခန္ဓာကိုယ် အရောင်အဆင်းမှာ မျိုးခြားစားကောင်များ ရှာမတွေ့နိုင်အောင် အစင်းကြောင်းများဖြင့် ကိုယ်ယောင်ဖျောက်ထားတတ်ကြသည်။ သမုဒ္ဒရာ ရေပြင်ထက်တွင် ပြင်းထန်သော မုန်တိုင်းတိုက်ခတ်ပြီးသောအခါ ထို ပင်လယ်ပက်ကျိ ကလေးများမှာ ပင်လယ်ကမ်းစပ်တွင် သောင်တင်နေသည်ကို တစ်ခါတစ်ရံ တွေ့ရှိရသည်။

ထိုသို့ပင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်တွင် သောင်တင်နေသော ပင်လယ်ပက်ကျိကလေးများကို ကောက်ယူကြည့်ပါက ၎င်း၏ ခန္ဓာကိုယ်တွင် အဆိပ်ရှိနိုင်သဖြင့် အဆိပ်ဒဏ်ခံစားရနိုင်သည်။

ဗင်နီဇွဲလား ပူးဒယ်လ်ပိုးဖလံ



အမွေးပွပွ ချစ်စရာ ပူးဒယ်လ် (poodle) ခွေးကလေးကဲ့သို့ ချစ်စရာကောင်းသော ဗင်နီဇွဲလား ပူးဒယ်လ်ပိုးဖလံကောင် (Venezuelan Poodle Moth) ကို ဒေါက်တာအာသာအင်ကာက ၂၀၀၉ ခုနှစ်တွင် စတင်ရှာဖွေတွေ့ရှိခဲ့သည်။ အချို့က အဆိုပါ ပိုးဖလံကောင်ကလေးမှာ 'ကာတွန်းဇာတ်ကောင် ပိုကီမွန် (Pokemon) နှင့် ဆင်တူသည်ဟု ယူဆထားကြသည်။ ထိုအမွေးပွပွနှင့် ချစ်စရာကောင်းသော ဗင်နီဇွဲလား ပူးဒယ်လ်ပိုးဖလံကောင်ကလေး၏ ရုပ်ပုံမှာ အင်တာနက်ပေါ်တွင် ပျံ့နှံ့သွားသောအခါ အချို့က ထိုပိုးဖလံကောင်လေးကို အစစ်ဟုမထင်ဘဲ အတုဟုယူဆခဲ့ကြသည်။

သို့ရာတွင် အမွေးပွပွ ပူးဒယ်လ်ခွေးကလေးနှင့် ဆင်တူပြီး ပန်းကန်ပြားပုံသဏ္ဍာန် မျက်လုံးကြီးများအထက်တွင် ရှည်လျားသည့် ဦးမင်ရှိသော ဗင်နီဇွဲလားပူးဒယ်လ်ပိုးဖလံကောင်ကလေးမှာ အတုမဟုတ်ဘဲ ပြင်ပလောကတွင် တကယ်ရှိသော ပိုးဖလံကောင်အစစ်ဖြစ်သည်။ မကြာသေးမီကမှ လောလောလတ်လတ် ရှာဖွေတွေ့ရှိထားသော အင်းဆက်မျိုးစိတ်သစ် ပိုးဖလံကောင်လေးအကြောင်းကို ခြေခြေမြစ်မြစ် မသိရှိရသေးချေ။

အဆိုပါ ပိုးဖလံကောင်လေးသည် မျိုးစု (Genus) Artace မျိုးစုတွင် ပါဝင်သည်ဟု ယုံကြည်ယူဆထားကြသည် ထိုပိုးဖလံမျိုးစုသည် မြောက်အမေရိကတိုက်မှ ဗင်နီဇွဲလားနိုင်ငံအထိ ကျင်လည်ကျက်စားသော ပိုးဖလံများဖြစ်သည်။

အိုင်းအိုင်းလီမာ မျောက်ကလေး

အိုင်းအိုင်း (Aye-Aye) လီမာမျောက်ကလေး၏ မျက်နှာမှာ ဖျံတစ်ကောင်နှင့် ဆင်တူပြီး ခန္ဓာကိုယ်မှာမူ မျောက်ငယ်ကလေးတစ်ကောင်နှင့်တူသည်။ ၎င်းတွင် မျောက်မောင်းမကဲ့သို့သော ခြေသည်းများနှင့် ရှေ့သွားများပါရှိသည်။ အိုင်းအိုင်း လီမာမျောက်ကလေးများ၏ နေရင်းဌာနေမှာ မက်ဒါဂက်စကားဖြစ်သည်။ ၎င်းသည် ညဘက်တွင် ကျင်လည်ကျက်စားသော ပရိုင်းမိတ် မျိုးစိတ်တွင် အကြီးမားဆုံး ပရိုင်းမိတ်ဖြစ်သည်။

အိုင်းအိုင်းလီမာမျောက်ကလေး၏ ခန္ဓာကိုယ်အလေးချိန်မှာ ခြောက်ပေါင်မျှသာရှိသည်။ ၎င်း၏ အလွန်ရှည်လျားသော လက်ခလယ်ဖြင့် အင်းဆက်ပိုးကောင်သားလောင်းကလေးများကို သစ်ခေါက်များကြားမှ ကလော်ထုတ်ပြီး စားသောက်ကြသည်။ အဆိုပါ အင်းဆက်ပိုးကောင် သားလောင်းကလေးများမှာ ၎င်း၏အကြိုက်ဆုံး အစားအစာလည်းဖြစ်သည်။

အိုင်းအိုင်း လီမာမျောက်ကလေးများကို မက်ဒါဂက် စကားနိုင်ငံ အစိတ်အပိုင်းအချို့တွင် မျိုးသုဉ်းပျောက်ကွယ်သွားမည့် ဘေးအန္တရာယ်ရှိသော သတ္တဝါစာရင်းတွင် ထည့်သွင်းသတ်မှတ်ထားသည်။ သို့ရာတွင် မက်ဒါဂက်စကားနိုင်ငံရှိ နေရာဒေသ ၁၆ နေရာတွင် အဆိုပါ အိုင်းအိုင်း လီမာမျောက်ကလေးများကို အစိုးရက ကာကွယ်စောင့်ရှောက်ပေးထားသဖြင့် အိုင်းအိုင်းလီမာမျောက်အကောင်ရေ အတော်များများ ရှင်သန်ပေါက်ဖွားလျက်ရှိသည်။

မက်ဒါဂက်စကားနိုင်ငံ အရပ်ဒေသအချို့တွင် အိုင်းအိုင်းလီမာမျောက်ငယ်ကလေးကို လယ်ယာစိုက်ပျိုးရေး အဖျက်သတ္တဝါအဖြစ် ယူဆသတ်မှတ်ထားသည့်အပြင် မကောင်းသော အတိတ်နိမိတ်အဖြစ်လည်း ယူဆထားကြသည်။ မက်ဒါဂက်စကားနိုင်ငံမှ ကျေးလက်ဒေသ ရွာသူရွာသားအချို့သည် အိုင်းအိုင်းလီမာမျောက်၏ ချွန်ထက်ရှည်လျားသော လက်ချောင်းက ၎င်းတို့ရှိရာဘက်သို့ လက်ညှိုးထိုးသကဲ့သို့ ဖြစ်နေပါက ထို လက်ညှိုးလက်ချောင်း ထိုးခံရသော ရွာသူရွာသားမှာ သေခြင်းတရားနှင့် ရင်ဆိုင်ရမည့် အတိတ်နိမိတ်ဖြစ်သည်ဟု လွဲမှားစွာ ယူဆပြီး ထိုအိုင်းအိုင်းလီမာမျောက်ကို တွေ့ရာနေရာမှာပင်သတ်ပစ်လေ့ရှိကြသည်။

ပန်းရောင် ရေမြင်း



သိပ္ပံပညာရှင်များသည် ကင်ညာနိုင်ငံရှိ မာရာမြစ်၏ ကမ်းစပ်တွင် အလွန်ရှားပါးသော ပန်းရောင်ရေမြင်းကို ကြုံတောင့်ကြုံခဲ မြင်တွေ့ခဲ့ရသဖြင့် အံ့အားသင့်သွားကြသည်။ အဆိုပါ အလွန်ရှားပါးသော ပန်းရောင်ရေမြင်း (Pink Hippopotamus) ကို ဇမ်ဘီယာနိုင်ငံရှိ မြစ်ကမ်းတွင် ရွှံ့နွံများအတွင်း၌ ရွှံ့လူးနေကြသည်ကိုလည်း တွေ့ရှိခဲ့သည်။ သာမန်ရေမြင်း၏ ခန္ဓာကိုယ်အရောင်အဆင်းမှာ ပန်းရောင်သန်းသော နီညိုရောင်ဖြစ်သည်။

ပန်းရောင်ရေမြင်းမှာ Leucism ဟုခေါ်သော အခြေအနေကြောင့် တစ်ကိုယ်လုံး ပန်းရောင်ဖြစ်နေခြင်းဖြစ်သည်။ အဆိုပါ Leucism အခြေအနေမှာ ပုံမှန်နီညိုရောင်ဖြစ်အောင် ပြုလုပ်ပေးသော ရောင်ခြယ်ဆဲလ်များ သင့်လျော်မှန်ကန်စွာ မဖွံ့ဖြိုးသောကြောင့် ပန်းရောင်အရောင်အဆင်း ဖြစ်လာခြင်းဖြစ်သည်။ ဤသို့ သာမန်အရောင်အဆင်းမရှိဘဲ တစ်မူထူးခြားသော အရောင်အဆင်းဖြစ်နေခြင်းကြောင့် အားနည်းချက်ဖြစ်လာခဲ့သည်။

သာမန် အရောင်အဆင်းမဟုတ်ဘဲ တစ်မူထူးခြားစွာ ပန်းရောင်ဖြစ်နေသဖြင့် သာမန်ရေမြင်းအုပ်စုထဲတွင် ထင်ရှားပေါ်လွင်နေသောကြောင့် မျိုးခြားစား သားရဲတိရစ္ဆာန်များက အလွယ်တကူ တွေ့မြင်နိုင်သည်။ သို့ရာတွင် မိကျောင်းနှင့် ခြင်္သေ့မှလွဲ၍ အားကောင်းမောင်းသန် ရေမြင်းကြီးနှင့် နပန်းလုံးတိုက်ခိုက်သည့် သားရဲတိရစ္ဆာန် များများစားစား မရှိချေ။ ပန်းရောင်ရေမြင်း၏ အဓိက ဘေးအန္တရာယ်မှာ မျိုးခြားစားကောင် သားရဲတိရစ္ဆာန်များထက် ပူပြင်းသော နေရောင်ခြည်ဒဏ်ပင်ဖြစ်သည်။



နားရွက်ရှည်ဂျာဘိုအာ

နားရွက်ရှည်ဂျာဘိုအာ (Long-Eared Jerboa) ၏ နားရွက်သည် အလွန်ရှည်လျားပြီး ၎င်း၏ အရှည်မှာ ခန္ဓာကိုယ်အရှည်၏ သုံးပုံနှစ်ပုံခန့်ရှိသည်။ အဆိုပါ ဂျာဘိုအာ၏ နောက်ခြေထောက်မှာလည်း အလွန်ရှည်လျားသဖြင့် သားပိုက်ကောင်ကဲ့သို့ ခုန်ပေါက်သွားလာနိုင်စွမ်းရှိသည်။ နားရွက်ရှည် ဂျာဘိုအာတို့၏ နေရင်းဒေသမှာ ဂိုဘီသဲကန္တာရနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

နားရွက်ရှည်ဂျာဘိုအာ၏ ရှည်လျားသော နားရွက်မှာ အရိပ်ရသော ထီးသဖွယ်ဖြစ်နေသောကြောင့် အလွန်ပူအိုက်သော နွေရာသီကာလတွင် ခန္ဓာကိုယ်အေးမြအောင် အထောက်အကူပြုသည်။ ဂျာဘိုအာများ၏ အဓိကအစားအစာမှာ အင်းဆက်ပိုးကောင်ကလေးများဖြစ်သည်။ ၎င်းသည် အင်းဆက်ပိုးကောင် အကောင်ရေထိန်းချုပ်ပေးသော သတ္တဝါဖြစ်သဖြင့် လူသားအကျိုးပြု ကိုက်ဖြတ်စားသတ္တဝါတစ်မျိုးဖြစ်သည်။

နေဝက်ဝံ

နေဝက်ဝံ (Sun Bear) ၏ အမည်မှာ နေပူဆာလှုံသောကြောင့် နေဝက်ဝံ အမည်ရရှိခြင်း မဟုတ်ဘဲ ၎င်း၏ရင်ဘတ်ပေါ်ရှိ တောက်ပသော အဝါရောင် သို့မဟုတ် တစ်ခါတစ်ရံတွင် အဖြူရောင် အကွက်ပါရှိသောကြောင့်ဖြစ်သည်။ နေဝက်ဝံ၏ ခန္ဓာကိုယ်အရွယ်အစားမှာ အလွန်ကြီးမားသော ဝက်ဝံမဟုတ်ဘဲ ဝက်ဝံမျိုးစိတ်များအနက် ကမ္ဘာ့အသေးငယ်ဆုံး ဝက်ဝံမျိုးစိတ်တစ်မျိုးဖြစ်သည်။ ၎င်း၏ ခန္ဓာကိုယ်အရွယ်အစား မကြီးမားသော်လည်း ၎င်း၏လျှာမှာ ကိုးလက်မကျော် ရှည်လျားသည်။ ၎င်း၏ ခန္ဓာကိုယ်ပေါ်ရှိ အမွေးအမှင်မှာလည်း တိုတောင်းသည်။

ရှားပါးသော နေဝက်ဝံသည် အခြားဝက်ဝံမျိုးစိတ် အတော်များများနှင့် စရိုက်လက္ခဏာများ မတူဘဲ တစ်မူထူးခြားသော စရိုက်လက္ခဏာရှိသည်။ နေဝက်ဝံသည် များသောအားဖြင့် သစ်ပင်ကြီးများပေါ်တွင် တစ်ချိန်လုံး တက်နေလေ့ရှိပြီး သစ်သီးဝလံများ၊ သေးငယ်သော သတ္တဝါကလေးများနှင့် အင်းဆက်ပိုးကောင်ကလေးများကို စားသောက်သည်။

နေဝက်ဝံ၏ နေရင်းဒေသမှာ အရှေ့တောင်အာရှရှိ အပူပိုင်းသစ်တောကြီးများဖြစ်သည်။ ယနေ့မျက်မှောက်ကာလတွင် အမဲလိုက်သတ်ဖြတ်ခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့ကြောင့် နေဝက်ဝံများ၏ ဘဝရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။

ဦးချိုတစ်ချောင်းရှိ သမင်

ဒဏ္ဍာရီ ပုံပြင်များထဲမှ ဦးခေါင်းထက်တွင် ဦးချိုတစ်ချောင်းတည်းသာရှိသော မြူးသတ္တဝါ (Unicorn) ကဲ့သို့ ဦးချိုတစ်ချောင်းတည်းသာပါရှိသော ဦးချိုတစ်ချောင်းရှိ သမင် (One Horned Roe Dear) ကို အီတလီနိုင်ငံ ဖလော်ရင့်စ်မြို့ရှိ ကြိုးဝိုင်းသစ်တောကြီးအတွင်း၌ ရှာဖွေတွေ့ရှိခဲ့ရသည်။ အဆိုပါ ရိုးသမင်၏ ဦးခေါင်းအလယ်တည့်တည့်တွင် ဦးချိုတစ်ချောင်းတည်း သဘာဝအလျောက် ထွက်ပေါ်နေသည်။

နန္ဒမင်းနိုင်

၁-၆-၂၀၁၆ မှ ၃၀-၆-၂၀၁၆ အထိ

ဒေါက်တာလင်းမြတ်သူ

ရက်ကြာဝဠာအတွင်း ဂြိုဟ်တို့၏ လွှမ်းမိုးမှုဖြစ်စဉ်

ဤကလ္လာရှိ ရာသီဖွားနေ့ရက်များသည် အနောက်တိုင်းသုံး "**သာယနစနစ်**" မဟုတ်ဘဲ အရှေ့တိုင်း "နိရာယန" စနစ်ဖြင့် အသုံးပြု၍ ခွဲခြားထားခြင်းဖြစ်ပြီး တွက်ချက်ရာတွင်လည်း အရှေ့တိုင်းသုံး "နိရာယန" စနစ်ဖြင့်သာ **စနစ်တကျတွက်ချက်ဖော်ပြထားခြင်းသာဖြစ်**သည်။ စနစ်တစ်ခုနှင့်တစ်ခု မတူသောကြောင့် ရာသီခွင်ရက်သတ်မှတ်ချက်မှာလည်း အနည်းငယ် ကွဲပြားရခြင်းဖြစ်ပါသည်။

စာတည်းအဖွဲ့

Aries

မိဿ

ဧပြီလ (၁၃) ရက်မှ မေလ (၁၃) ရက်အတွင်း မွေးဖွားသူများ

စာချုပ်စာတမ်းများနှင့် လုပ်ကိုင်ထားသော ကိစ္စများတွင် အကျိုးပေးခံစားခွင့်များ ရရှိခံစားရပါလိမ့်မည်။ လုပ်ငန်းကိစ္စများ အဆင်ပြေနိုင်သည့် အဆက်အသွယ်ကောင်းများနှင့် ပူးပေါင်းလက်တွဲရပါလိမ့်မည်။ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများမှ အကျိုးအမြတ်များစွာ ရရှိခံစားရပါလိမ့်မည်။ မိမိပတ်ဝန်းကျင်နှင့် အဆင်ပြေစွာ နေထိုင်နိုင်ရန်သတိထားပါ။ ဝန်ထမ်းများမူလနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်း**ဆောင်ရ**ပါလိမ့်မည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက်အပြုံ လိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ မွေးနေ့တွင် ကလေးများအား ဘယာကြော် ဒါနပြုပေးပါ။

Taurus

ပြိဿ

မေလ (၁၄) ရက်မှ ဇွန်လ (၁၄) ရက်အတွင်း မွေးဖွားသူများ

အတိုက်အခံ ရန်သူများပေါ်များသည့်တိုင် မိမိအနေဖြင့် အောင်မြင်မှုရရှိပါ လိမ့်မည်။ အတိုက်အခံရှိမှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပြီး၊ အတိုက်အခံ မရှိလျှင် အောင်မြင်မှုတွင် နှေးကွေးကြန့်ကြာမှုရှိနေပါလိမ့်မည်။ ပေးဆပ်ရန်ရှိသော အကြွေးကိစ္စများနှင့် ရယူရန်ရှိသော အကြွေးကိစ္စများ အဆင်ပြေရပါလိမ့်မည်။ ကျန်းမာရေး မကြာခဏဖောက်ပြန်မှုရှိစေတတ်ပါသည်။ အိမ်ထောင်ဖက် သို့မဟုတ် စပ်တူစီးပွား လုပ်ကိုင်သူကြောင့် ဝင်ငွေများရရှိပါလိမ့်မည်။ ဤလ၏ ၄၊ ၅၊ ၆၊ ၇၊ ၁၀၊ ၁၁၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ မွေးနေ့တွင် အိမ်က ဘုရားတွင် ဖရဲသီး စိတ်ကပ်လှူပေးပါ။

Gemini

မေထုန်

ဇွန်လ (၁၅) ရက်မှ ဇူလိုင်လ (၁၅) ရက်အတွင်း မွေးဖွားသူများ

စည်းကမ်းကောင်းမွန်ခြင်း၊ အနေအထိုင်ကောင်းမွန်ခြင်းကြောင့် အများ၏လေးစားချစ်ခင်မှုရရှိပါလိမ့်မည်။ ဘာသာရေးဆိုင်ရာ ကျင့်စဉ်လုပ်ငန်းများဆောင်ရွက်မှုပြုရပါလိမ့်မည်။ အလှူဒါနများစွာ ပေးကမ်းစွန့်ကြဲမှုပြုရပါလိမ့်မည်။ မိမိ၏ ကြိုးတင်ပြင်ဆင်တတ်မှုကြောင့် အရာရာတွင် အခက်အခဲမရှိ အောင်မြင်မှု ရရှိနိုင်ပါသည်။ ဆရာသမားမိတ်ဆွေများ၏ လိုအပ်ချက်များအတွက် ဖြည့်စွက်ပေးရပါလိမ့်မည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၂၊ ၁၃၊ ၁၄၊ ၂၀၊ ၂၁၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက် အပြုံလိုက်ဖြင့် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ အိမ်က ဘုရားတွင် ပဲကီတ် ကပ်လှူပေးပါ။



Cancer
ကရကဋ်

ဇူလိုင်လ (၁၆) ရက်မှ ဩဂုတ်လ (၁၆) ရက်အတွင်း မွေးဖွားသူများ

ငွေကြေးကိစ္စနှင့် ပတ်သက်၍ ပြဿနာအခက်အခဲ ကြုံတွေ့ရပါလိမ့်မည်။ အပြိုင်အဆိုင် စကားပြောဆိုမှု၌ မိမိ၏ အရည်အချင်းထက်မြက်နေပါလိမ့်မည်။ ငွေကြေးကိစ္စဖြင့် အများ၏ အထင်ကြီးခြင်းခံရဦးမည်။ စီးပွားရေးကိစ္စများအတွက် အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ရသော လုပ်ငန်းများတွင် အောင်မြင်မှုအပြည့်အဝရပါလိမ့်မည်။ အိမ်ထောင်ဖက်၏ ထိန်းသိမ်းမှုများကြောင့် မိသားစု နေထိုင်ရေး ကိစ္စစိတ်ချမ်းသာရပါလိမ့်မည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀၊ ရက်များတွင် ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ စမူဆာ ငါးခုအား ဆွမ်းကပ်လှူပေးပါ။

Leo
သိဟ်

ဩဂုတ်လ (၁၇) ရက်မှ စက်တင်ဘာလ (၁၆) ရက်အတွင်း မွေးဖွားသူများ

မိမိအပေါ်တွင် အနိုင်ကျင့် ဒုက္ခပေးမည့်သူများနှင့် အမြဲဆုံနေရပါလိမ့်မည်။ မည်သည့် ကိစ္စတွင်မဆို တနင်္လာ၊ ကြာသပတေး၊ သောကြာ သားသမီးများနှင့် မှုးတွဲ၍ လုပ်ကိုင်ဆောင်ရွက်ပါ။ အချစ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စများနှင့် ပတ်သက်၍ အလုပ်စလို ဆုံးဖြတ်ချက်မြန်ဆန်ခြင်းမျိုးပြုမိနေတတ်သည်။ မိမိက တစ်ပါးသူအား ငွေပေးဆပ်ရန်ရှိခဲ့ပါလျှင် ငွေရှင်များ၏ ဖိနှိပ်မှုခံရတတ်ပါသည်။ စိတ်၏ဖွန်းကျပ်မှုများ၊ ဖိအားပေးခံရမှုများ ဖြစ်ပေါ်ခံစားရပါလိမ့်မည်။ ဤလ၏ ၄၊ ၅၊ ၆၊ ၇၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၁၅၊ ၂၆ ရက်များတွင် ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ငှက်ပျောသီးမှည့် နှစ်လုံးဖြင့် ဆွမ်းကပ်လှူပေးပါ။

Virgo
ကန်

စက်တင်ဘာလ (၁၇) ရက်မှ အောက်တိုဘာလ (၁၆) ရက်အတွင်း မွေးဖွားသူများ

အပေါင်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ငွေချေးလုပ်ငန်းများ လုပ်ကိုင်နိုင်သော အခွင့်အရေးကောင်းများနှင့် ကြုံရပါလိမ့်မည်။ အလုပ်လျှောက်ထားသူများ ငြင်းပယ်ခံရစေတတ်ပါသည်။ ပရဟိတ၊ လူမှုရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် တာဝန်ပေးအပ်ခြင်းခံရတတ်ပါသည်။ ဥပဒေနှင့် မကင်းသော လုပ်ငန်းများ၊ အကုသိုလ်နှင့် မကင်းသော လုပ်ငန်းများနှင့် အကျိုးပေးတတ်ပါသည်။ ဘေးအန္တရာယ်မကင်းဖြစ်စေတတ်ပါသည်။ ဤလ၏ ၆၊ ၇၊ ၈၊ ၉၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၂၀၊ ၂၁၊ ၂၇၊ ၂၈၊ ရက်များတွင်ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ အိမ်က ဘုရားတွင် တိမ်းမုန့်တစ်ချပ် ကပ်လှူပေးပါ။

Libra
တူ

အောက်တိုဘာလ (၁၇) ရက်မှ နိုဝင်ဘာလ (၁၅) ရက်အတွင်း မွေးဖွားသူများ

ဤလအတွင်း အပေါင်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ငွေချေးလုပ်ငန်းများအတွက် အထူးကောင်းမွန်စေသော ကာလတစ်ခုဖြစ်ပါသည်။ အမွေအနှစ်များလည်း ရရှိခံစားရပါလိမ့်မည်။ အများနှင့်ပြောဆိုဆက်ဆံရာတွင် နှုတ်ထွက်စကားများ ကြမ်းတမ်းမှု ဖြစ်ပေါ်နေတတ်မည်။ အပြောအဆို ဆင်ခြင်နိုင်ပါမှ အဆင်ပြေပါလိမ့်မည်။ ဇိမ်ခံပစ္စည်းများ ဝင်လာပါလိမ့်မည်။ ဥစ္စာစည်းစိမ်ခံစားခွင့်များရှိနေပါလိမ့်မည်။ ထီကံကောင်းပါသည်။ ၄၊ ၇၊ ၅၊ ၈၊ ၀ ဂဏန်းများပါအောင်ထိုးပေး ပါ။ ဤလ၏ ၁၊ ၂၊ ၃၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀၊ ရက်များတွင် ငွေအစုလိုက် အပြုံလိုက်ဝင်လာပါလိမ့်မည်။

ယတြာ။ ။ အိမ်ကဘုရားတွင် ထန်းလျက် ကိုးလုံး ကပ်လှူပေးပါ။

Scorpio
ဗြိစ္ဆာ

နိုဝင်ဘာလ (၁၆) ရက်မှ ဒီဇင်ဘာလ (၁၄) ရက်အတွင်း မွေးဖွားသူများ

မိမိအတွက် ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များ ရရှိခံစားရစေသော ကာလဖြစ်ပါသည်၊ ညီအစ်ကို မောင်နှမများမှ လိုအပ်ချက်များအတွက် ပံ့ပိုးကူညီမှု ပြုကြပါလိမ့်မည်။ ခရီးတို့သွားလာခြင်းများ ပြုရပါလိမ့်မည်။ ကုန်သည်ပွဲစားများအတွက် ငွေဝင် ကံကောင်းစေသော ကာလဖြစ်ပါသည်။ စိတ်ဆုံးဖြတ်ချက် မြန်ဆန်မှုကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခံစားရတတ်ပါသည်၊ မိမိ၏လိုအပ်ချက်များအတွက် အိမ်ထောင်ဖက်၏ပံ့ပိုးကူညီမှုများစွာ လိုအပ်နေရပါလိမ့်မည်၊ ဤလ၏ ၄၊ ၅၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၉၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်၊

ယတြာ။ ။ အိမ်က ဘုရားတွင် ဒူးရင်းသီး ကပ်လှူပေးပါ။

Sagittarius
ဓနု

ဒီဇင်ဘာလ (၁၅) ရက်မှ ဇန်နဝါရီလ (၁၃) ရက်အတွင်း မွေးဖွားသူများ

မိမိလုပ်ကိုင်ဆောင်ရွက်တာဝန်ယူရသော ကိစ္စများတွင် အရည်အချင်းပြည့်ဝစွာဖြင့်ဆောင်ရွက်မှုပြုရပါလိမ့်မည်။ လုပ်ငန်းကြီးများတွင် ဦးဆောင်ညွှန်ကြားနိုင်စွမ်း လည်းရှိနေရပါလိမ့်မည်။ မိမိ၏ စိတ်ကူးကောင်းများအတွက် အကောင်အထည်ဖော်ရန်အကောင်းဆုံး အချိန်လည်း ဖြစ်ပါသည်။ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံဆည်းခွင့်ရရှိပြီး စီးပွားရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ဖြစ်မည်။ မလွဲမရှောင်သာသော ခရီးထွက်ရခြင်းများဖြစ်ပေါ်မည်။ ဤလ၏ ၆၊ ၇၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက် အပြုံလိုက်ဝင်လာပါလိမ့်မည်။

ယတြာ။ ။ အိမ်က ဘုရားတွင် ကြာဆံကြော်ဖြင့် ဆွမ်းကပ်လှူပေးပါ။

Capricorn
မကာရ

ဇန်နဝါရီလ (၁၄) ရက်မှ ဖေဖော်ဝါရီလ (၁၂) ရက်အတွင်း မွေးဖွားသူများ

ဝင်ငွေကောင်းများ အလွယ်တကူရရှိခံစားရပါလိမ့်မည်။ မိမိရောက်ရှိသော နေရာတိုင်းတွင် ငွေနှင့် နီးစပ်သော နေရာများ ဖြစ်နေရပါလိမ့်မည်။ နိုင်ငံခြားသွားရန် အဆင်ပြေနိုင် ပါသည်။ သူတစ်ပါးကိစ္စများတွင် စေတနာ အလျှောက် ကူညီပေးမိခြင်းအတွက် အမှုအခင်းအချုပ်အနှောင်ကိစ္စများနှင့် မကင်းနိုင်အောင်ဖြစ်စေတတ်သည်။ မတော်တဆထိခိုက်မှုကြုံရတတ်ခြင်း၊ ခွဲစိတ်ကုသမှုခံရတတ်ခြင်းမျိုး ကြုံရစေတတ်ပါသည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ ကလေးများအား ငါးမုန့်ကြော်များ ဝေငှ၍ ကုသိုလ်ပြုပါ။

Aquarius
ကုံ

ဖေဖော်ဝါရီလ (၁၃) ရက်မှ မတ်လ (၁၃) ရက်အတွင်း မွေးဖွားသူများ

မည်သည့်ကိစ္စတွင်မဆို မဆင်မခြင် အလျင်စလိုခန့်မှန်းတွက်ချက်မှုများပြု ဖြစ်လိမ့်မည်။ လောင်းကစားကိစ္စများတွင် ပါဝင်ပတ်သက်မှုကင်းနိုင်လေ ကံကောင်းလေဟု ဆိုနိုင်ပါသည်။ အစာအာဟာရ မည်မျှပင်စားစေကာမူ အားမရ မတင်းတိမ်နိုင်ပါဘဲ ရှိနေပါလိမ့်မည်။ အိမ်ထောင်ဖက်သည် အကြင်နာတရားနည်းပါးစွာဖြင့် လှည့်ပတ်သွားလာနေသူမျိုးဖြစ်နေပါလိမ့်မည်၊ မိမိထံမှ ရယူလိုခြင်းသာရှိ၍ ပေးဆပ်မှုအတွက် ဥပက္ခာပြုလိုသူအဖြစ် ကြုံတွေ့နေရပါလိမ့်မည်။ ဤလ၏ ၄၊ ၅၊ ၁၀၊ ၁၁၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ မွေးနေ့တွင် ဒန့်ထမင်းဆွမ်းကပ်လှူပေးပါ။

မတ်လ (၁၄) ရက်မှ ဧပြီလ (၁၂) ရက်အတွင်း မွေးဖွားသူများ

မိမိက ငွေပေးဆပ်ရန်ကိစ္စများအတွက် အဆင်ပြေစွာ ပေးဆပ်နိုင်ပါလိမ့်မည်။ မိမိက ရရန်ရှိသော ငွေကြေးကိစ္စများအတွက်လည်း အကြွေအလည် ပြန်လည်ရရှိပါလိမ့်မည်။ ရန်သူ ရန်ဘက်များပေါ်များတတ်သည်။ အတိုက်အခံဟူသမျှအပေါ်တွင် အောင်မြင်မှုများ ဖြစ်စေရပါလိမ့်မည်။ ကျန်းမာရေး ဂရုစိုက်သင့်ပါသည်။ နာတာရှည်ရောဂါဝေဒနာများဖြစ်ပေါ်ခံစားရတတ်ပါသည်။ အလုပ်လျှောက်ထားသူများဖြစ်ပါက အဆင်ပြေစွာ ရရှိပါလိမ့်မည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၁၂၊ ၁၃၊ ၁၄၊ ၂၀၊ ၂၁၊ ၂၃၊ ၂၈ ၂၉၊ ၂၀ ၂၄၊ ၂၅၊ ၂၇၊ ၃၀၊ ၃၁ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

ယတြာ။ ။ မွေးနေ့တွင် ထမနဲ ဆွမ်းကပ်လှူပေးပါ။

သုတစွယ်စုံစာဖတ်ပရိသတ်များအတွက် မေတ္တာလက်ဆောင် (၂၀၁၅ ဇူလိုင်လ တစ်လအတွင်း သုံးရန်)

သင်္ကေတ	နေ့ / ရက်	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး		အသုံးပြုခြင်း
●	ရောင်းရမည့်ရက်	၁		၃			၆		၈		၁၀			၁၃		၁၅			ရောင်းရန်
				၁၇		၁၉			၂၂		၂၄			၂၇		၂၉			
☼	ဝယ်ရမည့်ရက်		၂		၄	၅		၇		၉		၁၁	၁၂		၁၄		၁၆		ဝယ်ရန်
					၁၈		၂၀	၂၁		၂၃		၂၅	၂၆		၂၈		၃၀		

● **အမြန်ဆုံးရောင်းထွက်စေလိုသောပစ္စည်းများအား** ဖော်ပြပါသင်္ကေတအကွက်ရှိရက်နှင့် ၎င်း၏အပေါ်တည့်တည့်မှ ဖော်ပြထားသော နေ့အတိုင်းအလွယ်တကူ ကြည့်ရှု၍ဖော်ပြပါ နေ့ရက်များတွင် အစပြုရောင်းချခြင်းဖြင့် အမြန်ဆုံးရောင်းထွက်စေမည်ဖြစ်ပါသည်။

☼ **အကျိုးအမြတ်ရရှိစေလိုသော ပစ္စည်းများနှင့် သိုလှောင်ထိန်းသိမ်းထားလိုသော ပစ္စည်းများအား** ဖော်ပြပါ သင်္ကေတအကွက်ရှိရက်နှင့် ၎င်း၏ အပေါ်တည့်တည့်မှဖော်ပြထားသော နေ့အတိုင်းအလွယ်တကူ ကြည့်ရှု၍ ဖော်ပြပါနေ့ရက်များတွင် ဝယ်ယူ၍ အကျိုးရှိစွာ သိုလှောင်ရာ၏။

အချုပ်အားဖြင့်

ဖော်ပြပါရက်နှင့်နေ့များတွင် အစပြု၍ ရောင်းချပါ - အကျိုးရှိပါလိမ့်မည်။

ဖော်ပြပါရက်နှင့်နေ့များတွင် အစပြု၍ ဝယ်ယူပါ - အကျိုးရှိပါလိမ့်မည်။



၂၀၁၆ ခုနှစ် (ဇွန် လ) အတွက် မင်္ဂလာအခါ ရက်ကောင်း၊ ရက်မြတ်များ

သုတစွယ်စုံစာဖတ်ပရိသတ်များနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အများ ပြည်သူများအတွက် အကျိုးထူးများရရှိစေမည့် အကောင်းဆုံးသော မင်္ဂလာအခါရက်များ အား စနစ်တကျ စိစစ်တွက်ချက်၍ လွယ်ကူစွာ အသုံးချဆောင်ရွက်နိုင်ရန်ဖော်ပြထားပါသည်။

ပန္နင်းခံ ရှင်ပြုရန်ကောင်းသော ရက်များ	-	၂၊ ၄၊ ၅၊ ၉၊ ၁၀၊ ၁၄၊ ၁၆၊ ၂၁၊ ၂၄၊ ၂၅၊ ၂၈။
အိမ်သစ်တက်ရန်	-	၂၊ ၅၊ ၇၊ ၁၇၊ ၁၈၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉၊ ၃၀။
အမည်ပေးဆိုင်းဘုတ်တင်ရန်	-	၇၊ ၈၊ ၁၀၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၅၊ ၃၀။
လက်ထပ်ထိမ်းမြားမင်္ဂလာအခါရက်များ	-	၄၊ ၅၊ ၁၅၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၂၉။
ခရီးသွားရန်ကောင်းသောရက်များ	-	၄၊ ၈၊ ၉၊ ၁၀၊ ၁၅၊ ၁၆၊ ၁၈၊ ၂၃၊ ၂၄၊ ၂၅၊ ၂၈၊ ၃၀။
လယ်ထွန်ရန်	-	၂၊ ၄၊ ၇၊ ၈၊ ၁၀၊ ၁၅၊ ၁၆၊ ၁၈၊ ၂၂၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
အရောင်းအဝယ်ပြုရန်	-	၂၊ ၄၊ ၇၊ ၉၊ ၁၄၊ ၁၆၊ ၂၁၊ ၂၃၊ ၂၈၊ ၃၀။
သီးနှံမျိုးစေ့ကြဲရန်	-	၈၊ ၉၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၃၊ ၂၄၊ ၂၇။
ရေတွင်းရေကန်တူးရန်	-	၂၊ ၄၊ ၅၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၅၊ ၂၀။

ဓနသိဒ္ဓနက္ခတ်နှင့် စန်းယှဉ်သော နေ့၊ ရက်၊ အချိန်များ

ဓနသိဒ္ဓနက္ခတ်နှင့် စန်းယှဉ်ချိန်တွင် မဟာ ဝေဒဗွမန္တာန်၊ စူဠဝေဒဗွမန္တာန်၊ သဗ္ဗဇေယျဂါထာ တော်၊ ရှင်သီဝလိဂါထာတော်များရွတ်ဖတ်ခြင်း၊ လာဘ်ပွင့်အစီအရင်များစီရင်ခြင်းတို့နှင့် ထီထိုးခြင်းတို့ကိုပြုလုပ်နိုင်ကြပါသည်။

(၂၄-၆-၂၀၁၆) သောကြာနေ့ နံနက် ၈ နာရီ ၅၂ မိနစ် ၁၁ စက္ကန့်အချိန်

လပြည့်၊ လကွယ်ချိန်

လပြည့်လကွယ်အချိန်များတွင် လိုအပ်သောအစီအရင်များပြုလုပ်လိုသူများအတွက် တိကျမှုရှိစေရန်တွက်ချက်၍ဖော်ပြထားပါသည်။

စစ်မှန်သောလပြည့်ချိန် - **(၂၀-၆-၂၀၁၆) တနင်္လာနေ့၊ ညနေ ၅ နာရီ ၂၉ မိနစ် ၃၇ စက္ကန့်အချိန်**

စစ်မှန်သော လကွယ်ချိန် - **(၅-၆-၂၀၁၅) တနင်္ဂနွေနေ့၊ နံနက် ၉ နာရီ ၃၂ မိနစ် ၉ စက္ကန့်အချိန်**

ဝင်၊ ထွက်၊ ခပတ် နက္ခက်များ

ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိ စသည့် လောကီကောင်းကျိုး အစီအရင်များ စီရင်မှုပြုနိုင်ရန် ဝင်၊ ထွက်၊ ခပတ် နက္ခတ်တို့အား အစင်အကြယ် ဖော်ပြထားပါသည်။

အဝင်နက္ခတ်နေ့များ - ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀၊

အထွက်နက္ခက်နေ့များ - ၁၊ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉၊

ခပတ်နက္ခတ်နေ့များ - ၄၊ ၁၁၊ ၂၀၊ ၂၅၊

လစဉ်ဂြိုဟ်ပြောင်း/ဂြိုဟ်ပြန် စံတော်ချိန်များ

တနင်္ဂနွေဂြိုဟ် = (၁၅-၆-၂၀၁၆) ဗုဒ္ဓဟူးနေ့အကူး နံနက် ၀ နာရီ ၇ မိနစ် ၃၂ စက္ကန့်တွင် မေထုန် ရာသီသို့ ပြောင်းသည်။

အင်္ဂါဂြိုဟ် = (၁၈-၆-၂၀၁၆) စနေနေ့ နံနက် ၂ နာရီ ၁ မိနစ် ၃၉ စက္ကန့်တွင် တူ ရာသီသို့ ပြန်ဝင်သည်။
(၃၀-၆-၂၀၁၆) ကြာသပတေးနေ့မှစ၍ တူရာသီ၌ သမ ပြန်သွားသည်။

ဗုဒ္ဓဟူးဂြိုဟ် = (၈-၆-၂၀၁၆) ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၃၃ မိနစ် ၅၉ စက္ကန့်တွင် ပြိဿ ရာသီသို့ ပြောင်းသည်။
(၂၇-၆-၂၀၁၆) တနင်္လာနေ့ နံနက် ၈ နာရီ ၅၈ မိနစ်၊ ၂၆ စက္ကန့်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

ကြာသပတေးဂြိုဟ် = သိဟ် ရာသီ တွင်ရှိမည်။

သောကြာဂြိုဟ် = (၁၃-၆-၂၀၁၆) တနင်္လာနေ့ နံနက် ၆ နာရီ ၂၆ မိနစ်၊ ၂၇ စက္ကန့်တွင် မေထုန် ရာသီသို့ပြောင်းသည်။

စနေဂြိုဟ် = ဗြိစ္ဆာရာသီတွင် ဝကြွသွားသည်။

ရာဟုဂြိုဟ် = သိဟ်ရာသီတွင် ရှိမည်။



နယုန် လပြည့်နေ့ (၂၀-၆-၂၀၁၆)



(၁-၆-၂၀၁၆) မှ (၃၀-၆-၂၀၁၆) အတွင်း စန်းပြောင်းရက်စွဲများ

"အနန္တမေတ္တာ ငြိမ်းချမ်းစွာဖြင့် အေးမြကြည်ဖြူ ဆရာလင်းမြတ်သူ"
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့) ဖုန်း - ၅၆၆၉၃၈

မြန်မာတိုင်းရင်းဆေးဘက်ဝင် ဝမ်မှန်သောပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် ဆေးစွမ်းအထူးထက်မြက်လှပါသည်။

သမိုင်းဝင်
လုပ်ကြံမှုများ

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင်ပုဂ္ဂိုလ်ရေး မုန်းတီးမှု၊နိုင်ငံရေးအယူအဆကွဲပြားမှု၊အာဏာရယူလိုမှု၊နာမည်ကြီးလိုမှုအစရှိသည့် ရည်ရွယ်ချက်အမျိုးမျိုးကြောင့် နိုင်ငံခေါင်းဆောင်များနှင့် ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များသည် လူသတ်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။ လုပ်ကြံမှုအထမြောက်ကာသေဆုံးမှုများရှိသကဲ့သို့ အသက်မသေလွတ်မြောက်မှုများလည်းရှိခဲ့သည်။

အမေရိကန် ပြည်ထောင်စုတွင် ဆယ်ပြည့်နှစ်များတွင်ရွေးချယ်တင်မြှောက်ခံခဲ့ရသောသမ္မတများသည် မိမိတို့ သက်တမ်းအတွင်း လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ကြရသည်။ သို့သော် ၁၉၈၀ ပြည့်နှစ်တွင် ရွေးကောက်ခံရသော သမ္မတ ရော်နယ်ရေဂင်သည် လုပ်ကြံခံခဲ့ရသော်လည်း အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ ထိုသို့ လုပ်ကြံသတ်ဖြတ်မှုများအနက် ကမ္ဘာကို တုန်လှုပ်စေခဲ့သည့် လုပ်ကြံမှုများကို လူအများက ယနေ့တိုင်မှတ်မိနေကြသည်။

ဂျွန်အက်ဖ်ကနေဒီ (John F. Kennedy)
(29 May 1917 - 22 Nov 1963)

Daily Mirror
KENNEDY ASSASSINATED
Jackie holds dying husband

အမေရိကန် ပြည်ထောင်စု၏ ၃၅ ဦး မြောက်သမ္မတဖြစ်သူ ဂျွန်အက်ဖ်ကနေဒီ သည် တက္ကဆက်ပြည်နယ်ဒါလက်စ်တွင် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ် ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့တွင် လီးဟာဗေးအော့စ်ဝေးလ် ဆိုသူ၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကွယ်လွန်ခဲ့သည်။ သမ္မတ ကနေဒီသည် သမ္မတကတော် ဂျက်ကလင်း၊ တက္ကဆက် ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျွန်ကော်နယ် လေးဇနီးမောင်နှံတို့နှင့်အတူ ခရီးသွားနေစဉ် သမ္မတစီးနင်းလိုက်ပါလာသော မော်တော် ယာဉ်ကို နှုတ်ဆက်ရန် ကြီးမားသော လူအုပ် ကြီးက စောင့်ဆိုင်းနေစဉ် လူအုပ်အတွင်းမှ သေနတ်သမားက ကနေဒီကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးခေါင်းနှင့်လည်ပင်းကို ကျည် ဆန် ထိမှန်ခဲ့သည်။

သေနတ်သမား အော့စ်ဝေးလ်ကို တစ်နာရီအကြာတွင် ဖမ်းဆီးမိခဲ့သော်လည်း နှစ်ရက်အကြာတွင် နိုက်ကလပ်ပိုင်ရှင် ဂျက် ရူဘီက အော့စ်ဝေးလ်ကို သတ်ဖြတ်ခဲ့သည်။ ဖြစ်ရပ်နှစ်ခုလုံးတွင် ပြစ်မှုကျူးလွန်သူများ သည် မိမိတို့တစ်ဦးတည်းသာ လူသတ်မှု များ ကို ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်းဆိုကြ သည်။ ကနေဒီလုပ်ကြံခံရမှုကို နှစ်ပေါင်း ၅၂ နှစ် ကြာသည့်တိုင်ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။ နောက် ပိုင်းတွင် သမ္မတကနေဒီကို ပစ်ခတ်ခဲ့သည့် ဓာတ်ပုံများကို သမ္မကြီးအား အမှတ်ရစိမ့် သောငှာ ပြည်သူလူထုအား ထုတ်ဖော်ပြသခဲ့ သည်။

ဂျွန်လီနွန်(John Lennon)
(9 Oct 1940-8 Dec 1980)

ကမ္ဘာကျော် ဘီတယ် အဆိုတော် ဂျွန်လီနွန်သည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် မိမိနေထိုင်သည့် တိုက်ခန်းရှေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရကာ ကွယ်လွန်ခဲ့သည်။ ဂျွန်လီနွန်ကို လုပ်ကြံသူ မာ့ခ်ဒေးဗစ်ချက်မင်းသည် ဂျွန်လီနွန်ပြန် အလာကို တိုက်ခန်းရှေ့မှ စောင့်ဆိုင်းနေခဲ့ပြီး ထိုနေ့ည ၁၀ နာရီ မိနစ် ၅၀ တွင် ဂျွန်လီနွန် အားသေနတ်ဖြင့် ငါးချက်ပစ်ခတ်ခဲ့သဖြင့် ကျောပြင်သို့ လေးချက် ထိမှန်သေဆုံးခဲ့သည်။ ဂျွန်လီနွန်သည် မိမိအသတ်ခံရသည့်နေ့ အစောပိုင်းက မာ့ခ်ဒေးဗစ်ချက်မင်း၏ အမှတ်တရ အော်တိုစာအုပ်၌ မိမိအသတ်ခံရသည့်နေရာမှာပင် လက်မှတ်ရေးထိုးပေးခဲ့သည်။

ဂျွန်လီနွန်သည် ဆေးရုံမရောက်မီ ကွယ်လွန်ခဲ့ကာ ဆရာဝန်များ က ဂျွန်လီနွန်ရရှိထားသည့် သေနတ်ဒဏ်ရာများသည် မည်သို့မျှ အသက်ရှင်သန်နိုင်တော့မည် မဟုတ်ကြောင်းပြောကြားခဲ့သည်။ မာ့ခ်ဒေးဗစ်ချက်မင်းသည် မျက်မြင်သက်သေမရှိသော်လည်း ဂျွန်လီနွန် ကို လုပ်ကြံသတ်ဖြတ်မှုကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ရဲများလာရောက် ဖမ်းဆီးချိန်တွင် မာ့ခ်ဒေးဗစ်ချက်မင်းသည် The Catcher in the Rye စာအုပ်ကို ဖတ်ရှုနေခဲ့ပြီး မာ့ခ်ဒေးဗစ်ချက်မင်းက သူသည် ဝတ္ထုထဲမှ အဓိကဇာတ်ကောင် ဟောဒင်းကော်လ်ဖီး၏ ကြီးမားသောအစိတ်အပိုင်း ဖြစ်ကြောင်းပြောခဲ့သည်။ သူ့ခန္ဓာ၏သေးငယ်သော အစိတ်အပိုင်းသည် မကောင်းဆိုးဝါးဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟုလည်းဆိုသည်။

မဟာတ္တမဂန္ဓီ (Mahatma Gandhi)
(2 Oct 1869-30Jan 1948)

မဟာတ္တမဂန္ဓီသည် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် အဓိကကြိုးပမ်းခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်ကာ ငြိမ်းချမ်းရေးတရားများ အမြဲပြောပြောခဲ့သူတစ်ဦးဖြစ်သည်။ မဟာတ္တမဂန္ဓီ သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ၃၀ ရက်တွင် ဟိန္ဒူအစွန်းရောက် နာသူရမ်ဂိုဒ်စီ၏ လုပ်ကြံသတ်ဖြတ်ခြင်းကြောင့် ကွယ်လွန်ခဲ့သည်။ နာသူရမ်သည် သေနတ်မောင်းကို ဖြုတ်ခဲ့သူတစ်ယောက်ဖြစ်ခဲ့သော်လည်း သူသည် နာရာယန်အက်ပ်နှင့်အတူပူးပေါင်း လုပ်ဆောင်ခဲ့သည်ဟု ယုံကြည်ထားကြသည်။ ဟိန္ဒူအစွန်းရောက်သမားများသည် အိန္ဒိယ ပါကစ္စတန် အရေးတွင်ထားရှိသော ဂန္ဒီ၏ရပ်တည်မှုကို စိတ်မသက်မသာဖြစ်ခဲ့ကြသည်။

မဟာတ္တမဂန္ဓီကို လုပ်ကြံခဲ့သူ နာသူရမ်ဂိုဒ်စီ နှင့် နာရာယန်အက်ပ်တို့ကို ကြိုးပေးကာ သေဒဏ်စီရင်ခဲ့ခြင်းကို လူအများက ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။ ထိုသို့ကန့်ကွက်သူများထဲတွင် မဟာတ္တမဂန္ဓီ၏ သားနှစ်ဦးလည်းပါဝင်ခဲ့ကာ မဟာတ္တမဂန္ဓီ၏ သားများသည် တရားခံများအား သေဒဏ်စီရင်ခြင်းသည် မဟာတ္တမဂန္ဓီ၏ ငြိမ်းချမ်းရေး အမွေအနှစ်ကို မလေးစားရာရောက်ကြောင်း ယုံကြည်ခဲ့ကြသည်။ တရားခံများသေဒဏ်ကျခဲ့ခြင်းအပေါ် လူအများက နှစ်သက်မှုမရှိခဲ့ကြပါချေ။ အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သူ အသက် ၇၈ နှစ်အရွယ်ရှိ မဟာတ္တမဂန္ဓီအား လုပ်ကြံသတ်ဖြတ်ရန် နောက်ကွယ်မှ စီမံခဲ့သော အင်အားစုများရှိကြောင်း လက်ခံထားကြသည်။

ဖရန့်ဖာဒီနန် (Franz Ferdinand)
(18 Dec 1863-28 Jun 1914)

ပထမ ကမ္ဘာစစ်ကြီးကို ဖြစ်ပွားစေခဲ့သည့် ဩစတြီးယား အိမ်ရှေ့စံမင်းသား ဖရန့်ဖာဒီနန် လုပ်ကြံ သတ်ဖြတ်ခံရမှုသည် ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင်ဖြစ်ပွားခဲ့သည်။ ဖရန့်ဖာဒီနန်သည် ဩစတြီးယား ဟန်ဂေရီ အင်ပါယာ ဧကရာဇ်ဂျိုးဇက်ဖ်၏ တူဖြစ်ပြီး ထီးနန်းကို ဆက်ခံမည့် နန်းမွေခံမင်းသားဟု ယူဆထားကြသူတစ်ဦးဖြစ်သည်။ ဖရန့်ဖာဒီနန် လုပ်ကြံသတ်ဖြတ်ခံရမှုသည် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားစေသည့် နိုင်ငံရေးနှင့် စစ်ရေးကွင်းဆက်ပေါ်သို့ ရောက်ရှိစေခဲ့သည်။

ဖရန့်ဖာဒီနန်နှင့် ဇနီးဖြစ်သူ အိမ်ရှေ့မင်းသမီး ဆိုဖီတို့ကို ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင်ဘော့စနီးယားဒေသ ၊ ဆာရာယေဗိုတွင် ဆားဗီးယား အမျိုးသားရေးဝါဒီတစ်ဦးဖြစ်သူ ဂါဗရီလိုက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ဖရန့်ဖာဒီနန်သည် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးယားသို့ တပ်များစစ်ဆေးရန်ရောက်ရှိနေခဲ့ရာ ထိုစဉ်က ဘော့စနီးယားနှင့် ဟာဇီဂိုဗီးယားသည် ဩစတြီးယား ဟန်ဂေရီတို့ တိုးချဲ့သိမ်းပိုက်ထားသည့် နယ်မြေတစ်ခုဖြစ်သည်။ ထိုသို့သိမ်းပိုက်ထားခြင်းကို ဆားဗီးယားမျိုးချစ်ဝါဒီများက များစွာဒေါသထွက်ခဲ့ကြကာ မိမိတို့ဒေသသို့ ဖရန့်ဖာဒီနန် ရောက်ရှိလာချိန်တွင် မျိုးချစ်ဝါဒီအုပ်စုတစ်ခုအတွက် ဖရန့်ဖာဒီနန်ကိုလုပ်ကြံရန် အခွင့်ကောင်းတစ်ရပ်ရရှိခဲ့သည်။

မာတင်လူသာကင်း
(Martin Luther King Jr.)
(15 Jan 1929-4 Apr 1968)



အမေရိကန် လူမည်းအခွင့်အရေး တောင်းဆိုရေးလှုပ်ရှားမှု ခေါင်းဆောင်ဖြစ်သူ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာတင်လူသာကင်းသည် "ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်" ဟုပြောလေ့ရှိသည့် သူ၏ မိန့်ခွန်းများကြောင့် အလွန်ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၆၈ ခုနှစ်၊ဧပြီလ ၄ ရက်နေ့တွင် မာတင်လူသာကင်းသည် တန်နက်စ်ဆီပြည်နယ်၊ မမ်ဖီးစ်တွင် ဒိမိတည်းခိုနေသည့် ဟိုတယ်၏ လေသာဆောင်တွင် ရပ်နေစဉ်လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

မာတင်လူသာကင်းကို လုပ်ကြံခဲ့သူ ဂျိမ်းစ်အားရ်ရေးသည် ထောင်ဒဏ် ၉၉ နှစ် ကျခံခဲ့ရပြီး ၁၉၉၈ ခုနှစ်က ထောင်တွင်း၌ ကွယ်လွန်ခဲ့သည်။ မာတင်လူသာကင်း လုပ်ကြံခံရမှုသည် အမေရိကန် အစိုးရ ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း အများက ယူဆခဲ့ကြကာ ဂျိမ်းစ်အားရ်ရေးသည် ဒားစာခံဖြစ်ခဲ့ကြောင်း ပြောဆိုကြသော်လည်း သက်သေ အထောက်အထားများကို မဖော်ထုတ်နိုင်ခဲ့ကြပါချေ။



အေဗရာဟင်လင်ကွန်း
(Abraham Lincoln)
(12 Feb 1809-14 Apr 1865)

အမေရိကန်နိုင်ငံ၏ ၁၆ ဦးမြောက် သမ္မတဖြစ်သူ အေဗရာဟင်လင်ကွန်းသည် အမေရိကန်နိုင်ငံတွင် ကျွန်စနစ်ကိုဖျက်သိမ်းပေးခဲ့သူအဖြစ် ကမ္ဘာတွင် ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ကျွန်စနစ်ဖျက်သိမ်းမှုကို ထောက်ခံသူ ကန့်ကွက်သူများအကြား ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၁၈၆၅ ခုနှစ် ဧပြီလ ၁၄ ရက်တွင် ဗွန်ဝိက်ဘုသ်၏ လုပ်ကြံမှုကြောင်းကွယ်လွန်ခဲ့သည်။ထိုနေ့သည် အမေရိကန် ပြည်တွင်းစစ်ပြီးဆုံးသော ငါးရက်မြောက်နေ့ဖြစ်ကာ သမ္မတကြီး အေဗရာဟင်လင်ကွန်းသည် ဝါရှင်တန်ဒီစီရှိ ဖော့ကပွဲရုံတွင် ဇနီးဖြစ်သူ မေရီလင်ကွန်းနှင့်အတူ ကြည်းတပ်အရာရှိဟင်နရီရက်သ်ဘွန်း၊သူနှင့် စေ့စပ်ထားသည့်မိန်းကလေးကလျာဟာရီစ်တို့လည်း ပွဲကြည့်ဆောင်အတွင်းရှိနေခဲ့ကြသည်။

အေဗရာဟင်လင်ကွန်းနှင့် အဖွဲ့သည် ပွဲကြည့်နေစဉ် နာမည်ကြီး သဘင်မင်းသားတစ်ဦးဖြစ်သူ ဘုသ်သည် လူအုပ်အတွင်းမှ ရုတ်တရက်ထွက်လာပြီး လင်ကွန်း၏ ဦးခေါင်းနောက်ပိုင်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ လင်ကွန်းအား ကယ်တင်ရန်ထလာသော ဟင်နရီရက်သ်ဘွန်းကို ဓားဖြင့် ထိုးခဲ့သည်။ဘုသ်သည် မြင်းစီး၍ထွက်ပြေးသွားခဲ့ကာ ၁၂ရက်ကြာ လွတ်မြောက်နေခဲ့သော်လည်း သူနှင့် အပေါင်းအပါများကို လိုက်လံခြေရာခံနေသည့် ပြည်ထောင်စုတပ်ဖွဲ့ဝင်များက အသေဖမ်းဆီးရခဲ့သည်။သူနှင့် ပူးပေါင်း ကြံစည်ခဲ့သူလေးယောက်ကို နောက်ပိုင်းတွင် ကြိုးပေးစီရင်ခဲ့သည်။

ဂျူးလီယက်ဆီဇာ(Julius Ceasar)
(13 July 100 BC- 15 March 44 BC)

ရောမအာဏာရှင် ဂျူးလီယက်ဆီဇာအားဘီစီ ၄၄ ခုနှစ်မတ်လ ၁၅ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ယဉ်ကျေးမှုထွန်းကားမှု ရပ်တန့်သွားခဲ့ခြင်း၏ အစဟုဆိုကြသည်။ ဆီဇာသည် မိမိတို့ကိုယ်မိမိ လွတ်မြောက်ရေးသမားများဟု အမည်တပ်ထားသည့် လွှတ်တော်အမတ်များ၏ ဓားဖြင့် ထိုးခံရခြင်းကြောင့်သေဆုံးခဲ့ရသည်။ အမတ်များက ဆီဇာသည် လွှတ်တော်ကိုဖျက်သိမ်းလျက် အာဏာရှင်စနစ်ထူထောင်မည်ကို စိုးရိမ်ကြသဖြင့် ဆီဇာ့ကို လုပ်ကြံရန် ဆုံးဖြတ်ခဲ့ကြသည်။ ဆီဇာ့ကို လုပ်ကြံခဲ့ခြင်းသည်တစ်ချိန်က အင်အားကြီးမားခဲ့သော ရောမအင်ပါယာကြီးကို ကျဆုံးစေခဲ့သည်။

ဘန်နေဇီယာဘူတို (Benazir Bhuto)
(21 Jun 1953-27 Dec 2007)

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်ရွေးကောက်ခံရသူ ဘန်နေဇီယာဘူတိုသည် ပါကစ္စတန်နိုင်ငံ၊ရာဝါပင်ဒီတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ လုပ်ကြံမှုအတွင်း ပစ်ခတ်မှုများနှင့် ဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံးလူပေါင်း ၂၄ ဦး သေဆုံးခဲ့သည်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ဆောင်ရွက်နေစဉ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် အသေခံဗုံးခွဲသမားက ဗုံးကိုမခွဲမီ ဘူတိုကို ဦးစွာ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရပြီး ဘူတိုနှင့် အရပ်သားများ သေဆုံးခဲ့သည်။ ပါကစ္စတန်စစ်ခေါင်းဆောင်ဟောင်းဖြစ်သူ ပါဗက်စ်မူရှာရက်ဖ်ကို ဘူတိုအား လုပ်ကြံသတ်ဖြတ်မှုတွင်ပါဝင်ခဲ့ကြောင်းစွဲချက်တင်ခဲ့သည်။ ဘန်နေဇီယာဘူတိုသည် ၁၉၇၉ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် သေဒဏ်စီရင်ခြင်းခံခဲ့ရသော ပါကစ္စတန်နိုင်ငံ၏ ကိုးဦးမြောက်ဝန်ကြီးချုပ် အလီဘူတို၏ သမီးဖြစ်သည်။



ရာဂျစ်ဂန္ဒီ(Rajiv Gandhi)
(20 Aug 1944- 21 May 1991)

၁၉၉၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး ခရီးထွက်ခဲ့သော ရာဂျစ်ဂန္ဒီသည် တမီလ်အသေခံဗုံးခွဲသမားတစ်ယောက်၏ လုပ်ကြံမှုကြောင့်သေဆုံးခဲ့သည်။ရာဂျစ်ဂန္ဒီနှင့် အတူ အနည်းဆုံး လူ ၁၄ ယောက်သေဆုံးခဲ့သည်။လုပ်ကြံမှုကို သီရိလင်္ကာမှ ခွဲထွက်ရေး တမီလ်ကျားအုပ်စု (LTTE)အဖွဲ့ဝင် တစ်ယောက်ဟု ယူဆရသူ ရာဂျာရာသနမ် ဆိုသူက ကျူးလွန်ခဲ့သည်။ (LTTE) အဖွဲ့ခေါင်းဆောင် ပရာဘာကရမ်နှင့် ရာဂျစ်ဂန္ဒီတို့အကြား ကာလရှည်ကြာစွာ အဆင်မပြေမှုနှင့် ရာဂျစ်ဂန္ဒီ၏ အခြားတမီလ် အဖွဲ့အစည်းများနှင့် ပဋိပက္ခ ရန်ငြိုးများက ရာဂျစ်ဂန္ဒီကို လုပ်ကြံသတ်ဖြတ်မှုဖြစ်စေခဲ့သည်ဟု ယုံကြည်ကြသည်။ ရာဂျစ်ဂန္ဒီ၏ မိခင်ဖြစ်သူ အင်ဒီရာဂန္ဒီသည်လည်း ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် မိမိ၏ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး၏ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

မယ်လ်ကွန်အိတ်စ် (Malcolm X)
(19 Mar 1925- 21 Feb 1965)

မယ်လ်ကွန်အိတ်စ်သည် အမေရိကန်နိုင်ငံမှ အာဖရိက အမေရိကန် အမျိုးသားရေးဝါဒီနှင့် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးလည်းဖြစ်သော မယ်လ်ကွန်အိတ်စ်သည် ဗြိုင်ဘက်မွတ်စလင်အုပ်စု၏ လုပ်ကြံခြင်းကြောင့် ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင်ကွယ်လွန်ခဲ့သည်။အာဖရိကန် အမေရိကန် အဖွဲ့အစည်းအဝေးကိုအမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တွင်ကျင်းပနေစဉ် ပရိသတ်ထဲမှတစ်ဦးက အုတ်အော်သောင်းတင်းဖြစ်အောင်ပြုလုပ်ခဲ့ပြီး အခြားတစ်ယောက်ကမယ်လ်ကွန်အိတ်စ်အားသေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ပရိသတ် ရုတ်ရုတ်သဲသဲဖြစ်နေစဉ် အခြားသေနတ်သမားများက မယ်လ်ကွန်အိတ်စ်ကိုသေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြသည် ဟုဆိုသည်။

မယ်လ်ကွန်အိတ်စ်၏ ခန္ဓာကိုယ်ပေါ်တွင် သေနတ်ဒဏ်ရာ ၂၁ ခုတွေ့ရှိခဲ့ရပြီး ထိုနေ့ ညနေ ၃ နာရီ မိနစ် ၃၀ တွင်ကွယ်လွန်ခဲ့သည်။ မယ်လ်ကွန်အိတ်စ်အားသေနတ်ဖြင့် ပစ်ခတ်ခဲ့သူ သောမတ်စ်ဟေဂန်ကို အစည်းအဝေးပြုလုပ်သည့် နေရာမှာပင် ဖမ်းဆီးရမိခဲ့ပြီး မယ်လ်ကွန်အိတ်စ်အားလုပ်ကြံခဲ့ကြောင်းဖြောင့်ချက်ပေးခဲ့သည်။ထောင်ဒဏ် ၄၅ နှစ် အပြစ်ဒဏ်ကျခံခဲ့ရသည့် ဟေဂန်သည် ၂၀၁၀ ပြည့်နှစ်မတိုင်မီ ထောင်မှလွတ်မြောက်လာခဲ့သည်။ လုပ်ကြံမှုတွင်ပါဝင်ခဲ့သူ သေနတ်သမားနှစ်ယောက်ကို ဖမ်းဆီးရမိခဲ့သော်လည်း [illegible] လုပ်ကြံမှုတွင်ပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ကြသော်လည်း ထောင်ဒဏ် နှစ် ၂၀ စီ ကျခံခဲ့ရသည်။

မယ်လ်ကွန်အိတ်စ်၏ ရုပ်အလောင်းအား ဖေဖော်ဝါရီ လ ၂၇ ရက်အထိ ပြည်သူများအားလာရောက်ကြည့်ရှုခွင့်ပြုခဲ့ရာ လူပေါင်း သုံးသောင်းကျော် လာရောက်ခဲ့ကြသည်။ မယ်လ်ကွန်အိတ်စ်၏ အတ္ထုပ္ပတ္တိစာအုပ်ကို မယ်လ်ကွန်အိတ်စ် လုပ်ကြံခံရပြီး မကြာမီ ထုတ်ဝေခဲ့ရာ ၂၀ ရာစုအတွင်း စာဖတ်ပရိတ်အပေါ် ဩဇာလွှမ်းမိုးမှုအရှိဆုံး စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။

လုံခြုံရေးစနစ် နှင့် သတင်းအချက်အလက်ထောက်လှမ်းရေး နည်းစနစ်များတိုးတက်လာမှုကြောင့် နိုင်ငံ့ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခံရမှုများသည် လျော့နည်းလာပြီဟု ဆိုနိုင်သော်လည်း လုပ်ကြံရန်အားထုတ်မှုများသည် လျော့နည်းသွားခြင်းမရှိပါချေ။အယူအဆမတူမှုကို မူတည်လျက် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်အား လူ့လောကမှ အပြီးတိုင်ဖယ် ထုတ်ပစ်ရန် ကြိုးပမ်းမှုများသည် လူ့သမိုင်းတွင် ဆက်လက်ဖြစ်ပွားနေဦးမည်သာ ဖြစ်ပေသည်။

မောင်သာ(ရွှေဟောင်းသုတေသန)

အမြင့်ကို နှစ်သက်သော သတ္တိကောင်းသူများအဖို့ ကမ္ဘာတစ်လွှားတွင် ဖန်ကြမ်းပြင်ရှုခင်းအမြောက်အမြား ရှိသည်။ ထိုဖန်ကြမ်းပြင်ရှုခင်းကြည့်စင်များအနက် အမေရိကန်ပြည်ထောင်စု ဂရင်းကင်ညွန်ရှုခင်းကြည့်စင်၊ ကနေဒါနိုင်ငံ ဂျက်စပါအမျိုးသားဥယျာဉ်ကြီးအတွင်းရှိ Glacier Skywalk ၊ ပြင်သစ်နိုင်ငံ မောင့်တ်ဘလန့်စ်မတ်စ်ချမ်မိုနစ်တောင်ကြားရှိ 'Step into the Void'၊ မှန်သေတ္တာရှုခင်းကြည့်စင်နှင့် ဩစတြီးယားနိုင်ငံရှိ Dachstin Stairway to Nothingness ရှုခင်းကြည့်စင်များ ရှိသည်။

အသည်းငယ်သူတို့နှင့်
လုံးဝမအပ်စပ်သော
ဖန်ကြမ်းပြင်တံတားကြီး

လွင်ကျော်မြတ်

တရုတ်နိုင်ငံ ကျန်းကျားကျယ်ရှိ ကျန်းမင်တောင်ကြီး၏ ကျောက်သားနံရံဘေးတွင် မြေပြင်မှ ၆၂၃၂ ပေ (မီတာ ၁၉၀၀) အမြင့်၌ သုံးပေအကျယ်ရှိပြီး ဖန်ချပ်အထူ ၂ ဒသမ ၅ လက်မထုရှိသော ဖန်ကြမ်းပြင်ခြေသွားလမ်းကိုလည်း အမြင့် မကြောက်တတ်သော သတ္တိကောင်းသူတို့ လျှောက်ကြည့်နိုင်သည်။ သို့ရာတွင် မကြာသေးမီ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က တရုတ်နိုင်ငံ ဟူနန်ပြည်နယ် တောင်ပိုင်း ဖင်းကျန်းစီရင်စုတွင် ပထမဦးဆုံး ဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးသည် မြေပြင်အထက် ပေ ၆၀၀ အမြင့်တွင် တည်ရှိပြီး တံတားကြီး၏ အရှည်မှာ ပေ ၁၀၀၀ ရှည်လျားသည်။

အဆိုပါပထမဦးဆုံး ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီးသည် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တောင်ပိုင်း ဖင်းကျန်းစီရင်စုရှိ ရှင်းနျူကျိုင်း အမျိုးသား ဘူမိဗေဒဥယျာဉ်ကြီးအတွင်း၌ တည်ရှိကာ ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းစ်ကင်မရွန်ရိုက်ကူးသော အာဗာတာ(Avator) ရုပ်ရှင်ဇာတ်ကားကြောင့် စိတ်ကူးအကြံပေါ်လာပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ ယခင်က ထိုဖန်ကြမ်းပြင်သံမဏိတံတားကြီးကို သစ်သားကြမ်းပြင်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးသည် မြေပြင်အထက် ပေ ၆၀၀ တွင် တည်ရှိသဖြင့် အမြင့်ကို ကြောက်ရွံ့ပြီး အသည်းငယ်တတ်သူများအဖို့ လုံးဝမသင့်လျော်သော တံတားဖြစ်သည်။

ကျန်းကျားကျယ်ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီးကို ဒေသခံပြည်သူများနှင့် စိတ်လှုပ်ရှားမှုကို ခံစားလိုသော ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ရှင်းနျူကျိုင်းအမျိုးသား ဘူမိဗေဒဥယျာဉ်ကြီး၏ သဘာဝပတ်ဝန်းကျင် သာယာလှပသော ရှုမျှော်ခင်းများကို မြင်ကွင်းကျယ်တစ်မျှော်တစ်ခေါ်ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ သို့ရာတွင် ဖန်ကြမ်းပြင်မှ ပေ ၆၀၀ အောက်ရှိ မြင်ကွင်းများကို တိုးလျှိုပေါက်ဖောက်ထွင်းမြင်နေရသောကြောင့် လေထဲတွင် လမ်းလျှောက်ရသလို ခံစားရသည့်အပြင် သံမဏိကြိုးတံတားကြီးမှာ

လေထဲတွင် လမ်းလျှောက်ရသလို ခံစားရသည့်အပြင် သံမဏိကြိုးတံတားကြီးမှာ
တသုန်သုန် တိုက်ခတ်နေသော လေပြင်းများကြောင့် လွှဲယမ်းနေသည်ကို ခံစားရမည်ဖြစ်သည်။

ထိုဖန်ကြမ်းပြင်တံတားပေါ်သို့ ဖြတ်လျှောက်နေသူများအနေဖြင့် ကြမ်းပြင်အောက်ကို ကြည့်ရှုမိပါက ဒူးတဆတ်ဆတ်တုန်လာသဖြင့် ရှေ့သို့ ဆက်မလျှောက်ရဲတော့ဘဲ ဒူးထောက်ထိုင်ချလိုက်မိတတ်ကြသည်။ ဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးမှာ မနိုင်ခံ့ဟု ထင်ရသော်ငြားလည်း လေပြင်း တိုက်ခတ်မှု၊ မြေငလျင်၊ ဆီးနှင်းတူထပ်စွာ ကျသည့် ဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်ရည် ရှိအောင် တည်ဆောက်ထားသည်။ ထို့ပြင် ယင်းတံတားကြီးပေါ်သို့ ဖြည့်သည်အယောက် ၈၀၀ တက်ရောက် ဖြတ်လျှောက်သည့် လူ့အလေးချိန်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည်။

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် တောင်ပိုင်း ဖင်းကျန်းစီရင်စုမှ ပထမဦးဆုံး ဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ အခြေစိုက် Hain Dotan ဆောက်လုပ်ရေးကုမ္ပဏီက ဒီဇိုင်းပုံစံကို အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့သည်။ "ကျွန်တော်က သဘာဝပတ်ဝန်းကျင်အလှအပနှင့် ကျန်းကျားကျယ်တံတားကြီးကို သဟဇာတဖြစ်အောင် ဒီဇိုင်းပုံစံထုတ် တည်ဆောက်ခဲ့ပါတယ်။ အမှန်တော့ ဒီကျန်းကျားကျယ်ဖန်တံတားကြီးကို ဟောဒီ ရှင်းနျူကျိုင်းအမျိုးသား ဘူမိဗေဒဥယျာဉ်ကြီးရဲ့ သာယာလှပတဲ့ သဘာဝပတ်ဝန်းကျင်ရှုမျှော်ခင်းအလှအပတွေကို မြင်ကွင်းကျယ်တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံး အပြည့်အဝကြည့်ရှုခံစားနိုင်အောင် ဖန်တီးပေးထားတာပါ"ဟု ဗိသုကာပညာရှင် ဒိုတန်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပထမဦးဆုံး ဖန်ကြမ်းပြင် သံမဏိကြိုးတံတားကြီးကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သောအခါ တရုတ်နိုင်ငံတစ်ဝန်းလုံးမှ စိတ်ဝင်စားသော ပြည်သူများနှင့် စိတ်လှုပ်ရှားမှုကို ခံစားလိုသော ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်တစား လာရောက် လည်ပတ်ခဲ့ကြသည်။ သည်းထိတ်ရင်ဖို အသည်းယားစဖွယ် အောက်ခြေကို တိုးလျှိုပေါက် ထွင်းဖောက်မြင်နေရသော မြင်ကွင်း၊ အပြင်က တိုက်ခတ်နေသော လေကြောင့် လှုပ်ယမ်းနေသော ဖန်ကြမ်းပြင်တံတားကြီးကို ဖြတ်လျှောက်သူများအား ဖန်ကြမ်းပြင်ကြီးကို အစင်းများ မထင်စေရန် အဝတ်ဖိနပ်များ လဲစီးစေသည်။

မြေပြင်အထက် ပေ ၆၀၀ အထက်၌ တည်ရှိပြီး ပေ ၁၀၀၀ ရှည်လျားသော ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီးကို ဖြတ်လျှောက်သောအခါ သတ္တိကောင်းသူများပင် ရင်ထဲ ထိတ်ခနဲ လှုပ်ရှားရမည်ဖြစ်သည်။ အချို့လူများကမူ ရဲရဲဝံ့ဝံ့ ခြေမလှမ်းရဲဘဲ တဖြည်းဖြည်းချင်း လျှောက်ရင်း သံမဏိကြိုးတံတားကြီး ပြုတ်ကျသွားမည်ကိုလည်းကောင်း၊ ဖန်ကြမ်းပြင် ဖျတ်ခနဲ ကွဲကာ ကျွံကျသွားမည်ကိုလည်းကောင်း တထိတ်ထိတ်နှင့် စိုးရိမ်ပူပန်နေကြသည်မှာ မဆန်းချေ။ အချို့ကမူ ကြောက်ဒူးတုန်လာပြီး ဆက်မလျှောက်ရဲတော့ဘဲ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်ကြသည်။

ထိုသို့တံတားကြီးအဆုံးအထိ ဆက်မလျှောက်ရဲတော့ဘဲ တံတားတစ်နေရာတွင် မတ်တတ်ရပ်ပြီး ထိတ်လန့်တုန်လှုပ်နေသူများအား တံတားကြီးကို ဆက်လျှောက်ပြီး တံတားတစ်ဖက်ထိပ်အဆုံးရောက်သည်အထိ ဆက်လျှောက်ရန် ဖျောင်းဖျတွဲခေါ်ပေးသွားသော ဝန်ထမ်းများကို အထူးလေ့ကျင့်ပေးထားသည်။ သို့ဖြစ်ရာ ထိုဝန်ထမ်းများက တံတားအလယ်တွင် ကြောက်စိတ်မွန်ပြီး ထိတ်လန့် တုန်လှုပ်နေသူများအား ဖေးမကာ တံတားအဆုံးအထိ ဆက်လျှောက်ရန် ဖျောင်းဖျ ခေါ်ယူသွားကြသည်။

ယင်းတံတားကြီးကို ရှင်းနျူကျိုင်းအမျိုးသား ဘူမိဗေဒဥယျာဉ်ကြီးအတွင်းရှိ မြင့်မားမတ်စောက်သော တောင်ထိပ်နှစ်ခုကို ပေါင်းကူးဆက်သွယ် တည်ဆောက်ထားခြင်းဖြစ်သည်။ အလွန်အေးမြသော ဆောင်းရာသီကာလတွင် နှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေချိန်၌ ပေ ၁၀၀၀ ရှည်လျားသော တံတားကြီးကို အဆုံးအထိ သဲကွဲ ထင်ရှားစွာ မတွေ့မြင်ရဘဲ နှင်းများအကြားတွင် တံတားကြီးမှာ မြင်ကွင်းမှ ပျောက်ကွယ်နေသည်။ ထိုဖန်ကြမ်းပြင်တံတားကြီးပေါ်သို့ ဖြတ်လျှောက်ရသည်မှာ တိုးလျှိုပေါက် ဖောက်ထွင်းမြင်နေရသောကြောင့် လေထဲတွင် ကြိုးတန်းလမ်းလျှောက်နေရသကဲ့သို့ပင် ခံစားရသည်။

ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် သံမဏိရက်မများ၊ သံမဏိလက်ရန်းများဖြင့်သာ တပ်ဆင် တည်ဆောက်ထားပြီး ဖန်ကြမ်းပြင် တပ်ဆင်ထားသဖြင့် ခနော်နီခနော်နဲ့ တံတားဟု ထင်ရနိုင်ဖွယ်ရှိသော်လည်း လေပြင်း၊ မြေငလျင်၊ ဆီးနှင်းနှင့် လူအယောက် ၈၀၀ ၏ ခန္ဓာကိုယ်အလေးချိန် ဒဏ်ကို ခံနိုင်ရည်ရှိသော တံတားဖြစ်သောကြောင့် ဧည့်သည်များအနေဖြင့် တံတားကြီး၏ ကြံ့ခိုင်တောင့်တင်းမှုအပေါ် ယုံကြည်စိတ်ချစွာဖြင့် တံတားကြီးကို အဆုံးအထိ ဆက်လျှောက်သွားရန် လိုသည်။

အဆိုပါတံတားကြီးကို ဖြတ်မလျှောက်ရဲသူများအနေဖြင့် ထိုတံတားကြီးကို ခြေကုပ်ယူပြီး ရပ်ရန် နေရာ အနည်းငယ်မျှသာရှိပြီး အသက်ဘေးအန္တရာယ် ကာကွယ်ပေးသည့် ပစ္စည်းကိရိယာများ လုံးဝမပါဘဲ တည်ဆောက်ပေးခဲ့သော လုပ်သားကြီးများ



နှင့် ဖန်ကြမ်းပြင်အောက်ခြေရှိ မှန်ချပ်ကြီးများကို အောက်ခြေသို့ တိုးလျှိုပေါက် ကြည်လင်စွာ တွေ့မြင်နိုင်ရန် ဖုန်သုတ်သန့်ရှင်းပေးရသော သန့်ရှင်းရေးလုပ်သားများ၏ အခြေအနေကို တွေးကြည့်မိပါက အဆုံးအထိ လျှောက်နိုင်ရန် ရဲစိတ်ဝင်လာမည်ဖြစ်သည်။

ဖန်ကြမ်းပြင်တံတားကြီးကို ရဲရဲဝံ့ဝံ့ အဆုံးအထိအောင် ဖြတ်လျှောက်ရဲစေရန် အတွက် ကိုယ်ကာယလေ့ကျင့်ခန်းလှပျိုဖြူ အဖွဲ့က ထိုဖန်ကြမ်းပြင်တံတားကြီးပေါ်တွင် အဖွဲ့လိုက် ကိုယ်ကာယလေ့ကျင့်ခန်းများကို လက်တွေ့သရုပ်ပြ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် မကြာသေးမီက လမ်းလျှောက်ရန် သတ္တိမွေးရသော ဖန်ကြမ်းပြင်တံတားကြီးပေါ်တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့၌ မင်္ဂလာသတို့သမီးဝတ်စုံများကို လှပစွာ ဝတ်စားပြီး ဖက်ရှင်ရှိုးပြပွဲအဖြစ် မော်ဒယ်လ်ဖက်ရှင်လျှောက်လမ်းသဖွယ် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ ခပ်သွက်သွက် ဖက်ရှင်လျှောက်ပြခဲ့သဖြင့် ထိုတံတားကြီးကို ဖြတ်လျှောက်လိုသူများ အတွက် အကြောက်ပြေစေမည့် ရဲဆေးတစ်ခွက်ဖြစ်လာစေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်တောင်ပိုင်း ဖင်းကျန်းစီရင်စုရှိ ရှင်းချူကျိုင်း အမျိုးသား ဘူမိဗေဒဥယျာဉ်ကြီးအတွင်းရှိ မြင့်မားသော တောင်ထိပ်နှစ်ခုကို ပေ ၁၀၀၀ ရှည်လျားသော ဖန်ကြမ်းပြင် သံမဏိကြိုးတံတားဖြင့် ပေါင်းကူးဆက်သွယ်ထားပြီး မြေပြင်အထက် အမြင့်ပေ ၆၀၀ ရှိ ထိုတံတားကြီးကို ရဲဝံ့စွာ ဖြတ်လျှောက်သူများအနေဖြင့် ထိုသို့ စွန့်စားပြီး လျှောက်ရသည်ကို မရောင့်ရဲသေးပါက ကမ္ဘာ့အမြင့်ဆုံး ဘန်ဂျီခုန်ပြမှုအဖြစ် ထိုတံတားပေါ်မှ ခုန်ချကာ ကမ္ဘာ့စံချိန်သစ် တင်နိုင်သည်။ ယခုလက်ရှိ ကမ္ဘာ့အမြင့်ဆုံး ဘန်ဂျီခုန်ချမှုစံချိန်မှာ ၂၃၃ မီတာ (၇၆၄ ပေ) မြင့်မားသော မကာအို မျှော်စင်ကြီးပေါ်မှ ခုန်ချပြီး တင်ထားသော စံချိန်ဖြစ်သည်။

ယခုလက်ရှိ ဖန်ကြမ်းပြင်တံတားမှာ တရုတ်နိုင်ငံ၏ ဖန်ကြမ်းပြင် ဆွဲဆောင်မှုများ အနက် နောက်ဆုံးပေါ် ဆွဲဆောင်မှုအသစ်ဖြစ်သည်။ ယခင်က ကျန်းကျားကျယ်ရှိ မြေပြင်မှ ၆၂၃၂ ပေ (မီတာ ၁၉၀၀) အမြင့်၌ တည်ရှိသော ဖန်ကြမ်းပြင် ခြေသွားလမ်း၊ ဟူးပေးပြည်နယ်တွင် ကျောက်ဆောင်နံရံ၌ တည်ဆောက်ထားသော ဖန်ဓာတ်လှေကားတို့သာရှိခဲ့သည်။ ထို့ပြင် ချုံကင်းတွင်လည်း ကမ္ဘာ့အရှည်လျားဆုံး ကျောက်ဆောင်နံရံနံဘေးရှိ ဖန်ကြမ်းပြင်ခြေသွားလမ်းကိုလည်း ယမန်နှစ်အစောပိုင်းက ဖွင့်လှစ်ခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သော ကျန်းကျားကျယ် ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီးမှာ ယခုလက်ရှိအမြင့်မားဆုံးနှင့် အရှည်လျားဆုံး တံတားအဖြစ်မှ မကြာမီ ဒုတိယမြောက်ဖန်ကြမ်းပြင်တံတားကြီး ဖြစ်သွားမည်ဖြစ်သည်။ ကမ္ဘာ့အရှည်လျားဆုံးနှင့် အမြင့်ဆုံး ဖန်ကြမ်းပြင်သံမဏိကြိုးတံတားကြီးကို တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ကျန်းကျားကျယ်၌ပင် တည်ဆောက်လျက်ရှိရာ ထိုတံတားသစ်ကြီး၏ အမြင့်မှာ မီတာ ၃၀၀ (၉၈၄ ပေ) မြင့်ပြီး တံတားသစ်ကြီး၏ အရှည်အလျားမှာ ၁၄၁၀ ပေ (၀ ဒသမ ၂၇ မိုင်) ရှည်လျားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သည်းထိတ်ရင်ဖိုစိတ်လှုပ်ရှားရင်ခုန်စရာအကောင်းဆုံး ဖန်ကြမ်းပြင်ခြေသွားလမ်းများနှင့် ဖန်ကြမ်းပြင် သံမဏိကြိုးတံတားများကို ဒေသခံပြည်သူများရော ကမ္ဘာလှည့်ခရီးသည်များကိုပါ ဆွဲဆောင်နိုင်ရန်အတွက် တစ်ခုပြီးတစ်ခု တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ထိုဖန်ကြမ်းပြင် သံမဏိကြိုးတံတားသစ်ကြီးတည်ဆောက်ပြီးစီးသွားပါက မြေပြင်အထက် ၇၁၈ ပေ အမြင့်၌ တည်ဆောက်ထားသည့် Grand Skywalk ရှုခင်းကြည့်စင်ကြီးမှာ သေးငယ်သွားမည်ဖြစ်ကာ အမေရိကန်ပြည်ထောင်စုမှ အဆိုပါ Grand Skywalk ထက် ပိုမိုမြင့်မားသည့် တရုတ်နိုင်ငံ၏ ဖန်တံတားကြီးမှာ ကမ္ဘာ့အမြင့်ဆုံးနှင့် အရှည်လျားဆုံး ဖန်ကြမ်းပြင် သံမဏိတံတားကြီး ဖြစ်လာတော့မည်ဖြစ်သည်။

လွင်ကျော်မြတ်

အဆင့်မြင့်ဂျင်ဆင်းအားဆေး

GINSOMIN

စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်နိုင်တဲ့စွမ်းအင်

P ERFORMANCE

ဂျင်ဆိုမင်သည် သင့်အတွက်တစ်နေ့တာ ကာယ၊ ဉာဏ၊ စွမ်းဆောင်မှုကို အမြင့်မားဆုံးပေးသည်။

E NERGY

ဂျင်ဆိုမင်သည် ပင်ပန်းနွမ်းနယ်မှုကို လျှော့နည်းစေပြီး လိုအပ်သော အားအင်နှင့် စွမ်းအားကို ရည်မှန်းချက်အတိုင်း ရောက်အောင် ရယူပေးစွမ်းနိုင်သည်။

P ROTECTION

ဂျင်ဆိုမင်ကို တစ်နေ့တစ်လုံးသောက်ခြင်းဖြင့် ခန္ဓာကိုယ်စွမ်းအားမြင့်မားစေပြီး အဝေးသို့ရောဂါအမျိုးမျိုး ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်သည်။

စိတ်ဖိစီးမှုကင်းဝေးပြီး ရောဂါမျိုးစုံကာကွယ်ပေးခြင်း



အမြင့်မားဆုံးစွမ်းဆောင်မှု

နေ့စဉ်ဆောင်ရွက်ရမည့် အရာအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်၊ ခွန်အားနှင့် ခံနိုင်ရည်ရှိမှုတို့ ရရှိနိုင်ရန် အစွမ်းထက်သော ကိုရီးယား ဂျင်ဆင်း၊ အရည်အသွေး ပြည့်ဝသော ဗီတာမင် နှင့် သတ္တုဓာတ်(၁၉)မျိုးတို့ဖြင့် အချိုးကျပေါင်းစပ်ထုတ်လုပ်ထားသည့် **ဂျင်ဆိုမင်**ကို တစ်နေ့တစ်လုံး သောက်သုံးပါ။

MEGA
We care
Human Wellness

EXPERIENCE TRUE SATISFACTION

YOUR NEW PREMIUM STOUT!

BLACK SHIELD စတောက်ကို နိုင်ငံတကာ အဆင့်မီ
ကုန်ကြမ်းပစ္စည်းများ အသုံးပြု၍ မြန်မာဘရူဂါရီလီမိတက်မှ
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားပါသည်။
BLACK SHIELD စတောက်ကို အနံ့အရသာ ထူးကဲကောင်းမွန်၍
သောက်သုံးရ အဆင်ပြေစေရန် အရည်အသွေးအကောင်းဆုံး
ဘာလီစေ့မှ ထုတ်လုပ်သည့် မော့လ်တ်ကိုလျော်၍
ဗျစ်ပွင့်၊ တဆေး၊ ရေတို့ဖြင့် အချိုးကျနစွာ ပေါင်းစပ်ချက်လုပ်ထားပါသည်။
အယ်လ်ကိုဟောပါဝင်မှု 8.1% ရှိသော BLACK SHIELD စတောက်သည်
သောက်သုံးသူများအား တစ်မူထူးခြားသော အားအင်များကို ဖြည့်စွမ်းပေး၍
နေ့သစ်များတွင် ခွန်အားအပြည့်ဖြင့်
လန်းဆန်းတက်ကြွစွာ နိုးထခြင်းကို ပေးစွမ်းနိုင်ပါသည်။

ပြီးပြည့်စုံသည့် စိတ်ကျေနပ်မှုများကို ဖြည့်စွမ်းပေးမည့်

SUPERIOR QUALITY
BLACK SHIELD
STOUT
ALC 8.1% abv

Ocean
2000000117737
THUTA SWEASONE MAGAZINE
Ks. 4000